# အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲ

ရေးသားပြုစုသူ - Bonnie L. Kittle 2017

**ကောက်နုတ်ချက်** - အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲသည် အတားအဆီးများရှာဖွေဖော်ထုတ်ရန် စစ်တမ်းတစ်ခု စီစဉ်ပြုလုပ်နိုင်စွမ်းကို မြှင့်တင်ပေးသည့် သင်ရိုးညွှန်းတမ်းတစ်ခုဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရမှုအများဆုံးနှင့်ရံဖန်ရံခါနားလည်ရအခက်ခဲဆုံးမေးခွန်းများအတွက် သင်တန်းသားများကအဖြေရှာရာတွင် လက်စွဲတွင်ပါဝင်သော အလွန်လက်တွေ့ကျပြီး ကိုယ်တိုင်ပြုလုပ်ရသော လေ့ကျင့်ခန်းများက အထောက်အကူပြုပါသည်။ အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း (DBC) နှင့် အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ (Determinant) ဖြင့် ဦးစွာအစပြုခြင်းဖြင့် အမူအကျင့်ပြောင်းလဲမှုနည်းလမ်းတစ်ခုအဖြစ် စစ်တမ်းကိုအသုံးပြုထားကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ လေ့လာမှုပြုလုပ်မည့် အမူအကျင့်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်အတားအဆီးများရှာဖွေဖော်ထုတ်ရန် စစ်တမ်းမေးခွန်းလွှာများရေးသားခြင်းတို့ဖြင့် အဆင့်ဆင့်ရှင်းလင်းသည့် နည်းစနစ်ကို လက်စွဲစာအုပ်တွင် အသုံးပြုထားပါသည်။ သင်တန်းအစီအစဉ်တွင် အတားအဆီးများရှာဖွေဖော်ထုတ်ရန် စစ်တမ်းတစ်ခုကို လေ့ကျင့်ခန်းအဖြစ် အစမ်းပြုလုပ်ရမည်ဖြစ်သည်။ ဖြေဆိုမည့်သူရွေးချယ်နည်း၊ အင်တာဗျူးနည်း၊ ကုဒ်သတ်မှတ်နည်း၊ ရေတွက်နည်းနှင့်အချက်အလက်အသုံးပြုနည်းကဲ့သို့သော အကြောင်းအရာများ လက်စွဲတွင် ပါဝင်ပါသည်။ အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲသင်တန်းကို တက်ရောက်ပြီးစီးပါက သင်တန်းသားများသည် အတားအဆီးများရှာဖွေဖော်ထုတ်ရန် စစ်တမ်းတစ်ခုကို ထိရောက်စွာ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်နိုင်ကြမည်ဖြစ်ပြီး တွေ့ရှိချက်များကို အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကြမည်ဖြစ်ပါသည်။

**မသက်ဆိုင်ပါကြောင်း** - ဤလက်စွဲကို USAID မှတဆင့် အမေရိကန်ပြည်သူများ၏ရက်ရောစွာပံ့ပိုးမှုဖြင့် Cooperative Agreement AID-FFP-A-11-00008 and sub-agreement MYAP 32025S002 နှင့်အညီ ရေးသားပြုစုခဲ့ပါသည်။ ဤလက်စွဲသည် USAID ၏အမြင်သဘောထားများကိုသော်လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုအစိုးရ၏ အမြင်သဘောထားများကိုသော်လည်းကောင်း ထင်ဟပ်သည်ဟု မဆိုနိုင်ပါ။ မူပိုင်ခွင့်ရှိသူအမည်ကို ဖော်ပြ၍ ပြန်လည်ထုတ်ဝေနိုင်ပါသည်။

ကိုးကားချက်များကိုရည်ညွှန်းရန် - Kittle, Bonnie. 2017. *A Practical Guide to Conducting a Barrier Analysis* (2nd ed.). New York, NY: Helen Keller International

ဆက်သွယ်ရန် - Bonnie Kittle, bonnieleekittle@hotmail.com

မာတိကာ
မာတိကာ
ကျေးဇူးတင်လွှာ
အတိုကောက်စကားလုံးများ
မည်သည့်ကွာခြားမှုများရှိသနည်း။
စီမံကိန်းရေးဆွဲသည့် အဆင့် ၈ ဆင့်
သင်ခန်းစာ ၁ - အဖွင့်သင်ခန်းစာ
သင်ခန်းစာ ၂ - အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းမူဘောင် (DBC Framework) ကို အကြမ်းဖျဉ်းရှင်းလင်းချက်
သင်ခန်းစာ ၃ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း
သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinants အရာများ
သင်ခန်းစာ ၅ အတားအဆီးများ ရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis)
သင်ခန်းစာ ၆ - စစ်တမ်းမေးခွန်းလွှာ မိတ်ဆက်
သင်ခန်းစာ ၇ - အဆင့် ၁ အမူအကျင့်ဖော်ပြချက်ရေးသားခြင်း
သင်ခန်းစာ ၈ - အဆင့် ၂ အမူအကျင့်ဆန်းစစ်ရန်မေးခွန်းများရေးသားခြင်း
သင်ခန်းစာ ၉ - အဆင့် ၃ - စစ်တမ်းမေးခွန်းများရေးသားခြင်း
သင်ခန်းစာ ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူနည်းလမ်းဖြင့် အင်တာဗျူးနည်းလေ့လာခြင်း
သင်ခန်းစာ ၁၁ - အဆင့် ၄ - (နမူနာကောက်ယူမှု အပါအဝင်) ကွင်းဆင်းစစ်တမ်းကောက်ယူရန် စီစဉ်ခြင်း
သင်ခန်းစာ ၁၂ အဆင့် ၆ - အချက်အလက်များ ကို ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း
သင်ခန်းစာ ၁၃ - အဆင့် ၇ - ဆုံးဖြတ်ချက်များချရန် ရလဒ်များကို အသုံးပြုခြင်း
သင်ခန်းစာ ၁၄ - အပိတ်သင်ခန်းစာ
နောက်ဆက်တွဲ ၁ - သင်ကြားရေး လိုအပ်ချက်များ နှင့် အရင်းအမြစ်များကို အကဲဖြတ်ခြင်း
နောက်ဆက်တွဲ ၂ - သင်တန်းအကြို- /အပြီး- စစ်ဆေးမှုအဖြေများ[1]
နောက်ဆက်တွဲ ၃ - သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုဆိုင်ရာ Determinant များအကြောင်း လေ့လာခြင်း၏ အဖြေများ
နောက်ဆက်တွဲ ၄ - သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - Determinant ကို မေးခွန်းနှင့် တွဲဖက်ခြင်း အဖြေများ
နောက်ဆက်တွဲ ၅ - သင်ခန်းစာ ၅ လက်ကမ်းစာစောင် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း ကစားနည်း အဖြေများ
နောက်ဆက်တွဲ ၆ - သင်ခန်းစာ ၆ လက်ကမ်းစာစောင် ၂ - မေးခွန်းများကို စစ်ဆေးမှု အဖြေများ
နောက်ဆက်တွဲ ၇ - BA မေးခွန်းလွှာပုံစံကွဲ
နောက်ဆက်တွဲ ၈ - သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမူအကျင့်ဖော်ပြချက် လေ့ကျင့်ခန်း အတွက် အဖြေများ
နောက်ဆက်တွဲ ၉ - သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမူအကျင့်သတ်မှတ်ချက် ဖြေလျှော့ခြင်း လေ့ကျင့်ခန်းစာရွက်
နောက်ဆက်တွဲ ၁၀ - သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - စိစစ်မှုပြုရန် မေးခွန်းများလေ့ကျင့်ရေးသားခြင်း
နောက်ဆက်တွဲ ၁၁ - အမျိုးအစားခွဲခြားသည့်လေ့ကျင့်ခန်းအတွက် အဖြေများ
နောက်ဆက်တွဲ ၁၂ - သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ရေတွက်မှတ်သားမှုလေ့ကျင့်ခန်းအတွက် အဖြေများ
နောက်ဆက်တွဲ ၁၃ - အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းအတွက် ကွန်ပျူတာဖြင့် ရေတွက်ရန် နည်းလမ်းများ

နောက်ဆက်တွဲ ၁၄ - သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များ ရေးသားခြင်း
နောက်ဆက်တွဲ ၁၅ - သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - Determinant နှင့် လုပ်ငန်းများကို ချိတ်ဆက်ခြင်းအတွက် အဖြေများ
နောက်ဆက်တွဲ ၁၆ - ပြန်လည်လေ့လာသုံးသပ်ရန် လုပ်ဆောင်နိုင်သော အရာများ
နောက်ဆက်တွဲ ၁၇ - အတားအဆီးများဖော်ထုတ်ရာတွင် ပြန်လည်သုံးသပ်ရမည့် မေးခွန်းများ
နောက်ဆက်တွဲ ၁၈ - တစ်နေ့တာအတွက် အကဲဖြတ်ချက်ပုံစံ (ကားချပ် စာရွက်)

**ကျေးဇူးတင်လွှာ**

၂၀၁၅ ခုနှစ်၊ ပထမအကြိမ်ထုတ်ဝေခဲ့ချိန်မှစ၍ အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲဖြင့် သင်တန်းသားရာပေါင်းများစွာကို ပို့ချပေးခဲ့ပြီဖြစ်ပါသည်။ ယင်းအချိန်မှအစပြု၍ ရရှိခဲ့သော သင်ခန်းစာအမြောက်အများကို လက်စွဲ၏ ဒုတိယအကြိမ်ထုတ် (၂၀၁၇ ခုနှစ်၊ ဧပြီလ) တွင် ဖြည့်စွက်ထည့်သွင်းထားပါသည်။ ယခုလက်စွဲတွင် လက်ကမ်းစာရွက်သစ်များစွာနှင့်အတူ လေ့ကျင့်ခန်းများ၊ ရည်ညွှန်းကိုကားရန် ဂက်ဘ်ဆိုဒ်များနှင့်ရင်းမြစ်များစွာပါဝင်ပါသည်။ ထိရောက်သော အမူအကျင့်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာများရေးဆွဲရာတွင် ပို၍ပင် အသုံးဝင်လာမည်ဟု စာရေးသူက မျှော်လင့်ပါသည်။

အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲတွင် TOPS Program ဖြင့် Linda Morales၊ Judiann McNulty၊ Tom Davis နှင့် Bonnie Kittle တို့ရေးသားပြုစုခဲ့သော ၂၀၁၁ ခုနှစ်ထုတ် အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း (DBC) နှင့် Tom Davis ရေးသားခဲ့သော အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း သင်တန်းပို့ချသူလက်စွဲစာအုပ်တို့မှ အချက်အလက်အများအပြားကို အသုံးပြုထားပါသည်။ ယခုလက်စွဲစာအုပ်တွင် Tom Davis၊ Linda Morales နှင့် Judiann McNulty တို့၏ တီထွင်ဖန်တီးမှုစွမ်းရည်များက ထင်ဟပ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များသည် ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုများနှင့်အတားအဆီးများရှာဖွေဖော်ထုတ်မှုများစီစဉ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် ၎င်းတို့၏အတွေ့အကြုံများအပေါ် သုံးသပ်ချက်များကို မျှဝေပေးခဲ့ပါသည် - Justin Colvard၊ Lotta Adelstal နှင့် Lucky Kalisya (Mercy Corps)၊ Andrea Cuthrell၊ Jean Pierre Okitakoy နှင့် Sarah Bauler (Food for the Hungry)၊ Bernad Ochieng နှင့် Andy Melendez (American Red Cross)၊ Erica Phillips (Cornel University)၊ Lael Kucera (Water for Life)၊ Franck Flachenberg (Concern Worldwide) နှင့် Marjolein Moreaux၊ Judiann McNulty (ပြင်ပအတိုင်ပင်ခံပုဂ္ဂိုလ်များ)။

ကုဒ်သတ်မှတ်နည်းကို သင်ကြားရန်နည်းလမ်းကောင်းများကို မျှဝေပေးခဲ့သည့် Mitzi Hanold (Food for the Hungry) နှင့် ကုဒ်သတ်မှတ်သည့်ဂိမ်းဒီဇိုင်းရေးဆွဲရာတွင် အသုံးပြုရန် ဖြေကြားချက်များပေးခဲ့သည့် စာရေးသူပို့ချခဲ့သော ၂၀၁၂ ခုနှစ် အောက်တိုဘာလ DBC သင်တန်းမှ သင်တန်းသားများ၏ ပံ့ပိုးမှုများကို စာရေးသူအနေဖြင့် ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။ အရည်အသွေးတိုးတက်မှုရှိမရှိ စစ်ဆေးရမည့်အချက်များ (QIVC) ကို Food for the Hungry က အစပြု၍ ပြုစုထားချက်များအပေါ် အခြေခံပါသည်။

မအားလပ်သည့်ကြားမှ အချိန်ပေး၍ စာမူကြမ်းကိုဖတ်ရှုပြီး အလွန်အသုံးဝင်လှသော အကြံပြုချက်များပေးခဲ့သည့် Tom Davis (consultant)၊ Mitzi Hanold နှင့် Mary DeCoster (Food for the Hungry)၊ Justin Colvard (Mercy Corps) နှင့် Jennifer Nielsen (Helen Keller International) တို့ကို ကျေးဇူးများစွာတင်ရှိပါသည်။ ယခုဒုတိယအကြိမ်ထုတ်၏ ပုံစံအချိုးအစားပြင်ဆင်ပေးသည့် Rachel Elrom ကိုလည်း ကျေးဇူးတင်ပါသည်။

နောက်ဆုံးအနေဖြင့် ဤလက်စွဲစာအုပ်ရေးသားရန် စာရေးသူကို Helen Keller International/Democratic Republic of Congo က အခွင့်အရေးပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ ယခုလက်စွဲသည် ၎င်းတို့၏လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရုံမျှမက လူမှုနှင့်အမူအကျင့်ဆိုင်ရာပြောင်းလဲမှု (SBC) လုပ်ငန်းအစီအစဉ်များရေးဆွဲမှုများ ပိုမိုတိုးတက်လာစေရန် အခြားအဖွဲ့အစည်းအများအပြားကလည်း အသုံးပြုကြမည်ဖြစ်ပါသည်။

Bonnie Kittle

၂၀၁၇ ခုနှစ်၊ ဧပြီလ

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုကူးစက်ရောဂါ Acquired Immunodeficiency Syndrome |
| ANR | စိုက်ပျိုးရေးနှင့်သဘာဝအရင်းအမြစ်များ agriculture and natural resources |
| ARI | အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း acute respiratory infection |
| BLD | အခြေပြုအချက်အလက် baseline data |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်း community-based organization |
| CGV | စေတနာ့ဝန်ထမ်း Care Group Volunteer |
| DBC | အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း Designing for Behavior Change |
| EBF | မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း exclusive breastfeeding |
| HIV | လူ့ကိုယ်ခံအားကျစေသည့်ရောဂါပိုး human immunodeficiency virus |
| IPM | ပေါင်းစပ်နည်းဖြင့် ပိုးမွှားနှိမ်နင်းခြင်း integrated pest management |
| IPTT | စွမ်းဆောင်ရည်စောင့်ကြည့်မှတ်တမ်းတင်ဇယား (Indicator Performance Tracking Table) |
| ITN | ဆေးစိမ်ခြင်ထောင် (insecticide-treated bed net) |
| KPC | သိမှု၊ ပြုကျင့်မှုနှင့်လွှမ်းခြုံမှု (စစ်တမ်း) knowledge, practice, and coverage (survey) |
| LNRA | သင်ယူလေ့လာလိုသောအရာနှင့်တတ်သိထားသောအရာတို့ကို ကြိုတင်ဆန်းစစ်သည့်နမူနာပုံစံ Learning Needs and Resources Assessment |
| MCHN | မိခင်နှင့်ကလေးကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးရေး maternal and child health and nutrition |
| NGO | အစိုးရမဟုတ်သည့်အဖွဲ့အစည်း nongovernmental organization |
| NRM | သဘာဝအရင်းအမြစ်စီမံခန့်ခွဲခြင်း natural resource management |
| PD | အပြုသဘောသွေဖည်ခြင်း Positive Deviance |
| PLA | ပါဝင်ဆောင်ရွက်မှုဖြင့် သင်ယူခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်း Participatory Learning Action |
| QIVC | အရည်အသွေးတိုးတက်မှုရှိမရှိ စစ်ဆေးရမည့်အချက်များquality improvement verification checklist |
| SBC | လူမှုနှင့်အမူအကျင့်ပြောင်းလဲမှု social and behavioral change |
| TIPS | ပိုမိုကောင်းမွန်သောအလေ့အကျင့်များအားစမ်းသပ်ကျင့်သုံးစေခြင်း Trials of Improved Practice |
| WASH | ရေ၊ မိလ္လာနှင့်သန့်ရှင်းရေး water, sanitation, and hygiene |

## မည်သည့်ကွာခြားမှုများရှိသနည်း။

အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း (DBC) သင်ရိုးနှင့်ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသော သင်ခန်းစာများအကြား မည်သည့်ကွာခြားမှုများရှိသနည်းဟု အချို့ကမေးကြပါသည်။ မည်သည့်သင်တန်းကို တက်ရောက်သင့်သည် သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများအတွက် မည်သည့်သင်တန်းက အကောင်းဆုံးဖြစ်သည် ကို ကြိုးစားဆုံးဖြတ်ကြပါသည်။

DBC သင်တန်းသည် DBC Framework ကို သင်တန်းသားများအား မိတ်ဆက်အဖြစ် သင်ကြားပို့ချသည့် ၅ ရက်ခွဲ ကြာမြင့်သည့် သင်တန်းဖြစ်ပါသည်။ ကျင့်သုံးသူ/မကျင့်သုံးသူနှင့်အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းတို့အတွက် Formative Research နိဒါန်းနှင့်အတူ DBC Framework ၏အပိုင်း ၅ ခုကို တစ်ခုချင်းအတွက် အချိန်အညီအမျှပေး၍ သင်တန်းသားများက လေ့လာရပါသည်။ ယခုသင်တန်းတွင် သင်တန်းသားများသည် စစ်တမ်းတစ်ခု သို့မဟုတ် အချိန်နှင့်အကြောင်းမညီညွတ်ပါက သင်္ကေတနှူစစ်တမ်းတစ်ခုကို ပြုလုပ်လိုက ပြုလုပ်နိုင်ပါသည်။ DBC သင်တန်းသည် DBC Framework အတွေ့အကြုံ လုံး၀ မရှိသေးသည့်အပြင် အမူအကျင့်ပြောင်းလဲရေးမဟာဗျူဟာများရေးဆွဲရာတွင် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုရန် သင့်မသင့် မဆုံးဖြတ်နိုင်သူများ သို့မဟုတ် အဖွဲ့အစည်းများအတွက် အသင့်တော်ဆုံးဖြစ်ပါသည်။

အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲသင်တန်းသည် DBC Framework အကြောင်း အကြမ်းဖျဉ်းသိရှိပြီးသူ နှင့်/သို့မဟုတ် ၎င်းတို့၏ အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတွင် ထည့်သွင်းအသုံးပြုရန် အတားအဆီးများရှာဖွေဖော်ထုတ်မှု တစ်ရပ်ပြုလုပ်သင့်သည်ဟု လက်ခံထားသူတို့အတွက် အသင့်တော်ဆုံးဖြစ်ပါသည်။ Formative Research ပြုလုပ်ရန် ဂန်းကျင်အခြေအနေကို ဤလက်စွဲတွင် DBC Framework ဖြင့် အကျဉ်းချုံးမိတ်ဆက်ထားသော်လည်း လေ့လာမှုအတွက် အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်း၊ ဆက်စပ်အချက်အလက်များအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ပိုမို အသေးစိတ်ဖော်ပြထားပါသည်။ သင်တန်းတွင် သင်တန်းသားများသည် အမူအကျင့်အမျိုးမျိုးအတွက် စစ်တမ်းမေးခွန်းများ ရေးသားပြုစုခြင်း၊ အင်တာဗျူးနည်းစနစ်များလေ့ကျင့်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ရရှိလာသော အချက်အလက်များကို  ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ကို အချိန်ပေး ဆောင်ရွက်သွားရပါမည်။ သင်တန်းတက်ရောက်ပြီးပါက သင်တန်းသားများသည် ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက် (သို့) အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းကို စီစဉ်ပြုလုပ်ရာတွင်လည်းကောင်း၊ ပိုမိုထိရောက်မှုရှိသော အမူအကျင့်ပြောင်းလဲခြင်းမဟာဗျူဟာတစ်ရပ်ရေးဆွဲရန် စစ်တမ်းမှရရှိသည့်အချက်အလက်များကို အသုံးပြုရာတွင် လည်းကောင်း အပြည့်အဝစွမ်းဆောင်နိုင်ကြမည်ဟု မျှော်လင့်ထားပါသည်။

သင်တန်းနှစ်ခုစလုံးတွင် အပြန်အလှန်ဆွေးနွေးပြောဆိုပို့ချနည်းစနစ် (လူကြီးများအတွက် သင်ယူသူဗဟိုပြုပညာရေး) ကို အသုံးပြုသည့်အပြင် အမူအကျင့်အားလုံးနီးပါးအတွက် ပြောင်းလဲမှုမဟာဗျူဟာများရေးဆွဲရာတွင် ယင်းသင်တန်းနှစ်ခုလုံးကို အသုံးပြုနိုင်ပါသည်။ ထို့ပြင် အင်တာဗျူးသူများအား လေ့ကျင့်ပေးရာတွင် လက်စွဲအဖြစ်အသုံး သီးခြားအသုံးပြုနိုင်သည့် အင်တာဗျူးနည်း သင်ခန်းစာ (သင်ခန်းစာ ၁၀) ကို ဤလက်စွဲတွင် ထည့်သွင်းထားပါသည်။

ထိရောက်မှုအရှိဆုံးသော အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာများရေးဆွဲရန် လိုအပ်သောစွမ်းဆောင်ရည်များ ပိုမိုခိုင်မြဲလာစေရန် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများကို သင်တန်းနှစ်ခုစလုံးတက်ရောက်ခွင့်ပေးပါရန်

တိုက်တွန်းလိုပါသည်။ DBC သင်တန်းကို ဦးစွာတက်ရောက်စေပြီး Barrier Analysis သင်တန်းကို ဆက်လက်တက်ရောက်စေသင့်ပါသည်။

# စီမံကိန်းရေးဆွဲသည့် အဆင့် ၈ ဆင့်

## ၁။ ဘာ့ကြောင့်

လွန်ခဲ့သော ၆ နှစ်တာ (၂၀၁၀-၂၀၁၆) ကာလအတွင်း၌ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) များသည် အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာဒီဇိုင်းအတွက် အချက်အလက်ရယူရန် Formative Research ကို ပိုမို အသုံးပြုလာကြပါသည်။ DBC Framework အသုံးပြုနည်းကို လေ့ကျင့်သင်ကြားထားသူအရေအတွက် ပိုမိုများပြားလာခြင်းကလည်း ယင်းသို့ပိုမိုအသုံးပြုလာစေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ DBC နည်းစနစ်အရ လုပ်ငန်းရည်ရွယ်ချက်များ (Bridges to Activites) ရေးသားပြုစုရန်နှင့်ဆီလျော်မှုအရှိဆုံးလုပ်ငန်းများရွေးချယ်ရန် (သို့) ဒီဇိုင်းရေးဆွဲရန် Qualitative Research ပုံစံတစ်မျိုးမျိုး ပြုလုပ်ရမည်ဖြစ်ပါသည်။ DBC သင်တန်းတွင် ကျင့်သုံးသူ/ မကျင့်သုံးသူလေ့လာမှု (Doer/Non-Doer Study) သို့မဟုတ် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis) အသုံးပြုခြင်းကို အားပေးသည့်အပြင် ယင်းသုတေသနနည်းစနစ်များကို သင်တန်းသားများ ရင်းနီးကျွမ်းဝင်လာစေရန် အထောက်အကူပြုသည့် လေ့ကျင့်ခန်းအချို့ကို ထည့်သွင်းပြုလုပ်ပါသည်။ သုတေသနပြုလုပ်သည့် လေ့ကျင့်ခန်းသည် သင်တန်းတွင် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သဖြင့် DBC Framework ၏ အခြားအစိတ်အပိုင်းများကို စတင်လေ့လာချိန်နှင့် တစ်ပြိုင်တည်းတွင် ယင်းသုတေသနနည်းစနစ်များကို ကျွမ်းကျင်စွာတတ်မြောက်နိုင်ရန် သင်တန်းသားများအတွက် ခက်ခဲလှပါသည်။ SBC Task Force က DBC သင်တန်းတက်ရောက်ပြီးသူများအကြား ပြုလုပ်ခဲ့သည့်စစ်တမ်းတစ်ခုအရ ဖြေဆိုသူ ၇၉% သည် "စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် Barrier Analysis သို့မဟုတ် Doer/Non-Doer Study တို့မှရရှိသော အချက်အလက်များ" အသုံးပြုခြင်းဆိုင်ရာ အခြားသင်တန်းများကို တက်ရောက်လိုကြပါသည်။

အတားအဆီးများရှာဖွေဖော်ထုတ်နည်းလက်စွဲကို ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ချိန်မှစ၍ NGO အများအပြားက သင်တန်းတက်ရောက်ခဲ့ကြပြီး အတားအဆီးများရှာဖွေဖော်ထုတ်ရန် လေ့လာမှုများကို ပြုလုပ်ခဲ့ကြပါသည်။ သင်တန်းတိုင်းတွင် သင်တန်းသားများမေးသော မေးခွန်းများနှင့်ပဟေဠိများကြောင့် သင်ခန်းစာရေးသားတင်ပြပုံနှင့်စွမ်းဆောင်ရည်မြှင့်တင်ပုံတို့တွင် ပိုမိုကောင်းမွန်သောနည်းလမ်းများကို စာရေးသူအနေဖြင့် ရှာဖွေခဲ့ရပါသည်။ အခြား Tools နှင့်သင်ယူစရာလေ့ကျင့်ခန်းများဖန်တီး၍ သင်တန်းအမျိုးမျိုးတွင် အနည်းငယ်မျှစီဖြင့် အသုံးပြုခဲ့ရာ နောက်တိုးသင်ခန်းစာများသည် လက်စွဲစာအုပ်ပါ လေ့ကျင့်ခန်းအရေအတွက်ထက်ပင် ပိုမိုများပြားလုနီးအထိ ဖြစ်ခဲ့ပါသည်။ အလားတူပင် ပထမအကြိမ်ထုတ်လက်စွဲတွင် ထည့်သွင်းခဲ့သောလေ့ကျင့်ခန်းအချို့ကလည်း လက်တွေ့အားဖြင့် များစွာအသုံးမဝင်လှသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အတားအဆီးများရှာဖွေဖော်ထုတ်ရန် လေ့လာမှုတစ်ခုစီစဉ်ပြုလုပ်နည်းကို သင်ယူရာတွင် ပိုမိုလွယ်ကူစေရန် လွန်ခဲ့သော ၃ နှစ် (၂၀၁၃-၂၀၁၆) အတွင်း မှတ်သားခဲ့ရသော သင်ခန်းစာကို ပထမအကြိမ်ထုတ်လက်စွဲစာအုပ်တွင်ဖြည့်စွက်ရန် စာရေးသူကဆုံးဖြတ်ခဲ့ပါသည်။

## ၂။ ဘယ်သူတွေကို သင်မှာလဲ

ဤသင်တန်းလက်စွဲသည် အတားအဆီးများရှာဖွေဖော်ထုတ်ရန် လေ့လာမှုတစ်ခုကို ဒီဇိုင်းဆွဲ၊ စီစဉ်၊ ဆောင်ရွက်ပြီး ရရှိလာသောအချက်အလက်များဖြင့် ၎င်းတို့စီမံကိန်း၏အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာဒီဇိုင်းဆွဲရာတွင် သို့မဟုတ် ပြင်ဆင်ရာတွင် အသုံးပြုရန် တာဝန်ပေးအပ်ခြင်းခံထားရသည့် NGO ဝန်ထမ်းများအသုံးပြုရန် ရည်ရွယ်ရေးသား

ထားပါသည်။ သင်တန်းကို အင်္ဂလိပ်ဘာသာစကား[၁] ကျွမ်းကျင်သည့်အပြင် အထက်တန်းပညာထက်ကျော်လွန်သော ပညာအရည်အချင်းရှိသည့် သင်တန်းသား အများဆုံး ၂၅ ဦးအထိ တက်ရောက်နိုင်ရန်ရည်ရွယ်ထားပါသည်။ ယင်းသင်တန်းမှ သဘောတရားရေးရာပို့ချချက်များကို နားလည်နိုင်ရန် ကျောင်းပညာရေးကို အတန်အသင့်မြင့်မားစွာ ရှိရမည်ဖြစ်ပါသည်။

**သင်ခန်းစာ ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူအား အင်တာဗျူးပြုလုပ်နည်းကိုလေ့လာခြင်း**နှင့်မေးခွန်းလွှာများဖြည့်စွက်ခြင်း တို့ကို သီးခြားသင်တန်းတစ်ခုအနေဖြင့်ပင် ပို့ချပေးနိုင်ပါသည်။ ယင်းသင်တန်းမျိုးအတွက်မူ သင်တန်းသားများ၏ ပညာအရည်အချင်းများစွာရှိရန် မလိုအပ်ပါ။

**နောက်ဆက်တွဲ ၂** တွင် သင်ယူလေ့လာလိုသောအရာနှင့်တတ်သိထားသောအရာတို့ကို ကြိုတင်ဆန်းစစ်သည့်နမူနာပုံစံ (Learning Needs and Resources Assessment) မေးခွန်းလွှာပါဝင်ပြီး သင်တန်းသားများနှင့်သက်ဆိုင်သော အခြား အချက်အလက်များကို ရယူရာတွင် အသုံးပြုနိုင်ပါသည်။ ယင်းအချက်အလက်များဖြင့် သင်တန်းသားများ၏လိုအပ်ချက် နှင့်သင်ယူနိုင်မှုအဆင့်အလိုက် သင်တန်းကို စိတ်ကြိုက်ပြင်ဆင်ရာတွင် ယင်းအချက်အလက်များကို အသုံးပြုသင့်ပါသည်။


အပြန်အလှန်ဆွေးနွေးပြောဆိုပို့ချနည်းစနစ်တွင် အတွေ့အကြုံအပြင် အတားအဆီးများရှာဖွေဖော်ထုတ်ရန်လေ့လာမှုကို စီစဉ်ပြုလုပ်သည့်အတွေ့အကြုံရှိသူက သင်တန်းကိုဦးဆောင်ပို့ချသင့်သည်။ သင်တန်းပို့ချသူသည် DBC သင်တန်းတွင် ပါဝင်ခဲ့ဖူးသူဖြစ်ပါက ဆက်စပ်မှုပိုရှိမည်ဖြစ်ပါသည်။ သင်တန်းပို့ချသူသည် သင်တန်းသားများ၏ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ရန်လိုအပ်ပါသည်။

## ၃။ ဘယ်နေရာမှာလဲ

သင်တန်းကို လုံလောက်သော သဘာဝအလင်းရောင်၊ ကားချပ်စာရွက်ကြီးများကပ်ရန်လုံလောက်သောနံရံအကျယ်အဝန်း၊ ငါးဦးလျှင် တစ်စားပွဲနှုန်းဖြင့် အတန်းတွင်း၌ ငါးရိုးသဏ္ဍာန်ဖြန့်ခင်းနိုင်လောက်သည့် နေရာအကျယ်အဝန်းရှိသော နေရာမျိုးတွင် ပြုလုပ်သင့်သည်။ အတန်း၏အရှေ့ဘက်တွင် သင်ထောက်ကူစာရွက်စာတမ်းများကိုနံရံပေါ်၌ကပ်ရန် နေရာရှိရမည်ဖြစ်သည်။ အတန်းတွင်း၌ နေရာချထားပုံကို ရှေ့စာမျက်နှာတွင် ဆက်လက်ဖော်ပြထားပါသည်။ သင်တန်းခန်းမအနီးတွင် သင်တန်းသားများနားချိန်၊ အဆာပြေစားချိန်နှင့်နေ့လယ်စာစားချိန်တို့အတွက် နေရာရှိရန် လိုအပ်သည်။ သင်တန်းအစီအစဉ်အရ စစ်တမ်းကောက်ယူမှုတစ်ခုပြုလုပ်ရမည်ဖြစ်သဖြင့် စီမံချက်ဝင်ရပ်ရွာသို့ ကားဖြင့် သွားရုံမျှဖြင့်ရောက်နိုင်သော အကွာအဝေးတွင် သင်တန်းကိုကျင်းပပါက အဆင်ပြေမည်ဖြစ်ပါသည်။ မဖြစ်နိုင်ပါက သဏ္ဍာန်တူစစ်တမ်းတစ်ခု ပြုလုပ်နိုင်ပါသည်။

[၁] သင်ရိုးညွှန်းတမ်းကို လတ်တလောတွင် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့်အာရပ်ဘာသာစကားများဖြင့် http://www.fsnnetwork.org/designing-behavior-change-agriculture-natural-resource-management-health-and-nutrition ၌ ရယူနိုင်ပါသည်။

## အတန်းတွင်း နေရာချထားပုံ




## ၄။ ဘယ်တော့လဲ

သင်တန်းသည် တစ်ရက်လျှင် ၆ နာရီခန့်ဖြင့် ၄-၅ ရက်ခန့်ကြာမြင့်မည်ဖြစ်သည်။ တတိယမြောက်နေ့တွင် သင်တန်းကို နေ့တစ်ဝက်သာပြုလုပ်မည်ဖြစ်သော်လည်း မေးခွန်းလွှာများကို ဘာသာပြန်ဆိုခြင်းနှင့်မိတ္တူကူးခြင်း၊ စတုတ္ထမြောက်နေ့ နံနက်ခင်းပိုင်းတွင်ပြုလုပ်ရန် စီစဉ်ထားသော စစ်တမ်းနှင့်ဆက်စပ်၍ အခြားထောက်ပို့ဆိုင်ရာများပြုလုပ်ရန် အချိန် လိုအပ်မည်ဖြစ်သည်။ အနီးအနားတွင် စီမံကိန်းဝင်ရပ်ရွာမရှိပါက သို့မဟုတ် ဒေသတွင်းသင်တန်းမျိုးဖြစ်ပါက သဏ္ဍာန်တူ စစ်တမ်းပြုလုပ်ချိန်သည် အများအားဖြင့် ၁-၂ နာရီကြာမြင့်မည်ဖြစ်သည်။ အကယ်၍ အနီးအနားတွင် စီမံကိန်းဝင်ရပ်ရွာ ရှိပါက စစ်တမ်းအစစ်တစ်ခု (မိနစ် ၉၀ ကြာ အင်တာဗျူးများ) ကို ပြုလုပ်နိုင်မည်ဖြစ်ပြီး သွားလာချိန်အပါအဝင် ၄-၅ နာရီခန့် ကြာမြင့်နိုင်ပါသည်။ နေ့စဉ် နံနက်ခင်းနှင့်နေ့လယ်ခင်းသင်တန်းချိန် တစ်ဝက်တွင် ၁၅ မိနစ်စီနှင့်နေ့လယ်စာ စားချိန် ၆၀ မိနစ်ရရှိမည်ဖြစ်သည်။

## ၅။ ဘာတွေသင်မှာလဲ

ဤသင်ရိုးတွင် အောက်ပါအကြောင်းအရာများပါဝင်သည် -

- DBC Framework
- အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ (Determinants of behavior change)
- အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (Behavior analysis study)

- အမူအကျင့်ဖော်ပြချက် (Behavior statement)
- ကျင့်သုံးသူ/မကျင့်သုံးသူသတ်မှတ်ချက် (Defining a Doer and Non-Doer)
- အတားအဆီးများရှာဖွေဖော်ထုတ်ရန် မေးခွန်းလွှာ (BA Questionnaire)
- အင်တာဗျူးပြုလုပ်ခြင်း (Interviewing)
- ကွင်းဆင်း၍ စစ်တမ်းကောက်ယူခြင်း (Field work)
- ရရှိလာသောအချက်အလက်များကိုကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Coding, Tabulating, Analysing and Interpreting the results)
- ဆုံးဖြတ်ချက်များချရာတွင် အချက်အလက်များအသုံးပြုခြင်း (လုပ်ငန်းရည်ရွယ်ချက်နှင့်အမူအကျင့်ပြောင်းလဲရေးလုပ်ဆောင်မှုများ) (Bridges to activities and behavior change activities)

## ၆။ ဘာအတွက် လုပ်တာလဲ

အောင်မြင်မှုရည်မှန်းချက်များ - သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ပါတို့ကို ဆောင်ရွက်ပြီး ဖြစ်မည်ဖြစ်ပါသည်။

- DBC Framework ကို ပြန်လည်လေ့လာခြင်း
- အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများအား စူးစမ်းလေ့လာခြင်း
- လေ့ကျင့်ခန်းမှဖြေကြားချက်များကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများနှင့် ချိတ်ဆက်ခြင်း
- ဖြစ်ရပ်ဇာတ်လမ်းထဲတွင် အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများရှာဖွေခြင်း
- အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခုပြုလုပ်ရာတွင်ပါဝင်သော ကဏ္ဍများကို သုတေသနပြုလေ့လာခြင်း
- အမူအကျင့်ဖော်ပြချက်များ လေ့ကျင့်ရေးသားခြင်း
- အမူအကျင့်ဖော်ပြချက်များတွင် သတ်မှတ်ချက်များလျှော့ချနည်းကို လေ့ကျင့်ခြင်း
- ကျင့်သုံးသူ အဓိပ္ပာယ်သတ်မှတ်ချက်များကို ဝေဖန်ဆန်းစစ်ခြင်း
- အတားအဆီးများရှာဖွေဖော်ထုတ်ရန် စစ်တမ်းမေးခွန်းလွှာတစ်ခု ရေးသားပြုစုခြင်း
- ထိရောက်စွာ အင်တင်ဗျူးနိုင်သူတစ်ဦး၏ လက္ခဏာရပ်များပြုစုခြင်း
- အတားအဆီးများရှာဖွေဖော်ထုတ်ရန်ပြုလုပ်သော အင်တာဗျူးကို ဝေဖန်ဆန်းစစ်ခြင်း
- အင်တာဗျူးလေ့ကျင့်နည်းလေ့ကျင့်ခြင်း
- အင်တာဗျူးနည်းစနစ်များအပေါ် ဝေဖန်အကြံပြုချက်များပေးခြင်းနှင့်လက်ခံခြင်း
- မှတ်စုရေးသားခြင်းအပေါ် ဝေဖန်အကြံပြုချက်များပေးခြင်းနှင့်လက်ခံခြင်း
- အတားအဆီးများရှာဖွေဖော်ထုတ်ရာတွင် အဖွဲ့အစည်းအနေဖြင့် ပြုလုပ်ရမည့် ဆုံးဖြတ်ချက်များပြုစုခြင်း
- ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် အတားအဆီးများရှာဖွေဖော်ထုတ်ရာမှ ရရှိလာသောအချက်အလက်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကို လေ့ကျင့်ခြင်း
- အရေးပါသောဆုံးဖြတ်ချက်များချရာတွင် Formative Research ရလဒ်များကို အသုံးပြုရန်နည်းလမ်းများ ရှာဖွေခြင်း

## ၇။ ဘယ်လိုသင်မှာလဲ။

ဤသင်ရိုးတွင်ပါဝင်သော သင်ခန်းစာများက အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခု စီစဉ်ပြုလုပ်ရာတွင် သင်တန်းသားများအား လမ်းညွှန်ပြသပေးမည်ဖြစ်ပါသည်။

## ၈။ ဘယ်လိုရင်းမြစ်တွေနဲ့လဲ။

| # | သင်ခန်းစာခေါင်းစဉ် | လိုအပ်သောသင်ထောက်ကူများ |
|---|---|---|
| ၁။ | အဖွင့်သင်ခန်းစာ | – သင်တန်းအကြိုနှင့်အပြီးစစ်ဆေးချက်<br>– သင်ခန်းစာ ၁ ကားချပ်စာရွက် ၁ - "တစ်ဦးနှင့်တစ်ဦးမိတ်ဆက်" မေးခွန်းများ<br>– မှတ်တမ်းကဒ်ပြားများ<br>– စည်းမျဉ်းစည်းကမ်းနှင့် Parking Lot ဟု လက်ရေးဖြင့် ခေါင်းစဉ်တပ်ထားသည့် ကားချပ်စာရွက်ကြီးများ<br>– သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၁ - သင်တန်းရည်မှန်းချက်<br>– သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၂ - သင်တန်းအစီအစဉ် |
| ၂။ | အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းမူဘောင် (DBC Framework) ကို အကြမ်းဖျဉ်းရှင်းလင်းချက် | – အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းမူဘောင် နံရံကပ်စာရွက်ကြီး<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွတ်<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework နမူနာများ<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၄ - အစီအစဉ်ရေးဆွဲနည်းလမ်းညွှန် -- အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲပုံ အဆင့်ဆင့်<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၅ - DBC Framework ၏ အခြေခံ သဘောတရား ၅ ချက် |
| ၃။ | "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း | – သင်ခန်းစာ ၃ ကားချပ်စာရွက် ၁ - ၁၀ -- "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း<br>– တိပ်ခွေ |
| ၄။ | အမူအကျင့်ကိုလွှမ်းမိုးသည့် အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ (Determinants) ရှာဖွေဖော်ထုတ်ခြင်း | – သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ<br>– သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသည့် အရေးပါသည့် Determinants အရာများ<br>– သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများအကြောင်း လေ့လာခြင်း<br>– သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - သိမ်မွေ့သော Determinants အချို့<br>– သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၄ - Determinants နှင့် မေးခွန်း ချိတ်ဆက်ခြင်း |
| ၅။ | ကျင့်သုံးသူ/မကျင့်သုံးသူ | – Barrier Analysis ကို ရောင်စုံစက္ကူများဖြင့်ပြသပုံ အဆင့် ၇ ဆင့် |

| | | |
|---|---|---|
| | လေ့လာမှု (Doer/Non-Doer Study) နှင့်အတားအဆီးများ ရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis) | – သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၁ - Barrier Analysis လုပ်ဆောင်ပုံ အဆင့် ၇ ဆင့်<br>– သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၂ - Barrier Analysis ၏ အခြေခံ သဘောတရား ၅ ချက်<br>– အဖွဲ့ငယ်တစ်ဖွဲ့လျှင် Post-it ၉-၁၂ ခုစီ (မေးခွန်းတစ်ခုလျှင် Post-it တစ်ခု)<br>– သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှု နှင့် အတားအဆီးများရှာဖွေဖော်ထုတ်သည့်စစ်တမ်းများအကြောင်း လေ့လာခြင်း<br>– သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၄ - Barrier Analysis ဂိမ်း<br>– သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၅ - Barrier Analysis ပြုလုပ်ရာတွင် ကုန်ကျစရိတ်များ<br>– သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၆ - Barrier Analysis ပြုလုပ်ရန် အချိန်ဇယား |
| ၆။ | စစ်တမ်းမေးခွန်းလွှာ မိတ်ဆက် | – သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၁ - Barrier Analysis မေးခွန်းလွှာတွင် ပါဝင်သောအရာများ<br>– သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၂ - နမူနာ Barrier Analysis မေးခွန်းလွှာ<br>– သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၃ - မေးခွန်းလွှာကို စိစစ်ခြင်း |
| ၇။ | အဆင့် ၁ - Formative Research အတွက် အမူအကျင့် သတ်မှတ်ခြင်း | – Barrier Analysis (BA) ကို ရောင်စုံစက္ကူများဖြင့်ပြသပုံ အဆင့် ၇ ဆင့် (သင်ခန်းစာ ၅ မှ)<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်<br>– အမူအကျင့်ဖော်ပြချက်တစ်ခုတွင်ပါဝင်သောအချက် ၃ ချက်ကို ဖော်ပြထားသည့် ကားချပ်စာရွက်ကြီးနှင့်နမူနာဖော်ပြချက်တစ်ခု<br>– သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာရမည့်အမူအကျင့်များ ရွေးချယ်နည်း<br>– သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၂ - အမူအကျင့်ဖော်ပြချက်တစ်ခု ရေးသားနည်း လမ်းညွှန်များ<br>– သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမူအကျင့်ဖော်ပြချက် လေ့ကျင့်ခန်း (ကျန်းမာရေးနှင့်အာဟာရ၊ စိုက်ပျိုးရေး)<br>– သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၄ - အမူအကျင့်ပြောင်းလဲရာတွင် အရေးပါသူများ<br>– အဖွဲ့လိုက်လေ့ကျင့်ခန်းပြုလုပ်ရန် ကားချပ်စာရွက်<br>– အဆင်ပြေပါက အသုံးပြုရန် - သင်တန်းသားများ၏ စွမ်းဆောင်ရည် စောင့်ကြည့်မှတ်တမ်းတင်ဇယား (Indicator Performance Tracking Table) မှ နမူနာစွမ်းဆောင်ရည်အညွှန်းများ |
| ၈။ | အဆင့် ၂ - အမူအကျင့်စိစစ်ရန် မေးခွန်းများရေးသားပြုစုခြင်း | – ကားချပ်စာရွက်ကြီး<br>– သင်ခန်းစာ ၈ ကားချပ်စာရွက် ၁ - ကနဦးအဆင့်မေးခွန်းများ ဆိုတာ ဘာလဲ။<br>– သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမူအကျင့်စိစစ်ရာတွင် ဖြေလျှော့မှု |

| | | |
|---|---|---|
| | | ပြုလုပ်ခြင်း လေ့ကျင့်ခန်းစာရွက်<br>– သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၂ - အမှုအကျင့်စိစစ်သည့် မေးခွန်းများ၏ လက္ခဏာရပ်များ<br>– သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - အမှုအကျင့်စိစစ်သည့် မေးခွန်းနမူနာများနှင့်ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားမှုဇယားများ |
| ၉။ | အဆင့် ၃ - သုတေသန မေးခွန်းများရေးသားပြုစုခြင်း | – ပြုလုပ်ခဲ့သောလေ့ကျင့်ခန်းမှ အမှုအကျင့်ဖော်ပြချက်များ (အဖွဲ့ငယ်တစ်ဖွဲ့လျှင် အနည်းဆုံး တစ်ခု)<br>– သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၁ - အတားအဆီးများရှာဖွေဖော်ထုတ်ရန် ယေဘုယျမေးခွန်းလွှာ<br>– သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၂ - BA မေးခွန်းလွှာများအား ဘာသာပြန်ဆိုနည်း လမ်းညွှန်ချက်များ<br>– သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၃ - (တစ်စိတ်တစ်ပိုင်း) ဘာသာပြန်ဆိုပြီး မေးခွန်းလွှာနမူနာ |
| ၁၀။ | ကျင့်သုံးသူ/မကျင့်သုံးသူအား အင်တာဗျူးပြုလုပ်နည်းကို လေ့လာခြင်း | – သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁ - ကျင့်သုံးသူ/မကျင့်သုံးသူများအား အင်တာဗျူးရာတွင် "ဆောင်ရန်" နှင့် "ရှောင်ရန်"အချက်များ<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၂ - ထိရောက်စွာ စူးစမ်းမေးမြန်းပုံ နမူနာများ<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၃ - စူးစမ်းမေးမြန်းနည်း လေ့ကျင့်ခန်း<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၄ - အဖြေများကို Determinants နှင့် ချိတ်ဆက်ခြင်း<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၅ - "ဆိုးကျိုး" နှင့် "အခက်အခဲ" တို့၏ ကွာခြားချက်<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၆ - သဏ္ဌာန်တူလေ့ကျင့်ခန်း စူးစမ်းလေ့လာနည်း လမ်းညွှန်<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၇ - သဏ္ဌာန်တူလေ့ကျင့်ရန် ဇာတ်ညွှန်း -- ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးပြုလုပ်နည်း<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၈ - အကဲဖြတ်မှုပြုလုပ်ရန် ဖြည့်စွက်ပြီး BA မေးခွန်းလွှာ<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၉ - ကျင့်သုံးသူနှင့်မကျင့်သုံးသူများ အမျိုးအစားခွဲရန် လေ့ကျင့်ခြင်း<br>– သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူ အင်တာဗျူးများ၏ တိုးတက်မှုအခြေအနေသိနိုင်ရန် စိစစ်ရမည့်အချက်များ<br>– BA မေးခွန်းလွှာ (သင်တန်းသားတစ်ဦးလျှင် တစ်စုံစီ)[၂] |

[၂] အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခုအစစ်ပြုလုပ်ရန် ပြင်ဆင်မှုများပြုလုပ်နေပါက ဤမေးခွန်းလွှာသည် အင်တာဗျူးသူများကွင်းဆင်းချိန်တွင် ဒေသသုံးဘာသာစကားဖြင့် အသုံးပြုသင့်သော မေးခွန်းလွှာဖြစ်ပါသည်။

| # | သင်ခန်းစာခေါင်းစဉ် | လိုအပ်သောသင်ထောက်ကူများ |
|---|---|---|
| ၁၁။ | အဆင့် ၄ - ကွင်းဆင်းစစ်တမ်းကောက်ယူရန် စီစဉ်ခြင်း (နမူနာကောက်ယူမှုအပါအဝင်) | – သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၁ - BA လုပ်ဆောင်ရာတွင် ဖြေရှင်းရမည့် ထောက်ပို့ဆိုင်ရာအခက်အခဲများ<br>– သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၂ - BA ကြီးကြပ်သူက စစ်ဆေးရမည့် အချက်များ<br>– သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၃ - BA အတွက် နမူနာကောက်ယူမှု ပြုလုပ်ခြင်း -- ထည့်သွင်းစဉ်းစားရမည့် အချက်များ |
| | အဆင့် ၅ - စစ်တမ်းကောက်ယူခြင်း | – သင်တန်းသားတစ်ဦးလျှင် ကျင့်သုံးသူ/မကျင့်သုံးသူ သို့မဟုတ် BA မေးခွန်းလွှာအလွတ် ၂ စုံစီ (စစ်တမ်းအစစ်ပြုလုပ်ပါက အစုံ ၁၀၀)<br>– သင်တန်းသားတိုင်းအတွက် ခဲတံ၊ ခဲဖျက်၊ ခဲတံချွန်စက်၊ စာရွက်အခံပြားများ<br>– မေးခွန်းလွှာများထည့်သွင်းသယ်ဆောင်ရန် ကြီးကြပ်သူအတွက် ဖိုလ်ဒါများ<br>– မိုဘိုင်းလ်ဖုန်းများနှင့်အင်တာဗျူးသူများ၏ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ကွင်းဆင်းရာတွင်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ |
| ၁၂။ | အဆင့် ၆ - အချက်အလက်များကို ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း | – သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၁ - ကုဒ်သတ်မှတ်ခြင်း၏အဓိပ္ပာယ်<br>– သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၁ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၁<br>– သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၂ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၂<br>– သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၂ - ကုဒ်သတ်မှတ်နည်းလမ်းညွှန်နမူနာ/ ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်အတွက် ကုဒ်သတ်မှတ်နည်းလမ်းညွှန်/ရလဒ်များရေတွက်ရန်စာရွက်များ<br>– သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ခွဲခြမ်းစိတ်ဖြာရန် ရေတွက်ပုံဇယားနမူနာ<br>– သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်မှုရလဒ်များကို အဓိပ္ပာယ်ဖော်နည်းလမ်းညွှန်<br>– နောက်ဆက်တွဲ ၁၃ - အတားအဆီးများရှာဖွေဖော်ထုတ်ရန် ကွန်ပျူတာဖြင့်ရေတွက်နည်းလမ်းညွှန်ချက်များ<br>– ကွင်းဆင်းစစ်တမ်းများမှ ဖြည့်စွက်ပြီး မေးခွန်းလွှာများ<br>– ကားချပ်စာရွက်<br>– ဂဏန်းပေါင်းစက်<br>– ကွန်ပျူတာ (BA အတွက် ရေတွက်ရာတွင် အသုံးပြုရန်ဇယားကွက်)<br>– သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၅ - BA အစီရင်ခံစာကောက်ကြောင်း<br>– www.caregroupinfo.org/docs/BA_Tab_Table_Latest.xl မှကူးယူ၍ မယ်မိုရီစတစ်တွင် သိမ်းဆည်းထားသော BA အတွက် ရေတွက်ရာတွင် အသုံးပြုရန်ဇယားကွက် (MS Excel) |
| ၁၃။ | အဆင့် ၇ - ဆုံးဖြတ်ချက်များချရာတွင် ရလဒ်များကို အသုံးပြုခြင်း | – သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွတ်<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ<br>– သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework |

| | | |
|---|---|---|
| | | နမူနာများ<br>– သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များ (Bridges to Activities) ရေးသားခြင်း<br>– သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - Determinants နှင့် လုပ်ငန်းများ (Activities) ချိတ်ဆက်ခြင်း (Nutrition နှင့် NRM) |
| ၁၄။ | သင်တန်းပြီးဆုံးခြင်း | – သင်ခန်းစာ ၁၄ ကားချပ်စာရွက် ၁ - သင်တန်းတွင်ရရှိမည်ဟု မျှော်မှန်းထားသောအရာများကို အကဲဖြတ်ခြင်း<br>– သင်တန်းအပေါ် ထင်မြင်ချက်စစ်တမ်း<br>– သင်တန်းအကြိုနှင့်အပြီးစစ်ဆေးချက် (သင်တန်းအစတွင် ဖြေဆိုခဲ့သည့် အကြိုစစ်ဆေးချက်နှင့်၎င်းသင်ခန်းစာတွင် ဖြည့်စွက်ရန် သင်တန်းအပြီး စစ်ဆေးချက်စာရွက်လွတ်များ)<br>– သင်ခန်းစာ ၁၄ ကားချပ်စာရွက် ၂ - သင်တန်းအကြိုနှင့်အပြီးစစ်ဆေးချက်များမှ အဖြေမှန်များရှာဖွေခြင်း<br>– သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်များပေးအပ်ခြင်း (လိုအပ်ပါက လုပ်ဆောင်ရန်) |

### သင်တန်းသုံးပစ္စည်းများစာရင်း

- သင်တန်းသားများအတွက် အမည်ကဒ်ပြားများ (ကြိုတင်ပုံနှိပ်ထားရန်မလိုပါ)
- ကားချပ်စာရွက် ၂ ထုတ်၊ ကားချပ်စာရွက်တင်စင် (သုံးချောင်းထောက်)
- တိပ်ခွေ ၁ လိပ်
- ရောင်စုံ Post-it တစ်ထုတ် (၃" X ၅")
- သင်တန်းသားတစ်ဦးလျှင် မှတ်စုစာအုပ်တစ်အုပ်
- သင်တန်းသားတိုင်းအတွက် (စစ်တမ်းပြုလုပ်ရန်) ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ခဲတံချွန်စက်၊ စာရွက်အခံပြားများ
- မင်ခေါင်းကြီး ရောင်စုံမာကာပင် ၁၂-၁၅ ခု

### အသုံးအဆောင်များ

- အမှိုက်ပုံးကြီး ၁-၂ ခု
- သင်တန်းပို့ချသူ၏ကွန်ပျူတာဖြင့် ချိတ်ဆက်နိုင်သောပရင်တာစက်နှင့်မင်တောင်သစ် သို့မဟုတ် မင်တောင့်အပို တစ်ခု
- စာရွက်ထုပ် ၂ ထုပ်
- ကပ်ကြေး ၁ ချောင်း
- စတပ်ပလာ ၂ ချောင်းနှင့်စတေပယ်ပင်များ
- မီးကြိုးနှင့်ခေါင်းစုံပလပ်ပေါက်များ

## သင်တန်းတည်နေရာ

- သင်တန်းခန်းမသည် သင်တန်းသား ၂၅ ဦး သက်သောင့်သက်သာထိုင်နိုင်ရန် တစ်စားပွဲလျှင် ၅ ဦးနှုန်းဖြင့် စားပွဲ ၅ လုံးခင်းနိုင်သော အကျယ်အဝန်းရှိရမည်။
- လေးထောင့်စားပွဲများဖြစ်ပါက ပိုမိုသင့်လျော်သည် (စားပွဲခင်း သို့မဟုတ် စားပွဲပတ်လည်အကာတို့ မလိုပါ။)
- သင်တန်းပို့ချသူအသုံးပြုရန် လေးထောင့်စားပွဲတစ်လုံးကို အခန်း၏ရှေ့ဘက်ထောင့်တွင် ထားရမည်။ ယင်းစားပွဲအနီးအနားတွင် မီးပလပ်ပေါက်တစ်ခုရှိရမည်။
- သဘာဝအလင်းရောင် ကောင်းစွာရရှိရန်လိုအပ်သည့်အပြင် လျှပ်စစ်မီးလည်းရှိရမည်။
- အလွန်အမင်းပူပြင်းသည့်အချိန်များတွင် အခန်းတွင်းအပူချိန်ကို ထိန်းထားနိုင်ရန်လိုအပ်သည် (လေအေးပေးစက်/အပူပေးစက်)။
- သင်တန်းသားများလုပ်ထားသည့် လေ့ကျင့်ခန်းစာရွက်များ (ကားချပ်စာရွက်များ) ကပ်ရန် နံရံပေါ်တွင် နေရာလုံလောက်စွာရှိရမည်။
- သင်တန်းအစီအစဉ်တွင် နေ့လယ်စာအပြင် အဆာပြေမုန့်များကျွေးခြင်းကို နံနက်ခင်းသင်တန်းချိန်တစ်ဝက်တွင် တစ်ကြိမ်နှင့်နေ့လယ်ခင်းသင်တန်းချိန်တစ်ဝက်တွင်တစ်ကြိမ် တည်ခင်းရမည်။ ယင်းသို့တည်ခင်းဧည့်ခံခြင်းကို သင်တန်းခန်းမတွင်း၌ မပြုလုပ်ဘဲ ခန်းမအပြင်ဘက် အနီးအနားတွင် ပြုလုပ်သင့်ပါသည်။
- သန့်ရှင်းသောသန့်စင်ခန်းများလည်း အနီးအနားတွင် ရှိသင့်ပါသည်။
- အခြားမြို့/နိုင်ငံများမှ လာသူများရှိပါက ၎င်းတို့တည်းခိုရန် သင်တန်းကျင်းပရာနေရာတွင်ပင် စီစဉ်ပေးခြင်းဖြင့် ခရီးစရိတ်ချွေတာနိုင်မည်ဖြစ်ပြီး သင်တန်းကိုလည်း အချိန်မှန်စတင်နိုင်မည်ဖြစ်ပါသည်။

# သင်ခန်းစာ ၁ - အဖွင့်သင်ခန်းစာ

## ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- သင်တန်းပို့ချသူနှင့် နှုတ်ဆက်ခြင်း
- အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (BA) အကြောင်း မည်မျှသိရှိထားသည်ကို တိုင်းတာခြင်း (သင်တန်းအကြိုစစ်ဆေးချက်)
- မိမိကိုယ်ကို မိတ်ဆက်ခြင်း
- သင်တန်းဖော်များနှင့်တွေ့ဆုံခြင်း
- သင်တန်းရည်မှန်းချက်နှင့်အစီအစဉ်တို့ကို ပြန်လည်ပြောကြားခြင်း
- သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းများသတ်မှတ်ခြင်း

## ကြာမြင့်ချိန်

၁ နာရီ ၃၀ မိနစ်

## လိုအပ်သောအရာများ

- လက်ကိုင်ဖုန်းများ ခေတ္တသိမ်းထားရန်နေရာ (လိုအပ်ပါက သတ်မှတ်ရန်)[၃]
- သင်တန်းအကြိုနှင့်အပြီးစစ်ဆေးချက်
- သင်ခန်းစာ ၁ ကားချပ်စာရွက် ၁ - "တစ်ဦးနှင့်တစ်ဦးမိတ်ဆက်" မေးခွန်းများ
- မှတ်တမ်းကဒ်ပြားများ
- စည်းမျဉ်းစည်းကမ်းနှင့် Parking Lot ဟု လက်ရေးဖြင့် ခေါင်းစဉ်တပ်ထား သည့် ကားချပ်စာရွက်ကြီးများ
- သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၁ - သင်တန်းရည်မှန်းချက်
- သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၂ - သင်တန်းအစီအစဉ်

[၃] အကယ်၍ ဖုန်းအသုံးပြုခြင်းက သင်တန်းသားများ၏အာရုံထွေပြားစေနိုင်ပါက ဖော်ပြပါအတိုင်းပြုလုပ်ကြည့်ပါ - သင်တန်းသားများအား ဖုန်းကိုကိုင်မြှောက်ပြစေပြီး ဖုန်းပိတ်ထားရန် သို့မဟုတ် "အသံပိတ် (Vibrate Mode)" ထားရန် ပြောပါ။ ဖုန်းထားရန်နေရာ (ပုန်းငယ်တစ်လုံး) ဟုရေးထားသောအရာကို ကိုင်မြှောက်၍ သင်တန်းချိန်တွင် သင်တန်းသားအားလုံးသည် ဖုန်းများကို "ပါကင်"ထဲတွင် "ပါကင်ထိုး"ထားရန် သင်တန်းပို့ချသူက စည်းကမ်းသတ်မှတ် ကြောင်း ရှင်းပြပါ။ အခန်းတွင်းလှည့်လည်၍ ဖုန်းအားလုံးကို သိမ်းဆည်းပါ။ နားနေချိန်နှင့်နေ့လယ်ထမင်းစားနားချိန်များ တွင် ဖုန်းကို အသုံးပြုနိုင်သော်လည်း ပြီးစီးပါက "ပါကင်"ထဲသို့ ပြန်ထားရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အမူအကျင့်ပြောင်းလဲရာတွင် အဆုံးအဖြတ်ပေးနိုင်သောအရာတစ်ခုဖြစ်သည့် မူဂါဒ၏စွမ်းအားအကြောင်း ဆွေးနွေးပါ။ ၎င်းတို့ကိုယ်တိုင် သင်တန်းပြန်ပေးချိန်တွင်လည်း "ဖုန်းပါကင်ထိုးရန်နေရာ" နည်းကို အသုံးပြုရန် တိုက်တွန်းပါ။

**အဆင့်များ**

1. သင်တန်းသို့ ကြိုဆိုနှုတ်ဆက်ခြင်းနှင့်မိတ်ဆက်စကားပြောကြားခြင်း

   1a. စီမံကိန်းတစ်ခု၏အောင်မြင်မှုသည် လူထု၏အမူအကျင့်ပြောင်းလဲမှု သို့မဟုတ် အလေ့အထသစ်များ စတင်ကျင့်သုံးခြင်း (အဖွဲ့အစည်းမှ ဝန်ဆောင်မှုပေးခြင်းဖြစ်ပါက) အပေါ် မူတည်သဖြင့် ထိရောက်သော အမူအကျင့်ပြောင်းလဲရေးမဟာဗျူဟာများရေးဆွဲနည်းကို ကျွန်ုပ်တို့အနေဖြင့် လေ့လာရန်လိုအပ်ပါသည်။ ထိရောက်သော အမူအကျင့်ပြောင်းလဲရေးမဟာဗျူဟာများရေးဆွဲရာတွင် အမူအကျင့်သစ်များကို လူထုက စတင်ကျင့်သုံးခြင်းမပြုစေရန် အတားအဆီးပြုနေသောအရာများကို သိရှိရန်လိုအပ်ပါသည်။ ယင်းသို့သိနိုင်မည့် နည်းလမ်းတစ်ခုမှာ အမူအကျင့်ပြောင်းလဲရမည့်သူများအား Formative Research ပြုလုပ်ရန်ဖြစ်ပါသည်။

   သင်တန်း၏ရည်ရွယ်ချက်

   **ဤသင်တန်း၏ရည်ရွယ်ချက်သည် အတားအဆီးများရှာဖွေဖော်ထုတ်ရန်လေ့လာမှုတစ်ခုကို ဒီဇိုင်းရေးဆွဲ၍ စီစဉ်ပြုလုပ်နည်း၊ အချက်အလက်များခွဲခြမ်းစိတ်ဖြာနည်း၊ ထိရောက်သောအမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာ တစ်ရပ်ရေးဆွဲရာတွင် အချက်အလက်များကိုအသုံးပြုနည်း သို့မဟုတ် ရှိရင်းစွဲမဟာဗျူဟာကို ပြန်လည်ပြုပြင်နည်းတို့ကို လေ့လာသင်ယူရန်ဖြစ်ပါသည်။**

2. သင်တန်းသားများထံမှ အခြေပြုမျဉ်းအတွက် အချက်အလက်များရယူခြင်း

   2a. သင်တန်းပြီးဆုံးချိန်တွင် သင်တန်း၏ထိရောက်မှုကိုတိုင်းတာနိုင်ရန် အခြေပြုမျဉ်းအတွက် အချက်အလက်များကို သင်တန်းမစတင်မီ ရယူထားလိုကြောင်း ရှင်းပြပါ။

   2b. သင်တန်းအကြိုစစ်ဆေးချက်ကိုဝေပေးပါ။ "အကြို"ဟူသောစကားလုံးကို စက်ဝိုင်းဝိုင်းရန်နှင့် အမည် သို့မဟုတ် အမည်အတိုကောက် သို့မဟုတ် သင်္ကေတတစ်ခုခုကို စစ်ဆေးချက်စာရွက်ပေါ်တွင်ရေးသားရန် သင်တန်းသားများအားပြောပါ။ သင်တန်းနောက်ဆုံးနေ့တွင် ယင်းစာရွက်ကို သင်တန်းသားများထံပြန်လည် ပေးအပ်မည်ဖြစ်သည်။ သင်တန်းသားများအား မေးခွန်းများဖတ်စေပြီး ပေးထားသောအဖြေများထဲမှ အကောင်းဆုံးအဖြေတစ်ခုကို ရွေးချယ်ရန်ပြောပါ။ အကောင်းဆုံးအဖြေနှင့်ကပ်လျှက်တွင် အက္ခရာကိုစက်ဝိုင်း ဝိုင်းရန်ပြောပါ။ အကြိုစစ်ဆေးချက်အတွက် ဖြေဆိုချိန် ၁၅-၂၀ မိနစ်ပေး၍ အဖြေလွှာများကို ပြန်လည်သိမ်းယူပါ (အဖြေလွှာတိုင်းတွင် အမည်ပါမပါစစ်ဆေးပါ)။

3. သင်တန်းသားများအား မိတ်ဆက်ခြင်း

   3a. **သင်ခန်းစာ ၁ ကားချပ်စာရွက် ၁ - "တစ်ဦးနှင့်တစ်ဦးမိတ်ဆက်" မေးခွန်းများ**[၄] ကိုပြသပါ။

   3b. ယခင်ကမသိကျွမ်းသေးသူနှင့် မိမိကိုယ်ကိုမိတ်ဆက်နိုင်ရန် သင်တန်းသားများအား နှစ်ယောက်တစ်တွဲ ခွဲပေးရာတွင် ဆန်းသစ်သောနည်းလမ်းအသုံးပြုပါ။

[၄] မေးခွန်းများတွင် အမည်၊ ခေါင်းစဉ်၊ အဖွဲ့အစည်း၊ အမူအကျင့်ပြောင်းလဲမှုအတွက် အကြီးမားဆုံးစိမ်ခေါ်မှုများ၊ ပြောင်းလဲရန် အခက်ခဲဆုံးအမူအကျင့်၊ အနှစ်သက်ဆုံးအရောင်၊ မွေးဖွားသည့်လနှင့်အခြားကိုယ်ရေး သို့မဟုတ် အလုပ်အကိုင်နှင့်ဆိုင်သောအချက်အလက်များပါဝင်နိုင်ပါသည်။

3c.  မိမိ၏တွဲဖက်ကို အင်တာဗျူး၍ ပေးထားသောမှတ်တမ်းကဒ်ပြားများပေါ်တွင် အဖြေများရေးသားရန် သင်တန်းသားများကိုပြောပါ။

3d.  အင်တာဗျူးပြုလုပ်ပြီးချိန်တွင် မှတ်တမ်းကဒ်ပြားများပေါ်ရှိ အဖြေများကိုအသံကျယ်ကျယ်ဖြင့်ဖတ်ပြ၍ မိမိ၏တွဲဖက်ကို ကျန်သင်တန်းသားများနှင့် မိတ်ဆက်ပေးရန် အတွဲလိုက်ဖိတ်ခေါ်ပါ။[၅]

မှတ်ချက် - ယင်းသို့မိတ်ဆက်ပေးချိန်သည် သင်တန်းအတွက်လိုအပ်မည်ဟုယူဆရသော အခြားအချက်အလက်များကို သင်တန်းသားများထံမှရယူရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည် - ဥပမာ ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများဖြင့် ပြောင်းလဲရန်ကြိုးစားနေသော အမူအကျင့်များ သို့မဟုတ် ၎င်းတို့ ကောင်းစွာသိရှိသောတိုင်းပြည်များ။ သိရှိလိုသော အချက်အလက်များအတွက် မေးခွန်းများကို ကားချပ်စာရွက် ၁ တွင် ပေါင်းထည့်ပါ။

4. မျှော်မှန်းထားသောအရာများ (အဆင်ပြေပါက အသုံးပြုရန်)

4a. သင်တန်းသားတိုင်းကို Post-it ၁-၂ ခု ဝေပေးပါ။

4b. **ကျွန်ုပ်တို့မျှော်မှန်းထားသောအရာများ** ဟုခေါင်းစဉ်တပ်ထားသည့် ကားချပ်စာရွက်လွတ်တစ်ခုကိုပြပါ။

4c. သင်တန်းတွင် သင်ယူရရှိလိုသောအရာတစ်ခုလျှင် Post-it တစ်ခုဖြင့် ရေး၍ ကားချပ်စာရွက်ပေါ်တွင် ကပ်ရန် သင်တန်းသားများအားပြောပါ။

4d. မျှော်မှန်းထားသောအရာများကို အုပ်စုများခွဲခြားပြီးနောက် နောက်ဆုံးသင်တန်းချိန်တွင် ပြန်လည်ကိုးကားရန် ကားချပ်စာရွက်ဖြင့် နံရံပေါ်တွင်ကပ်ပါ။

5. သင်တန်းရည်မှန်းချက်နှင့်အစီအစဉ်

5a. **သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၁ - သင်တန်းရည်မှန်းချက်** ကိုကြည့်ရန် သင်တန်းသားများအားပြော၍ ၎င်းတို့နှင့် အတူ ပြန်လည်ဖတ်ရှုပါ။ မျှော်မှန်းချက်များတွင် သင်တန်းမှဖြည့်ဆည်းပေးရန်ဖြစ်နိုင်ခြေမရှိသောအရာများ ပါဝင်နေပါက ထောက်ပြပါ။

5b. **သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၂ - သင်တန်းအစီအစဉ်** ကိုကြည့်ရန် သင်တန်းသားများအားပြော၍ ၎င်းတို့နှင့်အတူ ပြန်လည်ဖတ်ရှုပါ။ ထောက်ပို့ဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပါ (သင်တန်းစချိန်နှင့်ပြီးဆုံးချိန်၊ ခေတ္တနားချိန်၊ သန့်စင်ခန်းတည်နေရာ၊ ကွင်းဆင်းစစ်တမ်းကောက်ယူမည့်အစီအစဉ်၊ အစားအသောက် စသည်ဖြင့်)။

[၅] သင်တန်းသားများ၏စီမံကိန်းများတွင် အားပေးမြှင့်တင်မှုပြုလုပ်နေသော အမူအကျင့်တစ်ခုကိုပြောပြစေခြင်းလည်း ပြုလုပ်နိုင်သည်။ ယင်းသို့ပြောပြစေပါက ပြောပြသည့်အမူအကျင့်များကို စာရင်းပြုစု၍ သင်ခန်းစာ ၄ အမူအကျင့် ဖော်ပြချက်များရေးသားခြင်း - တွင် ပြန်လည်အသုံးပြုနိုင်သည်။

6. စည်းမျဉ်းစည်းကမ်းနှင့်လုပ်ထုံးလုပ်နည်းများ

6a. သင်တန်းတွင် အကောင်းဆုံးသင်ယူနိုင်စေရန် သင်တန်းသားအားလုံးလိုက်နာသင့်သည့် အမူအကျင့်များကို ပြောရန် သင်တန်းသားများအားပြောပါ။

6b. **စည်းမျဉ်းစည်းကမ်းများ** ဟုခေါင်းစဉ်တပ်ထားသည့် ကားချပ်စာရွက်ပေါ်တွင် ယင်းတို့ကို မှတ်သားပါ။

7. သင်တန်းပို့ချသူ၏အခန်းကဏ္ဍ

7a. လုပ်ဖော်ကိုင်ဖက်များအတွက် ဆင့်ပွားသင်တန်းပြန်လည်ပေးလိုသူများစွာရှိနိုင်ကြောင်း ပြောပါ။

7b. ဆင့်ပွားသင်တန်းပြုလုပ်လိုသူများအနေဖြင့် လက်ထောင်ပြရန် ပြောပါ။

7c. သင်တန်းတွင် သင်တန်းသားများ စံနမူနာယူနိုင်စေရန် အပြန်အလှန်ဆွေးနွေးပြောဆိုပို့ချနည်းစနစ် (Dialogue Education) ကို သင်တန်းပို့ချသူက အသုံးပြုသွားမည်ဖြစ်ပြီး ပို့ချပုံနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များကိုလည်း မကြာခဏ ပြောပြသွားမည်ဖြစ်ပါသည်။

**မှတ်ချက်** - ချက်ခြင်းမဖြေကြားနိုင်သေးသောမေးခွန်းများမှတ်သားရန် ပါကင်နေရာ (Parking Lot) ဟု ခေါင်းစဉ်တပ်ထားသော ကားချပ်စာရွက်တစ်ခုထားရှိပါ။

## အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းသင်တန်းအကြိုနှင့်အပြီးစစ်ဆေးချက်[၆]

အမည် - ______________________________

အမှန်ဆုံးအဖြေတစ်ခုကို ဝိုင်းပါ။

၁။ အောက်ပါတို့အနက်မှ မည်သည့်အရာအတွက် ဆုံးဖြတ်ချက်များချရန် Formative Research ကို DBC Framework တွင် အသုံးပြုသနည်း။

က။ လုပ်ငန်းများရွေးချယ်ခြင်း

ခ။ ဦးတည်အုပ်စုရွေးချယ်ခြင်း

ဂ။ အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ (Determinants)

၂။ အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis) ပြုလုပ်ရာတွင် မည်သည့် Determinants ၄ ခုကို အစဉ်အမြဲ လေ့လာမှုပြုသင့်သနည်း။

က။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ၊ ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများနှင့်လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ

ခ။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ၊ လက်လှမ်းမီမှု

ဂ။ ယဉ်ကျေးမှု၊ ဗဟုသုတ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ဆိုးကျိုးဟုထင်မြင်ယူဆသော အရာများ

၃။ Barrier Analysis တစ်ခုတွင် Determinants မည်မျှကို လေ့လာမှုပြုလုပ်သနည်း။

က။ ၄ ခု

ခ။ ၄ ခုနှင့် အခြား ၈ ခု

ဂ။ ၁၂ ခုအထိ

[၆] သင်တန်းပြီးစစ်ဆေးချက်ပြုလုပ်ရာတွင် မေးခွန်းများကို နေရာရွှေ့ထားနိုင်ပါသည်။

၄။ Barrier Analysis စစ်တမ်းမေးခွန်းလွှာတွင် ကနဦးအဆင့်မေးခွန်းများ၏ရည်ရွယ်ချက်ကို ဖော်ပြပါ။

 က။ ကျင့်သုံးသူနှင့်မကျင့်သုံးသူကို ခွဲခြားရန်

ခ။ ကျင့်သုံးသူမည်မျှရှိသည်ကို သိနိုင်ရန်

ဂ။ အမူအကျင့်ကို ကျင့်သုံးသူဦးရေမည်မျှရှိသည်ကို သိနိုင်ရန်

၅။ အမူအကျင့်အဓိပ္ပာယ်သတ်မှတ်ချက်ကိုဖြေလျှော့ခြင်းဆိုသည်မှာ အဘယ်နည်း။

က။ အမူအကျင့်အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အသေးစိတ်အချက်အလက်အနည်းငယ်သာ ပါဝင်သည်။

ခ။ စစ်တမ်းအတွက် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူဦးရေလုံလောက်စွာရရှိရန် အမူအကျင့်၏အဓိပ္ပာယ်တွင် ပြောင်းလဲမှုပြုလုပ်ခြင်း

ဂ။ အချို့အမူအကျင့်များက ကိုယ်ရေးကိုယ်တာဆန်လွန်းသဖြင့် အစားထိုးအမူအကျင့်တစ်ခုကို အသုံးပြုခြင်း

၆။ Barrier Analysis လေ့လာမှုတစ်ခုအတွက် ဖြေဆိုသူများအား အင်တာဗျူးရာတွင် သတိမမေ့သင့်သော အရေးအကြီးဆုံးအရာများအနက်တစ်ခုမှာ -

က။ အဆုံးဖွင့်မေးခွန်းများ၏နောက်ဆက်တွဲအဖြစ် ဆက်လက်စူးစမ်းသည့်မေးခွန်းများ အကြိမ်ကြိမ်မေးမြန်းရန်

ခ။ ဖြေဆိုသူအား ၎င်းသည် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူဖြစ်ကြောင်း ပြောပြရန်

ဂ။ ဖြေဆိုသူက မေးခွန်းကို ဖြေကြားချိန်တွင် အပြုသဘောမှတ်ချက်ပေးရန်

၇။ ကျင့်သုံးသူ/မကျင့်သုံးသူ (Doer/Non-Doer Study) သို့မဟုတ် Barrier Analysis ပြုလုပ်ရန် ကွင်းဆင်းမှုအတွက် စီစဉ်ရာတွင် အောက်ပါတို့အနက် မည်သည့်အချက်ကို ထည့်သွင်းစဉ်းစားရန် **မလိုအပ်**သနည်း -

က။ မော်တော်ယာဉ်စီးရေ မည်မျှလိုအပ်သနည်း။

ခ။ ရပ်ရွာများက မည်မျှဝေးသနည်း။

ဂ။ ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေ စုစုပေါင်းမည်မျှကို အင်တာဗျူးရန် လိုအပ်သနည်း။

၈။ အချက်အလက်များကို ကုဒ်သတ်မှတ်ခြင်းဆိုသည်မှာ အဘယ်နည်း။

က။ ဖြေဆိုသူ၏ဆိုလိုရင်းကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ခ။ အဖြေအမျိုးမျိုးထဲမှ ဘုံအဓိပ္ပာယ်တူသည့် စကားလုံးများကိုရွေးချယ်ခြင်း

ဂ။ ဖြေဆိုသူအများစုပြောသည့် အသုံးအနှုန်းကိုရွေးချယ်ခြင်း

၉။ အရေးပါသည်ဟုဆိုနိုင်ရန် ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား ကွာခြားမှုပမာဏသည် အောက်ပါတို့နှင့်တူညီသည် သို့မဟုတ် ကျော်လွန်သည် -

က။ ၅၀ ရာခိုင်နှုန်း

ခ။ ၂၅ ရာခိုင်နှုန်း

ဂ။ ၁၅ ရာခိုင်နှုန်း

၁၀။ Barrier Analysis တစ်ခု၏နောက်ဆုံးအဆင့်သည် -

က။ DBC Framework ကိုအပြီးသတ်ရေးဆွဲခြင်း

ခ။ အကောင်အထည်ဖော်ဆောင်မည့်အစီအစဉ်ရေးဆွဲခြင်း

ဂ။ သိမှတ်ဖွယ်ရာများရေးသားပြုစုရန် အချက်အလက်များအသုံးပြုခြင်း

## သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၁ - သင်တန်းရည်မှန်းချက်များ

ဤသင်တန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

a. DBC Framework ကိုပြန်လည်လေ့လာခြင်း
b. Barrier Analysis စစ်တမ်း၏ကဏ္ဍအမျိုးမျိုးအကြောင်း ဖတ်ရှုလေ့လာခြင်း
c. အမူအကျင့်အဓိပ္ပာယ်ဖွင့်ဆိုချက် "ဖြေလျှော့"နည်းလေ့ကျင့်ခန်းများပြုလုပ်ခြင်း
d. Barrier Analysis မေးခွန်းများရေးသားခြင်း
e. ကွင်းဆင်းရာတွင် လိုအပ်မည့်အရာများကို စာရင်းပြုစုခြင်း
f. Barrier Analysis မေးခွန်းလွှာဖြင့် အင်တာဗျူးပြုလုပ်ခြင်း
g. သုသေသနအဖြေများကို ကုဒ်သတ်မှတ်ခြင်း၊ အဖြေများရေတွက်ခြင်း၊ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်း
h. လုပ်ငန်းရည်ရွယ်ချက် (Bridges to Activities) ရေးသားနည်း လေ့ကျင့်ခန်းများပြုလုပ်ခြင်း
i. အမူအကျင့်ပြောင်းလဲရေးလုပ်ငန်းများ (Activities) ကို Determinants များနှင့်ချိတ်ဆက်ခြင်း
j. Formative Research ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောပြခြင်း

## သင်ခန်းစာ ၁ လက်ကမ်းစာရွက် ၂ - သင်တန်းအစီအစဉ်[7]

| သင်ခန်းစာ အမှတ်စဉ် | သင်ခန်းစာခေါင်းစဉ် | ကြာမြင့်ချိန်[8] |
|---|---|---|
| **ပထမနေ့** | | |
| ၁ | အဖွင့်သင်ခန်းစာ | ၁.၅ နာရီ |
| ၂ | DBC Framework နိဒါန်း | ၁ နာရီ |
| ၃ | "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း | ၄၅ မိနစ် |
| ၄ | အမူအကျင့်ပြောင်းလဲခြင်းအပေါ် အဆုံးအဖြတ်အပေးနိုင်ဆုံးအရာများအကြောင်း နိဒါန်း | ၂ နာရီ |
| **ဒုတိယနေ့** | | |
| ၅ | အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းနိဒါန်း | ၂ နာရီ |
| ၆ | စစ်တမ်းမေးခွန်းလွှာနိဒါန်း | ၂ နာရီ |
| | အားသစ်လောင်းအစီအစဉ် (နေ့လယ်စာ စားပြီးနောက်) | |
| ၇ | အဆင့် ၁ - Formative Research အတွက် အမူအကျင့်အဓိပ္ပာယ်သတ်မှတ်ခြင်း | ၁.၅ နာရီ |
| ၈ | အဆင့် ၂ - အမူအကျင့်ဆိုင်ရာ ကနဦးအဆင့်မေးခွန်းများရေးသားခြင်း | ၂ နာရီ |
| **တတိယနေ့**[9] | | |
| ၉ | အဆင့် ၃ - သုတေသနအတွက် မေးခွန်းများရေးသားခြင်း | ၂ နာရီ |
| ၁၀ | ကျင့်သုံးသူ/မကျင့်သုံးသူအား အင်တာဗျူးပြုလုပ်နည်းကိုလေ့လာခြင်း | ၃ နာရီ |
| | အားသစ်လောင်းအစီအစဉ် (နေ့လယ်စာ စားပြီးနောက်) | |
| ၁၁ | အဆင့် ၄ - ကွင်းဆင်းလေ့လာမှုစီစဉ်ပြုလုပ်ခြင်း | ၁ နာရီ |
| **စတုတ္ထနေ့** | | |
| | အဆင့် ၅ - စစ်တမ်းတစ်ခုလက်တွေ့ပြုလုပ်ခြင်း | ၁.၅ - ၅[10] |
| ၁၂ | အဆင့် ၆ - ရရှိလာသောအချက်အလက်များကိုကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း (Coding, Tabulating, Analysing and Interpreting the results) | ၂.၅ နာရီ |
| | အားသစ်လောင်းအစီအစဉ် (နေ့လယ်စာ စားပြီးနောက်) | |
| ၁၃ | အဆင့် ၇ - ဆုံးဖြတ်ချက်များချရန် အချက်အလက်များအသုံးပြုခြင်း | ၂ နာရီ |
| ၁၄ | အပိတ်သင်ခန်းစာ | ၁ နာရီ |

[၇] သင်တန်းသားများအတွက် နားလည်ရခက်ခဲဖြစ်နေသည့်အကြောင်းအရာများကို ပြန်လည်လေ့လာခြင်းဖြင့် နေ့စဉ် အစပြုပါ။ အားသစ်လောင်းအစီအစဉ်အတွက် စိတ်ကူးများကို **နောက်ဆက်တွဲ ၁၅ ပြန်လည်လေ့လာရန်နည်းလမ်းများနှင့် မေးခွန်းများ** ကိုကြည့်ပါ။ တစ်နေ့တာအတွက် ပြန်လည်သုံးသပ်ခြင်းကို အချိန် ၅ မိနစ်ပေး၍ နေ့စဉ်ပြုလုပ်ပါ။ နမူနာအဖြစ် **နောက်ဆက်တွဲ ၁၇ - တစ်နေ့တာအတွက် ဆန်းစစ်အကဲဖြတ်ချက်** (ကားချပ်စာရွက်) ကိုကြည့်ပါ။

[၈] အကယ်၍ သင်တန်းသားများသည် DBC သင်တန်းကို တက်ရောက်ဖူးပါက အချို့သင်ခန်းစာများသည် ပြန်လည် လေ့လာရန်အတွက်မျှသာဖြစ်နေမည်ဖြစ်သဖြင့် စီစဉ်ထားသည့်အတိုင်း ကြာမြင့်မည်မဟုတ်ပါ။

[၉] ညနေခင်းတွင် စစ်တမ်းများကို လိုအပ်ပါက ဘာသာပြန်ဆိုခြင်း၊ မိတ္တူကူးခြင်းတို့ပြုလုပ်နိုင်သည့်အပြင် ထောက်ပို့ဆိုင်ရာ အခြားကိစ္စရပ်များရှိပါက ဖြေရှင်းနိုင်ပါသည်။

[၁၀] ပထမအကြိမ်ထုတ်လက်စွဲတွင် Barrier Analysis အစအဆုံးကို သင်တန်း၌ပြုလုပ်နိုင်ရန် ထည့်သွင်းထားပါသည်။ သို့သော်လည်း လက်တွေ့တွင်မူ ယင်းသို့ပြုလုပ်လေ့မရှိကြပါ။ အဖွဲ့အစည်းအများစုသည် သင်တန်းတွင်မဟုတ်ဘဲ သင်တန်းပြီးဆုံးပြီးမှသာ ၎င်းတို့၏ BA ကို ပြုလုပ်လေ့ရှိသည်။ အကယ်၍ BA အစအဆုံးကို သင်တန်းတွင်ပြုလုပ်ပါက ၅ ရက် အထိကြာမြင့်မည်ဖြစ်သည်။

## သင်ခန်းစာ ၂ - အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းမူဘောင် (DBC Framework) ကို အကြမ်းဖျဉ်းရှင်းလင်းချက်

**ရလဒ်အခြေပြုရည်မှန်းချက်များ**

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- DBC Framework ၏ အစိတ်အပိုင်းအမျိုးမျိုးကိုခွဲခြားသိရှိခြင်း
- အမူအကျင့်ပြောင်းလဲရန်မဟာဗျူဟာရေးဆွဲရာတွင် ဆောင်ရွက်ရမည့်အဆင့်များကိုရှင်းပြခြင်း
- အဓိကကျသောဆုံးဖြတ်ချက်များချရာတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့်အရာများကို ပြန်လည်လေ့လာခြင်း
- ဖြည့်စွက်ပြီး DBC Framework တစ်ခုကို လေ့လာခြင်း

**အချိန်**

၁ နာရီ

**လိုအပ်သောအရာများ**

- DBC Framework နံရံကပ်စာရွက်
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွတ်
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework နမူနာများ
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၄ - အစီအစဉ်ရေးဆွဲနည်းလမ်းညွှန် -- အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲပုံ အဆင့်ဆင့်
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၅ - DBC Framework ၏ အခြေခံ သဘောတရား ၅ ချက်

### အဆင့်များ

1. နိဒါန်း - အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတစ်ခု၏အစိတ်အပိုင်းများ

1a. သင်တန်းသားများအား မေးရန် - ယခုလက်ရှိ သင်ဆောင်ရွက်နေသောစီမံကိန်း၏ အမူအကျင့်ပြောင်းလဲမှု မဟာဗျူဟာရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သော အဓိကအချက်များအနက် အချို့ကိုဖော်ပြပါ။

1b. သင်တန်းသားများ၏အဖြေတွင် ဆုံးဖြတ်ချက် ၅ ချက် - အမူအကျင့် (Behavior)၊ ဦးတည်အုပ်စု (Priority Group)၊ အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ (Determinant)၊ လုပ်ငန်းရည်ရွယ်ချက် (Bridges to Activites) နှင့် လုပ်ငန်းများ (Activities) - နှင့်ဆက်စပ်သည့် အရာတစ်စုံတစ်ခုပါဝင်လာသည်နှင့် ကားချပ်စာရွက်ပေါ်တွင် ချရေးပါ။ DBC Framework တွင် ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ ဆီလျော်မှုရှိသောအဖြေအားလုံးကို ချရေးပါ။ ပိုမိုအသေးစိတ်သော Framework တစ်ခုကို ဖန်တီးပေးသည့်အတွက် ချီးကျူးကြောင်း သင်တန်းသားများအားပြောပါ။

2. DBC Framework

2a. အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတစ်ရပ်ကိုရေးဆွဲ/ပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားရန်လိုအပ်သော အရာအမျိုးမျိုးကို စဉ်းစားသုံးသပ်ရန် နည်းလမ်းတစ်ခုဖန်တီးထားကြောင်း ပြော၍ DBC Framework နှင့် မိတ်ဆက်ပေးပါ။ ယင်းနည်းလမ်းသည် အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းမူဘောင် (DBC Framework) ပင် ဖြစ်ပါသည်။

2b. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွတ်** ဖြင့် မူဘောင်ကို နံရံကပ်စာရွက်ကြီးပေါ်တွင် ပြသပါ။ အဆင့် ၁ မှ သင်တန်းသားများ၏ဆီလျော်မှုရှိသောအဖြေများကို ရည်ညွှန်း၍ မူဘောင်၏အစိတ်အပိုင်း အသီးသီးကို ထောက်ပြပါ။ သင်တန်းသားများအား ၎င်းတို့၏ **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွတ်** နှင့် **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ** တွင် ကြည့်ရန်ပြောပါ။

ပြဿနာဖော်ပြချက်ကို DBC Framework တွင် ဖော်ပြထားခြင်းမရှိသော်လည်း အမူအကျင့် ကော်လံ (၏ဘယ်ဘက်) ရှေ့မှ ရှိသည်ဟု ယူဆနိုင်ကြောင်း ရှင်းပြပါ။ ယင်းသို့ရှိရခြင်းမှာ အားပေးမြှင့်တင်ပေးနေသော အမူအကျင့်များသည် ပြဿနာရပ်ကို လျော့ပါးစေရာတွင် တိုက်ရိုက် အထောက်အကူပြုရန်လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဥပမာ အစားအစာ ဖူလုံရေးစီမံချက်များတွင် ပြဿနာသည် မွေးကင်းစ/ကလေးသေဆုံးမှုနှင့်အာဟာရချို့တဲ့မှုမြင့်မားနေခြင်းကြောင့် ဖြစ်သည်ကို မကြာခဏတွေ့ရလေ့ရှိသည်။ (သင်တန်းသားများသတိပြုမိစေရန် "ပြဿနာ"ဟု ခေါင်းစဉ်တပ်ထားသော စာရွက်တစ်ရွက်ကို အမူအကျင့် ကော်လံ၏ဘယ်ဘက်တွင်ထားနိုင်ပါသည်)

2c. ဆုံးဖြတ်ချက် ၅ ခုအကြောင်းကို ယင်းတို့အကြား တစ်ခုနှင့်တစ်ခုဆက်စပ်နေပုံနှင့်အတူ တစ်ခုစီ အကျဉ်းချုံးရှင်းပြပါ။

- အမူအကျင့်/အမူအကျင့်ဖော်ပြချက် - DBC Framework တွင် အမူအကျင့်ဆိုသည်မှာ ဦးတည်အုပ်စုဝင်များက ၎င်းတို့ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် ကျင့်ကြံဆောင်ရွက်ရမည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။ အမူအကျင့်သတ်မှတ်ရာတွင် စီမံချက်က ဖြေရှင်းရန်ကြိုးပမ်းနေသည့် 'အဓိကပြဿနာ' ကို ဦးစွာ ခွဲခြားသတ်မှတ်ခြင်းက အထောက်အကူပြုပါသည်။ ကျန်းမာရေးစီမံချက်များတွင် 'အဓိကပြဿနာ' သည် မွေးကင်းစ/ကလေးသေဆုံးမှုဟုလည်းကောင်း၊ ရံဖန်ရံခါ အာဟာရချို့တဲ့မှုဟုလည်းကောင်း ထုံးစံအားဖြင့် သတ်မှတ်လေ့ရှိကြသည်။ စိုက်ပျိုးရေးစီမံချက်များတွင် 'အဓိကပြဿနာ' သည် အစားအစာဖူလုံမှုမရှိခြင်းဟု သတ်မှတ်ကြသည်ကို မကြာခဏတွေ့ရလေ့ရှိပါသည်။

  ရံဖန်ရံခါတွင် အမူအကျင့်ကို "ကျင့်ကြံမှု" တစ်ခုအဖြစ် ရည်ညွှန်းပြောဆိုလေ့ရှိကြပါသည်။ အထူးသဖြင့် သူနာပြု သို့မဟုတ် ဆရာဝန် ကဲ့သို့သော ဝန်ဆောင်မှုပေးသူက ယင်းအလေ့အထကို လုပ်ဆောင်ရသော အခါများတွင် ယင်းသို့ရည်ညွှန်းလေ့ရှိပါသည်။ စိုက်ပျိုးရေးတွင်မူ အမူအကျင့်ကို "နည်းစနစ်" ဟု ရံဖန်ရံခါတွင် ရည်ညွှန်းလေ့ရှိသည်။ အမူအကျင့် သို့မဟုတ် အလေ့အထများကို လုပ်ဆောင်ဖန်များလာသောအခါ "အလေ့အထ" ဖြစ်လာပါသည်။ အမူအကျင့်သည် နားလည်သိရှိမှု မဟုတ်သကဲ့သို့ သဘောထား သို့မဟုတ် ယုံကြည်မှုလည်း မဟုတ်ပါ။

Formative Research အတွက်မှ အမူအကျင့်ကို **အမူအကျင့်ဖော်ပြချက်**ဖြင့် သတ်မှတ်ရန် လိုအပ်ပါသည်။ အမူအကျင့်ဖော်ပြချက်ကို အပဟုတ်ဂါကျဖြင့်ရေးသားရသည်။ ယင်းတွင် အစိတ်အပိုင်း ၃ ပိုင်းပါဝင်သည် - ၁) ဦးတည်အုပ်စု၊ ၂) ပစ္စုပ္ပန်ကာလကြိယာ နှင့် ၃) အမူအကျင့်ကို ဘယ်လို/ဘယ်အချိန်/ဘယ်နေရာ/ဘယ်လောက်ကြာလျှင် တစ်ကြိမ်/ ဘယ်လောက် ကြာကြာ ပြုကျင့်သင့်သည်ကို ဖော်ပြထားသည့် အသေးစိတ်အချက်များ ပါဝင်သည်။ ဖော်ပြချက်သည် တိကျမှု၊ တိုင်းတာနိုင်မှုနှင့်စောင့်ကြည့်သိမြင်နိုင်မှုတို့နှင့် ပြည့်စုံရမည်ဖြစ်သည်။ DBC Framework သည် တစ်ကြိမ်လျှင် အမူအကျင့်တစ်ခုအတွက်သာ ဖြေရှင်းမှုပေးနိုင်ပါသည်။ အကယ်၍ စီမံချက်တစ်ခုတွင် အမူအကျင့်အများအပြားကို မြှင့်တင်နေရပါက DBC Framework အများအပြား သို့မဟုတ် လေ့လာလိုသော အမူအကျင့်တိုင်းအတွက် တစ်ခုစီ လိုအပ်မည်ဖြစ်သည်။

- **ဦးတည်အုပ်စု (Priority Group) -** ဦးတည်အုပ်စုဆိုသည်မှာ အမူအကျင့်ကိုကျင့်သုံးရန် တိုက်တွန်းချင်းခံနေရသည့်အုပ်စု သို့မဟုတ် အမူအကျင့်သစ်ကို တစ်စုံတစ်ဦး (ဥပမာ ကလေး) က ကျင့်ကြံစေရန် လုပ်ဆောင်ရသူများ ဖြစ်သည်။ ဦးတည်အုပ်စုကို ဦးတည်ရပ်ရွာလူထုထဲတွင် အများအားဖြင့် တွေ့ရလေ့ရှိသော်လည်း (ဥပမာ - ၅ နှစ်အောက် ကလေးမိခင်များ) သည် အများအားဖြင့် ကျွန်ုပ်တို့၏စီမံချက်ရပ်ရွာများမှ ဖြစ်လေ့ရှိသော်လည်း ဝန်ဆောင်မှုပေးနေသူများ - ဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်းများ - (ဥပမာ Extension Agents၊ Health Promoters) အကြား အမူအကျင့်များကိုမြှင့်တင်ရာတွင်လည်း DBC Framework ကိုအသုံးပြုနိုင်သည်။ ဦးတည်အုပ်စုကို နည်းလမ်း ၇ မျိုးဖြင့် အဓိပ္ပာယ်သတ်မှတ်လေ့ရှိပြီး အမူအကျင့်ကိုကျင့်သုံးမည့် အနေအထားကို ရှင်းလင်းစွာဖော်ပြပါရှိသည်။ ယင်းနည်းလမ်း ၇ မျိုးမှာ လူမှုအခြေအနေ (Demographics)၊ နေ့စဉ်အလေ့အထများ (Daily routine)၊ ကြီးမားသောဆန္ဒ (Big desires)၊ လက်ရှိ လုပ်ထုံးလုပ်နည်းများ၊ သဘောထားအမြင်များ (Attitudes)၊ [အမူအကျင့်နှင့်ပတ်သက်သော] ဗဟုသုတ (Knowledge)၊ သိနှင့်ပြီး အတားအဆီးများ၊ ပြောင်းလဲမှုအဆင့်နှင့် သက်ဆိုင်ရာ အမူအကျင့်နှင့်စပ်လျဉ်းသည့် ကျား/မ အခန်းကဏ္ဍများ ဖြစ်ပါသည်။ ဆီလျော်မှုနှင့်ထိရောက်မှုရှိသော စီမံကိန်းလုပ်ငန်းများစီစဉ်ဆောင်ရွက်နည်းကိုဆုံးဖြတ်ရာတွင် ဤဖော်ပြချက်က အထောက်အကူပြုပါသည်။
- **သြဇာညောင်းသောအုပ်စု (Influencing Group)** - သက်ဆိုင်ရာ အမူအကျင့်နှင့်စပ်လျဉ်း၍ ဦးတည်အုပ်စုအပေါ် (အပေါင်း သို့မဟုတ် အနုတ်သဘောဆောင်သော) သြဇာလွှမ်းမိုးမှုအကြီးမားဆုံးအုပ်စုကို ဆိုလိုပါသည်။ သြဇာညောင်းသောအုပ်စုကို ရှာဖွေဖော်ထုတ်ရာတွင် ဦးတည်အုပ်စုနှင့်ပြုလုပ်သော Formative Research ကို အသုံးပြုပါသည်။ ထုံးစံအားဖြင့် သြဇာညောင်းသည့်အုပ်စုသည် တစ်စုသာရှိလေ့ရှိသည်။ အကယ်၍ စီမံကိန်းတွင် ဦးတည်အုပ်စုမှ ပြောသူများတွင်မပါဝင်သူများအတွက်လည်း အလုပ်တွဲလုပ်လိုပါက ယင်းပုဂ္ဂိုလ်များကို "တတ်သိနားလည်သူများ" ဟုသတ်မှတ်ထားရှိသည်။

**အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ (Determinant)** – (အမူအကျင့်ပြောင်းလဲမှု) ကို **အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများဆိုသည်မှာ သက်ဆိုင်ရာအမူအကျင့်တစ်ခုကို ဦးတည်အုပ်စုက ကျင့်သုံးရသည့်အကြောင်းရင်းနှင့်မကျင့်သုံးရသည့်အကြောင်းရင်းအမျိုးမျိုးတို့ဖြစ်သည်။ အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ** (Determinant) ၁၂ မျိုးရှိသည် - မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ ကောင်းကျိုးဟု ထင်မြင်ယူဆသောအရာများ၊ ဆိုးကျိုးဟုထင်မြင် ယူဆသောအရာများ၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ လက်လှမ်းမီမှု၊ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ၊

ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်၊ အခြေအနေဆိုးဝါးနိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း၊ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ၊ ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း၊ မူဝါဒ နှင့် ယဉ်ကျေးမှု တို့ဖြစ်သည်။ ယင်း Determinants ၁၂ မျိုးကိုသိနားလည်ထားပါက BA စစ်တမ်းမေးခွန်းများပြုစုရာတွင် အထောက်အကူပြုပါသည်။ ဦးတည်အုပ်စုအနေဖြင့် သက်ဆိုင်ရာအမူအကျင့်ကို ကျင့်သုံးမှုမပြုရသည့် အဓိကအကြောင်းရင်းများကိုလည်းကောင်း၊ ယင်းအမူအကျင့်ကို ကျင့်သုံးရန်အထောက်အကူပြုနိုင်သည့် အရာများကို လည်းကောင်း ရှာဖွေဖော်ထုတ်ရာတွင် BA ကဲ့သို့သော Formative Research ကို ဦးတည်အုပ်စုအတွက် ပြုလုပ်လေ့ ရှိသည်။

- **လုပ်ငန်းရည်ရွယ်ချက်များ (Bridges to Activites)** - လုပ်ငန်းရည်ရွယ်ချက်များသတ်မှတ်ရာတွင် Formative Research ပြုလုပ်ချိန်၌ ဦးတည်အုပ်စုဝင်များ၏ ဖြေဆိုချက်များတွင် 'အရေးပါသည်'[၁၁] ဟု တွေ့ရှိရသည့် အချက်များကို အခြေခံပါသည်။ လုပ်ငန်းရည်ရွယ်ချက်များဆိုသည်မှာ စစ်တမ်းမှထွက်ပေါ်လာသော ပြဿနာကိုဖြေရှင်းရာတွင် ပြုလုပ်ရမည့်အပြောင်းအလဲကို ပိုမိုတိကျစွာဖော်ပြထားသည့်ဖော်ပြချက်များဖြစ်သည်။ လုပ်ငန်းရည်ရွယ်ချက်များသည် အများအားဖြင့် လမ်းညွှန်မှုပေးသည့်ကြိယာ (ဥပမာ - ပိုမိုပြုလုပ်ပါ၊ လျှော့ချပါ၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ပါ၊ ပိုမိုခိုင်မာအောင် ပြုလုပ်ပါ) ဖြင့် အစပြုလေ့ရှိပြီး ဦးတည်အုပ်စု၏အမြင်ကို ပြောင်းလဲရန် ရည်ရွယ်ချက်ထားလေ့ရှိသည်။ ရာခိုင်နှုန်းကို အသုံးပြုလေ့မရှိချေ။ လုပ်ငန်းရည်ရွယ်ချက်များသည် ဦးတည်အုပ်စုနှင့်သာသက်ဆိုင်သဖြင့် ယင်းကိုရေးသားရာတွင် ဦးတည်အုပ်စုဟူသော အသုံးအနှုန်းကို ထည့်သွင်းရေးသားရန် မလိုအပ်ချေ။ သက်ဆိုင်ရာအမူအကျင့်အတွက် အရေးပါသည်ဟုတွေ့ရှိရသော Determinant တစ်ခုစီအတွက် အနည်းဆုံး လုပ်ငန်းရည်ရွယ်ချက် (Bridge to Activity) တစ်ခု အမြဲ ရေးသားရမည် (ဥပမာ - "ဝမ်းပျက်ဝမ်းလျှောခြင်းသည် ကလေးကို အာဟာရချို့တဲ့စေနိုင်ဟူသော အမြင်ကို ပိုမိုကြီးမားလာအောင် ပြုလုပ်ပါ။")။
- **လုပ်ငန်းများ -** လုပ်ငန်းဆိုသည်မှာ လုပ်ငန်းရည်ရွယ်ချက်ပြည့်ဝစေရန် စီမံကိန်းဖော်ဆောင်သူများက အများအားဖြင့် ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများအတွက် ကြိုတင်ပြင်ဆင်၊ စီစဉ် နှင့်/သို့မဟုတ် ဆောင်ရွက်သည့်လုပ်ဆောင်မှုများဖြစ်သည်။ လိုလားသောအမူအကျင့်ကို ကျင့်သုံးရာတွင် အတားအဆီးဖြစ်နေသောအရာများကိုဖယ်ရှားပေးရန် သို့မဟုတ် အမူအကျင့်ပြောင်းလဲရာတွင် ပိုမိုချောမွေ့လွယ်ကူစေသောအရာများကို ပိုမိုအားကောင်းစေရန် လုပ်ဆောင်သည့်အရာများသည် လုပ်ငန်းများ (Activities) ဖြစ်သည်။ လုပ်ငန်းများကို ပြုခြင်းပြကြိယာဖြင့် အစပြု၍ ရေးသားသည်။ ဥပမာ "အရည်အသွေး ပြည့်မီသည့်အပြင် ဈေးနှုန်းသင့်သော ကြက်စာများ ထုတ်လုပ်ရောင်းချနိုင်ရန် ကျေးရွာတစ်ရွာလျှင် လုပ်ငန်းရှင်တစ်ဦးအား အသေးစားချေးငွေထုတ်ချေးပေးပါ။" သို့မဟုတ် "သံဇကာရောင်းချသည့် နေရာများ ပိုမိုထူထောင်ပေးပါ။"

[၁၁] အဖြေတစ်ခုတွင် "ကျင့်သုံးသူ" နှင့် "မကျင့်သုံးသူ" ကြားကွာဟချက် ရာခိုင်နှုန်းပမာဏ ၁၅ ရှိပါက ယင်းအဖြေကို "အရေးပါသည်" ဟု မှတ်ယူနိုင်သည်။

2d. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework နမူနာများ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ နမူနာတစ်ခုကိုဖတ်ရန် သင်တန်းသားများအား ပြောပါ။ အဆင့်လိုက် ရှင်းပြပါ။ မေးခွန်းများမေးလာပါက ဖြေကြားပေးပါ။

2e. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၄ - အစီအစဉ်ရေးဆွဲနည်းလမ်းညွှန် -- အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲပုံအဆင့်ဆင့်** ကိုကြည့်ရန် သင်တန်းသားများအား ပြော၍ ၎င်းတို့နှင့်အတူ ပြန်လည်ဖတ်ရှုပါ။ တစ်ဆင့်ချင်းအလိုက် သင်တန်းသားများ၏မေးခွန်းများကို ဖြေကြားပေးပါ။ ယင်းသို့ဖြေကြားရာတွင် Formative Research ပြုလုပ်ပြီးနောက် ဦးတည်အုပ်စုဖော်ပြချက်သို့ ပြန်သွား၍ အခြားအချက်အလက်များဖြည့်စွက်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်းတို့ ပြုလုပ်ရန်လိုအပ်နိုင်ဖွယ်ရှိသည့်နေရာတို့ကို ထည့်သွင်းပြောပြပါ။ ဩဇာညောင်းသည့်အုပ်စုရှိမရှိ နှင့် အုပ်စုတွင် မည်သူတို့ပါဝင်သည်ကို Formative Research ပြုလုပ်ပြီးမှသာ သိနိုင်မည်ဖြစ်ကြောင်း ထောက်ပြပါ။

3. အနှစ်ချုပ်

3a. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၅ - DBC Framework ၏ အခြေခံ သဘောတရား ၅ ချက်** ကိုဆွေးနွေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။ မေးခွန်းများရှိပါက ဖြေကြားပေးပါ။

## သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွှတ်

| အမူအကျင့်[A] | ဦးတည်အုပ်စု (သို့) သြဇာညောင်းသည့်အုပ်စု[A] | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ[C] | လုပ်ငန်းရည်ရွယ်ချက်[D] | လုပ်ငန်းများ[E] |
|---|---|---|---|---|
| ဤအမူအကျင့်ကို အားပေးမြှင့်တင်ရန်... | ...ဤအုပ်စုတွင်... (တစ်ခုကို စက်ဝိုင်းဖြင့်ရွေးပါ)<br><br>ဦးတည်အုပ်စု -<br><br><br><br>သြဇာညောင်းသည့်အုပ်စု - | ...အဆုံးအဖြတ်ပေးနိုင်မှု အရှိဆုံးသော ဤအရာများကို ကျွန်ုပ်တို့က သုတေသနပြုလေ့လာ၍...<br><br><br>*စစ်တမ်းပြုလုပ်ခြင်းဖြင့်သာ ယင်းအရာများကို ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ | ...ဤလုပ်ငန်းရည်ရွယ်ချက်များကို အားပေးမြှင့်တင်သွားမည် ဖြစ်သည် (ဦးစားပေးအားသာချက်များနှင့် ဦးစားပေးအတားအဆီးများ)... | ...ဤလုပ်ငန်းများကို ဖော်ဆောင်ခြင်းဖြင့် |
| ရည်ညွှန်းချက် - | | | | ရည်ညွှန်းချက်များ - |

A. လက်တွေ့ဖြစ်နိုင်ပြီး ထိရောက်မှုရှိသော မည်သည့်**အမူအကျင့်**ကို အားပေးမြှင့်တင်ရမည်နည်း။

B. **ဦးတည်အုပ်စု**နှင့်**သြဇာညောင်းသည့်အုပ်စု**များတွင် မည်သူတို့ပါဝင်သနည်း။ (လူမှုအခြေအနေ (Demographics)၊ နေ့စဉ်အလေ့အထများ (Daily routine)၊ ကြီးမားသောဆန္ဒ (Big desires)၊ လက်ရှိလုပ်ထုံးလုပ်နည်းများ၊ သိနှင့်ပြီး အတားအဆီးများ၊ ပြောင်းလဲမှုအဆင့်နှင့်ကျား/မ အခန်းကဏ္ဍများ)

C. **အမူအကျင့်ပြောင်းလဲမှုအတွက် အတားအဆီးနှင့်အထောက်အကူပြုသောအရာများကို** မည်သည့် **Determinant များမှတဆင့် သိနိုင်သနည်း။** (မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ ကောင်းကျိုးဟု ထင်မြင်ယူဆသောအရာများ၊ ဆိုးကျိုးဟုထင်မြင် ယူဆသောအရာများ၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ လက်လှမ်းမီမှု၊ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ၊ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်၊ အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း၊ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ၊ ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း၊ မူဝါဒ နှင့် ယဉ်ကျေးမှု)

D. မည်သည့် **လုပ်ငန်းရည်ရွယ်ချက်များ**ကို အားပေးမြှင့်တင်သင့်သနည်း။

E. လုပ်ငန်းရည်ရွယ်ချက်များပြည့်ဝစေရန် မည်သည့်**လုပ်ငန်းများ**ကို အကောင်အထည်ဖော်မည်နည်း။

## သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

### အမူအကျင့်

- စောင့်ကြည့်သိရှိနိုင်သော၊ တိကျမှုရှိသော (အချိန်၊ နေရာ၊ ပမာဏ၊ ကြာမြင့်ချိန်၊ အကြိမ်ရေ)၊ တိုင်းဆ၍ရသော၊ လက်တွေ့ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်မှုသည် ပြဿနာ (အာဟာရချို့တဲ့မှု၊ သေဆုံးမှုနှုန်းမြင့်မားခြင်း၊ သီးနှံအထွက်နည်းခြင်း) ကိုဖြေရှင်းရာတွင် တိုက်ရိုက်အကျိုးပြုသည်။
- အုပ်စုက တစ်စုံတစ်ခုကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေခြင်းမျိုးမဟုတ်ဘဲ အပြုသဘောအသုံးအနှုန်းများဖြင့် အဓိပ္ပာယ်သတ်မှတ်သည်။
- ဦးတည်အုပ်စုက ပြုလုပ်သည်။

### အမူအကျင့်ဖော်ပြချက်ရေးသားခြင်း

- ဦးတည်အုပ်စု + ပြုခြင်းပြကြိယာ + အသေးစိတ်အချက်များ (အချိန်၊ နေရာ၊ အကြိမ်ရေ စသည်ဖြင့်)
- နမူနာ - အသက် ၆ လအောက်ကလေးမိခင်များက နေ့ဘက်ဖြစ်စေ၊ ညဘက်ဖြစ်စေ ကလေးသောက်ချင်သည့်အခါတိုင်း ရင်သားတစ်ဖက်စီရှိ မိခင်နို့ကိုကုန်စင်အောင် တိုက်ကျွေးကြသည်။

### ဦးတည်အုပ်စု

- ကောင်းသည့်အမူအကျင့်ကို ကျင့်သုံးမည့်သူ (သို့) အမူအကျင့်ကို အသက်မပြည့်သေးသည့်ကလေး (ဥပမာ ကလေးသူငယ်) က ကျင့်သုံးစေရန် လုပ်ဆောင်ရမည့်သူများ။ ဦးတည်အုပ်စုကို အလွန်တိကျစွာ သတ်မှတ်ကြသည်။ ဥပမာ - တောင်စောင်းမြေပိုင်ဆိုင်သော လယ်သမားများ၊ ၀-၆ လအရွယ်ကလေးငယ်ရှိသော မိခင်များ။

### သြဇာညောင်းသောအုပ်စု[၁၂]

- အမူအကျင့်အတွက် ဦးတည်အုပ်စုအပေါ် လွှမ်းမိုးသူများ - ကောင်းသောအမူအကျင့်ကို ကျင့်သုံးလာစေရန် အထောက်အကူပြုနိုင်သူ (သို့) အတားအဆီးဖြစ်စေနိုင်သူ
- ဦးတည်အုပ်စုကို Formative Research မှတဆင့်သာ ရှာဖွေဖော်ထုတ်သည်

[၁၂] ဦးတည်အုပ်စု၏ပြောဆိုမှုမှမဟုတ်သော်လည်း အမူအကျင့်တစ်ခုကို အားပေးမြှင့်တင်မှုကို စီမံကိန်းနှင့်အတူ ဆောင်ရွက်မည့်သူများကို "တတ်သိနားလည်သူများ" ဟုခေါ်သည်။

## အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာ

- အမူအကျင့်တစ်ခုကို လူအုပ်စုတစ်စုကျင့်သုံးလာစေရန် လှုံ့ဆော်မှု (သို့) အဟန့်အတားပြုကြောင်းတွေ့ရှိရသည့် အကြောင်းရင်းများ။ အမူအကျင့်ပြောင်းလဲမှု အပေါ် အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာ ၁၂ ခုရှိသည် - မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ ကောင်းကျိုးဟု ထင်မြင်ယူဆသောအရာများ၊ ဆိုးကျိုးဟုထင်မြင် ယူဆသောအရာများ၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ လက်လှမ်းမီမှု၊ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ၊ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်၊ အခြေအနေဆိုးဂါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း၊ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ၊ ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း၊ မူဝါဒနှင့်ယဉ်ကျေးမှု။

## လုပ်ငန်းရည်ရွယ်ချက်များ

- Formative Research ပြုလုပ်ချိန်တွင် ဦးတည်အုပ်စု၏ဖြေကြားချက်များအပေါ် အခြေခံသည်။
- ဦးတည်အုပ်စုနှင့်သာ သက်ဆိုင်သည်။
- Formative Research မှ ထွက်ပေါ်လာသော ပြဿနာရပ်ကိုဖြေရှင်းရန် လုပ်ဆောင်သင့်သောအပြောင်းအလဲကို ပိုမိုတိကျစွာဖော်ပြချက်များဖြစ်သည်။
- အများအားဖြင့် လမ်းညွှန်မှုပေးသည့်ကြိယာနှင့် အစပြုသည် (ဥပမာ - ပိုမိုပြုလုပ်ပါ၊ လျှော့ချပါ၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ပါ၊ ပိုမိုခိုင်မာအောင်ပြုလုပ်ပါ)။
- ဦးတည်အုပ်စု၏အမြင်ကိုပြောင်းလဲရန် ရည်ရွယ်လေ့ရှိသည်။
- ရာခိုင်နှုန်းများဖြင့် မဖော်ပြချေ။

## လုပ်ငန်းရည်ရွယ်ချက်များရေးသားခြင်း

- လမ်းညွှန်သည့်ကြိယာ + … ဟူသော အမြင် (သို့) … အစွမ်း (သို့) … ရရှိနိုင်မှု
- နမူနာ - ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်ခြင်းသည် ငှက်ဖျားရောဂါကင်းဝေးစေရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည် ဟူသောအမြင်ကို ပိုမိုကြီးမားလာအောင် ပြုလုပ်ပါ။ (ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာ)
- နမူနာ - ကလေးကို မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးခြင်းကို ယောက္ခမက သဘောကျသည်ဟူသည့် အမြင်ကို ပိုမိုကြီးမားအောင်ပြုလုပ်ပါ။ (လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ)

## လုပ်ငန်းများ

- အတူတကွဆောင်ရွက်ပါက လုပ်ငန်းရည်ရွယ်များပြည့်ဝစေမည့် လုပ်ငန်းများ

- ထုံးစံအားဖြင့် ပြုခြင်းပြကြိယာနှင့် အစပြုလေ့ရှိသည်။
- လုပ်ငန်းရည်ရွယ်ချက်တစ်ခုမကကို ဖြည့်ဆည်းနိုင်ပါက အကောင်းဆုံးဖြစ်သည်။

## သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework နမူနာများ

### နမူနာ ၁ - စိုက်ပျိုးရေးနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးစီမံကိန်းများ - ကြက်ဘဲမွေးမြူရေး

| အမူအကျင့် | ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| ကြက်မွေးမြူသော ဦးတည်အုပ်စုဝင် အမျိုးသားနှင့် အမျိုးသမီးများ အစဉ်အမြဲ ခြံခတ်၍မွေးမြူကြသည်။ | Demo -<br>• **ကြက်မွေးမြူသော မိသားစုများမှ အရွယ်ရောက်ပြီး အမျိုးသားနှင့်အမျိုးသမီးများ။**<br>• **စီမံကိန်းစတင်ချိန်၌ ယင်းမိသားစုအားလုံးတွင် အသက် ၂ နှစ်အောက်ကလေး သို့မဟုတ် ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင်တစ်ဦးရှိသည်။**<br>• အမျိုးသားနှင့်အမျိုးသမီးများသည် ကျောင်းအတန်းအသင့်နေခဲ့ဖူးကြသည်။<br>• ဆွာဟီလီဘာသာစကား ပြောနိုင်၊ ဖတ်နိုင်သည်။<br>**ကြီးမားသောဆန္ဒများ**<br>• သားသမီးများ၏ အစားအစာဖူလုံမှု၊ ပျော်ရွှင်မှုနှင့် ပညာရေးတို့ကို အားလုံးက လိုလားကြသည်။<br>**လက်ရှိအလေ့အထများ/ယုံကြည်မှုများ**<br>• ကျေးလက်တွင်နေထိုင်ကြပြီး ကြက်ကောင်ရေအနည်းငယ် ပိုင်ဆိုင်ကြသည်။ ကြက်များက ခြေဦးတည့်ရာ သွားလာနေကြပြီး | ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ -<br>– ကြက်ဥ ဥမည်မဟုတ်တော့ဟု ယုံကြည်ခြင်း<br>– ကြက်ကို အစာကျွေး၊ ရေတိုက်ပိုလုပ်ရသဖြင့် အကုန်အကျပိုများလာမည်ဟု ယုံကြည်ခြင်း<br><br>ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ -<br>– သားရဲတိရိစ္ဆာန်များကြောင့် ကြက်များဆုံးရှုံးမှု မရှိတော့ခြင်း<br>– ကြက်နာကျ၍ ဆုံးရှုံးရမှု လျော့နည်းသွားခြင်း<br>– **ကြက်ချေးကို ဓာတ်မြေသြဇာအဖြစ် အသုံးပြုနိုင်ခြင်း**<br>– **ကာကွယ်ဆေးထိုးရန် လွယ်ကူခြင်း**<br>– ကြက်ချေးကို | 1. ခြံခတ်ထားပါက ကြက်များ ဥ မဥတော့ ဟူသောအမြင်ကို လျော့ချရန်<br>2. ကြက်ကိုခြံခတ်မွေးမြူပါက ပိုမိုဂရုစိုက်မှုလိုအပ်သည်/ကုန်ကျစရိတ်ပိုများသည် ဟူသော အမြင်ကို လျော့ချရန်<br>3. ကြက်ကိုခြံခတ်မွေးပါက စီးပွားရေးအရ တွက်ခြေကိုက်သည်ဟူသော အမြင်ကို မြှင့်တင်ပေးရန် (အရှုံးနည်း၊ သီးနှံပျက်စီးမှုနည်း၊ မြေသြဇာပိုမိုရရှိ စသည်ဖြင့်)<br>4. ကုန်ကျစားရိတ်သက်သာသော ခြံစည်းရိုးခတ်သည့် ပစ္စည်းများ ပိုမိုရရှိနိုင်အောင် ပြုလုပ်ပေး၍ ဒေသထွက်ပစ္စည်းများကို အဆင်ပြေအောင် အသုံးပြုနိုင်စွမ်း မြှင့်တင်ပေးရန်<br>5. ခြံခတ်မွေးသောကြက်များကို အစာကျွေးရန် | 1. **ခြံခတ်မွေးမြူထားသည့်ကြက်များ ရှင်သန်နေသည်ပုံနှင့် ကြက်များခြံဝင်းတွင်းနေထိုင် တတ်ပုံတို့သည်ကို ကုန်ကျစရိတ်နှင့်အကျိုးရှိမှုတို့ ဖော်ပြလျက် စံပြကြက်ခြံတစ်ခုအား တစ်ရွာလျှင်တစ်ခုထားရှိပါ။**<br>2. **ကြက်အားလုံးအတွက် ပိုမိုကောင်းမွန်သောအစာ၊ သန့်ရှင်းသောရေနှင့်ကာကွယ်ဆေးတို့ထောက်ပံ့ပေးပါ။**<br>1 and 2 - **ကြက်မွေးမြူနည်း (ကြက်စာ၊ ရေ၊ ကာကွယ်ဆေး)၊ ကြက်ခြံနှင့်လှောင်အိမ်ကို ဒေသထွက်ကုန်ကြမ်းများဖြင့် ဆောက်လုပ်နည်းတို့ကို စိုက်ပျိုးရေးကွင်းဆင်းဝန်ထမ်းများ အား သင်ကြားပေးပါ။ ၎င်းတို့ တတ်ကျွမ်းသည့်အရာကို အခြားသူများအား ပြန်လည်သင်ကြားပေးနိုင်စွမ်းအား စောင့်ကြည့်လေ့လာ၍ စွမ်းရည်များ ဆက်လက်မြှင့်တင်ပေးပါ။**<br>2. **ကြက်ခြံဖြင့်မွေးမြူခြင်း၏ အကျိုးကျေးဇူးများကို လစဉ်ရရှိမည့် အကျိုးကျေးဇူးတစ်ခုချင်းဖော်ပြပါရှိသည့် ပြက္ခဒိန်တစ်ခုဖြန့်ဝေပေးခြင်း ဖြင့်** |

| အမူအကျင့် | ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| | သစ်ပင်များပေါ်တွင် အိပ်သည်။<br>• ခြံခတ်မွေးမြူပါက ကြက်များအစမဂနိုင်ဟု ယူဆကြသည်။<br>• စားရိတ်ကျဉ်းကျဉ်းဖြင့် ကြက်စာပြုလုပ်နည်းကို မသိကြချေ။<br>**ပြောင်းလဲမှုအဆင့်**<br>• ဦးတည်အုပ်စုဂင်အများစုသည် အမူအကျင့်ပြောင်းလဲမှုကို သိသည့် (သို့မဟုတ် "စဉ်းစားသုံးသပ်") အဆင့်တွင်ရှိသည်။<br>**ကျား/မ အခန်းကဏ္ဍ**<br>• အမျိုးသားနှင့်အမျိုးသမီးများက ကြက်မွေးမြူကြပြီး ကြက်ခြံဖြင့်မွေးမမွေးကို ရွေးချယ်ခွင့်ရှိကြသည်။ အမျိုးသမီးများသည် ခြံခတ်ရန် အတွက် ငွေကြေးပံ့ပိုးမှု လိုအပ်မည်ဖြစ်သည်။ | **ဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း**<br><br>လက်လှမ်းမီမှု -<br>– ကြက်ခြံ (သို့) လှောင်အိမ်တည်ဆောက်ရန် ပစ္စည်းမရှိခြင်း<br>– ကြက်စာစားရိတ် | စရိတ်သက်သာသော နည်းလမ်းများရှိသည်ဟူသည့် အမြင်ကို မြှင့်တင်ပေးရန် | **ပိုမိုမှတ်မိစေရန်ပြုလုပ်ပါ။**<br>3. **အရည်အသွေးမီပြီး ဈေးသက်သာသောကြက်စာ၊ ရေနှင့် ဒေသထွက် သို့မဟုတ် အဟောင်းကိုပြင်ဆင်ထားသည့် ပစ္စည်းများဖြင့်ပြုလုပ်ထားသည့် ကြက်စာခွက်များထုတ်လုပ်ရောင်းချရန် တစ်ရွာလျှင် လုပ်ငန်းရှင်တစ်ဦး နှုန်းဖြင့် နည်းပညာအကူအညီနှင့် အသေးစားချေးငွေထောက်ပံ့ပေးပါ။**<br>3. ဂယ်လိုအားတိုးလာသည်နှင့်အမျှ **စီမံကိန်းမှစိုက်ပျိုးရေးပညာရှင်များက ဒေသခံသံဇကာရောင်းချသူများ နှင့်ပူးပေါင်းဆောင်ရွက်သွားမည်။** |

| | |
|---|---|
| **ရလဒ်ညွှန်းကိန်း -**<br><br>**ကြက်ကို တစ်ချိန်လုံး ခြံခတ်မွေးမြူသည့်အိမ်ထောင်စုရာခိုင်နှုန်း** | **လုပ်ငန်းဆောင်ရွက်မှုညွှန်းကိန်း -**<br><br>– အောင်မြင်မှုရရှိသောစံပြကြက်ခြံအရေအတွက်<br>– စံပြကြက်ခြံသို့လာရောက်လေ့လာသူဦးရေ<br>– ကြက်ကိုခြံခတ်မွေးမြူခြင်းအပြင် ပိုမိုကောင်းမွန်သည့်ကြက်မွေးမြူနည်းတစ်ခု သို့မဟုတ် ယင်းပို၍ ကျင့်သုံးလာသောအိမ်ထောင်စုဦးရေ<br>– **ကြက်စာရောင်းချသည့်လုပ်ငန်းရှင်ဦးရေ** |

## နမူနာ ၂ - WASH လုပ်ငန်းအစီအစဉ် - ဆပ်ပြာဖြင့် လက်ဆေးခြင်း

| အမူအကျင့် | ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| အသက် ၅ နှစ်အောက် မိခင်များသည် နေ့စဉ် အဓိကကျသော အချိန် ၅* ခုတွင် လက်ကိုဆပ်ပြာဖြင့် ဆေးကြသည်။<br><br>- အညစ်အကြေးစွန့်ပြီး နောက်ချိန်<br>- အညစ်အကြေးစွန့်ပြီး သောကလေးကို သန့်ရှင်းရေးလုပ်ပေးပြီးချိန်<br>-အစားအသောက် ပြင်ဆင်ချက်ပြုတ်ခြင်းမပြုမီ<br>-အစာမစားမီ<br>-ကလေးကို အစားအစာမကျွေးမီ | **1. လူဦးရေအချက်အလက်**<br>• ၁-၅၉ လအရွယ် ကလေးမိခင်<br>• ဟေတီနိုင်ငံ ဆိုဒ်ိုးကျေးလက်ဒေသ<br>• Creole ကို အလွယ်တကူ မဖတ်နိုင်<br>• ဟေတီ Creole ကိုသာပြောတတ်<br>• ဝင်ငွေနည်း<br>**2. နေ့စဉ်လုပ်ငန်းများ**<br>• လယ်ယာ၊ တရိစ္ဆာန်မွေးမြူ<br>• ဈေးတွင် စုဝေးတွေ့ဆုံ<br>• တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသွား<br>• တောထိုင်သည့်ဓလေ့ကျင့်သုံး<br>**3. ဘုံဆန္ဒများ**<br>• ကာလဝမ်းရောဂါမဖြစ်အောင် ရှောင်ရှား<br>• ကလေးများအတွက် ပညာရေး<br>**4. အမူအကျင့်နှင့်ဆက်စပ်နေသော လက်ရှိအလေ့အထများ**<br>• အညစ်အကြေးစွန့်ပြီးမှသာ လက်ဆေး<br>• လက်ဆေးခြင်းနှင့်ကာလဝမ်းရောဂါ အကြား ဆက်စပ်မှုကို မကွဲမပြားသာ သိရှိ<br>**5. အမူအကျင့်၏ ဘုံအတားအဆီးများ**<br>• မသန့်ရှင်းသောလက်တွင် ပိုးမွှားများ ကပ်ပါလာနိုင်သည်ကို မသိရှိ | 1. **လက်လှမ်းမီမှု**<br>• ဆပ်ပြာရှိ၍ အဆင်ပြေသည်<br>• လိုအပ်သည့်နေရာ/အချိန် တွင် ရေကိုရရှိ<br>2. **ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ**<br>– ဆပ်ပြာအတွက် ငွေကုန်ခံ<br>3. **ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ**<br>– ကာလဝမ်းရောဂါမဖြစ်စေအောင် ရှောင်ရှား<br>4. **သတိပေးသည်ဟု ထင်မြင်ယူဆသောအရာများ**<br>– မှတ်မိရန် အလွန်ပင်ခက်ခဲ | 1. ဆပ်ပြာနှင့်ရေကို လက်ဆေးမည့်နေရာ များတွင် ပိုမိုရရှိအောင် ပြုလုပ်ရန်။<br><br>2. လက်ဆေးရန်ဆပ်ပြာ အတွက် အကုန်အကျခံ၍ ကာလဝမ်းရောဂါမဖြစ်စေအောင် ကာကွယ်နိုင်ပြီး ဆေးကုသစရိတ်ကုန်ကျခြင်းမှ ကင်းဝေးစေသည် ဟူသည့်အမြင်ကို ပိုမိုကြီးမားလာအောင် ပြုလုပ်ရန်။<br><br>3. ဆပ်ပြာနှင့်ရေတို့ဖြင့် လက်ဆေးခြင်းသည် ကာလဝမ်းရောဂါကင်းဝေးစေရန် ကုန်သဘောက် ထိရောက်မှုရှိသည် ဟူသောအမြင်ကို ပိုမိုခိုင်မာအောင်ပြုလုပ်ရန်<br>4.<br>5. ဆပ်ပြာနှင့်ရေဖြင့် | 1 & 2. အပိုဝင်ငွေရှာရန်စိတ်ဝင်စားသည့်မိခင်များအတွက် ဆပ်ပြာလုပ်နည်းသင်တန်း စီစဉ်ပြုလုပ်ပါ။ ဆပ်ပြာကို ရပ်ရွာတွင်း၌ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ/ဖြန့်ချီပါ။<br>1. မီးဖိုချောင်၊ အိမ်သာ၊ ဘုရားကျောင်းများနှင့် ဈေးတို့နှင့် ပိုနီးသောနေရာတွင် လက်ဆေးရန် နေရာပြုလုပ်နည်းကို ပြုစုစောင့်ရှောက်သူများအား သင်ပြပေးပါ။<br><br>2 & 3. လက်ဆေးခြင်း၏ ကုန်ကျစရိတ်/အကျိုးကျေးဇူးတို့ကို ဆွေးနွေးရန် ဦးတည်အုပ်စု၏ ရပ်ရွာထဲ၌ ဆွေးနွေးဖော်အဖွဲ့များ စုဖွဲ့ပါ (ဥပမာ - ဆေးကုသစရိတ်နှင့် နာဖျားသဖြင့် အချိန်ဆုံးရှုံးမှုတို့ထက် လက်ဆေးခြင်းက ပိုမိုသက်သာသည်)။<br><br>**4.** သတိပေးသည့်ကဒ်ပြားများ (လုပ်ဆောင်ရန် သတိပေးသည့် အရာများ) ကို ရေးသား/ ဖြန့်ဝေ/ ပြသ၍ ဦးတည်အုပ်စုဝင်အိမ်တိုင်း၏ |

| အမှုအကျင့် | ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| | • ဆပ်ပြာအသုံးပြုနိုင်မှုနည်းပါးခြင်း<br>**6. ပြောင်းလဲမှုအဆင့်**<br>• သိသည့်အဆင့်နှင့်လက်တွေ့ကျင့်သုံးသည့်အဆင့် (အညစ်အကြေးစွန့်ပြီး လက်ဆေးခြင်း)<br>**7. ကျား/မ ဆိုင်ရာ ကိစ္စရပ်များ**<br>• ဆပ်ပြာကဲ့သို့သောအရာများ ဝယ်ယူရန်ငွေကို အမျိုးသားများကထုတ်ပေးသည်။<br>• လက်ဆေးရန်နေရာတစ်ခုဆောက်ရန် အမျိုးသား၏ခွင့်ပြုမှုလိုအပ်သည်။ | | လက်ကို အမြဲဆေးကြောရန် သတိရနိုင်စွမ်းပိုမိုမြင့်မားလာစေရန် | အိမ်သာ၊ မီးဖိုချောင်နှင့် ထမင်းစားသည့်နေရာများတွင် ကပ်ပါ။ |

| | |
|---|---|
| **ရလဒ်ညွှန်းကိန်း** -<br>စစ်တမ်းမလုပ်မီနေ့ရက်တွင် အဓိကအချိန် ၅ ခု၌ လက်ဆေးခဲ့သည်ဟုဆိုသော အသက် ၅ နှစ်အောက်ကလေးမိခင်ရာခိုင်နှုန်း | **လုပ်ငန်းဆောင်ရွက်မှုညွှန်းကိန်း** -<br>ဆပ်ပြာလုပ်နည်းသင်ထားသည့် အမျိုးသမီးအရေအတွက်<br>ရောင်းချ/ဖြန့်ဝေလိုက်သည့် ဆပ်ပြာတောင့်အရေအတွက်<br>Tippy tap နှင့်သတိပေးကဒ်ပြားရှိသည့် အိမ်ထောင်စုအရေအတွက်<br>ကုန်ကျစရိတ်/အကျိုးကျေးဇူးအကြောင်း ဆွေးနွေးပွဲများတွင် ပါဝင်သည့် ဦးတည်အုပ်စုဝင်အရေအတွက် |

နမူနာ ၃ - မိခင်နှင့်ကလေးကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးရေး (MCHN)

| အမှုအကျင့် | ဦးတည်အုပ်စု (သို့) ဩဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| မိခင်များသည် ၎င်းတို့၏ကလေးများ ကို မွေးစမှ အသက် ၆ လအရွယ်အထိ မိခင်နို့တစ်မျိုးတည်း ကိုသာ တိုက်ကျွေးကြသည်။ | ဦးတည်အုပ်စု - ၀-၆ လသားအရွယ် ကလေးများရှိသည့် ဘုရွန်ဒီမိခင်များ<br>– ကျေးလက်တွင် နေထိုင်ကြသည်။<br>– လူများစုက စာမတတ်ကြပါ။<br>– တနင်္ဂနွေနေ့နံနက်ခင်းတွင် ဘုရားကျောင်းတက်ကြသည်။<br>– နေ့စဉ်အိမ်မှုကိစ္စများဖြင့် အလုပ်များ နေလေ့ရှိသည်။<br>– မိခင်ကောင်းနှင့်ဇနီးကောင်းများအဖြစ် ရှုမြင်ခံလိုကြသည်။<br>– ၃ လကြာလျှင် တိုက်ကျွေးရန် နို့အလုံအလောက်မထွက်နိုင်တော့ဟု ယူဆကြသည်။<br>– အသက် ၄ လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြသော်လည်း ယင်းအရွယ်တွင်ပင် အခြားအစားအစာများကို ဆက်လက်ကျွေးမွေးကြသည်။<br>– အများစုသည် အတန်အဆင့် ကျင့်သုံးသည့်အဆင့်တွင်ရှိသည်။<br><br>ဩဇာညောင်းသည့်အုပ်စုများ -<br>– ယောက္ခမများ | ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ<br>– မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းနှင့် အာဟာရချို့တဲ့ခြင်း တို့အကြားဆက်စပ်မှုကို မိခင်များ မသိရှိကြပါ။<br><br>ဘုရားရှင်၏အလိုတော်ဟု ထင်မြင်ယူဆခြင်း -<br>– ဘာသာရေးခေါင်းဆောင်များ/ ရိုးရာဓလေ့များက ယင်းအပြုအမူကို အားပေးခြင်းရှိမရှိကို မိခင်များက မေးခွန်းထုတ်ကြသည်။<br><br>လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ -<br>– ၎င်းတို့၏မိခင်နှင့်ယောက္ခမ များက မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကို သဘောမကျကြဟု | 1. မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဖြင့် အာဟာရချို့တဲ့ခြင်းကို ကာကွယ်ရာတွင် အထောက်အကူပြုသည် ဟူသော အမြင်ကို ပိုမိုကြီးထွားလာအောင် ပြုလုပ်ရန်<br>2. မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကို ဘာသာရေး ခေါင်းဆောင်များက သဘောကျကြသည်ဟူသော အမြင်နှင့် ဘာသာရေးအရ ယင်းသို့တိုက်ကျွေးခြင်းကို အားပေးထောက်ခံသည် ဟူသော အမြင်ကို ပိုမိုကြီးထွားလာအောင်ပြုလုပ်ရ န်<br>3. ၎င်းတို့၏ ယောက္ခမများနှင့် မိခင်များက မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကို သဘောကျကြသည်ဟူသော အမြင်ကို ပိုမိုကြီးထွားအောင် ပြုလုပ်ရန် | 1. ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အလေးချိန်ပြည့်မီသော ကလေးများရှိပြီး မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့် မိခင်များအကြောင်း အသံဖမ်း/ရေးသားပါ။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့် အကျိုးကျေးဇူး များကို ရပ်ရွာတွင်း အစည်းအဝေးများ/ ကျန်းမာရေးဌာနများတွင် အသံဖွင့်/ဖတ်ပြပါ(ကိုယ်ဝန် ဆောင်စောင့်ရှောက်မှု နှင့် ကလေးကြီးထွားဖွံ့ဖြိုးမှု လှုံ့ဆော်သည့်ပွဲများ)။<br>2. အိမ်ရာအစည်းအဝေးများတွင် မိခင်နို့တစ်မျိုးတည်းသာ သောက်သုံးသောကလေးအချို့ ကို သောက်သုံးခြင်းမပြုသည့် အခြားကလေးငယ်များနှင့် နှိုင်းယှဉ်ပြောသရန် ကွာခြားချက်ကို ဖွံ့ဖြိုးမှုကဒ်ပြားများကို အသုံးပြုပါ။<br>3. မိခင်နို့တစ်မျိုးတည်း |

| အမူအကျင့် | ဦးတည်အုပ်စု (သို့) သြဇာညောင်းသောအုပ်စုများ | အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ | လုပ်ငန်းရည်ရွယ်ချက် | လုပ်ငန်းများ |
|---|---|---|---|---|
| | | မိခင်များက ယူဆကြသည်။<br><br>ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ -<br>– အသက် ၄ လအရွယ်တွင် အစားအစာမကျွေးပါက ကလေး ဆာလောင်နေမည်ဟု မိခင်များက ယူဆကြသည်။ | 4. မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါက ကလေး ဆာလောင်နေမည့်အပြင် အာဟာရလည်း ချို့တဲ့သွားမည်ဟူသော အမြင်ကို လျော့ကျအောင် ပြုလုပ်ရန် | တိုက်ကျွေးခြင်းအကြောင်း တရားဟောပြောမှုလမ်းညွှန်များကို သင်းအုပ်ဆရာ/ဘုန်းကြီး/ ဗလီဆရာတို့အား ပေးအပ်၍ အသုံးပြုနည်းကို သင်ကြားပြသပေးပါ။<br>4. Care Group Volunteers (CGVs) များ၌ ကလေးမိခင်များအား မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းအကြောင်း ပို့ချချိန်တွင် ယောက္ခမများကို ပါဝင်တက်ရောက်ခွင့်ပေးပါ။<br>5. ကလေးများငိုရသည့် အကြောင်းရင်းများစွာရှိကြောင်း၊ ငိုတိုင်း ကလေး ဆာလောင်နေသည်ဟု မဆိုနိုင်ကြောင်း မိခင်များအား ပြောပြပါ (CGV မှတဆင့် နှင့် အိမ်တိုင်ရာရောက် သွားရောက်ခြင်းဖြင့်)။ အလွန် ငိုသောကလေးများစွာ (ဖြစ်စဉ်များကို ကြိုတင်ရှာဖွေ ထားပါ) သည် ဖွံ့ဖြိုးကြီးထွားဆဲပင်ဖြစ်သဖြင့် အာဟာရချို့တဲ့မှုမရှိကြောင်း ပြသရန် မိခင်များအားပြသရန် |

<table>
<tr><th>အမှုအကျင့်</th><th>ဦးတည်အုပ်စု (သို့) သြဇာညောင်းသောအုပ်စုများ</th><th>အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံး အရာများ</th><th>လုပ်ငန်းရည်ရွယ်ချက်</th><th>လုပ်ငန်းများ</th></tr>
<tr><td></td><td></td><td></td><td></td><td>ဖွံ့ဖြိုးကြီးထွားမှုဇယားကို အသုံးပြုပါ။ ငိုနေသောကလေးကို ချော့မော့ရန်နည်းလမ်း အဆင့်ဆင့်ကို မိခင်များအား သင်ပြပေးပါ။ (http://www.hugyourbaby.org/).</td></tr>
<tr><td colspan="3">ရလဒ်ညွှန်းကိန်း -<br>မွေးကင်းစမှ အသက် ၆ လအရွယ် ကလေးငယ်များကို မိခင်နို့တိုက်ကျွေးသည့် ဦးတည်မိခင်ရာခိုင်နှုန်း</td><td colspan="2">လုပ်ငန်းဆောင်ရွက်မှုညွှန်းကိန်း -<br>– သက်သေခံဖြစ်ရပ်များကြားသိခဲ့သည့် အမျိုးသမီးဦးရေ<br>– သင်တန်းပေးထားသည့် သင်းအုပ်ဆရာဦးရေ<br>– မိခင်/အဖွားတို့ပါဝင်သော CGV နှင့်အိမ်တိုင်ရာရောက် သွားရောက်သည့်အစီအစဉ်အရေအတွက်<br>– ငိုနေသောကလေးကိုချော့မော့နည်း သင်ယူထားသည့် မိခင်ဦးရေ</td></tr>
</table>

## သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၄ - အစီအစဉ်ရေးဆွဲနည်းလမ်းညွှန် -- အမူအကျင့်ပြောင်းလဲရန် လုပ်ငန်းအစီအစဉ်များရေးဆွဲပုံအဆင့်ဆင့်

1. အမူအကျင့်ဖော်ပြချက် ရေးပါ (ဖော်ပြချက်သည် အဓိကပြဿနာရပ်ကို တိုက်ရိုက်ဖြေရှင်းပေးနိုင်ရန် လိုအပ်သည်။)
2. ဦးတည်အုပ်စုကို ရွေးချယ်သတ်မှတ်ပါ (နည်းလမ်း ၇ ခု)။
3. သင့်တင့်လျောက်ပတ်သော သုတေသနနည်းလမ်းများကိုရွေးချယ်ပါ (အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း၊ ကျင့်သုံးသူ/မကျင့်သုံးသူစစ်တမ်း၊ အခြားနည်းလမ်းတစ်ခု)
4. (အရေးအကြီးဆုံးအတားအဆီးများ/အထောက်အကူပြုသည့်အရာများကိုရှာဖွေဖော်ထုတ်ရန်) သုတေသနပြုလုပ်ပါ။
5. တွေ့ရှိချက်များကို စိတ်ဖြာသုံးသပ်ပါ။
6. ဦးတည်အုပ်စု၏အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အခြားအသေးစိတ်အချက်များ ဖြည့်စွက်ပါ (နည်းလမ်း ၇ ခု)။
7. အမူအကျင့်ကျင့်သုံးရာတွင် အတားအဆီးဖြစ်စေသော သို့မဟုတ် လွယ်ကူစေသော အရေးအကြီးဆုံး အတားအဆီးများနှင့်အထောက်အကူပြုသည့်အရာများကို ရှာဖွေဖော်ထုတ်ပါ (အတားအဆီးများ ရှာဖွေဖော်ထုတ်မှုမှရရှိသည့် ရလဒ်များနှင့်အညီ)
8. ဩဇာညောင်းသည့်အုပ်စု (ရှိပါက) ရှာဖွေဖော်ထုတ်ပါ။
9. လေ့လာမှုမှတွေ့ရှိချက်များပေါ်အခြေခံ၍ လုပ်ငန်းရည်ရွယ်ချက်များရေးသားပါ။
10. လုပ်ငန်းရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးသည့် စီမံကိန်း၏အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများရွေးချယ်ခြင်း နှင့်ရှင်းလင်းဖော်ပြခြင်း ပြုလုပ်ပါ။
11. ထိရောက်မှုစောင့်ကြည့်ရန် ညွှန်းကိန်းများသတ်မှတ်ပါ (ယခုသင်တန်းတွင် ရှင်းလင်းဖော်ပြခြင်းမရှိပါ)။
12. အကောင်အထည်ဖော်ဆောင်ရန် အသေးစိတ်အချက်များနှင့်ပါဝင်သော အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာကို ဖြည့်စွက်ပါ (ယခုသင်တန်းတွင် မပါဝင်ပါ)။
13. မဟာဗျူဟာတွင် ဆက်သွယ်ပြောဆိုမှုပုံစံလုပ်ဆောင်မှုများကို ထည့်သွင်းထားပါက ဆက်သွယ်ပြောဆိုမှု အစီအစဉ်တစ်ရပ်ရေးဆွဲပါ (ယခုသင်တန်းတွင် မပါဝင်ပါ)။

## သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၅ - DBC Framework ၏ အခြေခံ သဘောတရား ၅ ချက်

1. လုပ်ဆောင်မှုသည်သာ အခရာ (ယုံကြည်မှု၊ သဘောထားအမြင် သို့မဟုတ် ဗဟုသုတတို့မဟုတ်ပါ)။
2. သင့်ဦးတည်အုပ်စုက မည်သူဖြစ်သည်ကို အတိအကျသိရန်လိုအပ်သည့်အပြင် အရာရာကို ၎င်းတို့၏ရှုထောင့်မှ ကြည့်တတ်ရမည်။
3. လူ့သဘာဝအရ ကိုယ့်အတွက် အကျိုးဖြစ်ပါက ကျင့်သုံးလေ့ရှိသည်။ အတားအဆီးများကြောင့် လက်တွေ့မကျင့်ခြင်းများ ဖြစ်ရလေ့ရှိသည်။
4. မိမိ၏လုပ်ငန်းအားလုံးကြောင့် အကောင်းဆုံးအကျိုးကို အများဆုံးဖြစ်စေရမည်ဖြစ်ပြီး အရေးအကြီးဆုံး အတားအဆီးများကို အနည်းဆုံးဖြစ်စေရမည်ဖြစ်သည်။
5. ဆုံးဖြတ်ချက်များကို အထောက်အထားပေါ်တွင် အခြေခံရမည်။ မှန်းဆချက်ဖြင့် မလုပ်ပါနှင့်။ စဉ်ဆက်မပြတ် စစ်ဆေးရမည်။

လုပ်ဆောင်မှု = အမူအကျင့်

## သင်ခန်းစာ ၃ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- လူအမျိုးမျိုး၏အမူအကျင့်များသည် ၎င်းတို့သိသောအရာနှင့်ယုံကြည်သောအရာနှင့် အစဉ်အမြဲ တစ်ထပ်တည်းမကျကြောင်း သက်သေပြသခြင်း
- အမူအကျင့်ပြောင်းလဲရန် အသိပညာမြှင့်တင်ခြင်း သို့မဟုတ် ဗဟုသုတတိုးစေခြင်းတို့ဖြင့် အမြဲလုံလောက်မှု မရှိနိုင်ကြောင်း သိနားလည်ခြင်း
- "ကျင့်သုံးသူ" နှင့် "မကျင့်သုံးသူ" များခွဲခြားခြင်း
- "အမူအကျင့်သတ်မှတ်ချက်ကို ဖြေလျှော့ခြင်း" ဟူသော အသုံးအနှုန်းနှင့် မိတ်ဆက်ပေး၍ အမူအကျင့် ဖော်ပြချက်တစ်ခုကို လက်တွေ့ဖြေလျှော့ရေးသားခြင်း

### ကြာမြင့်ချိန်

၁ နာရီ

### လိုအပ်သောအရာများ

- သင်ခန်းစာ ၃ ကားချပ်စာရွက် ၁ - ၁၀ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း
- တိပ်ခွေ

အဆင့်များ

1. သင်ခန်းစာ ၃ ကားချပ်စာရွက် ၁ - ၁၀ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း အပိုင်းအားလုံးကို နံရံပေါ်တွင် ကပ်၍ လေ့ကျင့်ခန်းအစုံလိုက်ကို ဖုံးအုပ်ထားပါ။
2. Formative Research ပြုလုပ်ခြင်း၏အကျိုးကျေးဇူးများသရုပ်ပြရာတွင် အထောက်အကူပြုမည့် ဂိမ်းတစ်ခုကစား ကြမည်ဖြစ်ကြောင်း ရှင်းပြပါ။
3. ယခုလေ့ကျင့်ခန်းတွင် သင်တန်းသားများသည် မတူညီသောကဏ္ဍ ၂ ခု - မိမိကိုယ်တိုင်နှင့်အမူအကျင့် ပြောင်းလဲမှုစီမံကိန်းဝန်ထမ်းတစ်ဦးအဖြစ် - မှ ပါဝင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ သင်ခန်းစာ ၃ ကားချပ် ၁ တွင် အမူအကျင့်ပြောင်းလဲမှုရည်မှန်းချက်ကို ညွှန်ပြပါ။
4. သင်တန်းသားများအားပြောရန် - ဒီရည်မှန်းချက်ကို ဖြည့်ဆည်းမယ့်နည်းလမ်းကို မဆုံးဖြတ်ခင် - လေ့လာမှုတွင် သင်တန်းသားအားလုံးပါဝင်၍ - ပါဝင်မည့်သူများကို လေ့လာမှုအချို့ ဦးစွာပြုလုပ်သွားမည်ဖြစ်သည်။

   ယခုပြုလုပ်သောအရာသည် သဏ္ဍာန်တူလေ့ကျင့်ခန်းသာဖြစ်ပြီး ကဏ္ဍယူသရုပ်ဆောင်ခြင်းမဟုတ်ကြောင်း သင်တန်းသားများအား အသိပေးပါ။ ထို့ကြောင့် သင်တန်းသားများသည် မေးခွန်းဖြေဆိုသည့်အခါတိုင်း

အခြားသူကိုယ်စားမဟုတ်ဘဲ သို့မဟုတ် ဟန်ဆောင်ဖြေဆိုခြင်းမဟုတ်ဘဲ စိတ်ထဲရှိသည့်အတိုင်း အမှန်ကိုဖြေဆိုရပါမည်။

5. နံရံတွင်ကပ်ထားသော စာရွက် ၃ ထပ်ပေါ်မှ စာရွက်လွတ်အသီးသီးကိုဖယ်ရှားရန် တစ်စုံတစ်ယောက်အား ပြောပါ။ ဇဟုသုတအချက်အလက် ၃ ခုကိုပြသထားကြောင်း ပြောပါ။ ပထမတစ်စုံကို အသံကျယ်ကျယ်ဖြင့် ဖတ်ပြရန် သင်တန်းသားတစ်ဦးအား ပြောပါ။
6. နလုံးရောဂါကိုလျော့ပါးစေရာတွင် လေ့ကျင့်ခန်း၏အရေးပါပုံနှင့်စပ်လျဉ်း၍ ၎င်းတို့သိထားသောအချက်နှင့် အနီးစပ်ဆုံး အချက်အလက်အနီးတွင် မတ်တပ်ရပ်ရန် သင်တန်းသားများအားပြောပါ။ အချက်အလက်တစ်ခုအနီးတွင် ယင်းသို့မတ်တပ်ရပ်ပြီးသည်နှင့် စီမံကိန်းဂန်ထမ်းအဖြစ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ မေးရန် - အုပ်စုများတွင် မည်သည့်အရာကို သတိပြုမိသနည်း။ အုပ်စု တစ်စုလျှင် သင်တန်းသားဦးရေ မည်မျှပါဝင်သနည်း။ အုပ်စုတစ်စုလျှင် ရာခိုင်နှုန်းများ မည်သို့ရှိသနည်း။ အခြား သတိပြုမိသော အချက်များရှိပါသလား - ဥပမာ လူမှုရေးအနေအထား၊ အလုပ်အကိုင်၊ ကျား/မ၊ အသက်၊ လူမျိုး၊ ဘာသာစကားအုပ်စု သို့မဟုတ် ဒေသ။
7. သင်တန်းသားများအား ပြောရန် - လေ့ကျင့်ခန်းလုပ်တာနဲ့ပတ်သက်လို့ ကိုယ်သိနားလည်တဲ့အဆင့်အလိုက် အုပ်စုလေးတွေ ခွဲလိုက်တာဖြစ်ပါတယ်။ မေးရန် - ဒီမေးခွန်းတစ်ခုတည်းရဲ့ အဖြေတွေပေါ်မူတည်ပြီး စီမံကိန်းအတွက် ဆုံးဖြတ်ချက်တွေချလို့ရပါသလား။ [ဗဟုသုတမြင့်မားသည့်အုပ်စုဝင်ဦးရေများပြားပါက လေ့ကျင့်ခန်းလုပ်ခြင်း၏အရေးပါပုံကို လူအများပိုမိုသိရှိလာစေရန် အချိန်/ငွေ (များစွာ) အကုန်ခံရန် မလိုအပ်နိုင်ပါ။ ဘက်ဂျက်တွင် လိုအပ်သလို ချိန်ညှိမှုပြုလုပ်၍ ရမည်ဖြစ်ပါသည်]။
8. သင့် *ယုံကြည်မှုများ*အလှည့်တွင် မည်သို့ရှိမည်ကို ယခုတစ်ကြိမ်တွင် တွေ့မြင်ရမည်ဖြစ်သည်။ *ယုံကြည်မှု* များကို ပြသရန် စာရွက်အထပ်တစ်စုံစီမှ ဗဟုသုတအချက်အလက်စာရွက်များကို သင်တန်းသားတစ်ဦးက ဖယ်ရှားပေးပါရန် ပြောပါ။ အသံကျယ်ကျယ်ဖြင့် ဖတ်ပြရန် သင်တန်းသားတစ်ဦးအား ပြောပါ။
9. သင်တန်းသားများအမှန်တကယ် *ယုံကြည်မှု* အဆင့်များနှင့် အနီးစပ်ဆုံးတူညီသည့် ဖော်ပြချက်အနီးတွင် မတ်တပ်ရပ်ရန် သင်တန်းသားများအား ပြောပါ။ ဖော်ပြချက်အနီးတွင် မတ်တပ်ရပ်ပြီးပါက မေးရန် - အုပ်စုအလိုက်မှာ ဘာတွေသတိပြုမိတာရှိသလဲ။ ရာခိုင်နှုန်းအားဖြင့် ဘယ်လိုပြောင်းလဲမှုတွေကို သင်သတိပြုမိသလဲ။ မေးရန် - အမူအကျင့်တစ်ခုအကြောင်း ဗဟုသုတမြင့်မားသည်ဟူသောအချက်ဖြင့် တစ်စုံတစ်ယောက်၏ ယုံကြည်မှုကို အတိအကျ မှန်းဆနိုင်ပါသလား။
10. သင်တန်းသားများအား ပြောပြရန် - *ယုံကြည်မှုများ*အလှည့်တွင် မည်သို့ရှိမည်ကို ယခုတစ်ကြိမ်တွင် တွေ့မြင်ရမည်ဖြစ်သည်။
11. စာရွက်ထပ်အသီးသီးမှ *လက်တွေ့ကျင့်သုံးမှု* အချက်အလက်များကိုပြသရန် *ယုံကြည်မှုစာရွက်များ*ကိုဖယ်ရှားပါ။ *လက်တွေ့ကျင့်သုံးမှု*အချက်အလက်များကိုဖတ်ရန် သင်တန်းသားများအား လက်တွေ့ကျင့်သုံးမှုစာရွက်များကို ဖတ်၍ မိမိအမှတ်တကယ်ကျင့်သုံးသည့် (တစ်နည်းအားဖြင့် အမူအကျင့်) အတိုင်း နေရာယူကြရန် သင်တန်းသားများအား ပြောပါ။
12. သင်တန်းသားများအား မေးရန် - မည်သည့်ကွဲပြားမှုများကို တွေ့ရှိသနည်း။ လူဦးရေအချက်အလက်၊ အလုပ်အကိုင်၊ ကျား/မ သို့မဟုတ် အသက်တို့နှင့်စပ်လျဉ်း၍ သတိပြုမိသည့်အချက်များရှိပါသလား။ သင့်ဗဟုသုတနှင့်ယုံကြည်မှုတို့မှတဆင့် သင့်အမူအကျင့်ကို မည်မျှမှန်းဆ၍ ရခဲ့သနည်း။

13. အမှန်တကယ်ပြုလုပ်သောအရာနှင့် မိမိသိရှိ၊ ယုံကြည်သောအရာတို့အကြား အတန်ကွာခြားလေ့ရှိပါသည်။ "ကျင့်သုံးသူ" ဆိုသည်မှာ အကောင်းဆုံးအမူအကျင့်ကို လက်တွေ့ကျင့်သုံးသူများဖြစ်ပြီး "မကျင့်သုံးသူ" ဆိုသည်မှာ အမူအကျင့်ကို လက်တွေ့ကျင့်သုံးခြင်းမပြုသူအားလုံးဖြစ်ကြောင်း ရှင်းပြ၍ ယင်းဝေါဟာရများကို မိတ်ဆက်ပေးပါ။ ယခုပြုလုပ်မည့်စစ်တမ်းမျိုးတွင် ကျင့်သုံးသူနှင့်မကျင့်သုံးသူများကို ခွဲခြားသိရှိခြင်းသည် အရေးပါသော ကဏ္ဍမှပါဝင်ကြောင်း ရှင်းပြပါ။
14. သင်တန်းသားများ အဖွဲ့လိုက်မတ်တပ်ရပ်နေစဉ် မေးရန် - ဦးတည်အုပ်စုဝင်များထဲမှ အုပ်စုကွဲတစ်ခုကို ဦးစွာရွေးချယ်ရမည်ဆိုပါက မည်သည့်အုပ်စုကို ရွေးချယ်မည်နည်း။ "လွယ်ကူသော ပစ်မှတ်" ဟူသော ဝေါဟာရကို မိတ်ဆက်ပေးပါ။ တစ်နည်းအားဖြင့် ပြောင်းလဲနိုင်ခြေပိုများသည့် အုပ်စုငယ်များ ("ကိုင်းအနိမ့်မှ သစ်သီးများ" ဟုလည်း ခေါ်ကြသည်) ကို ဦးတည်ချက်ထားခြင်းကို ဆိုလိုပါသည်။ ယင်းအုပ်စုငယ်များသည် ထိခိုက်လွယ်သဖြင့် ပြောင်းလဲမှုလုပ်ရန် စိတ်ဆန္ဒအကြီးမားဆုံးရှိသူများ သို့မဟုတ် ပြောင်းလဲမှုလုပ်ရန် အခက်အခဲမရှိသူများ (ကောင်းသော သွေးဖြည်သူ) ဖြစ်လေ့ရှိပါသည်။
15. အတားအဆီးများရှာဖွေဖော်ထုတ်မှုပြုလုပ်သည့်အခါ ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ဦးရှိကြောင်း သင်တန်းသားများအား ရှင်းပြပါ။ ရံဖန်ရံခါတွင် စစ်တမ်းတွင် ပါဝင်မည့်သူဦးရေ လုံလောက်စွာရရှိနိုင်ရန် ကျင့်သုံးသူအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အား - စစ်တမ်းပြုလုပ်ရန်အတွက် - ပြင်ဆင်ရလေ့ရှိသည်။ ယင်းသို့ ပြုလုပ်ခြင်းကို "အမူအကျင့်၏သတ်မှတ်ချက်များ ဖြေလျှော့ခြင်း" ဟုခေါ်သည်။ အမူအကျင့်က အသစ်ဖြစ်နေသည့်အခါ၊ အလွန်ကြုံတွေ့ရခဲသည့်အခါ သို့မဟုတ် အလွန်ခက်ခဲသည့်အခါ ယင်းသို့ ဖြေလျှော့ရလေ့ရှိသည်။

သင်တန်းသားများအားမေးရန် - တို့ရဲ့ "Healthy Heart Project" အတွက် စစ်တမ်းကောက်လေ့လာနေတဲ့ အလိုရှိဆုံးနဲ့ အကောင်းဆုံးအမူအကျင့်က ဘာလဲ။ ဖြစ်နိုင်ဖွယ်ရာအဖြေ - တစ်ပတ်လျှင် အနည်းဆုံး ၅ ကြိမ် ၃၀ မိနစ်ကြာ လေ့ကျင့်ခန်းအသင့်အတင့်ပြုလုပ်ခြင်း။ ဆက်လက်မေးမြန်းရန် - ဒီအမူအကျင့်ဖော်ပြချက်ကို ဘယ်လိုဖြေလျှော့လို့ရမလဲ။ အဖြေများတွင် တစ်ပတ်လျှင် ၄ ကြိမ် မိနစ် ၃၀ သို့မဟုတ် ၂၀ ကြာ လေ့ကျင့်ခန်းပြုလုပ်သူ ဟုထွက်ပေါ်လာမည်ဖြစ်သည်။ စစ်တမ်းကောက်သည့်နေ့အတွက်သာ အမူအကျင့်သတ်မှတ်ချက်ကို ဖြေလျှော့ခြင်းဖြစ်ပြီး ဖြေကြားသူများအား ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ ဟုခွဲခြားရန်သာဖြစ်ကြောင်း သင်တန်းသားများအား သတိပေးပါ။ စစ်တမ်း၏အခြားမေးခွန်းများမေးမြန်းနေချိန်နှင့်စီမံချက်ကာလအတွင်း၌ အကောင်းဆုံးအမူအကျင့်ကို အားပေးမြှင့်တင်သွားမည်ဖြစ်ပါသည်။ လိုအပ်သော ကျင့်သုံးသူဦးရေပြည့်ရုံသာ အမူအကျင့်ကို ဖြေလျှော့သင့်ကြောင်း ရှင်းပြပါ။ အမူအကျင့်ကို အလွန်အကျွံဖြေလျှော့လိုက်ပါက မကျင့်သုံးသူ အလုံအလောက် ရရှိနိုင်မည်မဟုတ်ပါ။

16. သင်တန်းသားများအားမေးရန် - ယခုလေ့ကျင့်ခန်းမှ မည်သည့်သင်ခန်းစာများရရှိခဲ့သနည်း။ အောက်ပါ အကြောင်းအရာများပြောလာအောင် အထောက်အကူပေးပါ။
   - လူတစ်ဦး၏ လုပ်ဆောင်မှုတိုင်းသည် ၎င်းတို့၏ဗဟုသုတနှင့်ယုံကြည်မှုတို့ကို ထင်ဟပ်ခြင်းမရှိပါ။ မိမိကိုယ်ကိုယ် ပြန်လည်စဉ်းစားကြည့်လျှင်ပင် ယင်းအချက်က မှန်ကန်ကြောင်းသိနိုင်ပါသည်။

သို့သော်လည်း ကျန်းမာရေးမြှင့်တင်မှုအစီအစဉ်များရေးဆွဲချိန်တွင် ယင်းအခြေခံသဘောတရားကို ကျွန်ုပ်တို့မေ့လျော့နေလေ့ရှိသည်။

- လူထုကို သတင်းအချက်အလက်ပေးရုံမျှဖြင့် မလုံလောက်ကြောင်း ယင်းအချက်က ကျွန်ုပ်တို့ကို သတိပြုမိစေသည်။ ယုံကြည်မှုအသစ်တစ်ခုကို လက်ခံလာအောင်နားချပြောပြသည့်တိုင် အကျိုးများသည့် အမူအကျင့်ကိုကျင့်သုံးလာရန် မသေချာပါ။
- ကျင့်သုံးသူနှင့်မကျင့်သုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်
- ကျင့်သုံးသူ အလုံအလောက်ရရှိနိုင်ရန် အမူအကျင့်သတ်မှတ်ချက်တွင် ဖြေလျော့ရန်လိုအပ်သည်။
- ယခုသင်တန်း၏ရည်မှန်းချက်ဖြစ်သော စစ်တမ်းကို ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ယခုလေ့ကျင့်ခန်းက ပြသပါသည်။

## သင်ခန်းစာ ၃ ကားချပ်စာရွက် ၁-၁၀ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်း

**အမူအကျင့်ပြောင်းလဲရေးရည်မှန်းချက်** (ကားချပ်စာရွက် ၁) - လူကြီးများသည် တစ်ပတ်လျှင် အနည်းဆုံး ၄ ကြိမ် အသင့်အတင့်လေ့ကျင့်ခန်းကို အနည်းဆုံး ၃၀ မိနစ်ကြာ ပြုလုပ်ကြသည်။

ယခုဂိမ်းကစားရန် ကားချပ်စာရွက် ၃ စုံလိုအပ်သည်။ အထပ်ဖော်ပြပါ ကားချပ်စာရွက် ၁ နှင့်အတူ တစ်စုံစီကို နံရံတွင် တိပ်ဖြင့်ကပ်ထားခြင်းဖြင့် စာရွက်တစ်ရွက်ကိုဖွင့်ဟပြသည့်အခါ ရှေ့မှစာရွက်ကိုဖယ်ရှားရန် လွယ်ကူစေမည်ဖြစ်သည်။ အစုံတိုင်းတွင် အောက်ပါအတိုင်း စာမျက်နှာ ၃ မျက်နှာပါဝင်သည်။ စာရွက်များကို အောက်တွင်ဖော်ပြထားသကဲ့သို့ အစီအစဉ်တကျ တစ်ခုပေါ်တစ်ခုထပ်ထားရမည်။ စာရွက်လွတ်တစ်ရွက်စီကို အပေါ်တွင်ကပ်၍ စာရွက်များကို ဖုံးအုပ်ထားရမည်။

### ပထမတစ်စုံ

ကားချပ်စာရွက် ၂ - လေ့ကျင့်ခန်းပြုလုပ်ရန် အလွန်အရေးကြီးသည်ကို ကျွန်ုပ်သိပါသည်။ အရေးကြီးကြောင်း သက်သေပြထားသည့် လေ့လာတွေ့ရှိချက်များကို ကျွန်ုပ်ဖတ်ဖူးပါသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကျန်းမာရေး ကောင်းမွန်နိုင်ကြောင်း ကြော်ငြာများစွာကိုလည်း ကျွန်ုပ်ကြားဖူးပါသည်။

ကားချပ်စာရွက် ၃ - လေ့ကျင့်ခန်းလုပ်ဖို့ အလွန်အရေးကြီးတယ်လို့ ကျွန်ုပ်ယုံကြည်ပါသည်။ လူတိုင်း လေ့ကျင့်ခန်း ပုံမှန် - အနည်းဆုံး တစ်ပတ်လျှင် ၄ ကြိမ် - ပြုလုပ်သင့်ပါသည်။

ကားချပ်စာရွက် ၄ - ကျွန်ုပ်သည် ယခင်အပတ်က လေ့ကျင့်ခန်း ၄ ကြိမ်ထပ်မနည်းကို တစ်ကြိမ်လျှင် အနည်းဆုံး ၃၀ မိနစ်ကြာ ပြုလုပ်ခဲ့ပါသည်။

### ဒုတိယတစ်စုံ

ကားချပ်စာရွက် ၅ - နှလုံးရောဂါဖြစ်နိုင်ခြေကို လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် လျော့ကျစေနိုင်သည်ဟု ကျွန်ုပ် ကြားဖူးရုံ ကြားဖူးပါသည်။

ကားချပ်စာရွက် ၆ - လေ့ကျင့်ခန်းပြုလုပ်ရန် အနည်းငယ်မျှ အရေးကြီးသည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ လူအများစုသည် တစ်ပတ်လျှင် လေ့ကျင့်ခန်း ၁-၂ ကြိမ်ပြုလုပ်ရန် လိုအပ်ပါသည်။

ကားချပ်စာရွက် ၇ - ကျွန်ုပ်သည် ယခင်အပတ်က လေ့ကျင့်ခန်း ၂ ကြိမ်ပြုလုပ်ခဲ့ပါသည်။

### တတိယတစ်စုံ

ကားချပ်စာရွက် ၈ - ကျန်းမာသောလူများစွာသည် လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် ကျန်းမာကြသည်ဟု ကျွန်ုပ် သိရှိပါသည်။ သို့သော်လည်း လေ့ကျင့်ခန်းကို ၎င်းတို့မည်ကဲ့သို့ပြုလုပ်သည်ကိုမူ ကျွန်ုပ်မသိပါ။

ကားချပ်စာရွက် ၉ - တစ်နေ့တာ လှုပ်ရှားလုပ်ကိုင်မှုများဖြင့်ပင် လေ့ကျင့်ခန်းအတွက် လုံလောက်ပြီဟု ကျွန်ုပ်ထင်ပါသည်။

ကားချပ်စာရွက် ၁၀ - ကျွန်ုပ်သည် ယခင်အပတ်က လေ့ကျင့်ခန်း လုံးဝ မလုပ်ဖြစ်ပါ။

## သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinants အရာများ

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- အဓိကကျသည့် Determinants ကို ပြန်လည်လေ့လာခြင်း
- တွေ့ရအများဆုံး Determinants ၄ ခုကို ပြောပြခြင်း
- ဦးတည်အုပ်စုတစ်ခုမှ Formative Research ဖော်ပြချက်နှင့် Determinant တို့တွဲစပ်ခြင်း
- နမူနာဖြစ်ရပ်တစ်ခုမှ Determinants များရှာဖွေဖော်ထုတ်ခြင်း

### အချိန်

၂ နာရီ

### လိုအပ်သောအရာများ

- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ
- သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinant များ
- သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ အကြောင်း လေ့လာခြင်း
- အခြား #၂ - Determinant ဂိမ်းအကြောင်းလေ့လာရန် ကားချပ်စာရွက်များ
- သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - သိမ်မွေ့သော Determinant အချို့
- သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၄ - မေးခွန်းနှင့် Determinant များ တွဲစပ်ခြင်း

### အဆင့်များ

1. နိဒါန်း

1a. ယခုတစ်ကြိမ်တွင် အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်သော Determinant များအကြောင်း ဆွေးနွေးမည်ဖြစ်ကြောင်း သင်တန်းသားများအားပြောပါ။ မေးရန် - အမူအကျင့်ပြောင်းလဲမှုအတွက် မဟာဗျူဟာရေးဆွဲရာတွင် အမူအကျင့်သစ်ကို ကျင့်သုံးရာ၌တွေ့ကြုံရသည့် အတားအဆီးအစစ်အမှန်များက မည်သည့်အရာများဖြစ်သည်ကို မည်ကဲ့သို့သိနိုင်သနည်း။ ရှင်းပြရန် - အများအားဖြင့် ကျွန်ုပ်တို့သည် အမူအကျင့်သစ်တစ်ခုကို စတင်ကျင့်သုံးရာ၌ အတားအဆီးပြုနိုင်သည့်အရာများကို မှန်းဆရုံမျှသာ ပြုလုပ်လေ့ရှိသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကျိုးကြောင်းအယူအဆကို အသုံးပြုကြသည်။ ဥပမာ အကယ်၍ အမူအကျင့်တစ်ခုကို ကျင့်သုံးရန် ပစ္စည်းတစ်ခုခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုကို လိုအပ်ပါက ယင်းတို့မရရှိနိုင်ခြင်းကို အဓိကအတားအဆီးအဖြစ် ကျွန်ုပ်တို့က ယူဆလေ့ရှိသည်။ သက်ဆိုင်ရာအမူအကျင့်၏ကောင်းကျိုးများကို လူအများမသိ

နားမလည်ကြဟုလည်း ကျွန်ုပ်တို့က မကြာခဏ ယူဆလေ့ရှိသည်။ DBC Framework ထိရောက်မှုရှိရခြင်းမှာ ယင်းကို အသုံးပြုသူသည် သုတေသနပြုလုပ်၍ အချက်အလက်စုဆောင်းရသောကြောင့်ဖြစ်သည်။ သုတေသနကို ဦးတည်အုပ်စုဝင်များအကြားပြုလုပ်၍ အထောက်အထားများစုဆောင်းသည်။ မှန်းဆရမှုကို နည်းပါးစေသည့်အပြင် အမူအကျင့်နှင့်ပတ်သက်၍ ၎င်းတို့၏အမြင်ကို မေးမြန်းခြင်းဖြင့် ဦးတည်အုပ်စုအား လေးစားမှုပြသနိုင်သည်။ အမူအကျင့်ပြောင်းလဲမှု၏ Determinant ၁၂ ခုသည် မေးခွန်းများပြုစုရာတွင် အထောက်အကူပြုနိုင်ပြီး ယင်းမေးခွန်းများဖြင့် အမူအကျင့်အကြောင်းကို ဦးတည်အုပ်စုနှင့်ပြောဆိုဆွေးနွေးနိုင်သည်။ ယခုသင်ခန်းစာတွင် အမူအကျင့်ပြောင်းလဲမှု၏ Determinant ၁၂ ခုကို လေ့လာသွားမည်ဖြစ်သည်။

2. Determinant ဆိုသည်မှာ အဘယ်နည်း။

2a. သင်တန်းသားများအား မေးရန် - အမူအကျင့်တစ်ခုတွင် အပြောင်းအလဲပြုလုပ်ခြင်းကို အားပေးရန် (ဖြစ်လာစေရန်) နည်းလမ်းကို အများအားဖြင့် သင် မည်ကဲ့သို့ဆုံးဖြတ်ရွေးချယ်သနည်း။ အတွေ့အကြုံများမျှဝေရန် အချိန်ပေးပါ။ စီမံကိန်းအများအပြားတွင် အမူအကျင့်နှင့်ဦးတည်အုပ်စုပြီးနောက် လုပ်ငန်းများနှင့်အသိပညာပေးချက်များသို့ တိုက်ရိုက်သွားလေ့ရှိသည်၊ လက်ရှိလက်ဆောင်သောအရာကို အဘယ့်ကြောင့်လုပ်ဆောင်၍ ကောင်းသော အမူအကျင့်ကို ကျင့်သုံးရာတွင် မည်သည့်အရာများက အတားအဆီးဖြစ်ဖွယ်ရှိနိုင်သည် တို့ကို ကောင်းစွာစဉ်းစားသုံးသပ်ခြင်း မပြုကြကြောင်း ရှင်းပြပါ။ ရှေ့တွင်ဖော်ပြသကဲ့သို့ပင် ကျွန်ုပ်တို့သည် အတားအဆီးများကို မှန်းဆကြည့်ခြင်းသာ ပြုလုပ်လေ့ရှိသည်။

2b. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework ဆိုင်ရာ ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ** အတိအကျဆိုသော် အမူအကျင့်၏ Determinant အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ - လူအုပ်စုတစ်စုအတွင်း၌ အမူအကျင့်တစ်ခုကိုကျင့်သုံးခြင်းကို အားပေး သို့မဟုတ် အဟန့်အတားပြုသည်ဟု တွေ့ရှိရသော အကြောင်းအချက်များကို ဆိုလိုသည်။ Determinant များကို ၁၂ တွဲပါ ရထားတစ်စင်းအဖြစ် ရှုမြင်နိုင်သည်။ တစ်တွဲချင်းသည် သီးခြားစီဖြစ်သော်လည်း တစ်ခုနှင့်တစ်ခုဆက်စပ်နေသည့် Determinant များဖြစ်ကြသည်။ (အတားအဆီးများရှာဖွေဖော်ထုတ်နည်းဖြင့်) ရထားတွဲတစ်ခုချင်းတွင် အတွင်း၌ မည်သည့်အရာရှိသည်၊ အကြောင်းအချက်များအနက် မည်သည့်အချက်က အမူအကျင့်ကို လူအများမကျင့်သုံးရသည့် အဓိကအကြောင်းရင်းဖြစ်သည် တို့ကို စစ်ဆေးရန်လိုအပ်သည်။

3. အမူအကျင့်ပြောင်းလဲမှု၏ Determinant ၁၂ ခု

3a. **သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinant များ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ သင်တန်းသားများအား ပြောရန် - စာရင်းထဲမှ Determinant များသည် ကျန်းမာရေး/WASH အမူအကျင့်များနှင့်သက်ဆိုင်သည်ဟု ကောင်းစွာသိရှိသော်လည်း မည်သည့်အတိုင်းအတာအထိ သက်ဆိုင်သည် သို့မဟုတ် မည်သည့် Determinant က စိုက်ပျိုးရေးနှင့်သက်ဆိုင်၍ မည်သည့် Determinant က သဘာဝအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ အမူအကျင့်များ၊ ပညာရေးဆိုင်ရာအမူအကျင့်များ သို့မဟုတ် ကျား/မ သာတူညီမျှမှုဆိုင်ရာ အမူအကျင့်များနှင့်သက်ဆိုင်သည် တို့ကိုပြောပြနိုင်လောက်သည့် အချက်အလက်စုံလင်စွာ ကျွန်ုပ်တို့ထံတွင် မရှိသေးပါ။

3b. Determinant များအနက် ကျန်းမာရေး/WASH အမူအကျင့်များအပေါ် လွှမ်းမိုးသည်ဟု ပိုမိုကျယ်ပြန့်စွာ တွေ့ရှိရသည့် Determinant ၄ ခုရှိသည်ဟု လူမှုသိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း ရှင်းပြပါ။ ယင်းတို့မှာ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ ဖြစ်ပါသည်။ လက်ကမ်းစာရွက်ပေါ်တွင် ယင်း Determinant ၄ ခုအောက်၌ မျဉ်းသား သို့မဟုတ် ကြယ်ပွင့်ပြရန် သင်တန်းသားများအား ပြောပါ။

3c. အလွန်အရေးပါသော အထက်ပါ Determinant ၄ ခုအပြင် လူမှုသိပ္ပံပညာရှင်များသည် အမူအကျင့်ပြောင်းလဲမှု၏ အခြား Determinant ၇ ခုကိုလည်း တွေ့ရှိဖော်ထုတ်ထားသည် - ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသော အရာများ၊ လက်လှမ်းမီမှု၊ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်၊ အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း၊ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ၊ မူဝါဒ နှင့် ယဉ်ကျေးမှုတို့ဖြစ်ပါသည်။ ဘုရားရှင်၏အလိုတော်ဟုထင်မြင်ယူဆခြင်းသည်လည်း မကြာခင်က ထပ်မံဖြည့်စွက်လိုက်သည့် Determinant တစ်ခုဖြစ်ပြီး ယခုအခါ Determinant စုစုပေါင်း ၁၂ ခုရှိပါသည်။

3d. ယခုကျွန်ုပ်တို့ပြောနေသည်မှာ ထင်မြင်ယူဆချက်များဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ ဥပမာပေးရသော် အမူအကျင့်ပြောင်းလဲမှု အတွက် အရေးအကြီးဆုံးအချက်မှာ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ခုကို အမှန်တကယ် ရရှိခြင်းရှိမရှိမဟုတ်ဘဲ ရရှိသည်ဟု ၎င်းတို့ထင်မြင်ယူဆချက်သာဖြစ်ပါသည်။ ထို့ကြောင့်ပင် Determinant အများစုတွင် "ထင်မြင်ယူဆ"ဟူသော အသုံးအနှုန်းပါဝင်နေခြင်းဖြစ်ပါသည်။

4. အမူအကျင့်ပြောင်းလဲမှု၏ Determinant များကိုလေ့လာခြင်း

4a. တက်ကြွမှုနည်းပါးသော/အတွေ့အကြုံရှိပြီး သင်တန်းသားများအတွက် - **သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများအကြောင်း လေ့လာခြင်း** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ Determinant စာရင်းနှင့်၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လက်ကမ်းစာရွက် ၁ တွင် လေ့လာ၍ လက်ကမ်းစာရွက် ၂ ရှိ မေးခွန်းများကို ဖြေဆိုရန် ပြောပါ။

4b. အကယ်၍ သင်တန်းသားများ တစ်ပြိုင်တည်းပြီးစီးသွားပါက မေးခွန်းတစ်ခုချင်းအတွက် ၎င်းတို့၏အဖြေများကို ပြောရန် သင်တန်းသားများအချို့အား မေးပါ။ ပြီးစီးချိန်မတူပါက **နောက်ဆက်တွဲ ၃** ဆက်လက်ကြည့်ရန် ပြောပါ။

4c. တက်ကြွမှုပိုရှိသော/အတွေ့အကြုံနည်းသေးသော သင်တန်းသားများအတွက် - စားပွဲအလိုက် အဖွဲ့များခွဲ၍ လုပ်ဆောင်ရန် သင်တန်းသားများအားပြောပါ။ စားပွဲလိုက်အဖွဲ့အသီးသီးအတွက် ကားချပ်စာရွက်တစ်ရွက်စီကို နံရံပေါ်တွင် ကပ်စေပြီး ယင်း၏အနီးအနားတို့တွင် စုဝေးကြရန် ပြောပါ။ ကားချပ်စာရွက်တွင် လက်ကမ်းစာရွက် ၂ မှ မေးခွန်းများ၏ နံပါတ်များပါရှိပါသည်။ လက်ကမ်းစာရွက် ၁ မှ Determinant စာရင်းကို ကြည့်ရန် အဖွဲ့များအားပြော၍ ကားချပ်စာရွက်ပေါ်ရှိ မေးခွန်းများ၏အဖြေမှန်ကို သက်ဆိုင်ရာမေးခွန်းနံပါတ်ဘေးတွင်ရေးသားရန် ပြောပါ။ အဆင်ပြေပါက အသုံးပြုရန် - ဤလေ့ကျင့်ခန်းကို ဂိမ်း/ပြိုင်ပွဲတစ်ခုအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည် - အဖြေများကို ဖြည့်စွက်ပြီးသည်နှင့် ထိုင်ခုံတွင်ပြန်ထိုင်ရန် အဖွဲ့များအား ပြောပါ။ ဦးစွာပြီးသောအဖွဲ့က အနိုင်ရမည်။ ထို့နောက်/သို့မဟုတ် ၎င်းတို့၏ အဖြေများကို နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားသည့် အဖြေလွှာနှင့် တိုက်ဆိုင်စစ်ဆေးရန် အဖွဲ့များအား ပြောပါ။

4d. သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - သိမ်မွေ့သော Determinant အချို့ ကိုကြည့်ရန် သင်တန်းသားများအား ပြော၍ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများနှင့်ယဉ်ကျေးမှု၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့် ထိရောက်မှုရှိသည်ဟု ထင်မြင်ယူဆသောအရာများအကြား ကွာခြားချက်ကို ရှင်းပြပြီးနောက် အခြား Determinant များ အကြောင်း သင်တန်းသားများ၏မေးမြန်းချက်ဟူသမျှကို ဖြေကြားပေးပါ။

5. Determinant များ၏အခန်းကဏ္ဍအစစ်အမှန်

5a. Determinant များ၏ အရေးအကြီးဆုံးအခန်းကဏ္ဍမှာ ကျင့်သုံးသူ/မကျင့်သုံးသူစစ်တမ်း သို့မဟုတ် အတားအဆီးများရှာဖွေဖော်ထုတ်ရန်စစ်တမ်းမေးခွန်းများကို မည်ကဲ့သို့ ရေးသားရသည်ကို လမ်းညွှန်ပြသပေးရန် ဖြစ်ကြောင်း သင်တန်းသားများအားပြောပါ။

5b. သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၄ - မေးခွန်းနှင့် Determinant များ တွဲစပ်ခြင်း ကိုအသုံးပြု၍ မေးခွန်းနှင့် Determinant များကို တွဲစပ်ရန် သင်တန်းသားများအားပြောပါ။ နောက်ဆက်တွဲ ၄ ရှိ အဖြေလွှာအသုံးပြုနည်းကို ပြန်လည်ဖတ်ရှုပါ။

5c. မေးခွန်းလွှာရှိ မေးခွန်းအသီးသီးသည် Determinant တစ်ခုခုနှင့် သက်ဆိုင်ကြောင်း ရှင်းပြပါ။ နောက်သင်ခန်းစာတွင် မေးခွန်းလွှာရေးသားပုံကို ပိုမိုအသေးစိတ်လေ့လာသွားမည်ဖြစ်သည်။

## သင်ခန်းစာ ၄ လက်ကမ်းစာစောင် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinant များ[၃၃၊ ၃၄]

Formative Research (အတားအဆီးများ ရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် ကျင့်သုံးသူ/မကျင့်သုံးသူစစ်တမ်း) ပြုလုပ်ရာတွင် ပထမဆုံး Determinant ၄ ခုကို အစဉ်အမြဲ လေ့လာရမည်။ ယင်း ၄ ခုသည် ကျန်းမာရေး/အာဟာရဆိုင်ရာ အမူအကျင့်များအတွက် အရေးအကြီးဆုံးဖြစ်သည်ကို အများအားဖြင့် ပိုမိုတွေ့ရလေ့ရှိသည်။

1. **မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ**
   - မိမိ၏လက်ရှိဗဟုသုတ၊ ကျွမ်းကျင်မှုနှင့်ရင်းမြစ်များအရ အမူအကျင့်ကိုကျင့်သုံးနိုင်စွမ်းရှိသည်ဟု ဦးတည်အုပ်စုဝင်များ၏ယုံကြည်မှု
2. **လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ**
   - ဦးတည်အုပ်စုဝင်များအနေဖြင့် ကျင့်သုံးသင့်သည် သို့မဟုတ် ကျင့်သုံးရန်မသင့်ဟု ယင်းအုပ်စုအတွက် အရေးပါသူများကထင်မြင်သည်ဟု ယူဆချက်
   - လူမှုထုံးစံတွင် နှစ်ပိုင်းရှိသည် - ၁) အမူအကျင့်တစ်ခုနှင့်စပ်လျဉ်း၍ ဦးတည်အုပ်စုဝင်အတွက် အရေးအကြီးဆုံးသူ နှင့် ၂) ဦးတည်အုပ်စုဝင်က ကျင့်သုံးသင့်သည်ဟု ယင်းအရေးပါသူများက ယူဆသောအရာ
   - လူမှုထုံးစံအတွက် မေးခွန်းများကို ဖြေကြားရာမှာ ဩဇာညောင်းသည့်အုပ်စု ထွက်ပေါ်လာမည်ဖြစ်သည်။ အများအားဖြင့် ဩဇာညောင်းသည့်အုပ်စု တစ်စု (ရံဖန်ရံခါ ၂ စု) သာရှိပြီး အများအားဖြင့် ဦးတည်အုပ်စုနှင့်နီးစပ်သူ - ဥပမာ မိသားစုဝင် - ဖြစ်လေ့ရှိသည်။
3. **ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ**
   - အမူအကျင့်တစ်ခုကိုကျင့်သုံးသဖြင့် ဖြစ်ပေါ်လာမည်ဟု ဦးတည်အုပ်စုဝင်က ထင်သော ကောင်းကျိုးများ
   - အမူအကျင့်ကို ကျင့်သုံးခြင်းဖြင့် ပြဿနာကိုတားဆီးနိုင်သဖြင့် ကောင်းကျိုးဖြစ်သည်ဟု ဦးတည်အုပ်စုကပြောသည့်အခါ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာအကြား တူညီနေသည့်အခါများရှိသည် (ဥပမာ - အဓိကကျသော အချိန်များတွင် ဆပ်ပြာဖြင့် လက်ဆေးခြင်း၏ကောင်းကျိုးတစ်ခုမှာ ဝမ်းပျက်ဝမ်းလျှောကင်းဝေးခြင်း ဖြစ်သည်)။
   - သို့သော်လည်း ကောင်းကျိုးဟုထင်မြင်ယူဆသောအရာတိုင်းက ပြဿနာကိုတားဆီးနိုင်ခြင်းမရှိပါ။ (ဥပမာ - ခြင်ထောင်ဖြင့်အိပ်ပါက တစ်ညလုံး ခြင်သံတစ်ဂီဂီကြောင့် အနှောင့်အယှက်ဖြစ်ခြင်း မရှိတော့ပါ။)

[၃၃] DBC သင်ရိုးကို ၂၀၀၈ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ဝေချိန်မှစ၍ စိုက်ပျိုးရေးနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု ဆိုင်ရာ အမူအကျင့်များနှင့် ပိုမိုကိုက်ညီစေရန် Determinant စာရင်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ကျန်းမာရေးနှင့်အာဟာရဦးစားပေး Barrier Analysis လက်စွဲမှ Determinant စာရင်းနှင့် အနည်းငယ် ကွာခြားပါသည်။

[၃၄] ဤလက်စွဲကို AED ၏မူလရေးသားချက်များနှင့် Food for the Hungry Barrier Analysis လက်စွဲစာအုပ်တို့အား လိုအပ်သလို ပြင်ဆင်မှုပြုလုပ်၍ ပြုစုထားခြင်းဖြစ်ပါသည်။

4. **ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ**
   - အမူအကျင့်တစ်ခုကို ပြုလုပ်သဖြင့် ဖြစ်ပျက်လာသည်ဟု ဦးတည်အုပ်စုကထင်သော ဆိုးကျိုးများ
   - ဆိုးကျိုးများနှင့်ဆက်စပ်သည့် မေးခွန်းများအတွက် အဖြေများမှတဆင့် အမူအကျင့်၏ဆိုးကျိုးများ၊ အမူအကျင့်ပေါ်ထားရှိသော သဘောထားအမြင်များနှင့်အမူအကျင့်၏ဆိုးကျိုးဟုယူဆသော အရာများ ထွက်ပေါ်လာလေ့ရှိသည်။

## အဓိကကျသော အခြား Determinant များ

5. **လက်လှမ်းမီမှု**
   - လက်လှမ်းမီမှုတွင် အမူအကျင့်တစ်ခုကိုကျင့်သုံးရန် လိုအပ်သည့် ပစ္စည်းများ (ဥပမာ - ဓာတ်မြေသြဇာ၊ ဆပ်ပြာ၊ ကွန်ဒုံး) သို့မဟုတ် ဝန်ဆောင်မှုများ (ဥပမာ - တိမွေးကု ဝန်ဆောင်မှုများ၊ ကာကွယ်ဆေးထိုးနှံခြင်း) ကို ဦးတည်အုပ်စုမှ ရရှိနိုင်သည့်အတိုင်းအဆ ပါဝင်သည်။
   - ကုန်ကျစရိတ်၊ တည်နေရာ၊ အကွာအဝေး၊ ဘာသာစကား၊ ယဉ်ကျေးမှုဆိုင်ရာပြဿနာရပ်များနှင့် ကျား/မ ဖြစ်ခြင်းတို့နှင့်ဆက်စပ်သည့် အတားအဆီးများ ပါဝင်သည်။
   - ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာမေးခွန်းအတွက် အဖြေများမှတဆင့်လည်း လက်လှမ်းမီမှုဆိုင်ရာပြဿနာရပ်များ ထွက်ပေါ်လာနိုင်သည် - ဘာကြောင့် ခက်ခဲနေတာလဲ။ အဆင့်မြင့်ထားသောမျိုးစေ့မရရှိခြင်း သို့မဟုတ် ကျန်းမာရေးဌာန ဝေးလွန်းခြင်းကြောင့်လား။
6. **လုပ်ဖြစ်အောင်သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/သတိရစေသည့် အရာများ**
   - အမူအကျင့်တစ်ခုကိုပြုလုပ်ရန် အမှတ်ရနိုင်စွမ်း ၎င်းတို့တွင်ရှိသည်ဟု ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်
   - အမူအကျင့်တစ်ခုကိုပြုလုပ်ရန် နည်းလမ်း (အဆင့်ဆင့်) ကို အမှတ်ရနိုင်စွမ်း ၎င်းတို့တွင်ရှိသည်ဟု ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်
   - လူတစ်ဦး၏အမူအကျင့်တွင် ပြောင်းလဲမှုဖြစ်စေသည့် ကြီးမားသောအဖြစ်အပျက်များ (ဥပမာ - ဒီနေရာမှာ မတော်တဆမှုဖြစ်ပြီး အသက်ဆုံးရှုံးမှုဖြစ်ဖူးသဖြင့် ဒီနားရောက်ရင် အရှိန်လျှော့ရမယ်ဆိုတာ ကျွန်တော်မှတ်မိပါတယ်)
7. **ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်**
   - ပြဿနာကြုံတွေ့နိုင်ခြေ/ထိခိုက်နိုင်ခြေပမာဏအပေါ် ဦးတည်အုပ်စု၏အမြင် (ဥပမာ - ကျွန်ုပ်၏သီးနှံတွင် ပိုးကျနိုင်ခြေမည်မျှရှိသနည်း။ ကျွန်ုပ်၏ကလေး အာဟာရချို့တဲ့နိုင်ခြေ မည်မျှရှိသနည်း။)
8. **အခြေအနေဆိုးဝါးနိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း**
   - (အမူအကျင့်ဖြင့် ကြိုတင်တားဆီးနိုင်သော) ပြဿနာ၏ ဆိုးဝါးမှုအခြေအနေအပေါ် ဦးတည်အုပ်စုဝင်၏ ထင်မြင်ချက် (ဥပမာ - မြေဆီလွှာပြုန်းတီးမှုက ကျွန်တော့်အတွက် ပြဿနာလား။ ဝမ်းပျက်ဝမ်းလျှောရောဂါက ဘယ်လောက်ဆိုးသလဲ။)
9. **ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသော အရာများ**

- အမူအကျင့်ကိုကျင့်သုံးခြင်းဖြင့် ပြဿနာကို ရှောင်ရှားနိုင်သည်ဟူသော ထင်မြင်ယူဆချက်နှင့် ပြဿနာကို ရှောင်ရှားရာတွင် အမူအကျင့်က အသုံးဝင်သည်ဟူသော ထင်မြင်ယူဆချက် (ဥပမာ - ခြင်ထောင်ဖြင့်အိပ်ပါက ငှက်ဖျားမမိနိုင်)
- အမူအကျင့်ကိုကျင့်သုံးခြင်းဖြင့် ပြဿနာကိုတားဆီးနိုင်သဖြင့် ကောင်းကျိုးဖြစ်သည်ဟု ဦးတည်အုပ်စုကပြောသည့်အခါ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာအကြား တူညီမှုများရှိသည်။

**မှတ်စု** - ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်နှင့် အခြေအနေဆိုးဝါးနိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း တို့သည် ပြဿနာနှင့်သက်ဆိုင်သည်။ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများသည် ပြဿနာနှင့်အမူအကျင့်ကို ဆက်စပ်ပေးသည်။ ထိခိုက်နိုင်ခြေ၊ ဆိုးဝါးနိုင်ခြေနှင့်ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာများ နှင့်ဆက်စပ်သည့် ပြဿနာရပ်များကိုလေ့လာရန် မည်သည့်ပြဿနာများကို အမူအကျင့်ဖြင့် တိုက်ဖျက်နိုင်သည်ကိုသိရှိရမည်ဖြစ်သည်။ ဘုရားရှင်၏အလိုတော်၏ထင်မြင်ယူဆခြင်းသည်လည်း မေးခွန်းမေးပုံပေါ်မူတည်၍ ရံဖန်ရံခါ ပြဿနာနှင့်ပတ်သက်မှု ရှိနိုင်သည် (ဥပမာ - ကလေးတွေ အာဟာရချို့တဲ့တာ ဘုရားရှင်ကြောင့်လား။)

### 10. ဘုရားရှင်၏အလိုတော်ဟု ထင်မြင်ယူဆခြင်း[၁၅]

- အမူအကျင့်ကို ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘုရားရှင်က သဘောကျသည်ဟူသော ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်
- ပြဿနာဖြစ်ရခြင်း သို့မဟုတ် ကျော်လွှားနိုင်ခြင်းတို့သည် ဘုရားရှင်၏အလိုတော်အတိုင်းဖြစ်သည် ဟူသော ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်
- ဘုရားရှင်၏အလိုတော်ဟူသည် ဂိညာဉ် သို့မဟုတ် ပယောဂတို့အပေါ် ဦးတည်အုပ်စုဝင်၏ သဘောထားအမြင်ကို ရည်ညွှန်းပါသည် (ဥပမာ - ပြဿနာဖြစ်ရခြင်းမှာ မကောင်းဆိုးဝါး သို့မဟုတ် ကျိမ်စာသင့်ကြောင့် ဟုတ်မဟုတ်)

### 11. မူဝါဒ

- အမူအကျင့်ကိုကျင့်သုံးရာတွင် အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် ချောမွေ့လွယ်ကူစေသော (ဒေသ၊ တိုင်းဒေသကြီး သို့မဟုတ် အမျိုးသားအဆင့်) ဥပဒေနှင့်စည်းမျဉ်းများရှိခြင်း (ဥပမာ - မြေပိုင်ဆိုင်ခွင့်ဥပဒေကောင်းများရှိခြင်းဖြင့် လယ်ယာမြေကို ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်ခြေရှိခြင်း၊ မိခင်နို့တိုက်ကျွေးခြင်းကို အားပေးရန် (အခမဲ့ပင်ဖြစ်စေ) နို့မှုန့်ဖြန့်ချီခြင်းကို တားမြစ်သည့် Baby-Friendly Hospital မူဝါဒရှိခြင်း)

### 12. ယဉ်ကျေးမှု

- သက်ဆိုင်ရာအမူအကျင့်အား မိမိ၏မျိုးတူအုပ်စုက ကျင့်သုံးခြင်းကို လူ့အသိုင်းအဝန်းက ခွင့်မပြုဟူသော ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်

[၁၅] ဤ determinant သည် အမူအကျင့်အများအပြားအတွက် (အထူးသဖြင့် ကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အမူအကျင့်များအတွက်) အရေးကြီးကြောင်း ပုံနှိပ်ထုတ်ဝေခြင်းမပြုခဲ့သော Barrier Analysis လေ့လာမှုများစွာတွင် တွေ့ရှိထားသည်။

- အချို့လူများအတွက် အချို့အမူအကျင့်များက လက်သင့်ခံနိုင်ဖွယ်မရှိဟူသော ထင်မြင်ယူဆချက် (ဥပမာ - ယောကျ်ားလေးများက ရေသယ်ရေခပ်မလုပ်ကြ - မိန်းကလေး/အမျိုးသမီးများသာ ရေခပ်ကြသည်။ မီးဖွားပြီးစ သားသည်မိခင်ကို ရက်ပေါင်း ၄၀ အထိ အိမ်အပြင်ထွက်ခွင့်မပြုပါ။)
- လူမျိုး သို့မဟုတ် နေထိုင်ပုံ - ဥပမာ လိင်တူတိမ်းညွှတ်သူ/မိန်းမလျာ သို့မဟုတ် လူငယ်ဓလေ့ထုံးစံ - တို့နှင့်သက်ဆိုင်သည်။

**13. လူတိုင်းကို လှုံ့ဆော်နိုင်သောအရာများ**

- အခြားအခြေအနေများမည်သို့ရှိစေ လူအများစုကို လှုံ့ဆော်နိုင်သည်ဟုတွေ့ရှိရသော အကြောင်းအချက်များ
- အများအားဖြင့် လူထုမီဒီယာလှုပ်ရှားမှုများတွင် အသုံးပြုသည် (ဥပမာ - ကြော်ငြာဘုတ်ကြီးများ၊ ပိုစတာများ၊ လူထုအကျိုးပြုကြေညာချက်များ)
- အချစ်၊ လုံခြုံရေး၊ သက်သောင့်သက်သာဖြစ်မှု၊ အသိအမှတ်ပြုမှု၊ အောင်မြင်မှု၊ လွတ်လပ်မှု၊ မိမိကိုယ်ကို အကောင်းမြင်မှု၊ လူအများကြား ဝင်ဆံ့မှု၊ စိတ်ငြိမ်းချမ်းမှု၊ ဂုဏ်တင့်တယ်မှု၊ သာယာပျော်ရွှင်မှုနှင့် ဩဇာအာဏာတို့ပါဝင်သည်။

## သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုကို အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာများ အကြောင်း လေ့လာခြင်း

လုပ်ဆောင်ပုံအဆင့်ဆင့် - သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၁ - အမူအကျင့်ကိုလွှမ်းမိုးသော အရေးပါသည့် Determinant များကို ကိုးကား၍ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

| မေးခွန်း | အဖြေ |
|---|---|
| 1. မည်သည့် determinant များကို အစဉ်အမြဲ လေ့လာမှု ပြုသင့်သနည်း။ | |
| 2. အမူအကျင့်ကိုကျင့်သုံးသည့်အခါ ဖြစ်ပျက်နိုင်သော/ ဖြစ်ပျက်ခဲ့သော မကောင်းသည့်အရာများအကြောင်း ကို မည်သည့် determinant တွင် မေးခွန်းထုတ်သနည်း။ | |
| 3. အမူအကျင့်ကိုကျင့်သုံးရန်လိုအပ်သည့်အရာများကို ရရှိနိုင်သလားဟု မည်သည့် determinant က ဦးတည်အုပ်စုကို မေးသနည်း။ | |
| 4. မည်သည့် determinant များက အမူအကျင့်အကြောင်းကို **မေးခွန်းမထုတ်ဘဲ** ပြဿနာအကြောင်းကို ပိုမိုမေးခွန်းထုတ်သနည်း။ | |
| 5. ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာနှင့် မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရာတို့သည် မည်ကဲ့သို့ကွဲပြားခြားနားသနည်း။ | |
| 6. မည်သည့် determinant သည် အမူအကျင့်ကိုကျင့်သုံးစေရန် သတိပေးခြင်းနှင့် သက်ဆိုင်သနည်း။ | |
| 7. ဘာသာရေးအဖွဲ့အစည်းများနှင့်လုပ်ငန်းများဆောင်ရွက် နေသည့် NGO များအတွက် မည်သည့် determinant က ပိုမိုအရေးပါဖွယ်ရှိသနည်း။ | |
| 8. မည်သည့် determinant သည် အမူအကျင့်ဖြင့် ပြဿနာကိုဖြေရှင်းနိုင်မှုအပေါ် ယုံကြည်မှုနှင့် သက်ဆိုင်သနည်း။ | |
| 9. မည်သည့် determinant သည် အမူအကျင့်ကိုကျင့်သုံးပြီးနောက် ဖြစ်လာနိုင်ဖွယ်ရှိသော/ဖြစ်ပျက်ခဲ့သော ကောင်းသည့် | |

| မေးခွန်း | အဖြေ |
|---|---|
| အရာများနှင့်သက်ဆိုင်သနည်း။ | |
| 10. မည်သည့် determinant သည် အမူအကျင့်ကို ကျင့်သုံးနိုင်စွမ်းရှိသည်ဟု ယုံကြည်မှုနှင့် သက်ဆိုင်သနည်း။ | |
| 11. မည်သည့် determinant သည် အမူအကျင့်ကျင့်သုံးခြင်းအပေါ် မိမိ၏မျိုးတူအုပ်စုက သဘောတူမတူနှင့်သက်ဆိုင်သနည်း။ | |
| 12. မည်သည့် determinant သည် အမူအကျင့်ကျင့်သုံးခြင်းကို မိမိအလေးထားသူက သဘောကျ မကျ အပေါ် ထင်မြင်ယူဆချက်နှင့် သက်ဆိုင်သနည်း။ | |
| 13. မည်သည့် determinant သည် ပြဿနာ၏ဆိုးဝါးမှုအခြေအနေနှင့် သက်ဆိုင်သနည်း။ | |
| 14. မည်သည့် determinant သည် အမူအကျင့်ကျင့်သုံးခြင်းကို အားပေး သို့မဟုတ် နှောင့်နှေးစေသော ဥပဒေ သို့မဟုတ် စည်းမျဉ်းရှိသည်ဟု ထင်မြင်ယူဆချက်နှင့် သက်ဆိုင်သနည်း။ | |
| 15. မည်သည့် determinant သည် ပြဿနာကြောင့် ထိခိုက်နိုင်ခြေအပေါ် ထင်မြင်ယူဆချက်နှင့် သက်ဆိုင်သနည်း။ | |
| 16. မည်သည့် determinant သည် အမူအကျင့်ကျင့်သုံးနည်းကိုမှတ်မိနိုင်စွမ်းအပေါ် ထင်မြင်ယူဆချက်နှင့်သက်ဆိုင်သနည်း။ | |
| 17. မည်သည့် determinant တွင် မတူညီသောအပိုင်းများ ပါဝင်သနည်း - ဥပမာ ကုန်ကျစရိတ်၊ တည်နေရာ၊ အကွာအဝေး၊ ဘာသာစကား၊ ကျား/မ နှင့် ယဉ်ကျေးမှု။ | |

## သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - သိမ်မွေ့သော Determinant အချို့

ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ - ဤ Determinant သည် အမူအကျင့်ကိုကျင့်သုံးပါက ကောင်းကျိုးရှိမည်ဟု ဦးတည်အုပ်စုဝင်၏ထင်မြင်ယူဆချက်နှင့် သက်ဆိုင်သည်။ ယင်းကောင်းကျိုးသည် စီမံကိန်းမှမြှင့်တင်ပေးနေသည့် အကျိုးဖြစ်ထွန်းမှုနှင့်ဆက်စပ်မှု ရှိကောင်းရှိနိုင်သည် - ဥပမာ ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေး ("ဆေးစိမ်ခြင်ထောင်ဖြင့် ညစဉ်အိပ်စက်ခြင်းဖြင့် ခြင်ကိုက်ခံရခြင်းမှ ရှောင်ရှားနိုင်မည်။")

သို့တည်းမဟုတ်ပါက ကောင်းကျိုးသည် စီမံကိန်းမှမြှင့်တင်ပေးနေသည့် အကျိုးဖြစ်ထွန်းမှုနှင့်ဆက်စပ်မှု မရှိခြင်းလည်း ဖြစ်နိုင်သည် ("ဆေးစိမ်ခြင်ထောင်ဖြင့် ညစဉ်အိပ်စက်ခြင်းဖြင့် ပင့်ကူကိုက်ခံရမည်ကို ကြောက်ရွံ့စရာမလိုတော့သဖြင့် ပိုမိုကောင်းစွာအိပ်စက်နိုင်မည်။")

စီမံကိန်းဝန်ထမ်းက ကောင်းကျိုးဟုယူဆသောအရာနှင့်မတူသည့်အရာကို ဦးတည်အုပ်စုက ကောင်းကျိုးဟုယူဆသည်ကို စစ်တမ်းအရ တွေ့ရှိရသည့်တိုင် ယင်းအချက်သည် အများအားဖြင့် အရေးမကြီးလှပါ။ အမူအကျင့်ကိုမြှင့်တင်ရာတွင် ဦးတည်အုပ်စုက ကောင်းကျိုးဟုယူဆသောအရာကိုပင် (မှားယွင်းခြင်း သို့မဟုတ် ထိခိုက်နိုင်ခြင်း မရှိပါက) ဆက်လက်အသုံးပြုနိုင်သည်။ အကြောင်းမှာ ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်ရန်တွန်းအားဖြစ်စေသည့်အရာသည် မည်သို့ရှိစေ ငှက်ဖျားကာကွယ်ရေးဟူသော ကောင်းကျိုးက အတူတူပင်ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

မေးလေ့မေးထရှိသောမေးခွန်း - ..... ရဲ့ကောင်းကျိုးတွေက ဘာတွေလဲ။

**ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသော အရာများ** - ဤ Determinant သည် အမူအကျင့်ကိုကျင့်သုံးခြင်းဖြင့် ပြဿနာကို တားဆီးနိုင်ခြင်းရှိမရှိ ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်နှင့်သက်ဆိုင်သည်။ အကယ်၍ ဦးတည်အုပ်စုသည် စီမံကိန်းမှတွေ့ရှိထားသောပြဿနာအား ကြိုတင်ကာကွယ်ခြင်းကို လိုလားအပ်သောအမူအကျင့်နှင့်ဆက်စပ်မိပါက (ဥပမာ - လယ်ထဲတွင် မြေသြဇာအသုံးပြုခြင်းဖြင့် အထွက်တိုးမည့်အပြင် အာဟာရချို့တဲ့ခြင်းကို လျှော့ချနိုင်မည်) ယင်းအနေအထားကို ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာပင်ဖြစ်သည်။ စီမံကိန်းမှတွေ့ရှိထားသောပြဿနာအား ကြိုတင်ကာကွယ်ခြင်းနှင့်ဆက်စပ်မှုမရှိသော ကောင်းကျိုးတစ်ခုကို ဦးတည်အုပ်စုတွေ့မြင်ထားပါက (ခံတွင်းအနံ့ကောင်းစေရန် သွားတိုက်ခြင်းဖြစ်သည် - သွားပိုးစားခြင်းကို ကာကွယ်ရန် သွားတိုက်ခြင်းမဟုတ်ပါ။) ယင်းအနေအထားသည် ကောင်းကျိုးဟုထင်မြင်ယူဆသောအရာ နမူနာပင်ဖြစ်သည်။

မေးလေ့မေးထရှိသောမေးခွန်း - အကယ်၍ အမူအကျင့်ကို အမြဲကျင့်သုံးပါက ..... ရရှိနိုင်ခြေ မည်မျှရှိသနည်း။

**လူမှုထုံးစံဟုယူဆသောအရာ သို့မဟုတ် ယဉ်ကျေးမှု** - လူမှုထုံးစံဟုထင်မြင်ယူဆသောအရာဆိုသည်မှာ မိမိလေးစားရှိသေရသူက မိမိအား အမူအကျင့်ကိုကျင့်သုံးစေလိုခြင်း သို့မဟုတ် မကျင့်သုံးစေလိုခြင်း အပေါ် ဦးတည်အုပ်စု၏ထင်မြင်ယူဆချက်ဖြစ်သည်။ လူမှုထုံးစံယူဆချက်များသည် တစ်စုံတစ်ဦး၏ထင်မြင်ယူဆချက်နှင့် သက်ဆိုင်သည်။ ယဉ်ကျေးမှုကမူ တစ်စုံတစ်ဦး၏ထင်မြင်ယူဆချက်နှင့်မသက်ဆိုင်ဘဲ လူ့အဖွဲ့အစည်း/ရိုးရာဓလေ့၏ အမြင်တွင် တစ်စုံတစ်ဦးကပြုလုပ်သောအရာအပေါ် သင့်တင့်လျောက်ပတ်မှုရှိခြင်း သို့မဟုတ် လက်ခံနိုင်ခြင်း နှင့်သာသက်ဆိုင်သည်။ ဦးတည်အုပ်စုဝင်ကိုယ်တိုင်ပါဝင်သည့် ယဉ်ကျေးမှုတူအုပ်စု (အိမ်ထောင်မရှိသော ဆယ်ကျော်သက်၊ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မွေးကင်းစ ကလေးမိခင်၊ အိမ်ထောင်ရှိအမျိုးသား၊ ကောက်နှံတောင်သူ)

နှင့် လူ့အဖွဲ့အစည်း၏ယုံကြည်မှုများ/ရိုးရာဓလေ့/အစဉ်အလာများအရ လိုလားအပ်သောအမှုအကျင့်ကို တစ်စုံတစ်ဦးက ကျင့်သုံးခွင့်ရှိမရှိနှင့်သက်ဆိုင်သည်။

မေးလေ့မေးထရှိသောမေးခွန်း -

လူမှုထုံးစံဟုယူဆသောအရာများ - ….. လုပ်တာကို ဘယ်သူတွေက သဘောကျကြသလဲ။

….. လုပ်တာကို ဘယ်သူတွေက သဘောမကျဘူးလဲ။

ယဉ်ကျေးမှု - သင့်အနေနဲ့ ….. လုပ်ဖို့ ခက်ခဲစေသော ရိုးရာဓလေ့ သို့မဟုတ် ထုံးစံများရှိပါသလား။

## သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၄ - မေးခွန်းနှင့် Determinant များ တွဲစပ်ခြင်း

**လုပ်ဆောင်ပုံအဆင့်ဆင့်** - ဘယ်ဘက်ကော်လံမှ Determinant နှင့် ဘယ်ဘက်ကော်လံမှ လိုက်ဖက်မေးခွန်းတို့ကို ချိတ်ဆက်ပေးပါ။

| မေးခွန်း | Determinant |
|---|---|
| A. သင့်ကို ORS ပိုမိုအသုံးပြုဖြစ်စေမည့် ဥပဒေ သို့မဟုတ် မူဝါဒပြဋ္ဌာန်းချက်များ ရှိပါသလား။ | 1. မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ |
| B. ရေစစ်ဇကာအသုံးပြုနည်းကိုမှတ်မိရန် မည်မျှလွယ်ကူသနည်း။ | 2. လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ |
| C. သင့်ကလေးကို မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ပေးနိုင်ပါသလား။ | 3. ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ |
| D. နေ့စဉ် လက်ဆေးရာတွင် လိုအပ်မည့် ဆပ်ပြာရရှိရန် သင့်အတွက် မည်မျှခက်ခဲသနည်း။ | 4. ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ |
| E. လာမည့်နှစ်တွင် သင့်ကလေးအာဟာရချို့တဲ့မှုဖြစ်နိုင်ခြေ မည်မျှရှိသနည်း။ | 5. လက်လှမ်းမီမှု |
| F. HIV စစ်ဆေးမှုခံယူခြင်းကြောင့် မည်သည့်ဆိုးကျိုးများရှိသနည်း။ | 6. ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ |
| G. မိသားစုဝင်ငွေကို ဇနီးနှင့်အတူ အသုံးပြုရန်နည်းလမ်းကို ဆွေးနွေးခြင်းနှင့်ဆန့်ကျင်သည့် ဓလေ့ထုံးစံ သို့မဟုတ် ရိုးရာအစဉ်အလာများရှိပါသလား။ | 7. ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် |
| H. ကျန်းမာရေးဌာနတွင် သင်မီးဖွားခြင်းကို မည်သူကသဘောမကျသနည်း။ | 8. အခြေအနေဆိုးဝါးနိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း |
| I. သင့်တိရစ္ဆာန်များကို အမြဲ ခြံခတ်မွေးမြူခြင်းကြောင့် မည်သည့် အကျိုးကျေးဇူးများရရှိသနည်း။ | 9. ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ |
| J. ပုံမှန်တွဲနေကျမဟုတ်သူတစ်ဦးတစ်ယောက်နှင့် လိင်ဆက်ဆံသည့်အခါတိုင်း ကွန်ဒုံးအသုံးပြုရန် မည်သည့်အခက်အခဲများရှိသနည်း။ | 10. ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း |

| | |
|---|---|
| K. ဂမ်းပျက်ဂမ်းလျှောရောဂါဖြစ်ရခြင်းသည် ဘုရားရှင်၏ အလိုဟု သင်ထင်ပါသလား။ | 11. မူဂါဒျ |
| L. သင့်တွင် HIV ကူးစက်ခံရပါက မည်မျှဆိုးဂါးသော အခြေအနေဟု သင်မှတ်ယူမည်နည်း။ | 12. ယဉ်ကျေးမှု |

## သင်ခန်းစာ ၅ အတားအဆီးများ ရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis)

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (BA) တစ်ခုတွင်ပါဝင်သော အစိတ်အပိုင်းအသီးသီးကိုလေ့လာခြင်း
- (BA) တစ်ခုပြုလုပ်ရာတွင် ပါဝင်သော အဆင့် ၇ ဆင့်ကို ပြန်လည်လေ့လာခြင်း
- (BA) တစ်ခုပြုလုပ်ရာတွင် ကုန်ကျမည့်စရိတ်များကိုရှာဖွေဖော်ထုတ်ခြင်း

### ကြာမြင့်ချိန်

၁ နာရီ ၁၅ မိနစ်

### လိုအပ်သောအရာများ

- ရောင်စုံစာရွက်ကြီးပေါ်တွင် (BA) ၏အဆင့် ၇ ဆင့်
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၁ - Barrier Analysis လုပ်ဆောင်ပုံ အဆင့် ၇ ဆင့်
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၂ - Barrier Analysis ၏ အခြေခံ သဘောတရား ၅ ချက်
- အဖွဲ့ငယ်တစ်ဖွဲ့လျှင် Post-it ၉-၁၂ ခုစီ (မေးခွန်းတစ်ခုလျှင် Post-it တစ်ခု)
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုနှင့်အတားအဆီးများရှာဖွေဖော်ထုတ်သည့်စစ်တမ်းများအကြောင်း လေ့လာခြင်း
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၄ - Barrier Analysis ဂိမ်း
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၅ - Barrier Analysis ပြုလုပ်ရာတွင် ကုန်ကျစရိတ်များ
- သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၆ - Barrier Analysis ပြုလုပ်ရန် အချိန်ဇယား

### အဆင့်များ

1. အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းနိဒါန်း (၁၀ မိနစ်)

   1a. အောက်ပါမေးခွန်းများကို သင်တန်းသားများအား မေးပါ -

   - ယခင်က သင် ပြောင်းလဲရန်ကြိုးစားခဲ့ဖူးသော အမူအကျင့်များအကြောင်းစဉ်းစားသည့်အခါ ဦးတည်အုပ်စုက အမူအကျင့်သစ်များကျင့်သုံးခြင်းကို မည်သည့်အရာများက အတားအဆီးများပြုနေသနည်း။
   - ယင်းတို့သည် အတားအဆီးများဟု သင်ကြိုတင်သိရှိခဲ့ပါသလား။

- အမူအကျင့်ပြောင်းလဲမှုအတွက် အတားအဆီးများကိုသိရှိခြင်းဖြင့် အပြောင်းအလဲပြုလုပ်ရန် အားပေးမြှင့်တင်ရာတွင် မည်သို့အထောက်အကူပြုသနည်း။ ဖြစ်သင့်သောအဖြေများ - အတားအဆီးများကို ဖယ်ရှားရှင်းလင်းနိုင်မည်ဖြစ်သည်။
- မည်သည့်အရာများက အထောက်အကူပြုသနည်း။ အမူအကျင့်သစ်ကို ဦးတည်အုပ်စုက ကျင့်သုံးရာတွင် မည်သည့်အရာများကြောင့် ပိုမိုလွယ်ကူစေမည်ကို သင် အမြဲ ကြိုသိခဲ့ပါသလား။
- အထောက်အကူဖြစ်စေသောအရာများကိုသိရှိခြင်းဖြင့် အပြောင်းအလဲကို အားပေးမြှင့်တင်ရာတွင် မည်ကဲ့သို့ အကျိုးရှိသနည်း။ [ဖြစ်သင့်သောအဖြေများ - ပြောင်းလဲမှုပြုလုပ်စေရန် ပိုမိုစွဲဆောင်နိုင်သည့်အရာများကို အသားပေး ပြောဆိုနိုင်မည်ဖြစ်သည်။]

1b. သင်တန်းသားများအား မေးရန် - အတားအဆီးများနှင့်လှုံ့ဆော်မှုပေးသောအရာများကို ရှာဖွေဖော်ထုတ်ရန် စစ်တမ်းကောက်ဖူးပါသလား။ အကယ်၍ ကောက်ဖူးသည်ဟုဖြေပါက သင်တန်းသားတစ်ဦးအား အတွေ့အကြုံများ ပြန်လည်ပြောပြစေပြီး စစ်တမ်းကောက်ယူပုံအဆင့်ဆင့်နှင့်ရရှိလာသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပုံတို့ကို အဓိကထား၍ ဆွေးနွေးပါ။

2. အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း (Barrier Analysis) အကြောင်း ရှင်းလင်းဆွေးနွေးခြင်း

2a. Barrier Analysis ဆိုသည်မှာ အမူအကျင့်ကို ဦးတည်အုပ်စုမှကျင့်သုံးရာတွင် အတားအဆီးပြုနေသော အရာများနှင့်လွယ်ကူစေသောအရာများကို ရှာဖွေဖော်ထုတ်သိရှိစေသည့် စစ်တမ်းကောက်ယူနည်းဖြစ်သည်။

2b. Barrier Analysis ပြုလုပ်ရာတွင် အမူအကျင့်ကျင့်သုံးသူ ဦးတည်အုပ်စုဝင်များ Determinant ၁၂ ခု နှင့်ဆက်စပ်သည့်မေးခွန်းများမေးမြန်းသည်။ အစဉ်အမြဲ မေးမြန်းသင့်သော Determinant ၄ ခုရှိပြီး အချို့အခြေအနေများတွင် အမူအကျင့်များစွာအတွက် စူးစမ်းသင့်သော အခြား ၈ ခုလည်းရှိပါသည်။ အမူအကျင့်ပြောင်းလဲမှုအတွက် အတားအဆီးများကိုသိရှိနိုင်သည့်အပြင် မေးခွန်းတစ်ခု (ကောင်းကျိုးများ) ဖြင့် အမူအကျင့်၏အဓိကအကျိုးကျေးဇူးများဟု ဖြေဆိုသူကထင်မြင်ယူဆသောအရာကို သိရှိနိုင်မည်ဖြစ်သည်။ ယင်းအကျိုးကျေးဇူးများကို အမူအကျင့်အားပေးမြှင့်တင်သည့်လုပ်ငန်းများတွင် အများလက်ခံလာအောင် "အရောင်းမြှင့်တင်"ရာတွင် အသုံးပြုနိုင်သည်။

2c. မေးခွန်း၏အဖြေများကို လူအုပ်စုနှစ်မျိုးကိုအခြေခံ၍ နှိုင်းယှဉ်သည် - အမူအကျင့်သစ်ကို စတင်ကျင့်သုံးနေသူများ နှင့် - "ကျင့်သုံးသူ" ဟုလည်းကောင်း - လိုလားသည့်အမူအကျင့်ကို မကျင့်သုံးနေသူများ - "မကျင့်သုံးသူ" ဟုလည်းကောင်းခေါ်သည်။ အဖြေတစ်ခုဖြင့်ဖြေဆိုသူရာခိုင်နှုန်းကို အလားတူဖြေဆိုသူရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ခြင်းဖြင့် မည်သည့် အတားအဆီးနှင့်လှုံ့ဆော်မှုပေးသည့်အရာများက အရေးအကြီးဆုံးဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ယင်းနည်းစနစ်ကို ကျင့်သုံးသူ/မကျင့်သုံးသူခွဲခြားနည်းစနစ် ဟုခေါ်သည်။

2d. Determinant ၁၂ ခုအနက်မှ ၄ ခုကိုသာ စူးစမ်းမှုပြုသော "ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်" ဟုခေါ်သည့် စစ်တမ်းတစ်ခုရှိသည် - လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသော အရာများ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ။ Barrier Analysis တွင် ဖော်ပြပါ

၄ ခုနှင့် အခြား ၈ ခုထဲမှ အလိုရှိသလောက်ကို လေ့လာမှုပြုသည်။ လေ့လာမှုပြုသည့် Determinant အရေအတွက်မှအပ ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်နှင့်အတားအဆီးများရှာဖွေဖော်ထုတ်မှုတို့သည် အတူတူပင်ဖြစ်သည်။

2e. စီမံကိန်းရေးဆွဲသူများသည် အကျိုးကျေးဇူးများကိုသိနားလည်မှုပိုမိုတိုးတက်အောင်ပြုလုပ်ရန်သာ ဦးစားပေးလွန်းသည်ကို မကြာခဏတွေ့ရလေ့ရှိသည်။ အမှန်အားဖြင့်မူ မသိနားမလည်ခြင်းသည် အများအားဖြင့် အကြီးမားဆုံးအတားအဆီးမဟုတ်ပါ။ စီမံကိန်းရေးဆွဲသူများသည် အတားအဆီးများရှာဖွေဖော်ထုတ်သည့်စစ်တမ်းများဖြင့် ဖော်ပြခဲ့သော အယူအဆကိုကျော်လွန်၍ အမူအကျင့်ကိုကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား ကွာခြားချက်ကို အမှန်တကယ် ဖြေရှင်းပေးမည့် အကြောင်းအချက်များကို သိရှိနိုင်မည်ဖြစ်သည်။ အမူအကျင့်ပြောင်းလဲရာတွင် အဓိကကျသောအတားအဆီးများကို ကျော်လွှားနိုင်ရန် အကူအညီပေးခြင်းသည် အမူအကျင့်များပြောင်းလဲရန် အထောက်အကူပေးနိုင်သည့် အထိရောက်ဆုံးနည်းလမ်းများအနက် တစ်ခုဖြစ်နိုင်ကြောင်း ခိုင်လုံသောအထောက်အထားများစွာရှိနေပြီဖြစ်သည်။ အတားအဆီးဖြစ်နေသောအရာအချို့မှာ ပို့ဆောင်ရေးစနစ်မရှိခြင်း၊ အားမပေးသော အိမ်ထောင်ဖက် သို့မဟုတ် ယောက္ခမ၊ ရိုးရာအရပိတ်ပင်ထားသဖြင့် ဆိုးကျိုးများဖြစ်လာမည်ကို ကြောက်ရွံ့ခြင်းတို့ဖြစ်သည်။

3. အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခုပြုလုပ်ရန် အဆင့် ၇ ဆင့်

3a. အတားအဆီးများရှာဖွေဖော်ထုတ်ရန် အဆင့် ၇ ဆင့် (တစ်ဆင့်ချင်းကို သီးခြားစာရွက်တစ်ခုစီဖြင့်) ကို ပြသ၍ ယခုသင်တန်းတွင် အဆင့်တစ်ဆင့်စီကို အသေးစိတ်လေ့လာပြီး တစ်ဆင့်ချင်းလုပ်ဆောင်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုများကို ရရှိလာမည်ဖြစ်ကြောင်း ရှင်းပြပါ။ တစ်ဆင့်ချင်းကို အကြမ်းဖျဉ်းရှင်းပြနေချိန်တွင် **သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၁ - Barrier Analysis လုပ်ဆောင်ပုံ အဆင့် ၇ ဆင့်** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။

4. အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း၏အခြေခံသဘောတရားများ

4a. **သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၂ - Barrier Analysis ၏ အခြေခံ သဘောတရား ၅ ချက်** ကို ခဏတာ တိတ်ဆိတ်စွာ ဖတ်ရှုရန် သင်တန်းသားများအား ပြောပါ။ ၎င်းတို့အတွက် အရေးပါသော သို့မဟုတ် သက်ဆိုင်မှုရှိသော အချက်များအောက်မှ မျဉ်းသားရန် သင်တန်းသားများအားပြောပါ။ သင်တန်းသားအချို့အား ထင်မြင်ချက်ပေးရန် ပြောပါ။ မေးခွန်းများကို ဖြေကြားပေးပါ။

5. အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းနိဒါန်း - အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းဆိုတာ ဘာလဲ။

5a. သင်တန်းသားများအား ၄-၅ ဦးစီပါဝင်သော အဖွဲ့ငယ်များခွဲပေး၍ အဖွဲ့အသီးသီးကို Post-its (တစ်အဖွဲ့လျှင် တစ်ရောင်စီနှင့် ဂိမ်းထဲမှ မေးခွန်းတစ်ခုလျှင် Post-it တစ်ခုစီ) ပေးပါ။ အဖွဲ့တစ်ဖွဲ့လျှင် ကိန်းဂဏန်းတစ်ခု သို့မဟုတ် အက္ခရာတစ်လုံးစီသတ်မှတ်ပေး၍ Post-it ၏ ကော်မပါသည့်ဘက်တွင် အဖွဲ့၏အမှတ်စဉ်/အက္ခရာကိုရေးရန် အဖွဲ့ဝင်များအားပြောပါ။

5b. ဂိမ်းတစ်ခုကစားကြမည်ဖြစ်ကြောင်း အဖွဲ့အသီးသီးအားပြောပါ။ ကစားရန် **သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုနှင့်အတားအဆီးများရှာဖွေ ဖော်ထုတ်သည့်စစ်တမ်းများအကြောင်းလေ့လာခြင်း** ကို

သင်တန်းသားအားလုံးဖတ်ရှုလေ့လာရန်လိုအပ်သည်။ (ဖတ်ရာတွင် ပိုမိုလွယ်ကူစေရန် အဖွဲ့ဝင်များသည် ကဏ္ဍအနည်းငယ်စီကို အဖွဲ့ဝင်တစ်ဦးစီအား တာဝန်ပေးနိုင်သည်။)

5c. လက်ကမ်းစာရွက် ၁ ကို သင်တန်းသားများဖတ်ရှုနေချိန်တွင် Barrier Analysis အကြောင်းမေးခွန်းများကို ကားချပ်စာရွက် ၃-၄ ခုဖြင့် သင်တန်းပို့ချသူက ရေးသား၍ (သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၄ - Barrier Analysis ဂိမ်း) အခန်းပတ်လည်တွင် ကပ်ထားရမည် (အများအားဖြင့် ကားချပ်စာရွက်တစ်ခုလျှင် မေးခွန်း ၃ ခု)။ ဂိမ်းစသည့်အချိန်အထိ မေးခွန်းများကို ဖုံးအုပ်ထားရမည်ဖြစ်ပြီး အဖွဲ့ဝင်များက ၎င်းတို့၏ Post-it များကပ်ရန် မေးခွန်းများကြားတွင် နေရာလွတ်ချန်ထားရမည်။

5d. ၁၅-၂၀ မိနစ်ခန့် ဖတ်ပြီးနောက် ဂိမ်းကိုစတင်ပါ။ ဖတ်စာအုပ်နှင့်မှတ်စုစာအုပ်များကို ပိတ်၍ အဝေးတွင်ထားရန်နှင့် ယင်းတို့ကို ကိုးကားကြည့်ရှုခြင်းမပြုရန် သင်တန်းသားများအား ပြောပါ။

5e. သင်တန်းပို့ချသူက အချက်ပြလိုက်သည်နှင့် အဖွဲ့ဝင်များက ကားချပ်စာရွက်များသို့သွား၍ မေးခွန်းများမေး၍ အဖြေများကို Post-it များ၏ကျောဘက်တွင် ရေးပြီးနောက် အဖြေကို အခြားအဖွဲ့များမမြင်စေရန် သက်ဆိုင်ရာမေးခွန်း၏ အောက်တွင် ကပ်ရမည် (အဖွဲ့အားလုံးနားလည်စေရန် လက်တွေ့သရုပ်ပြပါ)။

5f. အဖွဲ့အသီးသီးက မေးခွန်းအားလုံးကို ဖြေကြားပြီးသည်နှင့် အမြန် ထိုင်နေရမည်။ သို့မှသာ သင်တန်းပို့ချသူအနေဖြင့် ပြီးစီးသည့်အဖွဲ့များကို အစဉ်လိုက်မှတ်သားနိုင်မည်ဖြစ်သည်။ ပထမဆုံးပြီးသောအဖွဲ့ဝင်က ၅ မှတ်ရမည်ဖြစ်ပြီး နောက်မှပြီးသည့် အဖွဲ့များက ၄၊ ၃၊ ၂၊ ၁ ဟူ၍ တစ်မှတ်စီလျော့၍ ရရှိမည်။

5g. အဖွဲ့ဝင်အားလုံး ဖြေဆိုပြီးသွားပါက (သို့မဟုတ် အချိန်စေ့သည့်အခါ) ဤဂိမ်းအတွက်ပြုလုပ်ထားသည့် ကားချပ်စာရွက် (အောက်တွင် ဖော်ပြထားသည်) ဖြင့် မေးခွန်းများ၏အဖြေကို သင်တန်းသားများနှင့်အတူ သင်တန်းပို့ချသူက ပြန်လည်ဆွေးနွေးရမည် (မေးခွန်းများ၏အဖြေကိုပြောပြ၍ ဖတ်စာအုပ်ထဲရှိ အဖြေမှန်ကို ညွှန်ပြပါ)။ အဖြေမှတ်တစ်ခုလျှင် တစ်မှတ်ပေးရမည်။ အဖွဲ့ဝင်တစ်ခုလျှင် အဖြေမှန်မည်မျှရရှိသည်ကို သင်တန်းပို့ချသူက ရေတွက်၍ ပြီးစီးချိန်အလိုက်ပေးထားသည့် အမှတ်များပေါင်းထည့်ပေးရမည်။ အမှတ်အများဆုံးရသည့်အဖွဲ့က အနိုင်ရရှိမည်ဖြစ်သည်။

### Barrier Analysis ဂိမ်းအတွက် ကားချပ်စာရွက်နမူနာ

| အဖွဲ့ ၁ | အဖွဲ့ ၂ | အဖွဲ့ ၃ | အဖွဲ့ ၄ | အဖွဲ့ ၅ |
|---|---|---|---|---|
| | | | | |

6. DBC Framework အသုံးပြုရန်ကုန်ကျစရိတ် နှင့် Barrier Analysis တစ်ခုပြုလုပ်ခြင်း

6a. မည်သည့်လေ့လာမှုမျိုးမဆိုသည် ကုန်ကျစရိတ်မြင့်မားပြီး အချိန်များစွာလိုအပ်သည်ဟု လူအများက ယူဆကြသည်။ မေးရန် - အတိုင်ပင်ခံတစ်ယောက်ကို ငှားရမ်း၍ စစ်တမ်းတစ်ခုလုပ်ပြီးနောက် တွေ့ရှိချက်ရလဒ်များသိရရန် လပေါင်းများစွာ စောင့်ဆိုင်းခဲ့ဖူးသည့်အတွေ့အကြုံရှိသူဦးရေ မည်မျှရှိသနည်း။ Barrier Analysis ကိုအသုံးပြုရခြင်း၏ အားသာချက်များအနက် တစ်ခုမှာ ယင်းနည်းလမ်းသည် အခြားသုတေသနနည်းလမ်းများထက် ကုန်ကျစရိတ်သက်သာပြီး အချိန်ကုန်သက်သာသည်။ **သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၅ - Barrier Analysis ပြုလုပ်ရာတွင် ကုန်ကျစရိတ်များ** ကို ကြည့်ရန် သင်တန်းသားများအား ပြောပါ။ အဆင့်အသီးသီးကိုဖတ်၍ ကုန်ကျစရိတ်ရှိနိုင်သည်ဟုထင်သောအရာများ၏ ဘေးတွင် ကြယ်ပွင့်ဖြင့်ပြရန် သင်တန်းသားများကို ပြောပါ။ ကုန်ကျစရိတ်အများဆုံးအရာများဘေးတွင် ကြယ်ပွင့် ၂ ပွင့်ဖြင့် ပြပါ။ သင်တန်းသားအချို့အား ရှင်းလင်းဆွေးနွေးရန် ပြောပါ။

7. သင်ခန်းစာအပြီးသတ်ခြင်း

7a. Barrier Analysis ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာသိရှိခဲ့သည့်အချက် အနည်းဆုံး ၂ ချက်ကို သင်တန်းသားများအား ပြန်လည်ပြောပြစေပြီး သင်ခန်းစာကိုအပြီးသတ်ပါ။

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၁ - Barrier Analysis လုပ်ဆောင်ပုံ အဆင့် ၇ ဆင့်

1. **အမူအကျင့်ဖော်ပြချက်ရေးပါ (ဦးတည်အုပ်စု သတ်မှတ်ပါ) (သင်ခန်းစာ ၇)။**
   လေ့လာလိုသည့် အမူအကျင့်ကိုသတ်မှတ်၍ ဦးတည်အုပ်စုကို ရှင်းလင်းစွာသတ်မှတ်ပါ (သင်ခန်းစာ ၆)။
2. **Barrier Analysis မေးခွန်းလွှာရေးသားပြုစုပါ - အမူအကျင့်စိစစ်သည့်မေးခွန်းများရေးသားပါ (သင်ခန်းစာ ၈)။**
   ဖြေဆိုသူတစ်ဦးသည် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ ဖြစ်သည်ကိုဆုံးဖြတ်ရာတွင် ဤမေးခွန်းများက အထောက်အကူပြုပါသည်။
3. **Barrier Analysis မေးခွန်းလွှာများဖြည့်စွက်ပါ - စစ်တမ်းမေးခွန်းများရေးပါ၊ မေးခွန်းလွှာကို အစမ်းအသုံးပြုပါ၊ အချောသတ်ပြင်ဆင်ပါ[၁၆] (သင်ခန်းစာ ၉)။**
   Determinant တစ်ခုလျှင် မေးခွန်း ၁-၂ ခုစီရေးပါ။ မေးခွန်းလွှာကို ဒေသသုံးဘာသာစကားသို့ပြန်ဆိုပါ။ မေးခွန်းများ နားလည်ရလွယ်ကူခြင်းရှိမရှိသိနိုင်ရန် ဦးတည်အုပ်စုဝင်အချို့နှင့် ကနဦးစမ်းသပ်၍ အချောသတ်ပြင်ဆင်ပါ။
4. **ကွင်းဆင်း၍ စစ်တမ်းကောက်ယူရန်စီစဉ်ပါ (သင်ခန်းစာ ၁၁)။**
   မေးခွန်းမေးနည်းနှင့်အဖြေများ စနစ်တကျမှတ်သားနည်းတို့ကို အင်တာဗျူးမည့်သူများအား သင်တန်းပေးပါ။
   ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေ လုံလောက်စွာရရှိစေရန် သွားရောက်ရမည့် ရပ်ရွာများကို ရွေးချယ်ပါ။
   လိုအပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံမှ ခွင့်ပြုမိန့်ရယူပါ (ဥပမာ - ရွာလူကြီး၊ ဆေးခန်းမန်နေဂျာ)
   မေးခွန်းလွှာစောင်ရေ အလုံအလောက်မိတ္တူကူးပါ။
   အင်တာဗျူးလုပ်မည့်နေရာသို့ သွားလာရေး စီစဉ်ပါ။
5. **ကွင်းဆင်း၍ စစ်တမ်းကောက်ပါ။**
   ဦးတည်အုပ်စုထဲမှ အမူအကျင့်ကိုကျင့်သုံးသူနှင့်မကျင့်သုံးသူ အနည်းဆုံး ၄၅ စီကို အင်တာဗျူးပြုလုပ်ပါ။
   အဖြေများကို မေးခွန်းလွှာပေါ်တွင် မှတ်သားပါ။
6. **မေးခွန်းလွှာမှအဖြေများကို ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်း၊ အဖြေများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ ပြုလုပ်ပါ (သင်ခန်းစာ ၁၂)။**
   ကုဒ်သတ်မှတ်နည်းလမ်းညွှန်ချက်များကိုကြိုတင်ပြင်ဆင်ပါ။ အဖြေတစ်ခုချင်းအတွက် ကုဒ်များသတ်မှတ်ရန်နှင့်ရေတွက်ရန် အဖွဲ့ဖြင့် ဆောင်ရွက်ပါ။ ဆင်တူသောအဖြေများကို စာရွက်ကြမ်းတစ်ရွက်ပေါ်တွင် ရေးမှတ်ပါ သို့မဟုတ် ရေတွက်ထားသည်တို့ကို MS Excel Barrier Analysis Tabulation Sheet တွင် ရေးသွင်းပါ။
   မေးခွန်း/အဖြေတစ်ခုစီအလိုက် ကျင့်သုံးသူနှင့်မကျင့်သုံးသူများ၏အဖြေများကို နှိုင်းယှဉ်ပါ။
   လက်ဖြင့်ရေတွက်ပါက ကြီးမားသောကွာဟချက် (အနည်းဆုံး ရာခိုင်နှုန်းကွာခြားချက် ၁၅ မှတ်)၊ MS Excel Sheet ကိုအသုံးပြုပါက ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား ကိန်းဂဏန်းအားဖြင့် ကြီးမားသော ကွာဟချက်များကို ရှာဖွေပါ။

[၁၆] TOPS စီမံကိန်းက BA မေးခွန်းလွှာအများအပြားကို အွန်လိုင်းတွင် တင်ထားပါသည်။ ယင်းမေးခွန်းလွှာများကို http://www.fsnnetwork.org/barrier-analysis-questionnaires-0 တွင် တွေ့ရှိနိုင်ပါသည်။

7. DBC Framework တွင် လုပ်ငန်းရည်ရွယ်ချက်များရေးသားရန် သို့မဟုတ် အခြားဆုံးဖြတ်ချက်များချမှတ်ရန် တွေ့ရှိထားသောရလဒ်များကို အသုံးပြုပါ (သင်ခန်းစာ ၁၃)။
ရလဒ်များကိုခွဲခြမ်းစိတ်ဖြာလေ့လာပြီးသည်နှင့် လုပ်ငန်းရည်ရွယ်ချက်များရေးသားရန် သို့မဟုတ် အခြားဆုံးဖြတ်ချက်များအတွက် ထည့်သွင်းစဉ်းစားရန် အချက်အလက်များကို အသုံးပြုပါ။ လုပ်ငန်းများမှတဆင့် မည်သည့်အတားအဆီးများကို ဖယ်ရှားရမည်ကို ခွဲခြားသတ်မှတ်ပါ။ အသားပေးရမည့် လှုံ့ဆော်ပေးနိုင်သော အရာများကို သတ်မှတ်ပါ။ ဩဇာညောင်းသည့်အုပ်စုများနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆုံးဖြတ်ပါ။

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၂ - Barrier Analysis ၏ အခြေခံ သဘောတရား ၅ ချက်

1. ဘာလုပ်သင့်သည်ကို သိသည်ဆိုရုံမျှဖြင့် လုပ်လိမ့်မည်ဟု မဆိုနိုင်ပါ။ အခြားအကြောင်းအချက်များကြောင့် ဆုံးဖြတ်ချက်များပြောင်းလဲနိုင်ပါသည်။ အမူအကျင့်တစ်ခု၏ကောင်းကျိုးများအကြောင်း ဗဟုသုတရှိခြင်းက အကြောင်းအချက်တစ်ခုသာဖြစ်ပါသည်။ လူအများသည် အမူအကျင့်တစ်ခုကို ကိုယ်တိုင်ကျင့်သုံးလိုစိတ်မဖြစ်မီ ကပင် ယင်းအမူအကျင့်အကြောင်းကို လေ့လာလေ့ရှိကြောင်း မကြာခဏ တွေ့ရလေ့ရှိသည်။
2. အမူအကျင့်တစ်ခုကို ကျင့်သုံးလိုသည်ဆိုရုံမျှဖြင့် ကျင့်သုံးလိမ့်မည်ဟု မဆိုနိုင်ပါ။ ရံဖန်ရံခါတွင် အတားအဆီးများနှင့်ကြုံတွေ့ရပြီး အမှန်တကယ်လုပ်ချင်သောအရာကို မလုပ်နိုင်ခြင်းများရှိနိုင်သည် (ဥပမာ - အချိန် သို့မဟုတ် ငွေမရှိသဖြင့်)။ ထို့ပြင် အတားအဆီးကိုကျော်လွှားရန် သို့မဟုတ် အလေ့အထတစ်ခုကို ပြောင်းလဲရန် အခြားသူများထံမှ အကူအညီရယူခြင်းမပြုသည်ကိုလည်း မကြာခဏ တွေ့ရလေ့ရှိသည် (ဥပမာ - သူငယ်ချင်း၊ ကျန်းမာရေးဝန်ထမ်း၊ ဘုရားရှင်)။
3. တစ်ခုခုဖြစ်လာမည်ကို ကြောက်ရွံ့သည်ဆိုရုံမျှဖြင့် ကြိုတင်ကာကွယ်မှုလုပ်လိမ့်မည်ဟု မဆိုနိုင်ပါ။ အမူအကျင့်သစ်တစ်ခုကို စတင်ကျင့်သုံးလာစေရန် လူ့ကြောက်စိတ်သဘာဝကို ကျွန်ုပ်တို့ အလွန်အကျွံ့ အလေးပေးလေ့ရှိသည်။ ဥပမာ - ဆေးစစ်မှုခံယူလာစေရန်အလို့ငှာ AIDS ဖြစ်ပါက အသက်ဆုံးရှုံးနိုင်ကြောင်း ပြော၍ရသော်လည်း ရံဖန်ရံခါတွင် ကြောက်စိတ်လွန်ကဲသွားခြင်းကြောင့် တစ်စုံတစ်ခုကို မလုပ်တော့သည်အထိ ဖြစ်စေနိုင်ကြောင်း လေ့လာမှုများတွင် တွေ့ရှိထားပါသည်။
4. လူတို့သည် ၎င်းတို့၏ဘဝပိုမိုကောင်းမွန်စေရန် လုပ်ဆောင်သောအရာများစွာသည် ကျွန်ုပ်တို့လိုလားသည့် အကြောင်းများကြောင့် ပြုလုပ်ကြခြင်း အမြဲမဟုတ်ကြပါ။ အမူအကျင့်တစ်ခုကို လုပ်ရသည့်အကြောင်းရင်းသည် ကျွန်ုပ်တို့/စီမံကိန်း၏က လှုံ့ဆော်သောအရာနှင့်ထပ်တူမကျသည့်တိုင် မည်သည့်အကြောင်းကြောင့် အမူအကျင့်တစ်ခုကို ကျင့်သုံးကြောင်းသိရှိလိုစိတ်ရှိရန် အရေးကြီးပါသည် (ဥပမာ - ကိုယ်သင်းနံ့ကောင်းမွန်စေရန် ဆပ်ပြာဖြင့် မိမိကိုယ်ကို ဆေးကြောသန့်စင်ခြင်း)။ ခြွင်းချက်အချို့မှအပ လိုလားအပ်သောအမူအကျင့်တစ်ခုကို ဦးတည်အုပ်စုက ကျင့်သုံးနေပါက အဘယ့်ကြောင့် ကျင့်သုံးသည် ဆိုသည်က များစွာအရေးမကြီးလှပါ။
5. မြှင့်တင်ရမည့်အမူအကျင့်ကို မှန်ကန်စွာရွေးချယ်ခြင်းမပြုပါက ပိုမိုကျင့်သုံးလာအောင်ပြုလုပ်ခြင်းဖြင့် အဓိကပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ပါ။ မြှင့်တင်ပေးမည့် အမူအကျင့်သည် အဓိကပြဿနာရပ်အပေါ် များစွာ သက်ရောက်မှုမရှိပါက (ဥပမာ - သီးနှံအထွက်နှုန်းကျခြင်း၊ ကလေးအာဟာရချို့တဲ့ခြင်း) ယင်းအမူအကျင့်အတွက် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းဖြင့်လည်း လိုလားသောရလဒ်ကို ရရှိအောင် ကူညီနိုင်မည်မဟုတ်ပါ။ ဥပမာ မိခင်ဖြစ်သူသည် ကလေးဆေးခန်းသို့ ပုံမှန်မသွားသည့်အပြင် ကျန်းမာရေးလုပ်သား၏အကြံပြုချက်များကို လိုက်နာခြင်းမရှိပါက "ကလေးကြီးထွားမှုမှတ်တမ်းကဒ်ပြားကို မိခင်က ကောင်းစွာထိန်းသိမ်းသည်" ဟူသော အမူအကျင့်အပေါ် လေ့လာမှုပြုလုပ်ခြင်းသည် အကျိုးရှိမည်မဟုတ်ပါ။ ပြောင်းလဲသင့်သောအမူအကျင့်အနည်းငယ်ကို ပြောင်းလဲခြင်းဖြင့် ကြီးစွာသော အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်သည်ကို မကြာခဏ တွေ့ရလေ့ရှိပါသည်။ (လေ့လာမှုပြုလုပ်သင့်သော အမူအကျင့်များရွေးချယ်နည်းကို သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ တွင်ကြည့်ပါ။)

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုနှင့်အတားအဆီးများရှာဖွေဖော်ထုတ်သည့်စစ်တမ်းများအကြောင်း လေ့လာခြင်း

1. **အတားအဆီးများရှာဖွေဖော်ထုတ်ရာတွင် စူးစမ်းလေ့လာမှုပြုသည့် Determinant အရေအတွက် မည်မျှရှိသနည်း။**
   Barrier Analysis တွင် အမူအကျင့်ဆိုင်ရာ Determinant ၅-၁၂ ခုခန့်ကို မေးခွန်းထုတ်လေ့ရှိသည် - အကြီးမားဆုံး Determinant ၄ ခုနှင့်ကျန်ရှိသည့် Determinant ၈ ခုထဲမှ အချို့။ အချို့သုတေသီများကမူ အမူအကျင့်ကိုကျင့်သုံးရာတွင် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အရေးကြီးသော အကြောင်းအချက်များအား ကျန်ရစ်ခြင်းမဖြစ်စေရန် Determinant အားလုံးကို ဖြစ်နိုင်သမျှ စူးစမ်းရန်အရေးကြီးသည်ဟုဆိုပါသည်။ မည်သည့် Determinant များမှတဆင့် အရေးအကြီးဆုံးအတားအဆီးများထွက်ပေါ်လာမည်ကို ကြိုတင်သိနိုင်ရန် ခက်ခဲပါသည်။
2. **မည်သည့်အင်တာဗျူးနည်းကို အသုံးပြုသင့်သနည်း။**
   ဦးတည်အုပ်စုဝင်များနှင့်တစ်ဦးချင်းအင်တာဗျူး (Individual interview) ပြုလုပ်နည်းကို အသုံးပြုသင့်သည်။ ယခင်ကမူ အုပ်စုဖွဲ့အင်တာဗျူးများကို အသုံးပြုကြသည်။ သို့သော်လည်း အတွေ့အကြုံများအရ တစ်ဦးချင်းအင်တာဗျူးများမှ ရရှိသောရလဒ်များက ပိုမိုခိုင်လုံမှုရှိသည်ကို တွေ့ရပါသည်။
3. **ဘယ်သူ့ကို အင်တာဗျူးမှာလဲ။**
   Barrier Analysis တွင် အများအားဖြင့် ဦးတည်အုပ်စုဝင်များကို မေးခွန်းများမေးလေ့ရှိသည်။ ၎င်းတို့သည် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူများဖြစ်ကြသည်ဟူသောအချက်ပေါ်အခြေခံ၍ အဖြေများကို နှိုင်းယှဉ်သည်။ အမူအကျင့်ကို ယခင်ကကျင့်သုံးဖူးပြီး ဦးတည်အုပ်စုတွင်ပါဝင်ခဲ့ဖူးသူကို အင်တာဗျူးသင့်သည်။ အကြောင်းမှာ အမူအကျင့်တို့တွင် အချိန်ကန့်သတ်ချက်ရှိသည် (အချိန်ကာလတစ်ခုအတွင်း ကျင့်သုံးသင့်သည်)။ ဥပမာ - မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်း (ဘဂအစ ၆ လအတွင်း မိခင်နို့တိုက်ကျွေးခြင်း) အတွက် စစ်တမ်းဖြေဆိုမည့်သူသည် ၎င်း၏ကလေးအသက် ၇ နှင့်အထက်ရှိသူဖြစ်သည်။
4. **ကျင့်သုံးသူနှင့်မကျင့်သုံးသူများကို မည်သူက အင်တာဗျူးသနည်း။**
   ပြင်ပမှ အင်တာဗျူးသူများခေါ်ယူ၍ စစ်တမ်းကောက်ယူနိုင်သော်လည်း အများအားဖြင့် စီမံကိန်းဝန်ထမ်းများကို အင်တာဗျူးသင်တန်းများပေးလေ့ရှိသည်။ ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးနည်းစနစ်သည် အခြားစစ်တမ်းပုံစံများနှင့်အနည်းငယ်ကွဲပြားသဖြင့် အင်တာဗျူးသူအားလုံးကို ယင်းနည်းစနစ်သင်တန်းပေးထားသင့်သည်။ အင်တာဗျူးသူတိုင်းသည် ကျင့်သုံးသူသက်သက်၊ မကျင့်သုံးသူသက်သက်ခွဲ၍ အင်တာဗျူးခြင်းမဟုတ်ဘဲ ကျင့်သုံးသူအချို့နှင့်မကျင့်သုံးသူအချို့တို့ကို အင်တာဗျူးစေခြင်းက အကောင်းဆုံးဖြစ်သည်။ ယင်းသို့ပြုလုပ်စေခြင်းဖြင့် အင်တာဗျူးသူတစ်ဦး၏ မေးမြန်းပုံ သို့မဟုတ် အဖြေများကိုမှတ်သားပုံတို့ကြောင့် ရရှိလာသည့် တစ်သမတ်တည်း ရလဒ်ပုံစံမျိုးကို ရှောင်ရှားရာတွင် အထောက်အကူပြုပါသည်။ အကယ်၍ တစ်ဦးက အင်တာဗျူးပြီး အခြားတစ်ဦးက အဖြေများမှတ်သားပါက စစ်တမ်းကောက်ယူစဉ်အတွင်း နေရာလဲ၍ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။
5. **ဖြေဆိုသူတစ်ဦးကို အင်တာဗျူးတစ်ခုပြုလုပ်နေစဉ် အမူအကျင့်တစ်ခုထက်ပို၍ မေးမြန်းသင့်ပါသလား။**
   တစ်ပြိုင်တည်းတွင် Barrier Analysis တစ်ခုထက်ပို၍ လုပ်ဆောင်နေပါက အင်တာဗျူးတစ်ခုတည်းတွင် အမူအကျင့်တစ်ခုထက်ပို၍ မေးမြန်းခြင်းကို ရှောင်ကြဉ်ပါက အကောင်းဆုံးဖြစ်သည်။ ယင်းသို့ပြုလုပ်ပါက

ဖြေဆိုသူအား ဂန်ပိစေပြီး အင်တာဗျူးကိုညည်းငွေ့လာသည်နှင့်အမျှ မပြည့်စုံ သို့မဟုတ် ကောင်းစွာ မစဉ်းစားထားသော အဖြေများပေးသည်အထိ ဖြစ်လာနိုင်သည်။

6. **မည်သည့် ကိုယ်စားပြုအရွယ်အစားကို အသုံးပြုသင့်သနည်း။**

Barrier Analysis တွင် ထိရောက်မှုအရှိဆုံးရလဒ်များကို အများအားဖြင့် ပေးနိုင်သည့် ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ပါဝင်သော ကိုယ်စားပြုအရွယ်အစားကို အသုံးပြုသင့်သည်။ ယခုပြုလုပ်သည့်စစ်တမ်းသည် Qualitative Research ဖြစ်သည်နှင့်အညီ ကိုယ်စားပြုအရွယ်အစားတွင် အတိုးအလျော့ အနည်းငယ် ပြုလုပ်နိုင်ပြီး ဖြေဆိုသူတစ်မျိုးလျှင် ၄၅ ဦးထက် အနည်းငယ်ပို သို့မဟုတ် လျော့၍ အင်တာဗျူးနိုင်ပါသည် (ဥပမာ - ကျင့်သုံးသူ ၄၂ ဦးနှင့် မကျင့်သုံးသူ ၄၇ ဦး)။ ကိုယ်စားပြုအရွယ်အစားကို ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ဦး ထက်ကျော်လွန်သွားပါက အုပ်စု ၂ စုအကြား ကွာခြားချက်အနည်းငယ်ကိုသာ တွေ့ရပါသည်။ အမူအကျင့်နှင့်ဆက်စပ်မှုအနည်းငယ်မျှသာရှိသဖြင့် ယင်းအချက်ကို လျစ်လျူရှုထားသင့်သည်။ ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ဦးလျော့၍ အင်တာဗျူးပါက အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများ ရွေးချယ်ရာတွင် အခြေခံအဖြစ်ထားရမည့် ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား အရေးပါသော ကွဲပြားမှုကို လုံလောက်စွာ မတွေ့ရမည့်အလားအလာရှိပါသည်။

ကျင့်သုံးသူနှင့်မကျင့်သုံးသူ ၄၅ ဦးစီမရှာနိုင်ပါက အရေးပါသောရလဒ်များရရှိနိုင်ခြေ ရှိပါသေးသည်။ အုပ်စုတစ်စု (ဥပမာ - ကျင့်သုံးသူ) အတွက် ၄၅ ဦး မရှာနိုင်ပါက အခြားအုပ်စု (မကျင့်သုံးသူ) အတွက် အင်တာဗျူးကို ၂ ဆပိုပြုလုပ်ခြင်းဖြင့် အုပ်စုနှစ်စု (ဥပမာ - ကျင့်သုံးသူ ၃၀ ဦးနှင့်မကျင့်သုံးသူ ၆၀ ဦးကို အင်တာဗျူးခြင်း) အကြား ကိန်းဂဏန်းအရ အရေးပါသော ကွာခြားချက်များတွေ့ရှိနိုင်ပါသည်။ ယင်းနည်းစနစ်ကိုအသုံးပြုပါက ရလဒ်များကို ခွဲခြမ်းစိတ်ဖြာရန် Barrier Analysis Tabulation Sheet (မေးခွန်းအမှတ်စဉ် ၁၂ တွင် ဖော်ပြထားသည်) ကို အသုံးပြုသင့်သည် (Manual Analysis Method ကိုအသုံးမပြုသင့်ပါ)။

ဒေသအတွက် အသစ်ဖြစ်နေသော အမူအကျင့်တစ်ခုကို စတင်မိတ်ဆက်ရာတွင် (ဥပမာ - နေရောင်ခြည်ဖြင့် ရေသန့်စင်ခြင်း၊ ဇင့်အသုံးပြုခြင်း) စီမံကိန်းအစတွင် ကျင့်သုံးသူတစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိမည်မဟုတ်ပါ။ ယင်းအခြေအနေမျိုးတွင် Barrier Analysis နည်းလမ်းကိုမရွေးချယ်သင့်ပေ။ Trials of Improved Practices (TIPS) ကဲ့သို့သော အခြား Formative Research နည်းစနစ်များကို အသုံးပြုရန် စဉ်းစားသင့်ပါသည်။

7. **မည်သည့်ကိုယ်စားပြုအရွယ်အစားကို အသုံးပြုသင့်သနည်း။**

Barrier Analysis သည် ကိုယ်စားပြုသူကို ရည်ရွယ်ချက်ထား၍ရွေးချယ်နည်း သို့မဟုတ် အလျဉ်းသင့်သလို ရွေးချယ်နည်းတို့ကို အသုံးပြုသည့် Qualitative Method ဖြစ်သည်။ ကိုယ်စားပြုသူကိုရွေးချယ်သည့်အခါ အုပ်စုများအကြား အဓိကကျသည့်ကွဲပြားမှုများကိုထည့်သွင်းစဉ်းစားရန်နှင့်ယင်းကွဲပြားမှုများကို ကိုယ်စားပြုမှု ပေးရန် အရေးကြီးပါသည်။ ရလဒ်များတွင် ယင်းကွဲပြားမှုများထင်ဟပ်နေစေရန် ဖြေဆိုမည့်သူများကို မတူညီသော ရပ်ရွာအသိုက်အဝန်းများမှရွေးချယ်သင့်သည်။ အကယ်၍ သင့်ရပ်ရွာသည် တစ်မျိုးတစ်စားတည်း မဟုတ်ပါက ယင်းသို့ရွေးချယ်ရန် အထူးလိုအပ်ပါသည်။ ဥပမာ မတူကွဲပြားသောဘာသာရေးအုပ်စုများ သို့မဟုတ် လူမျိုးစုများရှိပါက သို့မဟုတ် အမူအကျင့်ကိုကျင့်သုံးပုံအပေါ် သက်ရောက်မှုရှိနိုင်သော အခြားပြဿနာရပ်များ ရှိပါက (ဥပမာ - ကျန်းမာရေးစောင့်ရှောက်မှုရယူရာတွင် တည်နေရာအနေအထား) ယင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာ ကျင့်သုံးသူ ၄၅ ဦးနှင့်မကျင့်သုံးသူ ၄၅ ဦးကို အင်တာဗျူးရန် မတူညီသော ရပ်ရွာအသိုက်အဝန်း ၉ ခုမှ တစ်ရွာလျှင် ကျင့်သုံးသူ ၅ ဦးနှင့်မကျင့်သုံးသူ ၅ ဦးစီကို အင်တာဗျူးရန်

ထည့်သွင်းစဉ်းစားသင့်သည်။ အားလုံးကို ရပ်ရွာတစ်ခုတည်းမှ ရွေးချယ်ခြင်းမပြုသင့်ပါ။ အကယ်၍ အချို့အုပ်စုများအကြား ကြီးမားသောကွာဟချက်များရှိမည်ဟု သင်စိုးရိမ်ပါက - ဥပမာ အမျိုးသားနှင့်အမျိုးသမီး အုပ်စုများ - ယင်းအုပ်စုများအတွက် သီးခြား BA စစ်တမ်းများပြုလုပ်ရန် စဉ်းစားသင့်သည်။ *သို့သော်လည်း ရလဒ်များပေါ်အခြေခံ၍ မတူညီသောလုပ်ငန်းများဆောင်ရွက်ရန်ရှိမှသာ ယင်းသို့ပြုလုပ်သင့်သည်။ အလားတူပင် စီမံကိန်းတွင် နယ်မြေဒေသအလိုက် အမူအကျင့်ပြောင်းလဲမှုအတွက် မတူညီသောဗျူဟာများရေးဆွဲရန် ရင်းမြစ်များရှိမှသာ မတူညီသောနယ်မြေဒေသများတွင် BA စစ်တမ်းများကို သီးခြားစီခွဲ၍ ပြုလုပ်ရမည်။*

**8. Barrier Analysis တစ်ခုပြုလုပ်ရန် အချိန်မည်မျှ လိုအပ်သနည်း။**

အင်တာဗျူးသူ ၁၅-၂၀ ဦးနှင့်ကြီးကြပ်သူများပါဝင်ပါက အမူအကျင့်တစ်ခုအတွက် BA စစ်တမ်းတစ်ခု (အဆင့် ၇ ဆင့်) ကို အများအားဖြင့် ၂ ပတ်အတွင်း အပြီးပြုလုပ်နိုင်သည်။ ယင်းတွင် စစ်တမ်းမေးခွန်းလွှာရေးသားခြင်း၊ ဘာသာပြန်ဆိုခြင်း (အချိန်အများဆုံးလိုအပ်သည့်အလုပ်ဖြစ်သည်)၊ အင်တာဗျူးသူနှင့်ကြီးကြပ်သူများအား သင်တန်းပေးခြင်း (တစ်ရက်)၊ ကွင်းဆင်းရန်စီစဉ်ဆောင်ရွက်ခြင်း၊ အင်တာဗျူး ၉၀ ပြုလုပ်ခြင်း (၁/၂ ရက်)၊ ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ရလဒ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၁/၂ ရက်) တို့ပါဝင်သည်။ သွားရောက်ရမည့်ရပ်ရွာသည် သွားလာရန် အတန်အသင့်လွယ်ကူပြီး (ကားဖြင့် ၁-၂ နာရီ) ဖြေဆိုမည့်သူများကို အလွယ်တကူရှာဖွေနိုင်သည်ဟုယူဆ၍ ကြာမြင့်မည့်အချိန်ကို တွက်ချက်ထားခြင်းဖြစ်သည်။

**9. စီမံကိန်းသက်တမ်းအတွင်း မည်သည့်အချိန်တွင် Barrier Analysis ကိုအသုံးပြုသနည်း။**

Barrier Analysis ကို စီမံကိန်းအစ (ဥပမာ - အကောင်အထည်ဖော်ဆောင်ရန် အသေးစိတ်အစီအစဉ်ရေးဆွဲခြင်း မပြုမီ) တွင် အသုံးပြုနိုင်သည်။ ယင်းအချိန်သည် အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာရေးဆွဲရန် အကောင်းဆုံး ဖြစ်သည်။ သို့မဟုတ်ပါက စီမံကိန်းကာလဝက်တွင်သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် စီမံကိန်းအတွက် အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတစ်ရပ်ကိုလိုအပ်၍ အပြီးသတ်အကဲဖြတ်ချက် ပြုလုပ်ချိန်တွင်သော်လည်းကောင်း၊ ထိုအချိန်တွင် လိုအပ်ချက်များပြန်လည်ပြင်ဆင်ရန်လိုအပ်၍ သော်လည်းကောင်း BA ကို အသုံးပြုနိုင်သည်။ ထို့ပြင် ရံဖန်ရံခါတွင် အချို့အဖွဲ့အစည်းများသည် စီမံကိန်းသက်တမ်းအတွင်း၌ အမူအကျင့် ၄-၅ မျိုးကို လေ့လာမှုပြုလုပ်ရန် BA ကို အခါအားလျော်စွာ ပြုလုပ်လေ့ရှိသည် (ဥပမာ - Food for the Hungry သည် Care Group များမှတဆင့် မြှင့်တင်မှုပြုမည့် အဓိကကျသော အမူအကျင့်များအတွက် BA ကို အမူအကျင့်တစ်ခုချင်း၏မြှင့်တင်မှုမော်ဂျူးကို အပြီးမသတ်မီ ပြုလုပ်လေ့ရှိသည်)။

**10. တွေ့ရှိချက်များက မည်မျှခိုင်မာမှုရှိသနည်း။**

BA စစ်တမ်းမှတဆင့် အရေးပါသည်ဟုတွေ့ရှိရသော တွေ့ရှိချက်များသည် တိုက်ဆိုင်မှုကြောင့်ဖြစ်နိုင်ခြေ ၅% ထက် လျော့နည်းပါသည် (ထို့ကြောင့် ၉၅% ခိုင်လုံမှုရှိပါသည်)။ ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား အရေးပါသော ကွာခြားချက်များကို BA စစ်တမ်းတွင် ခွဲခြားမှုပြုလုပ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၅ မှတ်နှင့် အထက် ကွာဟသောအဖြေများသည် အမှန်တကယ် ကွာခြားချက်များဖြစ်ပြီး တိုက်ဆိုင်မှုသက်သက်ကြောင့် မဖြစ်နိုင်ပါ။

**11. တွေ့ရှိချက်ရလဒ်များကို မည်ကဲ့သို့ ခွဲခြမ်းစိတ်ဖြာသနည်း။**

စစ်တမ်းမေးခွန်းလွှာတစ်ခုကို ရေးသားပြုစု၍ အများအားဖြင့် ဦးတည်အုပ်စုဝင်များဖြစ်သော ကျင့်သုံးသူနှင့်မကျင့်သုံးသူများအား မေးမြန်းရန် အသုံးပြုသည်။ တွေ့ရှိချက်များကို ကုဒ်များသတ်မှတ်၍

ကားချပ်စာရွက်များပေါ်တွင် ရေတွက်မှတ်သားသည်။ သာမန်သုံး ဂဏန်းပေါင်းစက်ဖြင့် ရာခိုင်နှုန်းကို တွက်ချက်သည်။ ကွာဟချက် ၁၅ မှတ်နှင့်အထက်ရှိသော အဖြေများသည် အရေးအကြီးဆုံးအဖြေများဖြစ်သည်။ သီးခြား (သို့မဟုတ် နှစ်ခုပေါင်းပင်ဖြစ်စေ) အဖြေတစ်မျိုးမျိုးပေးလာသည့် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ ရာခိုင်နှုန်းများသည် အရေးမကြီးသည်ကို သတိပြုရန် အရေးကြီးပါသည်။ အုပ်စု ၂ စုအကြား ကွာခြားချက်ကသာ အရေးကြီးပါသည်။ ထို့ပြင် ရံဖန်ရံခါတွင် ကျင့်သုံးသူနှင့်မကျင့်သုံးသူအနည်းစုက အဖြေတစ်မျိုးမျိုးပေးလာခြင်း ရှိနိုင်သော်လည်း ယင်းတို့အကြား ကွာခြားချက်က အရေးပါသော Determinant ကို ရည်ညွှန်းနိုင်လောက်အောင် ကြီးမားခြင်းလည်း ရှိနိုင်ပါသည်။

ရလဒ်များကို ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား ကွာခြားချက်များရှာဖွေရန်အတွက် ရေးဆွဲထားသော MS Excel ဇယားတွင်လည်း ထည့်သွင်းနိုင်ပါသည်။ MS Excel spreadsheet က အဖြေအသီးသီးကို ဖြေဆိုခဲ့သူ ကျင့်သုံးသူနှင့်မကျင့်သုံးသူရာခိုင်နှုန်းများတွက်ချက်၍ အရေးပါသော ကွာခြားချက်များကို ခွဲခြားပြသပါသည်။ spreadsheet သည် အတိအကျတွက်ချက်လေ့ရှိသဖြင့် ရံဖန်ရံခါတွင် အရေးပါသောကွာခြားချက်အရေအတွက် တွင် လက်ဖြင့်ရေတွက်ခြင်းနှင့် ကွဲပြားလေ့ရှိသည်။ spreadsheet သည် အဖြေတစ်ခုစီ၏ကွာခြားချက် အတိုင်းအဆကိုလည်း ပြသလေ့ရှိသည် (ဥပမာ - ၎င်းတို့၏ခင်ပွန်းက အမူအကျင့်ကို သဘောကျသည်ဟု ကျင့်သုံးသူများက ပြောနိုင်ခြေသည် မကျင့်သုံးသူများထက် ၇ ဆရှိသည်။) MS Excel spreadsheet ကို (၂၀၁၆ မတ်လ အခြေအနေအရ) http://caregroups.info/wp-content/uploads/2015/08/1Final-Computerized-Tabulation-Sheets-June-2016.xlsx တွင် ကူးယူနိုင်ပါသည်။

Barrier Analysis Tabulation Sheet အသုံးပြုနည်းရှင်းလင်းချက်ကို http://caregroups.info/wp-content/uploads/2016/06/Final-Computerized-Tabulation-Instructions-June-2016.docx တွင် ကူးယူနိုင်ပါသည်။

12. Barrier Analysis ပြုလုပ်ပြီးနောက် အခြား Qualitative Method များကို အသုံးပြုလေ့ရှိပါသလား။

Barrier Analysis အပြီးတွင် အခြား Qualitative Method များဖြင့် အခါအားလျော်စွာ ဆက်လက်လေ့လာမှုများ ပြုလုပ်လေ့ရှိပါသည်။ ဥပမာ ၎င်းတို့၏ခင်ပွန်းက တစ်စုံတစ်ခုကို သဘောမကျဟု မိခင်များက ထင်မြင်ယူဆသည်ဟု လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ နှင့်သက်ဆိုင်သည့်မေးခွန်းမှတဆင့် တွေ့ရှိရပါက ယင်းယူဆချက်မှန်မမှန်ကို စိစစ်ရန်အရေးကြီးသည်။ ထိုအခြေအနေမျိုးတွင် ခင်ပွန်းအချို့ကို ကိုယ်စားပြုအနေဖြင့်ရွေးချယ်၍ လိုလားအပ်သော အမူအကျင့်အပေါ် ၎င်းတို့၏သဘောထားအမှန်နှင့် အမူအကျင့်ကို ၎င်းတို့၏ဇနီးများက ကျင့်သုံးခြင်းအပေါ် သဘောကျခြင်းရှိမရှိသိနိုင်ရန် အုပ်စုဖွဲ့အင်တာဗျူးများ ပြုလုပ်သင့်ပါသည်။ အလားတူပင် အမူအကျင့်ကိုကျင့်သုံးရန် ခက်ခဲစေသည့် မူဝါဒ သို့မဟုတ် ယဉ်ကျေးမှု ဓလေ့ရှိသည်ဟု ဖြေဆိုသူများကပြောလာပါက မည်သည့်မူဝါဒနှင့်ယဉ်ကျေးမှုဓလေ့များဖြစ်သည်ကို စုံစမ်းမေးမြန်းရန် လိုအပ်မည်ဖြစ်သည်။

ကျင့်သုံးသူမရှိသဖြင့် Barrier Analysis ပြုလုပ်ရန် မဖြစ်နိုင်ပါက TIPS၊ FGD၊ PLA နှင့် အခြား Qualitative Method များကို အသုံးပြု၍ အထောက်အကူပြုသူနှင့်အတားအဆီးများကို ရှာဖွေဖော်ထုတ်နိုင်ပါသည်။ Formative Research နည်းစနစ်အမျိုးမျိုးကို ဖော်ပြပါ လင့်ခ်တွင် တွေ့ရှိနိုင်ပါသည် - http://www.fsnnetwork.org/formative-research-guide-support-collection-and-analysis-qualitative-data-integrated-maternal-and

13. Barrier Analysis သည် Quantitative Method လား၊ Qualitative Method လား။

    Barrier Analysis သည် တွေ့ရှိချက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာရာတွင် Quantitative ချဉ်းကပ်ပုံကို အသုံးပြုသည့် Qualitative သုတေသနအမျိုးအစားဖြစ်ပါသည်။ မေးခွန်းလွှာတွင် အုပ်စုနှစ်စု၏တွေးမြင်ပုံကို စူးစမ်းဖော်ထုတ်ရာ၌ အထောက်အကူပြုသော အဆုံးဖွင့်မေးခွန်းများပါရှိသည် (ထို့ကြောင့် သဘာဝအားဖြင့် Qualitative ဖြစ်သွားသည်)။ သို့သော်လည်း တွေ့ရှိချက်များကို Quantitative ပုံစံဖြင့် ဖော်ပြနိုင်စေသည့် Quantitative မှ နည်းလမ်းအချို့ကိုလည်း အသုံးပြုထားသည် (ဥပမာ - ကျင့်သုံးသူနှင့်မကျင့်သုံးသူများ နှိုင်းယှဉ်ချက်)။ သို့သော်လည်း ကိုယ်စားပြုသူများရွေးချယ်ရာတွင် အသုံးပြုသည့်ပုံစံကြောင့် ယုံကြည်မှုတစ်ခု၏ ပျံ့နှံ့မှုကို Barrier Analysis ဖြင့် မတိုင်းတာနိုင်သည်ကို သတိပြုရန် အရေးကြီးပါသည်။

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၄ - Barrier Analysis ဂိမ်း

| မေးခွန်းများ |
|---|
| 1. Barrier Analysis တွင် determinant မည်မျှကို စူးစမ်းလေ့လာသနည်း။ |
| 2. အချက်အလက်ကောက်ယူရာတွင် မည်သည့်နည်းစနစ်ကို အသုံးပြုသင့်သနည်း။ |
| 3. Barrier Analysis တွင် အများအားဖြင့် မည်သူတို့ကို အင်တာဗျူးလေ့ရှိသနည်း။ |
| 4. ကျင့်သုံးသူနှင့်မကျင့်သုံးသူများကို မည်သူက အင်တာဗျူးသနည်း။ |
| 5. လူတစ်ဦးတည်းကို အမူအကျင့်တစ်ခုထက်ကျော်၍ တစ်နေ့တည်းတွင် အင်တာဗျူး၍ ရပါသလား။ |
| 6. အင်တာဗျူးအရေအတွက်မည်မျှကို အနည်းဆုံးပြုလုပ်သင့်သနည်း။ |
| 7. ကျင့်သုံးသူဦးရေမည်မျှကို အင်တာဗျူးသင့်သနည်း။ |
| 8. ကိုယ်စားပြုသူအားလုံးကို ရပ်ရွာတစ်ခုတည်းမှ ရွေးချယ်သင့်ပါသလား။ |
| 9. စီမံကိန်းသက်တမ်းအတွင်း မည်သည့်အချိန်တွင် Barrier Analysis ကို အသုံးပြုသင့်သနည်း။ |
| 10. တွေ့ရှိချက်များသည် မည်မျှခိုင်လုံမှုရှိသနည်း။ |
| 11. အရေးပါသည်ဟုယူဆနိုင်ရန် ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား အနည်းဆုံးကွာခြားချက်မည်မျှ ရှိရန် လိုအပ်သနည်း။ |
| 12. တွေ့ရှိချက်များကို လူကိုယ်တိုင်သာ ကုဒ်သတ်မှတ်မှ ရတာလား။ |
| 13. တွေ့ရှိချက်များကို ကွန်ပျူတာဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်မည့် နည်းလမ်းရှိပါသလား။ |
| 14. Barrier Analysis ပြုလုပ်ပြီးနောက် အခြား qualitative method များကို ရံဖန်ရံခါ အသုံးပြုလေ့ရှိပါသလား။ |
| 15. Barrier Analysis သည် quantitative method လား qualitative method လား။ |

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၅ - Barrier Analysis ပြုလုပ်ရာတွင် ကုန်ကျစရိတ်များ

ထိရောက်သော အမူအကျင့်ပြောင်းလဲမှုမဟာဗျူဟာတစ်ရပ်ရေးဆွဲရန် DBC Framework အသုံးပြုခြင်းနှင့် Barrier Analysis ပြုလုပ်ခြင်းတို့အတွက် အဆင့်ဆင့်ဆောင်ရွက်ပုံကို အောက်တွင် ဖော်ပြထားပါသည်။ $$ ဖြင့်ဖော်ပြထားသော အရာများသည် ငွေကျေးကုန်ကျမည့်အရာများဖြစ်သည်။ ကုန်ကျမည့်ပမာဏသည် DBC ကိုအသုံးပြုသည့်နေရာပေါ်တွင် မူတည်သည်။

1. သင်တန်းတွင် အသုံးပြုရန် DBC Framework ပုံကြီးကို ကားချပ်စာရွက်ပေါ်တွင် ရေးဆွဲပါ (DBC လက်စွဲ၏ စာမျက်နှာ ၄၁)။
2. သင့်စီမံကိန်းအတွက် ကောင်းစွာရေးသားထားသော အမူအကျင့်ဖော်ပြချက်များကို စုစည်းပါ (သက်ဆိုင်ရာ ဦးတည်အုပ်စု၏အမည်များပါဝင်မည်)။
3. **သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာရမည့်အမူအကျင့်ကို ဆုံးဖြတ်ရွေးချယ်နည်း** ကိုအသုံးပြု၍ လေ့လာရမည့် အမူအကျင့်များကိုသတ်မှတ်ရန်လုပ်ဆောင်ချက်တွင် ပံ့ပိုးကူညီပါ (၁/၂ - ၁ ရက်)။
4. လေ့လာလိုသည့် အမူအကျင့်များအတွက် BA မေးခွန်းလွှာကိုရေးသားပါ (လိုအပ်သော မေးခွန်းလွှာကို Behavior Bank တွင် ရှာဖွေပါ)။
5. သင့်ဦးတည်အုပ်စုနှင့်တွေ့ဆုံမည့်သူများအားစုစည်း၍ DBC လက်စွဲပါ ကဏ္ဍ ၇ ရပ်နှင့်အညီ ဦးတည်အုပ်စုအကြောင်း အသေးစိတ်ရေးသားရန် အတူပူးပေါင်းဆောင်ရွက်ပါ (၁/၂ ရက်)။
6. မည်သူက အင်တာဗျူးမည်ကိုဆုံးဖြတ်ပါ (စီမံကိန်းဝန်ထမ်း၊ စီမံကိန်းအမျိုးမျိုးမှ ဝန်ထမ်းများ သို့မဟုတ် ပြင်ပမှ စစ်တမ်းကောက်သူများ)။ အင်တာဗျူးသူ ၁၅ ဦးနှင့်အထက်၊ ကြီးကြပ်သူ ၅ ဦးလိုအပ်မည်ဖြစ်သည်။
7. $$ မိမိအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသူမဟုတ်သည့် အင်တာဗျူးသူများကိုအသုံးပြုမည်ဆိုပါက ရွေးချယ်ခန့်အပ်သည့်လုပ်ငန်းစဉ်ကို စာချုပ်၊ လုပ်ငန်းတာဝန်ဖော်ပြချက် စသည်ဖြင့် တို့နှင့်ကုန်ကျစရိတ်တို့ဖြင့် ပြည့်စုံစွာလုပ်ဆောင်ရမည်။
8. $$ မေးခွန်းလွှာကို ဒေသသုံးဘာသာစကားသို့ ပြန်ဆို၍ စာရွက်ပေါ်တွင် (ဒေသသုံး ဘာသာစကားနှင့် နိုင်ငံတကာသုံးဘာသာစကားနှစ်မျိုးစလုံးဖြင့်) စနစ်တကျ ပုံစံချပါ။ ယင်းသို့ပြုလုပ်ရန် အချိန် ၂ ပတ်အထိ ကြာမြင့်နိုင်သည်။
9. $$ သင်ခန်းစာ ၁၀ ကို အသုံးပြု၍ အင်တာဗျူးသူနှင့်ကြီးကြပ်သူများကို သင်တန်းပေးပါ။ DBC Framework ကို သင်ကြားပေးလိုပါက သင်တန်းကာလပိုပေးပါ။
10. စစ်တမ်းကြီးကြပ်မည့်သူများ (စစ်တမ်းကောက်သူ ၄-၅ ဦးလျှင် တစ်ဦးကျ) ရွေးချယ်၍ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးပါ (စာမျက်နှာ ၁၃၃-၁၃၅ ကိုဖတ်ရှု၍ အင်တာဗျူးသူများအား သင်တန်းပေးရာတွင် ထည့်သွင်းအသုံးပြုပါ)။
11. $$ အင်တာဗျူးသူအုပ်စုတစ်စုစီအတွက် မေးခွန်းလွှာအပို ၂-၃ စုံဆောင်း၍ မေးခွန်းလွှာများကို မိတ္တူကူးပါ (စုစုပေါင်း မေးခွန်းလွှာ ၁၀၂ ခု)။
12. လက်စွဲစာအုပ် (စာမျက်နှာ ၁၃၈) မှ စစ်ဆေးရမည့် ထောက်ပို့စာရင်းကို ပြန်လည်လေ့လာ၍ စစ်တမ်းပြုလုပ်မည့် နေရာဆုံးဖြတ်ခြင်း၊ မော်တော်ယာဉ်ရွေးချယ်ခြင်း၊ အင်တာဗျူးသူများကို အုပ်စုငယ်များခွဲခြင်း၊ ကွင်းဆင်းစစ်တမ်း ကောက်ယူမှုအပြီး နေ့လယ်စာအတွက် စီစဉ်ခြင်းတို့ကိုပြုလုပ်ပါ။

13. $$ စက်သုံးဆီ၊ လက်ကိုင်ဖုန်းဘေလ်ကဒ်၊ ခဲတံ၊ ချွန်စက်၊ ခဲဖျက်၊ အောက်ခံပြား၊ ပလတ်စတစ်စာအိတ် ကဲ့သို့သော ကွင်းဆင်းရာတွင် လိုအပ်မည့်အရာများဂယ်ယူပါ။
14. $$ ကွင်းဆင်းလုပ်ငန်းများပြီးစီးပါက စစ်တမ်းကောက်သူ၊ ကြီးကြပ်သူနှင့်ပံ့ပိုးကူညီသူတို့အတူ ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်မေးခွန်းလွှာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းများပြုလုပ်ပါ။ ကားချပ်စာရွက်များ၊ တိပ်ခွေ၊ မာကာပင်များနှင့်ကွင်းဆင်းရာမှ ပြန်ရောက်လာသည့် အင်တာဗျူးသူများအတွက် နေ့လယ်စာတို့ကို လိုအပ်မည်ဖြစ်သည်။ နေရာငှားရမ်းရန် လိုကောင်းလိုမည်ဖြစ်သည်။
15. BA ရလဒ်များပေါ်မူတည်၍ လုပ်ငန်းရည်ရွယ်ချက်များ (Bridges to Activities) ရေးသားပါ။
16. အထောက်အထားအခြေပြုလုပ်ငန်းများရေးသားပါ (ကဏ္ဍစုံမှပါဂင်ပါက အကောင်းဆုံးဖြစ်သည်)။

## သင်ခန်းစာ ၅ လက်ကမ်းစာရွက် ၆ - Barrier Analysis ပြုလုပ်ရန် အချိန်ဇယား

| လုပ်ဆောင်ရန် | Week 1 | Week 2 | Week 3 | Week 4 | Week 5 |
|---|---|---|---|---|---|
| 1. သင့်စီမံကိန်းအတွက် ကောင်းစွာရေးသားထားသော အမူအကျင့်ဖော်ပြချက်များကို စုစည်းပါ (သက်ဆိုင်ရာ ဦးတည်အုပ်စု၏အမည်များပါဝင်မည်)။ | | | | | |
| 2. သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာရမည့်အမူအကျင့်ကို ဆုံးဖြတ်ရွေးချယ်နည်း ကိုအသုံးပြု၍ လေ့လာရမည့် အမူအကျင့်များကိုသတ်မှတ်ရန်လုပ်ဆောင်ချက်တွင် ပံ့ပိုးကူညီပါ (၁/၂ - ၁ ရက်)။ | | | | | |
| 3. လေ့လာလိုသည့် အမူအကျင့်များအတွက် BA မေးခွန်းလွှာကိုရေးသားပါ (လိုအပ်သော မေးခွန်းလွှာကို Behavior Bank တွင် ရှာဖွေပါ)။ | | | | | |
| 4. သင့်ဦးတည်အုပ်စုနှင့်တွေ့ဆုံမည့်သူများအားစုစည်း၍ DBC လက်စွဲပါ ကဏ္ဍ ၇ ရပ်နှင့်အညီ ဦးတည်အုပ်စုအကြောင်း အသေးစိတ်ရေးသားရန် အတူပူးပေါင်းဆောင်ရွက်ပါ (၁/၂ ရက်)။ | | | | | |
| 5. မည်သူက အင်တာဗျူးမည်ကိုဆုံးဖြတ်ပါ (စီမံကိန်းဝန်ထမ်း၊ စီမံကိန်းအမျိုးမျိုးမှ ဝန်ထမ်းများ သို့မဟုတ် ပြင်ပမှ စစ်တမ်းကောက်သူများ)။ အင်တာဗျူးသူ ၁၅ ဦးနှင့်အထက်၊ ကြီးကြပ်သူ ၅ ဦးလိုအပ်မည်ဖြစ်သည်။ | | | | | |
| 6. မိမိအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသူမဟုတ်သည့် အင်တာဗျူးသူများကိုအသုံးပြုမည်ဆိုပါက စာချုပ်၊ လုပ်ငန်းတာဝန်ဖော်ပြချက်ရေးသားခြင်း၊ လူရွေးချယ်ခန့်အပ်ခြင်း နှင့် စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းတို့ပြုလုပ်ပါ။ | | | | | |
| 7. မေးခွန်းလွှာကို ဒေသသုံးဘာသာစကားသို့ ပြန်ဆို၍ စာရွက်ပေါ်တွင် (ဒေသသုံး ဘာသာစကားနှင့် နိုင်ငံတကာသုံးဘာသာစကားနှစ်မျိုးစလုံးဖြင့်) စနစ်တကျ ပုံစံချပါ။ ယင်းသို့ပြုလုပ်ရန် အချိန် ၂ ပတ်အထိ ကြာမြင့်နိုင်သည်။ | | | | | |
| 8. စစ်တမ်းကြီးကြပ်မည့်သူများ (စစ်တမ်းကောက်သူ ၄-၅ ဦးလျှင် တစ်ဦးကျ) ရွေးချယ်၍ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးပါ။ | | | | | |
| 9. စစ်ဆေးရမည့် ထောက်ပို့စာရင်းကို ပြန်လည်လေ့လာ၍ စစ်တမ်းပြုလုပ်မည့် နေရာဆုံးဖြတ်ခြင်း၊ မော်တော်ယာဉ်ရွေးချယ်ခြင်း၊ အင်တာဗျူးသူများကို အုပ်စုငယ်များခွဲခြင်း၊ ကွင်းဆင်းစစ်တမ်း ကောက်ယူမှုအပြီး နေ့လယ်စာအတွက် စီစဉ်ခြင်းတို့ကိုပြုလုပ်ပါ။ | | | | | |
| 10. သင်ခန်းစာ ၁၀ ကို အသုံးပြု၍ အင်တာဗျူးသူနှင့်ကြီးကြပ်သူများကို သင်တန်းပေးပါ။ DBC Framework ကို သင်ကြားပေးလိုပါက သင်တန်းကာလပိုပေးပါ။ ဘာသာပြန်ဆိုပြီးမေးခွန်းလွှာများကို အစမ်းအသုံးပြုကြည့်ပါ။ | | | | | |

| လုပ်ဆောင်ရန် | Week 1 | Week 2 | Week 3 | Week 4 | Week 5 |
|---|---|---|---|---|---|
| မေးခွန်းလွှာများကို အချောသတ်ပါ။ | | | | | |
| 11.အင်တာဗျူးသူအုပ်စုတစ်စုစီအတွက် မေးခွန်းလွှာအပို ၂-၃ စုံဆောင်း၍ မေးခွန်းလွှာများကို မိတ္တူကူးပါ (စုစုပေါင်း မေးခွန်းလွှာ ၁၈၂ ခု)။ | | | | | |
| 12.စက်သုံးဆီ၊ လက်ကိုင်ဖုန်းဘေလ်ကဒ်၊ ခဲတံ၊ ချွန်စက်၊ ခဲဖျက်၊ အောက်ခံပြား၊ ပလတ်စတစ်စာအိတ် ကဲ့သို့သော ကွင်းဆင်းရာတွင် လိုအပ်မည့်အရာများဂယ်ယူပါ။ | | | | | |
| 13.အင်တာဗျူးများပြုလုပ်ပါ (အများအားဖြင့် မနက်ခင်းတွင် အပြီးပြုလုပ်နိုင်သည်။) | | | | | |
| 14.ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်မေးခွန်းလွှာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းများပြုလုပ်ပါ။ | | | | | |
| 15.BA ရလဒ်များပေါ်မူတည်၍ လုပ်ငန်းရည်ရွယ်ချက်များ (Bridges to Activities) ရေးသားပါ။ | | | | | |
| 16.အထောက်အထားအခြေပြုလုပ်ငန်းများရေးသားပါ (ကဏ္ဍစုံမှပါဝင်ပါက အကောင်းဆုံးဖြစ်သည်)။ | | | | | |

## သင်ခန်းစာ ၆ - စစ်တမ်းမေးခွန်းလွှာ မိတ်ဆက်

**ရလဒ်အခြေပြုရည်မှန်းချက်များ**

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အတားအဆီးများရှာဖွေဖော်ထုတ်မည့် မေးခွန်းလွှာပါက ကဏ္ဍအသီးသီးကို ခွဲခြားသိရှိပြီးဖြစ်မည်။

**ကြာမြင့်ချိန်**

၁ နာရီ

**လိုအပ်သောအရာများ**

- သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၁ - Barrier Analysis မေးခွန်းလွှာတွင်ပါဝင်သောအရာများ
- သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၂ - နမူနာ Barrier Analysis မေးခွန်းလွှာ
- သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၃ - မေးခွန်းလွှာကို စူးစမ်းလေ့လာခြင်း

### အဆင့်များ

1. အကြောင်းအရာမိတ်ဆက်ခြင်းနှင့်သင်တန်းသားများ၏အတွေ့အကြုံများဖလှယ်ခြင်း

1a. စစ်တမ်းမေးခွန်းလွှာပြုစုဖူးသူ မည်မျှရှိသနည်းဟု မေးပါ။ မည်သို့တွေ့ကြုံခဲ့ရသနည်း၊ အတိအကျဆိုရသော် မေးခွန်းလွှာစီစဉ်ပြုလုပ်မည့်နည်းလမ်းနှင့်မေးမည့်မေးခွန်းများကို မည်ကဲ့သို့ဆုံးဖြတ်ခဲ့သနည်း။

1b. Barrier Analysis Survey ပြုလုပ်ရန် အသုံးပြုသောမေးခွန်းလွှာသည် အခြားစစ်တမ်းအမျိုးအစားများနှင့်ယှဉ်ပါက ရေးသားပြုစုရန် ပိုမိုလွယ်ကူသည့် အလွန်တစ်တမတ်တည်းကျသောပုံစံကို အသုံးပြုထားသည်။ အတိအကျဆိုရသော် ကနဦးအဆင့် ဆန်းစစ်သည့်မေးခွန်းများမှအပ အဆင့်ဆင့် ကွက်လပ်ဖြည့်ရသည့်ပုံစံပင်ဖြစ်သည်။

2. မေးခွန်းလွှာပုံစံ

2a. သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၁ - ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်နှင့် Barrier Analysis မေးခွန်းလွှာတွင်ပါဝင်သောအရာများ နှင့် သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၂ - နမူနာ Barrier Analysis မေးခွန်းလွှာ တို့ကို ကြည့်ရန် သင်တန်းသားများအားပြော၍ BA မေးခွန်းလွှာပါအစိတ်အပိုင်းအသီးသီးကို ပြန်လည်ဆွေးနွေးပါ။

2b. သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၃ - မေးခွန်းလွှာကို စူးစမ်းလေ့လာခြင်း။ လက်ကမ်းစာရွက် ၃ မှ မေးခွန်းများကို ဖြေဆိုရန် လက်ကမ်းစာရွက် ၂ ကိုကြည့်ရန် သင်တန်းသားများအားပြောပါ။ (သင်တန်းသားအားလုံး တစ်ပြိုက်တည်းလိုလို ပြီးသွားပါက) အဖြေများကို အတူတကွ ပြန်လည်ဆွေးနွေးပါ သို့မဟုတ် ၎င်းတို့၏အဖြေများပြင်ဆင်ရန် နောက်ဆက်တွဲ ၆ ကိုကြည့်ရန် သင်တန်းသားများအားပြောပါ။

2c. အချို့အဖွဲ့အစည်းများတွင် မေးခွန်းလွှာပုံစံကွဲတစ်မျိုး (နောက်ဆက်တွဲ ၇ - BA မေးခွန်းလွှာပုံစံကွဲ) ကို အသုံးပြုသော်လည်း မေးခွန်းလွှာပါပင်မအစိတ်အပိုင်းများကိုမူ အမြဲထည့်သွင်းထားကြောင်း ရှင်းပြပါ။

### သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၁ - Barrier Analysis မေးခွန်းလွှာတွင် ပါဝင်သောအရာများ

1. အကယ်၍ မေးခွန်းလွှာကို အခြား (ဒေသသုံး) ဘာသာစကားသို့ ဘာသာပြန်ဆိုပြီးပါက ပထမဆုံးစာမျက်နှာ ဘယ်ဘက်အပေါ်ထောင့်တွင် ဤစကားလုံးကို တွေ့ရမည် - ဘာသာစကား။ ယင်း၏ဘေးတွင် ဘာသာစကား အမည်နှင့်ယင်းဘာသာစကား၏တိုင်းပြည်တို့ရှိမည်ဖြစ်သည်။ ဥပမာ - ဘာသာစကား - ဆွာဟီးလီ (ကင်ညာ)။
2. မေးခွန်းလွှာ၏ပထမဆုံးစာမျက်နှာ ညာဘက်အပေါ်ထောင့်တွင် "ကျင့်သုံးသူနှင့်မကျင့်သုံးသူ" ဟူသော စကားလုံးများကို အမှန်ခြစ် ခြစ်ရန် လေးထောင့်ကွက်နှင့်အတူ တွေ့ရမည်။ ယင်းအကွက်သည် မေးခွန်းလွှာဖြင့် အင်တာဗျူးခံမည့်သူအမျိုးအစားကို ဖော်ပြရန်ဖြစ်သည်။ အမျိုးအစား မှန်မမှန် စစ်ဆေးပြီးနောက် ယင်းအချက်ကို ကြီးကြပ်သူက ဖြည့်စွက်ရမည်။ ဤသို့ဖြည့်စွက်ထားခြင်းဖြင့် စာမျက်နှာအလယ်သို့ကြည့်ရန်မလိုအပ်ဘဲ ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားအလိုက် မေးခွန်းလွှာကိုအမျိုးအစားခွဲခြားရာတွင် လွယ်ကူစေသည်။
3. မေးခွန်းလွှာတွင် အမူအကျင့်နှင့်အင်တာဗျူးရမည့်ဦးတည်အုပ်စုတို့ကို ဖော်ပြသည့် ခေါင်းစဉ်တစ်ခုပါဝင်သည်။ အချို့အခြေအနေများတွင် ဖြေဆိုသူနှင့် ဦးတည်အုပ်စုတို့ မတူသည်များရှိပါသည်။
4. ခေါင်းစဉ်အောက်တွင် အမူအကျင့်ဖော်ပြချက်ကို ရေးသားထားသည်။ အမူအကျင့်ကို ကျင့်သုံးရမည့် ဦးတည်အုပ်စုသည် အင်တာဗျူးခံမည့်အုပ်စုနှင့်မတူခြင်း ရံဖန်ရံခါ ဖြစ်နိုင်သဖြင့် အမူအကျင့်ဖော်ပြချက်ကို မေးခွန်းလွှာပေါ်တွင်သာရေးသားသင့်သည်ဟု ကျွန်ုပ်တို့က ဆုံးဖြတ်ထားပါသည် (နမူနာ - မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း)။ သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၂ တွင်ကြည့်ပါ။

5. ပထမဆုံးအပိုင်းဖြစ်သော လူဦးရေအချက်အလက် (Demographic Data) တွင် အင်တာဗျူးသူအမည်နှင့် ဖြေဆိုသူနှင့်ဆိုင်သော နာမည်မှအပ အခြားကိုယ်ရေးအချက်အလက်များပါဝင်သည်။ အမှုအကျင့်နှင့်ဆိုင်သော အချက်အလက်၊ ပြင်ပအခြေအနေ၊ စိတ်ဖြာလေ့လာမည့် သတင်းအချက်အလက်များကိုသာ ဤနေရာတွင် ထည့်သွင်းသင့်သည်။
6. နောက်တစ်ပိုင်းသည် မိတ်ဆက်စာသားအညွှန်းဖြစ်သည်။ ယင်းတွင် အင်တာဗျူးသူက မိမိကိုယ်ကို မိတ်ဆက်၍ စစ်တမ်း၏ရည်ရွယ်ချက်ကို ဖြေဆိုမည့်သူအား သာမန်အသုံးအနှုန်းများဖြင့် ရှင်းပြသည်။ ကြာမြင့်မည့်အချိန်၊ တွေ့ရှိချက်များကို မည်သို့အသုံးပြုမည်၊ ပါဝင်ဖြေဆိုမှုအတွက် စည်းကမ်းများ၊ လို့ုပုက်ချက်အဖြစ် ထိန်းသိမ်းပေးမည့် မူဂါဒအကြောင်းတို့ကိုရှင်းပြ၍ အင်တာဗျူးကို ဆက်လက်ပြုလုပ်ရန် ခွင့်ပြုချက်တောင်းသည်။ အင်တာဗျူးသူတိုင်းက စစ်တမ်းကို တစ်သမတ်တည်း မိတ်ဆက်စေရန် ဤအပိုင်းကို စကားလုံးတစ်လုံးမကျန် ရေးသားထားပါက အကောင်းဆုံးဖြစ်သည်။
7. နောက်တစ်ဆင့်ဖြစ်သော အပိုင်း က တွင် အမှုအကျင့်ဆန်းစစ်ရန်မေးခွန်းများနှင့်ကျင့်သုံးသူ/မကျင့်သုံးသူ အမျိုးအစားခွဲခြားမှုဇယားပါဝင်သည်။ ဆန်းစစ်သည့်မေးခွန်းများအတွက် အဖြေများပေါ် မူတည်၍၂ဖြေဆိုသူအား ကျင့်သုံးသူ၊ မကျင့်သုံးသူ သို့မဟုတ် အင်တာဗျူးရန် လုံးဝ မလိုအပ်သူ ဟူ၍ ဤဇယားဖြင့် အမျိုးအစားများ ခွဲနိုင်သည်။
8. အပိုင်း က ပြီးပါက အမှုအကျင့်ရှင်းလင်းချက် သို့မဟုတ် ယင်းရှင်းလင်းချက်မှ ဖြေဆိုသူနားမလည်နိုင်ဖွယ်ရှိသည့် အသုံးအနှုန်းတစ်ခုပါဝင်သည့်အပိုင်းတစ်ခု ရံဖန်ရံခါ ထည့်သွင်းထားလေ့ရှိသည်။ ဥပမာ လိမ္မော်ခွံကန်စွန်းဥက ဘာကိုဆိုလိုသည်၊ မည်သည့်သွင်ပြင်ရှိသည်၊ "လွဲမှားစွာပြုကျင့်မှု" ၏ အဓိပ္ပာယ် သို့မဟုတ် ရေသန့်ဆေးပြား များကို အဘယ့်ကြောင့်အသုံးပြုသည်တို့ကို ယင်းအပိုင်းတွင် ရှင်းပြထားလေ့ရှိသည်။
9. အပိုင်း ခ တွင် ဖြေဆိုသူအား သင်မေးမြန်းလိုသော စစ်တမ်းမေးခွန်းများအားလုံးနှင့်ဆက်လက်စူးစမ်းရန် မေးခွန်းများမေးနည်း သို့မဟုတ် ဖြေဆိုသူအား မည်သည့်မေးခွန်းများကို အသံကျယ်ကျယ်ဖြင့် ဖတ်ပြရမည် တို့ပါဝင်သည်။ ယင်းမေးခွန်းများအတွက် သတ်မှတ်ထားသည့် ပုံစံနှင့်အစီအစဉ်တို့ရှိပါသည်။

## သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၂ - နမူနာ Barrier Analysis မေးခွန်းလွှာ

အုပ်စု (Group) : ❑ ကျင့်သုံးသူ (Doer) ❑ မကျင့်သုံးသူ (Non-Doer)

## အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းမေးခွန်းလွှာ (Barrier Analysis Questionnaire)
## သောက်ရေကို ကလိုရင်း/ရေသန့်ဆေးပြားတို့ဖြင့် သန့်စင်ခြင်း (Treating drinking water with chlorine/aqua tabs)
## ၀-၅၉ လအရွယ်ကလေးရှိသူ မိခင်များအတွက် အသုံးပြုရန် (for use with Mothers of Children 0–59 months)

**အမူအကျင့်ဖော်ပြချက် (Behavior Statement)**

၀-၅၉ လအရွယ်ကလေးရှိသူ မိခင်များသည် မိသားစုသောက်သုံးရေကို အမြဲ သန့်စင်/ကလိုရင်းခပ်သည်။ (Mothers of children 0–59 months treat/chlorinate the family's drinking water all the times.)

**လူဦးရေအချက်အလက် (Demographic Data)**

အင်တာဗျူးသူအမည် - ______________________________ မေးခွန်းလွှာအမှတ်စဉ် - __________

ရက်စွဲ - ____________________ ရပ်ရွာ - ________________________________________

**မိတ်ဆက်စာညွှန်း**

မင်္ဂလာပါ။ ကျွန်တော်/မ နာမည်ကတော့ .......................................... ဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်အောင် မိခင်တွေက ဘာတွေလုပ်တယ်ဆိုတာ လေ့လာနေတဲ့အဖွဲ့မှာ ကျွန်တော်/မ ပါဝင်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ သင့်အမြင်ကို ကြားသိချင်ပါတယ်။ ဒီအစီအစဉ်မှာ မဖြစ်မနေ ပါဝင်ရမယ်လို့ မဆိုလိုသလို မပါဝင်လို့လည်း ဘာမှ မဖြစ်ပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်တဲ့အတွက်လည်း လက်ဆောင် (သို့) တခြား ဘယ်လိုအကျိုးအမြတ်ကိုမှ လက်ခံရရှိမှာ မဟုတ်ပါဘူး။ အခုဆွေးနွေးပွဲကရရှိတဲ့အချက်အလက်တွေကိုလည်း လျှို့ဝှက်ထားမှာဖြစ်ပြီး ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ပါဘူး။ သင့်အနေနဲ့ ဒီအစီအစဉ်မှာ ပါဝင်လိုပါသလား။ [မပါဝင်လိုဟုဆိုပါက အချိန်ပေး၍ စကားပြောသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။]

Hi, my name is__________; and I am part of a study team looking into things mothers do to prevent diarrhea. The study includes a discussion of this issue and will take about 20 minutes. I would like to

hear your views on this topic. You are not obliged to participate in the study and no services will be withheld if you decide not to. Likewise, if you decide to talk with me you won’t receive any gifts, services or remuneration. Everything we discuss will be held in strict confidence and will not be shared with anyone else. Would you like to participate in the study? If not, thank them for their time.]

## အပိုင်း က - ကျင့်သုံးသူ/မကျင့်သုံးသူ ဆန်းစစ်ရန် မေးခွန်းများ (Section A: Doer/Non-Doer Screening Questions)

1. သင့်ရဲ့ အငယ်ဆုံးကလေးက အသက်ဘယ်လောက်ရှိပြီလဲ။ How old is your youngest child? _________ ← *အသက်ကို လဖြင့် ရေးပါ။ write in the age in months*
   - ❑ A. ၀-၅၉ လ 0–59 months
   - ❑ B. ၅၉ လကျော် Above 59 months → *အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent*
   - ❑ C. မသိဘူး။ Don’t know → *အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent*

2. အိမ်မှာ သောက်ရေ လှောင်ထားလား။ Do you have drinking water stored here at home*?*
   - ❑ A. လှောင်ပါတယ်။ Yes
   - ❑ B. မလှောင်ပါဘူး။ No→ *အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent*

3. ဒီသောက်ရေထဲက ပိုးမွှားတွေသေသွားအောင် တစ်ခုခု လုပ်သလား။ Did you do anything to kill the germs in this drinking water? (စိတ်ချစွာသောက်သုံးနိုင်တဲ့ ရေဖြစ်အောင် to make the water safe to drink?)
   - ❑ A. လုပ်ပါတယ်။ Yes
   - ❑ B. မလုပ်ပါဘူး။ No
   - ❑ C. မမှတ်မိဘူး/အဖြေမပေးပါ။ Do not remember / no response → အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent
4. သောက်ရေကို သန့်စင်အောင် မနေ့က ဘာလုပ်ခဲ့သလဲ။ Yesterday, what did you do to make your water safe to drink?
   - ❑ A. သန့်လိုက်တယ်/ကလိုရင်းခပ်တယ်/ရေသန့်ဆေးပြားသုံးတယ်။ treated it/ chlorinated it/ used aqua tab/
   - ❑ B. အခြား Other → *မကျင့်သုံးသူဟု အမှတ်ခြစ်၍ အပိုင်း ခ သို့ ဆက်ပါ။ Mark as Non-Doer and continue to Section B*
   - ❑ C. မမှတ်မိပါ/အဖြေမပေးပါ။ Doesn’t recall/ no response → အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent

5. ကလိုရင်း/ရေသန့်ဆေးပြား အခု အိမ်မှာ ရှိသလား။ Do you have chlorine/aqua tap at home now?

❑ A. ရှိတယ်။ Yes

❑ B. မရှိပါ။ No → *မကျင့်သုံးသူဟု အမှတ်ခြစ်၍ အပိုင်း ခ သို့ ဆက်ပါ။ Mark as Non-Doer and continue to Section B*

6. သင်အသုံးပြုတဲ့ ကလိုရင်း/ရေသန့်ဆေးပြားကို ကြည့်လို့ရမလား။ Can I please see the chlorine/aqua tab you use?

❑ A. ရပါတယ်။ Yes

❑ B. မရပါဘူး။ No → မကျင့်သုံးသူဟု အမှတ်ခြစ်၍ အပိုင်း ခ သို့ ဆက်ပါ။ Mark as Non-Doer and continue to Section B

7. သင်သောက်တဲ့ရေကို ကျွန်တော်/မ မြည်းကြည့်လို့ရမလား။ Can I taste the water you use for drinking?

❑ A. ရေတွင် သန့်စင်ထားသည့် အရသာရသည်။ Waters tastes like it was treated

❑ B. ကလိုရင်းအရသာ လုံးဝ မရပါ။ No taste of chlorine → မကျင့်သုံးသူဟု အမှတ်ခြစ်၍ အပိုင်း ခ သို့ ဆက်ပါ။ Mark as Non-Doer and continue to section B

**ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားမှုဇယား DOER /NON-DOER CLASSIFICATION TABLE**

| **ကျင့်သုံးသူ DOER** (အောက်ပါတို့ အားလုံး) (ALL of the following) | **မကျင့်သုံးသူ Non-Doer** (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) | **အင်တာဗျူးလုပ်ရန် မလိုပါ။ Do Not Interview** (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) |
|---|---|---|
| Question 1 = A | | Question 1 = B or C |
| Question 2 = A | | Question 2 = B |
| Question 3 = A | Question 3 =B | Question 3 = C |
| Question 4 = A | Question 4 =B | Question 4 = C |
| Question 5 = A | Question 5 =B | |
| Question 6 = A | Question 6 =B | |
| Question 7 = A | Question 7 =B | |

Group: ❑ Doer ❑ Non-Doer

## အပိုင်း က - စစ်တမ်းမေးခွန်းများ Section B: Research Questions

**အမှုအကျင့်အကြောင်း ရှင်းပြခြင်း Behavior Explanation**
အောက်ပါမေးခွန်းများတွင် သင့်သောက်ရေကို သန့်စင်အောင်ပြုလုပ်တဲ့အကြောင်း ကျွန်တော်/မ က ပြောပါမယ်။ ဆိုလိုတာက ရေကို စိတ်ချလက်ချသောက်နိုင်အောင် ပိုးမွှားတွေသေစေတဲ့ပစ္စည်းအသုံးပြုတဲ့အကြောင်းကို ပြောချင်တာပါ။ ဒီလိုဟာမျိုးတွေပေါ့ (ဒေသတွင်း ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများကိုပြပါ)

In the following questions, I am going to be talking about treating your drinking water. By this I mean using any product that is meant to kill the germs to make the water safe to drink, like any of these (show the products that are available locally).

*မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ (Perceived Self-efficacy)*

1a. ***ကျင့်သုံးသူ Doers:*** သောက်ရေကိုသန့်စင်အောင်လုပ်ဖို့ သင့်အတွက် ဘာကြောင့် **အဆင်ပြေ**တာလဲ။ What makes it **easy** for you to treat your drinking water?

1b. ***မကျင့်သုံး Non-Doers:*** သောက်ရေကိုသန့်စင်အောင်လုပ်မယ်ဆိုရင် **အဆင်ပြေ**ဖို့ သင့်အတွက် ဘာတွေလိုမယ်ထင်လဲ။ What would make it **easy** for you to treat your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ (Perceived Self-efficacy)*

2a. ***ကျင့်သုံးသူ Doers:*** သောက်ရေကို သန့်စင်အောင်လုပ်ဖို့ သင့်မှာ ဘယ်လို**အခက်အခဲ**တွေရှိသလဲ။ What makes it **difficult** for you to treat your drinking water?

2b. ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကို သန့်စင်အောင်လုပ်မယ်ဆိုရင် သင့်မှာ ဘယ်လို**အခက်အခဲ**တွေရှိမယ် ထင်သလဲ။ What would make it **difficult** for you to treat your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ (Perceived Positive Consequences)*

**3a.** ***ကျင့်သုံးသူ Doers:*** သောက်ရေကို သန့်စင်အောင်လုပ်တဲ့အတွက် ဘယ်လို**အကျိုးကျေးဇူး**တွေရသလဲ။ What are the **advantages** of treating your drinking water?

**3b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကို သန့်စင်အောင်လုပ်မယ်ဆိုရင် ဘယ်လို**အကျိုးကျေးဇူး**တွေ ရမယ်ထင်သလဲ။ What would be the **advantages** of treating your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ (Perceived Negative Consequences)*

**4a.** ***ကျင့်သုံးသူ Doers:*** What are the **disadvantages** of treating your drinking water?

**4b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကို သန့်စင်အောင်လုပ်မယ်ဆိုရင် ဘယ်လို**မကောင်းတာ**တွေရှိမယ်ထင်သလဲ။ What would be the **disadvantages** of treating your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ (Perceived Social Norms)*

**5a.** ***ကျင့်သုံးသူ Doers:*** သောက်ရေကိုသန့်စင်အောင် သင်လုပ်တာကို ဘယ်သူတွေက **သဘောကျ**ကြသလဲ။ Who are the people that **approve** of you treating your drinking water?

**5b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကိုသန့်စင်အောင် သင်လုပ်မယ်ဆိုရင် ဘယ်သူတွေက **သဘောကျ**ကြမယ် ထင်သလဲ။ Who are the people that **would approve** of you treating your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ (Perceived Social Norms)*

**6a.** ***ကျင့်သုံးသူ Doers:*** သောက်ရေကိုသန့်စင်အောင် သင်လုပ်တာကို ဘယ်သူတွေက **သဘောမကျ**ကြဘူးလဲ။ Who are the people that **disapprove** of you treating your drinking water?

**6b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကိုသန့်စင်အောင် သင်လုပ်မယ်ဆိုရင် ဘယ်သူတွေက **သဘောမကျ**ဖြစ်မယ် ထင်သလဲ။ Who are the people that **would disapprove** of you treating your drinking water?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*လက်လှမ်းမီမှု (Access)*

**7a.** ***ကျင့်သုံးသူ Doers:*** သောက်ရေကိုသန့်စင်အောင်လုပ်တဲ့အခါ သင်လိုအပ်တဲ့ပစ္စည်းတွေရဖို့ ဘယ်လောက်ခက်ခဲသလဲ။ အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည် သို့မဟုတ် လုံးဝ မခက်ခဲပါ။ How difficult is it to get the products you need to treat your drinking water? Very difficult, somewhat difficult or not difficult at all?

**7b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကိုသန့်စင်အောင်လုပ်မယ်ဆိုရင် သင်လိုအပ်တဲ့ပစ္စည်းတွေရဖို့ ဘယ်လောက်ခက်ခဲမယ်ထင်သလဲ။ How difficult would it be to get the products you need to treat your drinking water? Very difficult, somewhat difficult or not difficult at all?

- ❑ a. အလွန်ခက်ခဲသည်။ Very difficult
- ❑ b. အနည်းငယ်ခက်ခဲသည်။ Somewhat difficult
- ❑ c. လုံးဝ မခက်ခဲပါ။ Not difficult at all

*လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ (Perceived Cues for Action)*

**8a.** ***ကျင့်သုံးသူ Doers:*** သောက်ရေမသောက်ခင် သန့်စင်အောင်လုပ်ဖို့ သတိရဖို့ရာ ဘယ်လောက်ခက်ခဲသလဲ။ အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည် သို့မဟုတ် လုံးဝ မခက်ခဲပါ။ How difficult is it to remember to treat your drinking water before anyone consumes it? Very difficult, somewhat difficult, or not difficult at all?

**8b.** ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကို သင် သို့မဟုတ် ဘယ်သူမှမသောက်ခင် သန့်စင်အောင်လုပ်မယ်ဆိုရင် သတိရဖို့ရာ ဘယ်လောက်ခက်ခဲမယ်ထင်သလဲ။ အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည် သို့မဟုတ် လုံးဝ မခက်ခဲပါ။ How difficult do you think it would be to remember to treat your drinking water before you or anyone else consumed it? Very difficult, somewhat difficult, or not difficult at all?

- ❑ a. အလွန်ခက်ခဲသည်။ Very difficult
- ❑ b. အနည်းငယ်ခက်ခဲသည်။ Somewhat difficult
- ❑ c. လုံးဝ မခက်ခဲပါ။ Not difficult at all

*လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ (Perceived Cues for Action)*

**9a.** ***ကျင့်သုံးသူ Doers:*** သင့်သောက်ရေကို သန့်စင်အောင်လုပ်ဖို့ ရေသန့်ပစ္စည်းတွေအသုံးပြုနည်း အမှန်ကို သတိရဖို့ရာ ဘယ်လောက်ခက်ခဲသလဲ။ အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည် သို့မဟုတ် လုံးဝ မခက်ခဲပါ။ How difficult is it to remember the correct way to use the treatment products to treat your drinking water? Very difficult, somewhat difficult, or not difficult at all?

**9b.** ***မကျင့်သုံးသူ Non-Doers:*** သင့်သောက်ရေကို သန့်စင်အောင်လုပ်ဖို့ ရေသန့်ပစ္စည်းတွေအသုံးပြုနည်း အမှန်ကို သတိရဖို့ဆိုရင် ဘယ်လောက်ခက်ခဲမယ်ထင်သလဲ။ အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည် သို့မဟုတ် လုံးဝ မခက်ခဲပါ။ How difficult do you think it would be to remember the correct way to use the treatment products to treat your drinking water? Very difficult, somewhat difficult, or not difficult at all?

- ❑ a. အလွန်ခက်ခဲသည်။ Very difficult
- ❑ b. အနည်းငယ်ခက်ခဲသည်။ Somewhat difficult
- ❑ c. လုံးဝ မခက်ခဲပါ။ Not difficult at all

*ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် (Perceived Susceptibility / Perceived Risk)*

**10.** ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** လာမယ့် ၃ လအတွင်း သင်၊ သင့်ကလေး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်ခြေ ဘယ်လောက်ရှိမယ် ထင်သလဲ။ အလွန်ဖြစ်နိုင်သည်၊ အနည်းငယ်ဖြစ်နိုင်သည် သို့မဟုတ် လုံးဝ မဖြစ်နိုင်ပါ။ How likely is it that you, your child or any family member will get diarrhea in the next 3 months? Very likely, somewhat likely, or not likely at all?

- ❑ a. အလွန်ဖြစ်နိုင်သည်။ Very likely
- ❑ b. အနည်းငယ်ဖြစ်နိုင်သည်။ Somewhat likely

❑ c. လုံးဝ မဖြစ်နိုင်ပါ။ Not likely at all

*အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း (Perceived Severity)*

11. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** သင်၊ သင့်ကလေး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခဲ့ရင် ဘယ်လောက်ထိ အခြေအနေဆိုးမယ်ထင်သလဲ။ အလွန်ဆိုး၊ အနည်းငယ်ဆိုး သို့မဟုတ် လုံးဝ မဆိုးနိုင်ပါ။ How serious would it be if you, your child or any family member got diarrhea? A very serious, somewhat serious, or not serious at all?
   - ❑ a. အလွန်ဆိုးနိုင်သည်။ Very serious
   - ❑ b. အနည်းငယ် ဆိုးနိုင်သည်။ Somewhat serious
   - ❑ c. လုံးဝ မဆိုးနိုင်ပါ။ Not serious at all

*ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ (Action Efficacy)*

12. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** သောက်ရေကို သန့်စင်အောင်မလုပ်ရင် သင့်ကလေးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်ခြေ ဘယ်လောက်ထိရှိမယ်ထင်သလဲ။ အလွန်ဖြစ်နိုင်သည်၊ အနည်းငယ်ဖြစ်နိုင်သည် သို့မဟုတ် လုံးဝ မဖြစ်နိုင်ပါ။ How likely is it that your child would get diarrhea if you did not treat your drinking water? Very likely, somewhat likely or not likely at all?
   - ❑ a. Very likely
   - ❑ b. Somewhat likely
   - ❑ c. Not likely at all

*ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း (Perception of Divine will)*

13a. ***ကျင့်သုံးသူ Doers:*** သောက်ရေကို သင်သန့်စင်အောင်လုပ်တာကို ဘုရားရှင်က သဘောကျတယ် ထင်သလား။ Do you think that **God approves** of you treating your drinking water?

13b. ***မကျင့်သုံးသူ Non-Doers:*** သောက်ရေကို သင်သန့်စင်အောင်လုပ်မယ်ဆိုရင် ဘုရားရှင်က သဘောကျမယ် ထင်သလား။ Do you think that **God would approve** of you treating your drinking water?
   - ❑ a. ထင်ပါတယ်။ Yes
   - ❑ b. ကျချင် ကျမှာပေါ့။ Maybe
   - ❑ c. မထင်ပါဘူး။ No

*မူဝါဒ (Policy)*

14. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** သောက်ရေကို သန့်စင်အောင်လုပ်ဖြစ်စေတဲ့ မူဝါဒ၊ ဥပဒေ သို့မဟုတ် စည်းမျဉ်းတွေရှိသလား။ Are there any policies, laws or rules that make it more likely that you treat your drinking water?

   ❑ a. ရှိပါတယ်။ Yes
   ❑ b. ရှိချင်ရှိနိုင်ပါတယ်။ Maybe
   ❑ c. မရှိပါဘူး။ No

*ယဉ်ကျေးမှု (Culture)*

15. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** သောက်ရေကိုသန့်စင်အောင်လုပ်တာကိုမလိုလားတဲ့ ယဉ်ကျေးမှုအယူအစွဲများရှိပါသလား။ Are there any cultural beliefs or taboos that you know of against treating your drinking water?

   ❑ a. ရှိတယ်။ Yes
   ❑ b. ရှိချင် ရှိနိုင်တယ်။ Maybe
   ❑ c. မရှိဘူး။ No

*ဒီတစ်ခါတော့ သောက်ရေကိုသန့်စင်အောင်လုပ်တာနဲ့မဆိုင်တဲ့ မေးခွန်းတစ်ခုမေးပါမယ်။ Now I am going to ask you a question unrelated to treating drinking water.*

*လူတိုင်းကို လှုံ့ဆော်မှုပေးနိုင်သောအရာများ (Universal Motivators)*

16. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** ဘဝမှာ သင်အလိုချင်ဆုံးအရာက ဘာလဲ။ What is the one thing that you desire most in life?

**အချိန်ပေးသည့်အတွက် ဖြေဆိုသူအား ကျေးဇူးတင်ကြောင်း ပြောပါ။ THANK THE RESPONDENT FOR HIS/HER TIME!**

## သင်ခန်းစာ ၆ လက်ကမ်းစာရွက် ၃ - မေးခွန်းလွှာကို စူးစမ်းလေ့လာခြင်း

ဖြေဆိုနည်းလမ်းညွှန် - လက်ကမ်းစာရွက် ၁ မှ မေးခွန်းလွှာကို ဂရုပြုစူးစမ်းလေ့လာ၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။ ညာဘက်အစွန်ဆုံးကော်လံတွင် အဖြေများကို ရေးပါ။

| မေးခွန်း | အဖြေ |
|---|---|
| 1. မေးခွန်းလွှာတွင် ဖြေဆိုသူအား ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် အမှန်ခြစ်ဖြင့် ခွဲခြားဖော်ပြရမည့်နေရာမည်မျှရှိသနည်း။ | |
| 2. အပိုင်း က တွင်မေးခဲ့သော မေးခွန်းများ၏ ရည်ရွယ်ချက်က ဘာလို့ထင်ပါသလဲ။ | |
| 3. လူဦးရေအချက်အလက်တွင်ပါဝင်သော အချက်အလက်များအနက် ဘယ်အချက်က အရေးအကြီးဆုံးလို့ သင်ထင်ပါသလဲ။ | |
| 4. အမူအကျင့်ကိုရှင်းပြရသည့် ရည်ရွယ်ချက်က ဘာလဲ။ | |
| 5. အပိုင်း ခ တွင် အဆုံးဖွင့်မေးခွန်း ဘယ်နှစ်ခုရှိသလဲ။ | |
| 6. မေးခွန်းလွှာ (အပိုင်း ခ) မှ မေးခွန်းဘယ်နှစ်ခုက အမူအကျင့်နှင့်ဆက်စပ်မှုမရှိသနည်း။ | |
| 7. ကျင့်သုံးသူနှင့်မကျင့်သုံးသူများအား မေးခွန်းများ မေးမြန်းပုံတွင် မည်သို့ကွဲပြားသနည်း။ | |
| 8. ကျင့်သုံးသူနှင့်မကျင့်သုံးသူများအတွက် မေးခွန်းဘယ်နှစ်ခုကို **တစ်ပုံစံတည်း** မေးသနည်း။ | |

| မေးခွန်း | အဖြေ |
|---|---|
| 9. အမျိုးအစားခွဲသည့်ဇယားကွက်၏ ရည်ရွယ်ချက်က ဘာလဲ။ | |
| 10.မေးခွန်းလွှာတွင် အဆုံးဖွင့်မေးခွန်းများအတွက် အရေးကြီးပါသော မည်သည့်လမ်းညွှန်ချက် ပါဝင်သနည်း။ | |
| 11.မည်သည့် determinants တွင် မေးခွန်း တစ်ခုထက်ပိုသနည်း။ | |
| 12.မည်သည့်အဆုံးပိတ်မေးခွန်းများအတွက် အဖြေများကို ဖတ်ပြရသနည်း။ | |
| 13.ဩဇာညောင်းသည့်အုပ်စုကို ရှာဖွေရာတွင် မည်သည့် မေးခွန်းနှစ်ခုက အထောက်အကူပြုသနည်း။ | |
| 14.အပိုင်း ခ ရှိမေးခွန်းများအနက် မည်သည့်မေးခွန်းများကို ချန်လှပ်ထားသင့်သနည်း။ | |
| 15.အပိုင်း ခ ရှိ အဆုံးပိတ်မေးခွန်းများတွင် အမှန်ခြစ် ခြစ်ရမည့်အကွက်များသည် မကျင့်သုံးသူနှင့်သာ သက်ဆိုင်ပါသလား။ ကျင့်သုံးသူနှင့်မကျင့်သုံးသူ နှစ်ဦးစလုံးနှင့်သက်ဆိုင်ပါသလား။ | |

## သင်ခန်းစာ ၇ - အဆင့် ၁

## အမှုအကျင့်ဖော်ပြချက်ရေးသားခြင်း

**ရလဒ်အခြေပြုရည်မှန်းချက်များ**

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- စီမံကိန်းတွင် အမူအကျင့်ဖော်ပြချက်များရှာဖွေရမည့်နေရာကို ခွဲခြားသိရှိခြင်း
- ကောင်းစွာအဓိပ္ပာယ်သတ်မှတ်ထားသော အမူအကျင့်ဖော်ပြချက်တစ်ခုရေးသားခြင်း
- အမူအကျင့်ဖော်ပြချက် ၃-၄ ခု ဝေဖန်ဆန်းစစ်ခြင်း

## ကြာမြင့်ချိန်

၁ နာရီ

## လိုအပ်သောအရာများ

- (သင်ခန်းစာ ၅) မှ အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း အဆင့် ၇ ဆင့် ရောင်စုံစက္ကူစာရွက်
- သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာမှုပြုရမည့် အမူအကျင့်ရွေးချယ်ဆုံးဖြတ်နည်း
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework မှ အသုံးအနှုန်းများ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ
- အမူအကျင့်ဖော်ပြချက်တစ်ခု၏အစိတ်အပိုင်း ၃ ခု နှင့်နမူနာအမူအကျင့်ဖော်ပြချက်တစ်ခုပါ ကားချပ်စာရွက်
- သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၂ - အမူအကျင့်ဖော်ပြချက်တစ်ခုရေးသားနည်းလမ်းညွှန်
- သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမူအကျင့်ဖော်ပြချက်လေ့ကျင့်ခန်း (ကျန်းမာရေး၊ အာဟာရနှင့်စိုက်ပျိုးရေး)
- သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၄ - အမူအကျင့်ပြောင်းလဲမှုတွင် အဓိကကျသူများ
- အဖွဲ့လိုက်လေ့ကျင့်ခန်းအတွက် ကားချပ်စာရွက်
- အဆင်ပြေပါအသုံးပြုရန် - သင်တန်းသားများ၏ Indicator Performance Tracking Tables (IPTT) မှ နမူနာ Indicator များ၊ စီမံကိန်း Log-frames၊ Design Framework သို့မဟုတ် အခြား M&E ဇယား

## အဆင့်များ

1. နိဒါန်း

1a. အတားအဆီးများရှာဖွေဖော်ထုတ်မှုစစ်တမ်းတစ်ခုပြုလုပ်ရန် အဆင့်ဆင့်ကို စတင်လေ့လာမည်ဖြစ်ကြောင်း ပြောပါ။ လေ့ကျင့်ခန်းအချို့ပြုလုပ်ရမည်ဖြစ်ပြီး Barrier Analysis မေးခွန်းလွှာများကို ကိုယ်တိုင်ရေးဆွဲရမည်ဖြစ်ကြောင်း ပြောပါ။

1b. အလွန်ရှင်းလင်းတိကျသော အမူအကျင့်ဖော်ပြချက်တစ်ခုရွေးချယ်ခြင်းနှင့်ရေးသားခြင်းတို့သည် အဆင့် ၇ ဆင့် တွင် ပထမဆုံးအဆင့် ဖြစ်ပြီး DBC Framework နှင့် Formative Research အတွက် အလွန်အရေးကြီးကြောင်း ရှင်းပြပါ။ DBC Framework တွင် Formative Research ပြုလုပ်ပါက - ပြုလုပ်သင့်ပါသည် - Framework တွင် ရေးသားထားသော အမူအကျင့်ဖော်ပြချက်ကို အသုံးပြုရမည်ဖြစ်သည်။ အကယ်၍ DBC Framework မဆွဲရသေးပါက သို့မဟုတ် အသုံးပြုရန် အစီအစဉ်မရှိပါက အမူအကျင့်ဖော်ပြချက်ရေးသားခြင်းဖြင့် အစပြုရမည်ဖြစ်သည်။

2. အမူအကျင့်ဖော်ပြချက်ရွေးချယ်ခြင်းနှင့်ရေးသားခြင်း

2a. နံရံပေါ်တွင်ကပ်ထားသော (သင်ခန်းစာ ၅ မှ) အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းအဆင့် ၇ ဆင့်အား ညွှန်ပြ၍ Barrier Analysis မေးခွန်းလွှာရေးဆွဲရန် စစ်တမ်းကောက်လေ့လာမည့် အမူအကျင့်ကို ဦးစွာ ရွေးချယ်ရန်လိုအပ်သည်။ သင်တန်းသားများအား မေးရန် - မည်သည့်အမူအကျင့်အား လေ့လာရမည်ကို မည်ကဲ့သို့သိနိုင်သနည်း။ ဖြစ်သင့်သော အဖြေများ - ရည်ညွှန်းချက် (Indicator) အဖြစ်ဖော်ပြထားသော သို့မဟုတ် ရည်မှန်းချက်များ/ရည်ညွှန်းချက်များတွင် သွယ်ဝိုက်ဖော်ပြထားသော အမူအကျင့်များကိုသာ လေ့လာမှုပြုသင့်သည်။ စီမံကိန်းမှ ကြေညာထားသည့်ပြဿနာ (မွေးကင်းစ/ကလေးသေဆုံးမှု၊ သေဆုံးမှုနှုန်း/အာဟာရချို့တဲ့မှု သို့မဟုတ် အစားအစာမဖူလုံမှု) - ရည်မှန်းချက်ပန်းတိုင်နှင့် အများအားဖြင့် ဆက်စပ်မှုရှိလေ့ရှိသည် - ကိုဖြေရှင်းရာတွင် တိုက်ရိုက် အထောက်အကူပြုသော အမူအကျင့်များကိုသာ BA ဖြင့် လေ့လာမှုပြုသင့်သည်။ အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်မှုနှင့်ဆိုင်သည့် အမူအကျင့်များကိုမူ BA ဖြင့် လေ့လာမှုမပြုသင့်ပါ။ **သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာမှုပြုရမည့် အမူအကျင့်ရွေးချယ်ဆုံးဖြတ်နည်း** ကိုကြည့်၍ အတူတကွ ပြန်လည်ဆွေးနွေးပါ။ မေးခွန်းများမေးလာပါက ဖြေဆိုပေးပါ။

2b. အမူအကျင့်ကိုရွေးချယ်ပြီးသည်နှင့် နောက်တစ်ဆင့်သည် အမူအကျင့်ဖော်ပြချက်တစ်ခုကို ရှင်းလင်းစွာရေးသားရန် ဖြစ်ပါသည်။ သင်တန်းသားများအားမေးရန် - ရှင်းလင်းပြီး အသေးစိတ်အချက်အလက်ပါဝင်တဲ့ အမူအကျင့်ဖော်ပြချက်မျိုး မရှိရင် ဘာတွေဖြစ်လာနိုင်မယ်ထင်သလဲ။ ဖြစ်သင့်သော အဖြေများ - အမူအကျင့်ကို မည်သူက ကျင့်သုံးရမည် သို့မဟုတ် မည်သည့် အပြောင်းအလဲအတွက် ကြိုးစားနေသည်တို့ကို အားလုံးကသဘောတူမတူမသေချာနိုင်ပါ။ ထို့ပြင် အတားအဆီးများနှင့်လှုံ့ဆော်မှုပေးသောအရာများကိုလည်း ဦးတည်အုပ်စုအား ရှင်းလင်းစွာ ဆွေးနွေးပြောဆိုနိုင်မည် မဟုတ်ချေ။

2c. **သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - DBC Framework မှ အသုံးအနှုန်းများ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ** နှင့် အမူအကျင့်ဖော်ပြချက်တစ်ခု၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ရန် သင်တန်းသားများအား ပြောပါ။ DBC Framework တစ်ခုတွင် စစ်တမ်းအတွက် အမူအကျင့်ကို ဖော်ပြပါအတိုင်း ပုံစံချရေးဆွဲကြောင်း ရှင်းပြပါ - ၁) ဦးတည်အုပ်စု ၂) ပစ္စုပ္ပန်ကာလ ပြုခြင်းပြကြိယာ နှင့် ၃) အမူအကျင့်ဖြင့် ပြဿနာကိုဖြေရှင်းရာတွင် ထိရောက်မှုရှိစေမည့် အသေးစိတ်အချက်အလက်များ (အချိန်၊ အကြိမ်ရေ၊ ပမာဏ၊ ကြာမြင့်ချိန်၊ နေရာ)။

ကားချပ်နမူနာ - ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အစိုးရကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်ကျန်းမာရေး စောင့်ရှောက်မှု ၄ ကြိမ်ကို ဖော်ပြပါအတိုင်း ခံယူသည် - ပထမ ၃ လတွင် တစ်ကြိမ်၊ ဒုတိယ ၃ လတွင် တစ်ကြိမ်နှင့် တတိယ ၃ လတွင် နှစ်ကြိမ်။ **သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၂ - အမှုအကျင့်ဖော်ပြချက်တစ်ခုရေးသားနည်းလမ်းညွှန်** ကိုကြည့်ရန် သင်တန်းသားများအားပြော၍ ပြန်လည်သုံးသပ်ဆွေးနွေးပါ။

2d. သင်တန်းသားများအားမေးရန် - မည်သည့်အမှုအကျင့်များ သို့မဟုတ် အလေ့အထများကို သင်တို့၏ စီမံကိန်းများတွင် မြှင့်တင်ပေးနေသည်ကို သင်မည်ကဲ့သို့သိနိုင်သနည်း။ သင်တန်းသားများဆောင်ရွက်နေသော စီမံကိန်းအမျိုးအစားပေါ်မူတည်၍ ယင်းတို့ကို Indicator များ၊ IPTT၊ Log frame သို့မဟုတ် Results Framework တို့တွင် တွေ့ကောင်းတွေ့နိုင်ပါသည်။

3. အမှုအကျင့်ဖော်ပြချက်များ

3a. **နည်းလမ်း ၁** (အကယ်၍ သင်တန်းသားအများစုသည် အစားအစာဖူလုံရေးစီမံကိန်းများတွင် တာဝန်ထမ်းဆောင် နေကြပြီး ၎င်းတို့၏ IPTT များယူဆောင်လာပါက သို့မဟုတ် Indicator တစ်ခု၏အမည်ကိုပြောပြရန် သင်တန်းအဖွင့်တွင် သင်တန်းသားများအား သင်ပြောခဲ့ပါက) –

- အစားအစာဖူလုံရေးစီမံကိန်းများတွင် "Composite Indicators" ဟုခေါ်သောအရာပါဝင်သည်ကို မကြာခဏ တွေ့ရလေ့ရှိကြောင်း ရှင်းပြပါ။ ယင်း Indicator အမျိုးအစားများသည် အမှုအကျင့်တစ်ခုတည်းကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ အမှုအကျင့်အများအပြားကို ခြုံငုံ၍ ရည်ညွှန်းပါသည်။ ထို့ကြောင့် အမှုအကျင့်ဖော်ပြချက် ရေးသားရန် Indicator ကို "ဖြေ" ထုတ်ရမည်ဖြစ်သည်။
- တစ်ဦးချင်းလေ့ကျင့်ခန်းများမစတင်မီ ဤနမူနာကို လေ့လာရာတွင် သင်တန်းသားများအား ကူညီပါ။

**နမူနာ IPTT Indicator** - ကျီရှိသော အိမ်ထောင်စုရာခိုင်နှုန်း (တစ်ကိုယ်ရည် သန့်ရှင်းရေးပိုမိုတိုးတက်လာသည့် အိမ်ထောင်စုရာခိုင်နှုန်း)

- မေးရန် - သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ မှ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အထက်ဖော်ပြပါသည် အမှုအကျင့် ဟုတ်ပါသလား။ အဘယ့်ကြောင့် ဟုတ်ပါသလဲ။ အဘယ့်ကြောင့် မဟုတ်ပါသလဲ။
- မေးရန် - ဤ Indicator ၏နောက်ကွယ်ရှိ အမှုအကျင့်(များ)က ဘာတွေလဲ။ ရွေးချယ်စရာများ - ပိုးမဖောက်နိုင်သောကျီများ တည်ဆောက်ပါ သို့မဟုတ် ကျီတစ်ခု ဝယ်ပါ။ နိဂုံးချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ယင်းရွေးချယ်စရာများထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် ယင်းသည် ကျွန်ုပ်တို့မြှင့်တင်အားပေး လိုသော အမှုအကျင့်ပင်ဖြစ်သည်။

- မေးရန် - အထက်ဖော်ပြပါစကားစုကို ကားချပ်စာရွက်ပေါ်ရှိ သတ်မှတ်ချက်များပြည့်မီသော အမူအကျင့်ဖော်ပြချက်တစ်ခုအဖြစ် မည်ကဲ့သို့ရေးသား၍ ရသနည်း။ (ဖြစ်သင့်သော အမူအကျင့်ဖော်ပြချက်သစ် - အိမ်ထောင်ဦးစီးများသည် ၎င်းတို့၏ရိတ်သိမ်းပြီးသီးနှံများကို ပိုးမဖောက်နိုင်သောကျီများဖြင့် သိမ်းဆည်းကြသည်။)

– သင်တန်းသားအသီးသီးကို ၎င်းတို့၏ IPTT မှ Indicator တစ်ခုစီ၊ Design Framework သို့မဟုတ် M&E အစီအစဉ်တို့ကို ရွေးချယ်ရန် ပြောပါ။ ဤ Indicator သည် အမူအကျင့်တစ်ခုပါဝင်ပြီးဖြစ်မဖြစ် သို့မဟုတ် အမူအကျင့်အချို့ (အနည်းဆုံး သဘာဝစိုက်ပျိုးရေးနည်းစနစ် ၃ ခု အသုံးပြုနေသော လယ်သမားရာခိုင်နှုန်း၊ စိုက်ပျိုးရေးနည်းစနစ်သစ်များ အသုံးပြုနေသော လယ်သမားရာခိုင်နှုန်း) ကို ရည်ညွှန်းနေပါက နောက်ထပ် အဓိပ္ပာယ်ဖွင့်ဆိုမှု/ရှင်းလင်းမှု လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်ပါ။ ထို့ပြင် ဦးတည်အုပ်စုကို ရှင်းလင်းစွာဖော်ပြခြင်း ရှိမရှိ လည်း ဆုံးဖြတ်ပါ။ ဦးတည်အုပ်စုသည် အိမ်ထောင်စု သို့မဟုတ် လယ်သမားများဟူ၍ ဂိုးတဂါးဖြစ်နေ၍ မရပါ။

– အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်တိုက်ဆိုင်ဆန်းစစ်ခြင်း၊ တိကျသောအမူအကျင့်ဖော်ပြချက်များကို ကားချပ်စာရွက်ပေါ်တွင် ရေးသားခြင်းတို့ဖြင့် အဖွဲ့ငယ်များသည် သတ်မှတ်ထားသည့် Indicator များကိုပြန်လည်လေ့လာကြရမည်ဖြစ်သည်။

– အဖွဲ့အားလုံး လေ့ကျင့်ခန်းလုပ်၍ပြီးပါက ၎င်းတို့၏အမူအကျင့်ဖော်ပြချက်များကို ကျန်အဖွဲ့များအား ပြန်လည်ရှင်းပြရမည်။ အဖွဲ့ငယ်များရှင်းပြသည့်အခါ အဖြေအသီးသီးကို အမူအကျင့်၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယှဉ်ထိုး၍ လိုအပ်ပါက အမူအကျင့်ဖော်ပြချက်ကို ပြန်လည်ရေးသားပါ။

3b. **နည်းလမ်း ၂** (အကယ်၍ သင်တန်းသားအများစုတွင် IPTT/Design Framework မရှိပါက သို့မဟုတ် ၎င်းတို့မြှင့်တင်မှု လုပ်နေသောအမူအကျင့်တစ်ခု၏အမည်ကိုပြောပြရန် သင်တန်းအဖွင့်တွင် သင်တန်းသားများအား သင်ပြောခဲ့ပါက) –

– သင်တန်းအဖွင့်တွင် ရေးမှတ်ခဲ့သော အမူအကျင့်စာရင်းကို ပြန်လည်ကြည့်ရှုရန် သင်တန်းသားများအား ပြောပါ။

– ၎င်းတို့ပြောခဲ့သောအမူအကျင့်ကို ပြန်ရှာ၍ ပေးထားသည့် လမ်းညွှန်အတိုင်း အမူအကျင့်ဖော်ပြချက်အဖြစ် ရေးသားရန် သင်တန်းသားများအားပြောပါ။

– သင်တန်းသားအသီးသီးက ၎င်းတို့၏အမူအကျင့်ဖော်ပြချက်ကို အဖွဲ့တွင်း၌ ပြန်လည်ပြောပြ၍ ပိုမိုကောင်းမွန် စေမည့်နည်းလမ်းများကို သင်တန်းသားအချင်းချင်းအကြံပေးကြမည်။

– ကားချပ်စာရွက်ပေါ်တွင်ရေးရန် မိမိအဖွဲ့၏အမူအကျင့်ဖော်ပြချက်တစ်ခုကို အတူတကွ ရွေးချယ်ရမည်။ အခက်ခဲဆုံး အမူအကျင့်ဖော်ပြချက်/မှန်မမှန်မသေချာဆုံးသော ဖော်ပြချက်ကို ရွေးချယ်သင့်သည်။

– အဖွဲ့အသီးသီးမှ အမူအကျင့်ဖော်ပြချက်ကို အတန်းရှေ့တွင် ထား၍ အပိုင်း ၃ ပိုင်း (ဦးတည်အုပ်စု၊ ပြုခြင်းပြုကြိယာနှင့်အသေးစိတ်အချက်အလက်များ) ကို ထောက်ပြစေပြီး ဖော်ပြချက်တစ်ခုစီကို ပြန်လည်လေ့လာ သုံးသပ်ပါ။

– ဖော်ပြချက်တွင် ပြင်ဆင်မှုပြုလုပ်ရန် လိုအပ်ပါသလားဟုမေး၍ ပြင်ဆင်မှုပြုလုပ်စဉ် အမှားများကို ထောက်ပြခြင်း၊ အဖွဲ့၏အမူအကျင့်ဖော်ပြချက်အသီးသီးတွင် အမှားပြင်ဆင်ခြင်း တို့ကိုပြုလုပ်ပါ။

3c. နည်းလမ်း ၃ - တစ်ဦးချင်း (သို့မဟုတ် နှစ်ယောက်တွဲ) အမူအကျင့်ဖော်ပြချက်ရေးသားနည်းကို လက်တွေ့လေ့ကျင့်ပါ။

– သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမူအကျင့်ဖော်ပြချက်လေ့ကျင့်ခန်း (ကျန်းမာရေး၊ အာဟာရနှင့်စိုက်ပျိုးရေး) ကိုကြည့်ရန် သင်တန်းသားများအားပြော၍ ဘယ်ဘက်ရှိ အမူအကျင့်ဖော်ပြချက်အား ရေးသားထားပုံ ကောင်းမကောင်း ဆုံးဖြတ်ရန် ပြောပါ။ မကောင်းဟုဆိုပါက ပေးထားသော နေရာလွတ်တွင် ဖော်ပြချက်ကိုပြန်ရေးရန် ပြောပါ။
– ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို အတူတကွပြုလုပ်ပါ သို့မဟုတ် နောက်ဆက်တွဲ ၈ ရှိ အဖြေလွှာကို ကြည့်ရန် ပြောပါ။

4. အမူအကျင့်ပြောင်းလဲမှုတွင် အဓိကကျသူများ

4a. သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၄ - အမူအကျင့်ပြောင်းလဲမှုတွင် အဓိကကျသူများ ကိုကြည့်ရန် သင်တန်းသားများအားပြောပါ။

4b. အချို့အခြေအနေများတွင် Formative Research အတွက် အင်တာဗျူးသင့်သူသည် ဦးတည်အုပ်စုနှင့်မတူချေ။ လက်ကမ်းစာရွက်ပါနမူနာအရ လူတစ်ဦးကို ကျင့်သုံးသူအဖြစ်သတ်မှတ်ရာတွင် အမူအကျင့်ကို အချိန်အတိုင်းအတာ တစ်ခုအထိ ကျင့်သုံးခဲ့သူဖြစ်ရမည်ဆိုပါက အမူအကျင့်ကို ကာလအစအဆုံးတိုင် ကျင့်သုံးခဲ့သူများအား အင်တာဗျူးရမည် ဖြစ်သည်။

4c. အခြားအမူအကျင့်အချို့ - ဥပမာ အင်တာဗျူးခံရသူနှင့် ဦးတည်အုပ်စု မတူသော မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း - ကိုပြောပြရန် သင်တန်းသားများအား ပြောပါ။

5. အနှစ်ချုပ်

5a. ရည်မှန်းချက်အတွက် တိုက်ရိုက်အထောက်အကူဖြစ်ရန် လိုအပ်သော အသေးစိတ်အချက်အားလုံးပါဝင်သည့် ရှင်းလင်းစွာရေးသားထားသော အမူအကျင့်တစ်ခုရှိရန်လိုအပ်ကြောင်း အလေးထားပြောကြား၍ သင်ခန်းစာကို အဆုံးသတ်ပါ။ အသေးစိတ်အချက်များမပါဝင်ပါက အမူအကျင့်နှင့်ပတ်သက်သည့် အရေးကြီးအချက်အလက်များကို ဦးတည်အုပ်စုထံမှ ရရှိမည်မဟုတ်ကြောင်း ပြောပါ။

### သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၁ - လေ့လာမှုပြုရမည့် အမှုအကျင့်ရွေးချယ်ဆုံးဖြတ်နည်း

1. မိမိ၏စီမံကိန်းတွင် မြှင့်တင်မှုပြုလုပ်နေသော အမှုအကျင့်အားလုံးကို အပြည့်အစုံ ရေးသားပါ။
2. ကဏ္ဍအလိုက် ခွဲပါ (စိုက်ပျိုးရေး၊ အာဟာရ၊ ကျန်းမာရေး၊ WASH၊ ကျား/မ)
3. အမှုအကျင့်အသီးသီး၏ အခြေပြုမျဉ်း အချက်အလက်များ (Baseline Data (BLD) Survey) ရလဒ် ရာခိုင်နှုန်းပေါ်မူတည်၍ ပြန်လည်စီစဉ်ပါ။

4. အမူအကျင့်ရည်မှန်းချက်များ (အဆိုပြုထားသော အပြီးသတ်ရလဒ်များ) ကို BLD နှင့်နှိုင်းယှဉ်ပါ။
5. ကွာဟချက်အလိုက် ပြန်လည်စီစဉ်ပါ (ရည်မှန်းချက်ကို လိုအပ်သလို ပြန်လည်ပြင်ဆင်ပါ)။
6. အမူအကျင့်ကိုကျင့်သုံးရန် ခက်ခဲမှုအတိုင်းအဆကို ထည့်သွင်းစဉ်းစားပါ။
7. အမူအကျင့်ဖြင့် အဓိကကျသောပြဿနာရပ်များကိုဖြေရှင်းနိုင်စွမ်းကို ထည့်သွင်းစဉ်းစားပါ (သေဆုံးမှုနှုန်း လျှော့ချခြင်း၊ ထုတ်လုပ်မှုစွမ်းအား/ဝင်ငွေ တိုးစေခြင်း)
8. စီစဉ်ထားသော အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းလုပ်ဆောင်ရန် မိမိကိုယ်ကိုယုံကြည်မှုကို ထည့်သွင်းစဉ်းစားပါ။
    - မေးရန် - လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မည်သည့်အတားအဆီးများ/Determinant များ/Bridges to Activities များကို ဖြေဆည်းပေးနိုင်သနည်း။
    - မေးရန် - အမူအကျင့်အတွက် အမှန်တကယ်ဖြစ်နေသော အတားအဆီးများ/ယင်းအတားအဆီးများသာ ရှိသည်ဟု မည်မျှအတိအကျ ပြောနိုင်သနည်း။
    - မေးရန် - ကျွန်ုပ်တို့စီစဉ်ထားသော လုပ်ငန်းသည် အခြား NGO/အဖွဲ့အစည်းများက ဆောင်ရွက်နေသော လုပ်ငန်းများနှင့်နှိုင်းယှဉ်ပါက မည်သို့ရှိသနည်း။
    - မေးရန် - ဤလုပ်ငန်းသည် အောင်မြင်သည့်သမိုင်းကြောင်းကောင်းစွာ ရှိပါသလား။

## သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၂ - အမူအကျင့်ဖော်ပြချက်တစ်ခုရေးသားနည်းလမ်းညွှန်

### ဦးတည်အုပ်စု

- ဦးတည်အုပ်စုမှန်ကန်စွာရွေးချယ်၍ အဓိပ္ပာယ်ကို တိကျစွာသတ်မှတ်ပါ။
- အသေးစိတ်အချက်များပါဝင်ရမည် - မည်သည့်လယ်သမား။ မည်သည့်အသက်အုပ်စု။ အိမ်ထောင်ရှိသူ မရှိသူ။ မည်သည့်မိခင်များ။
- "အားလုံး" ဟု မသုံးပါနှင့်။ ယင်းသို့သုံးပါက ဖော်ပြချက်ကို Indicator ဖြစ်သွားစေနိုင်ပါသည်။

### ပစ္စုပ္ပန်ကာလ ပြုခြင်းပြကြိယာ

- အမူအကျင့်ဖော်ပြချက်များကို အပြုအဓိပ္ပာယ်ဖြင့်ရေးသားရမည်။ မကောင်းသောအမူအကျင့်ကို ရပ်တန့်ရန် ဟု မရေးရပါ။ ဥပမာ - ဆယ်ကျော်သက်များသည် အရက်မပါဝင်သော ယမကာများကိုသာ ရွေးချယ်သောက်သုံး ကြသည်။
- အသုံးပြုသည့်ကြိယာသည် ပြုခြင်းပြကြိယာဖြစ်မဖြစ်စစ်ဆေးရန် မျက်စိကိုမှိတ်၍ ပြုလုပ်ခြင်းကို "မြင်" အောင် ကြိုးစားကြည့်ပါ။ ကြိယာကိုကြားသည်နှင့် ပြုလုပ်ခြင်းကို အားလုံးက တစ်ပုံစံတည်း မြင်ရန်လိုအပ်သည်။
- သုံးပါ၊ အားပေးပါ၊ ထောက်ပံ့ပေးပါ၊ လမ်းညွှန်ပြသပါ၊ ကူညီပါ၊ တည့်မတ်ပေးပါ ကဲ့သို့သော ကြိယာများ သို့မဟုတ် တိကျမှုမရှိသော အခြားကြိယာများသည် ရှင်းလင်းမှုမရှိသဖြင့် အသုံးမပြုရပါ။
- ပစ္စုပ္ပန်ကာလ ဖြစ်ဆဲပြကြိယာပုံစံကို မသုံးရပါ (..... နေသည်)။
- သင့်တင့်လျောက်ပတ်စွာ၊ ချက်ခြင်း၊ မှန်ကန်စွာ ကဲ့သို့သော မရေရာသော ကြိယာဝိသေသနများဖြင့် ကြိယာကို အထူးမပြုရပါ။

### အသေးစိတ်အချက်အလက်များ

- အမူအကျင့်ပေါ် မူတည်၍ မည်သည့်အချိန်၊ အကြိမ်ရေမည်မျှ၊ မည်သည့်နေရာ၊ မည်မျှကြာကြာ၊ မည်မျှကြာလျှင် တစ်ခါ ကျင့်သုံးသင့်သည်တို့ကို ဖြည့်စွက်ခြင်းဖြင့် အမူအကျင့်ကို ကျင့်သုံးရမည့်နည်းလမ်းကို တိကျစွာ ရှင်းပြပါ။
- အမူအကျင့်ကို အဘယ့်ကြောင့် ကျင့်သုံးသင့်သည်ကို မထည့်ပါနှင့်။
- "မူဝါဒ"အရဟု မပြောရပါ။

## သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမှုအကျင့်ဖော်ပြချက်လေ့ကျင့်ခန်း (ကျန်းမာရေး၊ အာဟာရနှင့်စိုက်ပျိုးရေး)

### ကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးရေး

**လမ်းညွှန်ချက်** - အောက်ပါအမှုအကျင့်ဖော်ပြချက်များကို ဖတ်ပါ။ ဖော်ပြချက်အား ရေးသားထားပုံ ကောင်းမကောင်း ဆုံးဖြတ်ပါ။ မကောင်းပါက ဖော်ပြချက်ကို မှန်ကန်စွာ ပြန်လည်ပြင်ဆင်ရေးသားပါ။

| အမှုအကျင့်ဖော်ပြချက် | ကောင်း | မကောင်း | ပြန်လည်ရေးသားရန် |
|---|---|---|---|
| 1. မိသားစုဝင်များသည် နေ့စဉ် အဓိကကျသော အချိန် ၅ ချိန်တွင် ၎င်းတို့၏လက်ကို ဆပ်ပြာဖြင့် ဆေးကြောကြသည်။ | | | |
| 2. မိခင်များသည် ၎င်းတို့ကလေးများ ရေဓာတ်မကုန်ခမ်းစေရန် ဓာတ်ဆားရည် တိုက်ကျွေးကြသည်။ | | | |
| 3. မွေးကင်းစကလေးများ၏ မိခင်များသည် မီးဖွားပြီး ၁ နာရီ အတွင်း ကလေးကို မိခင်နို့တိုက်ကျွေးကြသည်။ | | | |
| 4. အသက် ၅ နှစ်အောက် ကလေးများကို မိခင်များက ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးကြသည်။ | | | |
| 5. အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြင်းထန် ရောဂါလက္ခဏာတွေ့ရှိပါက မိခင်များသည် သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှု | | | |

| | | | |
|---|---|---|---|
| ကို ချက်ခြင်း ခံယူသည်။ | | | |
| 6. ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူကြသည်။ | | | |

စိုက်ပျိုးရေး

**လမ်းညွှန်ချက်** - ဘယ်ဘက်ရှိ အမူအကျင့်ဖော်ပြချက်ကိုဖတ်၍ ဖော်ပြချက်အား ရေးသားထားပုံ ကောင်းမကောင်း ဆုံးဖြတ်ပါ။ နောက်ဆက်တွဲ ကော်လံများတွင် X ဖြင့် ပြသပါ။ ရေးသားထားပုံ မကောင်းပါက ညာဘက်ကော်လံတွင် ပြန်လည်ပြင်ဆင်ရေးသားပါ။

| အမူအကျင့်ဖော်ပြချက် | ကောင်း | မကောင်း | ပြန်လည်ရေးသားရန် |
|---|---|---|---|
| 1. အမျိုးသမီးများသည် မြေဆီလွှာ ပိုမိုကောင်းမွန်စေရန် ရွက်ဆွေးမြေဩဇာကို အသုံးပြုကြသည်။ | | | |
| 2. မျိုးစေ့ထိန်းသိမ်းခြင်း | | | |
| 3. အသက် ၅ နှစ်အောက် ကလေးရှိသူ စိုက်ပျိုးရေးသမများသည် ဥယျာဉ်ခြံမြေကို ပြုပြင်ရာတွင် မြေကြီးထဲသို့ ၂၀ စင်တီမီတာ | | | |

| | | | |
|---|---|---|---|
| တူးကြသည်။ | | | |
| 4. ဦးတည်လယ်သမားများသည် ရိတ်သိမ်းပြီးလယ်မြေများကို မီးမရှို့ကြပါ။ | | | |
| 5. လယ်သမားများသည် သီးညှပ်စိုက်ပျိုးနည်းကို အသုံးပြုကြသည်။ | | | |
| 6. ဦးတည်လယ်သမားများသည် မြေဆီလွှာ ပြုံးတီးနိုင်ခြေရှိသော လယ်မြေအပိုင်းတွင် စက်ပိုင်းခြမ်းပုံ မြေထိန်းများ တည်ဆောက်ကြသည်။ | | | |

## သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၄ - အမူအကျင့်ပြောင်းလဲမှုတွင် အဓိကကျသူများ

အချို့အမူအကျင့်များအတွက်မူ ဦးတည်အုပ်စုများရှာဖွေရာတွင် ဂရုပြုဆောင်ရွက်ရန်လိုအပ်သည်။

နမူနာ - မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း (EBF)

အမူအကျင့်ကောင်း - မိခင်များသည် ၎င်းတို့၏ကလေးများအား မွေးစမှ အသက် ၆ လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြသည်။

| အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများ အတွက် ဦးတည်အုပ်စု | အမူအကျင့်ကိုကျင့်သုံးရမည့်အုပ်စုနှင့် အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများကို ထောက်ပံ့မှုနှင့်အားပေးမြှင့်တင်မှုလုပ်ငန်းများ အတွက် ဦးတည်ပရိသတ် | formative research ပြုလုပ်ရမည့် ဦးတည်ပရိသတ် |
|---|---|---|
| ↓ | ↓ | ↓ |
| ကိုယ်ဝန်ဆောင်အမျိုးသမီးများ | အသက် ၆ လအောက် ကလေးငယ်များ၏ မိခင်များ | အသက် ၇-၉ လအရွယ် ကလေးငယ်များ၏ မိခင်များ |

ယခင်ကပြုလုပ်ခဲ့သင့်သောအမူအကျင့်ဟူသမျှ (ဥပမာ - ရာသီအလိုက် စိုက်ပျိုးသည့်ဓလေ့များ၊ မီးဖွားပြီးသည်နှင့် မိခင်နို့တိုက်ကျွေးခြင်း၊ ကျွမ်းကျင်သူဖြင့် မီးဖွားခြင်း) အတွက် Formative Research တွင်ဖြေဆိုမည့်သူများသည် ဦးတည်အုပ်စုဝင်များ (လတ်တလော ကျင့်သုံးနေသူများ) မဟုတ်ပါ။

## သင်ခန်းစာ ၈ - အဆင့် ၂

## အမှုအကျင့်ဆန်းစစ်ရန်မေးခွန်းများရေးသားခြင်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- "အမှုအကျင့်ဖော်ပြချက်ကိုဖြေလျော့ခြင်း" ၏ အဓိပ္ပာယ်ကို ပြန်လည်ဆွေးနွေးခြင်း
- အမှုအကျင့်ဖော်ပြချက်အချို့ကို ဖြေလျော့နည်း လက်တွေ့လေ့ကျင့်ခြင်း
- တာဝန်ပေးထားသော အမှုအကျင့်အတွက် ဆန်းစစ်ရန်မေးခွန်းများရေးသားခြင်း
- အခြားသင်တန်းသားများ၏ ဆန်းစစ်ရန်မေးခွန်းများကို ဝေဖန်သုံးသပ်ခြင်း

### ကြာမြင့်ချိန်

၂ နာရီ

### လိုအပ်သောအရာများ

- ကားချပ်စာရွက်လွှတ်
- သင်ခန်းစာ ၈ ကားချပ်စာရွက် ၁ - အမှုအကျင့်ဆန်းစစ်ရန် မေးခွန်းများက အဘယ်နည်း။
- သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမှုအကျင့်သတ်မှတ်ချက်ကို ဖြေလျော့ရန် လေ့ကျင့်ခန်းစာရွက်
- သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၂ - အမှုအကျင့်ဆန်းစစ်သည့်မေးခွန်း၏လက္ခဏာရပ်များ
- သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူခွဲခြားရန်ဇယားပါဝင်သည့် နမူနာ အမှုအကျင့် ဆန်းစစ်ရန် မေးခွန်းများ

### အဆင့်များ

1. နိဒါန်း

1a. အတားအဆီးများရှာဖွေဖော်ထုတ်မှုပြုလုပ်ရာတွင် အဆင့်များကိုကြည့်၍ သင်တန်းသားများအား မေးရန် - တို့တွေ ဘယ်အဆင့်ရောက်နေပြီလဲ။ [အဆင့် ၂ - အမှုအကျင့်ဆန်းစစ်ရန် မေးခွန်းများရေးသားခြင်း]။ **သင်ခန်းစာ ၈ ကားချပ်စာရွက် ၁ - အမှုအကျင့်ဆန်းစစ်ရန် မေးခွန်းများက အဘယ်နည်း** ကို ကြည့်ရန်ပြော၍ အမှုအကျင့်ဆန်းစစ်သည့် မေးခွန်းကို ရှင်းပြပါ။

1b. သင်တန်းသားများအား ရှင်းပြရန် - ဆန်းစစ်ရန်မေးခွန်းများရေးသားရာတွင် သိထားနှင့်ပြီးဖြစ်ရမည့်အရာ နှစ်ခုရှိသည် - စစ်တမ်းအတွက် မည်သူ့ကို အင်တာဗျူးသင့်သူများနှင့်အမှုအကျင့်ဖော်ပြချက်တို့ဖြစ်သည်။ လိုလားသော အမှုအကျင့်ကို အမှုအကျင့်ဖော်ပြချက်တွင် တွေ့မြင်နိုင်သည်။ အမှုအကျင့်ကောင်းဟူသည် သိပ္ပံ (သို့မဟုတ် ကျား/မ တန်းတူညီမျှမှု၊ ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့တွင်) လူ့အခွင့်အရေးဥပဒေကြမ်းအရ ပြသနာကို

ဖြေရှင်းပေးနိုင်သောအရာပေါ် အများအားဖြင့် အခြေခံပါသည် (ဥပမာ - ဂမ်းပျက်ဂမ်းလျှောရောဂါကို လက်စင်ကြယ်စွာ ဆေးကြောခြင်းဖြင့် လျော့ကျစေနိုင်သည်)။

သို့သော်လည်း အမူအကျင့်ကောင်းကိုကျင့်သုံးနေသူများကို လိုအပ်သလောက် (အင်တာဗျူးသင့်သူ ၄၅ ဦး) တွေ့နိုင်ရန် မလွယ်ကူကြောင်း မကြာခဏတွေ့ရလေ့ရှိသည် (ထို့ကြောင့်ပင် ယင်းအမူအကျင့်ကို မြှင့်တင်နေခြင်းဖြစ်ပါသည်)။ ထို့ကြောင့် အကောင်းဆုံးမဟုတ်သေးသည့် အမူအကျင့်ကိုထည့်သုံးနိုင်ရန် ကျင့်သုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို "ဖြေလျှော့" ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းအနေအထားသည် လေ့လာမှုပြုသည့်နေ့တွင်သာဖြစ်ပြီး ကျင့်သုံးသူဦးရေ အလုံအလောက်ရရှိရန်သာဖြစ်ပါသည်။ ဖြေဆိုသူကို အမျိုးအစားခွဲပြီးသည်နှင့် ဒုတိယအပိုင်းဖြစ်သော မေးခွန်းလွှာ၏ စစ်တမ်းမေးခွန်းများတွင် ကောင်းသောအမူအကျင့်အကြောင်းကို ဆက်လက်မေးမြန်းရမည်ဖြစ်သည်။ ထို့ပြင် စီမံကိန်းကာလအတွင်းတွင်လည်း ကေင်းသောအမူအကျင့်ကို မြှင့်တင်သွားရမည်ဖြစ်သည်။

2. ကျင့်သုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်

2a. သင်ခန်းစာ ၃ - "လေ့ကျင့်ခန်း" လေ့ကျင့်ခန်းကို ပြန်လည်စဉ်းစား၍ ကောင်းသောအမူအကျင့် (တစ်ပတ်လျှင် ၄ ကြိမ် လေ့ကျင့်ခန်း ၃၀ မိနစ်ကြာ အသင့်အတင့်ပြုလုပ်ခြင်း) ကို ပြန်လည်အမှတ်ရရန် သင်တန်းသားများအား ပြောပါ။ ကောင်းသောအမူအကျင့်ကို ကားချပ်စာရွက်ပေါ်တွင် ရေးပါ။

2b. ကျင့်သုံးသူအချို့ရှာဖွေရာတွင် လွယ်ကူစေရန် အမူအကျင့်သတ်မှတ်ချက်ကို ဖြေလျှော့နိုင်မည့် နည်းလမ်းမည်မျှရှိသနည်းဟု သင်တန်းသားများအား မေးပါ။ ဖြစ်နိုင်ဖွယ်အဖြေများ - တစ်ပတ် ၅ ကြိမ်မှ ၄ ကြိမ်အောက်၊ ၃၀ မိနစ်မှ ၃၀ မိနစ်အောက် သို့မဟုတ် လေ့ကျင့်ခန်း အသင့်အတင့်ပြုလုပ်ခြင်းမှ အပေါ့စားပြုလုပ်ခြင်းသို့ ပြင်ဆင်နိုင်သည်။ ဆက်လက်၍ ပြင်ဆင်ဖြေလျော့ထားသော မူလအမူအကျင့်ဖော်ပြချက်ကို ချရေးရန် သင်တန်းသားများအား ပြောပါ။

2c. အမူအကျင့်ကိုဖြေလျော့ရသည့်ရည်ရွယ်ချက်သည် အင်တာဗျူးရန် ကျင့်သုံးသူ ၄၅ ဦးရရှိနိုင်ရုံမျှအထိသာ ကျင့်သုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြင်ဆင်ရန်ဖြစ်သည်။ သို့သော်လည်း ကျင့်သုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်သည် စံမီသော လိုလားဖွယ်ရာအမူအကျင့်နှင့် ကွဲလွဲလေ တွေ့ရှိချက်များ၏ ဆီလျော်မှု ပိုမိုနည်းပါလေ ဖြစ်နေမည်ဖြစ်သည်။ ပထမဆုံး အနေဖြင့် စံထားသည့်အမူအကျင့်ကို ကျင့်သုံးနေသူရာခိုင်နှုန်းကို အနည်းငယ်တီးခေါက်မိရန် သုတေသနပြုသူများသည် ရှိရင်းစွဲအချက်အလက်များကို ကိုးကားရန်လိုအပ်သည်။ သင်တန်းသားများအား မေးရန် - ဤအချက်အလက်ကို မည်သည့်နေရာမှုရရှိနိုင်သနည်း။ ဖြစ်နိုင်ဖွယ်အဖြေများ - ကျန်းမာရေးဦးစီးဌာန၊ စီမံကိန်းအမျိုးမျိုးမှ အခြေပြုစစ်တမ်း အချက်အလက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အချက်အလက်များ၊ စိုက်ပျိုးရေးဝန်ကြီးဌာနမှ အချက်အလက်များ သို့မဟုတ် အစိုးရစာရင်းအင်းများ။

2e. သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမူအကျင့်သတ်မှတ်ချက်ကို ဖြေလျော့ရန် လေ့ကျင့်ခန်းစာရွက် ကို ဖြန့်ဝေပေးပြီးနောက် သင်တန်းသားများအား တစ်ဦးချင်းဖြည့်စွက်ရန် ပြောပါ။ တစ်ဦးချင်း၏ လုပ်ငန်းပိုင်းစိတ်ဝင်စားမှုအရ အမူအကျင့်များကို ခွဲခြားတာဝန်ပေး၍ရသကဲ့သို့ အဖွဲ့ငယ်များခွဲ၍ လုပ်ဆောင်စေခြင်းလည်း ဖြစ်နိုင်ပါသည်။

3. အမူအကျင့်ဆန်းစစ်ရန် မေးခွန်းများ

3a. စံထားသောအမူအကျင့်၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေလျော့နည်းအား လက်တွေ့လေ့ကျင့်ပြီးဖြစ်၍ ကျင့်သုံးသူနှင့် မကျင့်သုံးသူများကို ခွဲခြားပေးမည့် မေးခွန်းများကို မေးခွန်းလွှာတွင် အသုံးပြုရန် ဆုံးဖြတ်ရမည်ဖြစ်သည်။ သတိပြုရန်မှာ ယင်းမေးခွန်းများကို **အမူအကျင့်ဆန်းစစ်ရန် မေးခွန်းများ**ဟု ခေါ်သည်။

3b. အမူအကျင့်ဆန်းစစ်သည့်မေးခွန်းများကို အမူအကျင့်ဖော်ပြချက်ပေါ်အခြေခံ၍ ရေးသားထားသည်။ သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၂ - အမူအကျင့်ဆန်းစစ်သည့်မေးခွန်းများ၏ လက္ခဏာရပ်များ ကိုကြည့်ရန် သင်တန်းသားများအား ပြော၍ တစ်ချက်ချင်းကို ပြန်လည်ဆွေးနွေးပါ။ မေးခွန်းများကို ဖြေကြားပေးပြီး သင်တန်းသားများပြောသည့် ဆီလျော်သော မေးခွန်းများကို ပေါင်းစပ်အသုံးပြုပါ။

3c. သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူခွဲခြားရန်ဇယားပါဝင်သည့် နမူနာ အမူအကျင့် ဆန်းစစ်ရန်မေးခွန်းများ ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ လေ့ကျင့်ခန်းအတွက် လမ်းညွှန်ချက်များပေး၍ မေးခွန်းများမေးလာပါက ဖြေကြားပေးပါ။ လေ့ကျင့်ခန်းကို သင်တန်းသားများ ပြုလုပ်ပြီးစီးပါက အတူတကွ ပြန်လည် သုံးသပ်ပါ။ လက်ကမ်းစာရွက် ၂ ကို ပြန်ကြည့်ရန် သင်တန်းသားများအားပြော၍ လက်ကမ်းစာရွက် ၃ ရှိ ဆန်းစစ်သည့် မေးခွန်းများသည် လက်ကမ်းစာရွက် ၂ ရှိ လမ်းညွှန်ချက်ကို လိုက်နာခြင်းရှိမရှိ သင်တန်းသားများအား မေးပါ။

4. ဆန်းစစ်သည့်မေးခွန်းများ လက်တွေ့ရေးသားခြင်း

4a. သင်ခန်းစာ ၇ တွင် ရေးသားခဲ့သော အမူအကျင့်ဖော်ပြချက်များထဲမှ တစ်ခုစီကို အဖွဲ့ငယ်အသီးသီးအား တာဝန်ခွဲပေးပါ (အဖွဲ့သားများနှင့်အကျုံးဝင်ရှိသော/၎င်းတို့နှင့်သက်ဆိုင်မှုရှိသော အမူအကျင့်များဖြင့် တာဝန်ခွဲပေးပါ)။

4b. ခွဲပေးထားသော အမူအကျင့်များအတွက် ဆန်းစစ်ရန်မေးခွန်းများကို အဖွဲ့ငယ်အသီးသီးအားရေးသားစေပြီး အမျိုးအစားခွဲခြားသတ်မှတ်သည့် ဇယားတစ်ခု ရေးဆွဲပါ။

4c. အဖွဲ့အသီးသီးအား ကားချပ်စာရွက်များဖြန့်ဝေပေး၍ ၎င်းတို့၏အမူအကျင့်ကို စာရွက်ထိပ်တွင်လည်းကောင်း၊ ဆန်းစစ်သည့်မေးခွန်းများနှင့်အမျိုးအစားခွဲခြားသတ်မှတ်သည့်ဇယားကို ကားချပ်စာရွက်ပေါ်တွင်လည်းကောင်း ရေးရန် ပြောပါ။ ထို့နောက် နံရံပေါ်တွင် ကပ်ပါ။

4d. အခြားအဖွဲ့များ၏ဆန်းစစ်ရန်မေးခွန်းများကို လေ့လာရန် အဖွဲ့ငယ်အသီးသီးအား တာဝန်ပေး၍ (အမျိုးအစားခွဲခြား သတ်မှတ်သည့်ဇယားအပါအဝင်) ပြန်လည်ပြင်ဆင်ရမည့်အရာများကိုရှာဖွေရန် ပြောပါ။

4e. ပြန်လည်လေ့လာဆွေးနွေးခဲ့သော ဆန်းစစ်ရန်မေးခွန်းများနှင့်ပြင်ဆင်ရန်အကြံပြုချက်များကို သင်တန်းသားအားလုံးရှေ့တွင် တစ်လှည့်စီ ပြန်လည်ရှင်းလင်းဆွေးနွေးရန် အဖွဲ့ငယ်များအား ပြောပါ။ အဖွဲ့ငယ်များ သတိမပြုမိခဲ့သော အမှားများရှိပါက ထောက်ပြ၍ အားလုံးပါဝင်ဆွေးနွေးလာစေရန် ပံ့ပိုးကူညီပါ။

4f. ဆန်းစစ်ရန်မေးခွန်းအားလုံးကို စိစစ်ပြီးသည်အထိ ဆက်လက်ဆွေးနွေးပါ။

5. အနှစ်ချုပ်

5a. သင်ယူတတ်မြောက်သွားသော အရာတစ်ခု သို့မဟုတ် အမူအကျင့်ဆန်းစစ်ရန်မေးခွန်းများရေးသားခြင်းနှင့် စပ်လျဉ်း၍ မဖြေရှင်းရသေးသော ပြဿနာရပ် သို့မဟုတ် စိုးရိမ်မှုတစ်ခုကို ပြောပြရန် သင်တန်းသားများအား ပြော၍ သင်ခန်းစာကို အဆုံးသတ်ပါ။

## သင်ခန်းစာ ၈ ကားချပ်စာရွက် ၁ - အမူအကျင့်ဆန်းစစ်ရန် မေးခွန်းများက အဘယ်နည်း။

- ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် ခွဲခြားသတ်မှတ်နိုင်ရန် BA မေးခွန်းလွှာတွင် ရေးသားထားသော မေးခွန်းများ
- မေးခွန်းလွှာ၏ အပိုင်း ၁ တွင် ထည့်ထားသည်။

## သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမူအကျင့်သတ်မှတ်ချက်ကို ဖြေလျှော့ရန် လေ့ကျင့်ခန်းစာရွက်

| စံထားရမည့်အမူအကျင့် | Barrier Analysis အတွက် ဖြေလျှော့ထားသော အမူအကျင့် |
|---|---|
| 1. အသက် ၅ နှစ်အောက် ကလေးရှိသူ မိခင်များသည် နေ့စဉ် အဓိကကျသောအချိန် ၅ ချိန်တွင် ၎င်းတို့၏ လက်များကို ဆပ်ပြာဖြင့် ဆေးကြောကြသည် (အညစ်အကြေးစွန့်ပြီးချိန်၊ အစားအစာမစားမီ၊ ကလေးကို အစာမကျွေးမီ၊ အစားအစာချက်ပြုတ်ရန် မပြင်ဆင်မီ၊ သေးခံလဲလှယ်ပေးပြီးချိန်)။ | |
| 2. အသက် ၆ လအောက် ကလေးရှိသူ မိခင်များသည် ၎င်းတို့၏ကလေးများကို မွေးစမှ ၆ လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြသည်။ | |
| 3. ဦးတည်လယ်သမားများသည် ၎င်းတို့၏လယ်မြေများကို မြေသြဇာကျွေးရာတွင် သဘာဝရွက်ဆွေးမြေသြဇာကိုသာ အသုံးပြုသည်။ | |
| 4. ဦးတည်လယ်သမားများသည် ၎င်းတို့၏သီးနှံများအတွက် ဇီဝပိုးသတ်ဆေးကိုသာ အသုံးပြုသည်။ | |
| 5. အသက် ၁၅-၄၉ အရွယ် အိမ်ထောင်ရှိအမျိုးသမီးများ သည် မိမိရှာဖွေ၍ရသောငွေအား မည်သို့သုံးစွဲမည်ကို ကိုယ်တိုင်ဆုံးဖြတ်ကြသည်။ | |
| 6. ဦးတည်လူကြီးများသည် အိမ်သာကို အစဉ်အမြဲ အသုံးပြုသည်။ | |
| 7. ဦးတည်မွေးမြူရေးသမားများသည် ၎င်းတို့၏ တိရိစ္ဆာန်များ ရွာတွင်းရှိနေချိန်၌ အစဉ်အမြဲ ခြံခတ်၍ မွေးမြူကြသည်။ | |

| စံထားရမည့်အမူအကျင့် | Barrier Analysis အတွက် ဖြေလျော့ထားသော အမူအကျင့် |
|---|---|
| 8. ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း၌ သံဓာတ်ကြွယ်ဝသော အစားအစာများကို တစ်ပတ်လျှင် ၅ ကြိမ် စားသုံးကြသည်။ | |
| 9. ပြုစုစောင့်ရှောက်သူများ/မိခင်များသည် ၎င်းတို့၏ ကလေးနေမကောင်း (ကိုယ်ပူ၊ အစာမစား သို့မဟုတ် ပျို့အန်) ပါက ရောဂါလက္ခဏာကိုမြင်တွေ့ပြီးသည်နှင့် ၂၄ နာရီအတွင်း ပုဂ္ဂလိက သို့မဟုတ် အစိုးရ ဆေးရုံ ဆေးခန်းသို့ ပို့ဆောင်ပေးကြသည်။ | |
| 10. သားဆက်ခြားလိုသော အိမ်ထောင်ရှင်များသည် ခေတ်ပေါ် ကိုယ်ဝန်တားဆေးတစ်မျိုးမျိုးကို အသုံးပြုကြသည်။ | |
| 11. အသက် ၀-၅ နှစ်အရွယ် ကလေးများအား ပြုစုစောင့်ရှောက်သူများသည် ကလေးများကို ဆေးစိမ်ခြင်ထောင်ဖြင့် ညစဉ် အိပ်စက်စေသည်။ | |
| 12. ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ပုဂ္ဂလိက သို့မဟုတ် အစိုးရ ဆေးရုံ ဆေးခန်းများတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ပထမ ၃ လတွင် တစ်ကြိမ်နှင့် နောက်ပိုင်း ၃ လများအပါအဝင် ၄ ကြိမ်နှင့်အထက် ခံယူကြသည်။ | |
| 13. မူလတန်းကျောင်းသူ/သားများသည် သောက်သုံးရန် သင့်တော်သောရေကို အစဉ်အမြဲ သောက်သုံးကြသည်။ | |
| 14. လယ်သမားများသည် သီးနှံများမရောင်းချမီ မသန့်ရှင်းသောအရာများကို ရှင်းလင်းဖယ်ရှားကြသည်။ | |

## သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၂ - အမူအကျင့်ဆန်းစစ်သည့်မေးခွန်း၏လက္ခဏာရပ်များ

1. ယေဘုယျအားဖြင့် အောက်ပါမေးခွန်းမျိုးကို မေးပါ -
    a. ဦးတည်အုပ်စု - ဤလူပုဂ္ဂိုလ်သည် မိမိ၏ဦးတည်အုပ်စုဝင်တစ်ဦးဟုတ်ပါသလား။ သို့မဟုတ် ကျွန်ုပ် အင်တာဗျူးရမည့်သူမျိုး ဟုတ်ပါသလား။
    b. ပြုခြင်းပြုကြိယာ - ဤလူပုဂ္ဂိုလ်သည် အမူအကျင့်ကို ကျင့်သုံးနေပါသလား။ (သို့မဟုတ် ယခင်က ကျင့်သုံးခဲ့ဖူးပါသလား။)
    c. အသေးစိတ်အချက်များ - ဤလူပုဂ္ဂိုလ်သည် အမူအကျင့်ကို ကျင့်သုံးသင့်သည့်ပုံစံအတိုင်း ကျင့်သုံးနေပါသလား/ကျင့်သုံးခဲ့ပါသလား။ (အသေးစိတ်သတ်မှတ်ချက်များအတိုင်း ပြုလုပ်သလား။)
2. ကိုယ်တိုင်နှင့်သာသက်ဆိုင်သည်။ ကိုယ်တိုင်ကျင့်သုံးသော အမူအကျင့်ဖြစ်သည်။ အခြားသူ၏ အမူအကျင့် မဟုတ်။
3. အတိအကျဖြစ်သည်။ သဘောအရသာမဟုတ်။ ("တကယ်လို့ ဒါဆိုရင် ဟိုဟာဟုတ်သလား" ကဲ့သို့သော မေးခွန်းမျိုးမဟုတ်ပါ)
4. အများအားဖြင့် အချိန်သတ်မှတ်ချက်ရှိ (အချိန်အပိုင်းအခြားနှင့်သက်ဆိုင်သည်။ အမူအကျင့်ကို အကြိမ်များများ ကျင့်သုံးလေ အချိန်သတ်မှတ်ချက် ပိုတိုတောင်းလေ ဖြစ်သည်)
5. ဖြေဆိုသူက နောက်ပိုင်းမေးခွန်းများကို ပိုမိုတိကျစွာ အဖြေပေးနိုင်စေရန် အမူအကျင့်ကို နောက်ဆုံးကျင့်သုံးခဲ့သည့်အချိန်ကို ပြန်လည်သတိရစေရုံသက်သက်အတွက် "သတိနှိုး"မေးခွန်းတစ်ခုကို ရုံဖန်ရံခါတွင် ထည့်သွင်းမေးမြန်းပါ။
6. ရံဖန်ရံခါတွင် လေ့လာစူးစမ်း/သက်သေပြရန် မေးခွန်းတစ်ခု ထည့်သွင်းမေးမြန်းပါ။
7. ဖြေဆိုသူကို အဖြေတစ်မျိုးမျိုးပေးလာစေရန် လမ်းကြောင်းပေး မေးခွန်းများ မမေးရပါ (ဥပမာ - သင့်လက်ကို ဆပ်ပြာဖြင့် ဆေးခဲ့ပါသလား။)
8. "သွေးပူ"မေးခွန်းများ မေးမြန်းခြင်းမပြုပါ။
9. အမူအကျင့်နှင့်ဆိုင်သော မေးခွန်းများကိုသာ မေးမြန်းပါသည်။
10. မေးခွန်းအားလုံးသည် အဆုံးပိတ်မေးခွန်းများဖြစ်သည် (မှန်းဆ၍ရသော အဖြေ သို့မဟုတ် မျှော်မှန်းထားသော အဖြေများပါဝင်သည်)

## သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - ကျင့်သုံးသူ/မကျင့်သုံးသူခွဲခြားရန်ဇယားပါဝင်သည့် နမူနာ အမူအကျင့် ဆန်းစစ်ရန် မေးခွန်းများ

လမ်းညွှန်ချက် - အမူအကျင့်ဖော်ပြချက်ဖတ်ပြပြီးနောက် အမူအကျင့်ဆန်းစစ်ရန်မေးခွန်းများကို ဖတ်ပြပါ။ ပေးထားသော နေရာလွတ်တွင် ဆန်းစစ်ရန်မေးခွန်းနှင့်သက်ဆိုင်သော အမူအကျင့်ဖော်ပြချက်မှအပိုင်းကို ရေးပါ။

### ဆန်းစစ်ရန်မေးခွန်းနမူနာ ၁ - လက်ဆေးခြင်း

*အမူအကျင့်ဖော်ပြချက် (ဖြေလျှော့ထားပြီးဖြစ်သည်)*

အသက် ၂၃ လအောက်ကလေးရှိသူ မိခင်များသည် အဓိကကျသော နေ့စဉ် အချိန် ၃ ချိန်နှင့်အထက်တွင် (အိမ်သာအသုံးပြုပြီးချိန်၊ အစားအစာ ချက်ပြုတ်ရန် မပြင်ဆင်မီ၊ အစားအစာမစားမီ၊ ကလေးကို အစားအစာမကျွေးမီ၊ အညစ်အကြေးစွန့်ပြီးသော ကလေးကိုသန့်ရှင်းရေးလုပ်ပေးပြီးချိန်) လက်ကိုဆပ်ပြာဖြင့် ဆေးကြောကြသည်။

| အမူအကျင့်ဆန်းစစ်သည့် မေးခွန်းများ | အမူအကျင့်ဖော်ပြချက်မှ သက်ဆိုင်ရာအပိုင်း |
|---|---|
| 1. သင့် အငယ်ဆုံးကလေး အသက်ဘယ်လောက် ရှိပြီလဲ။ | |
| 2. မနေ့က သင် လက်ဆေးသလား။ | |
| 3. မနေ့က လက်ကို သင် ဘယ်နှစ်ကြိမ်ဆေးသလဲ။ *[ဤမေးခွန်းသည် မေးခွန်းနံပါတ် ၄ ၏အဖြေများကို ပိုမိုတိကျစွာ မှတ်မိစေရန်မေးသည့် မေးခွန်းဖြစ်သည်။]* | |
| 4. မနေ့က နေ့ဘက် ဘယ်အချိန်/ဘယ်အခါတွေမှာ သင် လက်ဆေးသလဲ။ | |
| 5. မနေ့က သင်လက်ဆေးတော့ ရေအပြင် တစ်ခြားအရာ တစ်ခုခုကို သုံးခဲ့သလား။ | |
| 6. သုံးခဲ့ရင် ဘာကိုသုံးခဲ့တာလဲ။ | |

| | |
|---|---|
| 7. အခု အိမ်မှာရှိတဲ့ ဆပ်ပြာကို ကြည့်လို့ရမလား။ | |

## ဆန်းစစ်ရန်မေးခွန်းနမူနာ ၂ - ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း

လမ်းညွှန်ချက် - အမှုအကျင့်ဖော်ပြချက်ဖတ်ပြပြီးနောက် အမှုအကျင့်ဆန်းစစ်ရန်မေးခွန်းများကို ဖတ်ပြပါ။ ပေးထားသော နေရာလွတ်တွင် ဆန်းစစ်ရန်မေးခွန်းနှင့်သက်ဆိုင်သော အမှုအကျင့်ဖော်ပြချက်မှအပိုင်းကို ရေးပါ။

*အမှုအကျင့်ဖော်ပြချက် (ဖြေလျှော့ထားပြီးဖြစ်သည်)*

ကိုယ်အပူချိန်တက်နေသော အသက် ၅ နှစ်အောက်ကလေးရှိသူမိခင်များသည် ကလေးကိုယ်ပူကြောင်းသိပြီး ၄၈ နာရီအတွင်း စနစ်တကျ လေ့ကျင့်သင်ကြားထားသော ကျန်းမာရေးဝန်ထမ်းထံတွင် ကလေးကိုဆေးကုသပေးသည်။

| အမှုအကျင့်ဆန်းစစ်သည့် မေးခွန်းများ | အမှုအကျင့်ဖော်ပြချက်မှ သက်ဆိုင်ရာအပိုင်း |
|---|---|
| 1. သင့် အငယ်ဆုံးကလေး အသက်ဘယ်လောက်ရှိပြီလဲ။ | |
| 2. လွန်ခဲ့တဲ့ ၃ လအတွင်း သင့် အငယ်ဆုံးကလေး ကိုယ်အပူချိန်တက်သေးလား။ | |
| 3. သင့်အငယ်ဆုံးကလေး ကိုယ်အပူချိန်တက်တော့ ဆေးကုပေးသေးလား။ | |
| 4. သင့်ကလေး နောက်ဆုံးတစ်ခေါက် ကိုယ်အပူချိန်တက်တော့ ဘယ်နေရာမှာ ဆေးကုပေးသလဲ။ | |
| 5. ကိုယ်ပူတယ်ဆိုတာသိပြီး ဘယ်လောက်အကြာမှာ နေမကောင်းတဲ့ သင့်ကလေးကို ဆေးရုံ ဆေးခန်း ခေါ်သွားတာလဲ။ | |

## သင်ခန်းစာ ၉ - အဆင့် ၃ - စစ်တမ်းမေးခွန်းများရေးသားခြင်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- Determinant အသီးသီးနှင့်သက်ဆိုင်သော Barrier Analysis နမူနာမေးခွန်းများကို ပြန်လည်ဆွေးနွေးခြင်း
- အမူအကျင့်ဖော်ပြချက်တစ်ခုအတွက် မေးခွန်းများကိုဖတ်ပြခြင်း
- တစ်စိတ်တစ်ပိုင်း ဘာသာပြန်ဆိုပြီးမေးခွန်းလွှာကို ဆန်းစစ်ခြင်း

### ကြာမြင့်ချိန်

၂ နာရီ

### လိုအပ်သောအရာများ

- ရှေ့သင်ခန်းစာမှ အမူအကျင့်ဖော်ပြချက်များ (အဖွဲ့ငယ်တစ်ဖွဲ့လျှင် အနည်းဆုံး တစ်ခု)
- သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၁ - အထွေထွေသုံး Barrier Analysis စစ်တမ်းမေးခွန်းလွှာ
- သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၂ - BA မေးခွန်းလွှာ ဘာသာပြန်ဆိုနည်း လမ်းညွှန်
- သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၃ - (တစ်စိတ်တစ်ပိုင်း) ဘာသာပြန်ဆိုပြီး နမူနာမေးခွန်းလွှာ

### အဆင့်များ

1. နိဒါန်း

1a. သင်တန်းသားများအား ပြောရန် - Barrier Analysis စစ်တမ်းကောက်ရာတွင် ပါဝင်သည့် အဆင့် ၂ ဆင့်ကို ဆွေးနွေးပြီးဖြစ်ပါသည် - အမူအကျင့်ဖော်ပြချက်တစ်ခုနှင့်အမူအကျင့်ဆန်းစစ်ရန်မေးခွန်းများရေးသားခြင်း။ နောက်တစ်ဆင့်က ဘာဖြစ်မလဲ။ ဖြစ်သင့်သော အဖြေ - စစ်တမ်းမေးခွန်းများရေးသားခြင်း

1b. ၂၀၀၄ ခုနှစ်တွင် ပြုစုခဲ့သော Barrier Analysis Facilitator's Guide တွင် တစ်ဦးချင်းအင်တာဗျူးများ မပါဝင်ဘဲ အုပ်စုဖွဲ့ဆွေးနွေးပွဲများသာ ပါဝင်ကြောင်း သင်တန်းသားများအား ရှင်းပြပါ။ သို့သော်လည်း ယင်းနည်းစနစ်ကို ဆက်လက် အသုံးမပြုသင့်တော့ပါ။ အကြောင်းမှာ Tom Davis ၏ လမ်းညွှန်ပြသမှုဖြင့် Food for the Hungry က ပြုလုပ်ခဲ့သည့် စမ်းသပ်မှုအများအပြားစု၏ရလဒ်များအရ တစ်ဦးချင်းအင်တာဗျူးများတွင် ပိုမိုခိုင်မာသော အချက်အလက်များရရှိသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ သုတေသနပြုသူများသည်လည်း မေးခွန်းလွှာများရေးသားရာတွင် ပိုမိုကျွမ်းကျင်လာပြီး အသုံးပြုရန် နည်းလမ်းများလည်း ပိုမိုခိုင်ဆိုင်လာပါသည်။ ထို့ကြောင့် စစ်တမ်းကို ယခင်ကထက် များစွာပိုမိုလျင်မြန်စွာ ပြုလုပ်နိုင်ပါသည်။ မေးခွန်းများကိုလည်း အုပ်စုဖွဲ့ဆွေးနွေးပွဲများအတွက် မဟုတ်ဘဲ တစ်ဦးချင်းအင်တာဗျူးများအတွက် ရေးသားထားပါသည်။

2. စစ်တမ်းမေးခွန်းများရွေးချယ်ခြင်းနှင့်ရေးသားခြင်း

2a. သင်တန်းသားများအား မေးရန် - Barrier Analysis မေးခွန်းလွှာတွင် မည်သည့်မေးခွန်းများမေးရမည်ကို မည်ကဲ့သို့ ဆုံးဖြတ်သနည်း။ ဖြစ်သင့်သော အဖြေများ - မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများနှင့်ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများကို ကျန် Determinant ၈ ခုထဲမှ အကြောင်းအရာအတွက် အရေးကြီးသည်ဟုယူဆရသော Determinant များ - လက်လှမ်းမီမှု၊ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်၊ အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း၊ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ၊ ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာများ၊ ဘုရားရှင်၏အလိုတော်ဟု ထင်မြင်ယူဆခြင်း၊ မူဝါဒနှင့်ယဉ်ကျေးမှု - နှင့် သက်ဆိုင်သောမေးခွန်းများ။

2b. မေးခွန်းများကိုစံသတ်မှတ်ချက်များရှိသဖြင့် စစ်တမ်းမေးခွန်းများရေးသားခြင်းသည် အလွန်ပင်လွယ်ကူကြောင်း ရှင်းပြပါ။ မေးခွန်း၏ပင်စည် - ဥပမာ "..... ဖို့ ဘာကြောင့်လွယ်ကူတာလဲ။" - ကိုယူ၍ အမူအကျင့်ဖော်ပြချက်၏ အမြစ် - "သင့်အနေဖြင့် အဆင့်မြှင့်ထားသော မျိုးစေ့များ စိုက်ပျိုး" - ကို ပေါင်းထည့်ပေးလိုက်ရုံမျှသာ ဖြစ်ပါသည်။

2c. ပိုမိုလွယ်ကူစေရန် အလို့ငှာ BA မေးခွန်းလွှာအချို့ကို အွန်လိုင်းပေါ်တွင် တင်ပေးထားပါသည်။ ယင်းတို့ကို ရှာဖွေ၍ သင့်လိုအပ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ဒေသသုံးဘာသာစကားသို့ပြန်ဆိုခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ မေးခွန်းလွှာများကို http://www.fsnnetwork.org/barrier-analysis-questionnaires-0 တွင် ရယူနိုင်ပါသည်။

3. Barrier Analysis မေးခွန်းလွှာတွင် စစ်တမ်းမေးခွန်းများရေးသားနည်း လေ့လာခြင်း

3a. **သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၁ - အထွေထွေသုံး Barrier Analysis စစ်တမ်းမေးခွန်းလွှာ** ကို ကြည့်ရန် သင်တန်းသားများအား ပြောပါ။ ဤမေးခွန်းလွှာသည် မည်သည့်အမူအကျင့်အတွက်မဆို မေးခွန်းလွှာသစ်ပြုစုရာတွင် အသုံးပြုနိုင်သော အခြေခံမေးခွန်းလွှာပုံစံဖြစ်ကြောင်း ရှင်းပြပါ။ ဤမေးခွန်းလွှာတွင် "အမူအကျင့်ဖြည့်စွက်ရန်" ဟု ဖော်ပြထားသော နေရာများစွာပါဝင်သဖြင့် ကွက်လပ်ဖြည့်ပါ လေ့ကျင့်ခန်းနှင့် အလားသဏ္ဍာန်တူပါသည်ကို တွေ့နိုင်ပါသည်။

3b. အပိုင်း ခ ကိုကြည့်ရန် သင်တန်းသားများအား ပြော၍ အမူအကျင့်တစ်ခုကို မေးခွန်းနှစ်ခု၌ "ထည့်သွင်း" ပုံကို နှုတ်ဖြင့် ရှင်းပြပါ။ ပြဿနာနှင့်သက်ဆိုင်သောမေးခွန်းများ (ထိခိုက်နိုင်ခြေ၊ ဆိုးဝါးနိုင်ခြေ၊ ထိရောက်မှုတို့နှင့် သက်ဆိုင်သော မေးခွန်းများ) ရောက်သည့်အခါ ပြဿနာကို ကွက်လပ်တွင်ဖြည့်စွက်နိုင်ရန် အမူအကျင့်က မည်သည့်ပြဿနာကိုဖြေရှင်းပေးနိုင်သည်ကို သိထားရမည်ဖြစ်သည်။ သင်တန်းပို့ချသူသည် နမူနာအမူအကျင့်တစ်ခုဖြင့် လက်တွေ့ပြသမည်ဖြစ်သည်။

နမူနာများ -

- လာမည့် ၃ လအတွင်း သင့်ကလေးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနိုင်ခြေ မည်မျှရှိသနည်း။
- သင့်ကလေးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပါက မည်မျှဆိုးဝါးနိုင်ခြေရှိသနည်း။
- သင့်လက်ကို ဆပ်ပြာဖြင့် နေ့စဉ် မကြာခဏ ဆေးကြောပါက သင့်ကလေးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်နိုင်ခြေ မည်မျှရှိသနည်း။

3c. **တစ်ဦးချင်းလေ့ကျင့်ခန်း** - ပြီးခဲ့သောသင်ခန်းစာတွင် သင်တန်းသားအသီးသီးက ဆန်းစစ်ရန်မေးခွန်းများ ရေးခဲ့သည့် အမူအကျင့်ကို ရှာဖွေရန် ပြောပါ။ ယင်းအမူအကျင့်ကို အထွေထွေသုံးမေးခွန်းလွှာ၏ အပိုင်း ခ မှ မေးခွန်း ၁၆ ခုထဲမှ တစ်ခုစီတွင် ထည့်သွင်းရန် တစ်ဦးချင်း တိတ်ဆိတ်စွာဖြင့် ၁၅ မိနစ်ကြာ အချိန်ယူ၍ ပြုလုပ်ပါ။

3d. **အဖွဲ့ငယ်လေ့ကျင့်ခန်း** - ၁၅ မိနစ်ခန့်ကြာပြီးနောက် မိမိ၏အဖွဲ့ငယ်အလိုက် အပိုင်း ခ မှ မေးခွန်းများ (၁၊ ၂၊ ၃၊ ၄ စသည်ဖြင့်) တွင် အမူအကျင့်ကိုထည့်သွင်း၍ အသံကျယ်ကျယ်ဖြင့် အခြားအဖွဲ့သားများကိုပြောရန် သင်တန်းသားများအား ပြောပါ။ ပထမအဖွဲ့ငယ်မှ အဖွဲ့သားက မေးခွန်း ၁ (.... ဖို့ ဘာကြောင့်လွယ်ကူတာလဲ။) တွင် အမူအကျင့်ကို ထည့်သွင်း၍ အသံကျယ်ကျယ်ဖြင့် ပြောရမည်။ ထို့နောက် ဒုတိယမြောက်အဖွဲ့သားက မေးခွန်း ၂ (.... ဖို့ ဘာကြောင့်ခက်ခဲတာလဲ။) တွင် အမူအကျင့်ကို ထည့်သွင်း၍ အသံကျယ်ကျယ်ဖြင့် ပြောရမည်။ အပိုင်း ၂ မှ မေးခွန်းအားလုံးကို အလားတူ ပြုလုပ်ပြီးသည်အထိ အဖွဲ့ငယ်အလိုက်လေ့ကျင့်ခန်းကို ပြုလုပ်ရမည်။

3e. **စုံညီလေ့ကျင့်ခန်း** - အားလုံးအတူတကွ အခန်းတွင်း၌ အလှည့်ကျလှည့်လည်၍ မေးခွန်းတစ်ခုတွင် အမူအကျင့်ကို ထည့်သွင်းပြီး တစ်ဖွဲ့လုံးကြားအောင်ပြောပါ။ အထွေထွေမေးခွန်းလွှာမှ မေးခွန်း ၁၆ ခုလုံးကိုဖြည့်စွက်၍ သင်တန်းသား တစ်ဦးချင်းက အနည်းဆုံးတစ်ကြိမ် ပါဝင်ပြောပြပြီးသည်အထိ အခန်းတွင်း၌ လှည့်ပတ်ပါ။

3f. အပိုင်း ခ မှ စစ်တမ်းမေးခွန်းများအား ရေးသားထားပုံနှင့်ပတ်သက်၍ မေးခွန်းများမေးရန်ရှိပါသလားဟု မေးပါ။

4. Barrier Analysis မေးခွန်းလွှာကို ဘာသာပြန်ဆို၍ စမ်းသပ်အသုံးပြုခြင်း

4a. သင်တန်းသားများအားမေးရန် - မေးခွန်းလွှာကို မည်သည့်ဘာသာစကားဖြင့် မေးမြန်းသင့်သနည်း။

ဖြစ်သင့်သောအဖြေများ - ဦးတည်အုပ်စု၏ဒေသသုံးဘာသာစကား။ စီမံကိန်းစာရွက်စာတမ်းများကို ဒေသသုံးဘာသာစကားသို့ ပြန်ဆိုခြင်းကို အများအားဖြင့် မည်ကဲ့သို့ပြုလုပ်လေ့ရှိသနည်းဟု သင်တန်းသားများအား မေးပါ။

4b. မေးခွန်းလွှာကို ဦးတည်အုပ်စု၏ဘာသာစကားသို့ ပြန်ဆိုရာတွင် ယင်းဘာသာစကားကို မိခင်ဘာသာအဖြစ် ပြောဆိုသူ (ယင်းဘာသာစကားကို ကျွမ်းကျင်ရုံမျှရှိသူမဟုတ်) ဖြစ်သည့်အပြင် ဘာသာပြန်ဆိုခြင်းကို နှုတ်ဖြင့်သာမဟုတ် အရေးဖြင့်ပြန်ဆိုသည့်အတွေ့အကြုံရှိသူလည်းဖြစ်ရန် အရေးကြီးသည်။ ဘာသာပြန်ဆိုသူသည် မေးခွန်းများကို ကောင်းစွာ နားလည်ရမည့်အပြင် အသေးစိတ်အချက်အလက်များကို ဂရုပြုရမည်ဖြစ်သည်။

4c. ဘာသာပြန်ဆိုခြင်းကို တည့်မတ်ပေးရန် သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၂ တွင် ဖော်ပြထားသည့်အတိုင်း လမ်းညွှန်ချက်အချို့ရေးဆွဲထားပါသည်။ သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၃ - (တစ်စိတ်တစ်ပိုင်း) ဘာသာပြန်ဆိုပြီး နမူနာမေးခွန်းလွှာ ကို လေ့လာနေစဉ် ဤလက်ကမ်းစာရွက်ကို ဖတ်ပါ။ မှတ်သားရန် - အကယ်၍ အင်တာဗျူးမည့်သူက နိုင်ငံတကာသုံးဘာသာစကားကိုဖတ်တတ်ပါက မေးခွန်းလွှာတစ်ခုလုံးကို ဘာသာပြန်ဆိုရန် မလိုအပ်ပါ။ အသံထွက်ဖတ်ပြခဲ့သော မေးခွန်းများ/စာသားများကိုသာ ဘာသာပြန်ဆိုရန်လိုအပ်သည်။ လမ်းညွှန်ချက် သို့မဟုတ် အဆုံးပိတ်မေးခွန်းများအတွက် အဖြေများကိုမူ ပြန်ဆိုရန်မလိုအပ်ပါ။ ဒေသသုံးဘာသာစကားကို မဖတ်/မပြောတတ်သူ များပင်လျှင် မေးခွန်းလွှာကိုဖတ်တတ်စေရန် ဒေသသုံးဘာသာစကားနှင့်နိုင်ငံတကာသုံးဘာသာစကား နှစ်ခုစလုံးကို မေးခွန်းလွှာတွင် ထည့်သွင်းထားသင့်သည်။ မေးခွန်းလွှာ၏ပထမစာမျက်နှာအပေါ်ဘယ်ဘက်ထောင့်တွင် ဒေသသုံးဘာသာစကား၏အမည်ကို ရေးသားထားသင့်သည်။

4d. မေးခွန်းလွှာကို ဘာသာပြန်ဆိုပြီးသည်နှင့် ဒေသသုံးဘာသာစကားကို မိခင်ဘာသာအဖြစ်ပြောဆိုသည့် သို့မဟုတ် ကျွမ်းကျင်သည့် အင်တာဗျူးသူများနှင့်ကြီးကြပ်သူများကို သင်တန်းပေးရာတွင် အသုံးပြုရမည်။ ကြုံတွေ့လာသည့် အခက်အခဲဟူသမျှကို စဉ်းစားသုံးသပ်၍ လိုအပ်ပါက အပြောင်းအလဲများပြုလုပ်သင့်သည်။

4e. ပြန်ပြောင်းဘာသာပြန်ဆိုခြင်း (ဒေသသုံးဘာသာစကားမှ နိုင်ငံတကာဘာသာစကားသို့ ပြန်လည်ပြန်ဆိုခြင်း) သည် ဘာသာပြန်ဆိုပြီးနောက် အဓိပ္ပာယ်ပြောင်းလဲသွားခြင်းရှိမရှိသိနိုင်ရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ သို့သော်လည်း ယင်းအတွက် အချိန်အလွန်ပေးရမည်ဖြစ်သည်။

4f. ဘာသာပြန်ဆိုပြီးမှု၏ပုံစံချထားပုံက အလွန်အရေးကြီးပါသည်။ မေးခွန်းလွှာတွင် မေးခွန်းများကို ဒေသသုံးနှင့် နိုင်ငံတကာသုံးဘာသာစကားနှစ်မျိုးစလုံးဖြင့် ဖော်ပြရမည်။ ဒေသသုံးဘာသာစကားကို စာလုံးအရွယ်အစားတစ်မျိုးဖြင့် ဦးစွာဖော်ပြ၍ ပိုသေးသောစာလုံးအရွယ်အစားဖြင့် နိုင်ငံတကာသုံးဘာသာစကားကို ဆက်လက်ဖော်ပြရမည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် နေရာယူသက်သာစေမည်ဖြစ်သည်။

4g. စီမံကိန်းဆိုင်ရာဆုံးဖြတ်ချက်များချရန် စစ်တမ်းတစ်ခုပြုလုပ်ရာတွင် အသုံးပြုမည့် မေးခွန်းလွှာအားလုံးကို ဦးတည်အုပ်စုတွင်း၌ ဒေသသုံးဘာသာစကားဖြင့် ဦးစွာ စမ်းသပ်အသုံးပြုရမည်။ စမ်းသပ်မှု ၆-၁၀ ကြိမ်ဖြင့် ရှိနိုင်သော အခက်အခဲဟူသမျှ (ဥပမာ - စကားလုံးအဓိပ္ပာယ်မရှင်းလင်းခြင်း၊ မေးခွန်းကို ဘာသာပြန်ဆိုမှုမတိကျခြင်း) ကို တွေ့မြင်လာနိုင်ပါသည်။ သို့မှသာ မိတ္တူမကူးမီ မေးခွန်းလွှာများကို တည်းဖြတ်နိုင်မည်ဖြစ်သည်။

## သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၁ - အထွေထွေသုံး Barrier Analysis စစ်တမ်းမေးခွန်းလွှာ

Group: ❑ Doer ❑ Non-Doer

**_[အမူအကျင့်ရေးရန်]_ အတွက် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း**

**_[ဦးတည်အုပ်စုရေးရန်]_ အတွက် အသုံးပြုရန်**

**Barrier Analysis Questionnaire on**

**_[put Behavior here]_**

**for use with _[put Priority Group here]_**

**အမူအကျင့်ဖော်ပြချက်**

*[စံပြုအမူအကျင့်ကို ဤနေရာတွင်ရေးရန်]*

**Demographic Data**

အင်တာဗျူးသူအမည် - ____________________ မေးခွန်းလွှာအမှတ်စဉ် - ______

ရက်စွဲ - ____/____/____ ရပ်ရွာအမည် - __________________________

**မိတ်ဆက်စာညွှန်း**

မင်္ဂလာပါ။ ကျွန်တော်/မ နာမည်ကတော့ ........................................... ဖြစ်ပါတယ်။ *[လေ့လာမှုပြုလုပ်ရသည့် ရည်ရွယ်ချက်]* လေ့လာနေတဲ့အဖွဲ့မှာ ကျွန်တော်/မ ပါဝင်ပါတယ်။ လေ့လာမှုမှာ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ ဆွေးနွေးမှာဖြစ်ပြီး မိနစ် ၂၀ ခန့်ကြာမြင့်ပါမယ်။ ဒီအကြောင်းရာနဲ့ပတ်သက်လို့ သင့်အမြင်ကို ကြားသိချင်ပါတယ်။ ဒီအစီအစဉ်မှာ မဖြစ်မနေ ပါဝင်ရမယ်လို့ မဆိုလိုသလို မပါဝင်လို့လည်း ဘာမှ မဖြစ်ပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်တဲ့အတွက်လည်း လက်ဆောင် (သို့) တခြား ဘယ်လိုအကျိုးအမြတ်ကိုမှ လက်ခံရရှိမှာ မဟုတ်ပါဘူး။ အခုဆွေးနွေးပွဲကရရှိတဲ့အချက်အလက်တွေကိုလည်း လျှို့ဝှက်ထားမှာဖြစ်ပြီး ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ပါဘူး။ သင့်အနေနဲ့ ဒီအစီအစဉ်မှာ ပါဝင်လိုပါသလား။ [မပါဝင်လိုဟုဆိုပါက အချိန်ပေး၍ စကားပြောသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။]

Hi, my name is __________ and I am part of a study team looking into *[purpose of study]*. The study includes a discussion of this issue and will take about 20 minutes. I would like to hear your views on this topic. You are not obligated to participate in the study and no services will be withheld if you decide not to. Likewise, if you decide to be interviewed, you will not be compensated in any way or receive any

gifts or services. Everything we discuss will be held in strict confidence.

Would you like to talk with me? *[If not, thank them for their time.]*

## အပိုင်း က - ကျင့်သုံးသူ/မကျင့်သုံးသူဆန်းစစ်ရန်မေးခွန်းများ

## Section A: Doer/Non-Doer Screening Questions

*[အမူအကျင့်ဖော်ပြချက်ပါ အသေးစိတ်အချက်များပေါ် မူတည်၍ အများအားဖြင့် ဆန်းစစ်ရန်မေးခွန်းများစွာပါဝင်ပါသည်။ There are usually multiple screening questions, depending on the detail of the behavior statement.]*

1. သင့် အငယ်ဆုံးကလေးက အသက်ဘယ်လောက်ရှိပြီလဲ။

   ❑ A. ၅ နှစ်နှင့်အောက် 5 years or younger

   ❑ B. အသက် ၅ နှစ်အထက် over 5 years of age → အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End the interview and look for another respondent

   ❑ C. မသိပါ Don't know / မဖြေပါ won't say → *အင်တာဗျူးကို အဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent*

2. မနေ့က (ဤနေရာတွင် အမူအကျင့်ရေးရန်) တာကို ဘယ်နှစ်ကြိမ် လုပ်ခဲ့သလဲ။ Yesterday, how many time did you (add the Behavior here)? __________

3. *[ဖြည့်စွက်မေးခွန်းများကို ဤနေရာတွင် ထည့်ရန် (ဥပမာ - "လက်ဆေးဖို့ ရေအပြင် တစ်ခြားဟာတွေကို သုံးခဲ့သလား။") Add any qualifying questions here (e.g., "In addition to water did you use anything else to wash your hands?").]*

   ❑ A. သုံးခဲ့တယ်။ Yes

   ❑ B. မသုံးခဲ့ပါ။ No

   ❑ C. မသိဘူး/အဖြေမပေးပါ။ Don't know / no response → *[အင်တာဗျူးကိုအဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another interviewee]*

*[ကျင့်သုံးသူ၊ မကျင့်သုံးသူ သို့မဟုတ် အင်တာဗျူးရန်မလိုအပ်သူ ဟုသတ်မှတ်နိုင်ရန် ဆန်းစစ်ရန်မေးခွန်းများနှင့် ရရှိရမည့်အဖြေများကို အောက်ပါဇယားတွင် ရှာဖွေပါ။ In the table below identify the screening questions and how they need to be answered for the respondent to be considered a Doer, Non-Doer, or person not to be interviewed.]*

**ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားသည့်ဇယား Doer/Non-Doer Classification Table**

| ကျင့်သုံးသူ Doer | မကျင့်သုံးသူ Non-Doer | အင်တာဗျူးရန် မလိုပါ Do Not |
|---|---|---|

| (အောက်ပါတို့အားလုံး all of the following) | (အောက်ပါတို့အနက်မှ တစ်ခုခု any one of the following) | Interview (အောက်ပါတို့အနက်မှ တစ်ခုခု any one of the following) |
|---|---|---|
| မေးခွန်း ၁ Question 1 = | မေးခွန်း ၂ Question 1 = | မေးခွန်း ၁ Question 1 = |
| မေးခွန်း ၂ Question 2 = | မေးခွန်း ၂ Question 2 = | မေးခွန်း ၂ Question 2 = |

အုပ်စုGroup: ❑ ကျင့်သုံးသူ Doer ❑ မကျင့်သုံးသူ Non-Doer

**အမူအကျင့်ရှင်းလင်းချက်** *[လိုအပ်သလို ဆောင်ရွက်ရန် as needed]*

လာမယ့်မေးခွန်းတွေမှာ *[သတ်မှတ်ချက်ကိုရေးရန် - ဥပမာ လက်ဆေးရန် အဓိကကျသောအချိန် ၅ ချိန်]* အကြောင်းကို ပြောမှာဖြစ်ပါတယ်။ ဆိုလိုတာက *[ရှင်းလင်းချက်ကို ဤနေရာတွင်ထည့်ပါ]* In the following questions I am going to be talking about *[put the term here, e.g. the five critical times for washing your hands]*. By this I mean *[put the explanation here]*.

## အပိုင်း ခ - စစ်တမ်းမေးခွန်း Section B: Research Questions

*[ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာများ Perceived Self-Efficacy]*

1a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ပြုလုပ်ဖို့ ဘာကြောင့်လွယ်ကူတာလဲ။ What makes it easy for you to *[put Behavior here]*?

1b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ပြုလုပ်မယ်ဆိုရင် ဘာကြောင့်လွယ်ကူမယ်ထင်သလဲ။ What would make it easy for you to *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစုံစမ်းပါ။] [Write all responses below. Probe with "What else?"]*

*[ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာများ Perceived Self-Efficacy]*

2a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ပြုလုပ်ဖို့ ဘာကြောင့်ခက်ခဲတာလဲ။ What makes it difficult for you to *[put Behavior here]*?

2b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ပြုလုပ်မယ်ဆိုရင် ဘာကြောင့်ခက်ခဲမယ်ထင်သလဲ။ What would make it difficult for you to *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*[ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ Perceived Positive Consequences]*

3a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* *လုပ်တဲ့အတွက် ကောင်းကျိုးတွေက ဘာတွေလဲ။* What are the advantages of *[put Behavior here]*?

3b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်] လုပ်မယ်ဆိုရင် ကောင်းကျိုးတွေက ဘာတွေဖြစ်မယ် ထင်သလဲ။* What would be the advantages of *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*[ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ Perceived Negative Consequences]*

4a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်] လုပ်တဲ့အတွက် ဆိုးကျိုးတွေက ဘာတွေလဲ။* What are the disadvantages of *[put Behavior here]*?

4b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်] လုပ်မယ်ဆိုရင် ဆိုးကျိုးတွေက ဘာတွေဖြစ်မယ်ထင်သလဲ။* What would be the disadvantages of *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "What else?"]*

*[လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ Perceived Social Norms]*

5a. ***ကျင့်သုံးသူ Doers:*** သင်နှင့်သိသူအများစုက သင် *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်] လုပ်တာကို သဘောကျကြလား။* Do most of the people that you know approve of your *[put Behavior here]*?

5b. ***မကျင့်သုံးသူ Non-Doers:*** သင်နှင့်သိသူအများစုက သင် *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* လုပ်မယ်ဆိုရင် သဘောကျကြမယ်ထင်လား။ Would most of the people that you know approve of your *[put Behavior here]*?

❑ A. ထင်ပါတယ်။ Yes

❑ B. သေချာတော့ မသိဘူး။ Maybe

❑ C. မထင်ပါဘူး။ No

*[လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ Perceived Social Norms]*

6a. ***ကျင့်သုံးသူ Doers:*** သင် *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်] လုပ်တာကို ဘယ်သူတွေက သဘောကျကြသလဲ။* Who are all the people that approve that you *[put Behavior here]*?

6b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ကို သင်လုပ်မယ်ဆိုရင် ဘယ်သူတွေက သဘောကျကြမယ်ထင်သလဲ။ Who are all the people that would approve that you *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘယ်သူတွေရှိဦးမလဲ" "သဘောကျသူထဲမှာ အထူးတလယ် ဘယ်သူရှိသေးလဲ။" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "Who else? "Anyone in particular?"]*

*[လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ Perceived Social Norms]*

7a. ***ကျင့်သုံးသူ Doers:*** သင် *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* လုပ်တာကို သဘောမကျတဲ့သူအားလုံးကို ပြောပြပါ။ Who are all the people that disapprove that you *[put Behavior here]*?

7b. ***မကျင့်သုံးသူ Non-Doers:*** သင် *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* လုပ်မယ်ဆိုရင် သဘောမကျမယ့်သူအားလုံးကို ပြောပြပါ။ Who are all the people that would disapprove that you *[put Behavior here]*?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘယ်သူတွေရှိဦးမလဲ" "သဘောမကျသူထဲမှာ အထူးတလယ် ဘယ်သူရှိသလဲ။" ဟု မေးမြန်းစူးစမ်းပါ။] [Write all responses below. Probe with "Who else? "Anyone in particular?"]*

*[လက်လှမ်းမီသည်ဟုထင်မြင်ယူဆခြင်း Perceived Access]*

8a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ကိုလုပ်ဖို့ သင်လိုအပ်တဲ့အရာတွေနဲ့ ဂန်ဆောင်မှုတွေ ရဖို့ ဘယ်လောက်ခက်ခဲသလဲ။ How difficult is it to get the materials and services you need to *[put Behavior here]*?

အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည်၊ လုံးဂ မခက်ခဲပါ။ Very difficult, somewhat difficult, not difficult at all

8b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ကိုလုပ်ဖို့ သင်လိုအပ်တဲ့အရာတွေနဲ့ ဂန်ဆောင်မှုတွေရဖို့အတွက်ဆိုရင် ဘယ်လောက်ခက်ခဲမယ်ထင်သလဲ။ How difficult would it be to get the materials and services needed to *[put Behavior here]*? အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည်၊ လုံးဂမခက်ခဲပါ။ Very difficult, somewhat difficult, not difficult at all

❑ A. အလွန်ခက်ခဲခက်ခဲသည်။ Very difficult

❑ B. အနည်းငယ်ခက်ခဲသည်။ Somewhat difficult

❑ C. လုံးဂ မခက်ခဲပါ။ Not difficult at all

*[လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ Perceived Cues for Action]*

9a. ***ကျင့်သုံးသူ Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ကို လုပ်ရမယ့်အခါတိုင်း လုပ်ဖြစ်အောင် (သို့မဟုတ် လုပ်ပုံလုပ်နည်းကို) သတိရဖို့ ဘယ်လောက်ခက်ခဲသလဲ။ အလွန်ခက်ခဲသည်။ အနည်းငယ် ခက်ခဲသည်။ လုံးဂ မခက်ခဲပါ။ How difficult is it to remember to (or how to do) *[put Behavior here]* every time you need to do it? Very difficult, somewhat difficult, not difficult at all

9b. ***မကျင့်သုံးသူ Non-Doers:*** *[အမူအကျင့်ကို ဤနေရာတွင်ထည့်ရန်]* ကို လုပ်ရမယ့်အခါတိုင်း လုပ်ဖြစ်အောင် (သို့မဟုတ် လုပ်ပုံလုပ်နည်းကို) သတိရဖို့အတွက်ဆိုရင် ဘယ်လောက်ခက်ခဲမယ် ထင်သလဲ။ အလွန်ခက်ခဲမည်။ အနည်းငယ် ခက်ခဲမည်။ လုံးဂ မခက်ခဲပါ။ How difficult do you think it would be to remember to *[put Behavior here]* every time you need to do it? Very difficult, somewhat difficult, not difficult at all

❑ A. အလွန်ခက်ခဲမည်။ Very difficult

❑ B. အနည်းငယ် ခက်ခဲမည်။ Somewhat difficult

❑ C. လုံးဂ မခက်ခဲပါ။ Not difficult at all

*[ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် Perceived Susceptibility/Perceived Risk]*

10a. ***ကျင့်သုံးသူ Doers:*** သင် *[သို့မဟုတ် "သင့်ကလေး" သို့မဟုတ် အမူအကျင့်မှ အကျိုးရှိမည့်သူ]* အနေနဲ့ နောက် *[အချိန်ကာလထည့်ရန်]* အကြာမှာ *[ပြဿနာ သို့မဟုတ် ရောဂါကို ဤနေရာတွင်ထည့်ရန် (ဥပမာ - "ငှက်ဖျားဖြစ်ပွား")]* *ဖြစ်နိုင်ခြေ ဘယ်လောက်ရှိမယ် ထင်သလဲ။* ဖြစ်နိုင်ခြေများစွာရှိသည်။ ဖြစ်နိုင်ခြေအနည်းငယ်ရှိသည်။ ဖြစ်နိုင်ခြေ လုံးဂ မရှိပါ။ How likely is it that you *[or "your child" or whoever*

*the Behavior is directed to help]* would *[put problem or disease here (e.g., "get malaria")]* in the next *[put a timeframe here]*? Very likely, somewhat likely, or not likely at all?

10b. ***မကျင့်သုံးသူ Non-Doers:*** သင် *[သို့မဟုတ် "သင့်ကလေး" သို့မဟုတ် အမူအကျင့်မှ အကျိုးရှိမည့်သူ] အနေနဲ့ နောက် [အချိန်ကာလထည့်ရန်] အကြာမှာ [ပြဿနာ သို့မဟုတ် ရောဂါကို ဤနေရာတွင်ထည့်ရန် (ဥပမာ - "ငှက်ဖျားဖြစ်ပွား")] ဖြစ်လာနိုင်ခြေ ဘယ်လောက်ရှိသလဲ။* ဖြစ်နိုင်ခြေများစွာရှိသည်။ ဖြစ်နိုင်ခြေအနည်းငယ်ရှိသည်။ ဖြစ်နိုင်ခြေ လုံးဝ မရှိပါ။ How likely is it that you *[or "your child" or whoever the Behavior is directed to help]* could *[put problem or disease here (e.g., "get malaria")]* in the next *[put a timeframe here]*? Very likely, somewhat likely, or not likely at all?

- ❑ A. ဖြစ်နိုင်ခြေများစွာရှိသည်။ Very likely
- ❑ B. ဖြစ်နိုင်ခြေအနည်းငယ်ရှိသည်။ Somewhat likely
- ❑ C. ဖြစ်နိုင်ခြေ လုံးဝ မရှိပါ။ Not likely at all

*[အခြေအနေဆိုးဝါးနိုင်ခြေရှိသည်ဟုထင်မြင်ယူဆခြင်း Perceived Severity]*

11. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** အကယ်၍ သင် *[သို့မဟုတ် "သင့်ကလေး" သို့မဟုတ် အမူအကျင့်မှ အကျိုးရှိမည့်သူ] အနေနဲ့ [ပြဿနာ သို့မဟုတ် ရောဂါကို ဤနေရာတွင်ထည့်ရန်] ဖြစ်ခဲ့ရင် အခြေအနေ ဘယ်လောက်ဆိုးမယ်ထင်သလဲ။ အလွန်ဆိုးဝါးနိုင်သည်။ အနည်းငယ်ဆိုးဝါးနိုင်သည်။ လုံးဝ မဆိုးနိုင်ပါ။* How serious would it be if you *[or "your child" or whoever the Behavior is directed to help]* would *[put problem or disease here]*? A very serious, somewhat serious, or not serious at all?

- ❑ A. အလွန်ဆိုးဝါးနိုင်သည်။ Very serious
- ❑ B. အနည်းငယ်ဆိုးဝါးနိုင်သည်။ Somewhat serious
- ❑ C. လုံးဝ မဆိုးနိုင်ပါ။ Not serious at all

*[ထိရောက်မှုရှိမည်ဟုထင်မြင်ယူဆသောအရာများ Perceived Action Efficacy]*

12. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** အကယ်၍ သင် *[အမူအကျင့်ကို ဤနေရာတွင် ထည့်ရန်]* မလုပ်ရင် သင် သို့မဟုတ် သင့်ကလေးမှာ *[ပြဿနာ သို့မဟုတ် ရောဂါကို ဤနေရာတွင်ထည့်ရန်] ဖြစ်နိုင်ခြေ ဘယ်လောက်ရှိမယ် ထင်သလဲ။* အလွန်ဖြစ်နိုင်သည်။ အနည်းငယ်ဖြစ်နိုင်သည်။ လုံးဝ မဖြစ်နိုင်ပါ။ How likely is it that you or your child would get *[put problem or disease here]* if you did not *[put Behavior here]*? Very likely, somewhat likely, not likely at all

- ❑ A. အလွန်ဖြစ်နိုင်သည်။ Very likely
- ❑ B. အနည်းငယ်ဖြစ်နိုင်သည်။ Somewhat likely
- ❑ C. လုံးဝ မဖြစ်နိုင်ပါ။ Not likely at all

*[ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း Perceived Divine will]*

13a. ***ကျင့်သုံးသူ Doers:*** ဘုရားရှင်က သင့် *[ဤနေရာတွင် အမူအကျင့်ကိုထည့်ပါ]* ကို သဘောကျတယ် ထင်လား။ Do you think that God approves of your *[put Behavior here]*?

13b. ***မကျင့်သုံးသူ Non-Doers:*** ဘုရားရှင်က သင့် *[ဤနေရာတွင် အမူအကျင့်ကိုထည့်ပါ]* ကို သဘောလိမ့်မယ်လို့ ထင်လား။ Do you think that God would approve of your *[put Behavior here]*?

❑ A. ထင်တယ်။ Yes

❑ B. သေချာတော့ မသိဘူး။ Maybe

❑ C. မထင်ပါဘူး။ No

*[မူဝါဒ Policy]*

14a. ***ကျင့်သုံးသူ Doers:*** သင့်အနေနဲ့ *[ဤနေရာတွင် အမူအကျင့်ကိုထည့်ပါ]* ကို ပိုပြီးလုပ်ဖြစ်စေခဲ့တယ်လို့ သင်သိထားတဲ့ ရပ်ရွာဥပဒေ သို့မဟုတ် စည်းမျဉ်းတွေရှိသလား။ Are there any community laws or rules in place that you know of that made it more likely that you *[put Behavior here]*?

14b. ***မကျင့်သုံးသူ Non-Doers:*** သင့်အနေနဲ့ *[ဤနေရာတွင် အမူအကျင့်ကိုထည့်ပါ]* ကို ပိုပြီးလုပ်ဖြစ်စေမယ့် သင်သိထားတဲ့ ရပ်ရွာဥပဒေ သို့မဟုတ် စည်းမျဉ်းတွေရှိသလား။ Are there any community laws or rules in place that you know of that make it more likely that you will *[put Behavior here]*?

❑ A. ရှိပါတယ်။ Yes

❑ B. သေချာတော့ မသိဘူး။ Maybe

❑ C. မရှိပါဘူး။ No

*[ယဉ်ကျေးမှု Culture]*

15. ***ကျင့်သုံးသူနှင့်မကျင့်သုံးသူ Doers and Non-Doers:*** *[ဤနေရာတွင် အမူအကျင့်ကိုထည့်ပါ]* ကို အားပေး သို့မဟုတ် တားမြစ်တယ်လို့ သင်သိထားတဲ့ ယဉ်ကျေးမှုဓလေ့ သို့မဟုတ် ရိုးရာတွေ ရှိပါသလား။ Are there any cultural rules or taboos that you know of for or against *[put Behavior here]*?

❑ A. ရှိပါတယ်။ Yes

❑ B. သေချာတော့ မသိဘူး။ Maybe

❑ C. မရှိပါဘူး။ No

**အချိန်ပေးသည့်အတွက် ဖြေဆိုသူအား ကျေးဇူးတင်ကြောင်း ပြောပါ။ THANK THE RESPONDENT FOR HIS/HER TIME!**

## သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၂ - BA မေးခွန်းလွှာ ဘာသာပြန်ဆိုနည်းလမ်းညွှန်

1. သက်ဆိုင်ရာဘာသာစကားကို မိခင်ဘာသာအဖြစ်ပြောဆိုပြီး အရေးဘာသာပြန်အတွေ့အကြုံရှိသည့်အပြင် မေးခွန်းလွှာ၏ရည်ရွယ်ချက်ကိုသိရှိသူက ဘာသာပြန်ဆိုသင့်သည်။
2. ဘာသာပြန်ဆိုမှုအတွက် ၁-၂ ပတ်အချိန်စီစဉ်ထားပါ။
3. နိုင်ငံတကာဘာသာစကားနှင့်ဒေသသုံးဘာသာစကား နှစ်ခုစလုံးပါဝင်စေရမည်။
4. မေးခွန်းလွှာမှ မည်မျှကိုဘာသာပြန်ဆိုမည်ကို အကောင်းဆုံး ဆုံးဖြတ်နိုင်ရန် အင်တာဗျူးမည့်သူနှင့်မေးခွန်းလွှာဖြည့်စွက်မည့်သူတို့ကို ထည့်သွင်းစဉ်းစားရမည်။
    a. အကယ်၍ ၎င်းတို့သည် နှစ်ဘာသာတတ်ကျွမ်းသူများဖြစ်ပြီး နိုင်ငံတကာဘာသာစကားနှင့်ဒေသသုံး ဘာသာစကားကိုဖတ်ရှုနိုင်ပါက နှုတ်ဖြင့်ကျယ်လောင်စွာပြောမည့် စကားလုံးများကိုသာ ဘာသာပြန်ဆိုရန် လိုအပ်သည်။
    b. အကယ်၍ နိုင်ငံတကာဘာသာစကားကို မဖတ်တတ်ပါက ယင်းကို စာရွက်ပေါ်တွင်ဆက်လက်ထားရှိပြီး မေးခွန်းလွှာတစ်ခုလုံးကို ဒေသသုံးဘာသာစကားသို့ပြန်ဆိုရန် လိုအပ်မည်ဖြစ်သည်။
5. ပထမဆုံးစာမျက်နှာ၏ ဘယ်ဘက်အပေါ်ထောင့်တွင် 'ဘာသာစကား' ဟုရေးပါ။ ထို့နောက် ဘာသာစကားနှင့်တိုင်းပြည်အမည်တို့ကို ရေးပါ။ ဥပမာ - ဘာသာစကား - ဆွာဟီလီ (ကင်ညာ)
6. ဘာသာပြန်ဆိုပြီးမေးခွန်းလွှာတွင် နိုင်ငံတကာဘာသာစကားဖြင့်ရေးထားသောစာလုံးအရွယ်အစားကို ၁၀ သို့ လည်းကောင်း၊ ဒေသသုံးဘာသာစကားဖြင့်ရေးထားသောစာလုံးအရွယ်အစားကို ၁၂ သို့ လည်းကောင်း လျှော့ချပါ။ နိုင်ငံတကာဘာသာစကား၏အရွယ်အစားက ဒေသသုံးဘာသာစကားထက် ပိုမိုသေးငယ်ရမည်။
7. ဒေသသုံးဘာသာစကားကို ပထမနေရာနှင့် နိုင်ငံတကာသုံးဘာသာစကားကို ဒုတိယနေရာတွင် ပိုမိုသေးငယ်သော စာလုံးအရွယ်အစားထား၍ မိတ်ဆက်စာညွှန်းကို လုံးကောက် ဘာသာပြန်ဆိုပါ။
8. ဆန်းစစ်သည့်မေးခွန်းများနှင့်စစ်တမ်းမေးခွန်းများရေးသားရာတွင် ဒေသသုံးဘာသာစကားက ပထမနေရာတွင် အမြဲရှိရမည်။
9. အကယ်၍ အမှုအကျင့်ရှင်းလင်းချက်ပါဝင်ပါက ယင်းကိုဘာသာပြန်ဆို၍ နိုင်ငံတကာဘာသာစကားကို ပိုမိုသေးငယ်သော စာလုံးအရွယ်အစားဖြင့် ထည့်သွင်းရမည်။
10. စစ်တမ်းမေးခွန်းများ (အဆုံးဖွင့်) ကိုဘာသာပြန်ဆိုရာတွင် မေးခွန်းကို ဒေသသုံးဘာသာစကားဖြင့် ပိုမိုကြီးသော စာလုံးအရွယ်အစား၊ ယင်းမေးခွန်းကိုပင် နိုင်ငံတကာဘာသာစကားဖြင့် ပိုမိုငယ်ရွယ်သော စာလုံးအရွယ်အစားကို အသုံးပြု၍ ရေးသားပါ။
11. ကွင်းခတ်ထားသော Determinant အမည်၏အရွယ်အစားကို လျှော့ပါ။ Determinant ကို ဘာသာပြန်ဆိုရန် မလိုအပ်ပါ။
12. "would" ဟူသော စကားလုံးကို ဂရုပြု၍ ဘာသာပြန်ဆိုပါ (Conditional Tense)။
13. "သဘောကျ" နှင့် "သဘောမကျ" ဟူသော စကားလုံးများကို ဂရုပြု၍ ဘာသာပြန်ဆိုပါ။ အင်္ဂလိပ်ဘာသာစကားတွင် ယင်းတို့၏အဓိပ္ပာယ်က လွန်စွာသိမ်မွေ့ပါသည် - "be in favor" ကဲ့သို့ဖြစ်ပါသည်။ ယင်းတို့သည် "ခွင့်ပြုသည် သို့မဟုတ် အားပေးသည် သို့မဟုတ် လုပ်ခိုင်းသည်" ဟု အဓိပ္ပာယ်မရပါ။

14. 'ကောင်းကျိုး' နှင့် 'ဆိုးကျိုး' ဟူသော စကားလုံးများအစား "ကောင်းသောအရာ" သို့မဟုတ် "မကောင်းသောအရာ" ဟူသော စကားလုံးများဖြင့် ရံဖန်ရံခါ အသုံးပြုလေ့ရှိသည်။
15. အဆုံးပိတ်မေးခွန်းများအတွက် ဖြစ်နိုင်ဖွယ်အဖြေများ (အလွန်ခက်ခဲသည်၊ အနည်းငယ်ခက်ခဲသည်၊ လုံးဝ မခက်ခဲပါ) ကို ဘာသာပြန်မေးခွန်းများနှင့် အမှန်ခြစ် ခြစ်ရန် ကွက်လပ်များတွင် မဖြစ်မနေထည့်သွင်းရမည်။

## သင်ခန်းစာ ၉ လက်ကမ်းစာရွက် ၃ - (တစ်စိတ်တစ်ပိုင်း) ဘာသာပြန်ဆိုပြီး နမူနာမေးခွန်းလွှာ[၁၇]

Language: ဗမာ (မြန်မာZimbabwe) အုပ်စု Group: ❑ ကျင့်သုံးသူ Doer ❑ မကျင့်သုံးသူ Non-Doer

# အတားအဆီးများရှာဖွေဖော်ထုတ်ရန် မေးခွန်းလွှာ Barrier Analysis Questionnaire

# ဖြည့်စွက်စာကျွေးခြင်း/အစားအစာအမျိုးစုံလင်စွာကျွေးခြင်း

# Complementary Feeding/Food Variety

# အသက် ၉-၂၃ လအရွယ်ကလေးရှိသူမိခင်များအတွက် အသုံးပြုရန်

# for Use with Mothers of Children 9–23 Months

**အမူအကျင့်ဖော်ပြချက် Behavior Statement**

အသက် ၉-၂၃ လအရွယ်ကလေးရှိသူမိခင်များသည် အစာအုပ်စု (၇) စုမှ အစားအစာများကို နေ့စဉ် ကျွေးမွေးကြသည်။

**Demographic Data**

အင်တာဗျူးသူအမည်/Interviewer’s Name: ________________မေးခွန်းလွှာအမှတ်စဉ်/Questionnaire No.: _______

ရက်စွဲ/Date: _____/_____/_______ မြို့နယ်/District (တစ်ခုကိုစက်ဝိုင်း ဝိုင်းပါ/circle one): Nyanga   Makoni   Hurungwe

[၁၇] ဇင်ဘာဘွေတွင် အင်တာဗျူးသူများက အင်္ဂလိပ်ဘာသာဖြင့် ဖတ်နိုင်သဖြင့် အသံထွက်ဖတ်ပြသော ဂါကျများကိုသာ ဒေသသုံးဘာသာစကားအဖြစ်သို့ ပြန်ဆိုပြီး အဖြေများ သို့မဟုတ် လမ်းညွှန်ချက်များကိုမူ ပြန်ဆိုခြင်းမပြုပါ။

**မိတ်ဆက်စာညွှန်း**

မင်္ဂလာပါ။ ကျွန်တော်/မ နာမည်ကတော့ ........................................... ဖြစ်ပါတယ်။ ကလေးတွေကို အစားအစာကျွေးတဲ့အလေ့အထနဲ့ပတ်သက်လို့ လေ့လာနေတဲ့အဖွဲ့မှာ ကျွန်တော်/မ ပါဝင်ပါတယ်။ လေ့လာမှုမှာ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ ဆွေးနွေးမှာဖြစ်ပြီး မိနစ် ၁၅-၂၀ ခန့်ကြာမြင့်ပါမယ်။ ဒီအကြောင်းရာနဲ့ပတ်သက်လို့ သင့်အမြင်ကို ကြားသိချင်ပါတယ်။ ဒီအစီအစဉ်မှာ မဖြစ်မနေ ပါဝင်ရမယ်လို့ မဆိုလိုသလို မပါဝင်လို့လည်း ဘာမှ မဖြစ်ပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်တဲ့အတွက်လည်း လက်ဆောင် (သို့) တခြား ဘယ်လိုအကျိုးအမြတ်ကိုမှ လက်ခံရရှိမှာ မဟုတ်ပါဘူး။ အခုဆွေးနွေးပွဲကရရှိတဲ့အချက်အလက်တွေကိုလည်း လျို့ဝှက်ထားမှာဖြစ်ပြီး ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ပါဘူး။ သင့်အနေနဲ့ ဒီအစီအစဉ်မှာ ပါဝင်လိုပါသလား။ [မပါဝင်လိုဟုဆိုပါက အချိန်ပေး၍ စကားပြောသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါ။]

Hi, my name is__________; and I am part of a study team looking into child feeding practices. Before I continue I would like to know how old your youngest child is. The study includes a discussion of this issue and will take about 15–20 minutes. I would like to hear your views on this topic. Would you be willing to talk with me? You are not obliged to participate in the study and no services will be withheld if you decide not to. Also, if you decide to participate you won't receive any compensation, gifts or services. Everything we discuss will be held in strict confidence and will not be shared with anyone else. Would you like to participate in the study? *[If not, thank them for their time.]*

## အပိုင်း က - ကျင့်သုံးသူ/မကျင့်သုံးသူ ဆန်းစစ်ရန် မေးခွန်းများ (Section A: Doer/Non-Doer Screening Questions)

1. သင့် အငယ်ဆုံးကလေး အသက်ဘယ်လောက်ရှိပြီလဲ။ _______ ←*အသက်ကို လဖြင့် ဤနေရာတွင် ရေးပါ။*
   How old is your youngest child?

   ❑ A. ၉-၂၃ လ 9–23 months

   ❑ B. ၈ လနှင့်အောက် 8 months or younger → *[အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another mother]*

   ❑ C. ၂၄ လအထက် Older than 24 months → *[အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another mother]*

   ❑ D. မသိဘူး/အဖြေမပေးပါ။ Don't Know / Won't say → *[အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another mother]*

2. လွန်ခဲ့တဲ့ ၂ ရက်အတွင်းမှာ သင့်ကလေးကို အစာကျွေးခဲ့တဲ့အကြိမ်ရေအားလုံးကို စဉ်းစားကြည့်စေချင်ပါတယ်။ မိခင်နို့အပြင် ကလေးကို တစ်ခြားဘာတွေကျွေးခဲ့သလဲ။ I would like to you think about all the meals you fed your baby in the last 2 days. How many meals did you feed your baby something other than breast milk?

*[ဤမေးခွန်းသည် ကလေးစားခဲ့သောအရာကို မိခင်ကသတိရစေရန်မျှသာ မေးခြင်းဖြစ်သည်။ This question is just to help the mother to remember what the baby ate.]*

❑ A. ___________

❑ B. မသိဘူး။/အဖြေမပေးပါ။ Do not know / no response → *[အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent]*

3. လွန်ခဲ့တဲ့ ၂ ရက်အတွင်း သင့်ကလေးကို ကျွေးခဲ့တဲ့အစားအစာအားလုံးကို ပြောပြပါ။ Please tell me all the different foods you remember feeding to your baby in the last two days.
*[မိခင်ပြောပြသည့် အစားအစာများကို အမှန်ခြစ်ခြစ်၍မှတ်သားပါ။ Check all the boxes of foods the mother mentions.]*

❑ A. *အစေ့အဆံ၊ အမြစ်၊ ဥမြစ် Grains, roots, tubers:*
❑ B. *ပဲတောင့်ရှည်၊ မြေပဲ* Legumes, nuts
❑ C. *နို့ထွက်ပစ္စည်း Diary produce*
❑ D. *အသား Flesh foods*
❑ E. *ဥ Eggs*
❑ F. ဗီတာမင်အေကြွယ်ဝသော အသီးအနှံများနှင့်ဟင်းသီးဟင်းရွက်များ
❑ G. *အခြားအသီးအနှံများနှင့်ဟင်းသီးဟင်းရွက်များ Other fruits and vegetables*
❑ H. *မသိပါ/အဖြေမပေးပါ။ Do* not know / no response → *[အင်တာဗျူးကိုရပ်တန့်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ။ End interview and look for another respondent]*

**ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားမှုဇယား DOER /NON-DOER CLASSIFICATION TABLE**

| **ကျင့်သုံးသူ DOER** (အောက်ပါတို့ အားလုံး) (ALL of the following) | **မကျင့်သုံးသူ Non-Doer** (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) | **အင်တာဗျူးလုပ်ရန် မလိုပါ။ Do Not Interview** (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) |
|---|---|---|
| Question 1 = A | | Question 1 = B, C, or D |
| Question 3 = A, B, C, D, E, F, G မှ အကွက် ၄ ခုနှင့်အထက်ကို ရွေးချယ်ထားသည်<br>**four** or more boxes checked from A, B, C, D, E, F, G | Question 3 = A, B, C, D, E, F, G မှ အကွက် ၃ ခုအောက်ကို ရွေးချယ်ထားသည်<br>three or fewer boxes checked from A, B, C, D, E, F, G, | Question 3 = H |

**Group: ❑ Doer ❑ Non-Doer**

**အမူအကျင့်ရှင်းလင်းချက်**

**Behavior Explanation**

*[အစားအစာအုပ်စုအမျိုးမျိုးပုံကို မိခင်အားပြသ၍ အင်တာဗျူးချိန်တစ်လျှောက်လုံး သူမမြင်သာသည့်နေရာတွင် ပုံကို ထားပါ။ Show the mother the picture of the different food groups and place it where she can see it during the entire interview.]*

လာမယ့်မေးခွန်းတွေမှာ အစာအုပ်စုအမျိုးမျိုးအကြောင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ အစာအုပ်စုဆိုတာကတော့ ဒီအုပ်စုတွေထဲက အစားအစာတွေကိုပြောတာပါ။ [အစာအုပ်စုအမျိုးမျိုး၏ပုံများကို မိခင်အားပြသ၍ အင်တာဗျူးနေစဉ် မြင်သာသည့်နေရာတွင် ထားပါ။] In the following questions I am going to be talking about different food groups. When I mention the food groups I am talking about foods in these groups [show the pictures of the different good groups to the mother and keep these visible throughout the interview.

## အပိုင်း ခ - စစ်တမ်းမေးခွန်းများ Section B: Research Questions

*ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ [Perceived Positive Consequences]*

1a. ***ကျင့်သုံးသူ Doers:*** အစာအုပ်စုအမျိုးအစားတွေထဲက အနည်းဆုံး ၄ ခုမှာပါတာတွေ ကလေးကို နေ့တိုင်း ကျွေးတာ ဘာတွေ ကောင်းသလဲ။ What are the advantages of feeding your baby foods from at least four of the different food groups each day?

1b. ***မကျင့်သုံးသူ Non-Doers:*** အစာအုပ်စုအမျိုးအစားတွေထဲက အနည်းဆုံး ၄ ခုမှာပါတာတွေ ကလေးကို နေ့တိုင်း ကျွေးရင် ဘာတွေကောင်းမယ်ထင်သလဲ။ What would be the advantages of feeding your baby foods from at least four of these food groups each day?

*[အဖြေအားလုံးကို အောက်တွင် ရေးပါ။ "တခြားဘာတွေရှိဦးမလဲ" ဟု မေးမြန်းစုံစမ်းပါ။] [Write all responses below. Probe with "What else?"]*

## သင်ခန်းစာ ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူနည်းလမ်းဖြင့် အင်တာဗျူးနည်းလေ့လာခြင်း[၁၈]

**ရလဒ်အခြေပြုရည်မှန်းချက်များ**

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- ထိရောက်သောအင်တာဗျူးသူတစ်ဦး၏ လက္ခဏာရပ်များပြုစုခြင်း
- အင်တာဗျူးတစ်ခုကို ဝေဖန်သုံးသပ်ခြင်း
- ထိရောက်စွာအင်တာဗျူးနည်းကို လက်တွေ့လေ့ကျင့်ခြင်း
- အင်တာဗျူးခြင်းနှင့်ပတ်သက်၍ သဘောထားအမြင်ပေးခြင်း/လက်ခံခြင်း

**ကြာမြင့်ချိန်**

၃ နာရီ

**လိုအပ်သောအရာများ**

- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁ - ကျင့်သုံးသူ/မကျင့်သုံးသူများအား အင်တာဗျူးရာတွင် ဆောင်ရန်ရှောင်ရန်များ
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၂ - ထိရောက်စွာ စူးစမ်းမေးမြန်းနည်း နမူနာများ
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၃ - စူးစမ်းမေးမြန်းနည်း လေ့ကျင့်ခန်း
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၄ - အဖြေနှင့် Determinants ချိတ်ဆက်ခြင်း
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၅ - "ဆိုးကျိုး" နှင့် "ခက်ခဲမှု" အကြား ကွဲပြားချက်
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၆ - သရုပ်ဖော်လေ့ကျင့်ခန်းလေ့လာနည်း လမ်းညွှန်
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၇ - သရုပ်ဖော်လေ့ကျင့်ခန်း ဇာတ်ညွှန်း - ကျင့်သုံးသူ/မကျင့်သုံးသူ အင်တာဗျူးတစ်ခုပြုလုပ်နည်း
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၈ - အကဲဖြတ်ရန် ဖြည့်စွက်ပြီး Barrier Analysis စစ်တမ်းမေးခွန်းလွှာ
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၉ - ကျင့်သုံးသူနှင့်မကျင့်သုံးသူများအား ခွဲခြားနည်း လက်တွေ့လေ့ကျင့်ခန်း
- သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးများ၏တိုးတက်မှုအတွက် စစ်ဆေးရမည့်အချက်များ
- Barrier Analysis မေးခွန်းလွှာ[၁၉] (သင်တန်းသားတစ်ဦးလျှင် တစ်စုံစီ)[2]

---

၁၈ သင်ခန်းစာ ၁၀ ကို သီးခြားသင်ခန်းစာအဖြစ် အသုံးပြုနိုင်သည်။

၁၉ အကယ်၍ သင်သည် Barrier Analysis Study တစ်ခုပြုလုပ်ရန်ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပါက ဤစစ်တမ်းမေးခွန်းလွှာသည် အင်တာဗျူးသူများက ဒေသသုံးဘာသာစကားဖြင့် ကွင်းဆင်းရာတွင် အသုံးပြုမည့်မေးခွန်းလွှာဖြစ်သင့်သည်။

## သင်တန်းပို့ချသူအတွက် မှတ်သားရန်

သရုပ်ဖော်လေ့ကျင့်ခန်းကို ကောင်းစွာသိနားလည်စေရန် အခြားသူတစ်ဦးနှင့် ဦးစွာလေ့ကျင့်ပါ။ ထိရောက်မှုရှိစေရန် သရုပ်ဖော်မည့်သူနှစ်ဦးသည် ကြိုတင်လေ့ကျင့်ထားရန်နှင့်အင်တာဗျူးသည် အလွန်လွယ်ကူလွန်းခြင်းမဖြစ်စေရန် အရေးကြီးပါသည်။ မိခင်ဖြစ်သူသည် နားမရှင်းသည့်အသွင်ဟန်ဆောင်၍ အဖြေကို လျင်မြန်စွာ သို့မဟုတ် တိကျစွာ မပေးဘဲ နေရမည်။ အင်တာဗျူးသူက အကြိမ်ကြိမ် ဆက်လက်စူးစမ်းမေးမြန်းလာအောင် ပြုလုပ်ရမည်။

## အဆင့်များ

1. အင်တာဗျူးနည်းစနစ်မိတ်ဆက်
   - 1a. သင်တန်းသားများအား ပြောရန် - ကွင်းဆင်းစစ်တမ်းကောက်သူရန် (အဆင့် ၄ သင်ခန်းစာ ၁၁ တွင် ဖော်ပြထားသည်) စီစဉ်ရာတွင် ကျွန်ုပ်တို့၏အင်တာဗျူးဝန်ထမ်းများသည် အင်တာဗျူးခြင်းကို အထိရောက်ဆုံး လုပ်ရန် အသင့်အနေအထားရန်လိုအပ်သည်။
   - 1b. သင်တန်းသားများအား မေးရန် - စစ်တမ်းကောက်တဲ့အနေနဲ့ လူတွေကို အင်တာဗျူးဖူးတဲ့အတွေ့အကြုံရှိတဲ့သူ ဘယ်နှစ်ဦးရှိသလဲ။ အတွေ့အကြုံရှိသူများသည် ယခုသင်ခန်းစာတွင် အခြားသူများ သိရှိလိုသည်တို့ မေးမြန်းနိုင်သူများအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ စားပွဲတစ်လုံးလျှင် အနည်းဆုံး အတွေ့အကြုံရှိသူတစ်ဦးရှိစေရန် လိုအပ်ပါက ထိုင်ခုံနေရာခွဲထားပေးပါ။
   - 1c. အဖွဲ့ငယ်များခွဲ၍ အင်တာဗျူးအတွေ့အကြုံများကို ပြန်လည်တွေးတော၍ အင်တာဗျူးလုပ်ရာတွင် အင်တာဗျူးသူများလိုက်နာရမည့် ဆောင်ရန်နှင့်ရှောင်ရန်အချက်များကို စာရင်းပြုစုပါ။ ဖြစ်နိုင်သမျှ စေ့စပ်သေချာမှုရှိရမည်ဖြစ်ပြီး အထင်အမြင်ထက် ပိုမိုခက်ခဲနိုင်သည်ကို သတိချပ်ရမည်ဖြစ်ကြောင်း ပြောပါ။
   - 1d. **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၃ - စူးစမ်းမေးမြန်းနည်း လေ့ကျင့်ခန်း** ကိုပေးဝေ၍ ၎င်းတို့ပြုစုခဲ့သော စာရင်းနှင့်လက်ကမ်းစာရွက်တို့ကို နှိုင်းယှဉ်ရန် အဖွဲ့ငယ်များအား ပြောပါ။ မတူညီသော အဖြေများနှင့် ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုအတွက် သီးခြား ဆောင်ရန်နှင့်ရှောင်ရန်များကို ရှာဖွေရန် ပြောပါ။ ဖြေဆိုသူကို ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် အမျိုးအစားခွဲခြားခြင်းနှင့်အဆုံးဖွင့်မေးခွန်းများ အတွက် အဖြေအများအပြားရရှိစေရန် စူးစမ်းမေးမြန်းခြင်းတို့ကို ထောက်ပြဆွေးနွေးပါ။
2. ပုံမှန်အင်တာဗျူးနှင့်ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးတို့အကြား ကွာခြားချက်များ
   - 2a. ရှင်းပြရန် - ကျင့်သုံးသူ/မကျင့်သုံးသူစစ်တမ်းအတွက် အင်တာဗျူးသည် ပုံမှန်စစ်တမ်းပုံစံနှင့် အလွန်ပင် ကွဲပြားပါသည်။
   - 2b. ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာမှုတွင် အဆုံးဖွင့်မေးခွန်းအချို့ပါဝင်သည်။
     - – မေးခွန်းလွှာပါ မေးခွန်းများသည် သဘောထားအမြင်နှင့်သာသက်ဆိုင်ပြီး အဖြစ်မှန် အချက်အလက်နှင့် မသက်ဆိုင်ပါ။ သင့်ရည်ရွယ်ချက်သည် အဆုံးဖွင့်မေးခွန်းမှတဆင့် ကွဲပြားသောအမြင်အမျိုးမျိုးကို ဖြေဆိုသူထံမှ များနိုင်သမျှများစွာ ရရှိရန်ဖြစ်ပါသည်။ ထို့ကြောင့် အင်တာဗျူးသူများသည် ထိရောက်စွာ စူးစမ်းမေးမြန်းနည်းများကို သိထားရန် လိုအပ်သည်။ **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၂ - ထိရောက်စွာ စူးစမ်းမေးမြန်းနည်း နမူနာများ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ အကယ်၍ အချိန်ရပါက

စူးစမ်းမေးခွန်းများကို ဒေသသုံးဘာသာစကားသို့ နှုတ်ဖြင့်ပြန်ဆိုစေပြီး အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် ပြောရန် သင်တန်းသားများအား ပြောပါ။

– ထို့ပြင် ပေးလိုက်သောအဖြေ၏အဓိပ္ပာယ်ကို နားလည်ရန်လိုအပ်သည်။ အကယ်၍ အဖြေက မရှင်းပါက သို့မဟုတ် အဓိပ္ပာယ်မရှိဟုထင်ရပါက ပြန်လည်ရှင်းပြပေးပါရန် ဖြေဆိုသူအား အင်တာဗျူးသူက မေးရမည်။

– အများအားဖြင့် ဖြေဆိုသူသည် သင်မေးနေသည့် အမူအကျင့်အကြောင်းကို စဉ်းစားထားခြင်း မရှိကြချေ။ ထို့ကြောင့် ဖြေဆိုသူကို အချိန်ပေးရန် အရေးကြီးပါသည်။ စစ်တမ်းမေးခွန်းများ၏ရှေ့တွင် ဖော်ပြပါ စကားရပ်မျိုးကို ရှေ့ပြေးအနေဖြင့် ပြောပြ၍ရပါသည် - "အခုမေးမယ့်မေးခွန်းတွေအကြောင်း သိပ်မစဉ်းစားထားဘူးဆိုတာ ကျွန်တော်/မ နားလည်ပါတယ်။ အဲ့တော့ အချိန်ယူစဉ်းစားပြီးမှ ပြည့်ပြည့်စုံစုံ ဖြေပေးစေချင်ပါတယ်။"

– မေးခွန်းလွှာမှ နောက်ဆက်တွဲမေးခွန်းများအတွက် အဖြေများကိုလည်း နားစွင့်ထားရန် အရေးကြီးပါသည်။ စာရေးရာတွင်လည်း မြန်ဆန်မှုနှင့်ရှင်းလင်းမှုရှိရန် လိုအပ်ပါသည်။

– Barrier Analysis မှ အဆုံးဖွင့်မေးခွန်းများအတွက် စူးစမ်းမေးမြန်းနိုင်စွမ်းက အခရာကျသည့် စွမ်းရည်တစ်ခုဖြစ်ပါသည်။ အကယ်၍ မေးခွန်းများအတွက် ကွဲပြားသော အဖြေ ၁-၂ ခုသာဖြေကြားပါက စစ်တမ်းမှ များစွာအသုံးဝင်သောအချက်အလက်များရရှိမည်မဟုတ်ပါ။

  **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၃ - စူးစမ်းမေးမြန်းနည်းလေ့ကျင့်ခန်း** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ စားပွဲတူသူများအတူတွဲ၍ ညွှန်ကြားချက်များနှင့်အညီ စူးစမ်းမေးမြန်းနည်းကို လက်တွေ့လေ့ကျင့်ရမည်။ အချိန် ၁၅-၂၀ မိနစ်မျှကြာပြီးနောက် သင်တန်းပို့ချသူက ပေးသောအဖြေတစ်ခုကို တစ်လှည့်စီ ဆက်လက်စူးစမ်းမေးမြန်းရန် သင်တန်းသားများအားပြောပါ။ လိုအပ်ပါက အမှားများကို ပြင်ပေးပါ။

3. အင်တာဗျူးမေးခွန်းများကို ရှင်းပြခြင်း

3a. သင်တန်းသားများအား ပြောပါ - ဖြေဆိုသူများသည် မတူညီသောမေးခွန်းများကို တစ်ပုံစံတည်းဖြေဆိုလေ့ရှိသည်ကို မကြာခဏတွေ့ရသည်။ အခါအားလျော်စွာ မေးခွန်းနှစ်ခုကြားကွာခြားချက်များကို ရှင်းပြရန်လိုအပ်နိုင်ပါသည်။ သို့မဟုတ် မေးခွန်းတစ်ခုအတွက် ဖြေကြားချက်ကို အခြားမေးခွန်းအတွက် ပေးထားသော နေရာလွတ်တွင်ရေးရသည်လည်းရှိနိုင်ပါသည်။
**သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၄ - အဖြေနှင့် Determinants ချိတ်ဆက်ခြင်း** ကိုပြသ၍ အဖြေ ၃ ခုသည် မည်သည့် determinant များကို အနီးစပ်ဆုံး ထင်ဟပ်သည်ကို မေးပါ။ အဖြေများတွင် မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ၊ လက်လှမ်းမီမှုနှင့်လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ ပါဝင်နိုင်သည်။

3b. နားလည်မှုလွဲမှားခြင်းရှိပါက မေးခွန်းတစ်ခုအတွက်ပြောလာသည့် အဖြေကို အခြားမေးခွန်းတစ်ခု၏ နေရာလွတ်တွင် ရေးသားနိုင်ပါသည်။ ယင်းသို့ရေးသားရပါက သက်ဆိုင်ရာမေးခွန်းသို့ရောက်သည့်အခါ

ဖြေဆိုသူကို ပြန်လည်အသိပေးပြောပြ၍ မူလဖြေဆိုချက်ကို အသုံးပြုခွင့်တောင်းခံရမည်။ ယင်းသို့ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းများမေးလာပါက ဖြေကြားပေးပါ။

3c. "မည်သည့်ဆိုးကျိုးများရှိသနည်း" နှင့် "...လုပ်ဖို့ ဘာကြောင့် ခက်ခဲတာလဲ" ဟူသည့် မေးခွန်းနှစ်ခုအကြား နားလည်မှုလွဲမှားမှု မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း ရှင်းပြပါ။ **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၅ - "ဆိုးကျိုး" နှင့် "ခက်ခဲမှု" အကြား ကွဲပြားချက်** ကိုကြည့်၍ အကြောင်းအရာကို ဆွေးနွေးရန် သင်တန်းသားများအား ပြောပါ။ တာဝန်ပေးထားသည့် အမူအကျင့်နှင့်ဆက်စပ်သည့် နမူနာအချို့ပြောပြရန် သင်တန်းသားများအား ပြောပါ။

4. အင်တာဗျူးသဏ္ဍာန်တူလေ့ကျင့်ခြင်း[၂၀]

4a. Barrier Analysis အင်တာဗျူးတစ်ခုပြုလုပ်သင့်သည့်ပုံစံကို သင်နှင့်အခြားသူတစ်ဦးက ပြုလုပ်ပြမည်ဖြစ်ကြောင်း ရှင်းပြပါ။ စောင့်ကြည့်လေ့လာနေသည့်အချိန်တွင် သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁ မှ ဆောင်ရန်နှင့်ရှောင်ရန်များကို ထည့်သွင်းစဉ်းစားရန် သင်တန်းသားများအား ပြောပါ။

– **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၆ - သရုပ်ဖော်လေ့ကျင့်ခန်းလေ့လာနည်း လမ်းညွှန်** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ သဏ္ဍာန်သရုပ်ဖော်လေ့ကျင့်ခန်းကို ကြည့်ရှုလေ့လာပြီးနောက် မေးခွန်းများကို ဖြေဆိုရန် အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောပါ။

– လူတိုင်းမြင်နိုင်သည့်အခန်းရှေ့တွင်ထိုင်၍ ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးပြုလုပ်ပုံကို **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၇ - သရုပ်ဖော်လေ့ကျင့်ခန်း ဇာတ်ညွှန်း - ကျင့်သုံးသူ/မကျင့်သုံးသူ အင်တာဗျူးတစ်ခုပြုလုပ်နည်း** ပါ ဇာတ်ညွှန်းအတိုင်း သင်တန်းပို့ချသူနှင့်သင်တန်းသားတစ်ဦးတို့က သရုပ်ဖော်ရမည်ဖြစ်သည်။

– သရုပ်ဖော်လေ့ကျင့်ခန်းပြီးပါက **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၈ - အကဲဖြတ်ရန် ဖြည့်စွက်ပြီး Barrier Analysis စစ်တမ်းမေးခွန်းလွှာ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ မေးခွန်းတစ်ခုအတွက် အဖြေကို ပိုမိုဆီလျော်သော အခြားမေးခွန်းတစ်ခုတွင် မှတ်သားထားသည့်အခြေအနေမျိုးကို ထောက်ပြပါ။ မေးခွန်းအမှတ်စဉ် ၉ အတွက် မည်သည့်အဖြေများက ပိုမိုအသုံးဝင်နိုင်သနည်းဟု မေးပါ။ ယင်းမေးခွန်းအတွက် ပိုမိုအသုံးဝင်မည့်အဖြေများအား မည်ကဲ့သို့ရရှိနိုင်ရန် အင်တာဗျူးသူအနေဖြင့် မည်ကဲ့သို့ပြုလုပ်ခဲ့သင့်သနည်း။

– အင်တာဗျူးနှင့်မေးခွန်းလွှာဖြည့်စွက်မှုနှစ်ခုစလုံး၏ အားသာချက်နှင့်အားနည်းချက်များအပေါ် ၎င်းတို့၏ ထင်မြင်ချက်များပေးရန် သင်တန်းသားများအား ပြောပါ။

5. ကျင့်သုံးသူနှင့်မကျင့်သုံးသူများကို တိကျစွာအမျိုးအစားခွဲခြားခြင်း

5a. အင်တာဗျူးစွမ်းရည်ကို မရှိမဖြစ်လိုအပ်သော်လည်း အဓိပ္ပာယ်ပြည့်ဝသော အင်တာဗျူးဖြစ်ရေးရန် ဖြေဆိုသူကို ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ (သို့မဟုတ် အင်တာဗျူး လုံးဝ လုပ်ရန်မလိုအပ်သူ) ဟု တိကျစွာ ခွဲခြားသတ်မှတ်နိုင်ရန် လိုအပ်သည်။

5b. သင်တန်းသားများအား မေးရန် - မေးခွန်းလွှာ၏မည်သည့်အပိုင်းဖြင့် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ ဟု သတ်မှတ်နိုင်သနည်း။ ဖြစ်သင့်သော အဖြေ - အပိုင်း ၈၊ ဆန်းစစ်ရန်မေးခွန်းများနှင့်ကျင့်သုံးသူ/မကျင့်သုံးသူ အမျိုးအစားခွဲခြားသည့်ဇယား

5c. သင်တန်းသားများအား ပြောရန် - အမျိုးအစားခွဲရာတွင် ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်ခန်းတစ်ခုကို ယခု ပြုလုပ်ပါမည်။

- **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၉ - ကျင့်သုံးသူနှင့်မကျင့်သုံးသူများအား ခွဲခြားနည်း လက်တွေ့လေ့ကျင့်ခန်း** ကိုဝေပေးပါ။
- ဖြေဆိုသူတစ်ဦးချင်း (၁-၈) အတွက် ပေးထားသော အဖြေများကိုအသုံးပြု၍ ၎င်းတို့သည် ကျင့်သုံးသူ၊ မကျင့်သုံးသူ သို့မဟုတ် အင်တာဗျူးရန်မလိုအပ်သူဟူ၍ သင်တန်းသားတစ်ဦးချင်းက ခွဲခြားပေးရမည် ဖြစ်ကြောင်း ပြောပါ။
- အားလုံးပြီးစီးသွားပါက အဖြေများကို အတူတကွ ပြန်လည်သုံးသပ်ပါ။ သင်တန်းသားများအား မေးရန် - အင်တာဗျူးသူအနေဖြင့် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရမည့်အပိုင်းများကို ဖော်ပြပါ။ (ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် ခွဲခြားသတ်မှတ်နိုင်သည်နှင့် မေးခွန်းများမေးမြန်းခြင်းကို ရပ်တန့်ပြီး ဖြစ်ရမည်)။ ဖြေကြားသူကို အမျိုးအစားခွဲပြီးသည်နှင့် အမျိုးအစားခွဲသည့်ဇယားမှ ကွက်လပ်တွင် အမှန်ခြစ်ခြစ်၍ အပိုင်း ခ သို့ ဆက်သွားရန် သင်တန်းသားများအား သတိပေးပါ။
- အမျိုးအစားခွဲခြားပြီးပါက **နောက်ဆက်တွဲ ၁၀** တွင် အဖြေများကို ကြည့်ရန်ပြောပါ။

6. အားလုံးစုစည်းခြင်း

6a. ထိရောက်သောအင်တာဗျူးသူတစ်ယောက်ဖြစ်ရန် တစ်ခုတည်းသောနည်းလမ်းမှန်သည် လေ့ကျင့်ခြင်း ဖြစ်ကြောင်း သင်တန်းသားများအား ပြောပါ။ ထို့ကြောင့် လေ့ကျင့်မှုကို ပြုလုပ်ကြရမည်ဖြစ်သည်။

6b. ခဲတံနှင့်ခဲဖျက်မရှိသည့် သင်တန်းသားများအား ဝေပေးပါ။

6c. **သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးများ၏တိုးတက်မှုအတွက် စစ်ဆေးရမည့်အချက်များ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ ယင်းစိစစ်ရန်အချက်များသည် အင်တာဗျူးတစ်ခု၏အရည်အသွေးကို အကဲဖြတ်ရာတွင် အထောက်အကူပြုကြောင်း ရှင်းပြပါ။ ယင်းအချက်များကို သင်တန်းသားများနှင့်အတူ ပြန်လည်လေ့လာ၍ မေးခွန်းများမေးလာပါက ဖြေကြားပေးပါ။

6d. အင်တာဗျူးကို မည်မျှကောင်းမွန်စွာပြုလုပ်ခဲ့သည်ကို ဆုံးဖြတ်ရန် အင်တာဗျူးလေ့ကျင့်ခန်းပြုလုပ်ချိန်တွင် သင်တန်းသားများသည် အရည်အသွေးတိုးတက်မှုစိစစ်ရန် အချက်များ (QIVC) ကိုကြည့်ရမည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပါ။ အင်တာဗျူးပြီးပါက မှတ်သားမှုများကို မည်မျှကောင်းမွန်စွာဖြည့်စွက်ခဲ့သည်ကိုစစ်ဆေးရန် မေးခွန်းလွှာတစ်ခုလုံးကို လေ့လာသူက ပြန်လည်စိစစ်ရမည်။

6e. သင်တန်းသားများကို သုံးယောက်တစ်ဖွဲ့ခွဲပေးပါ။ သင်တန်းသားတိုင်းကို Barrier Analysis မေးခွန်းလွှာ တစ်စုံစီပေးပါ။ အကယ်၍ သင်တန်းသည် Barrier Analysis Study တစ်ခုပြုလုပ်ရန်အတွက် ပြင်ဆင်မှုဖြစ်ပါက ကွင်းဆင်းအသုံးပြုမည့် မေးခွန်းလွှာ(များ)ဖြင့် သင်တန်းသားများက လက်တွေ့ လေ့ကျင့်သင့်သည်။ မေးခွန်းလွှာကို ဒေသသုံးဘာသာစကားသို့ ပြန်ဆိုပြီးဖြစ်သင့်သည်။

6f. သုံးယောက်အဖွဲ့များမှ အဖွဲ့ဝင်အသီးသီးသည် အဖွဲ့တွင်းမှ အခြားသူတစ်ဦးကို အင်တာဗျူးသင့်သည်။ ယင်းသို့ပြုလုပ်နေစဉ်တွင် တတိယမြောက်အဖွဲ့သားက ဘေးကကြည့်၍ QIVC ကို ဖြည့်စွက်ရမည်။ ဤနည်းအားဖြင့် အဖွဲ့သားတိုင်းသည် အင်တာဗျူးသူအဖြစ်လည်းကောင်း၊ လေ့လာသူအဖြစ် လည်းကောင်း၊ ဖြေဆိုသူအဖြစ်လည်းကောင်း အလှည့်ကျပြုလုပ်ခွင့်ရရှိမည်ဖြစ်သည်။ ဖြေဆိုသူ၏ အဖြေများကို ပြန်လည်စစ်ဆေးနိုင်ရန် အင်တာဗျူးသူက မေးခွန်းလွှာတွင် ချရေးရမည်ဖြစ်ကြောင်း သတိပေးပါ။ ဖြေဆိုသူနေရာမှပါဝင်ရသူများသည် အခက်အခဲများဖန်တီးပေးသည့်အနေဖြင့် အဖြေများကို ပြောင်းလဲ၍ ဖြေသင့်သည်။ ဖြေဆိုသူနေရာမှ သရုပ်ဆောင်သူသည် လက်ထဲတွင် မေးခွန်းလွှာကို ကိုင်ထားရန်မလိုဘဲ ဖြေဆိုသူတစ်ဦးက ပုံမှန်ဖြေလေ့ရှိသည့်အတိုင်း ဖြေဆိုရမည်။

6g. သရုပ်ဖော်မှုတစ်ခုပြီးတိုင်း ဖြည့်စွက်ပြီးမေးခွန်းလွှာကို အဖွဲ့ငယ်က ပြန်လည်ကြည့်ရှုခြင်း၊ ဖြည့်စွက်ပြီး QIVC ကို ပြန်လည်ကြည့်ရှုခြင်း၊ QIVC အား ပြန်လည်ရှင်းပြရန်နည်းစနစ်နှင့်အညီ မည်သည့်အပိုင်းတွင် ကောင်းခဲ့၍ မည်သည့်အပိုင်းတွင် ပိုမိုတိုးတက်မှုလိုအပ်သည်တို့ကို ဆွေးနွေးခြင်းတို့ပြုလုပ်ရမည်။ အင်တာဗျူးပြီးမှသာ ဆွေးနွေးမှုကို ပြုလုပ်သင့်သည်။ အင်တာဗျူးနေစဉ် မပြုလုပ်သင့်ပါ။

6h. သုံးယောက်အဖွဲ့များဖြင့် လေ့ကျင့်ပြီးသည်နှင့် သင်တန်းသားအားလုံးရှေ့တွင် အင်တာဗျူးခြင်းကို သရုပ်ပြရန် နှစ်ယောက်တွဲအဖွဲ့ ၂-၃ တွဲကို ရွေးပါ။

6i. လေ့လာမိသော အားသာချက်နှင့်အားနည်းချက်များ၊ ဤလေ့ကျင့်ခန်းမှ ရရှိခဲ့သော သင်ခန်းစာအချို့ကို ပြန်လည်ပြောပြရန် သင်တန်းသားအချို့အား ပြောပါ။

7. သင်ခန်းစာအနှစ်ချုပ်

7a. ထိရောက်သော အင်တာဗျူးစွမ်းရည်များဖြစ်သော ဖြေဆိုသူကို တိကျစွာ အမျိုးအစားခွဲခြားနိုင်ခြင်း၊ စူးစမ်းမေးမြန်းမှုကောင်းမွန်ခြင်းနှင့်မေးခွန်းလွှာတွင် ပြည့်စုံစွာဖြည့်စွက်ခြင်းတို့၏အရေးပါပုံကို အလေးအနက်ထားပြောပြ၍ သင်ခန်းစာကို အဆုံးသတ်ပါ။

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁ - ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးပြုလုပ်ရာတွင် ဆောင်ရန်နှင့်ရှောင်ရန်များ

### ဆောင်ရန်

1. ဖြေဆိုသူသည် သင်အင်တာဗျူးလိုသူအမျိုးအစားနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ပါ။
2. မိတ်ဆက်စာညွှန်းအတိုင်း မိမိကိုယ်ကို မိတ်ဆက်ပါ။
3. ဆက်လက်မေးမြန်းရန် ဖြေဆိုသူ၏ သဘောတူညီမှုရယူပါ။
4. အင်တာဗျူးပြုလုပ်ရန် လူအများနှင့်ဝေးရာ တိတ်ဆိတ်သောနေရာတစ်ခုရှာဖွေပါ။
5. ဖြေဆိုသူကို အနီးအနားတွင် ရှိနိုင်သောအခြားသူများအား ကျောပေး၍ နေရာချထားပါ။
6. ဖြေဆိုသူ၏မျက်လုံးနှင့်တစ်တန်းတည်းတွင် ထိုင်နိုင်ရန် ကြိုးစားပါ။
7. ဖြေဆိုသူက အလွယ်တကူဖတ်၍ မရစေရန် မေးခွန်းလွှာကိုကိုင်ထားပါ။
8. ကျင့်သုံးသူ/မကျင့်သုံးသူဇယားအတိုင်း ဖြေဆိုသူကို တိကျစွာ အမျိုးအစားခွဲပါ။
9. ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအတွက် သက်ဆိုင်သည့်မေးခွန်းများမေးရမည်။
10. မေးခွန်းလွှာတွင်ရေးထားသည့်အတိုင်း မေးခွန်းတိုင်းကို အတိအကျ ဖတ်ပြပါ။
11. အသံကိုရှင်းလင်းစွာပြောပါ။
12. ဖြေဆိုသူအား ဖော်ရွေမှု၊ ယဉ်ကျေးမှုရှိစွာဖြင့် လူကိုကြည့်၍ စကားပြောပါ။
13. မရှင်းပါက မေးခွန်းကို အနည်းငယ်ပိုမိုနှေးနှေးပြော၍ မေးပါ။
14. အဖြေကိုနားမလည်ပါက ရှင်းအောင် မေးခွန်းများမေးပါ - ဥပမာ "အဖြေကို ကောင်းကောင်း နားမလည်လိုက်ဘူး။ ဘာကိုဆိုလိုတယ်ဆိုတာ နားလည်းအောင် ပြောပြပေးပါလား။"
15. အလွန်ဂရုပြု၍ နားထောင်ပေးပါ။
16. ဖြေဆိုသူကပြောသည်ဟု သင်နားလည်လိုက်သည့်အရာကို တစ်ဖန်ပြန်ပြောပါ။
17. ရေးထားသောမှတ်စုကို မည်သူမဆိုနားလည်စေရန် အဖြေများကို အလွန်ရှင်းလင်း ပြည့်စုံစွာရေးပါ။
18. နိုင်ငံတကာဘာသာစကားဖြင့် ဖတ်၍လွယ်ကူစွာ ရေးပါ။
19. နောက်လာမည့်မေးခွန်းနှင့် ပိုမိုကိုက်ညီကောင်း ကိုက်ညီနိုင်သဖြင့် လာမည့်မေးခွန်းများကို မှတ်ထားပါ။ ယင်းမေးခွန်းအလှည့်သို့ ရောက်ချိန်တွင် မူလကဖြေခဲ့သောအဖြေနှင့် ကိုက်ညီပါသလားဟု ဖြေဆိုသူအား မေးပါ။
20. အချို့မေးခွန်းများတွင် အဖြေကိုဖတ်ပြရန်လိုအပ်သဖြင့် မေးခွန်းလွှာပါ လမ်းညွှန်ချက်များကို ဂရုပြုလိုက်နာပါ။
21. အဆုံးဖွင့်မေးခွန်းများအတွက် တစ်ကြိမ်ထက်မက ဆက်လက်စူးစမ်းမေးမြန်းပါ။
22. ဖြေဆိုသူမှ ပြည့်စုံစွာဖြေကြားစေရန် ဆန်းသစ်သည့်နည်းလမ်းများကို စဉ်းစားပါ။

### ရှောင်ရန်

1. သတ်မှတ်ချက်နှင့်မကိုက်ညီသူကို အင်တာမဗျူးပါနှင့်။
2. သဘောတူညီမှုမယူဘဲ စစ်တမ်းမေးခွန်းများကို စ မမေးပါနှင့်။
3. အခြားသူများ နားစွန်နားဖျားကြားနိုင်သောနေရာမျိုးဖြစ်သည့် လူရှုပ်သည့်နေရာများတွင် အင်တာမဗျူးပါနှင့်။
4. စစ်တမ်းမေးခွန်းသို့ မဆက်မီ ဖြေဆိုသူကို အမျိုးအစားခွဲရန် မမေ့ပါနှင့်။

5. ဖြေဆိုသူက အစပထမတွင် မေးခွန်းကိုနားမလည်သည့်တိုင် မေးခွန်းကို လိုရာစွဲ၍ရအောင် ပြင်ဆင်၍ မမေးပါနှင့်။
6. ဖြစ်နိုင်ဖွယ်အဖြေနမူနာများ မပေးပါနှင့်။
7. ဖြေဆိုသူထိုင်စဉ် မိမိက မတ်တပ်ရပ်မနေပါနှင့်။
8. မည်သည့်အဖြေမျိုးကိုမှု မိမိ၏စိတ်ခံစားမှုသော်လည်းကောင်း၊ မျက်နှာအမူအရာသော်လည်းကောင်း မပေါ်ပါစေနှင့်။
9. မိမိအတွက် အဓိပ္ပာယ်မရှိသော သို့မဟုတ် မေးခွန်းနှင့်မသက်ဆိုင်သော အဖြေများကို လက်မခံပါနှင့်။
10. မှတ်စုရေးရာတွင် "လက်ရေးတို" သို့မဟုတ် စာတစ်လုံးနှစ်လုံးပါ စကားစုများကို အသုံးမပြုပါနှင့်။
11. ဖြေဆိုသူ၏အမည်ကို မမေး သို့မဟုတ် မှတ်တမ်းမတင်ပါနှင့်။
12. မိမိရေးနေသောအရာကို ဖြေဆိုသူအား ဖတ်ခွင့်မပြုပါနှင့် (ရေးသားထားသောအရာကိုလည်း ပိရိစွာထားပါ)။
13. အလျင်မလိုပါနှင့်။
14. အကြံဉာဏ်မပေးပါနှင့်။

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၂ - ထိရောက်စွာ စူးစမ်းမေးမြန်းနည်း နမူနာများ[၂၁]

### တိုက်ရိုက်မေးခွန်းများ

- ….. လို့ပြောတာ ဘာကိုဆိုလိုတာလဲ။
- အဲ့ဒါက ဘယ်လိုဖြစ်ခဲ့တာလဲ။
- စိတ်ထဲ ဘယ်လိုခံစားရလဲ။
- ပြီးတော့ ဘာတွေဆက်ဖြစ်သလဲ။
- နောက်ထပ် ပြောပြပါဦး။
- ပိုပြီး ပြည့်ပြည့်စုံစုံ ပြောပြလို့ရမလား။
- X ကို ကောင်းကောင်းနားမလည်ပါ။ အဲ့ဒါလေး ရှင်းပြပါလား။
- X ကို ဘယ်လို အဆင်ပြေအောင် လုပ်ခဲ့သလဲ။
- X က သင့်အပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ။
- X ရဲ့ နမူနာတစ်ခုလောက် ပြောပြပါလား။

### သွယ်ဝိုက်စူးစမ်းမေးမြန်းခြင်း

- "အင် ဟင်း"၊ "စိတ်ဝင်စားစရာပဲ" နှင့် "ဟုတ်လား" ကဲ့သို့သော ကြားကျသည့် အသုံးအနှုန်းများ
- ကိုယ်ချင်းစာနာကြောင်းပြသသည့် အသုံးအနှုန်းများ - ဥပမာ "အဲ့ဒါက သင့်အတွက် ခက်ခဲတယ်လို့ ပြောတာကို နားလည်နိုင်ပါတယ်။"
- မှန်ထောင်သည့်နည်း သို့မဟုတ် သင်တန်းသားပြောစကားကို ပြန်လည်ရေရွတ်ခြင်း - ဥပမာ "သင် ပထမဆုံး ကလေးရတော့ အသက် ၁၉ နှစ်ရှိပြီပေါ့။"
- ယဉ်ကျေးမှုအရသင့်လျော်သော ကိုယ်လက်အမူအရာ သို့မဟုတ် ဟန်ပန် - ဥပမာ ကြားသိကြောင်းပြသရန် ခေါင်းညိတ်ပြခြင်း

### စူးစမ်းမေးမြန်းနည်းစနစ်များ

1. "ဘာလဲ" သို့မဟုတ် "ဘာလဲ" ဖြင့်စသော မေးခွန်းများ
2. တိတ်ဆိတ်စွာ စူးစမ်းမေးမြန်းခြင်း

[၂၁] Qualitative Research Methods - အချက်အလက်ကောက်သူလက်စွဲ FHI

- တိတ်ဆိတ်စွာနေ၍ ဖြေဆိုသူက ဆက်ပြောလာသည်အထိ စောင့်ပါ။
- ဖြေဆိုသူ၏အဖြေကို ချရေးနေစဉ် ယင်းသို့တိတ်ဆိတ်သွားလေ့ရှိသည်။

3. သံယောင်လိုက် စူးစမ်းမေးမြန်းပုံ

- ဖြေဆိုသူနောက်ဆုံးပြောခဲ့သောအချက်ကို ပြန်လည်ရွတ်ပြ၍ အဖြေဆက်ပေးရန် ပြောပါ။
- "ဟုတ်ကဲ့။ ကလေးက ဂမ်းပျက်နေတယ်၊ နွမ်းနယ်လာပြီ၊ အစားမစားဘူး။ ပြီးတော့ ဘာဆက်ဖြစ်သလဲ။"

4. အင်ဟင်း ဟုအသံပြု၍ စူးစမ်းမေးမြန်းခြင်း

- လက်ခံသည့်အသံများပြု၍ သင်တန်းသားမှ အဖြေဆက်ပေးလာအောင် ပြုလုပ်ပါ။
- "အင် ဟင်း"၊ "ဟုတ်ကဲ့" နှင့် "ဟုတ်ပ့ါ"

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၃ - စူးစမ်းမေးမြန်းနည်း လေ့ကျင့်ခန်း

သင်တန်းသားဖြစ်သူက အင်တာဗျူးသူနေရာမှလည်းကောင်း၊ သင်တန်းပို့ချသူက ဖြေဆိုသူနေရာမှလည်းကောင်း သရုပ်ဖော်ပါ။ "အင်တာဗျူးသူ"က ပထမဆုံးမေးခွန်းကိုမေး၍ (ဥပမာ - ဘာကြောင့် အဆင်ပြေတာလဲ။) မေးခွန်း 1a၊ 1b၊ 1c စသည်ဖြင့် အောက်မှ အဖြေများထဲမှ တစ်ခုဖြင့် သင်တန်းပို့ချသူ/ဖြေဆိုသူက အဖြေပေးရမည်။ သင်တန်းသား/ အင်တာဗျူးသူသည် ပိုမိုရှင်းလင်းသောအဖြေတစ်ခု သို့မဟုတ် နောက်ထပ်အဖြေသစ်တစ်ခုရရှိရန် စူးစမ်းမေးမြန်းခြင်းကို လက်တွေ့ပြုလုပ်ရမည်။ အမှုအကျင့်ကိုသိခြင်းက အရေးမကြီးပါ။ စူးစမ်းမေးမြန်းသည့်အလေ့အကျင့်ရရှိရန် သင်တန်းသား အားလုံးက နားထောင်ပေးရမည်။

1. ဘာကြောင့် အဆင်ပြေတာလဲ။
    a. ကောင်းကျိုးတွေကိုသိလို့
    b. ကျွန်တော်/မရဲ့ ကလေးအတွက် ကောင်းလို့။
    c. ကျွန်တော့်အတွက် ကောင်းလို့။
    d. မရှုပ်ထွေးလို့။
    e. အကုန်အကျ မများလို့။
    f. မဝေးလို့။
    g. သိလို့။
    h. ဘယ်လိုလုပ်ရမလဲဆိုတာ သိလို့။
2. ဘာကြောင့် ခက်ခဲတာလဲ။
    a. မလုပ်တတ်လို့။
    b. အားမပေးကြလို့။
    c. နားမလည်လို့။
    d. အခက်အခဲမရှိပါဘူး။
    e. အိမ်ပြင်ထွက် အလုပ်လုပ်ရလို့။
    f. လိုအပ်တဲ့ ပစ္စည်းတွေမရနိုင်လို့။
    g. ပိုက်ဆံမရှိလို့။
    h. အကုန်အကျများလွန်းလို့။
    i. ကျွန်မအိမ်အလုပ်တွေမှာ ဝိုင်းကူမယ့်သူမရှိလို့။
    j. နေအိမ်အပြင်မှာ အလုပ်လုပ်ရလို့။
    k. အကူအညီပေးမယ့်သူ မရှိလို့။
3. ကောင်းကျိုးတွေက ဘာတွေလဲ။
    a. ကလေးအတွက် ကောင်းတယ်။
    b. ကလေးတွေ ပိုပြီး ပျော်ရွှင်ကြတယ်။
    c. ကလေးတွေဘဝမှာ ပိုပြီးအောင်မြင်ကြလိမ့်မယ်။
    d. မိသားစု ပျော်ရွှင်တယ်။

    e. ကလေးက ပိုပြီးသန်မာလာမယ်။
    f. ရောဂါတွေကို ရှောင်ကြဉ်နိုင်မယ်။

4. ဆိုးကျိုးတွေက ဘာတွေလဲ။
    a. မရှိပါဘူး။
    b. နာမကျန်းဖြစ်စေတယ်။
    c. ကလေးကို နာမကျန်းဖြစ်စေတယ်။
    d. အဆင်မပြေဘူး။
    e. အချိန်ကြာလွန်းတယ်။
    f. ဈေးလွန်းတယ်။
    g. မိသားစုကို စိတ်အနှောင့်အယှက်ဖြစ်စေလိမ့်မယ်။
    h. အခြားသူများနှင့် ပိုမိုအဆင်ပြေသည်။

5. ဘယ်သူတွေက သဘောကျသလဲ။
    a. လူတိုင်း
    b. တစ်ယောက်မျှ သဘောမကျ
    c. အိမ်နီးချင်းများ
    d. သူငယ်ချင်းများ
    e. မိသားစု
    f. လူအများ
    g. ခေါင်းဆောင်များ

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၄ - အဖြေနှင့် Determinants ချိတ်ဆက်ခြင်း

**နမူနာ** - ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ၄ ကြိမ်ခံယူရန် အဘယ့်ကြောင့် လွယ်ကူသနည်း။

အဖြေ ၁ - ဆေးခန်းတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူနိုင်သည့် နေ့ရက်များကို သိခြင်းကြောင့်

အဖြေ ၂ - သူနာပြုက ကောင်းစွာဆက်ဆံသောကြောင့်

အဖြေ ၃ - ခင်ပွန်းဖြစ်သူက ခွင့်ပြုသောကြောင့်

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၅ - "ဆိုးကျိုး" နှင့် "ခက်ခဲမှု" အကြား ကွဲပြားချက်

### ခက်ခဲမှု

"ဘာကြောင့် ခက်ခဲတာလဲ" - အမူအကျင့်ကိုပြုလုပ်ရာတွင် တစ်စုံတစ်ခုကြောင့် အနှောင့်အယှက်ဖြစ်ပါက သို့မဟုတ် အမူအကျင့်ကိုပြုလုပ်ရသည့် ရည်ရွယ်ချက် (အမူအကျင့်ကို မပြုလုပ်မီ)။

ဥပမာ - ကလေးဆေးခန်းက အလွန်ဝေးသည့်အပြင် သွားလာရေးအတွက် ငွေကုန်ကြေးကျရှိသဖြင့် ကလေးကို ကာကွယ်ဆေးထိုးရန်အတွက် ခေါ်သွားရန် ခက်ခဲပါသည်။ အချိန်လည်း များစွာလိုအပ်ပါသည်။

### ဆိုးကျိုး

"ဆိုးကျိုးများ" - အမူအကျင့်ကိုပြုလုပ်သောကြောင့် ဖြစ်ပွားသောအရာများ (အမူအကျင့်ကို ပြုလုပ်ပြီးနောက်)။

ဥပမာ - ကလေးကို ကာကွယ်ဆေးထိုးပေးပြီးနောက် ကိုယ်ပူချိန်တက်လာပြီး လက်မောင်းတွင် ရောင်ရမ်းလာသည်။ ကလေးက အလွန်ငိုကြွေး အချိန်ပေး၍ ကလေးကို ပြုစုစောင့်ရှောက်ခဲ့ရသည်။

### Flip chart ဖြင့် ရှင်းလင်းခြင်း

| အခက်အခဲများ | | ဆိုးကျိုးများ |
|---|---|---|
| → အမူအကျင့်ကို စတင်ကျင့်သုံးခြင်း**မပြုမီ**၊ အမူအကျင့်ကို စတင်ကြိုးစားကျင့်သုံးနေချိန် နှင့် ရံဖန်ရံခါ အမူအကျင့်ကို ကျင့်သုံးနေချိန် ဖြစ်ပွားလေ့ရှိသောအရာများ | **အမူအကျင့်** | → အမူအကျင့်ကိုကျင့်သုံးသည့်အကျိုးဆက် သို့မဟုတ် ကျင့်သုံးပြီးနောက် သို့မဟုတ် ရံဖန်ရံခါ အမူအကျင့်ကို ကျင့်သုံးနေစဉ် ဖြစ်ပွားလေ့ရှိသောအရာများ |

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၆ - သရုပ်ဖော်လေ့ကျင့်ခန်းလေ့လာနည်း လမ်းညွှန်

လမ်းညွှန်ချက် - သရုပ်ဖော်လေ့ကျင့်ခန်းကို ဂရုပြုစောင့်ကြည့်နားထောင်ပါ။ စောင့်ကြည့်နေစဉ် ဤမေးခွန်းများကို တုံ့ပြန်ရန် ကြိုတင်ပြင်ဆင်ပါ။

1. အင်တာဗျူးသူသည် မထိုင်ခင် မည်သည့်မေးခွန်းကို မေးသနည်း။ ဤမေးခွန်းကို အဘယ့်ကြောင့် ပထမဆုံး မေးသနည်း။
2. မေးခွန်းများစ၍မမေးမီ အင်တာဗျူးသူက မည်သည့်မေးခွန်းကို မေးသနည်း။ (ကလေး၏အသက်မဟုတ်ပါ)
3. အင်တာဗျူးသူနှင့်မိခင်ဖြစ်သူတို့ ထိုင်သည့်အနေအထားအရ မေးခွန်းလွှာကို မိခင်ဘက်က မြင်ရသလား။
4. မေးခွန်းတစ်ခုကို မိခင်က နားလည်မှုလွဲနေသည့်အခါ အင်တာဗျူးသူက မည်သို့ပြုလုပ်ရမည်နည်း။
5. မိခင်ဖြစ်သူက နမူနာပြောပြရန်ပြောလာပါက အင်တာဗျူးသူက မည်သို့ပြုလုပ်ရမည်နည်း။
6. မိခင်ဖြစ်သူက 'ပိုက်ဆံ' ဟုပြောလာသည့်အခါ အင်တာဗျူးသူက မည်သို့ပြုလုပ်ရမည်နည်း။
7. အဆုံးဖွင့်မေးခွန်းများအတွက် မိခင်ထံမှ အဖြေများစွာကြားသိနိုင်ရန် အင်တာဗျူးသူက မည်သို့ပြုလုပ်ရမည်နည်း။
8. မိခင်ဖြစ်သူက "ထင်တာပဲ" ဟု ပြောပါက အင်တာဗျူးသူက မည်သို့ပြန်ပြောရမည်နည်း။
9. မိခင်ဖြစ်သူက "အားလုံးက သဘောကျတယ်" ဟု ပြောပါက မည်သို့ပြန်ပြောရမည်နည်း။
10. ကျေးရွာကျန်းမာရေးဂန်ထမ်း ဟု အင်တာဗျူးသူက အဘယ့်ကြောင့် ထည့်ပြောသနည်း။
11. အင်တာဗျူးသူက မိခင်ဖြစ်သူကို နောက်ဆုံးပြောရမည့်အရာက အဘယ်နည်း။

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၇ - သရုပ်ဖော်လေ့ကျင့်ခန်း ဇာတ်ညွှန်း - ကျင့်သုံးသူ/မကျင့်သုံးသူ အင်တာဗျူးတစ်ခုပြုလုပ်နည်း

**အင်တာဗျူး** - *[အင်တာဗျူးသူက တံခါးကိုခေါက်လိုက်ပြီး အမျိုးသမီးတစ်ဦး ထွက်လာချိန်တွင် အင်တာဗျူးသူက ပြောရန်]* မင်္ဂလာပါ။ ကျွန်တော်/မ နာမည်က ______________________ ပါ။ နေကောင်းလား။ *[ယဉ်ကျေးမှုအရ သင့်တော်သော နှုတ်ခွန်းဆက်စကားများဖြည့်စွက်ပါ]*။ ကာလဝမ်းရောဂါတို့လို ဝမ်းပျက်ဝမ်းလျှောရောဂါတွေ မဖြစ်အောင် မိခင်တွေက ဘာတွေလုပ်လေ့ရှိတယ်ဆိုတာ လေ့လာနေတဲ့အဖွဲ့မှာ ကျွန်တော်/မတို့ ပါဝင်ပါတယ်။ မိခင်တစ်ချို့ကို မေးခွန်းတွေ မေးသွားမှာပါ။ အစ်မရဲ့ အငယ်ဆုံးကလေးအသက် ဘယ်လောက်ရှိပြီလဲ။

**ဖြေဆိုသူ** - ကလေးက ၂ နှစ်ရှိပါပြီ။

**အင်တာဗျူးသူ** - ကျေးဇူးတင်ပါတယ်။ ကျွန်တော်/မတို့က အသက် ၅ နှစ်အောက်ကလေးရှိတဲ့ မိခင်တွေကို မေးမြန်းချင်တာဆိုတော့ မေးခွန်းတွေဆက်ပြီး မေးပါမယ်။ အင်တာဗျူးက ၁၅ မိနစ်လောက်ပဲ ကြာမှာပါ။ အခုဆွေးနွေးပွဲကရရှိတဲ့အချက်အလက်တွေကိုလည်း လျှို့ဝှက်ထားမှာဖြစ်ပြီး ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်တဲ့အတွက်လည်း လက်ဆောင် (သို့) တခြား ဘယ်လိုအကျိုးအမြတ်ကိုမှ လက်ခံရရှိမှာ မဟုတ်သလို ဒီအစီအစဉ်မှာ မပါဝင်လို့လည်း ဘာမှ မဖြစ်ပါဘူး။ အစ်မအနေနဲ့ ဒီအစီအစဉ်မှာ ပါဝင်လိုပါသလား။ ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ အစ်မရဲ့ အမြင်တွေကို ကြားသိချင်ပါတယ်။ စစ်တမ်းမှာ ပါဝင်ချင်ပါသလား။

**ဖြေဆိုသူ** - ပါဝင်ချင်ပါတယ်။

**အင်တာဗျူးသူ** - ကောင်းပါပြီ။ အဲ့ဒါဆို မေးခွန်းတွေမေးပါမယ်။ တစ်ခြားသူတွေနဲ့ ဝေးဝေး တိတ်ဆိတ်တဲ့နေရာသွားရင် ကောင်းမယ်ထင်တယ်။

**ဖြေဆိုသူ** - *[စားပွဲများကို ဆွဲယူလိုက်ရင်း]* ဒီနားမှာကော။

**အင်တာဗျူးသူ** - *[အင်တာဗျူးသူက ဖြေဆိုသူနှင့်မျက်နှာချင်းဆိုင်အနေအထားဖြစ်စေရန် ထိုင်ခုံများကို ရွှေ့လိုက်သည်]* ရပါပြီ။ ကျေးဇူးပါ။ *[ပြုံးလျှက်]* ဟုတ်ကဲ့ပါ ကျွန်တော်/မတို့စလိုက်ကြရအောင်။ မနေ့က သင့်လက်တွေကို ဆေးခဲ့သလား

**ဖြေဆိုသူ** - ဆေးခဲ့ပါတယ်။

**အင်တာဗျူးသူ** - မနေ့က လက်တွေကို ဘယ်နှစ်ကြိမ်ဆေးဖြစ်ခဲ့သလဲ။

**ဖြေဆိုသူ** - အင်း.... စဉ်းစားလိုက်ဦးမယ်။ *[တစ်ဦးတည်း ရေရွတ်လျှက် လက်ချောင်းများဖြင့် ရေတွက်နေသည်] သုံးကြိမ် ထင်တယ်။*

**အင်တာဗျူးသူ** - မနေ့ကအကြောင်းပြန်တွေးကြည့်ပါဦး။ နေ့ဘက် ဘယ်အခါ/ဘယ်အချိန်တွေမှာ လက်ဆေးခဲ့တာလဲ။

**ဖြေဆိုသူ** - မနက်ခင်းနဲ့နေ့လယ်ခင်း

**အင်တာဗျူးသူ** - ပြောချင်တာက အဲ့အချိန်တွေမှာ ဘာလုပ်နေလို့ လက်ဆေးဖြစ်တာလဲ။

**ဖြေဆိုသူ** - အာ.. ဟုတ်ကဲ့။ မနက်ခင်း တောထိုင်ပြီးပြန်လာတော့ လက်တွေဆေးတယ်။ ပြီးတော့ နေ့လယ်စာ မစားခင် တစ်ခါထပ်ဆေးတယ်။ နေ့လယ်ဘက် ကလေးကိုသန့်ရှင်းရေးလုပ်ပြီးတော့ တစ်ခါဆေးတယ်။ အဲဒါဆို ငါးကြိမ် ဖြစ်သွားတာပေါ့နော်။

**အင်တာဗျူးသူ** - ကျွန်တော်/မ ရေထားတာလည်း အဲ့လောက်ပဲ။ ဒီတစ်ခါမေးချင်တာက မနေ့က အဲ့လိုလက်ဆေးတော့ ရေအပြင် တခြားတစ်ခုခု သုံးသေးလား။

**ဖြေဆိုသူ** - *[နားမလည်သလိုဖြစ်သွားလျှက်]* ဘာကိုဆိုလိုတာလဲ။ နမူနာတစ်ခုလောက် ပြောပြပါလား။

အင်တာဗျူးသူ - မေးခွန်းကို တစ်ခါလောက်ထပ်ပြောပြမယ်နော်။ မနေ့က အဲ့လိုလက်ဆေးတော့ ရေအပြင် တခြားတစ်ခုခု သုံးသေးလား။

**ဖြေဆိုသူ** - အာ... နားလည်ပြီ။ သုံးတယ်။

**အင်တာဗျူးသူ** - ဘာ သုံးလဲ။

**ဖြေဆိုသူ** - ဆပ်ပြာ

**အင်တာဗျူးသူ** - သုံးတဲ့ဆပ်ပြာကို ကြည့်လို့ရမလား။

**ဖြေဆိုသူ** - ရပါတယ်။ *[ထ၍ ဆပ်ပြာတုံးတစ်တုံးကို ယူလိုက်သည်]*

**အင်တာဗျူးသူ** - *[ဆပ်ပြာကိုကြည့်၍ ဖြေဆိုနေသူသည် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ ဟု အချိန် တစ်မိနစ်ခန့် ယူ၍ ခွဲခြားပြီး အမျိုးအစား ခွဲသည့်ပုံစံတွင် မေးခွန်းလွှာကို မိခင်ကမမြင်တွေ့စေဘဲ မှတ်သားရမည်။]*

ဒီတစ်ခါ လက်ဆေးတာနဲ့ပတ်သက်လို့ အစ်မကြီးရဲ့အမြင်ကို မေးချင်ပါတယ်။ မိခင်တွေ လက်ဆေးရမယ့် အဓိကကျတဲ့အချိန် ၅ ချိန် အကြောင်း ပြောပါမယ်။ အဲ့ဒီအချိန် ၅ ချိန်ဆိုတာကတော့ ဒါတွေကို ဆိုလိုတာပါ [မိခင်များ လက်ဆေးရမည့် အချိန် ၅ ချိန်ကို ရုပ်ပုံများဖြင့် ပြပါ။ ရုပ်ပုံကို မိခင်၏ရှေ့တွင် ထားပါ။] ခုမေးမယ့် မေးခွန်းတွေကို အစ်မအနေနဲ့ အရင်က စဉ်းစားဖူးချင်မှ စဉ်းစားဖူးမှာပါ။ အဲ့ဒီတော့ ဖြည်းဖြည်းချင်း ပြည့်ပြည့်စုံစုံလေး ဖြေပေးပါ။

ဒီလိုအဓိကကျတဲ့အချိန် ၅ ချိန်မှာ နေ့တိုင်း လက်ဆေးရတာ အစ်မအတွက် ဘာကြောင့် လွယ်ကူတာလဲ ပြောပြပါလား။

**ဖြေဆိုသူ** - ရေရှိလို့ပါ။

**အင်တာဗျူးသူ** - တစ်ခြားကော။

**ဖြေဆိုသူ** - ဆပ်ပြာအမြဲရှိရင်ပေါ့။

**အင်တာဗျူးသူ** - အဲ့ဒါဆိုရင် ရေနဲ့ဆပ်ပြာ အလုံအလောက်ရှိလို့ပေါ့။ တစ်ခြားကော။

**ဖြေဆိုသူ** - ပိုက်ဆံလည်းရှိလို့ပေါ့။

**အင်တာဗျူးသူ** - ပိုက်ဆံ ဟုတ်လား။ ပိုရှင်းသွားအောင် ပြောပြလို့ရမလား။

**ဖြေဆိုသူ** - ဥပမာ ရေဂယ်ဖို့ပိုက်ဆံနဲ့ဆပ်ပြာ

**အင်တာဗျူးသူ** - ကျွန်တော်/မ နားလည်ပါပြီ။ ဒီမှာက ရေဂယ်သုံးရတာ ဆိုတာ။ လက်ဆေးဖို့လွယ်ကူစေတဲ့ တခြား အကြောင်းတွေရှိသေးလား။

**ဖြေဆိုသူ** - ဆပ်ပြာကို လွယ်ကူတဲ့နေရာ၊ မြင်နိုင်တဲ့နေရာမှာထားရင် ဆေးဖို့ မမေ့တော့ဘူးပေါ့။

**အင်တာဗျူးသူ** - ကျေးဇူးတင်ပါတယ်။ ဒီတစ်ခါ သိချင်တာက လက်ကို ဆပ်ပြာ သို့မဟုတ် ပြာနဲ့ နေ့တိုင်း ဒီလို အဓိကကျတဲ့အချိန် ၅ ချိန်မှာ ဆေးဖို့ရာ ဘယ်လိုအခက်အခဲတွေရှိသလဲ။

**ဖြေဆိုသူ** - *[ခဏမျှ စဉ်းစားလိုက်သည်]* လက်ကို အဲ့လောက်အကြိမ်ရေများများမဆေးရင်ထက် ရေကိုပိုဂယ်ရမှာ မို့လို့ပါ။ သိတဲ့အတိုင်း ရေဈေးကလည်း မသေးဘူးလေ။

**အင်တာဗျူးသူ** - တခြားကော။

**ဖြေဆိုသူ** - အကယ်၍ ဆပ်ပြာကုန်သွားတယ်ဆိုရင်ပေါ့။

**အင်တာဗျူးသူ** - အဲ့တော့ ရေနဲ့ဆပ်ပြာဂယ်ရလို့ အခက်အခဲရှိတယ်ပေါ့။ တခြားကော ဘာတွေစဉ်းစားလို့ရသေးလဲ။

**ဖြေဆိုသူ** - အိမ်နဲ့ဝေးတဲ့နေရာရောက်နေတဲ့အခါမျိုး။ ဥပမာ ဈေးထဲတို့ဘာတို့ပေါ့။

**အင်တာဗျူးသူ** - အဲ့ဒါလေး နားလည်အောင် ရှင်းပြပေးပါလား။ အိမ်နဲ့ဝေးတဲ့နေရာဆိုတာ သို့မဟုတ် ဈေးထဲရောက် နေတဲ့အခါ လက်ကို ဆပ်ပြာနဲ့ဆေးဖို့ ခက်ခဲတယ်ဆိုတာက ဘာကိုပြောတာလဲ။

**ဖြေဆိုသူ** - လက်ဆေးဖို့နေရာမရှိတာ၊ ဆပ်ပြာမရှိတာ။

**အင်တာဗျူးသူ** - ကျေးဇူးပါ။ နေ့တိုင်း ဒီအဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာ သို့မဟုတ် ပြာနဲ့ဆေးတဲ့ ကောင်းကျိုးတွေက ဘာတွေရှိလဲ ပြောပြပါလား။

**ဖြေဆိုသူ** - [မျက်စိလည်သွားပုံဖြင့်] ဘာပြောတာလဲ။ ကျွန်မ နားမလည်ဘူး။

**အင်တာဗျူးသူ** - ဟုတ်ကဲ့။ နေ့တိုင်း အကြိမ်ပေါင်းများစွာ လက်ဆေးတာ ဘာတွေကောင်းသလဲ။

**ဖြေဆိုသူ** - ကျန်းမာရေးဆရာမကို ယုံရင်တော့ မဖျားမနာဘူးပေါ့။

**အင်တာဗျူးသူ** - "မဖျားမနာဘူးပေါ့" ဆိုတာ ဘာကိုဆိုလိုတာလဲ။ ဘယ်လိုရောဂါမျိုးကို အဓိက ပြောချင်တာလဲ။

**ဖြေဆိုသူ** - ကာလဝမ်းရောဂါရယ် ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်တဲ့ တခြားရောဂါတွေရယ် အအေးမိဖျားနာတာတွေ တောင်ပါတယ်။

**အင်တာဗျူးသူ** - တခြားကောင်းကျိုးတွေကော။

**ဖြေဆိုသူ** - စိတ်ထဲသန့်ရှင်းသွားတာ၊ ကိုယ့်အနံ့အသက်ကောင်းသွားတာ။

**အင်တာဗျူးသူ** - တခြားကော ဘာတွေရှိသေးလဲ။ [ဖြေဆိုသူက ခေါင်းကို ခါရမ်းလိုက်သည်] ဒီတစ်ခါ သိချင်တာက နေ့တိုင်း ဒီအဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာ သို့မဟုတ် ပြာနဲ့ဆေးတဲ့ ဆိုးကျိုးတွေက ဘာတွေရှိလဲ ပြောပြပါလား။

**ဖြေဆိုသူ** - *[စဉ်းစားလျှက်]* စောစောက ပြောခဲ့သလိုပဲ ရေနဲ့ဆပ်ပြာမရှိတာပေါ့။

**အင်တာဗျူးသူ** - ဟုတ်ကဲ့ပါ။ ကျွန်တော်/မ သိချင်တာက နေ့တိုင်း ဆပ်ပြာနဲ့ လက်ဆေးတဲ့အတွက် ဘာတွေ မကောင်းတာရှိသလဲ။ ဘယ်လို ဆိုးကျိုးတွေရှိလဲ။

**ဖြေဆိုသူ** - လက်ဆေးရင်တော့ မကောင်းတာမရှိလောက်ဘူး ထင်ပါတယ်။

**အင်တာဗျူးသူ** - ဟုတ်ကဲ့ပါ။ တစ်ခုမှမရှိဘူးလို့ပဲ မှတ်လိုက်ပါမယ်။ ဒါပေမယ့် ဒီမေးခွန်းကို နည်းနည်းလောက်ထပ်ပြီး စဉ်းစားပေးစေချင်ပါတယ်။ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာနဲ့ဆေးတဲ့အတွက် ဆိုးကျိုးတွေကို တကယ့်ပဲ စဉ်းစားလို့မရတော့ဘူးလား။ [လက်ဆေးခြင်းရုပ်ပုံကို ညွှန်ပြလျှက်]

**ဖြေဆိုသူ** - [ခေတ္တမျှ စဉ်းစားလျှက်] အင်း... ဆပ်ပြာကို အမြဲသုံးမယ်ဆိုရင်တော့ အကုန်အကျများနိုင်တဲ့အပြင် ရေလည်းပိုလိုအပ်မှာဖြစ်ပါတယ်။

**အင်တာဗျူးသူ** - ရေကို ပိုပြီးလိုအပ်လာတော့...

**ဖြေဆိုသူ** - ဟုတ်တယ်။ ငွေပိုကုန်မယ်၊ အချိန်ပိုကုန်မယ်။

**အင်တာဗျူးသူ** - တစ်ခြားဆိုးကျိုးတွေကော။

**ဖြေဆိုသူ** - ပျင်းတယ်လို့ လူတွေက ထင်ချင်ထင်ကြမယ်။

**အင်တာဗျူးသူ** - ဘာလို့ အဲ့လိုထင်ကြမှာလဲ။

**ဖြေဆိုသူ** - အလုပ်မလုပ်တဲ့သူတွေပဲ လက်တွေသန့်ရှင်းနေမှာမို့လို့ပါ။

**အင်တာဗျူးသူ** - ကျေးဇူးပါ။ နေ့တိုင်း လက်ကိုဆပ်ပြာနဲ့ဆေးတာကို ဘယ်သူတွေက သဘောကျသလဲ။

**ဖြေဆိုသူ** - လူတိုင်း သဘောကျတယ်ထင်တာပဲ။

**အင်တာဗျူးသူ** - ဒီထက်ပိုပြီး တိတိကျကျ ပြောပြပေးပါလား။

**ဖြေဆိုသူ** - မိသားစုပေါ့။

**အင်တာဗျူးသူ** - မိသားစုထဲမှာမှ အထူးတလယ် ဘယ်သူရှိဦးမလဲ။

**ဖြေဆိုသူ** - ကျွန်မရဲ့ ကလေးတွေပေါ့။

**အင်တာဗျူးသူ** - တစ်ခြား ရှိသေးလား။

**ဖြေဆိုသူ** - ကျွန်မ ယောက်ျား။ ကျွန်မတို့နဲ့ အတူနေတဲ့ ယောက္ခမကြီးတော့ရှိမယ်။

**အင်တာဗျူးသူ** - ကျေးဇူးပါ။ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာ သို့မဟုတ် ပြာနဲ့ဆေးတာကို သဘောမကျတာ ဘယ်သူတွေရှိလဲ။

**ဖြေဆိုသူ** - [နားရှုပ်သွားဟန်ဖြင့်] သူတို့က ဘာပြောလဲ။

**အင်တာဗျူးသူ** - နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာ သို့မဟုတ် ပြာနဲ့ဆေးတာကို သဘောမကျတာ ဘယ်သူတွေရှိလဲ။

**ဖြေဆိုသူ** - *[ရယ်မောလျှက်]* ဘယ်သူကမှ သဘောမကျဘူးတော့ မရှိပါဘူး။

**အင်တာဗျူးသူ** - ဟုတ်ကဲ့ပါ။ မရှိဘူးပေါ့နော် [အင်တာဗျူးသူက ရေးမှတ်သည်]။ အခုထပ်မေးမယ့်မေးခွန်းက နည်းနည်းတော့ ကြောင်တောင်တောင်နိုင်မယ်။ အရင်က စဉ်းစားကြည့်ဖူးမယ်တော့ မထင်ဘူး။ အဲ့တော့ ခဏလောက် ထပ်ပြီး စဉ်းစားကြည့်ပေးပါဦး။ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ဆေးတာကို သဘောမကျတာ ဘယ်သူတွေ ရှိနိုင်လဲ။

**ဖြေဆိုသူ** - ရေနဲ့ဆပ်ပြာအတွက် အများကြီးအကုန်ခံမယ်ဆိုရင် ကျွန်မယောက်ျားကတော့ ကြိုက်မှာမဟုတ်ဘူး။ [စဉ်းစားလျှက်]... ယောက်ျားဘက်က မိဘတွေက စိတ်ပျက်ကြမယ်ထင်တယ်။

**အင်တာဗျူးသူ** - ကောင်းပါပြီ။ အစ်မရဲ့ ယောက်ျားနဲ့ယောက္ခထီးယောက္ခမတွေပေါ့။ ဒီတစ်ခါမေးချင်တာက လက်ဆေးဖို့ ဆပ်ပြာကိုသုံးရတဲ့အခါတိုင်း ဆပ်ပြာရဖို့ ဘယ်လောက်ခက်ခဲသလဲ ဆိုတာပြောပြပါဦး။ အရမ်းခက်လား၊ နည်းနည်းခက်လား သို့မဟုတ် လုံးဝ မခက်ဘူးလား။

**ဖြေဆိုသူ** - ရေကရဖို့ အရမ်းခက်ခဲတယ်။ တကယ်လို့ ရေလိုအပ်တယ်ဆိုရင် ပြဿနာကကြီးပြီ။

**အင်တာဗျူးသူ** - ကျေးဇူးပါ။ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကိုဆပ်ပြာနဲ့ဆေးဖို့ သတိရဖို့ အစ်မအတွက် ဘယ်လောက်ခက်ခဲသလဲ။ အလွန်ခက်ခဲ၊ အနည်းငယ်ခက်ခဲ သို့မဟုတ် လုံးဝ မခက်ခဲပါ။

**ဖြေဆိုသူ** - အကယ်၍ အချိန် ၅ ချိန်လုံး လက်ဆေးဖို့လိုအပ်တယ်ဆိုရင် အရမ်းခက်ခဲမယ်ထင်ပါတယ်။

**အင်တာဗျူးသူ** - ဒါလေးဖြေပေးပါဦး - လာမယ့် ၄ လအတွင်း အစ်မကလေး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်ခြေ ဘယ်လောက်ရှိမယ်ထင်သလဲ - အလွန်ဖြစ်နိုင်ခြေရှိ၊ ဖြစ်နိုင်ခြေ အနည်းငယ်ရှိ သို့မဟုတ် ဖြစ်နိုင်ခြေ လုံးဝ မရှိ။

**ဖြေဆိုသူ** - ကာလဝမ်းရောဂါဖြစ်တာတွေ အများကြီးရှိတယ်။ ဒါပေမယ့် ကျွန်မတို့က အရမ်းသန့်ရှင်းပါတယ်။ အဲ့တော့ အနည်းငယ်ဖြစ်နိုင်ခြေရှိတယ် ဆိုပါတော့။

**အင်တာဗျူးသူ** - ကျေးဇူးပါ။ တကယ်လို့ အစ်မကလေးမှာ ဂမ်းပျက်ဂမ်းလျှောဖြစ်ခဲ့ရင် အခြေအနေဘယ်လောက် ဆိုးဝါးမယ်ထင်သလဲ။ အလွန် ဆိုးဝါးမယ်၊ အနည်းငယ် ဆိုးဝါးမယ် သို့မဟုတ် လုံးဝ မဆိုးနိုင်ဘူး။

**ဖြေဆိုသူ** - တကယ်လို့ ကာလဂမ်းရောဂါပါ ထည့်ပြောရင်တော့ အရမ်းပဲ ဆိုးဝါးမယ်လို့ပြောရမှာပေ့ါ။ သိတဲ့အတိုင်း ကာလဂမ်းရောဂါဖြစ်ရင် သေမှာလေ။

**အင်တာဗျူးသူ** - ကျေးဇူးတင်ပါတယ်။ *[မေးခွန်းလွှာတွင် မှတ်သားသည်]* တကယ်လို့ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကို ဆပ်ပြာနဲ့ဆေးရင် အစ်မကလေးမှာ ကာလဂမ်းရောဂါရနိုင်ခြေ ဘယ်လောက်ရှိသလဲ။ အလွန် ဖြစ်နိုင်ခြေရှိ၊ အနည်းငယ် ဖြစ်နိုင်ခြေရှိ သို့မဟုတ် ဖြစ်နိုင်ခြေ လုံးဝ မရှိ။

**ဖြေဆိုသူ** - ကျေးရွာကျန်းမာရေးဝန်ထမ်းပြောတာကတော့ လက်ကိုဆပ်ပြာနဲ့ဆေးရင် ကာလဂမ်းရောဂါ မဖြစ်ဘူးတဲ့။

**အင်တာဗျူးသူ** - ကျေးရွာကျန်းမာရေးဝန်ထမ်းကို ယုံလား။

**ဖြေဆိုသူ** - ယုံတာပေ့ါ။

**အင်တာဗျူးသူ** - ဟုတ်ကဲ့ပါ။ ကာလဂမ်းရောဂါလို ဂမ်းပျက်ဂမ်းလျှောရောဂါတွေ ကလေးတွေမှာဖြစ်တာ ဘုရားရှင်ရဲ့ အလိုတော်ကြောင့်လို့ အစ်မထင်သလား။

**ဖြေဆိုသူ** - မသိဘူး။ တစ်ခါတစ်လေလည်း ဟုတ်ချင်ဟုတ်မှာပေ့ါ။

**အင်တာဗျူးသူ** - အစ်မရဲ့ အဖြေနှစ်ခုက မတူဘူးဖြစ်နေတယ်။ "မသိဘူး" လား "ဟုတ်ချင်ဟုတ်မယ်" လား။

**ဖြေဆိုသူ** - ဟုတ်ချင်ဟုတ်မယ်။

**အင်တာဗျူးသူ** - ပြီးခါနီးပါပြီ အစ်မ။ နောက်ဆုံးအနေနဲ့ နေ့တိုင်း အဓိကကျတဲ့အချိန် ၅ ချိန်မှာ လက်ကိုဆပ်ပြာနဲ့ ဆေးတာကို ယဉ်ကျေးမှုထုံးစံအရ မလုပ်သင့်ဘူးဆိုတာမျိုးကော ရှိသလား။

**ဖြေဆိုသူ** - အဲ့လိုတော့ မရှိလောက်ဘူး။ ကြားဖူးသလောက်တော့ မရှိဘူး။

**အင်တာဗျူးသူ** - အင်တာဗျူးကတော့ ဒီလောက်ပါပဲ အစ်မ။ အစ်မရဲ့ အမြင်လေးတွေကို အချိန်ပေးပြီး ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုအင်တာဗျူးတဲ့အကြောင်းကို မနက်ဖြန်အထိ ဘယ်သူ့မှ ပြောမပြဖို့ အစ်မကို တောင်းပန်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

Group: ☒ Doer ☐ Non-Doer

# Barrier Analysis Questionnaire: Hand Washing w/ soap among Mothers of Children 0 – 59 months

**Behavior Statement**
Mothers of children 0 – 59 months wash their hands with soap at the five critical times each day.

**Demographic Data**

Interviewer's Name: Marie Joseph Questionnaire No.: ______ Date 5 / 5 / 12

Community: Banamba

Scripted Introduction:

Hi, my name is__________; and I am part of a study team looking into personal hygiene habits. The study includes a discussion of this issue and will take about 20 minutes. I would like to hear your views on this topic. You are not obliged to participate in the study and no services will be withheld if you decide not to. If you decide to talk with me you will not be remunerated or receive any gifts or services. Everything we discuss will be held in strict confidence and will not be shared with anyone else. Would you like to participate in the study? [If not, thank them for their time.]

## Section A. Behavior Screening Questions

1. How old is your youngest child? 14 months ← *write the age in months*
   - ☒ a. 0-59 months
   - ☐ b. >59 months → *End interview and look for another respondent*
   - ☐ c. Don't know→ *End interview and look for another respondent*

2. Yesterday, did you wash your hands?
   - ☒ a. Yes
   - ☐ b. No → *Mark as Non-doer and continue to Section B*
   - ☐ c. Don't remember → *End interview and look for another respondent*

3. I would like you to think about yesterday and tell me how many times you washed your hands yesterday. 5 *(this is just to help with memory)*

4. Yesterday, what are all the moments that you washed your hands? (DO NOT READ THE LIST – Mark all that are mentioned)
   - ☒ a. after defecation
   - ☒ b. after cleaning a child who has defecated
   - ☐ c. before cooking / preparing food
   - ☒ d. before eating

☐ e. before feeding a child
☐ f. Don't know or won't say→ *End interview and look for another respondent*

5. In addition to water, did you use anything else to wash your hands yesterday?
   ☒ a. Yes
   ☐ b. No → *Mark as Non-doer and continue to Section B*
   ☐ c. Don't remember → *End interview and look for another respondent*

6. In addition to water, what else did you use to wash your hands?

   ☒ a. Soap
   ☐ b. Anything else → *Mark as Non-doer and continue to Section B*
   ☐ c. Don't know/refused to answer → *End interview and look for another respondent*

7. May I see the soap that you use?

   ☒ a. Soap available and looks used
   ☐ b. Soap available but does not look used → *Mark as Non-doer and continue to Section B*
   ☐ c. No soap available→ *Mark as Non-doer and continue to Section B*

| **Doer** (all of the following) | **Non Doer** (any one of the following) | **Do not Interview** (any one of the following) |
|---|---|---|
| Question 1 - A | | Question 1 - C |
| Question 2 - A | Question 2 – B | Question 2 - C |
| Question 4 - **A plus** any **two** from B, C, D, E | Question 4 – No A; or A and **only one** other response between B, C, D, E | Question 4 - C |
| Question 5 – A | Question 5 – B | Question 5 - C |
| Question 6 – A | Question 6 - B | Question 6 - C |
| Question 7- A | Question 7- B or C | |

**GROUP:** ☒ **DOER** ☐ **NON-DOER**

**Behavior Explanation:** In the following questions I am going to be talking about hand washing *at five critical times*. By this I mean 1. after defecation, 2. after changing a baby's diaper/nappy 3. before preparing a meal 4. before eating and 5. before feeding a child

**Section B – Research Questions**

| DOERS | NON-DOERS |
|---|---|
| *(Perceived Self-Efficacy)*<br>**1.** What makes it **easy** for you to wash your hands with soap at the five critical times each day? **(Write all responses below. Probe with "What else?")**<br>– enough water<br>– soap | *(Perceived Self-Efficacy)*<br>**1.** What would make it **easy** for you to wash your hands with soap at the five critical times each day? **(Write all responses below. Probe with "What else?")** |

– money to buy water
– " " " soap
– put soap in convenient place

| | |
|---|---|
| *(Perceived Self-efficacy)*<br>**2.** What makes it **difficult** for you to washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")***<br>- having to buy water<br>- No soap<br>- being away from home ⇒ No water or soap | *(Perceived Self-efficacy)*<br>**2.** What would make it **difficult** for you to washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")*** |
| *(Perceived Positive Consequences)*<br>**3.** What are the ***advantages*** of washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")***<br>- avoid sickness<br>- prevent cholera / diarrhea<br>- prevent cold - feel clean<br>- smell good | *(Perceived Positive Consequences)*<br>**3.** What would be the ***advantages*** of washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")*** |
| *(Perceived Negative Consequences)*<br>**4.** What are the ***disadvantages*** of washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")***<br>- expensive<br>- people think you're lazy (clean hands = don't work) | *(Perceived Negative Consequences)*<br>**4.** What would be the ***disadvantages*** of washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "What else?")*** |
| *(Perceived Social Norms)*<br>**5.** Who are the people that ***approve*** of you washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "Who in particular?")***<br>- everybody - husand<br>- family - mother-in-law<br>- children | *(Perceived Social Norms)*<br>**5.** Who are the people that would ***approve*** of you washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "Who in particular?")*** |
| *(Perceived Social Norms)*<br>**6.** Who are the people that ***disapprove*** of you washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "Who else?")***<br>- No one<br>- husband<br>- in-laws | *(Perceived Social Norms)*<br>**6.** Who are the people that would ***disapprove*** of you washing your hands with soap at the five critical times each day? ***(Write all responses below. Probe with "Who else?")*** |

| | |
|---|---|
| *(Perceived Access)*<br>**7.** How difficult is it to get the soap you need to wash your hands at the five critical times each day? Would you say it is very difficult, somewhat difficult or not difficult at all?<br>☐ a. Very difficult<br>☒ b. Somewhat difficult<br>☐ c. Not difficult at all | *(Perceived Access)*<br>**7.** How difficult would it be to get the soap you need to wash your hands at the five critical times each day? Would you say it is very difficult, somewhat difficult or not difficult at all?<br>☐ a. Very difficult<br>☐ b. Somewhat difficult<br>☐ c. Not difficult at all |
| *(Perceived Access)*<br>8. How difficult is it to get the water you need to wash your hands at the five critical times each day? Would you say it is: Very difficult, somewhat difficult or not difficult at all?<br>☐ a. Very difficult<br>☐ b. Somewhat difficult<br>☐ c. Not difficult at all | *(Perceived Access)*<br>8. How difficult would it be to the water you need to wash your hands at the five critical times each day? Would you say it is: Very difficult, somewhat difficult, not difficult at all?<br>☐ a. Very difficult<br>☐ b. Somewhat difficult<br>☐ c. Not difficult at all |
| *(Perceived Cues for Action)*<br>**9.** How difficult is it to remember to wash your hands with soap at the five critical times each day? Very difficult, somewhat difficult, or not difficult at all?<br>☒ a. Very difficult<br>☐ b. Somewhat difficult<br>☐ c. Not difficult at all | *(Perceived Cues for Action)*<br>**9.** How difficult would it be to remember to wash your hands with soap at the five critical times each day? Very difficult, somewhat difficult, or not difficult at all?<br>☐ a. Very difficult<br>☐ b. Somewhat difficult<br>☐ c. Not difficult at all |

*(Perceived Susceptibility / Perceived Risk)*

**10. Doers and Non-doers:** How likely is it that your child will get diarrhea in the coming 3 months? Very likely, somewhat likely, or not likely at all?

☐ a. Very likely
☒ b. Somewhat likely
☐ c. Not likely at all

*(Perceived Severity)*

**11. Doers and Non-doers:** How serious would it be if your child got diarrhea? A very serious problem, somewhat serious problem, or not serious at all?

☒ a. Very serious problem
☐ b. Somewhat serious problem
☐ c. Not serious at all

*(Action Efficacy)*

**12. Doers and Non-doers:** How likely is it that your child will get diarrhea if you wash your hands with soap at the five critical times each day? Very likely, somewhat likely, not very likely?

☐ a. Very likely
☐ b. Somewhat likely
☒ c. Not likely at all

*(Perception of Divine Will)*

**13. Doers and Non-doers:** Do you think that it is God's will that children get diarrhea?

- ☐ a. Yes
- ☒ b. Maybe
- ☐ c. No

*(Culture)*

**14. Doers and Non-doers:** Are there any cultural rules or taboos against washing your hands with soap at the five critical times each day?

- ☐ a. Yes
- ☐ b. Maybe
- ☒ c. No

***THANK THE RESPONDENT FOR HER TIME!***

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၉ - ကျင့်သုံးသူနှင့်မကျင့်သုံးသူများအား ခွဲခြားနည်း လက်တွေ့လေ့ကျင့်ခန်း

### စံထားအမူအကျင့်

အသက် ၂ နှစ်အောက်ကလေးရှိသူ မိခင်များသည် နေ့စဉ် အဓိကကျသောအချိန် ၅ ချိန်တွင် လက်ကိုဆပ်ပြာဖြင့် ဆေးကြသည်။

### ဖြေလျှော့ပြီးအမူအကျင့်

အသက် ၂ နှစ်အောက်ကလေးရှိသူမိခင်များသည် အဓိကကျသောအချိန် ၅ ချိန်အနက် ၃ ကြိမ်နှင့်အထက်တွင် လက်ကို ဆပ်ပြာဖြင့် ဆေးကြသည်။

အပိုင်း က - အမူအကျင့်ဆန်းစစ်သည့် မေးခွန်းများ

၁။ သင့်ရဲ့ အငယ်ဆုံးကလေး အသက်ဘယ်လောက်ရှိပြီလဲ။

- ☐ A. ၂၃ လနှင့်အောက်
- ☐ B. ၂၄ လနှင့်အထက် → *[အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ]*
- ☐ C. မသိဘူး/အဖြေမပေးပါ → *[အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ]*

၂။ မနေ့က လက်ဆေးလား။

- ☐ A. ဆေးတယ်။
- ☐ B. မဆေးဖြစ်ပါ။ → *[မကျင့်သုံးသူဟု မှတ်သား၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ]*
- ☐ C. မသိဘူး/အဖြေမပေးပါ → *[အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ]*

၃။ မနေ့က သင့်လက်ကို ဘယ်နှစ်ကြိမ်ဆေးခဲ့သလဲ။ *[ဤမေးခွန်းသည် မေးခွန်းနံပါတ် ၅ အတွက် အဖြေများကို မိခင်က ပိုမိုတိကျစွာ မှတ်မိစေရန် ဖြစ်သည်]* ____________________

၄။ မနေ့က လက်ကို ဘယ်အချိန်/အခါတွေမှာ ဆေးခဲ့တာလဲ။

- ☐ A. အစားအစာ ပြင်ဆင်ချက်ပြုတ်ခြင်းမပြုမီ။
- ☐ B. အစာမစားမီ။
- ☐ C. ကလေးကို အစာမကျွေးမီ။
- ☐ D. အညစ်အကြေးစွန့်ပြီးချိန်။
- ☐ E. အညစ်အကြေးစွန့်ပြီးသည့်ကလေးကို သန့်စင်ပေးပြီးချိန်။
- ☐ F. မသိပါ/အဖြေမပေးပါ → *[အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ]*

၅။ မနေ့က လက်ဆေးတော့ ရေအပြင် တခြားတစ်ခုခုသုံးပြီး ဆေးခဲ့တာလား။

- ☐ A. ဆေးခဲ့တယ်။
- ☐ B. မဆေးခဲ့ပါ။ → *မကျင့်သုံးသူဟု သတ်မှတ်၍ အပိုင်း ခ သို့ဆက်ပါ။*
- ☐ C. မသိပါ/အဖြေမပေးပါ → *အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ*

၆။ သုံးခဲ့တယ်ဆိုရင် ဘာကိုသုံးခဲ့တာလဲ။

- ☐ A. ဆပ်ပြာ
- ☐ B. ပြာ၊ သဲ၊ အခြားတစ်စုံတစ်ခု → *မကျင့်သုံးသူဟု သတ်မှတ်၍ အပိုင်း ခ သို့ဆက်ပါ။*
- ☐ C. မသိပါ/အဖြေမပေးပါ → *အင်တာဗျူးကိုရပ်တန့်၍ အခြားမိခင်တစ်ဦးကိုရှာဖွေပါ။*

## ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားမှုဇယား

| ကျင့်သုံးသူ DOER (အောက်ပါတို့ အားလုံး) (ALL of the following) | မကျင့်သုံးသူ Non-Doer (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) | အင်တာဗျူးလုပ်ရန် မလိုပါ။ Do Not Interview (အောက်ပါတို့ထဲမှ တစ်ခု) (any ONE of the following) |
|---|---|---|
| မေးခွန်း ၁ = A | | မေးခွန်း ၁ = B သို့မဟုတ် C |
| မေးခွန်း ၂ = A | မေးခွန်း ၂ = B | မေးခွန်း ၂ = C |
| မေးခွန်း ၄ = A, B, C, D, E, ထဲမှ မည်သည့် အဖြေ ၃ ခုမဆို | မေးခွန်း ၄ = A, B, C, D, E, ထဲမှ အဖြေ ၂ ခုနှင့်အောက် | မေးခွန်း ၄ = F |
| မေးခွန်း ၅ = A | မေးခွန်း ၅ = B | မေးခွန်း ၅ = C |
| မေးခွန်း ၆ = A | မေးခွန်း ၆ = B | မေးခွန်း ၆ = C |

### အမျိုးအစားခွဲခြားမှုလေ့ကျင့်ခန်းပြုလုပ်ရန်လမ်းညွှန်

အထက်ပါ ကျင့်သုံးသူ/မကျင့်သုံးသူအမျိုးအစားခွဲခြားမှုဇယားကိုကြည့်၍ ဖြေဆိုသူများကို ကျင့်သုံးသူ၊ မကျင့်သုံးသူ သို့မဟုတ် အင်တာဗျူးရန်မလိုအပ်သူဟူ၍ မှန်ကန်စွာ ခွဲခြားပါ။

| ဖြေဆိုသူ # | အဖြေများ | ဆုံးဖြတ်ချက် |
|---|---|---|
| ဖြေဆိုသူ 1 | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, D, E<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = B | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ။ |

| ဖြေဆိုသူ # | အဖြေများ | ဆုံးဖြတ်ချက် |
| --- | --- | --- |
| ဖြေဆိုသူ ၂ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = B<br>မေးခွန်း ၄ = B, D<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = B | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၃ | မေးခွန်း ၁ = B<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, C, D<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = A | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၄ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, C, E<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = A | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၅ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, D<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = B | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၆ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, C, D<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = C | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၇ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, C, E<br>မေးခွန်း ၅ = B<br>မေးခွန်း ၆ = A | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |
| ဖြေဆိုသူ ၈ | မေးခွန်း ၁ = A<br>မေးခွန်း ၂ = A<br>မေးခွန်း ၄ = B, C, E<br>မေးခွန်း ၅ = A<br>မေးခွန်း ၆ = A | ❑ ကျင့်သုံးသူ<br>❑ မကျင့်သုံးသူ<br>❑ အင်တာဗျူးရန် မလိုအပ်ပါ |

## သင်ခန်းစာ ၁၀ လက်ကမ်းစာရွက် ၁၀ - ကျင့်သုံးသူ/မကျင့်သုံးသူအင်တာဗျူးများ၏တိုးတက်မှုအတွက် စစ်ဆေးရမည့်အချက်များ[၂၂]

လေ့လာသူ - ______________________________

အင်တာဗျူးသူ - ______________________________

**လမ်းညွှန်ချက်** - မေးခွန်းလွှာကို လက်တွင်ကိုင်လျက် အင်တာဗျူးကို လေ့လာ၍ မေးခွန်း ၁-၁၆ ကို ဖြေဆိုပါ။ အင်တာဗျူး ပြီးပါက ဖြည့်စွက်ပြီး မေးခွန်းလွှာကို ပြန်လည်ကြည့်ရှု၍ မေးခွန်း ၁၇-၂၁ (အရောင်တင်ထားသည်) ကိုဖြည့်စွက်ပါ။ အင်တာဗျူးအပေါ် ကျေနပ်အားရမှုရှိမရှိ၊ နောက်တစ်ကြိမ်တွင် ပိုကောင်းအောင် ပြုလုပ်ရမည့်အရာများ၊ မည်သည့်အပိုင်းတွင် အဆင်ချောခဲ့သည်တို့ကို အင်တာဗျူးသူအားမေးပါ။ အကဲဖြတ်ချက်ကို အင်တာဗျူးသူအား ရှင်းပြ၍ ပိုမိုတိုးတက်အောင်လုပ်ဆောင်ရန် နည်းလမ်းများကို ဆွေးနွေးပါ။

[၂၂] ဤလေ့ကျင့်ခန်းကို Food for the Hungry မှရေးဆွဲသည့် QIVC ချဉ်းကပ်ပုံကို အခြေခံထားပါသည်။

| အကဲဖြတ်မေးခွန်း | ဟုတ် | မဟုတ် |
|---|---|---|
| 1. အင်တာဗျူးသူတွင် ဖော်ရွေသောအမူအရာတွေ့ရပါသလား။ | | |
| 2. လွတ်လပ်စွာထိုင်နိုင်မည့်နေရာကို အင်တာဗျူးသူက ရှာဖွေခဲ့ပါသလား။ | | |
| 3. ဖြေဆိုသူကို အခြားသူများအား ကျောပေး၍ထိုင်ရန် အင်တာဗျူးသူက စီစဉ်ပေးခဲ့ပါသလား။ | | |
| 4. အင်တာဗျူးသူသည် မိတ်ဆက်စာညွှန်းကို မှန်ကန်စွာ ဖတ်ပြခဲ့သလား။ | | |
| 5. မေးခွန်းများဆက်မမေးမီ ဖြေဆိုသူ၏ သဘောတူညီချက်ကို အင်တာဗျူးသူက ရယူခဲ့ပါသလား။ | | |
| 6. အင်တာဗျူးသူသည် အမူအကျင့်ဆန်းစစ်သည့်မေးခွန်းအားလုံးကို မှန်ကန်စွာ မေးခဲ့ပါသလား။ | | |
| 7. အင်တာဗျူးသူသည် ဖြေဆိုသူအမျိုးအစား (ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ) အလိုက် မေးခွန်းအမျိုးအစားမှန်ကန်စွာ အသုံးပြုခဲ့ပါသလား။ | | |
| 8. အင်တာဗျူးသူသည် မေးခွန်းများကို မေးခွန်းလွှာတွင်ရေးသားထားသည့်အတိုင်း တစ်သွေမတိမ်း မေးမြန်းခဲ့ပါသလား။ | | |
| 9. အင်တာဗျူးသူသည် လိုအပ်သည့်နေရာများတွင် ရွေးချယ်ရန်အဖြေများဖတ်ပြခြင်းဖြင့် မေးခွန်းလွှာ၏လမ်းညွှန်ချက်များကို အလေးထားလိုက်နာခဲ့ပါသလား။ | | |
| 10. အဆုံးဖွင့်မေးခွန်းများတွင် အင်တာဗျူးသူသည် ဖြေဆိုသူအား အဖြေများများဖြေလာစေရန် အင်တိုက်အားတိုက် တိုက်တွန်းအားပေးပါ။ | | |
| 11. မရှင်းလင်းသေးသည့် အဖြေများကို ရှင်းပြပေးရန် ဖြေဆိုသူအား အင်တာဗျူးသူက ပြောပါသလား။ | | |
| 12. အင်တာဗျူးသူသည် ဖြေဆိုသူ၏အဖြေများကို တုံ့ပြန်မှုတစ်စုံတစ်ရာပေးခြင်းမှ ရှောင်ရှားခဲ့သလား။ | | |
| 13. အင်တာဗျူးသူသည် ဖြေဆိုသူထံမှ အဖြေတစ်စုံတစ်ခုပေးလာစေရန် လမ်းကြောင်းပေးခြင်းမှ ရှောင်ရှားခဲ့သလား။ | | |
| 14. အင်တာဗျူးသူသည် အချိန်ပေး၍ ဖြေဆိုသည့်အတွက် ကျေးဇူးတင်ကြောင်း ဖြေဆိုသူအား ပြောခဲ့ပါသလား။ | | |
| 15. အင်တာဗျူးသူသည် မေးခွန်းများကို မျက်ခြေမပြတ်စေဘဲ အဖြေများကို နေရာမှန်တွင် မှတ်သားပါသလား။ | | |
| 16. အင်တာဗျူးသူသည် လူနှင့်ဆိုင်သောအချက်အလက်အားလုံး (demographic information) မှန်ကန်စွာ ဖြည့်စွက်ခဲ့ပါသလား။ | | |
| 17. အင်တာဗျူးသူသည် မေးခွန်းလွှာ၏အပေါ်ထိပ်တွင် ၎င်း၏အမည်ကို ရေးခဲ့ပါသလား။ | | |

| အကဲဖြတ်မေးခွန်း | ဟုတ် | မဟုတ် |
|---|---|---|
| 18. အင်တာဗျူးသူသည် ဖြေဆိုသူကို ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် မှန်ကန်စွာ အမျိုးအစားခွဲခြားသတ်မှတ်ခဲ့ပါသလား။ | | |
| 19. အင်တာဗျူးသူသည် မေးခွန်းတစ်ခုစီ၏အဖြေများကို နေရာမှန်တွင် ရေးပါသလား။ | | |
| 20. အင်တာဗျူးသူသည် အဖြေများကို ဖတ်ရှုသူတိုင်း အဓိပ္ပာယ်ရှင်းလင်းစွာ နားလည်စေရန် ပြည့်စုံရှင်းလင်းစွာ ရေးပါသလား။ | | |

ဟုတ် အရေအတွက် = __________

မဟုတ် အရေအတွက် = __________

## သင်ခန်းစာ ၁၁ - အဆင့် ၄ - (နမူနာကောက်ယူမှု အပါအဝင်) ကွင်းဆင်းစစ်တမ်းကောက်ယူရန် စီစဉ်ခြင်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- ထောက်ပံ့ပိုင်းပြဿနာရပ်များကို လျစ်လျူရှုမိသဖြင့် ဖြစ်ပွားသော ချွတ်ချော်မှုဖြစ်ရပ်များကို ပြန်လည်ပြောပြခြင်း
- ကျင့်သုံးသူ/မကျင့်သုံးသူ သို့မဟုတ် အတားအဆီးများရှာဖွေဖော်ထုတ်မှုစစ်တမ်းကို အကောင်အထည်ဖော်ခြင်းနှင့်စပ်ဆက်သည့် ထောက်ပံ့ဆိုင်ရာမေးခွန်းများပြုစုရန် ဉာဏ်ဖွင့်ဆွေးနွေးခြင်း
- ပြုစုလိုက်သည့်စာရင်းကို ပေးထားပြီးစာရင်းနှင့် နှိုင်းယှဉ်ဆွေးနွေးခြင်း
- စစ်တမ်းနမူနာရွေးချယ်ခြင်းနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို နားထောင်ခြင်း
- နမူနာအခြေအနေတစ်ရပ်ကိုအခြေခံ၍ ထောက်ပံ့ဆိုင်ရာမေးခွန်းများကို ဆွေးနွေးခြင်းနှင့်ဖြေဆိုခြင်း

### ကြာမြင့်ချိန်

၁ နာရီ

### လိုအပ်သောအရာများ

- သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၁ - BA လုပ်ဆောင်ရာတွင် ဖြေရှင်းရမည့် ထောက်ပံ့ဆိုင်ရာအခက်အခဲများ
- သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၂ - BA ကြီးကြပ်သူက စစ်ဆေးရမည့် အချက်များ
- သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၃ - BA အတွက် နမူနာကောက်ယူမှု ပြုလုပ်ခြင်း -- ထည့်သွင်းစဉ်းစားရမည့် အချက်များ

### အဆင့်များ

1. နိဒါန်း

1a. သင်တန်းသားများအား မေးရန် - Barrier Analysis ၏ မည်သည့်အဆင့်တွင် ရောက်ရှိနေသနည်း။ ဖြစ်သင့်သော သင်တန်းသားများ၏အဖြေ - အဆင့် ၄ ကွင်းဆင်းစစ်တမ်းကောက်ယူရန် စီစဉ်ခြင်း။

1b. သင်တန်းသားများအား မေးရန် - ကျင့်သုံးသူ/မကျင့်သုံးသူ သို့မဟုတ် အတားအဆီးများရှာဖွေဖော်ထုတ်မှု ပြုလုပ်ခြင်းနှင့်ဆက်စပ်၍ "ပြဿနာက အသေးစိတ်တွေမှာ" ဟူသော စကားစု၏ဆိုလိုရင်းကို လက်ရှိအဆင့်တွင် မေးပါက သင်မည်သို့ဖြေမည်နည်း။ ဖြစ်သင့်သော အဖြေများ - အကောင်အထည်ဖော်ရာတွင် အသေးစိတ်များကို လျစ်လျူရှုမိပါက - ထောက်ပံ့ပိုင်းဆိုင်ရာပြဿနာများ - အခြေအနေများ ချွတ်ချော်သွားနိုင်ပါသည်။

1c. အတွေ့အကြုံအတန်အသင့်ရှိသူ မည်သူမဆိုသည် ထောက်ပံ့ဆိုင်ရာချွတ်ချော်မှုများကို ကြုံတွေ့ဖူးမည်ဖြစ်ကြောင်း ရှင်းပြပါ။ တစ်စုံတစ်ခုကို စီစဉ်ဆောင်ရွက်ခဲ့ဖူးသည့်အတွေ့အကြုံများအကြောင်း တစ်မိနစ်ခန့် ပြန်လည်တွေးတော၍

ထောက်ပံ့ဆိုင်ရာပြဿနာရပ်များနှင့်ဆက်စပ်၍ ကိုယ်တိုင်ကြုံတွေ့ဖူးသော သို့မဟုတ် ကြားဖူးသော ချွတ်ချော်မှုများကို ပြန်လည်ပြောပြရန် သင်တန်းသားများအား ပြောပါ။

1d. ဆီလျော်မှုရှိပါက အောက်ပါဖြစ်ရပ်ကို ပြောပြ၍ ဆက်လက်ဆွေးနွေးပါ။

အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခုဆောင်ရွက်ရန် စီစဉ်သည့်အနေဖြင့် သက်ဆိုင်ရာရပ်ရွာရှိ တာဝန်ရှိသူများနှင့်ဆွေးနွေးတိုင်ပင်၍ ပူးပေါင်းဆောင်ရွက်မှုရယူရန် စီမံကိန်းဝန်ထမ်းတစ်ဦးကို ယင်းရပ်ရွာသို့ ကြိုတင်စေလွှတ်ခဲ့ပါသည်။ ဆွေးနွေးမည့်အကြောင်းအရာသည် "ဆေးရုံဆေးခန်းတွင် မီးဖွားခြင်း" ဖြစ်သဖြင့် လွန်ခဲ့သောနှစ်အတွင်း မီးဖွားခဲ့သောမိခင်များအား တွေ့ဆုံလိုကြောင်း ရပ်ရွာတာဝန်ရှိသူများအား ရှေ့ပြေးဝန်ထမ်းကပြောပြခဲ့သည်။ တာဝန်ရှိသူလူကြီးသည် အလွန်ပင် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိပြီး စစ်တမ်းကိုဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့သည်။

အင်တာဗျူးပြီးနောက် ကွင်းဆင်းသည့်အဖွဲ့ ပြန်လာချိန်တွင် အိမ်တွင် မီးဖွားကြသည့် အမျိုးသမီးများဖြစ်ကြသဖြင့် မကျင့်သုံးသူများကိုရှာဖွေရန် ခက်ခဲကြောင်း ၎င်းတို့က ပြန်လည်ပြောပြသည်။ ထိုအကြောင်းကို ရှေ့ပြေးဝန်ထမ်းရှေ့တွင် ပြောနေစဉ် လွန်ခဲ့သောနှစ်အနည်းငယ်က အဆိုပါကျေးရွာတွင် အလွန်အမြင်ကျယ်သော လူကြီးတစ်ဦး ရှိခဲ့ကြောင်း၊ အိမ်တွင်မီးဖွားသည့် မည်သည့်အမျိုးသမီးကိုမဆို ဒဏ်ကြေးတပ်ရိုက်မည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ယင်းဝန်ထမ်းက ပြန်လည်ရှင်းပြသည်။ ထို့ကြောင့် အမျိုးသမီးတိုင်းလိုလိုသည် ဒေသရှိ ကျန်းမာရေးဌာန၌ မီးဖွားခဲ့ကြသည်။

သင်တန်းသားများအား မေးရန် - ထောက်ပံ့ဆိုင်ရာ မည်သည့်ပေါ့လျော့မှုမျိုးဖြစ်ပွားခဲ့သနည်း။ ယင်းပြဿနာမျိုးကို မည်သည့်နည်းဖြင့် ရှောင်ရှားနိုင်သနည်း။

2. ထောက်ပံ့ဆိုင်ရာပြဿနာရပ်များကို ကြိုတင်မှန်းဆခြင်း

2a. သင့်အခြေအနေနှင့်သက်ဆိုင်သော ထောက်ပံ့ဆိုင်ရာပြဿနာရပ်များနိုင်သမျှ များစွာကို ကြိုတင်မှန်းဆရန် အလွန်ပင် အရေးကြီးကြောင်း၊ အခြေအနေဟူသမျှ တစ်ပုံစံတည်း မဖြစ်နိုင်ကြောင်း ရှင်းပြပါ။ အချို့စီမံကိန်းများတွင် ဘာသာစကားကွဲပြားမှု သို့မဟုတ် တိုင်းရင်းသားလူမျိုးကွဲပြားမှုတို့အတွက် ပူပန်စရာမလိုအပ်သော်လည်း အချို့စီမံကိန်းများတွင်မူ ရင်ဆိုင်ကျော်လွှားရမည့် စိမ်ခေါ်မှုအမျိုးမျိုးရှိနိုင်ပါသည်။ ထောက်ပံ့ဆိုင်ရာမေးခွန်းများ စုစည်းနိုင်ခြင်းဖြင့် ယင်းပြဿနာရပ်များကို ကြိုတင်မှန်းဆ၍ ပြင်ဆင်ထားနိုင်မည်ဖြစ်ပြီး မလိုလားသောအရာများကို လျှော့ချနိုင်မည်ဖြစ်သည်။

2b. Barrier Analysis ကို ကွင်းဆင်းဆောင်ရွက်ချိန်အတွက် ထည့်သွင်းစဉ်းစားရန် ထောက်ပံ့ဆိုင်ရာမေးခွန်းအားလုံး စုစည်းရေးသားရန် စားပွဲအလိုက်ရှိ အဖွဲ့ငယ်များအား ပြောပါ။ ထည့်သွင်းစဉ်းစားရမည့် အချက်များနိုင်သမျှများစွာကို အသေးစိတ်ကျနိုင်သမျှကျစွာ ပြုစုရန် သင်တန်းသားများအား နှိုးဆော်ပါ။ ဥပမာ "အထောက်အပံ့များကို ဂယ်ယူ၍ ဖြန့်ဝေပေးပါ" ဟု ပြောရုံမျှဖြင့် မရပ်ပါနှင့်။ လိုအပ်သောအထောက်အပံ့များကို စာရင်းပြုစု၍ မည်သူက၊ မည်သည့်နေရာ နှင့် မည်သည့်အချိန်တို့တွင် ဖြန့်ဝေပေးမည်ကိုပါ ထည့်သွင်းရေးသားပါ။

2c. စာရင်းများကို သင်တန်းသားများရေးသားပြီးသည်နှင့် သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၁ - BA လုပ်ဆောင်ရာတွင် ဖြေရှင်းရမည့် ထောက်ပို့ဆိုင်ရာအခက်အခဲများ ကိုကြည့်ရန်နှင့် အဖွဲ့ငယ်များအား ၎င်းတို့၏စာရင်းနှင့် ပေးထားသောစာရင်းတို့ကို နှိုင်းယှဉ်၍ တူညီသောမေးခွန်းအရေအတွက်၊ လက်ကမ်းစာရွက်တွင်မပါဝင်သော စာရင်းထဲမှ အရေအတွက်တို့ကို ရေတွက်ရန် သင်တန်းသားများအား ပြောပါ။ အဖွဲ့များအား ၎င်းတို့၏ မေးခွန်း "သစ်" များကို ပြန်လည် ပြောပြရန်နှင့် ကားချပ်စာရွက်ပေါ်တွင် ရေးပြရန် ပြောပါ။

2d. အဖွဲ့ငယ်အလိုက် အဖွဲ့သားများ အသိများသည့် အခြေအနေမျိုးတွင် Barrier Analysis ကို ပြုလုပ်သည်ဟုယူဆ၍ အဖွဲ့များအား ထောက်ပို့ဆိုင်ရာမေးခွန်း များနိုင်သမျှ များစွာကို ဆွေးနွေး၍ အဖြေရှာရန် ပြောပါ။ နောက်နေ့တွင် သဏ္ဍာန်တူပြုလုပ်မည့် Barrier Analysis အတွက် မေးခွန်းများကို အဖွဲ့တစ်ဖွဲ့မှဖြေကြားပေးရန် ပြောပါ။

3. အတန်းတွင်း၌ စားပွဲတစ်ခုမှ တစ်ခုသို့ လှည့်လည်၍ အဖြေအချို့ကို ပြောပြရန် အဖွဲ့ငယ်များအား ပြောပါ။ လိုအပ်သလို ဆက်လက်ဆွေးနွေးပါ။ နောက်နေ့ပြုလုပ်မည့်စစ်တမ်းအတွက် အစီအစဉ်ဆွဲနေသောအဖွဲ့၏ အဖြေများကို ဆွေးနွေး၍ အသေးစိတ်အချက်အလက်များကို အားလုံးက ရှင်းလင်းစွာနားလည်အောင် ပြုလုပ်ပါ။

4. ကြီးကြပ်ရေးမှူး၏အခန်းကဏ္ဍ

4a. အချက်အလက်ကောက်ယူသူ/အင်တာဗျူးသူ ၅ ဦးလျှင် ကြီးကြပ်ရေးမှူးတစ်ဦးရှိသင့်ကြောင်း သင်တန်းသားများအား ပြောပါ။ စစ်တမ်းကောက်ယူချိန်တွင် ကြီးကြပ်ရေးမှူးထားရှိသည့် အတွေ့အကြုံရှိပါသလားဟု သင်တန်းသားများအား မေးပါ။

4b. ကြီးကြပ်ရေးမှူး၏တာဝန်နှင့်ဝတ္တရားများကို စဉ်းစားတွေးတောရန် သင်တန်းသားများအား ပြောပါ။

4c. **သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၂ - BA ကြီးကြပ်သူက စစ်ဆေးရမည့်အချက်များ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ ပြန်လည်ဖတ်ရှု၍ အရေးအကြီးဆုံးဟုယူဆသည့် တာဝန် ၃-၄ ခု၏ဘေးတွင် ကြယ်ဖြင့် ပြရန် သင်တန်းသားများအား ပြောပါ။ ၎င်းတို့၏အဖြေများကို ဆွေးနွေးပါ။

5. နမူနာရပ်ရွာများရွေးချယ်ခြင်း

5a. သွားရောက်ရမည့် ရပ်ရွာများရွေးချယ်ခြင်း သို့မဟုတ် စစ်တမ်းကောက်သူများမေးမြန်းရမည့် အင်တာဗျူးရမည့် ဦးတည်အုပ်စုကို ရှာဖွေရန် အကောင်းဆုံးနည်းလမ်းရှာဖွေခြင်း တို့သည်လည်း ဖြေရှင်းရမည့် ထောက်ပို့ဆိုင်ရာ ပြဿနာရပ်များတွင် ပါဝင်သည်။

5b. Formative Research ဖြစ်သည့်အလျောက် လူဦးရေအခြေပြုနမူနာရွေးချယ်မှုများကဲ့သို့ တင်းကျပ်စွာ ပြုလုပ်ရန် မလိုအပ်ကြောင်း ရှင်းပြပါ။ သို့သော်လည်း ထည့်သွင်းစဉ်းစားသင့်သောအချက်အချို့ရှိပါသည်။ **သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၃ - BA အတွက် နမူနာကောက်ယူမှု ပြုလုပ်ခြင်း -- ထည့်သွင်းစဉ်းစားရမည့်အချက်များ** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ လက်ကမ်းစာရွက်ပါအချက်အသီးသီးကို ပြန်လည်ဖတ်ရှု၍ မေးခွန်းများကိုဖြေဆိုပါ။ စစ်တမ်းအတွက် ရပ်ရွာများရွေးချယ်ရာတွင် ယင်းအချက်များကိုမမေ့လျော့ရန်နှင့် သက်ဆိုင်ရာလူထုကို အတိကျဆုံး ကိုယ်စားပြုသည့် ရပ်ရွာများကို ရွေးချယ်ရန် သတိပေးပါ။

5c. ဖြေဆိုသူများရှာဖွေနည်း - နမူနာများကို ကျပန်းနည်းဖြင့်ရှာဖွေရသော အခြားစစ်တမ်းပုံစံများနှင့်မတူသည်မှာ Barrier Analysis တွင် ဦးတည်အုပ်စု/ဖြေဆိုသူများကို အင်တာဗျူးရန် တစ်နေရာတည်း၌စုစည်းစေခြင်း သို့မဟုတ် ကျန်းမာရေး မှတ်တမ်းများကြည့်ရှု၍သော်လည်းကောင်း၊ ကျေးရွာကျန်းမာရေးဝန်ထမ်းများ၏ အကူအညီရယူ၍သော်လည်းကောင်း တွေ့ရန်ခက်ခဲသည့်အုပ်စုများ (ဥပမာ - ကျန်းမာရေးဌာနတွင် မီးဖွားခဲ့သည့် မိခင်များ၊ သားဆက်ခြားနည်းအသုံးပြုသော အမျိုးသမီးများ) ကို ရှာဖွေခြင်း သို့မဟုတ် အင်တာဗျူးခံမည့် ရပ်ရွာသားအချို့ကို လှုံ့ဆော်စည်းရုံးခြင်းတို့ကို အသုံးပြုနိုင်သည်။

သို့သော်လည်း ဖြေဆိုသူများကို အတူတကွ စုဝေးစေပါက အင်တာဗျူးခံပြီးသူများသည် အင်တာဗျူးခံရန် စောင့်ဆိုင်းနေသူများနှင့် စကားပြောဆိုခြင်းမရှိစေရန် "လူစုလူဝေးထိန်းချုပ်" မှုအစီအစဉ်တစ်ရပ် ရှိထားရန်လိုအပ်သည်။

5d. **စိမ်ခေါ်မှုတစ်ခု** - အင်တာဗျူးရမည့်သူများသည် အချက်အလက်များကုဒ်သွင်းခြင်းနှင့်ရေတွက်ခြင်းတို့ပြုလုပ်မည့် နေရာမှ အလွန်ဝေးသည့်နေရာတွင်ရှိပါက အင်တာဗျူးအားလုံးပြီးဆုံးပြီး ၁-၂ ရက်အတွင်း ယင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အင်တာဗျူးသည့်အဖွဲ့များအနေဖြင့် အလွယ်တကူ ပြန်လည်စုဝေးရန်မဖြစ်နိုင်သည့် စိမ်ခေါ်မှု ပေါ်ပေါက်လာတတ်သည်။

- ယင်းအခြေအနေမျိုးတွင် ဖြစ်နိုင်ပါက အချက်အလက်များကို ကုဒ်သွင်းခြင်း၊ ရေတွက်ခြင်း၊ ယင်းကုဒ်များကို အခြားအဖွဲ့များအား မျှဝေခြင်းတို့ကို ပထမဆုံးအဖွဲ့၏ကြီးကြပ်ရေးမှူးကပြုလုပ်ရန် ပြောပါ။
- ယင်းအဖွဲ့များသည် ပထမဆုံးအဖွဲ့၏ကုဒ်များနှင့် ၎င်းတို့၏အဖြေများ လိုက်ဖက်မှုရှိမရှိ ဆန်းစစ်ရန်လိုအပ်သည်။ လိုက်ဖက်မှုရှိပါက ယင်းကုဒ်များကိုပင် အသုံးပြုသင့်သည်။ သို့မှသာ နောက်ဆုံးတွင် အဖြေအားလုံးကို စုစည်း၍ နမူနာတစ်ခုလုံးအတွက် ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်နိုင်မည်ဖြစ်သည်။
- အကယ်၍ ပထမအဖွဲ့၏ကုဒ်များသည် အချို့အဖြေများနှင့် ကြီးမားစွာကွာခြားနေပါက သက်ဆိုင်ရာအဖွဲ့၏ အဖြေများအတွက် ကုဒ်အသစ်များသတ်မှတ်ရမည်။

**သို့သော်လည်း စီမံကိန်းတစ်ခုတွင် တူညီသောအမူအကျင့်များအတွက် မတူညီသော ပြောင်းလဲရေးမဟာဗျူဟာ ၄-၅ ခု ရှိရန် ဖြစ်နိုင်ခြေများစွာ မရှိသည်ကို သတိပြုရမည်။**

6. သင်ခန်းစာအနှစ်ချုပ်

6a. ထောက်ပို့အစီအမံများ၏အရေးပါပုံကို အလေးထားပြောကြား၍ သင်ခန်းစာကို အဆုံးသတ်ပါ။

## သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၁ - BA လုပ်ဆောင်ရာတွင် ဖြေရှင်းရမည့် ထောက်ပံ့ဆိုင်ရာအခက်အခဲများ

1. စစ်တမ်းကို မည်သည့်ရပ်ရွာများတွင် ကောက်ယူမည်နည်း။
2. (အကယ်၍ စစ်တမ်းကောက်ရမည့် အမူအကျင့်တစ်ခုထက်မက ရှိပါက) မည်သည့်အမူအကျင့်များအတွက် မည်သည့်ရပ်ရွာများတွင် စစ်တမ်းကောက်ယူမည်နည်း။
3. (အကယ်၍ စစ်တမ်းကောက်ရမည့် အမူအကျင့်တစ်ခုထက်မက ရှိပါက) အမူအကျင့်များကို မည်သည့်အစဉ်အတိုင်း (ဥပမာ - ပထမနေ့၊ ဒုတိယနေ့၊ တတိယနေ့) စစ်တမ်းကောက်မည်နည်း။ အစဉ်သတ်မှတ်ချက်က အရေးကြီးပါသလား။
4. စတင်ထွက်ခွာမည့်နေရာနှင့် ရပ်ရွာများအကြား မည်မျှဝေးကွာသနည်း (မောင်းနှင်ချိန်)။ ဤနေရာမှ ထိုနေရာသို့ သွားရန် မည်မျှကြာမည်နည်း။
5. မည်သည့်အချိန်တွင် စတင်ထွက်ခွာရန် လိုအပ်သနည်း။
6. မည်သည့်နေရာမှ စတင်ထွက်ခွာမည်နည်း။
7. အင်တာဗျူးသူအားလုံးသည် သက်ဆိုင်ရာမော်တော်ယာဉ်များကို မည်ကဲ့သို့စီးနင်းရမည်နည်း။
8. (ဘက်လိုက်မှုများ ရှောင်ရှားနိုင်ရန်) စစ်တမ်း၏ရည်ရွယ်ချက်အတိအကျကို နားမလည်သည့် ဖြေဆိုသူများ (ကျင့်သုံးသူ နှင့် မကျင့်သုံးသူများ) ကို မည်ကဲ့သို့ရှာဖွေမည်နည်း။
9. အဖွဲ့များအနေဖြင့် မည်သည့်အရာများရှိထားရန် လိုအပ်သနည်း။
10. ယင်းအရာများကို မည်သူက ပေးမည်နည်း။
11. မည်သူက မည်သည့်အဖွဲ့များတွင် ပါဝင်သနည်း။ အဖွဲ့များခွဲသည့်အခါ မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သနည်း။
12. တစ်ဦးချင် အင်တာဗျူးမှာလား၊ နှစ်ယောက်တစ်တွဲ အင်တာဗျူးမှာလား။
13. အကယ်၍ နှစ်ယောက်တစ်တွဲပြုလုပ်ပါက မည်သူနှင့်မည်သူတို့ တွဲ၍ ပြုလုပ်မည်နည်း။
14. အာဏာပိုင်များထံမှ ခွင့်ပြုစာရယူရန် လိုအပ်ပါသလား။
15. ကျေးရွာလူကြီး/အာဏာပိုင်၏ဖုန်းနံပါတ် ကျွန်ုပ်တို့တွင် ရှိပါသလား။
16. အချက်အလက်ကောက်သူနှင့်ကြီးကြပ်သူများ၏ မိုဘိုင်းဖုန်းနံပါတ်များ ကျွန်ုပ်တို့တွင် ရှိပါသလား။
17. အဖွဲ့သားအားလုံးတွင် ဖုန်းဘေလ်အလုံအလောက်ရှိပါသလား။
18. အကယ်၍ အဖွဲ့များသည် ဖုန်းအသုံးပြုနိုင်သောဧရိယာပြင်ပတွင် ရောက်ရှိနေပါက မည်ကဲ့သို့ ဆက်သွယ်မည်နည်း။
19. အင်တာဗျူးမည့်သူဦးရေပေါ် မူတည်၍ ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ဦးတို့ကို အင်တာဗျူးရန် အချိန်မည်မျှ ကြာမြင့်မည်နည်း။
20. အဖွဲ့သားများအတွက် သောက်စရာတစ်စုံတစ်ရာ လိုအပ်ပါသလား။ စားစရာ လိုအပ်ပါသလား။ ဘယ်ကရရှိမည်နည်း။ ဘယ်လောက်ကုန်မည်နည်း။ ဘယ်သူတွေ သောက်/စားကြမည်နည်း။
21. လောင်စာဆီ ဘယ်လောက်လိုအပ်သနည်း။ ဘယ်ကရရှိနိုင်သနည်း။ ဘယ်သူက ရရှိမည်ဖြစ်ပြီး ဘယ်အချိန်တွင် ရရှိမည်နည်း။

22. အင်တာဗျူးသူနှင့်ကြီးကြပ်သူဦးရေပေါ် မူတည်၍ မော်တော်ယာဉ်မည်မျှလိုအပ်သနည်း။
23. ရှိနှင့်ပြီး မော်တော်ယာဉ်အရေအတွက်အရ မော်တော်ယာဉ်တစ်စီးလျှင် လူမည်မျှဆန့်သနည်း။
24. မည်သည့်မော်တော်ယာဉ်များက မည်သည့်ရပ်ရွာများသို့ သွားမည်နည်း။
25. မော်တော်ယာဉ်မောင်းများက မည်သည့်နေရာသွားရမည်ကို သိပါသလား။ မသိပါက မည်သူသိသနည်း။
26. အဖွဲ့တစ်ဖွဲ့လျှင် မေးခွန်းလွှာမည်မျှ လိုအပ်သနည်း။
27. အဖွဲ့များသည် မေးခွန်းလွှာများကို သီးခြားဘာသာစကားများဖြင့် လိုအပ်ပါသလား။
28. အင်တာဗျူးသူတစ်ဦး/နှစ်ယောက်တစ်တွဲလျှင် လူဘယ်နှစ်ဦးကို အင်တာဗျူးမည်နည်း။ ကျင့်သုံးသူ/မကျင့်သုံးသူ ဦးရေမည်မျှကို အင်တာဗျူးမည်နည်း။[၂၃]
29. စစ်တမ်းဆောင်ရွက်ရမည့် အချိန်ဇယား (ရက်ပေါင်း၊ တစ်ရက်လျှင် နာရီပေါင်း) ကို ဘယ်လိုသတ်မှတ်ထားသလဲ။
30. ရပ်ရွာ/သတ်မှတ်နေရာသို့ အားလုံးရောက်ရှိချိန်တွင် မည်သည့်အရာများစတင်ဆောင်ရွက်မည်နည်း။
31. ကြီးကြပ်ရေးမှူးတွေက ဘယ်သူတွေလဲ။ ၎င်းတို့၏ ဂတ္တရားများကို ၎င်းတို့သိရှိပါသလား။
32. ထည့်သွင်းစဉ်းစားရမည့် လုံခြုံရေးရာကိစ္စရပ်များရှိသလား။ ဘာတွေလဲ။ ယင်းကိစ္စရပ်များကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။
33. ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေ အလုံအလောက်ကို အင်တာဗျူးနိုင်ရန် ကြီးကြပ်ရေးမှူးက မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်း။
34. အင်တာဗျူးသူတစ်ဦးချင်းက ဖြည့်စွက်ထားသော မေးခွန်းလွှာအရေအတွက်ကို ကြီးကြပ်ရေးမှူးများက မည်ကဲ့သို့ စောင့်ကြည့်မှတ်သားမည်နည်း။
35. ဖြည့်စွက်ပြီးမေးခွန်းလွှာများ မပျောက်ဆုံးစေရန် မည်သို့ဆောင်ရွက်မည်နည်း။
36. မှားယွင်းဖြည့်စွက်ထားသောမေးခွန်းလွှာများကို ရှုံးချုပ်သို့ပြန်မပို့မီ ပြင်ဆင်ပြီးဖြစ်စေရန် မည်သို့ဆောင်ရွက်မည်နည်း။

[၂၃] ကျင့်သုံးသူနှင့်မကျင့်သုံးသူအရေအတွက်တူ သို့မဟုတ် အရေအတွက်တစ်ခုခုကို တစ်ဦးစီက အင်တာဗျူးပါက အခြေအနေများကို ပိုမိုလွယ်ကူစေမည် ဖြစ်သည်။

# သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၂ - BA ကြီးကြပ်သူက စစ်ဆေးရမည့်အချက်များ

## စတင်မထွက်ခွာမီ

- ☐ ဖုန်းဘေလ်လက်ကျန်အလုံအလောက်နှင့်ဆက်သွယ်ရမည့်သူများ၏ ဖုန်းနံပါတ်များရှိထားရမည် (ဥပမာ - ရွာခံဆက်သွယ်ရမည့်သူ၊ စစ်တမ်းညှိနှိုင်းရေးမှူး၊ ယာဉ်မောင်းများ)
- ☐ ရေ၊ မုန့်၊ ခဲတံ၊ ခဲဖျက်၊ ခဲတံချွန်စက်၊ မိုးကာ စသည်တို့ကို အပိုစုဆောင်းထားပါ။
- ☐ Barrier Analysis ဆောင်ရွက်ရန် သွားရောက်ရမည့်နေရာ (ရွာ/ရပ်ကွက်) ကို သိရှိရမည်။
- ☐ မော်တော်ယာဉ်တွင် လောင်စာဆီအလုံအလောက်ရှိရမည်။
- ☐ မိမိ၏အဖွဲ့သားများနှင့်၎င်းတို့၏ဖုန်းနံပါတ်များကို (ရှိပါက) သိရှိရမည်။
- ☐ ကွင်းဆင်းရာတွင် ယူဆောင်သွားရမည့် Barrier Analysis မေးခွန်းလွှာအရေအတွက်ကို သိရှိရမည်။
- ☐ Barrier Analysis မေးခွန်းလွှာများကို စုဆောင်း၍ လုံခြုံသောသေတ္တာဖြင့် သယ်ဆောင်ရမည် (အလုံပိတ်ပါသော ရေ/ဖုန်လုံသည့် အိတ်)
- ☐ ရွာအခြေစိုက် ဆက်သွယ်ရမည့်သူ၏ မိုဘိုင်းလ်ဖုန်းနံပါတ်ကို ရယူထားပါ။
- ☐ ရွာအခြေစိုက် ဆက်သွယ်ရမည့်သူကို တွေ့ဆုံမည့် အချိန်နှင့်နေရာတို့ကို သိရှိထားရမည်။
- ☐ ယာဉ်မောင်း၊ စစ်တမ်းညှိနှိုင်းရေးမှူးတို့နှင့် ထွက်ခွာမည့်အစီအစဉ် (အချိန်နှင့်နေရာ) တို့ကို ညှိနှိုင်းပါ။
- ☐ မိမိ၏အဖွဲ့အနေဖြင့် အချိန်အတိအကျထွက်ခွာနိုင်ရန် ကြီးကြပ်ပါ။
- ☐ ခရီးလမ်းတစ်လျှောက်နှင့်သွားရောက်သည့်နေရာတို့ရှိ လုံခြုံရေးအခြေအနေကို စစ်ဆေးပါ။
- ☐ စစ်တမ်းညှိနှိုင်းရေးမှူး သို့မဟုတ် ခရီးလမ်းတစ်လျှောက်ရှိ ရွာအခြေစိုက် ဆက်သွယ်ရမည့်သူထံ ရောက်ရှိမည့်အချိန်နှင့်နေရာ သို့မဟုတ် နောက်ကျမည့်အခြေအနေတို့ကို လိုအပ်ပါက ဆက်သွယ်အကြောင်းကြားပါ။

## ကွင်းဆင်းသည့်နေရာသို့ရောက်ရှိချိန်

- ☐ ရွာအခြေစိုက် ဆက်သွယ်ရမည့်သူနှင့်တွေ့ဆုံပါ။
- ☐ လိုအပ်ပါက တာဝန်ရှိသူများအား နှုတ်ခွန်းဆက်၍ စစ်တမ်း၏ရည်ရွယ်ချက်ကို ရှင်းပြပါ။
- ☐ အကယ်၍ ဦးတည်အုပ်စုကို စုဝေးထားပြီးဖြစ်ပါက နှုတ်ခွန်းဆက်စကားပြော၍ လာရောက်သည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။ ဦးတည်အုပ်စုသတ်မှတ်ချက်များနှင့်ကိုက်ညီပါက လူတိုင်းကို အလှည့်ကျ အင်တာဗျူးမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ☐ အင်တာဗျူးသူတစ်ဦးချင်းအနေဖြင့် အင်တာဗျူးပြုလုပ်နိုင်မည့်နေရာအသီးသီးကို ရှာဖွေပါ။
- ☐ အင်တာဗျူးမည့်သူများအား မေးခွန်းလွှာတစ်စုံစီပေး၍ ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေမည်မျှကို အင်တာဗျူးရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ☐ အင်တာဗျူးသူတစ်ဦးလျှင် ဖြေဆိုသူတစ်ဦး (ဦးတည်အုပ်စုဝင်) သတ်မှတ်ပေး၍ အင်တာဗျူးမည့်သူများထံ လမ်းညွှန်ပြသပေးပါ။
- ☐ အင်တာဗျူးများစတင်ပြုလုပ်နေချိန်တွင် ဦးတည်အုပ်စုဝင်များအကြား လှည့်လည်၍ သတ်မှတ်ချက်နှင့် ကိုက်ညီခြင်းရှိမရှိ စစ်ဆေးပါ။ မရှိပါက လာရောက်သည့်အတွက် ကျေးဇူးတင်ကြောင်းပြော၍ ပြန်ခွင့်ပေးပါ။

- ☐ အင်တာဗျူးများပြုလုပ်ရန် အခြားဦးတည်အုပ်စုဝင်များကို အင်တာဗျူးသူအသီးသီးထံသို့ လမ်းညွှန်ပြသပေးပါ။
- ☐ ဖြည့်စွက်ပြီးမေးခွန်းလွှာများစုဆောင်း၍ ပြန်လည်ဆွေးနွေးပါ။ စစ်ဆေးရမည့်အရာများ -
  - အင်တာဗျူးသူ၏အမည်ကို မေးခွန်းလွှာပေါ်တွင် ရှင်းလင်းစွာရေးသားထားရမည်။
  - ဖြေဆိုသူအမျိုးအစားမှန်ကန်ရမည်။
  - မေးခွန်းအားလုံးကို ဖြေဆိုထားရမည်။
  - အဆုံးဖွင့်မေးခွန်းများတွင် အဖြေ ၄-၅ ခုပါဝင်ရမည်။
  - လက်ရေးကို အလွယ်တကူဖတ်နိုင်ရမည်။
  - မေးခွန်းများ၏အဖြေများသည် "အဓိပ္ပာယ်ရှိရမည်"။
- ☐ ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေကို နေရာအလိုက် မျှော်မှန်းအရေအတွက်နှင့် တိုက်ဆိုင်စစ်ဆေးပါ။
- ☐ လိုအပ်ပါက မည်သည့်ဖြေဆိုသူအမျိုးအစား (ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ) ကို ဦးစားပေးရှာဖွေရမည် ဖြစ်ကြောင်း အချက်အလက်ကောက်သူများအား အသိပေးပါ။
- ☐ ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေစုစုပေါင်းကို စောင့်ကြည့်မှတ်သားနိုင်ရန် အချက်အလက်ကောက်ယူသည့် အခြားအဖွဲ့များနှင့် အဆက်အသွယ်မပြတ်ထားရှိပါ။
- ☐ အင်တာဗျူးပြီး ဖြေဆိုသူအရေအတွက်စုစုပေါင်းကို မှတ်တမ်းတင်ပါ။
- ☐ အချိန်ကို စောင့်ကြည့်မှတ်သားပါ။
- ☐ အချက်အလက်ကောက်သူများ သိရှိလိုသည်တို့ကို ဖြေကြားပေးပါ။
- ☐ ပြဿနာများကို ကူညီဖြေရှင်းပေးပါ။
- ☐ အင်တာဗျူးခံယူပြီးသူများသည် အင်တာဗျူးခံယူရန် စောင့်ဆိုင်းနေသူများနှင့် စကားမပြောစေရန် ကြီးကြပ်ပါ။

## ကွင်းဆင်းရာမှ ပြန်လည်မထွက်ခွာမီ

- ☐ မေးခွန်းလွှာများကိုရေတွက်ပါ။ ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေကို ရေတွက်ပါ။ မေးခွန်းလွှာများကို ရေလုံအိတ်များတွင်း လုံးခြုံစွာထည့်ပါ။
- ☐ ကျင့်သုံးသူနှင့်မကျင့်သုံးသူသတ်မှတ်အရေအတွက်ပြည့်မပြည့် စစ်ဆေးပါ။
- ☐ ပူးပေါင်းဆောင်ရွက်မှုအတွက် ဒေသအာဏာပိုင်များအား ကျေးဇူးတင်စကားပြောပါ။
- ☐ ပြန်လည်ရောက်ရှိမည့်အချိန်ကို ခန့်မှန်း၍ ရုံးချုပ်သို့ အကြောင်းကြားထားပါ (နေ့လယ်စာ ပြင်ဆင်ထားနိုင်ရန် ဖြစ်သည်)။

## သင်ခန်းစာ ၁၁ လက်ကမ်းစာရွက် ၃ - BA အတွက် နမူနာကောက်ယူမှု ပြုလုပ်ခြင်း -- ထည့်သွင်းစဉ်းစားရမည့် အချက်များ

1. ကျေးရွာ/ရပ်ကွက်အရွယ်အစား - လူဦးရေအတန်အသင့်မှ အများအပြားရှိသည့် ကျေးရွာ/ရပ်ကွက်မျိုးကို ရွေးချယ်ပါ။
2. တည်နေရာ - လမ်းကြောင်းပေါ်တွင် ရှိနေရန်မလိုအပ်ဘဲ သွားလာရန် အသင့်အတင့်လွယ်ကူသော ကျေးရွာ/ရပ်ကွက်များကို ရွေးချယ်ပါ။
3. အမှုအကျင့်သတ်မှတ်ချက်ကိန်းရှင်များ - အမှုအကျင့်ကို သုံးသပ်၍ ယင်းတွင် ကျန်းမာရေးဌာနအား လက်လှမ်းမီမှုပါဝင်ခြင်းရှိမရှိ ထည့်သွင်းစဉ်းစားပါ။ ကျန်းမာရေးဌာနနှင့်နီးသည့် ရပ်ရွာနှင့်ဝေးသည့်ရပ်ရွာ နှစ်မျိုးစလုံးကို ရွေးချယ်ရမည်။
4. တိုင်းရင်းသားအုပ်စုများ - ကွဲပြားသောတိုင်းရင်းသားအုပ်စုများနှင့်ယင်းအုပ်စုအသီးသီးရှိ ဦးတည်အုပ်စုဝင် ရာခိုင်နှုန်းတို့ကို ထည့်သွင်းစဉ်းစားပါ။ လူဦးရေအရွယ်အစားအလိုက် ကိုယ်စားပြုနမူနာများ သတ်မှတ်ပါ။ အကယ်၍ ၅၀% သည် တိုင်းရင်းသားအုပ်စုတစ်စုဖြစ်ပြီး ၅၀% သည် အခြားတိုင်းရင်းသားအုပ်စုဖြစ်ပါက ယင်းအချိုးအတိုင်း ကိုယ်စားပြုနမူနာများသတ်မှတ်ပါ။
5. ရွာ၏အနေအထား၊ ဦးတည်အုပ်စုနှင့်တွေ့ဆုံရန် အဆင်အပြေဆုံးအချိန်တို့ကို ထည့်သွင်းစဉ်းစားပါ။
6. အင်တာဗျူးမည့်အုပ်စုများကို အုပ်စုခွဲများအဖြစ် ခွဲပေးပါ။ အကယ်၍ သင့်တွင် အင်တာဗျူးမည့်သူ ၁၂ ဦးရှိပါက အင်တာဗျူးမည့်သူ ၃ ဦးစီပါဝင်သော အုပ်စု ၄ အုပ်စုခွဲပေးပြီး အုပ်စုခွဲတိုင်းက မတူညီသော ရွာတစ်ရွာဆီသို့ သွားရောက်ခြင်းဖြင့် မတူညီသော ရပ်ရွာ စုစုပေါင်း ၄ ခုသို့ သွားရောက်ကြရမည်ဖြစ်သည်။ အုပ်စုခွဲတိုင်းတွင် ကြီးကြပ်မည့်သူတစ်ဦး ထားရှိရမည်။
7. ဖြေဆိုမည့်သူများကို ရည်ရွယ်ချက်ထား၍ ရှာဖွေ၍ အချက်အချာကျသောနေရာတွင် လာရောက်တွေ့ဆုံရန် ပြော၍ ရပါသည်။ ဥပမာ - အသက် ၅ နှစ်အောက်ကလေးရှိသည့် မိခင်များ သို့မဟုတ် ကျန်းမာရေးဌာနတွင် မီးဖွားခဲ့သည့် အမျိုးသမီးစာရင်းကို ရရှိနိုင်ပါသည်။ သို့သော်လည်း ယင်းသို့ပြုလုပ်ရာတွင် တစ်စုံတစ်ခုကို သက်သေအဖြစ်ပြသစေသည့်အခါ ပိုမိုခက်ခဲနိုင်ပါသည် (ဥပမာ - ဆပ်ပြာ၊ အိမ်သာ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုကဒ်ပြားရှိမရှိ)။ ယင်းအင်တာဗျူးများကို နေအိမ်များတွင် ပြုလုပ်ရန် လိုအပ်ပါသည်။

# အဆင့် ၅ - စစ်တမ်းကောက်ယူမှုပြုလုပ်ခြင်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် Barrier Analysis မေးခွန်းလွှာများဖြင့် ဖြေဆိုသူများအား အင်တာဗျူးပြုလုပ်ပြီးဖြစ်မည်။

### ကြာမြင့်ချိန်

တိုင်းပြည်တစ်ခုအတွက် ပြုလုပ်သောသင်တန်း - တစ်မနက်ခင်းလုံး ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း

ဒေသတွင်းတိုင်းပြည်များအတွက် ပြုလုပ်သောသင်တန်း - ၁ နာရီစာ သဏ္ဍာန်တူစစ်တမ်း

### လိုအပ်သောအရာများ

- သင်တန်းသားတစ်ဦးလျှင် ကျင့်သုံးသူ/မကျင့်သုံးသူစစ်တမ်း သို့မဟုတ် Barrier Analysis မေးခွန်းလွှာ အလွတ် ၂-၄ စုံ (သို့မဟုတ် စစ်တမ်းအစစ်တစ်ခုပြုလုပ်ပါက အစုံ ၉၀ ကျော်)
- သင်တန်းသားတိုင်းအတွက် ခဲတံ၊ ခဲဖျက်နှင့်ခဲတံချွန်စက်များ
- မေးခွန်းလွှာများသယ်ဆောင်ရန် ကြီးကြပ်သူများအတွက် အိတ်များ
- မိုဘိုင်းလ်ဖုန်းများ၊ အင်တာဗျူးသူများနှင့်ရွာခံအဆက်အသွယ်များထံ ဆက်သွယ်ရန် ဖုန်းနံပါတ်များ

## အဆင့်များ

### သင်တန်းတွင်အသုံးပြုပုံ

အကယ်၍ ဤစစ်တမ်းသည် သဏ္ဍာန်တူလေ့ကျင့်ခန်းတစ်ခုဖြစ်ပါက လက်ဆေးခြင်း၊ သွားတိုက်ခြင်း သို့မဟုတ် သွားကြားထိုးကြိုးသုံးခြင်း (အနောက်တိုင်းသား ဒေသခံများ) ကဲ့သို့သော အထွေထွေအကြောင်းအရာအတွက် သင်တန်းသားတစ်ဦးလျှင် BA မေးခွန်းလွှာ ၂ ခုစီကျစီပေးပါ။ သင်တန်းခန်းမတွင်းနှင့်အနီးနားတစ်ပိုက်တွင် ဖြေဆိုသူ ၂ ဦး ရှာဖွေ၍ အမှန်တကယ်ပြုလုပ်နေသည့်အတိုင်း မေးခွန်းလွှာကို ဖြည့်စွက်ရန် သင်တန်းသားများအား ပြောပါ။ အင်တာဗျူးနှစ်ခုပြီးသည်နှင့် သို့မဟုတ် ပြီးသည်ဖြစ်စေ မပြီးသည်ဖြစ်စေ တစ်နာရီအတွင်း သင်တန်းခန်းမသို့ ပြန်ရမည်။

### အမှန်တကယ်စစ်တမ်းကောက်ယူခြင်း

အကယ်၍ သင်တန်းသည် အမှန်တကယ်ပြုလုပ်နေသော စစ်တမ်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ပြုလုပ်နေခြင်းဖြစ်ပါက လိုအပ်မည့်ပစ္စည်းများအားလုံးနှင့်အတူ တစ်ဦးချင်းအတွက် သတ်မှတ်မေးခွန်းလွှာအရေအတွက်တို့ကို သင်တန်းသားများအား ပေးပါ။ အင်တာဗျူးခြင်းကို နေ့တစ်ဝက်ခန့် ကြိုတင်စီစဉ်ထားပါ (၄-၅ နာရီ)။

## သင်ခန်းစာ ၁၂ အဆင့် ၆ - အချက်အလက်များ ကို ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

### ရလဒ်အခြေပြုရည်မှန်းချက်များ

ဤလေ့ကျင့်ခန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုပြုလုပ်ပြီးဖြစ်မည် -

- ကွင်းဆင်းစစ်တမ်းမှ ရရှိလာသောအချက်အလက်များကို ပြန်လည်လေ့လာ၍ စနစ်တကျစုစည်းခြင်း
- ကွင်းဆင်းချိန်၌ ရရှိခဲ့သောအဖြေများပေါ်အခြေခံ၍ ကုဒ်သတ်မှတ်နည်းလက်စွဲတစ်စု ပြုစုခြင်း
- ၎င်းတို့၏အဖြေများကို အကျဉ်းချုပ်စာရင်းစာရွက်ပေါ်တွင် စုစည်းခြင်း
- Barrier Analysis Tabulation Worksheet (in MS Excel) တွင် အကျဉ်းချုပ်အချက်အလက်များ ရေးသွင်းခြင်း
- Barrier Analysis Tabulation Worksheet ဖြင့် ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား အကြီးမားဆုံးသော ကွာခြားချက်များကို စိတ်ဖြာသုံးသပ်ခြင်း

### ကြာမြင့်ချိန်

၃ နာရီ (အကယ်၍ စစ်တမ်းအပြည့်အစုံကို ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ပြုလုပ်ပါက)

### လိုအပ်သောအရာများ

- သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၁ - ကုဒ်သတ်မှတ်ခြင်း၏အဓိပ္ပာယ်
- သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၁ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၁
- သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၂ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၂
- သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၂ - ကုဒ်သတ်မှတ်နည်းလမ်းညွှန်နမူနာ/ ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်အတွက် ကုဒ်သတ်မှတ်နည်း လမ်းညွှန်/ရလဒ်များရေတွက်ရန်စာရွက်များ
- သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ခွဲခြမ်းစိတ်ဖြာရန် ရေတွက်ပုံဇယား နမူနာ
- သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်မှု ရလဒ်များကို အဓိပ္ပာယ်ဖော်နည်းလမ်းညွှန်
- နောက်ဆက်တွဲ ၁၃ - အတားအဆီးများရှာဖွေဖော်ထုတ်ရန် ကွန်ပျူတာဖြင့် ရေတွက်နည်းလမ်းညွှန်ချက်များ
- ကွင်းဆင်းစစ်တမ်းများမှ ဖြည့်စွက်ပြီး မေးခွန်းလွှာများ
- ကားချပ်စာရွက်
- ဂဏန်းပေါင်းစက်
- ကွန်ပျူတာ (BA အတွက် ရေတွက်ရာတွင် လိုအပ်ပါက အသုံးပြုရန်)
- သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၅ - BA အစီရင်ခံစာကောက်ကြောင်း

### သင်တန်းပို့ချသူအတွက်မှတ်ချက်

အဆင့် ၃ နှင့်နောက်ပိုင်းတွင် ဖြည့်စွက်ပြီးမေးခွန်းလွှာများကို ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းတို့ပြုလုပ်မည်ဖြစ်ကြောင်း သင်တန်းသားများအား ရှင်းပြပါ။ စားပွဲနှင့်ထိုင်ခုံများကို "ပ" ပုံစံ ကူညီစီစဉ်ပေးရန် သင်တန်းသားများအား ပြောပါ။ လူတိုင်းက အခြားလူတိုင်းကိုလည်းကောင်း၊ သင်တန်းပို့ချသူကိုလည်းကောင်း အလွယ်တကူ မြင်နိုင်စေရန် "ပ" အပြင်ဘက်တွင် ထိုင်ရမည်။ သင်တန်းပို့ချသူထိုင်မည့် "ပ" ပုံ၏ အပွင့်ဘက်တွင် စားပွဲငယ်တစ်လုံးထားပါ။ စားပွဲပေါ်မှ အရာအားလုံး (ဖိတ်စင်နိုင်သော အရည်ဟူသမျှ အပါအဝင်) ကို ရှင်းလင်းထားရန်နှင့်ဖြည့်စွက်ပြီး မေးခွန်းလွှာများကိုသာ ၎င်းတို့၏ရှေ့တွင်ထားရန် သင်တန်းသားများအား ပြောပါ။

### အဆင့်များ

1. ကုဒ်သတ်မှတ်ခြင်း - နိဒါန်း

1a. Barrier Analysis ၏ အဆင့် ၇ ဆင့်၏ မည်သည့်အဆင့်တွင် ရောက်နေသည်ကို သင်တန်းသားများအား သတိပေးပါ။ (အဆင့် ၆ - Barrier Analysis မှ တွေ့ရှိချက်များကို စနစ်တကျစုစည်း၍ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း)

1b. သင်တန်းသားများအား ပြောရန် - ကျွန်ုပ်တို့၏မေးခွန်းလွှာများကို ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းမပြုလုပ်မီ ကုဒ်များအကြောင်းကို အချိန်အနည်းငယ်ပေး၍ အကြမ်းဖျဉ်းလေ့လာပါမည်။

1c. ဖြည့်စွက်ပြီးသည့်မေးခွန်းလွှာများကို စနစ်တကျ ထားရှိရန် သင်တန်းသားများအား ပြောပါ (သို့မဟုတ် မေးခွန်းလွှာများကိုစုစည်း၍ နောက်မှ ပြန်လည်ဖြန့်ဝေပေး၍လည်း ရပါသည်)။ သင်တန်းသားများကို ၅-၆ ဦးပါ အဖွဲ့ငယ်များအဖြစ် ခွဲပါ။

1d. **သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၁ - ကုဒ်သတ်မှတ်ခြင်း၏အဓိပ္ပာယ်** ကိုပြသ၍ မေးခွန်းများကို ဖြေပေးပါ။

1e. သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၁ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၁ ကို သင်တန်းသားတိုင်းအား ဖြန့်ဝေပေး၍ စစ်တမ်းအဖြေများ ကုဒ်သတ်မှတ်နည်းကိုနားလည်လာစေရန် ဂိမ်းတစ်ခု ကစားကြမည်ဖြစ်ကြောင်း ရှင်းပြပါ။ အဖြေများကို စိစစ်ရာတွင် ဂါကျဖွဲ့စည်းပုံကိုသာမက အဓိပ္ပာယ်တူစကားလုံးများကိုလည်း ဂရုပြုကြည့်ရှုသင့်ကြောင်း သင်တန်းသားများအား သတိပေးပါ။ ရံဖန်ရံခါတွင် ပြောလိုသည့်အရာတစ်ခုတည်းကိုပင် မတူညီသော အသုံးအနှုန်းများ အသုံးပြု၍ ပြောလေ့ရှိသည်ကို သတိချပ်ရမည်။ သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၁ မှ လမ်းညွှန်ချက်များကိုဖတ်ရှု၍ ပေးထားသောအမျိုးအစားများနှင့် အဖြေများကို တွဲစပ်ရန် သင်တန်းသားများအား ပြောပါ။

1f. အဖွဲ့ငယ်များအလိုက် အဖြေများကို နှိုင်းယှဉ်၍ သဘောတူဆုံးဖြတ်ရန် သင်တန်းသားများအား ပြောပါ။

2. ကုဒ်သတ်မှတ်နည်း လက်တွေ့လေ့ကျင့်ခြင်း - အပိုင်း ၂

2a. **သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၂ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၂** ကိုဖြန့်ဝေပေး၍ ယခုဂိမ်းသည် ရှေ့မှ ဂိမ်းနှင့် ဆင်တူကြောင်း ရှင်းပြပါ။ ယခုတစ်ကြိမ်တွင်မူ ပေးထားသောအဖြေများကိုအသုံးပြု၍ အမျိုးအစားများကို ကိုယ်တိုင် ခွဲခြားရမည်ဖြစ်ကြောင်း ပြောပါ။ ယင်းသို့ပြုလုပ်ခြင်းကို အဖွဲ့လိုက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အဖွဲ့သားများ၏ သဘောထားများကို နားထောင်ပေးခြင်း၊ အားလုံးညှိနှိုင်းသဘောတူညီမှုရယူခြင်းတို့ လိုအပ်မည်ဖြစ်သည်။

2b. အဖွဲ့အားလုံး အဖြေများကို အမျိုးအစားခွဲခြင်းနှင့်ကုဒ်သတ်မှတ်ခြင်းတို့ပြုလုပ်ပြီးချိန်တွင် အဖြေစာရွက်များကို နံရံတွင် ကပ်ရန်ပြောပါ။ ထို့နောက် အခြားအဖွဲ့များက အဖြေအတွက် တူညီသောကုဒ်များ သို့မဟုတ် မတူညီသော ကုဒ်များကို မည်ကဲ့သို့ရွေးချယ်ခဲ့ကြောင်း နားလည်နိုင်ရန် လှည့်လည်ကြည့်ရှုကြရန် သင်တန်းသားများအား ပြောပါ။

2c. **လုပ်ငန်းရည်ရွယ်ချက် (Bridges to Activities) များကို ကုဒ်များပေါ် အခြေခံပြီး အမူအကျင့်ပြောင်းလဲရေး လုပ်ငန်းများသည် Bridges to Activities ပေါ် အခြေခံသဖြင့် ကုဒ်အသုံးအနှုန်းများက အလွန်အရေးကြီးကြောင်း** သင်တန်းသားများအား ပြောပါ။ အကယ်၍ ကုဒ်များ ရှင်းလင်းမှုမရှိပါက သို့မဟုတ် ကုဒ်တစ်ခုတည်းတွင် အဓိပ္ပာယ်အမျိုးမျိုးပါဝင်နေပါက Bridges to Activities နှင့် အမူအကျင့်ပြောင်းလဲရေးလုပ်ငန်းများသည် အမူအကျင့်ပြောင်းလဲရာတွင် ထိရောက်မှုရှိမည်မဟုတ်ပါ။ ဥပမာ အချို့အုပ်စုများက "သွားသန့်ရှင်းရေးသုံးပစ္စည်းများ မရှိခြင်း" ဟုပြောပါက ယင်းအဖြေသည် တိကျမှုမရှိပါ။ အဖြေသည် သွားတိုက်တံ သို့မဟုတ် သွားတိုက်ဆေး သို့မဟုတ် ရေ ဟုဖြစ်သင့်သည်။ အလားတူပင် ပြဿနာကို ခံစားရသည့်နေရာကို ရှင်းလင်းစွာဖော်ပြရမည်။ ဤနေရာတွင် ပြဿနာသည် <u>လုပ်ငန်းခွင်</u> တွင်ဖြစ်သည်။ ကုဒ်တွင် ယင်းအချက်ပါဝင်ရမည် - လုပ်ငန်းခွင်တွင် လွတ်လပ်စွာ နေနိုင်သော နေရာရရှိရန် ခက်ခဲခြင်း သို့မဟုတ် လုပ်ငန်းခွင်တွင် သောက်ရေရရှိရန် ခက်ခဲခြင်း

2d. ရှင်းပြရန် - ဦးတည်အုပ်စုထံမှရရှိသော အဖြေများကို ကိုယ်စားပြုသော ကုဒ်များရေးသားခြင်းသည် အချိန်ကာလ ကြာမြင့်သည်နှင့်အမျှ အလေ့အကျင့်ဖြင့် ကျွမ်းကျင်လာတတ်သည့်အရာဖြစ်သည်။ ယင်းကို လာမည့်လေ့ကျင့်ခန်းတွင် စတင်ပြုလုပ်မည်ဖြစ်သည်။

3. ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်း[၂၄]

3a. သင်တန်းပို့ချသူအတွက်မှတ်စုအတိုင်း သင်တန်းသားများအား "ပ" ပုံစံထိုင်ရန် ပြန်လည်နေရာချပေးပါ။

3b. အကယ်၍ 'ကြီးကြပ်ရေးမှူးများ' က ယင်းသို့မပြုလုပ်ရသေးပါက မေးခွန်းလွှာပထမစာမျက်နှာ၏ အပေါ်ဘက်ရှိ အမျိုးအစားခွဲခြားချက်ကိုကြည့်၍ ကျင့်သုံးသူနှင့်မကျင့်သုံးသူမေးခွန်းလွှာများကိုခွဲ၍ ပုံထားရန် သင်တန်းသားများအား ပြောပါ။ ကျင့်သုံးသူအတွက်မေးခွန်းလွှာများကို "ပ" ၏အလက်ဘက်သို့ လှည့်၍ထားရန် သင်တန်းသားများအား ပြောပါ။

3c. သင်တန်းသားများ၏အကူအညီဖြင့် ကျင့်သုံးသူအတွက် (ကျင့်သုံးသူဟုတ်မဟုတ် စိစစ်ရမည်) မေးခွန်းအားလုံးကို သင်တန်းပို့ချသူကရေတွက်၍ ပမာဏကို လူတိုင်းမြင်နိုင်သည့် ကားချပ်စာရွက်ပေါ်တွင် ရေးရမည်။ (ဥပမာ - ကျင့်သုံးသူ ၄၇)

3d. မကျင့်သုံးသူမေးခွန်းလွှာအတွက် အလားတူပြုလုပ်ပါ။ ယင်းကိန်းဂဏန်းများသည် ရာခိုင်နှုန်းတွက်ချက်ရာတွင် အသုံးပြုသော ပိုင်းခြေများဖြစ်လာမည်ဖြစ်သည်။

3e. မကျင့်သုံးသူမေးခွန်းလွှာများကို စုစည်းပါ။ ကျင့်သုံးသူမေးခွန်းလွှာများကို ဦးစွာ ကုဒ်သတ်မှတ်ပါ။ မည်သည့် မေးခွန်းလွှာများကို ဦးစွာကုဒ်သတ်မှတ်သည်က အရေးမကြီးပါ။

[၂၄] မေးခွန်းလွှာ ၃၀ မျှဖြင့် သဏ္ဌာန်တူစစ်တမ်းတစ်ခုပြုလုပ်လျှင်ပင် ယင်းသို့ဆောင်ရွက်နိုင်ပါသည်။ မေးခွန်းလွှာတစ်ခုဖြင့် (ကျင့်သုံးသူ/မကျင့်သုံးသူ) ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းတို့ကို သရုပ်ပြပြီးနောက် Analysis ထဲမှ အဆင့်များသည် လက်ကမ်းစာရွက် ၃ အဖြစ် သင်ခန်းစာတွင်ထည့်သွင်းထားသော အချက်အလက်များကို သက်သေပြပါ။

3f. သင်တန်းသားအသီးသီးက ၎င်းတို့၏မေးခွန်းလွှာကို ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းတို့ ပြုလုပ်သွားမည် ဖြစ်သည် (ကွင်းဆင်းချိန်တွင် ဖြည့်စွက်ခဲ့သော မေးခွန်းလွှာများ)။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ကုဒ်သတ်မှတ်သူသည် လက်ရေးကိုဖတ်ရှုနိုင်မည်ဖြစ်ပြီး ပြောခဲ့သောစကားများကို ပြန်လည်သတိရခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ ပြုလုပ်နိုင်မည် ဖြစ်သည်။ သင်တန်းသားတစ်ဦးလျှင် ကျင့်သုံးသူမေးခွန်းလွှာ ၄-၅ ခုရှိမည်ဖြစ်သည်။ သင်တန်းသားများသည် မေးခွန်းလွှာများတစ်ခုနှင့်တစ်ခု ထပ်မနေစေရန် ၎င်းတို့၏ရှေ့တွင်ထားရမည်။ သို့မှသာ မေးခွန်းလွှာတစ်ခုစီမှ ပထမဆုံး မေးခွန်းအတွက် အဖြေများကို တစ်ပြိုင်တည်း ဖတ်ရှုရန် လွယ်ကူမည်ဖြစ်သည်။

**မှတ်ချက်** - သတိပြုရန်လိုအပ်သည်မှာ သင်တန်းသားတစ်ဦးသည် တစ်ကြိမ်လျှင် မေးခွန်းလွှာ ၃-၄ ခုထက်ပို၍ တာဝန်ယူရပါက အခက်အခဲရှိကောင်းရှိနိုင်သဖြင့် သင်တန်းပို့ချသူများသည် နှစ်ကြိမ်ခွဲ၍ ပြုလုပ်လိုမည်ဖြစ်သည် (ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းပြုလုပ်သူဦးရေစုစုပေါင်းပေါ်မူတည်၍ ကျင့်သုံးသူများအတွက် ၂ ခုနှင့် မကျင့်သုံးသူများအတွက် ၂ ခု)

3g. ယခုအခါတွင် သင်တန်းသားများသည် ကုဒ်သွင်းခြင်းကို အစပြုရန် အသင့်ဖြစ်လုနီးဖြစ်နေပြီဖြစ်သည်။

## 4. ကုဒ်သတ်မှတ်နည်းလက်စွဲနှင့်စစ်တမ်းမှရလဒ်များရေတွက်ခြင်း

4a. သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၂ - ကုဒ်သတ်မှတ်နည်းလမ်းညွှန်နမူနာ/ ကျင့်သုံးသူ/မကျင့်သုံးသူလေ့လာချက်အတွက် ကုဒ်သတ်မှတ်နည်း လမ်းညွှန်/ရလဒ်များရေတွက်ရန်စာရွက်များ ၏ ပထမစာမျက်နှာကိုပြသ၍ သင်တန်းသားများအား ဖော်ပြပါအတိုင်း ရှင်းပြပါ - မေးခွန်းလွှာပေါ်ရှိ ခွဲခြမ်းစိတ်ဖြာမည့် မေးခွန်းတစ်ခုချင်းအတွက် နေရာတစ်နေရာစီ ရေတွက်ရန်စာရွက်များတွင်ပါရှိသည်။ ယင်းစာရွက်ပေါ်တွင် Determinant နှင့် မေးခွန်းအတွက် နေရာလွတ်ကို တွေ့ရမည်ဖြစ်သည်။ ဇယား၏ဘယ်ဘက်တွင် ရရှိခဲ့သောအဖြေများအတွက် ကုဒ်များရေးရန် ကော်လံတစ်ခု၊ ဆင်တူသောအဖြေများပေးသည့် ဖြေဆိုသူဦးရေနှင့်ရာခိုင်နှုန်းရေးရန် ကော်လံတစ်ခုတို့ပါဝင်သည်။ မကျင့်သုံးသူများအတွက် အလားတူကော်လံများလည်း ပါရှိသည်။

4b. ယခုတစ်ဖန် မေးခွန်းလွှာများကို ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းတို့ကို ဖြေဆိုသူအုပ်စု (ကျင့်သုံးသူ) တစ်စုအတွက် ဦးစွာ ပြုလုပ်၍ ဖြေဆိုသူအခြားအုပ်စု (မကျင့်သုံးသူ) အတွက် လူဖြင့် အတူတကွ ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း ပြောပါ။

4c. မေးခွန်းလွှာ၏ အပိုင်း ခ မှ ပထမဆုံးမေးခွန်းဖြင့် စတင်ပါ။ မိမိရှေ့ရှိ မေးခွန်းလွှာများကိုကြည့်၍ အဖြေများကို ကြည့်၍ (အသံမထွက်ဘဲ) ဖတ်ရှုပြီး မတူညီသောဖြေဆိုသူများ၏ အဓိပ္ပာယ်ဆင်တူသောအဖြေများကို ရှာဖွေရန် သင်တန်းသားများအား ပြောပါ။ မေးခွန်းလွှာပေါ်ရှိအဖြေများကို အခြားသင်တန်းသားများက ပြန်လည်ပြောပြချိန်တွင် ဂရုပြုနားထောင်ရန် သင်တန်းသားများအားပြောပါ။ ယင်းသို့ပြုလုပ်ခြင်းဖြင့် နှစ်ခုထပ်သွားခြင်းကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပြီး အလုပ်ပိုမိုတွင်ကျယ်မည်ဖြစ်သည်။

– မေးခွန်းလွှာအများဆုံး (သို့မဟုတ် အရေအတွက်များသော) ရှိသည့် အင်တာဗျူးသူကိုရွေး၍ ပထမဆုံး စစ်တမ်းမေးခွန်းအတွက် အဖြေများကိုကြည့်ရန် ပြောပါ။ မေးရန် - သင့်မေးခွန်းလွှာ ၂ ခုနှင့်အထက်တွင်

တူညီသော သို့မဟုတ် အလွန်ဆင်တူသော အဖြေများရှိပါသလား။ ရှိပါက မည်သည့်အဖြေများရှိသနည်း။ မေးခွန်းလွှာ ၂ နှင့်အထက်တွင်တွေ့ရသော တူညီသည့်အဖြေကို အင်တာဗျူးသူကပြောပြီးနောက် ဆင်တူသော အဖြေများရှိပါသလားဟု အခြားအင်တာဗျူးသူများအား မေးပါ။ အကယ်၍ အခြားအင်တာဗျူးသူ ၄-၅ ဦးတွင် တူညီသော/ဆင်တူသော အဖြေရှိပါက ယင်းအဖြေအတွက် ကုဒ်တစ်ခုသတ်မှတ်မည်ဖြစ်ကြောင်း ရှင်းပြပါ။ မူရင်း အဖြေပါ စကားလုံး ၁-၂ လုံးကို ကုဒ်တွင်ထည့်သွင်းပါ။ ကုဒ်များသည် စကားလုံးအနည်းငယ်မျှသာ ရှည်လျား သင့်သည်။ ထိုနည်းအားဖြင့် မူလအဓိပ္ပာယ်အတိုင်း ဆက်လက်မြဲနေမည်ဖြစ်သည်။ ရေတွက်ရန် စာရွက်ပေါ်တွင် ကုဒ်ကို ရေးပါ။ အဖြေတူနေသည့် အင်တာဗျူးသူဦးရေ များစွာမရှိပါက ယင်းအဖြေအတွက် ကုဒ်သတ်မှတ်ရန် မလိုအပ်ပါ။

- မေးခွန်းလွှာ ၂ ခုနှင့်အထက်မှ မေးခွန်းတစ်ခုတည်းအတွက် အဖြေများတွင် တူညီ သို့မဟုတ် ဆင်တူခြင်းရှိမရှိ မေးခွန်းလွှာအများအပြားရှိသူများအား မေးပါ။ အခြားအင်တာဗျူးသူများထဲမှ မည်မျှတွင် ယင်းသို့တူညီ/ဆင်တူ နေခြင်းရှိသနည်းဟု မေးပါ။ ရှိပါက ကုဒ်တစ်ခုသတ်မှတ်၍ ရေတွက်သည့်စာရွက်ပေါ်တွင် ရေးပါ။
- အင်တာဗျူးသူများက အဖြေများပြော၍ အဖြေတစ်ခုချင်းအတွက် ကုဒ်များသတ်မှတ်နေစဉ် သင်တန်းပို့ချသူ (သို့မဟုတ် လက်ထောက်) က ကုဒ်များကို ရေတွက်သည့်စာရွက် (ကားချပ်စာရွက်) ပေါ်တွင် မှတ်သား၍ ကုဒ်အသီးသီးကို အက္ခရာ (က၊ ခ၊ ဂ၊ ဃ စသည်ဖြင့်) ဖြင့် ခွဲခြားသတ်မှတ်ရမည်။
- ရေတွက်သည့်စာရွက်ပေါ်တွင် ကုဒ်များကိုမှတ်သားနေချိန်၌ ကုဒ်၏အက္ခရာကို သက်ဆိုင်ရာအဖြေ၏ ဘေးတွင် ထားခြင်းဖြင့် မေးခွန်းလွှာပေါ်ရှိ ၎င်းတို့၏အဖြေများကို အမျိုးအစားခွဲခြားရန် အင်တာဗျူးသူများ/ ကုဒ်သတ်မှတ်သူများအား ပြောပါ။ ရည်ရွယ်ချက်အနေဖြင့် မေးခွန်းလွှာရှိ မေးခွန်းများနိုင်သမျှ များစွာကို အမျိုးအစားခွဲခြားနိုင်စေရန် ဖြစ်ပါသည်။
- အဓိပ္ပာယ်အားဖြင့် ဆင်တူသောအဖြေများအတွက် ကုဒ်ကို အခြားဆင်တူသောအဖြေများနှင့်အတူ သတ်မှတ်ပေး ရမည်။ (ဥပမာ - "လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ ကောင်းကျိုးများကိုဖော်ပြပါ။" ဟူသောမေးခွန်းအတွက် အဖြေများတွင် "ကျန်းမာခြင်း" နှင့် "ကြံ့ခိုင်ခြင်း" ဟူ၍ပါဝင်လာနိုင်ပါသည်။ အဖြေများမတူသော်လည်း အဓိပ္ပာယ်တူညီသဖြင့် ကုဒ်တစ်ခုတည်းဖြင့် အကျုံးဝင်ပါသည်။) ဖြေဆိုသူဆိုလိုသောအရာ တူညီသော အဖြေများအတွက်သာ ယင်းသို့ပြုလုပ်ရမည်။ ဤသို့ပြုလုပ်အပြီးတွင် မေးခွန်းများပါဝင်သော ကားချပ်စာရွက်၊ ပထမကော်လံတွင် အဖြေများအတွက် ကုဒ်များ၊ အဖြေပေးခဲ့သောကျင့်သုံးသူအရေအတွက်ထည့်ရန် ကော်လံ၊ ရာခိုင်နှုန်းကော်လံနှင့်မကျင့်သုံးအတွက် နောက်ထပ်ကော်လံ ၂ ခုတို့ကိုရရှိမည်ဖြစ်သည်။
- ဥပမာ - "ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ချိန်တွင်း၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အနည်းဆုံး ၄ ကြိမ်ခံယူကြသည်။" ဟူသော အမူအကျင့်အတွက် ".... လုပ်ဖို့ ဘယ်လိုအခက်အခဲတွေရှိသလဲ" မေးခွန်း၏ဖြစ်နိုင်ဖွယ်အဖြေများမှာ -
    - ကျန်းမာရေးဌာန ဝေးလွန်း/ဆေးခန်းနှင့်အကွာအဝေး
    - ခင်ပွန်းက သဘောမတူ/ခွင့်ပြုချက်မပေး
    - ပိုက်ဆံမရှိ/ကုန်ကျစရိတ်/ဈေးကြီး
- ဖြည့်စွက်ပြီး ရေတွက်သည့်စာရွက်ကိုတွေ့နိုင်ရန် သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ခွဲခြမ်းစိတ်ဖြာရန် ရေတွက်ပုံဇယားနမူနာ ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။

4d. ကုဒ်များကို မှတ်သားတင်ပြီးဖြစ်သဖြင့် ပထမမေးခွန်းအတွက် အဖြေများကို ရေတွက်ရန်အသင့်ဖြစ်ပြီ ဖြစ်ပါသည်။ (ပထမဆုံးမေးခွန်းအတွက်) ကားချပ်စာရွက်ပေါ်ရှိ ပထမဆုံးကုဒ်ကိုကြည့်ရန်ပြော၍ ၎င်းတို့ရှေ့ရှိမေးခွန်းလွှာများကို ဖတ်ရန်နှင့်ကျင့်သုံးသူဦးရေမည်မျှက တူညီသောအဖြေများပေးခဲ့သည်ကို လက်ချောင်းထောင်ပြရန် သင်တန်းသားများအား ပြောပါ (မေးခွန်းလွှာတစ်ခုလျှင် လက်ချောင်းတစ်ချောင်းသာရှိမည်ဖြစ်သည်)။

- ဥပမာ အကယ်၍ သင်တန်းသားတစ်ဦးတွင် မေးခွန်းလွှာ ၄ ခုရှိပါက ဖြစ်နိုင်ဖွယ်ကုဒ်/အဖြေတစ်ခုလျှင် အများဆုံး လက်ချောင်း ၄ ချောင်းသာ ထောင်ပြနိုင်မည်ဖြစ်သည်။ ဖြေဆိုသူတစ်ဦးသည် (အဆုံးဖွင့်) မေးခွန်းတစ်ခုလျှင် အဖြေ ၄-၅ မျိုး (ကုဒ်) ပေးနိုင်ခြေရှိသဖြင့် အင်တာဗျူးဖြေဆိုခဲ့သူအရေအတွက်ထက် ကုဒ်အားလုံးအတွက် အဖြေအားလုံးပေါင်းအရေအတွက်က ပိုမိုများပြားနိုင်ပါသည်။
- အဓိပ္ပာယ်တူသည့် အဖြေနှစ်ခုကို ဖြေဆိုသူတစ်ဦးတည်းက ပေးသည့်အနေအထားမျိုးလည်း ရှိနိုင်ပါသည် (ဥပမာ - ဥစ္စာနှင့်ပိုက်ဆံ)။ ထိုအခြေအနေမျိုးတွင် အဖြေကို တစ်ကြိမ်သာ ရေတွက်သည်။
- ကုဒ်တစ်ခုအတွက် "သုည"ဟု အဖြေပေးရာတွင် သင်တန်းသားများသည် လက်သီးကိုဆုပ်၍ ထောင်ပြရမည်။ ရေတွက်သည့်အထဲပါဝင်ကြောင်းသိနိုင်ရန် သင်ရေတွက်နေချိန်တွင် သင်ကိုကြည့်နေရန် သင်တန်းသားအားလုံးအား ပြောပါ။ အားလုံးကမော့ကြည့်၍ လက်ထောင်ပြသည်နှင့် လက်ချောင်းများကို ရေတွက်၍ ကားချပ်စာရွက်ပေါ်ရှိ ကျင့်သုံးသူကော်လံအောက်တွင် မှတ်သားပါ။ (အမှားကင်းစေရန် လူနှစ်ဦးက ရေတွက်ပါက အထောက်အကူရမည်ဖြစ်သည်)။

4e. မေးခွန်းတစ်ခုအတွက် ဒုတိယမြောက်ကုဒ်ကိုဖတ်ပြ၍ ဖြေဆိုသူမည်မျှ၏ အဖြေများက ကုဒ်နှင့်ကိုက်ညီသည်ကို လက်ချောင်းထောင်ပြရန် (တစ်ခုမျှမရှိပါက လက်သီးဆုပ်ပြရန်) သင်တန်းသားများအား ပြောပါ။ မေးခွန်းနံပါတ် ၁ အတွက် အဖြေအားလုံး (ကုဒ်များ) ကို ရေတွက်ပြီးသည်အထိ အဖြေတစ်ခုချင်းအတွက် ဖော်ပြပါအတိုင်း ဆက်လက်ပြုလုပ်ပါ။

4f. သင်ခန်းစာအစတွင် တွေ့ရှိခဲ့သော ကျင့်သုံးသူအတွက် ပိုင်းခြေ (ကျင့်သုံးသူစုစုပေါင်း) ကိုအသုံးပြု၍ ကားချပ်စာရွက်ပေါ်တွင် ပေးထားသောအဖြေတစ်ခုစီအတွက် ရာခိုင်နှုန်းများကို တွက်ချက်ပါ။ ယင်းကို ကားချပ်စာရွက်တွင် မှတ်သားပါ။ (အခြားနည်းလမ်းတစ်ခုအနေဖြင့် ကျင့်သုံးသူနှင့်မကျင့်သုံးသူနှစ်ဦးစလုံးအတွက် အဖြေအားလုံးကိုရေတွက်ပြီးနောက် ရာခိုင်နှုန်းများကို တွက်ချက်နိုင်သည်။)

4g. ဒုတိယနှင့်နောက်ပိုင်းမေးခွန်းများအတွက် အဆင့် 4c၊ 4d၊ 4e နှင့် 4f တို့ကို ဆက်လက်ပြုလုပ်ပါ။ မေးခွန်းအသီးသီးအတွက် ကားချပ်စာရွက်သစ်တစ်ရွက်အသုံးပြုပါ။ (အကယ်၍ Barrier Analysis တစ်ခုကို အစအဆုံး ပြုလုပ်နေပါက အဆုံးပိတ်မေးခွန်းအချို့ပါဝင်လာမည်ဖြစ်သည်။ ယင်းအခြေအနေမျိုးတွင် မေးခွန်းလွှာပေါ်ရှိ အဖြေအမျိုးအစားများကို ကုဒ်သွင်းနည်းလမ်းညွှန်/ရေတွက်ရန်စာရွက်ပေါ်သို့ ကူးရေး၍ လက်ချောင်းများရေတွက်ပါ။)

4h. ကျင့်သုံးသူအတွက် မေးခွန်းအားလုံးကို ကုဒ်သတ်မှတ်၍ ရေတွက်ပြီးပါက ရေတွက်ပြီးကျင့်သုံးသူ မေးခွန်းလွှာများ၏ ညာဘက်အပေါ်ထောင့်တွင် ကြက်ခြေခတ်ကြီးကြီးတစ်ခုကိုရေး၍ မေးခွန်းလွှာများကို စုစည်းပါ။ ကျင့်သုံးသူမေးခွန်းလွှာအားလုံးကို ကုဒ်သတ်မှတ်ခြင်းနှင့်ရေတွက်ခြင်းတို့မပြီးသေးပါက ကျန်မေးခွန်းလွှာများအတွက် အဆင့် 4c-4g အထိ ဆက်လက်ပြုလုပ်ပါ။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ ရေးသားပြီးကုဒ်များနှင့်အစပြုရမည်ဖြစ်ပြီး ယင်းတို့နှင့် အမှန်တကယ်ကွဲပြားသော အဖြေများ၏ကုဒ်များကိုသာ ပေါင်းထည့်ရမည်။

4i. ကျင့်သုံးသူမေးခွန်းလွှာအားလုံးကို ကုဒ်သတ်မှတ်၍ ရေတွက်ပြီးသည်နှင့် မကျင့်သုံးသူမေးခွန်းလွှာများကို ဖြန့်ဝေပေး၍ ယခင်အတိုင်း ကုဒ်မှတ်သားသူအသီးသီး၏ရှေ့တွင်ထားပါ။

4j. မကျင့်သုံးသူများအတွက်မူ ပိုမိုလွယ်ကူပါသည်။ သင်ရေးဆွဲပြီးဖြစ်သော ကုဒ်သတ်မှတ်နည်းလက်စွဲ/ ရေတွက်ရန်စာရွက်များကိုပင် အသုံးပြုပါ။ ကုဒ်သတ်မှတ်နည်းလက်စွဲတွင် မထည့်သွင်းရသေးသည့် အဖြေများကို ပေါင်းထည့်ရန် ("U" ထဲမှ) ပထမဆုံးသင်တန်းသားကို ပြောပါ။ အဖြေအားလုံးစာရင်းသွင်းပြီးသည်အထိ သင်တန်းသား အားလုံးအတွက် အလားတူပြုလုပ်ပါ။

4k. အရေအတွက်ကို လက်ချောင်း (သို့မဟုတ် လက်သီး) ထောင်ပြ၍ မကျင့်သုံးသူကော်လံတွင် ထည့်သွင်းခြင်းဖြင့် မကျင့်သုံးသူအတွက် ပထမဆုံးမေးခွန်း၏အဖြေများကို ရေတွက်ပါ။ မကျင့်သုံးသူအတွက် မေးခွန်းအားလုံးကို ရေတွက်ပြီးသည်အထိ ဆက်လက်ပြုလုပ်ပါ။

မှတ်ချက် - ရေတွက်ရာတွင် အမှားအယွင်းရှိတတ်သဖြင့် - အထူးသဖြင့် အစပိုင်းတွင် - သင်တန်းပို့ချသူများအနေဖြင့် ရေတွက်ခြင်းကို ကားချပ်စာရွက်ဖြင့်မဟုတ်ဘဲ (အမှားပြင်ရာတွင် ပိုမိုလွယ်ကူစေမည့်) မှတ်စုစာအုပ်ဖြင့်လည်း ပြုလုပ်နိုင်သည်။ အဖြေအသီးသီးအတွက် နောက်ဆုံးရေတွက်ချက်နှင့်တွက်ချက်ပြီးရာခိုင်နှုန်းတို့ကို အားလုံးမြင်သာစေရန် ကားချပ်စာရွက်ပေါ်တွင် ဆက်လက်ရေးသားပြသနိုင်ပါသည်။

5. ရလဒ်များကို လူအားဖြင့် တွက်ချက်စိစစ်ခြင်း

5a. ကုဒ်သတ်မှတ်နည်း/ရေတွက်ချက်စာရွက်တို့ကို ဖြည့်စွက်၍ ရာခိုင်နှုန်းများကို တွက်ချက်ပြီးသည်နှင့် ကျင့်သုံးသူနှင့် မကျင့်သုံးသူရာခိုင်နှုန်းအကြား ၁၅% နှင့်အထက် ကွာခြားချက်ရှိသည့် အဖြေများသည် စီမံကိန်းမှအဖြေရှာပေးရမည့် အတားအဆီး သို့မဟုတ် လှုံ့ဆော်မှုပေးနိုင်သောအရာများကိုပြသကြောင်း ရှင်းလင်းပြောပြပါ။ ယင်းတို့ကို အရေးအပါဆုံး အဆုံးအဖြတ်ပေးနိုင်သည့်အရာများဟု သတ်မှတ်ကြောင်း ပြောပြပါ။ အရေးအပါဆုံးအဖြေများကို Barrier Analysis Tabulation Table (MS Excel Spreadsheet) ဖြင့်လည်း ရှာဖွေသိရှိနိုင်ကြောင်း ရှင်းပြပါ။

5b. ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား ၁၅ ရာခိုင်နှုန်းနှင့်အထက် ကွာဟချက်ကိုရှာဖွေရန် သင်တန်းသားများအား ပြောပါ။ အကယ်၍ ရလဒ်များတွင် ကွာဟချက် ၁၅% နှင့်အထက်ရှိသော အဖြေများစွာတွေ့ရှိပါက သင်တန်းသားများသည် <u>ကွာဟချက်အကြီးဆုံး</u> အဖြေများကိုဦးတည်ချက်ထားသည့် Bridges to Activities များရေးသားရမည်။

5c. မထင်မှတ်ဖွယ်ရာဖြစ်နိုင်သော်လည်း ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေအများအပြားကပေးသော အဖြေတိုင်း အရေးပါသည်မဟုတ်ကြောင်း ရှင်းပြပါ။ ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား ကွာဟချက်သည်သာ အရေးပါမှုရှိပါသည် ကို သတိပြုရန်လိုအပ်သည်။

ဥပမာ "ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သံဓာတ်အားဆေးများသောက်သုံးကြသည်။" ဟူသော အမူအကျင့်နှင့် "ဆိုးကျိုးတွေက ဘာတွေလဲ။" ဟူသော မေးခွန်းတို့အတွက်အဖြေအနေဖြင့် ကျင့်သုံးသူနှင့်မကျင့်သုံးသူအများအပြားက ဝမ်းချုပ်ခြင်းဟု ဖြေကောင်းဖြေမည်ဖြစ်သည်။ သို့သော်လည်း ယင်းသည်ပြဿနာတစ်ခုမဟုတ်ပါ။ အကြောင်းတစ်စုံတစ်ခု ကြောင့်ပင် ယင်းသည် ကျင့်သုံးသူအုပ်စုအတွက် အတားအဆီးတစ်ခုမဟုတ်ပါ။ ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား

ကြီးမားသောကွာဟချက် (၁၅ ရာခိုင်နှုန်းနှင့်အထက်) ရှိသောအဖြေများအတွက်သာ အရေးယူဆောင်ရွက်မှုပြုရန် လိုအပ်သည်။

5d. **သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ခွဲခြမ်းစိတ်ဖြာရန် ရေတွက်ပုံဇယား နမူနာ** ကိုဖြန့်ဝေပေး၍ ကျင့်သုံးသူနှင့် မကျင့်သုံးသူများအကြား ရာခိုင်နှုန်းကွာဟချက်များကို တွက်ချက်ခြင်းဖြင့် အချက်အလက်များကိုခွဲခြမ်းစိတ်ဖြာလေ့လာရန် သင်တန်းသားများအားပြောပါ။ မည်သည့်အဖြေ/ကုဒ်များက အရေးပါသည်ကို ရွေးထုတ်ရန် သင်တန်းသားများအား ပြောပါ။ မည်သည့်အဖြေများက လက်တွေ့လုပ်ဆောင်ရန်ဖြစ်နိုင်ပြီး မည်သည့်အဖြေများက မဖြစ်နိုင်သည်ကို (ကျင့်သုံးသူများက အတားအဆီးများပြောပြနိုင်ပြီး မကျင့်သုံးသူများကမပြောပြသည့်အရာများ) ရွေးချယ်ရန် သင်တန်းသားများအားပြောပါ။

5e. ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား ၁၅ ရာခိုင်နှုန်းကွာခြားချက်တိုင်းသည်လည်း (အချို့အရာများက အခြေအနေအရဖြစ်လေ့ရှိသည်) အမှန်တကယ်ကွာခြားချက်များမဟုတ်ကြကြောင်း ၁၅ ရာခိုင်နှုန်းထက်နည်းသော အမှန်တကယ်ကွာခြားချက်များလည်းရှိကြောင်း ရှင်းပြပါ။ မည်သည့်အဖြေများက အရေးအပါဆုံးဖြစ်သည်ကို ခွဲခြားနိုင်သော ပိုမိုခိုင်လုံသည့်နည်းလမ်းတစ်ခုရှိပါသည်။ MS Excel ကိုအသုံးပြု၍ ကျင့်သုံးသူနှင့်မကျင့်သုံးသူများအကြား ကိန်းဂဏန်းများအရ အရေးပါသောကွာခြားချက်များကို ရှာဖွေသည့်နည်းဖြစ်ပါသည်။ ယင်းနည်းလမ်းဖြင့် ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူတစ်ဦးအနေဖြင့် အဖြေတစ်မျိုးမျိုးကို ပေးလာနိုင်ခြေမည်မျှပိုများသည်ကို သိနိုင်ပါသည့်အပြင် မည်သည့် Determinant များအား ပိုမိုအလေးထားရန် လိုအပ်သည်ကို ဆုံးဖြတ်ရာတွင် ပိုမိုလွယ်ကူမည်ဖြစ်သည်။ လုပ်နည်းလုပ်ဟန်ကို လာမည့်အဆင့်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

**မှတ်ချက်** - အကယ်၍ ကျင့်သုံးသူ ၄၅ ဦးနှင့် မကျင့်သုံးသူ ၄၅ ဦးရှာဖွေရန် မဖြစ်နိုင်ပါက အရေးပါသောရလဒ်များကို တွေ့ရှိကောင်း တွေ့ရှိနိုင်ဆဲဖြစ်ပါသည်။ အုပ်စုတစ်စုမှ ၄၅ ဦးရှာမတွေ့ပါက (ဥပမာ - ကျင့်သုံးသူများ) အုပ်စု ၂ စုကြားမှ ကိန်းဂဏန်းအရ အရေးပါသော ကွာဟချက်များတွေ့ရှိနိုင်ရန် အခြားအုပ်စုဝင် (မကျင့်သုံးသူများ) များအား ပိုမို အင်တာဗျူးခြင်းက အထောက်အကူဖြစ်နိုင်ပါသည် (ဥပမာ - ကျင့်သုံးသူ ၃၀ နှင့် မကျင့်သုံးသူ ၆၀ အားအင်တာဗျူးခြင်း)။ ယင်းနည်းလမ်းကိုအသုံးပြုပါက ခွဲခြမ်းစိတ်ဖြာလေ့လာရန် အချက်အလက်များကို MS Excel Barrier Analysis Tabulation Worksheet တွင်ထည့်သွင်းရမည်။

6. MS Excel Barrier Analysis Tabulation Worksheet ဖြင့် အချက်အလက်များ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

6a. သင်တန်းသားများအားမေးရန် - အတားအဆီးများရှာဖွေဖော်ထုတ်မှုအချက်အလက်များကို လူအားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရပါသလား။ ဖြစ်သင့်သောအဖြေများ - မရပါ။ Food for the Hungry မှ Tom Davis ရေးဆွဲထားသော MS Excel spreadsheet ဖြင့် အချက်အလက်များကို ပိုမိုတိကျစွာ ခွဲခြမ်းစိတ်ဖြာလေ့လာသည့်နည်းလမ်းရှိပါသည်။

6b. သင်တန်းသားများအားမေးရန် - MS Excel spreadsheet ကို သင် သို့မဟုတ် သင့်အဖွဲ့အစည်းများအနက် မည်မျှက အသုံးပြုနိုင်ခြေများသနည်း။ (Learning Needs and Resources Assessment တွင်လည်း မေးခွန်းအဖြစ် အသုံးပြုနိုင်ပါသည်။)

6c. လူအားသုံးသည့်နည်းလမ်းက လုံလောက်သောတိကျမှုမရှိဟုယူဆသဖြင့် MS Excel spreadsheet ကိုအသုံးပြုသူများပါက သို့မဟုတ် အဖွဲ့အစည်းတွင်းမှ အခြားတစ်စုံတစ်ယောက်က အချက်အလက်များကို ကွန်ပျူတာဖြင့် ထည့်သွင်းရန် တာဝန်ယူထားပါက **နောက်ဆက်တွဲ ၁၃** တွင် **Computerised Tabulation Instructions for Barrier Analysis** များရှိပါသည်။ ယင်းတွင် spreadsheet ကို ကူးယူနည်းနှင့်အသုံးပြုနည်းအတွက် လမ်းညွှန်ချက်များ တွေ့နိုင်ပါသည်။ နည်းပညာအားမသန်သူများပင် အသုံးပြုနိုင်လောက်အောင် ရိုးရှင်းလှပါသည်။

6d. အကယ်၍ သင်တန်းသားများစွာက spreadsheet အသုံးပြုရန် ရည်ရွယ်ပါက သို့မဟုတ် အသုံးပြုနည်းတို့ကို လေ့လာလိုပါက ကွန်ပျူတာများထုတ်၍ spreadsheet ကို http://caregroups.info/wp-content/uploads/2015/08/1Final-Computerized-Tabulation-Sheets-June-2016.xlsx ကိုကူးယူရန် သို့မဟုတ် Flash Drive မှတဆင့် ကူးယူရန် သင်တန်းသားအားလုံးအား ပြောပါ။

- နောက်ဆက်တွဲ ၄ မှ လမ်းညွှန်ချက်များကို ဖတ်ရန် သင်တန်းသားများအား ပြောပါ။ နောက်ဆက်တွဲများမှ အချက်အလက်များ သို့မဟုတ် ကွင်းဆင်းမှုမှရရှိသော အချက်အလက်များဖြင့် လမ်းညွှန်ချက်များအတိုင်း လိုအပ်သောအချက်များကို ရေးသွင်းရန်ပြောပါ (ပထမဦးစွာ ပိုင်းခြေများ၊ ပြီးပါက မေးခွန်းတစ်ခုချင်း၏ အဖြေအမျိုးအစားအသီးသီးအတွက် ကုဒ်များနှင့် ဖြေကြားသည့် ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေ)။
- အတန်းတွင်း၌ သင်တန်းသားတစ်ဦးချင်းအား လှည့်လည်ကြည့်ရှု၍ မေးမြန်းသည်တို့ကို ဖြေကြားပါ။ အတန်းများကို ပေါင်းထည့်နည်းနှင့်ဖျက်နည်း၊ မေးခွန်းများထပ်ထည့်နည်းနှင့်မတူညီသော ဆဲလ်များအတွင်းသို့ ဖော်မျူလာထည့်သွင်းနည်းတို့ကို ရှင်းပြရန် အသင့်ပြင်ဆင်ထားပါ။
- အချက်အလက်များရေးသွင်းပြီးပါက မေးရန် - လူအားဖြင့် အချက်အလက်များခွဲခြမ်းစိတ်ဖြာသည့်ရလဒ်များနှင့် မည်သည့်တူညီမှုများတွေ့ရှိသနည်း။ မည်သည့်ကွဲပြားမှုများတွေ့ရှိသနည်း။
- လူကိုယ်တိုင်ပြုလုပ်သော အချက်အလက်ရလဒ်များနှင့်ကွန်ပျူတာဖြင့်ပြုလုပ်သော အချက်အလက်ရလဒ်များ အကြား ကွဲပြားမှုရှိပါက ကွန်ပျူတာဖြင့်ပြုလုပ်၍ရသောရလဒ်များက ပိုမိုတိကျလေ့ရှိသဖြင့် ယင်းတို့ကို ပိုမိုယုံကြည်နိုင်ပါသည်။

7. BA ရလဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

7a. သင်တန်းသားများအားမေးရန် - အချက်အလက်များကို လူအားဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ ခွဲခြမ်းစိတ်ဖြာလေ့လာပြီးနောက် ရာခိုင်နှုန်းရမှတ် ၁၅ (နှင့် အထက်) ကွာဟချက်ရှိသည့် အဖြေများကို ဖော်ထုတ်ပြီးပါက မည်သို့ဆက်လက်ပြုလုပ်မည်နည်း။ အဖြေမှန်အမျိုးမျိုးရှိမည်ဖြစ်သည်။

7b. ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်း၊ နှင့်အချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်ပြီးသည်နှင့် အချက်အလက်များ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရန်လိုအပ်ကြောင်း သင်တန်းသားများအား ပြောပါ။ အဓိပ္ပာယ်ဖွင့်ဆို၍ မပြီးမချင်း အချက်အလက်သက်သက်မျှဖြင့် အကောင်အထည်ဖော်နိုင်မည်မဟုတ်ပါ။ အချက်အလက်များကို အဓိပ္ပာယ်ဖွင့်ဆိုပြီးပါက လုပ်ငန်းရည်ရွယ်ချက်များရေးသား၍ DBC Framework ကို ဖြည့်စွက်နိုင်ပြီဖြစ်သည်။ လာမည့် သင်ခန်းစာတွင် ယင်းအကြောင်းကို ဆက်လက်လေ့လာသွားမည်ဖြစ်သည်။ သို့သော်လည်း အရေးပါသောတွေ့ရှိချက်တိုင်း အတွက်လည်း လုပ်ငန်းရည်ရွယ်ချက်ရေးသားရန် မလိုအပ်ပါ။

7c. အတားအဆီးများရှာဖွေဖော်ထုတ်ရာမှရရှိသောရလဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သတိပြုစရာ အချက်အချို့ ရှိပါသည်။ **သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်မှုမှရရှိသောရလဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုနည်း လမ်းညွှန်** ကိုကြည့်ရန် သင်တန်းသားများအားပြောပါ။ နမူနာများကို ပြန်လည်သုံးသပ်၍ မေးခွန်းများကို ဖြေဆိုပါ။

8. အဓိပ္ပာယ်ဖွင့်ဆိုရန် လက်တွေ့လေ့ကျင့်ခြင်း

8a. သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - နမူနာအချက်အလက်များ ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ အရေးပါသောရလဒ်များရှာဖွေ၍ မည်သည့်ရလဒ်အတွက် လုပ်ငန်းရည်ရွယ်ချက် ရေးသားရန်လိုအပ်သည် (မည်သည့်ရလဒ်များက ချက်ချင်း အကောင်အထည်ဖော်နိုင်ပြီး မည်သည့်ရလဒ်များက အကောင်အထည်မဖော်နိုင်၊ မည်သည့်ရလဒ်များက ထပ်နေသည်) ကိုဆုံးဖြတ်ရန် အဖွဲ့အသီးသီးအား ပြောပါ။

8c. အချိန် ၁၅ မိနစ်ကြာပြီးနောက် ဆုံးဖြတ်ချက်များကို ပြန်လည်ပြောပြရန် သင်တန်းသားများအား ပြောပါ။ အဖြေလွှာအတွက် **နောက်ဆက်တွဲ ၁၁** ကိုကြည့်ပါ။

9. အတားအဆီးများရှာဖွေဖော်ထုတ်မှုတစ်ခု၏ရလဒ်များကို တင်ပြခြင်း

a. အတားအဆီးများရှာဖွေဖော်ထုတ်မှုများ၏ရလဒ်များကို အစီရင်ခံစာဖြင့် တင်ပြရန် အစီအစဉ်ထားသူ အများအပြားရှိကြောင်း ရှင်းပြပါ။ **သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၅ - အတားအဆီးများရှာဖွေဖော်ထုတ်မှုအစီရင်ခံစာ ကောက်ကြောင်း** ကိုကြည့်ရန် သင်တန်းသားများအား ပြောပါ။ သို့သော်လည်း ရလဒ်များသက်သက်သည် များစွာ အရေးမကြီးသည်ကို သတိပြုရမည်။ BA ရလဒ်များကို အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများကို ရေးဆွဲ သို့မဟုတ် ယင်းတို့တွင် ထည့်သွင်းအသုံးပြုရာတွင် အသုံးပြုသည့်အခါမှသာ ယင်းတို့၏ ထိရောက်မှုကိုရရှိနိုင်မည်ဖြစ်သည်။ မည်သို့ပြုလုပ်ရမည်ကို ပိုမိုနားလည်နိုင်ရန် သင်ရိုးညွှန်းတမ်းအား ကြည့်ရန်ပြောပါ - *အချက်အလက်အားပြု အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းများ* [http://www.fsnnetwork.org/advanced-workshop-designing-behavior-change-focus-activities] *ရေးဆွဲခြင်း*။ ထို့နောက် DBC Framework တွင် နောက်ဆုံးကော်လံ ၂ ခု - လုပ်ငန်းရည်ရွယ်ချက်များနှင့်လုပ်ငန်းများ - ကိုဖြည့်စွက်၍ အပြီးသတ်ပါ။

10. သင်ခန်းစာပိတ်သိမ်းခြင်း

အချက်အလက်များကို အဓိပ္ပာယ်ဖွင့်ဆိုပြီးမှသာ အခြားအဆင့်များနှင့်နောက်ဆုံးအဆင့် - ရလဒ်များအား အသုံးပြုခြင်း - ကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြား၍ သင်ခန်းစာကို ပိတ်သိမ်းပါ။

## သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၁ - ကုဒ်သတ်မှတ်ခြင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်

ကုဒ်သတ်မှတ်ခြင်းဆိုသည်မှာ မေးခွန်းတစ်ခုအတွက် အဖြေများကိုစူးစမ်းခြင်း၊ အဓိပ္ပာယ်ဆင်တူမှုအလိုက် အမျိုးအစားခွဲခြားသည့်နည်းလမ်းများကိုရှာဖွေခြင်း၊ ယင်းသို့အမျိုးအစားကို ကိုယ်စားပြုသည့်စကားလုံးအချို့သတ်မှတ်ခြင်းစသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

# သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၁ - ကုဒ်သတ်မှတ်ခြင်း ဂိမ်း အပိုင်း ၁

**လမ်းညွှန်ချက်** - အောက်ပါမေးခွန်း၏ အဖြေများကို ကော်လံ ၁ တွင်ဖတ်ရှုပါ။ အမျိုးအစားအမည်များကို ကော်လံ ၂ တွင် ဖတ်ရှုပါ။ အဖြေနှင့်ယင်း၏သက်ဆိုင်ရာအမျိုးအစားအကြား မျဉ်းတစ်ကြောင်းရေးဆွဲပါ။

**မေးခွန်း** - သွားတိုက်ဆေးဖြင့် နေ့စဉ် သုံးကြိမ် သွားတိုက်သဖြင့် မည်သည့်ကောင်းကျိုးများရရှိသနည်း။

| ကော်လံ ၁ - အဖြေများ | ကော်လံ ၂ - အမျိုးအစားများ |
|---|---|
| a. အသက်ကြီးတာမြန်သလောက် သွားတွေဂါမလာပါ။ | 1. ကြည့်လို့ ပိုကောင်းမည်။ |
| b. သွားတိုက်ပါက သွားဖုံးရောက်ခြင်းမှ ကာကွယ်နိုင်သည်။ | |
| c. ခံတွင်းအနံ့အသက် ကောင်းမည်။ | |
| d. သွားအတွက် ဆေးကုစရိတ် အများအပြား ကုန်မည်မဟုတ်ပါ။ | |
| e. ကျွန်တော့်ချစ်သူက ကျွန်တော့်ကို နမ်းချင်လာမည်။ | 2. ပိုမိုကျန်းမာ သန့်စွမ်းသော သွားများ |
| f. နေ့လယ်စာစားပြီးရင် ကိုယ့်ကို လုပ်ဖော်ကိုင်ဖက်တွေက ရွံ့ရှာမှာ မဟုတ်တော့ပါဘူး။ | |
| g. သွားအခေါင်းပေါက်တွေ သိပ်မဖြစ်တော့ပါ။ | |
| h. သွားတွေမကျွတ်ထွက်တော့ပါ။ | |
| i. အမြစ်မှာ လိုက်စားတာမျိုး မဖြစ်တော့ပါ။ | |
| j. သွားတွေ တောက်ပလာလိမ့်မည်။ | |
| k. အခေါင်းပေါက်၊ အမြစ်ကလိုက်စားတာမျိုး အကုန်အကျများမယ့် အခြားသွားရောဂါတွေ ကင်းဝေးလာမည်။ | |
| l. ပိုမိုဖြူဖွင်း၍ ပိုမိုစွဲဆောင်မှုရှိသောသွားများ ပိုင်ဆိုင်လာမည်။ | 3. ပိုမိုကျန်းမာသော သွားဖုံးများ |
| m. ခံတွင်းမှအနံ့အသက် ပိုမိုကောင်းမွန်လာမည်။ | |
| n. သွားဆရာဝန်ထံတွင် သွားပေါက်ဖာရမှု နည်းသွားမည်။ | |
| o. ခံတွင်း အနံ့အသက်လန်းဆန်း၍ အနံ့ကောင်းလာမည်။ | |
| p. သွားဖုံးသွေးယိုခြင်း (သို့) သွားဖုံးရောဂါမဖြစ်တော့ပါ။ | |
| q. ခံတွင်းသန့်ရှင်းရေးပိုမိုကောင်းမွန်လာမည်။ | 1. ကောင်းမွန်သော |

| | | |
|---|---|---|
| r. | သွားအခေါင်းပေါက်ဖြစ်ခြင်းမှ ကာကွယ်နိုင်မည်။ | ကျန်းမာရေး |
| s. | သွားဆေးခန်းသွားရသဖြင့် ကုန်ကျစရိတ်နှင့်နာကျင်မှုတို့လျော့နည်းစေမည်ဖြစ်သည်။ | |

## သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၂ - ကုဒ်သတ်မှတ်သည့်ဂိမ်း အပိုင်း ၂

လမ်းညွှန်ချက် - အောက်ပါမေးခွန်း၏ အဖြေများကိုဖတ်ပါ။ မည်သည့်အဖြေများက ဆင်တူသည်ကို အဖွဲ့သားများနှင့်အတူ ဆုံးဖြတ်၍ အုပ်စုခွဲပါ။ ထို့နောက် အမျိုးအစားသတ်မှတ်ရန်နှင့်အခြားအမျိုးအစားများမှ ခွဲခြားရန် ဆင်တူသောအဖြေများကို ကုဒ်တစ်ခုသတ်မှတ်ပါ။ ရွေးချယ်ထားသော အမျိုးအစားများကို အမည်ပေး၍ ကားချပ်စာရွက်ပေါ်ရှိ အမျိုးအစားတစ်ခုစီ၏ကုဒ်အသီးသီး အောက်တွင် အဖြေများကို ရေးသားပါ။

မေးခွန်း - သွားတိုက်ဆေးဖြင့် နေ့စဉ် သွားတိုက်ရန် အဘယ့်ကြောင့် ခက်ခဲသနည်း။

ခရီးသွားသည့်အခါ ရံဖန်ရံခါ ရေကောင်းရေသန့်မရနိုင်သဖြင့် သွားမတိုက်ရပါ။

1. လုပ်ငန်းခွင်တွင် အလုပ်များလွန်းသည်။
2. လူမြင်ကွင်းမှာ သွားတိုက်လို့ မကောင်းပါ။
3. လုပ်ငန်းခွင်မှာ သွားတိုက်ဖို့အချိန်မရှိပါ။
4. လုပ်ငန်းခွင်မှာ သွားတိုက်တံမရှိပါ။
5. လုပ်ငန်းခွင်မှ ရေ၏အရည်အသွေးကို မယုံကြည်ရပါ။
6. အိပ်ရာဝင်နောက်ကျတတ်သဖြင့် အိပ်ရာမဝင်မီ ပင်ပန်းလွန်းသဖြင့် သွားမတိုက်နိုင်ပါ။
7. နေ့ဘက်တွင် လုပ်ငန်းခွင်ရောက်နေသဖြင့် သွားတိုက်ရန်ခက်ခဲပါသည်။
8. မနက်ခင်းများတွင် အမြဲအလျင်စလိုလှုပ်ရှားရသဖြင့် သွားတိုက်ရန် အချိန်များစွာမရပါ။
9. ရံဖန်ရံခါ သွားတိုက်ရန် မေ့နေတတ်သည်။
10. အိတ်ထဲတွင် သွားတိုက်တံထည့်သွားပါက အမွှေးအမျှင်များကပ်ညိနိုင်ပြီး သွားတိုက်ဆေးများက အိတ်ထဲတွင် ပေါက်ထွက်နိုင်သဖြင့် တစ်နေ့လျှင် (၃) ကြိမ်သွားတိုက်ရန် ခက်ခဲပါသည်။
11. နေ့ဘက်တွင် သွားတိုက်တံနှင့်သွားတိုက်ဆေးကို သယ်ဆောင်သွားရလိမ့်မည်။
12. နေ့ဘက်တွင် အလုပ်များသဖြင့် သွားတိုက်ရန် သတိရမည်မထင်ပါ။
13. အလုပ်ချိန်တွင်း၌ သွားတိုက်ရန် အချိန်မရပါ။
14. နေ့စဉ် နေ့ခင်းဘက်တွင် သွားတိုက်ရန်သတိရဖို့ မဖြစ်နိုင်ပါ။
15. လုပ်ငန်းခွင်တွင် သွားတိုက်ရခြင်း၊ အဆင်မပြေမှုများ (သွားတိုက်တံနှင့်သွားတိုက်ဆေးကို လုပ်ငန်းခွင်သို့ ယူဆောင်လာရခြင်း၊ သန့်စင်ခန်းတွင် လုပ်ဖော်ကိုင်ဖက်များရှေ့၌ သွားတိုက်ရခြင်း စသည်ဖြင့်) ကြုံတွေ့ရခြင်းတို့ ရှိလာမည်ဖြစ်သည်။
16. လုပ်ငန်းခွင်တွင် တစ်ကိုယ်ရည်သုံး မျက်နှာသစ်ကန် မရှိခြင်းက တစ်နေ့လျှင် (၃) ကြိမ် သွားတိုက်ရန် ခက်ခဲစေပါသည်။

## သင်ခန်းစာ ၁၂ ကားချပ်စာရွက် ၂ - နမူနာကုဒ်သတ်မှတ်နည်း လမ်းညွှန်/ကျင့်သုံးသူ-မကျင့်သုံးသူလေ့လာမှုရလဒ်များ ရေတွက်ရန်စာရွက်များ

| အဖြေများ | ကျင့်သုံးသူ # | ကျင့်သုံးသူ % | မကျင့်သုံးသူ # | မကျင့်သုံးသူ % |
|---|---|---|---|---|
| ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးခြင်းဖြင့် မည်သည့်ကောင်းကျိုးများရှိသနည်း။ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးခြင်းဖြင့် မည်သည့်ဆိုးကျိုးများ ရှိသနည်း။ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ - အမူအကျင့်ကိုကျင့်သုံးရန် အဘယ့်ကြောင့် ပိုမိုလွယ်ကူသနည်း။ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

| အဖြေများ | ကျင့်သုံးသူ # | ကျင့်သုံး သူ % | မကျင့်သုံး သူ # | မကျင့်သုံး သူ % |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ - အမူအကျင့်ကို ကျင့်သုံးရန် အဘယ့်ကြောင့် ပိုမိုခက်ခဲသနည်း။ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးပါက မည်သူက သဘောကျမည်/အားပေးမည်ဟု ထင်သနည်း။ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးပါက မည်သူက သဘောမကျမည်/အားမပေးမည်ဟု ထင်သနည်း။ | | | | |

| အဖြေများ | ကျင့်သုံးသူ # | ကျင့်သုံးသူ % | မကျင့်သုံးသူ # | မကျင့်သုံးသူ % |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရန် ရေတွက်မှတ်သားရမည့်စာရွက်နမူနာ

လမ်းညွှန်ချက် -

1. ကျင့်သုံးသူနှင့်မကျင့်သုံးသူများကပေးသည့် အဖြေများအကြား ကွာခြားချက်ကို တွက်ချက်ခြင်းဖြင့် အောက်ပါအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ပါ။ ရာခိုင်နှုန်းကွာခြားချက် ၁၅ နှင့်အထက်ရှိသည့် အဖြေများသည် အရေးပါမှုရှိသောအဖြေများဖြစ်ပါသည်။
2. မည်သည့်တွေ့ရှိချက်များက လက်တွေ့ဖြစ်နိုင်၍ လုပ်ငန်းရည်ရွယ်ချက်ရေးသားသင့်သည်ကို ဆုံးဖြတ်ရန် အဖွဲ့သားတစ်ဦးနှင့်အတူ ဆုံးဖြတ်ပါ။

**အမူအကျင့်** - အသက် ၀-၂၃ လသားအရွယ်ကလေးရှိသည့် မိခင်များသည် နေ့စဉ် အဓိကကျသော အချိန် ၅ ချိန်တွင် လက်ကို ဆပ်ပြာ သို့မဟုတ် ပြာဖြင့် ဆေးကြောကြသည်။

| | အဖြေများ | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) |
|---|---|---|---|
| **၁။ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးခြင်းဖြင့် မည်သည့်ကောင်းကျိုးများ ရှိသနည်း။** | | | |
| a. | Avoid diseases<br>ရောဂါကင်းဝေးမည်။ | 90 | 84 |
| b. | Be clean/hygiene<br>သန့်ရှင်းသည်၊ တကိုယ်ရည်သန့်ရှင်းမှု | 76 | 67 |
| c. | Feel comfortable with others<br>အများနှင့် အဆင်ပြေသည်ဟု ခံစားရသည်။ | 20 | 12 |
| d. | Be attractive<br>ဆွဲဆောင်မှုရှိသည်။ | 2 | 2 |
| e. | Remove bad smell<br>မကောင်းသည့် အနံ့အသက်များအား ဖယ်ရှားပေးသည်။ | 8 | 8 |
| **၂။ ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ - မည်သည့်အရာများသည် ထိုပြုမူလုပ်ဆောင်ပုံ၏ ဆိုးကျိုးများ ဖြစ်သနည်း။** | | | |
| a. | None<br>မရှိ။ | 71 | 84 |
| b. | Requires money<br>ငွေကြေးလိုအပ်သည်။ | 16 | 8 |
| c. | Takes time<br>အချိန်ယူသည်။ | 8 | 6 |
| d. | People think I'm lazy (don't work)<br>လူတွေက ကျွန်ုပ်အား ပျင်းရိသည်ဟု ထင်သည်။ (အလုပ်မလုပ်) | 2 | 4 |
| e. | Makes food taste strange/bad<br>ဟင်းကောင်းကောင်းမချက်တတ်၊ အရသာမရှိ။ | 10 | 30 |
| **၃။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ** - မည်သည့်အရာက ပြုမူလုပ်ဆောင်ပုံကို လွယ်ကူစေသနည်း။ | | | |

| အဖြေများ | | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) |
|---|---|---|---|
| a. | Access to water<br>ရေရရှိမှု | 82 | 69 |
| b. | Access to soap/money for soap<br>ဆပ်ပြာဝယ်ရန် ဆပ်ပြာ သို့ မဟုတ် ပိုက်ဆံ ရရှိမှု | 73 | 78 |
| c. | Access to ash<br>ပြာရရှိမှု | 33 | 16 |
| d. | Container for water<br>ရေထည့်ရန် ခွက် | 2 | 0 |
| e. | Having a reminder<br>သတိပေးချက် ရရှိမှု | 12 | 12 |
| f. | Habit/willingness/motivation<br>အလေ့အကျင့်၊ လုပ်ချင်စိတ်၊ စိတ်အားထက်သန်မှု | 18 | 6 |
| g. | Being aware/knowing how to wash correctly<br>မည်သို့ မှန်မှန်ကန်ကန် ဆေးကြောရမည်ကို သိရှိခြင်း | 22 | 14 |
| ၄။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ - မည်သည့်အရာက ပြုမူလုပ်ဆောင်ပုံကို ခက်ခဲစေသနည်း။ | | | |
| a. | No money to buy water<br>ရေဝယ်ရန် ပိုက်ဆံမရှိ | 51 | 35 |
| b. | No money to buy soap<br>ဆပ်ပြာဝယ်ရန် ပိုက်ဆံမရှိ | 73 | 78 |
| c. | No ash<br>ပြာမရှိ | 6 | 4 |
| d. | No time/too busy<br>အချိန်မရှိ၊ အလုပ်များ။ | 39 | 16 |
| ၅။ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ - ထိုသို့ ပြုမူလုပ်ဆောင်ရန် မည်သူ ခွင့်ပြု/ထောက်ကူ ပေးမည်နည်း။ | | | |
| a. | Health workers<br>ကျန်းမာရေး လုပ်သားများ | 63 | 51 |
| b. | My husband<br>ကျွန်ုပ်ခင်ပွန်း | 35 | 33 |
| c. | Neighbors<br>အိမ်နီးချင်းများ | 25 | 28 |
| ၆။ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ - ထိုသို့ ပြုမူလုပ်ဆောင်ရန် မည်သူ ခွင့်ပြု/ထောက်ကူ ပေးမည်နည်း။ | | | |
| a. | No one<br>မည်သူမျှ | 63 | 63 |
| b. | Elders/local leaders<br>ရပ်ရွာ လူကြီး၊ ရွာလူကြီး | 25 | 34 |
| c. | My husband<br>ကျွန်ုပ်ခင်ပွန်း | 33 | 55 |

| အဖြေများ | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) |
|---|---|---|
| **၇။ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် - ဝမ်းလျှောရောဂါသည့် မည်မျှဆိုးရွားသနည်း။** | | |
| a. Very bad<br>အလွန်ဆိုး | 88 | 88 |
| b. Somewhat bad<br>အနည်းငယ်ဆိုး | 10 | 8 |
| c. Not bad at all<br>လုံးဝမဆိုး | 2 | 4 |
| **၈။ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်** - ဝမ်းလျှောရောဂါကို ကျွန်ုပ် မည်ကဲ့သို့ ရရှိခံစားရနိုင်သနည်း။ | | |
| a. Very likely<br>အလွန်ပင်ဖြစ်နိုင်သည်။ | 78 | 30 |
| b. Somewhat likely<br>အနည်းငယ်ဖြစ်နိုင်သည်။ | 14 | 37 |
| c. Not likely<br>မဖြစ်နိုင်။ | 8 | 33 |
| **၉။ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ - ဝမ်းလျှောရောဂါ ကာကွယ်ရန် ဆပ်ပြာ သို့ မဟုတ် ပြာ ဖြင့် လက်ဆေးပါမည်လား။** | | |
| a. Yes<br>လုပ်မည်။ | 63 | 49 |
| b. Maybe<br>လုပ်ကောင်းလုပ်နိုင်သည်။ | 10 | 24 |
| c. No<br>မလုပ်ပါ။ | 27 | 27 |
| **၁၀။ လက်လှမ်းမီမှု - လိုအပ်သည့် ရေရရှိရန် မည်မျှခက်ခဲပါသနည်း။** | | |
| a. Very difficult<br>အလွန်ခက်ခဲ | 33 | 71 |
| b. Somewhat difficult<br>အနည်းငယ်ခက်ခဲ | 49 | 24 |
| c. Not difficult<br>မခက်ခဲ | 18 | 6 |
| **၁၁။ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ** | | |
| a. Very difficult<br>အလွန်ခက်ခဲ | 14 | 14 |
| b. A bit difficult<br>အနည်းငယ်ခက်ခဲ | 39 | 47 |
| c. Not difficult at all<br>လုံးဝ မခက်ခဲ | 47 | 39 |

## သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်မှုရရှိသောရလဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုနည်း လမ်းညွှန်

၁။ ကျင့်သုံးသူနှင့်မကျင့်သုံးသူရာခိုင်နှုန်းသက်သက်က အဓိပ္ပာယ်မပြည့်စုံသည်ကို သတိပြုပါ။ လူဦးရေ၏ X% က ပုံစံတစ်မျိုးဖြင့် စဉ်းစားလေ့ရှိသည်ဟု မဆိုနိုင်ပါ။ ယင်းသို့ဖြစ်ရသည်မှာ BA လူဦးရေအခြေပြုလေ့လာမှုမျိုးမဟုတ်သောကြောင့်ဖြစ်သည်။ ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား ကွာဟချက်သာလျှင် အလေးထားရန်လိုအပ်သည်။

၂။ ရာခိုင်နှုန်းအမှတ် ၁၅ နှင့်အထက်ရှိသည့် အဖြေများကိုသာလျှင် ဆက်လက်စူးစမ်းသင့်ပါသည်။ ကျင့်သုံးသူနှင့်မကျင့်သုံးသူအကြား ကွာဟမှု ပိုမိုကြီးမားလေ အဖြေက ပိုမိုအရေးပါလေဖြစ်သည်။

၃။ အရေးပါသောအဖြေတိုင်းအတွက်လည်း လုပ်ငန်းရည်ရွယ်ချက်ရေးသားရန် မလိုအပ်ပါ။

၄။ အကယ်၍ ကောင်းကျိုးနှင့်ပတ်သက်၍ မကျင့်သုံးသူများ၏အဖြေသည်များယွင်းနေပါက ယင်းအဖြေမျိုးကို အများအားဖြင့် လျစ်လျူရှုထားသင့်သည်။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ - ကလေးကို ဓာတ်ဆားရည်တိုက်ကျွေးခြင်းကြောင့် မည်သည့်ကောင်းကျိုးများရှိသနည်း။** | | |
| ဝှက်ဖျားဖြစ်ခြင်းမှ ကာကွယ်ပေးသည်။ | 0 | 20 |

၅။ မတူညီသောမေးခွန်း ၂ ခုအတွက် အဖြေများတွင် တူညီသော သို့မဟုတ် ဆင်တူသော အချက်အလက်များ ပါဝင်နေပါက လုပ်ငန်းရည်ရွယ်ချက်တစ်ခုကိုသာ ရေးသားပါ။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသောအရည်အချင်းများ -** နေ့စဉ် အဓိကကျသောအချိန် ၅ ချိန်တွင် လက်ဆေးရန် သင့်အတွက် မည်သည့်အခက်အခဲများရှိသနည်း။ | | |
| ဆပ်ပြာမရှိခြင်း | 23 | 55 |
| **၂။ လက်လှမ်းမီမှု -** လက်ဆေးရာတွင် ဆပ်ပြာလိုအပ်သည့်အခါတိုင်း ရရှိနိုင်ရန် မည်မျှ ခက်ခဲသနည်း။ | | |
| အလွန်ခက်ခဲ | 23 | 55 |
| အနည်းငယ်ခက်ခဲ | 40 | 30 |
| လုံးဝ မခက်ခဲ | 37 | 15 |

၆။ အလားတူပင် အဆုံးပိတ်မေးခွန်းများ (အပေါ်တွင်ကြည့်ပါ) တွင် အဖြေများအနက်တစ်ခုက အရေးပါနေပါက ကျန်အဖြေများအနက် အနည်းဆုံးတစ်ခု (ရံဖန်ရံခါ ၃ ခုလုံး) ကလည်း အရေးပါနေမည်ဖြစ်သည်။ ယင်းအခြေအနေမျိုးတွင် အဖြေအားလုံးကို အဓိပ္ပာယ်ဖွင့်ဆို၍ လုပ်ငန်းရည်ရွယ်ချက်တစ်ခုသာ ရေးသားပါ။

၇။ စိုးရိမ်မှုတစ်ခု (ရံဖန်ရံခါတွင် အမူအကျင့်ကို ကျင့်သုံးရန် အခက်အခဲဖြစ်စေသည့်အရာ) ကို ကျင့်သုံးသူများက ထုတ်ဖော်ပြောဆိုလာသော်လည်း အလားတူအခက်အခဲကို မကျင့်သုံးသူများက ပြောဆိုခြင်းမပြုပါက <u>နောက်ပိုင်းမှသာ</u> လက်တွေ့ဆောင်ရွက်နိုင်သော အဖြေတစ်ခုဖြစ်လာမည်ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ အခက်အခဲကို ကျော်လွှားရန် နည်းလမ်းတစ်ခုကို ကျင့်သုံးသူများက ရှာဖွေတွေ့ရှိထားသောကြောင့် ဖြစ်ပါသည်။ အောက်ပါနမူနာတွင် မကျင့်သုံးသူများက ဓာတ်ဆားစမ်းသုံးကြည့်ရန် စိတ်ဝင်စားမှုရှိလာပြီး ဓာတ်ဆားဖျော်စပ်ရန် သင့်တော်သောခွက်ကို ရှာဖွေလာသည်နှင့် စီမံကိန်းရေးဆွဲသူများသည် ယင်းအတားအဆီးကို ကျော်လွှားရန်အသင့်ဖြစ်နေရမည်ဖြစ်သည်။ ယင်းအဖြေမျိုးအတွက် လုပ်ငန်းရည်ရွယ်ချက်တစ်ခုရေးသားပါ။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသောအရည်အချင်းများ -** သင့်ကလေးတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့်အခါ ဓာတ်ဆားတိုက်ကျွေးရန် မည်သည့်အခက်အခဲများရှိသနည်း။ | | |
| အသုံးပြုရန်သင့်တော်သော ခွက်မရှိခြင်း | 20 | 0 |

၈။ သြဇာညောင်းသောအုပ်စုတစ်စုက အမူအကျင့်တစ်ခုကို သဘောကျသည်ဟု မကျင့်သုံးသူများကပြောသော်လည်း ကျင့်သုံးသူများက မပြောပါ ယင်းအဖြေအပေါ် အရေးယူဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ယင်းသို့ဖြစ်ရခြင်းမှာ အမူအကျင့်ကို ကျင့်သုံးလာစေရန် သြဇာညောင်းသောအုပ်စုက လှုံ့ဆော်မှုမပြုနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ အခြားအတားအဆီးတစ်ခုခုက အမူအကျင့်ကိုမကျင့်သုံးစေရန် ဟန့်တားနေခြင်းကြောင့်ဖြစ်သဖြင့် ယင်းအပေါ်တွင် အာရုံစိုက်သင့်သည်။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ -** သင့်ဥယျာဉ်တွင် မြေဆွေးမြေသြဇာအသုံးပြုခြင်းကို မည်သူက သဘောကျသနည်း။ | | |
| ကျွန်ုမ၏ခင်ပွန်း | 32 | 50 |

၉။ ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူက အတားအဆီးတစ်ခု (အခက်အခဲ) ကိုထုတ်ဖော်ပြောဆိုလာပြီး အဖြေက အရေးပါသည့်အဆင့်ရှိပါက ယင်းကို အများအားဖြင့် မှတ်သားထားသင့်သည့်အပြင် လုပ်ငန်းရည်ရွယ်ချက်တစ်ခု ရေးသားသင့်ပါသည်။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသောအရည်အချင်းများ -** တရိစ္ဆာန်မှရသော အသားဓာတ်ကြွယ်ဝသည့် အစားအစာများကို သင့်ကလေးအား ကျွေးရန် မည်သည့်အခက်အခဲရှိသနည်း။ | | |

| | | |
|---|---|---|
| အကုန်အကျများလွန်းသည် | 50 | 80 |

၁၀။ ဆိုးကျိုး/အားနည်းချက်အကြောင်း မေးခွန်းကို မကျင့်သုံးသူတစ်ဦးက 'မရှိပါ' ဟု ဖြေဆိုချက်အပေါ် အရေးယူဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် လုပ်ငန်းရည်ရွယ်ချက်ရေးသားရန် မသင့်ပါ။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ -** နေ့စဉ် အဓိကကျသောအချိန် ၅ ချိန်တွင် လက်ကို ဆပ်ပြာဖြင့်ဆေးသဖြင့် မည်သည့်ဆိုးကျိုးများရှိသနည်း။ | | |
| မရှိပါ။ | 50 | 80 |

၁၁။ "မည်သူက သဘောမကျသနည်း။" ဟူသော မေးခွန်းကို မကျင့်သုံးသူများက 'သဘောမကျသူ တစ်ယောက်မျှမရှိပါ' ဟူသောအဖြေသည် အရေးပါသော်လည်း အရေးယူဆောင်ရွက်၍ မရသဖြင့် လုပ်ငန်းရည်ရွယ်ချက်ရေးရန် မလိုအပ်ပါ။

| မေးခွန်း/အဖြေများ | ကျင့်သုံးသူ % | မကျင့်သုံးသူ % |
|---|---|---|
| **၁။ လူမှုထုံးစံဟုယူဆသောအရာများ -** သင် ကိုယ်ဂန်ဆောင်စောင့်ရှောက်မှု ၄ ကြိမ်ခံယူသည်ကို မည်သူက သဘောမကျသနည်း။ | | |
| No one | 50 | 80 |

## သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၅ - အတားအဆီးများရှာဖွေဖော်ထုတ်မှုအစီရင်ခံစာ ကောက်ကြောင်း

က။ နိဒါန်း (တစ်မျက်နှာ)

၁။ နောက်ခံအချက်အလက် (စီမံကိန်းနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ - တိုင်းပြည်၊ စီမံကိန်းဝင်မည့်နယ်မြေဒေသ၊ နေ့ရက်များ၊ အလှူရှင်(များ)၊ ရည်မှန်းချက်များ၊ ဦးတည်အုပ်စုများ၊ အားပေးမြှင့်တင်မည့်အမူအကျင့်များ၊ အမူအကျင့်ပြောင်းလဲမှုဆိုင်ရာ လတ်တလော လုပ်ငန်းများ/မဟာဗျူဟာ) နှင့်အမူအကျင့်ပြောင်းလဲမှုဒီဇိုင်းတွင် အပြောင်းအလဲလုပ်ရန် လိုအပ်သည့်အခြေအနေ

၂။ Formative Research ၏အခြားပုံစံကို အသုံးမပြုဘဲ အတားအဆီးများရှာဖွေဖော်ထုတ်နည်းကို အသုံးပြုရသည့် အကြောင်းရင်း (နောက်ဆက်တွဲများမှ DBC နှင့် BA များတွင် စာမျက်နှာ ၂ ခုစာ နိဒါန်းကို ထည့်သွင်းပေးနိုင်သည်)

ခ။ လူမှုရေးနှင့်အမူအကျင့်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာရေးဆွဲခြင်း

1. လုပ်ငန်းရည်မှန်းချက် (၁-၂ ပိုဒ်) - လေ့လာခဲ့သော အမူအကျင့်များအား ရွေးချယ်ခဲ့ပုံကိုလည်း ရှင်းပြပါ (ဖြေရှင်းတင်ပြချက်)
2. DBC နှင့် BA လေ့လာမှုအကြောင်းအရာ ဖော်ပြချက် (၁ ပိုဒ်) (အထက်တွင် မထည့်သွင်းထားပါက နောက်ဆက်တွဲများမှ ၂ မျက်နှာစာ ရှင်းလင်းချက်ကို စာဖတ်သူအား ညွှန်ပြပါ)
3. မေးခွန်းလွှာ(များ) ပုံစံထုတ်ခြင်း (၁-၂ ပိုဒ်) - မည်သူက ရေးဆွဲခဲ့သည်၊ ဘာသာပြန်မှုလုပ်ငန်း၊ အခက်အခဲရှိမရှိ၊ စမ်းသပ်အသုံးပြုမှု (နောက်ဆက်တွဲမှ မေးခွန်းလွှာများပါဝင်သည်)
4. အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းသင်တန်း (၁-၂ ပိုဒ်) (အချိန်ဇယား၊ တက်ရောက်သူဦးရေနှင့်ကိုယ်ရေးအကြောင်းအရာ) (နောက်ဆက်တွဲပါ တက်ရောက်သူအမည်များ)
5. ကွင်းဆင်းလုပ်ငန်း/အချက်အလက်ကောက်ယူခြင်း - (၁-၂ ပိုဒ်) - ကိုယ်စားပြုသူရွေးချယ်မှုစံနှုန်းများ၊ သွားရောက်မည့်နေရာများ၊ အချက်အလက်ကောက်ယူမည့်အဖွဲ့များ - နောက်ဆက်တွဲတွင် အမည်များ၊ အချက်အလက်ကောက်ယူမည့်အချိန်ဇယား၊ စိန်ခေါ်မှုများကို ရေးသားရန်
6. ကုဒ်သတ်မှတ်ခြင်း၊ ရေတွက်ခြင်းနှင့်တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၁-၂ ပိုဒ်) - မည်သည့်အချိန်တွင် ပြုလုပ်သည်၊ မည်သူက ပံ့ပိုးကူညီသည်၊ မည်သူတို့ပါဝင်ခဲ့သည်၊ မည်သည့်နေရာတွင် ပြုလုပ်သည်၊ စိန်ခေါ်မှုများရှိမရှိ၊ လေ့လာခဲ့သောအမူအကျင့်အသီးသီးအတွက် ကျင့်သုံးသူနှင့်မကျင့်သုံးသူဦးရေ (နောက်ဆက်တွဲမှ ဖြည့်စွက်ပြီး ရေတွက်ပြီးစာရွက်များ)
7. BA လေ့လာမှု၏ရလဒ်များ (ဇယားပုံစံက အကောင်းဆုံးဖြစ်သည် - ဦးတည်အုပ်စု၊ Determinant နှင့် အရေးပါသောဖြေဆိုချက်/ကုဒ်၊ လုပ်ငန်းရည်ရွယ်ချက်နှင့်ကွာဟချက်/p value၊ ထင်မြင်ချက်နှင့်ကွဲလွဲပြီး လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်သောတွေ့ရှိချက်များ)

**အတားအဆီးများရှာဖွေဖော်ထုတ်မှုလေ့လာချက်မှ အရေးပါသောတွေ့ရှိချက်များ (နမူနာ)**

| **အမူအကျင့် ဖော်ပြချက် နှင့် ဦးတည်အုပ်စု** | **Determinant/အရေးပါသော အဖြေ/ကုဒ်** | **ကွာဟချက် ဖြင့် အဆင့်သတ်မှတ်ခြင်း** | **လုပ်ငန်းရည်ရွယ်ချက်များ** |
|---|---|---|---|
| အသက် ၅ နှစ်အောက် ကလေးရှိသူ မိခင်များသည် လက်ကိုဆပ်ပြာဖြင့် နေ့စဉ် ၅ ကြိမ်ဆေးသည်။ | ဆိုးကျိုးများ<br>အစားအစာအရသာကို ဆိုးစေသည် | 20 | ဆပ်ပြာဖြင့်လက်ဆေးခြင်းဖြင့် (လက်ဖြင့်စားသော) အစားအစာအရသာကို ဆိုးစေသည်ဟူသော အမြင်လျော့နည်းလာစေရန် |
| | မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ/လက်လှမ်းမီမှု<br><br>ပြာရရှိနိုင်ခြင်းကြောင့် ပိုမိုလွယ်ကူစေသည်။ | 17 | လက်ဆေးရန် ပြာကိုပိုမို ရရှိနိုင်စေရန် |
| | ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ<br><br>ပြာဖြင့်လက်ဆေးခြင်းသည် ဆပ်ပြာဖြင့်ဆေးသကဲ့သို့ပင် ထိရောက်မှုရှိသည်။ | 25 | ပြာဖြင့်လက်ဆေးခြင်းသည် ဆပ်ပြာဖြင့်လက်ဆေးခြင်းကဲ့သို့ပင် ထိရောက်မှုရှိသည်ဟူသော အမြင်ပိုမိုများပြားလာစေရန် |

ဂ။ အမူအကျင့်ပြောင်းလဲမှုလုပ်ငန်းဖော်ပြချက် - မည်သည့်လုပ်ငန်း/များ ဖြစ်သနည်း။ ယင်းလုပ်ငန်း/များတွင် ပါဝင်သော အရာများက လုပ်ငန်းရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ပါသလား။ (အရေးပါသောတွေ့ရှိချက်အရေအတွက်ပေါ် မူတည်၍ စာမျက်နှာ ၂-၃)

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ - DBC Framework နှင့် BA လေ့လာမှုအတွက် စာမျက်နှာ ၂ မျက်နှာစာ ဖော်ပြချက်များ

နောက်ဆက်တွဲ - BA သင်တန်းအချိန်ဇယား

နောက်ဆက်တွဲ - အချက်အလက်ကောက်သူများ၊ အချက်အလက်ကောက်ယူသည့်အဖွဲ့များနှင့်အဖွဲ့ခေါင်းဆောင်များ

နောက်ဆက်တွဲ - အချက်အလက်ကောက်ယူမှုဇယား၊ နေ့စဉ် အဖွဲ့လိုက်သွားရောက်ခဲ့သော ရပ်ရွာများ

နောက်ဆက်တွဲ - ဖြည့်စွက်ပြီး DBC Framework များ

## သင်ခန်းစာ ၁၃ - အဆင့် ၇ - ဆုံးဖြတ်ချက်များချရန် ရလဒ်များကို အသုံးပြုခြင်း

**ရလဒ်အခြေပြု ရည်မှန်းချက်များ**

**ဤသင်ခန်းစာအဆုံးတွင် သင်တန်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်ပြီးဖြစ်မည်။ -**

- အချက်အလက်များမှ အနက်ပြန်ထားသည်များကို အခြေခံ၍ လုပ်ငန်းရည်ရွယ်ချက်ကို ရေးသားခြင်း။
- လုပ်ငန်းရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးမည့် အဆိုပြုထားသည့် လုပ်ငန်းများ
- (စီမံချက် စတင်သည့်လမ်းကြောင်းပေါ် ရောက်ပြီဟု ယူဆလျက်) အချက်အလက်ပေါ် အခြေခံ၍ ချနိုင်သော အခြား အကြံပြုထားသည့် ဆုံးဖြတ်ချက်များ

**အချိန်**

၂ နာရီ

သင်ထောက်ကူများ

- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၁ - အမူအကျင့်ပြောင်းလဲရေးမူဘောင်စာရွက်လွှတ်
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲရေးမူဘောင် ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ
- သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ -ဖြည့်စွက်ပြီး အမူအကျင့်ပြောင်းလဲရေးမူဘောင် နမူနာများ
- သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များ သတ်မှတ်ခြင်း
- သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - အဆုံးအဖြတ်ပေးနိုင်မှု အရှိဆုံးအရာများ နှင့် လုပ်ငန်းများ (အာဟာရ နှင့် NRM) ကို ကိုက်ညီစေခြင်း

### အဆင့်များ

1. နိဒါန်း

   1a. အတားအဆီးများရှာဖွေဖော်ထုတ်ရန် အဆင့် ခုနစ်ဆင့်တွင် မည်သည့်အဆင့်သို့ ရောက်နေကြောင်း သင်တန်းသားများအားမေးပါ။ (အဆင့် ၇ - ဆုံးဖြတ်ချက်များ ချမှတ်ရန် ရလဒ်များကို အသုံးပြုခြင်း) သုတေသနပြုလုပ်ပြီး၊ အချက်အလက်များကို အနက်ပြန် ပြီးသည်နှင့် သင်တန်းသားများသည် ယင်းတို့ကိုသုံးကာ ဆုံးဖြတ်ချက်များ ချမှတ်ရမည် ဖြစ်ကြောင်း ရှင်းပြပါ။

   1b. ယခုအခြေအနေတွင် မတူသော ရွေးချယ်မှုအချို့ရှိကြောင်း ရှင်းပြပါ။

   အကယ်၍ ၎င်းတို့သည် အမူအကျင့်ပြောင်းလဲရေးဗျူဟာသစ်တစ်ခုကို ရေးဆွဲနေပြီး၊ DBC Framework ကို အသုံးပြုနေပါက အကြောင်းအရာ သို့မဟုတ် လုပ်ငန်းရွေးချယ်မှုကို သရုပ်ဖော်ပေးသော လုပ်ငန်းရည်ရွယ်ချက်ကို ရေးသားရန် အချက်အလက်များကိုအသုံးပြုမည် ဖြစ်သည်။ (**သင်ခန်းစာ ၂**

လက်ကမ်းစာရွက် ၁ - DBC Framework စာရွက်လွှတ် ပါ အဆိုပါ ကော်လံနှစ်ကွက်ကို ပြသပါ။) ထိုသို့ဖြစ်ပါက လုပ်ငန်းရည်ရွယ်ချက် ရေးသားနည်း နှင့် ယင်းကို အမူအကျင့်ပြောင်းလဲမှု လုပ်ငန်းတစ်ခု ရွေးချယ်/ရေးဆွဲရန် မည်သို့အသုံးပြုရကြောင်းကို လေ့လာရန်အရေးကြီးသည်။

**မှတ်ချက်** - သင်တန်းသားအများစုမှ DBC ၅ ရက်တာ သင်တန်းကို တက်ရောက်ပြီးဖြစ်ပါက လုပ်ငန်းရည်ရွယ်ချက်ရေးသားနည်းကိုသာ အမြန်ဆန်းစစ်လေ့လာပါ။

2. လုပ်ငန်းရည်ရွယ်ချက်တစ်ခု ဆိုသည်မှာ အဘယ်နည်း။

2a. လုပ်ငန်းရည်ရွယ်ချက် အဓိပ္ပါယ်ဖွင့်ဆိုချက် နှင့် ရေးသားနည်းအား သင်တန်းသားများကို အသိပေးပါ။

**အဓိပ္ပါယ်ဖွင့်ဆိုချက် - လုပ်ငန်းရည်ရွယ်ချက်များ** – လုပ်ငန်းရည်ရွယ်ချက်များကို "သိသာမှုရှိသည်"[3] ဟု သတ်မှတ်သော formative research အတွင်း ဦးစားပေးအုပ်စုများဖြေဆိုခဲ့သော အဖြေများပေါ် အခြေခံထားခြင်းဖြစ်သည်။ ယင်းတို့သည် သုတေသနမှဖော်ထုတ်ထားသော ပြဿနာများကိုဖြေရှင်းရန် ပြုလုပ်သင့်သော အပြောင်းအလဲဆိုင်ရာ ပိုမိုတိကျသော ဖော်ပြချက်များပင်ဖြစ်သည်။ လုပ်ငန်းရည်ရွယ်ချက်များသည် အမြဲလိုပင် ဦးစားပေးအုပ်စုများအကြောင်းဖြစ်သောကြောင့် စကားလုံးသုံးစွဲရာတွင် ဦးစားပေးအုပ်စုများဟု ဖော်ပြရန် မလိုပေ။ ရွေးချယ်ထားသော အမူအကျင့်အတွက် သိသာမှုရှိသည်ဟု တွေ့ရှိထားသော အဆုံးအဖြတ်ပေးနိုင်မှုအရှိဆုံးအရာ (Determinant) တစ်ခုချင်းစီအတွက် လုပ်ငန်းရည်ရွယ်ချက်တစ်ခု ရေးသားလေ့ရှိသည်။ (ဥပမာ - "ဝမ်းပျက်ဝမ်းလျှောခြင်းသည် ကလေးတစ်ဦးအား အာဟာရချို့တဲ့စေသည်ဟူသော သိနားလည်မှုကို မြှင့်တင်ပါ")။

လုပ်ငန်းရည်ရွယ်ချက်သည် များသောအားဖြင့် ဦးတည်ချက်ပြ ကြိယာတစ်ခု (ဥပမာ - တိုးမြှင့်သည်။ လျော့နည်းသည်။ တိုးတက်သည်။ ခိုင်မာအားကောင်းစေသည်။) ဖြင့် စတင်လေ့ရှိပြီး၊ ရံဖန်ရံခါတွင် ဦးစားပေးအုပ်စု၏ သိနားလည်မှုအမြင်ကို ပြောင်းလဲရန် အဆိုပြုထားသည်။ ၎င်းကို ရာခိုင်နှုန်းဖြင့် ဖော်ပြလေ့မရှိပေ။

**လုပ်ငန်းရည်ရွယ်ချက် ရေးဆွဲပုံအဆင့်ဆင့်**

- ဦးတည်ချက်ပြ ကြိယာ + ..သိနားလည်မှု သို့မဟုတ် ... ရန် စွမ်းရည် သို့မဟုတ် ...ဆိုင်ရာ စွမ်းရည်

[3] "က်င့္သံုးသူ" ႏွင့္ "မက်င့္သံုးသူ" မ်ားၾကား ရာခိုင္ႏႈန္း ကြာဟမႈ ၁၅ မွတ္ရွိပါက အေျဖတစ္ခုကို "သိသာမႈရွိသည္" ဟု သတ္မွတ္သည္။

- ဥပမာ - ဆေးစိမ်ထားသော ခြင်ထောင် (ITN) အောက်တွင် အိပ်စက်ခြင်းသည် ငှက်ဖျားရောဂါရခြင်းကို ရှောင်ရှားရန် ကောင်းသော နည်းလမ်းတစ်ခုဖြစ်သည်ဟူသောအမြင်ကို တိုးမြှင့်ပါ။ (လုပ်ဆောင်မှု အရည်အချင်း)

- ဥပမာ - မွေးကင်းစကလေးများအား မိခင်နို့သာတိုက်ကျွေးရန် မိခင်၏ ဥပဒေအရအတည်ပြုမှုအား လက်ခံမှုအမြင်ကို တိုးမြှင့်ပါ။ (လူမှုစံနှုန်းများ)

2b. လုပ်ငန်းရည်ရွယ်ချက်တစ်ခုသည် determinant တစ်ခုသွားရာ ဦးတည်ချက်ကို ပို၍ အသေးစိတ်ဖော်ပြချက်တစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ လုပ်ငန်းရည်ရွယ်ချက်တစ်ခုကို ရေးသားရန်လိုအပ်သော အချက်အလက်များသည် formative research ရလဒ်များမှ ရရှိခြင်းဖြစ်သည်။ လုပ်ငန်းရည်ရွယ်ချက်ကို formative research မပြုလုပ်ဘဲ ရေးသား၍မရပေ။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းရည်ရွယ်ချက်သည် determinant နှင့်လုပ်ငန်းကြား ချိတ်ဆက်မှုတစ်ခု ဖြစ်သလို determinant တစ်ခုရှိ စီစဉ်ထားသော အပြောင်းအလဲကြားလည်း အချိတ်အဆက်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။

2c. သင်တန်းသားများအားမေးရန် - determinant ဆိုင်ရာ အသိကိုသာအခြေခံ၍ လုပ်ငန်းများကို ရေးသားရန်နှင့် လုပ်ငန်းရည်ရွယ်ချက်များရေးသားခြင်းကို မပြုလုပ်ရန် အဘယ်ကြောင့် မဖြစ်နိုင်ရသနည်း။ အဖြေများတွင် အောက်ပါတို့ပါဝင်သင့်သည် - determinant များနှင့်စပ်လျဉ်း၍ မည်သို့ပြုလုပ်ရမည်ကို မသိသေးသောကြောင့် သို့မဟုတ် determinant ၏ မည်သည့်ရှုထောင့်များဖြင့် လုပ်ငန်းများကို ရေးဆွဲရန် မသိသေးသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် သင်၏ formative research တွင် လက်လှမ်းမီမှု ကို အရေးကြီး determinant အဖြစ် တွေ့ရှိပြီး ရလဒ်များကို ရှေ့ဆက်မလေ့လာပါက မှားယွင်းသော လက်လှမ်းမီမှု အမျိုးအစားအတွက် လုပ်ငန်းဖော်ဆောင်ကောင်းဖော်ဆောင်မိနိုင်သည်။ လေ့လာမှုပြီးသည်နှင့် determinant များကို အလေးထားမှုမှ ဦးစားပေးအုပ်စုများ၏အဖြေများကို အလေးထားမှုအဖြစ် ပြောင်းလဲသွားသည်။

2d. သင်တန်းသားများအား [သင်ခန်းစာ ၂ လက်ကမ်းစာရွက် ၃ - ဖြည့်စွက်ပြီး DBC Framework နမူနာများ] ကို ပြန်လည် ရည်ညွှန်းပြီး၊ ၎င်းတို့အား determinant များနှင့် ဆက်စပ် လုပ်ငန်းရည်ရွယ်ချက်များကို ဖတ်ခိုင်းပါ။ ကျွန်ုပ်တို့သည် အကြောင်းအရာတစ်ခုခုကို "တိုးမြှင့်မည်။ တိုးတက်စေမည်။ လျှော့ချမည်။ လျှော့နည်းစေမည်။ သို့မဟုတ် ခိုင်မာအားကောင်းစေမည်" တို့ကို ပြုလုပ်ခြင်းရှိမရှိ လုပ်ငန်းရည်ရွယ်ချက်မှ ရံဖန်ရံခါ သိရှိစေကြောင်း အလေးပေးပြောကြားပါ။ ယင်းသည် မည်သည့်ဦးတည်ချက်သို့ determinant ကို ကျွန်ုပ်တို့မှသက်ရောက်စေလိုကြောင်း သိစေမည်ဖြစ်သည်။

2e. Determinant အမျိုးစုတို့သည် ဦးစားပေးပရိသတ် အကြောင်းအရာတစ်ခုခုအပေါ် အမြင်များ ဖြစ်သောကြောင့် "သိနားလည်မှု" ဟူသောစကားလုံးကို အသုံးပြု၍ လုပ်ငန်းရည်ရွယ်ချက်များကို ရေးသားကြောင်း ရှင်းပြပါ။ ချွင်းချက်တစ်ခုမှာ '..ရန် စွမ်းရည်ကို တိုးမြှင့်ခြင်း' ဟူ၍ လုပ်ငန်းရည်ရွယ်ချက်ကို ရေးသားထားသည့် မိမိတွင်ရှိသည်ဟု ယူဆသော အရည်အချင်းများပင် ဖြစ်သည်။ အချို့လူများသည် လုပ်ငန်းနှင့် လုပ်ငန်းရည်ရွယ်ချက်များကို ရောထွေးနေကြောင်း၊ ၎င်းတို့သည် မတူညီကြောင်း ရှင်းပြပါ။ လုပ်ငန်းများသည် ပုံမှန်အားဖြင့် လုပ်ဆောင်ချက်ကြိယာ တစ်ခုဖြင့် စတင်လေ့ရှိသည်။ လုပ်ငန်းရည်ရွယ်ချက်များသည် ပို၍ ယေဘုယျဆန်ပြီး၊ စီစဉ်ရေးဆွဲသူအား ဖြစ်နိုင်ခြေရှိသော လုပ်ငန်းများစွာကြားတွင် ရွေးချယ်ခွင့်ပြုထားသည်။ လုပ်ငန်းတစ်ခုကို စိတ်ကူးထားပြီး လုပ်ငန်းရည်ရွယ်ချက်ကို မရေးသင့်ပေ။ ထိုသို့ရေးသားခြင်းဖြင့် ပြဿနာကိုဖြေရှင်းရန် ရွေးချယ်စရာနည်းလမ်းအရေအတွက်ကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။

2f. သင်တန်းသားများအား အဖွဲ့ငယ်များအဖြစ်ခွဲလိုက်ပြီး၊ သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များကို ရေးသားခြင်း ကို ကြည့်ခိုင်းပါ။ ဘယ်ဘက်အကွက်ရှိ ကုဒ်များသည် လုပ်ငန်းရည်ရွယ်ချက်များကို ရေးသားရန်လိုအပ်သည့် formative research ရလဒ်များပင်ဖြစ်ပြီး၊ အလယ်ရှိအကွက်များသည် ထိုအဆိုပြုချက်နှင့်ဆက်စပ်နေသော determinant ကိုဖော်ပြကြောင်း ရှင်းပြပါ။ အဖွဲ့တစ်ဖွဲ့စီအား သတ်မှတ်ထားသော အဆိုပြုချက်များ/ကုဒ်များ တာဝန်ခွဲပေးလိုက်ပြီး၊ တာဝန်ပေးထားသော ကုဒ်အတွက် လုပ်ငန်းရည်ရွယ်ချက်တစ်ခုကို ရေးခိုင်းပါ။ သင်တန်းတစ်ခုလုံးနှင့်အတူ ပြန်လည်ဆန်းစစ်ပြီး၊ အဖြေများကို အမှန်ပြင်ပါ။ မေးခွန်းများကို လက်ခံပါ။ (လေ့ကျင့်ခန်း၏ အဓိကအချက်ကို နောက်ဆက်တွဲ ၁၃ တွင် တွေ့နိုင်သည်။)

2g. သင်တန်းသားများအားရှင်းပြရန် - လုပ်ငန်းရည်ရွယ်ချက်များကို ရေးပြီးသောအခါတွင် နောက်တစ်ဆင့်မှာ ၎င်းတို့ကို ဖြေရှင်းမည့် လုပ်ငန်းများကို ရွေးချယ်ရန် သို့မဟုတ် ရေးဆွဲရန် ဖြစ်သည်။ တစ်ခါတစ်ရံတွင် မတူသည့်လုပ်ငန်းသစ်များလိုအပ်သောကြောင့် ယခုအချိန်သည် သင်၏ ဖန်တီးမှုကောင်းသော စွမ်းရည်အားလုံးကို စုစည်းထားရန်လိုအပ်သည့် အချိန်ပင်ဖြစ်သည်။ DBC သင်တန်းတွင် လုပ်ငန်းနှင့်စပ်လျဉ်းသော သီးခြားသင်ခန်းစာပါသော်လည်း ထိုကဲ့သို့ အသေးစိတ် လေ့လာရန် ကျွန်ုပ်တို့တွင် အချိန်မရှိပေ။ လုပ်ငန်းရည်ရွယ်ချက်များ (နှင့် determinant များ) နှင့်ဆက်စပ်နေသော လုပ်ငန်းများကို ရွေးချယ်သည့် သဘောတရားကို အနည်းငယ်သိရှိနိုင်ရန် ကိုက်ညီသည့်ကစားနည်းတစ်မျိုးကို ကစားရအောင်။

- သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - Determinant နှင့် လုပ်ငန်းများကို ကိုက်ညီစေခြင်း ကို လူတိုင်းအားပေး၍ (လက်ကမ်းစာရွက် နှစ်ခုရှိပြီး၊ တစ်ရွက်သည် ကျန်းမာရေး/အာဟာရ နယ်ပယ်မှ လူများအတွက် ဖြစ်ပြီး၊ တစ်ရွက်မှာ စိုက်ပျိုးရေးနယ်ပယ်မှ လူများအတွက် ဖြစ်သည်) သင်တန်းသားများအား တစ်ဦးချင်းလေ့လာပါစေ။ သင်တန်းသားများအား လုပ်ငန်းများနှင့်

အကိုက်ညီဆုံးဖြစ်သော determinant များကို တွဲဖက်ခိုင်းပါ။ (ရည်ရွယ်ချက်များကို "နားလည်ထားသည်။")

– လူတိုင်းမှ လေ့ကျင့်ခန်းကို ပြီးစီးပါက ကပ်လျက်ရှိသူအား မျှဝေပြောကြားခိုင်းပါ။ Annex 14 ကို သုံး၍ အဖြေများကိုစစ်ပြီး မေးခွန်းများမေးလာပါက ဖြေကြားပေးပါ။

2h. သင်တန်းသားများနှင့် ဆွေးနွေးရန် - DBC Framework ကို ဖြည့်စွက်ရန် formative research အချက်အလက်များကို အသုံးပြုခြင်းအပြင် အချက်အလက်များမှ သရုပ်ဖော်၍ သင်ချမှတ်ရသော အခြားဆုံးဖြတ်ချက်များလည်းရှိသည်။ ယင်းတို့သည် မည်သည်တို့ဖြစ်နိုင်သနည်း။ အဖြေများတွင် - ဦးစားပေးအုပ်စုများ၏ အထူးလိုအပ်ချက်များ/အတားအဆီးများအတွက် သီးခြား သင်ရိုးတစ်ခု စီစဉ်ခြင်း၊ အချက်အလက်များ/လုပ်ငန်းရည်ရွယ်ချက်များကိုအခြေခံသော ရုပ်မြင်သင်ထောက်ကူများ ဖန်တီးခြင်း၊ determinant အခြေပြုသော အထူးသတင်းစကားများ ဖန်တီးခြင်း နှင့် အခြားစိတ်ကူးများ ပါဝင်နိုင်သည်။

3. သင်ခန်းစာနိဂုံး

3a. အမူအကျင့်ပြောင်းလဲရေးဗျူဟာကို သရုပ်ဖော်ရန် ကောက်ယူထားသည့်အချက်အလက်များမှ တွေ့ရှိချက်များကို အသုံးချခြင်းသည်သည် အလွန်အရေးကြီးသည့်အဆင့်ဖြစ်ကြောင်း ထပ်မံပြောကြားခြင်းအားဖြင့် သင်ခန်းစာကို အဆုံးသတ်ပါ။ Formative research ထံမှ အချက်အလက်များကို အသုံးရန် နည်းလမ်းများစွာရှိသော်လည်း နည်းလမ်းတစ်ချို့ကိုသာ အသုံးပြုရမည်ဖြစ်သည်။

## သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များကို ရေးသားခြင်း

**လမ်းညွှန်ချက်အဆင့်ဆင့် - တုံ့ပြန်ဖြေဆိုမှု ကုဒ်တစ်ခုချင်းစီအတွက် အနည်းဆုံးအနေဖြင့် ရွေးချယ်ထားသော အမူအကျင့်နှင့် ဆိုင်သည့် လုပ်ငန်းရည်ရွယ်ချက်တစ်ခု ကိုရေးသားပါ။**

| Formative research ထံမှ တုံ့ပြန်ဖြေဆိုမှုများ/ကုဒ်များ | Determinant | လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 1. ကွန်တိုတွင်မည်သို့ထည့်ရမည်ကို မသိပါ။ | မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ | |
| 2. ယောက္ခထီးမှ မြေသြဇာအသုံးပြုခြင်းကို လက်ခံဟု လယ်သမားမှ ထင်သည်။ (ငွေကုန်၊ အားကုန်ရန် မထိုက်တန်) | လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ | |
| 3. လယ်ကွက်များကို မီးမရှို့ပါက အင်းဆက်များပိုများလာမည်။ | ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ | |
| 4. ဆေးခန်းဝန်ထမ်းများသည် ဆိုးရွားသည် (ဂရုစိုက်စေလိုခြင်း) | လက်လှမ်းမီမှု ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ | |
| 5. အိမ်ပြင်ပ၌ အလုပ်လုပ်နေစဉ် နို့တိုက်၍ မရနိုင်ပါ။ | မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ | |
| 6. ပေါင်းပင်များကို မမှတ်မိပါ။ | မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ | |

| Formative research ထံမှ တုံ့ပြန်ဖြေဆိုမှုများ/ကုဒ်များ | Determinant | လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 7. ဖြန့်ဝေသည့် ရက်စွဲကို မမှတ်မိပါ။ (မျိုးစေ့ အသုံးပြုမှု တိုးတက်ကောင်းမွန်သည်။) | စတင်ရန် အချက်ပြခြင်း/ သတိရစေသည့် အရာများ | |
| 8. မွေးစအလေးချိန်ဖြင့် အာဟာရ ရလဒ်ကို ခန့်မှန်းနိုင်သည်။ (ကောင်းသော မွေးစအလေးချိန် = အာဟာရချို့တဲ့နိုင်ခြေမရှိခြင်း) | ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း | |
| 9. မစင်များ/ ရေအိမ်စွန့်ပစ္စည်းများကို ဖုံးအုပ်ရန် သမာကျမ်းစာမှ ခွင့်ပြုသည်။ | ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း | |
| 10. ကလေးအား ကာကွယ်ဆေးထိုးရန် ယခင်အပါတ်က ခေါ်သွားသော်လည်း ကလေးတစ်ဦးတည်းအတွက် ဆေးရည်ပုလင်းကို မဖွင့်နိုင်ကြောင်း ပြောခဲ့သည်။ (ဆေးရည်ပုလင်းကိုဖွင့်ရန် ကလေး ၁၀ ဦးလိုအပ်သည်) | မူဝါဒ | |
| 11. ဤနေရာတွင် အမျိုးသားများ နှင့်အမျိုးသမီးများသည် မိသားစု အစီအစဉ်များကို မဆွေးနွေးကြပါ။ | ယဉ်ကျေးမှု | |
| 12. သစ္စာရှိရန် အလွန်ခက်ခဲသည်။ | ကိုယ်ပိုင်အရည်အချင်း/ စွမ်းရည်များ | |
| 13. လင်ယောကျ်ားမှ ငွေရသီးနှံများကို ပိုမိုစိုက်ပျိုးလိုသည်။ (အိမ်စားသုံးမှုအတွက် ဟင်းသီးဟင်းရွက်များမဟုတ်ပါ။) | လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ | |
| 14. လိုလားသော ကိုယ်ဝန်တားဆေး ကုန်နေသည်။ | လက်လှမ်းမီမှု | |

| Formative research ထံမှ တုံ့ပြန်ဖြေဆိုမှုများ/ကုဒ်များ | Determinant | လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 15. ဆိုင်လိုသည့် ကြွက်ပြန့်ပွားမှုကို ဘုကွယ်ပေးသည်။ | ကောင်းကျိုးဟု ထင်မြင်ယူဆသော အရာများ | |
| 16. အနီးတွင် တိမွေးကု ရှိသည် (တိရိစ္ဆာန် ကုသနည်း) | လက်လှမ်းမီမှု | |
| 17. အသက်ရှုမှုကို စစ်ဆေးနည်းအား မမှတ်မိခြင်း (အသက်ရှုလမ်းကြောင်းပိုးဝင်ခြင်း (ARI)/ ဂရုစိုက်မှု လိုလားခြင်း) | စတင်ရန် အချက်ပြခြင်း/ သတိရစေသည့် အရာများ | |
| 18. အားဖြည့်စာကျွေးခြင်းသည် အချိန်များစွာ ကုန်သည်။ | ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ | |
| 19. ကိုယ်အလေးချိန်ကျခြင်းသည် ပြင်းထန်သောကိစ္စမဟုတ်ပါ။ (ကျွန်ုပ် ကိုယ်အလေးချိန်ကျဆင်းသော်လည်း အဆင်ပြေခဲ့သည်။) | အခြေအနေဆိုး ရှားနိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း | |
| 20. သီးနှံရိတ်သိမ်းခြင်းသည် ဘုရားသခင် အလိုအတိုင်းဖြစ်သည်။ | ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း | |
| 21. စားနပ်ရိက္ခာ ထောက်ပံ့မှုရစေရန် နို့တိုက်ခြင်းကို ရပ်တန့်သည်။ (အာဟာရ မပြည့်ဝသည့် မွေးကင်းစကလေးများသာ စားနပ်ရိက္ခာ ထောက်ပံ့မှု ရသည်) | မူဝါဒ သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများ | |

## သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - Determinant ကို လုပ်ငန်းများနှင့် တွဲဖက်ခြင်း

**လမ်းညွှန်ချက် အဆင့်ဆင့် - ဇယားနှစ်ခုလုံးတွင်** Determinants[4] များကို သက်ဆိုင်ရာ လုပ်ငန်းများနှင့် တွဲဖက်ပါ။

### အာဟာရ လုပ်ငန်းများ

| လုပ်ငန်း | Determinant |
|---|---|
| A. မစင်ပုံအနီးတွင် အစားအစာများကို မဖုံးအုပ်ဘဲ ထားပါက ဖြစ်မည့်အရာကို သရုပ်ဖော်ပါ။ | 1. မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်း |
| B. PD/မီးပြခြင်း မတိုင်မီနှင့်အပြီးတွင် မိခင်များအား ၎င်းတို့၏ ကလေးငယ်များပုံကို ပြသခြင်း။ | 2. လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ |
| C. ဟင်းချက်ဆီကို ဗိုက်တာမင် A ဖြင့် အားဖြည့်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပေးရန် စက်မှုဝန်ကြီးဌာနနှင့် အတူ လုပ်ဆောင်ခြင်း။ | 3. ကောင်းကျိုးဟု ထင်မြင်ယူဆသော အရာများ |
| D. ခြေနင်းရေတုံကင်တွင် ဆပ်ပြာကို ကြိုးဖြင့် ချည်ခြင်း။ | 4. ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ |
| E. ဝမ်းပျက်ဝမ်းလျှောရောဂါ ကုသရန် ဆေးခန်းသို့ ပို့ဆောင်ရသည့် ကလေးအရေအတွက်ကို စစ်တမ်းကောက်ခြင်း။ | 5. လက်လှမ်းမီမှု |
| F. အာဟာရချို့တဲ့သည့်ကလေး ရာခိုင်နှုန်းမြင့်မားမှုကို ပြသည့် ရပ်ရွာ ကြီးထွားမှု စောင့်ကြည့်လေ့လာခြင်း။ | 6. စတင်ရန် အချက်ပြခြင်း/ သတိရစေသည့် အရာများ |
| G. ဉယျာဉ်သုံးကိရိယာများ ဖြန့်ဝေပေးခြင်း၊ ပြင်ပနေရာထိ ကြီးထွားမှု စောင့်ကြည့် လေ့လာခြင်းနှင့် မြှင့်တင်ရေး လုပ်ငန်း | 7. ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/ အန္တရာယ် |
| H. PD/မီးပြ၍ နှစ်ပတ်အကြာတွင် ကလေးကို | 8. အခြေအနေဆိုးရွားနိုင်ခြေ |

[4] လက်တွေ့တွင် အတားအဆီးများ ရှာဖွေဖော်ထုတ်လေ့လာမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အမူအကျင့် ပြောင်းလဲရေးလုပ်ငန်းများသည် determinant မဟုတ်ဘဲ ဖန်တီးထားသော ကုဒ်များကို ပြေလည်စေသည်။

| | |
|---|---|
| ကိုယ်အလေးချိန်ချိန်ခြင်း | ရှိသည်ဟု ထင်မြင်ယူဆခြင်း |
| I. သင့်လျော်စွာ ကျွေးမွေးခြင်း၏ ရလဒ်များကို ဖခင်တို့အားပြသရန်နှင့် ဆက်လက်ကျွေးမွေးရန် အထောက်အပံ့ရစေရန်အတွက် PD/မီးပြသည့် နောက်ဆုံးအချိန်သို့ ဖခင်များအား ဖိတ်ခေါ်ပါ။ | 9. ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ |
| J. မိခင်များမှ BF အခက်အခဲများကို ကျော်လွှားနိုင်ရန် အချင်းချင်းကူညီပေးသော နို့တိုက်ခြင်းအပေါ် အထောက်အကူပေးသည့် အဖွဲ့များ။ | 10. ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း |
| K. ယနေ့ခေတ်မိခင်များကို "ခေတ်ဟောင်း နည်းလမ်းများ" သတိပေးရန်အတွက် ယခင်အချိန်က မိခင်များသည် ၎င်းတို့၏ ကလေးများကို နေရာတိုင်း ချီသွားရပုံအကြောင်း အသက်ပိုကြီးသော အမျိုးသမီးများနှင့် ဆွေးနွေးခြင်း။ | 11. မူဝါဒ |
| L. ကျားမမခွဲခြားသော တန်းတူကျွေးမွေးရေး အလေ့အကျင့်များကို ထောက်ခံရန် ဘာသာရေး ခေါင်းဆောင်များနှင့်အတူလုပ်ဆောင်ခြင်း၊ တရားဒေသနာဖော်ပြချက်များကို ထုတ်ခြင်း။ | 12. ယဉ်ကျေးမှု |

### စိုက်ပျိုးရေး နှင့် NRM လုပ်ငန်းများ

| လုပ်ငန်း | Determinant |
|---|---|
| M. သစ်ပင်အားလုံးကိုခုတ်လိုက်သောအခါ မြေကြီးမည်သို့ဖြစ်ကြောင်း လေ့လာရန် ရွာအတွင်းလမ်းလျှောက်ကြည့်ခြင်း | 1. မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်း |
| N. တရားမဝင် ထုတ်ကုန်များတင်သွင်းခြင်းကို ကန့်သတ်သည့် ပိုးသတ်ဆေးများနှင့်ဆိုင်သော ထိန်းချုပ်မှုများ နှင့်လုပ်ထုံးလုပ်နည်းများကို အသိပညာပေးခြင်း | 2. လူမှုထုံးစံဟု ထင်မြင်ယူဆသော အရာများ |
| O. မျိုးစေ့များနှင့်ကိရိယာများကို ရောင်းချပေးရန် | 3. ကောင်းကျိုးဟု |

| | |
|---|---|
| ဒေသတွင်းဈေးဆိုင်များကို ဆွဲဆောင်ခြင်း။ Ag စေတနာ့ဝန်ထမ်းများသည် အရည်အသွေး ကောင်းသော မျိုးစေ့များကို အမြောက်အမြား ဝယ်ယူ၍ တတ်နိုင်သည့် ပမာဏဖြင့် လယ်သမားများကို ရောင်းချသည်။ | ထင်မြင်ယူဆသော အရာများ |
| P. စိုက်ပျိုးနည်းသစ်များကို ကျင့်သုံးခြင်း၏ အကျိုးကျေးဇူးများကို ကျေးရွာ လူကြီးသူမများနှင့် လယ်သမားများ၏ ဇနီးမယားများကို ရှင်းပြခြင်း။ | 4.ဆိုးကျိုးဟု ထင်မြင်ယူဆသော အရာများ |
| Q. သီးနှံအလှည့်ကျစိုက်ပျိုးခြင်း နှင့် 'မြေယာအနားပေးခြင်း' တို့သည် ၎င်းတို့၏ မြင့်မြတ်သော သမ္မာကျမ်းပါ အကြံပြုချက်များနှင့်လည်း ကိုက်ညီကြောင်း လယ်သမားများသိရှိစေရန်အတွက် ဘာသာရေးခေါင်းဆောင်များနှင့်အတူ လုပ်ဆောင်ပါ။ | 5.လက်လှမ်းမီမှု |
| R. မြေပြိုမှုပြဿနာကို ခံစားရသော လယ်သမား ရာခိုင်နှုန်းနှင့်စပ်လျဉ်း၍ လယ်သမားစစ်တမ်း ကောက်ယူရန်။ | 6.စတင်ရန် အချက်ပြခြင်း/ သတိရစေသည့် အရာများ |
| S. သီးနှံနှိုင်းယှဉ်ခြင်း - မျိုးစေ့သစ်များပါသော သီးနှံ နှင့် မပါသော သီးနှံ | 7.ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/ အန္တရာယ် |
| T. သစ်ပင်စိုက်ခြင်း၊ ဒရစ်ရေသွင်းစိုက်စနစ်ကို တပ်ဆင်ခြင်း၊ စသည်တို့ကဲ့သို့ စွမ်းရည်အသစ်များကို အသုံးပြုရန် လက်တွေ့ သရုပ်ဖော်ပြသခြင်း နှင့် လက်တွေ့လုပ်ဆောင် လေ့ကျင့်ခြင်း | 8.အခြေအနေဆိုးရွားနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း |
| U. မြေပြိုသည့်အတိုင်းအတာနှင့်စပ်လျဉ်း၍ လယ်သမား စစ်တမ်းကောက်ခြင်း (မြေပြိုသည့် ပြဿနာကို လယ်သမား ရာခိုင်နှုန်း မည်မျှခံစားရသနည်း။) | 9.ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ |
| V. နှစ်အလိုက် တွေ့ကြုံခဲ့ရသည့် အပြောင်းအလဲများ အားလုံး နှင့် ယင်းတို့ကို | 10.ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း |

| | |
|---|---|
| မည်သို့ လိုက်လျောညီထွေ ပြင်ဆင်ခဲ့ကြောင်း ဖော်ထုတ်ရန် ရပ်ရွာတွင်းရှိ လယ်သမားပေါင်းများနှင့် ဆွေးနွေးခြင်း။ | |
| W. စိုက်ပျိုးသည့် အတန်းများကြား အကွာအဝေးကို ပြသသည့် မြင်ထောက်ကူ | 11.မူဝါဒ |
| X. အိမ်တွင်းဥယျာဉ်တစ်ခု စိုက်ပျိုးထားပြီး၊ စားရန် ဟင်းသီးဟင်းရွက်ပေါများရုံမကဘဲ ရောင်းချခြင်းမှ ဝင်ငွေလည်းရရှိသည့် မိသားစုများ၏ ဖြစ်ရပ်လေ့လာမှု။ | 12.ယဉ်ကျေးမှု |

## သင်ခန်းစာ ၁၄ - အပိတ်သင်ခန်းစာ

**ရလဒ်အခြေပြု ရည်ရွယ်ချက်များ**

ယခုသင်ခန်းစာအဆုံးတွင် သင်တန်းသားများသည် အောက်ပါတို့ကို ပြီးမြောက်မည်ဖြစ်သည်။ -

– ၎င်းတို့၏ သင်ယူလေ့လာမှုကို အကဲဖြတ်ခြင်း
– သင်တန်းကို အကဲဖြတ်ခြင်း
– သင်တန်းတွင်ပါဝင်ခြင်းအတွက် အသိအမှတ်ပြုလက်မှတ် လက်ခံရရှိခြင်း

**အချိန်**

**၁နာရီ ခွဲ**

**သင်ထောက်ကူပစ္စည်းများ**

– သင်ခန်းစာ ၁၄ စာရွက်ရှည် ၁ - မျှော်မှန်းချက်လေ့လာမှု
– သင်တန်းအပြီး လုပ်ငန်းစဉ် စစ်တမ်း
– သင်တန်းအကြို - / အပြီး - အရည်အချင်းစစ်ဆေးခြင်း (သင်တန်းအစတွင် ဖြေဆိုခဲ့သော အကြို -စစ်ဆေးမှုများ နှင့် ယခုသင်ခန်းစာတွင် ဖြည့်စွက်ရမည့် အပြီး-စစ်ဆေးမှုစာရွက်အလွတ်)
– သင်ခန်းစာ ၁၄ စာရွက်ရှည် ၂ - သင်တန်းအကြို- နှင့် အပြီး- အရည်အချင်းစစ်ဆေးပွဲများတွင် မှန်ကန်သည့်အဖြေများကို ရှာဖွေခြင်း
– သင်တန်းပြီးမြောက်ခြင်း အသိအမှတ်ပြုလက်မှတ် (ရွေးချယ်နိုင်သည်။)

## အဆင့်များ

1. သင်ခန်းစာ ၁ မှ "ကျွန်ုပ်တို့၏ မျှော်မှန်းချက်များ" နှင့် သင်ခန်းစာ ၁၂ စာရွက်ရှည် ၁ - မျှော်မှန်းချက် အကဲဖြတ်ခြင်း စာရွက်ရှည်ကိုပြသပါ။ သင်တန်းအပြီးစစ်ဆေးမှုအပြီးတွင် သင်တန်းသားတစ်ဦးချင်းစီသည် စာရွက်ရှည်တင်ဘုတ်ပြားရှိရာသို့လာကာ (ကပ်ခွာစာရွက်ပေါ်ရှိ) ၎င်းတို့၏ကိုယ်ပိုင်မျှော်မှန်းချက်များကို ရှာဖွေပြီး၊ ၎င်းတို့၏ မျှော်မှန်းချက်များ အပြည့်အဝပြည့်မီကြောင်း၊ တစ်ပိုင်းတစ်စသာ ပြည့်မီကြောင်း သို့မဟုတ် လုံးဝမပြည့်မီကြောင်းဆုံးဖြတ်ကြရမည်ဖြစ်သည်။ ထို့နောက်တွင် ကပ်ခွာစာရွက်ကို သင်ခန်းစာ ၁၄ စာရွက်ရှည် ၁ ရှိ သင့်လျော်ရာ အကွက်တွင် ကပ်ရမည်ဖြစ်သည်။ (စာရွက်ရှည်တင်သည့် စင်ကို သင်တန်းသားများနှင့်ဝေးရာတွင် ထားလိုက်ပါ။ သို့မှသာ အကဲဖြတ်ခြင်းကို အမည်မသိပြုလုပ်နိုင်မည် ဖြစ်သည်။)

2. သင်တန်းအပြီးစစ်ဆေးမှုကို သင်တန်းသားများအားဝေပေးပါ။ သင်တန်းအကြိုစစ်ဆေးမှု နှင့် ခွဲခြားရန်အတွက် သင်တန်းသားများအား "အပြီး" ဟူသောစကားလုံးကို ဝိုင်းခိုင်းလိုက်ပါ။ သင်တန်းသားများအား စစ်ဆေးမှုကို ဦးစွာဖြေစေပြီး၊ သင်တန်းအကြိုစစ်ဆေးမှုရော သင်တန်းအပြီး စစ်ဆေးမှုကိုပါ သင်တန်းသားတစ်ဦးစီကို ပြန်လည်ပေးနိုင်စေရန်အတွက် အကြိုစစ်ဆေးမှုတွင် သုံးထားသည့် သင်္ကေတကို သုံး၍ ခွဲခြားထားပါ။

   စာရွက်ရှည်တစ်ခုပေါ်တွင် စစ်ဆေးမှုအဖြေမှန်များကို ချရေးထားပြီး သင်တန်းသားများနှင့် ဝေးရာတွင်ထားပါ။ စစ်ဆေးမှုကို သင်တန်းသားများဖြေဆိုပြီးပါက စာရွက်ရှည်ပေါ်ရှိ အဖြေမှန်များကို လာကြည့်၍ ၎င်းတို့၏

အဖြေများကို အမှန်ပြင်ပါစေ။ သင်တန်းသားများသည် ၎င်းတို့၏ အဖြေမှန် အရေအတွက်ကို စာရွက်ထိပ်ပိုင်းတွင်ရေးထားသင့်သည်။

၎င်းတို့၏ ရမှတ်များကို အမှတ်ပြဇယားစာရွက်တွင်ထည့်သွင်းခြင်းဖြင့် ကျန်တစ်ဦးဦးထံ အမှတ်များကို ပြသနိုင်သည်။ စာရွက်ရှည်တစ်ရွက်ပေါ်တွင် သင်ခန်းစာ ၁၄ စာရွက်ရှည် ၂ - သင်တန်းအကြို နှင့် အပြီးစစ်ဆေးမှု၏ အဖြေမှန်များကို ဖော်ပြခြင်း တွင် ပြသထားသကဲ့သို့ပင် သင်တန်းသားများ၏ အမည်ကို မဖော်ပြဘဲ ၎င်းတို့၏ ရမှတ်များကို မှတ်သားပါ။ သို့မှသာ ၎င်းတို့အဖွဲ့၏ တိုးတက်မှုကို သင်တန်းသားများ မြင်တွေ့နိုင်မည်ဖြစ်သည်။ သင်တန်းအကြို နှင့် အပြီး စစ်ဆေးလွှာများကို သင်တန်းသားများအား ပြန်ပေးလိုက်ပါ။

1. သင်တန်းသားများမှ ၎င်းတို့၏ သင်တန်းအပြီး- စစ်ဆေးမှု ကို ဖြေဆိုပြီးသောအခါတွင် သင်တန်းအပြီး- သင်တန်းလုပ်ငန်းစဉ် စစ်တမ်းကောက်ယူမှု စစ်တမ်းကို ဖြည့်စွက်နိုင်စေရန် ဝေပေးပြီး၊ ဆန်းစစ်လေ့လာမှုပြုလုပ်ရန် ပြန်လည်ကောက်ယူလိုက်ပါ။

2. မျှော်မှန်းချက်အကဲဖြတ်ခြင်း နှင့် သင်တန်းအပြီး-စစ်ဆေးလွှာများ၏ ရလဒ်များကို သင်တန်းသားများအား ပြသပါ။

3. သင်တန်းအပြီး - စစ်ဆေးမှု၊ သင်တန်းအပြီး- သင်တန်းလုပ်ငန်းစဉ် စစ်တမ်းကောက်ယူမှု နှင့် မျှော်မှန်းချက်များကို သင်တန်းသားများဖြည့်စွက်ပြီးပါက အတားအဆီးရှာဖွေဖော်ထုတ်ခြင်း တစ်ခုကို ပြုလုပ်ဆောင်ရွက်ရန် ၎င်းတို့၏ အစီအစဉ်များကို မျှဝေပြောကြားခိုင်းပါ။ သင်တန်းသားများကို မေးရန် - သင့်ကိုယ်ပိုင်စီမံချက်၊ နှင့် ဝန်ထမ်း၊ အချိန်၊ အရင်းအမြစ် ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားသောအခါ သင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များသည် လေ့လာမှုတစ်ခုကို မည်သည့်အချိန်တွင် ပြုလုပ်နိုင်သည်ဟု ထင်မြင်သနည်း။
သင်တန်းသားများပြန်လည်ဖြေကြားရာတွင် ၎င်းတို့ကို တိတိကျကျဖြေခိုင်းပါ။ ဥပမာအားဖြင့် - အဆိုပြုလွှာ၊ အခြေခံအချက်များကောက်ယူခြင်း၊ အသေးစိတ်အကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်ရေးဆွဲခြင်း၊ စီမံချက်ကာလလယ် အကဲဖြတ်ခြင်း၊ အဆုံးသတ်အကဲဖြတ်ခြင်းတို့ ပြုလုပ်နေစဉ်ဟူ၍ မရေမရာ မဖြေခိုင်းပါနှင့်။

6. သင်တန်းသားများ နောက် ၂ လအတွင်းပြုလုပ်ရန်စီစဉ်ထားသည့် ယခုသင်တန်းနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက် သုံးခုကို စာရင်းပြုစုခိုင်းပါ။

7. သင်တန်းသားများအားမေးရန် - ယခုအဖွဲ့အတွင်း အခြားသူတစ်ဦးဦး၏ နည်းပြတစ်ဦးဖြစ်လိုသူများရှိသလား။ နည်းပြတစ်ဦး ရှိလိုသူများရှိသလား။ သင်တန်းသားများမှ ၎င်းတို့၏ လက်များကို ထောင်၍ ဖြေဆိုစဉ်တွင် ၎င်းတို့အား တွဲဖက်များရှာခိုင်းပြီး၊ အချင်းချင်း၏ အမည်များ၊ ဆက်သွယ်ရန် လိပ်စာများကို မှတ်သားခိုင်းပါ။

8. အသိအမှတ်ပြုလက်မှတ်များ (ရွေးချယ်နိုင်သည်) ကို ဝေပေးပြီး၊ သင်တန်းသားများအား ဂုဏ်ပြုစကားဆိုပါ။ ဆက်သွယ်ရန် လိပ်စာစာရင်းများနှင့် နောက်ဆုံး သင်ထောက်ကူစာရွက်စာတမ်းများကို ဝေပေးပါ။

## သင်ခန်းစာ ၁၄ စာရွက်ရှည် ၁ - မျှော်မှန်းချက် အကဲဖြတ်ခြင်း

| အပြည့်အဝပြည့်မီသည် | တစ်ပိုင်းတစ်စသာ ပြည့်မီသည် | လုံးဝမပြည့်မီပါ |
| --- | --- | --- |
| | | |

# သင်တန်းအပြီး - သင်တန်းလုပ်ငန်းစဉ် စစ်တမ်းကောက်ယူမှု

1. သင့်ထင်မြင်ချက်ကို အနီးစပ်ဆုံးထင်ဟပ်စေသည့် အကွက်ကို အမှတ်ခြစ်ပါ။

| သင်တန်းလုပ်ငန်းစဉ် နှင့် သင်တန်းနည်းပြခြင်း | အလွန် သဘောတူသည် | သဘောတူသည် | သဘောမတူပါ | အလွန် သဘောမတူပါ |
|---|---|---|---|---|
| a. သင်တန်းကို စနစ်တကျ စီစဉ်ထားပြီး၊ စိတ်ဝင်စားဖွယ် ကောင်းသောနည်းဖြင့် တင်ဆက်ထားသည်။ | | | | |
| b. သင်တန်းနည်းပြသည် ကျွန်ုပ် အကောင်းဆုံး သင်ယူလေ့လာနိုင်စေရန် ကူညီပေးသည်။ | | | | |
| c. အခြားသင်တန်းသားများ နှင့်အတူ လုပ်ဆောင်ရန်/ ထံမှ သင်ယူလေ့လာရန် အခွင့်အရေးများ ရခဲ့သည်။ | | | | |
| d. ကျွန်ုပ်အလုပ်တွင် တိုက်ရိုက်အသုံးဝင်သော ကျွမ်းကျင်မှု စွမ်းရည်သစ်များကို ယခု သင်တန်း၌ ရရှိခဲ့သည်။ | | | | |
| e. ယခုသင်တန်းတွင် ဖြန့်ဝေပေးသော သင်ထောက်ကူ ကိရိယာများ၏ အရည်အသွေးအပေါ် စိတ်ကျေနပ်မှု ရှိသည်။ | | | | |

2. ခြုံငုံကြည့်သော် ယခုသင်တန်းကို သင်မည်မျှအတိုင်းအတာအထိ စိတ်ကျေနပ်သနည်း။

❑ အလွန်စိတ်ကျေနပ်သည်။

❑ စိတ်ကျေနပ်သည်။

❑ စိတ်ကျေနပ်မှု မရှိပါ။

3. ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှု သို့မဟုတ် အတားအဆီးများဖော်ထုတ် လေ့လာမှုတစ်ရပ်ကို သင် စီစဉ်ရေးဆွဲ၊ စုစည်း၍ အကောင်အထည်ဖော်သည့်နည်းလမ်းအပေါ် ဤသင်တန်းမှ မည်သည့်အတိုင်းအတာအထိ ပြုပြင်ပြောင်းလဲစေရန် မျှော်မှန်းထားသနည်း။

❑ သိသာသောပြောင်းလဲမှု

❑ တစ်ချို့သောအတိုင်းအတာအထိ ပြောင်းလဲမှု

❑ လုံးဝပြောင်းလဲစေမှုမရှိ

4. ဤသင်တန်းမှ စိတ်ကူးများနှင့်ဗျူဟာများကို သင့်အလုပ်တွင် ပြန်လည်အသုံးချနိုင်မည်ဟု သင်မည်မျှထိ ယုံကြည်မှုရှိသနည်း။

❑ အလွန်ယုံကြည်မှုရှိသည်။

❑ အတိုင်းအတာတစ်ခုအထိ ယုံကြည်မှု ရှိသည်။

❑ ယုံကြည်မှု သိပ်မရှိပါ။

5. သင်တန်းနှင့်စပ်လျဉ်း၍ အကြိုက်ဆုံးအချက်မှာ -

6. မည်သည်တို့ကို ပြုပြင်ရန် လိုအပ်သနည်း။ ထပ်ဆောင်းထင်မြင်ချက်များ -

## သင်ခန်းစာ ၁၄ စာရွက်ရှည် ၂ - သင်တန်းအကြို - နှင့် အပြီး - စစ်ဆေးလွှာများတွင် အဖြေမှန်များကို ဖော်ပြခြင်း

| အဖြေမှန် အရေအတွက် | သင်တန်းအကြို-စစ်ဆေးမှု ရလဒ်များ | သင်တန်းအပြီး-စစ်ဆေးမှု ရလဒ်များ |
|---|---|---|
| 10 | | |
| 9 | | |
| 8 | | |
| 7 | | |
| 6 | | |
| 5 | | |
| 4 | | |
| 3 | | |
| 2 | | |
| 1 | | |

## နောက်ဆက်တွဲ ၁ - သင်ကြားရေး လိုအပ်ချက်များ နှင့် အရင်းအမြစ်များကို အကဲဖြတ်ခြင်း

**အတားအဆီးဖော်ထုတ်လေ့လာမှုတစ်ရပ်ကို စီစဉ်ရေးဆွဲခြင်း၊ စုစည်းခြင်း နှင့် အကောင်အထည်ဖော်ခြင်း**

အမည် -

အဖွဲ့အစည်း

ရာထူး -

အထူးပြုနယ်ပယ် - ကျန်းမာရေး၊ အာဟာရ၊ စိုက်ပျိုးရေး၊ NRM၊ ပညာရေး

မိခင်ဘာသာစကား -

1. သင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုစွမ်းရည်ကို မည်သည့်အဆင့်သတ်မှတ်မည်နည်း။

2. သင့်အဖွဲ့အစည်း/စီမံချက်မှ မြှင့်တင်နေသော အမူအကျင့် ၁-၂ မျိုးကို စာရင်းပြုစုပါ။

3. အမူအကျင့်/အလေ့အကျင့် /နည်းစနစ် တစ်ခုကို ထင်ဟပ်နေသော သင်၏ IPTT၊ ပုံစံရေးဆွဲမှု မူဘောင်၊ M&E အစီအစဉ်ထံမှ ၁-၂ အညွှန်းကိန်းတို့ကို စာရင်းပြုစုပါ။

4. သင်တန်းတွင် သင်ယူလေ့လာခဲ့ရသည်များကို သင့်စီမံချက်တွင် မည်သို့အသုံးပြုမည်နည်း။

5. အမူအကျင့်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ယခုသင်တန်းတွင် သင် သင်ယူလေ့လာလိုသော ခေါင်းစဉ်တစ်ခုကို ဖော်ပြပါ။

## နောက်ဆက်တွဲ ၂ - သင်တန်းအကြို- /အပြီး- စစ်ဆေးမှုအဖြေများ[5]

1. c
2. a
3. c
4. a
5. b
6. a
7. c
8. b
9. c
10. a

[5] အဖြေမှန်များကို သင်တန်းသားများအလွတ်ကျက်ခြင်းအား တားဆီးရန်အတွက် သင်တန်းအပြီး စစ်ဆေးမှု မေးခွန်းအစဉ်လိုက်ကို ပြောင်းလဲရန် စဉ်းစားပါ။

## နောက်ဆက်တွဲ ၃ - သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၂ - အမူအကျင့်ပြောင်းလဲမှုဆိုင်ရာ Determinant များအကြောင်း လေ့လာခြင်း၏ အဖြေများ

| မေးခွန်းများ | အဖြေများ |
|---|---|
| 1. မည်သည့် determinants များကို အမြဲလေ့လာသင့်သနည်း။ | လူမှုထုံးစံများ၊ မိမိကိုယ်ပိုင် အရည်အချင်းများ၊ ကောင်းကျိုးများ၊ ဆိုးကျိုးများ |
| 2. အမူအကျင့်ကို သင်ပြုလုပ်သောအခါ ဖြစ်လာနိုင်သော/ဖြစ်ခဲ့သော ဆိုးသောအရာများအကြောင်းကို မည်သည့် determinant က မေးနိုင်သနည်း။ | ဆိုးကျိုးများ |
| 3. ဦးစားပေးအုပ်စုများ အမူအကျင့်ကို ပြုလုပ်ရန်လိုအပ်သည့် အရာများကို ရနိုင်ခြင်းရှိမရှိ မည်သည့် determinant ကမေးမြန်းသနည်း။ | လက်လှမ်းမီမှု |
| 4. မည်သည့် determinants သည် အမူအကျင့်အကြောင်း **မမေးမြန်းဘဲ**၊ ပြဿနာအကြောင်း ပိုသိလိုသနည်း။ | ထိခိုက်နိုင်ခြေ သံသယ၊ အခြေအနေဆိုးရွားမှု၊ လုပ်ငန်းထိရောက်မှု |
| 5. လုပ်ငန်းထိရောက်မှု နှင့် မိမိကိုယ်ပိုင်အရည်အချင်းများကြား ကွဲပြားခြားနားမှုမှာ အဘယ်နည်း။ | AE သည် အမူအကျင့်ကို ပြုလုပ်ခြင်းသည် ပြဿနာကို ဖြေရှင်းနိုင်သည်ဟူသော ယုံကြည်မှု၊ SE ဆိုသည်မှာ အမူအကျင့်ကို သင်ပြုလုပ်နိုင်သည်ဟူသော ယုံကြည်မှုဖြစ်သည်။ |
| 6. အမူအကျင့်ကို ပြုလုပ်ရန် သတိပြုမိသည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | စတင်ရန် အချက်ပြခြင်း |
| 7. ဘာသာရေးအဖွဲ့အစည်းများနှင့် အလုပ်လုပ်နေသည့် NGO များအတွက် မည်သည့် determinant သည် ပို၍ အရေးကြီးနိုင်သနည်း။ | ဘုရားရှင် အလိုတော် |
| 8. ပြဿနာကို ဖြေရှင်းရာတွင် အမူအကျင့်သည် ထိရောက်မှုရှိကြောင်း ယုံကြည်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | လုပ်ငန်းထိရောက်မှု |
| 9. အမူအကျင့်ကိုပြုလုပ်ပြီးသောအခါ ဖြစ်လာနိုင်သော/ ဖြစ်ပေါ်ခဲ့သော ကောင်းသည့်အရာများအကြောင်းသည် မည်သည့် determinant ဖြစ်သနည်း။ | ကောင်းကျိုးများ |
| 10. အမူအကျင့်ကို သင်ပြုလုပ်နိုင်ကြောင်း ယုံကြည်ချက်/ မိမိကိုယ်ကို ယုံကြည်မှုအကြောင်းသည် မည်သည့် determinant ဖြစ်သနည်း။ | မိမိကိုယ်ပိုင်အရည်အချင်းများ |
| 11. ကျွန်ုပ်သည် အမူအကျင့်ကို ပြုလုပ်ကြောင်း ကျွန်ုပ်ပါဝင်သည့်အဖွဲ့မှ သဘောတူကြောင်းပြသည့် determinant မှာ မည်သည်နည်း။ | ယဉ်ကျေးမှု |
| 12. ကျွန်ုပ်အလေးထားသော သူတစ်ဦးဦးသည် ကျွန်ုပ်မှ အမူအကျင့်ကို | လူမှုထုံးစံများ |

| မေးခွန်းများ | အဖြေများ |
|---|---|
| ပြုလုပ်ခြင်းအား လက်ခံကြောင်း သို့မဟုတ် တားမြစ်ကြောင်း ယုံကြည်မှုနှင့်ဆိုင်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | |
| 13. ပြဿနာသည် ပြင်းထန်ကြောင်း ယုံကြည်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | အခြေအနေဆိုးရွားမှု |
| 14. အမူအကျင့်ကို အလေ့အကျင့်ပြုလုပ်ခြင်းအပေါ် လက်ခံသည့် သို့မဟုတ် တားမြစ်သည့် ဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ခု ရှိကြောင်း ယုံကြည်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | မူဝါဒ |
| 15. ပြဿနာတစ်ခုသည် တစ်စုံတစ်ဦးအတွက် ထိခိုက်လွယ်စေသည် ဟူ၍ ယုံကြည်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | ထိခိုက်နိုင်ခြေ သံသယ |
| 16. အမူအကျင့်ကို ပြုလုပ်သည့်နည်းအား တစ်ဦးဦးမှ မှတ်မိနိုင်သည် ဟူ၍ ယုံကြည်သည့် determinant သည် မည်သည့် determinant ဖြစ်သနည်း။ | စတင်ရန်အချက်ပြခြင်း |
| 17. မည်သည့် determinant တွင် ကုန်ကျစရိတ်၊ ပထဝီဝင်၊ အကွာအဝေး၊ ဘာသာစကား၊ ကျားမရေးရာ နှင့် ယဉ်ကျေးမှု ကဲ့သို့သော ရှုထောင့်များစွာ ရှိသနည်း။ | လက်လှမ်းမီမှု |

## နောက်ဆက်တွဲ ၄ - သင်ခန်းစာ ၄ လက်ကမ်းစာရွက် ၃ - Determinant ကို မေးခွန်းနှင့် တွဲဖက်ခြင်း အဖြေများ

| | |
|---|---|
| A. ရေစစ်ကို အသုံးပြုပုံအား မှတ်မိရန် မည်မျှ လွယ်ကူသနည်း။ | စတင်ရန်အချက်ပြခြင်း |
| B. သင့်ကလေးအား မိခင်နို့သာ တိုက်ကျွေးပါက ကလေးဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းမှ ကာကွယ်နိုင်သလား။ | လုပ်ငန်းထိရောက်မှု |
| C. သင့်လက်များကို နေ့စဉ်ဆေးကြောရန် သင်လိုအပ်သည့် ဆပ်ပြာကို ရရှိနိုင်ရန် သင့်အတွက် မည်မျှခက်ခဲသနည်း။ | မိမိကိုယ်ပိုင် အရည်အချင်းများ |
| D. နောက်နှစ်တွင် သင့်ကလေး အာဟာရချို့တဲ့နိုင်ခြေ မည်မျှရှိသနည်း။ | ထိခိုက်နိုင်ခြေသံသယ |
| E. HIV ရောဂါ ရှိမရှိ စစ်ဆေးခြင်း၏ ဆိုးကျိုးများမှာ အဘယ်နည်း။ | ဆိုးကျိုးများ |
| F. အိမ်ထောင်စုဝင်ငွေအသုံးပြုပုံအား ဇနီးနှင့်တိုင်ပင်ခြင်းကို တားမြစ်သည့် ဒေသတွင်း ဓလေ့များ သို့မဟုတ် ထုံးစံများရှိသလား။ | ယဉ်ကျေးမှု |
| G. ကျန်းမာရေးဝန်ဆောင်မှုဌာနတစ်ခုတွင် သင် မီးဖွားမည်ကို မည်သူမှကန့်ကွက်နိုင်သနည်း။ | လူမှုထုံးစံများ |
| H. သင့် တိရိစ္ဆာန်များကို နေရာကျဉ်းကျဉ်းတွင် အချိန်တိုင်း ထိမ်းသိမ်းထားခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။ | ကောင်းကျိုးများ |
| I. ပုံမှန်တွဲနေကျမဟုတ်သော အဖော်တစ်ဦးနှင့် လိင်ဆက်ဆံသည့် အချိန်တိုင်း ကွန်ဒုံးအသုံးပြုရန် မည်သည်က သင့်အတွက် ခက်ခဲစေသနည်း။ | မိမိကိုယ်ပိုင်အရည်အချင်းများ |
| J. ကာလဝမ်းရောဂါကို လူအများခံစားရသည်မှာ ဘုရားသခင်၏ အလိုဟု သင်ထင်မြင်သလား။ | ဘုရားရှင်အလိုတော် |
| K. သင်သာ HIV ပိုးကူးစက်ခံရပါက ပြဿနာ မည်မျှ ပြင်းထန်မည်နည်း။ | အခြေအနေပြင်းထန်မှု |

### နောက်ဆက်တွဲ ၅ - သင်ခန်းစာ ၅ လက်ကမ်းစာစောင် ၄ - အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း ကစားနည်း အဖြေများ

| မေးခွန်းများ | အဖြေများ |
|---|---|
| ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှု သည် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း စစ်တမ်းနှင့် မည်သို့ကွာခြားသနည်း။ | ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှုများသည် determinants ၁၂ ခုထဲမှ လေးခုကိုသာ စစ်ဆေးသည်။ |
| အတားအဆီးရှာဖွေဖော်ထုတ်မှုတစ်ခုတွင် determinant မည်မျှ များများ စူးစမ်းလေ့လာမိသနည်း။ | ၁၂ အထိ |
| ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှုများနှင့် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်း စစ်တမ်း နှစ်မျိုးလုံးမှ မည်သည့် determinants များကို စူးစမ်းလေ့လာမိသနည်း။ | မိမိတွင် ရှိသည်ဟု ထင်မြင်ယူဆသောအရည်အချင်း၊ လူမှုထုံးစံဟု ထင်မြင်ယူဆသောအရာများ၊ ကောင်းကျိုးဟု ထင်မြင်ယူဆသောအရာများ၊ နှင့် ဆိုးကျိုးဟု ထင်မြင်ယူဆသောအရာများ။ |
| မည်သည့် အချက်အလက်ကောက်ယူရေး နည်းလမ်းကို အကြံပြုလိုသနည်း။ | လူပုဂ္ဂိုလ်တစ်ဦးချင်း အင်တာဗျူးများ |
| အတားအဆီးရှာဖွေဖော်ထုတ်မှု တစ်ခုတွင် မည်သူတို့ကို အင်တာဗျူးလေ့ရှိသနည်း။ | ဦးစားပေးအုပ်စုဝင်များ |
| (ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှုများနှင့် အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းနှစ်မျိုးလုံးတွင်) ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများကို မည်သူမှ အင်တာဗျူးသနည်း။ | ဤအင်တာဗျူးနည်းလမ်းကို လေ့ကျင့်ပြီးသော တစ်ဦးဦး။ |
| လူတစ်ဦးတည်းကို တစ်မျိုးထက်ပိုသော | မထောက်ခံပါ။ |

| | |
|---|---|
| အမှုအကျင့်များနှင့်စပ်လျဉ်း၍ အင်တာဗျူးမေးနိုင်သလား။ | |
| ထောက်ခံအကြံပြုထားသော အင်တာဗျူးမေးမည့်သူ အနည်းဆုံးအရေအတွက်မှာ အဘယ်နည်း။ | 90 |
| ကျင့်သုံးသူ အရေအတွက်မည်မျှကို အင်တာဗျူးသင့်သနည်း။ | 45 |
| တူညီသော ရပ်ရွာအသိုင်းအဝိုင်းတစ်ခုမှနေ၍ နမူနာ အရေအတွက်အားလုံးကို ရွေးချယ်မှုအား လက်ခံနိုင်ပါသလား။ | မထောက်ခံပါ။ |
| စီမံချက်ကာလစက်ဝန်းအတွင်း အတားအဆီးရှာဖွေဖော်ထုတ်ခြင်းကို မည်သည့် အချိန်တွင် အသုံးပြုနိုင်သနည်း။ | အဆိုပြုချက် ရေးဆွဲခြင်း၊ ပထမ သို့မဟုတ် ဒုတိယ သုံးလပါတ်၊ စီမံချက်ကာလလယ် အပြီး၊ အမှုအကျင့် မပြောင်းလဲသည့် မည်သည့်အချိန်မဆို |
| ရှာဖွေတွေ့ရှိချက်များကို မည်မျှ အားထား၍ ရနိုင်သနည်း။ | 95% |
| သိသာမှုရှိသည်ဟု သတ်မှတ်ရန် ကျင့်သုံးသူများနှင့် မကျင့်သုံးသူများအကြား အနည်းဆုံးကွာခြားချက် မည်မျှဖြစ်သင့်သနည်း။ | 15% |
| ရလဒ်များကို လူအားဖြင့်သာ ကုဒ်ပြောင်း၍ ရနိုင်သလား။ | ရနိုင်ပါသည်။ |
| အတားအဆီးရှာဖွေဖော်ထုတ်မှုအပြီးတွင် အခြား အရည်အသွေးအခြေပြုနည်းလမ်းများကို တစ်ခါတစ်ရံ အသုံးပြုလေ့ရှိသလား။ | ရှိပါသည်။ |
| အတားအဆီးရှာဖွေဖော်ထုတ်မှုသည် အရေအတွက်အခြေပြု သို့မဟုတ် အရည်အသွေး | နှစ်မျိုးလုံးဖြစ်သည်။ |

| | |
|---|---|
| အခြေပြု သုတေသန နည်းလမ်းတစ်ခု ဖြစ်သလား။ | |

## နောက်ဆက်တွဲ ၆ - သင်ခန်းစာ ၆ လက်ကမ်းစာစောင် ၂ - မေးခွန်းများကို စစ်ဆေးမှု အဖြေများ

| မေးခွန်း | အဖြေများ |
|---|---|
| 1. ဤမေးခွန်းလွှာသည် ကျင့်သုံးသူ/ မကျင့်သုံးသူ မေးခွန်းလွှာလား သို့မဟုတ် အတားအဆီး ရှာဖွေဖော်ထုတ်မှု မေးခွန်းလွှာဖြစ်သလား။ သင်မည်သည့်နည်းဖြင့် သိရှိနိုင်သနည်း။ | အတားအဆီးရှာဖွေဖော်ထုတ်မှု - ယင်းသည် determinants လေးခုထက်ပို၍ လေ့လာသောကြောင့်ဖြစ်သည်။ |
| 2. အမှတ်ခြစ်အကွက်များကို အသုံးပြု၍ ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူအဖြစ် ဖြေဆိုသူတစ်ဦးကို သတ်မှတ်ရန်အတွက် မေးခွန်းလွှာပေါ်တွင် နေရာမည်မျှရှိမည်နည်း။ | ၂ နေရာရှိသည် – စာမျက်နှာ ၁ ထိပ်ပိုင်း နှင့် အမျိုးအစားခွဲခြားသည့် ဇယားအပြီးတွင် တစ်နေရာ။ |
| 3. အခန်း က တွင် မေးထားသော မေးခွန်းများ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများကို ခွဲခြားရန်။ |
| 4. လူမှုအချက်အလက်များကဏ္ဍတွင် ပါဝင်သော သတင်းအချက်အလက်များထဲမှ အရေးအကြီးဆုံး အချက်အလက်မှာ မည်သည်ဟု ထင်မြင်မိသနည်း။ | မေးခွန်းမေးသူ၏ အမည် - သို့မှသာ သူမပြုလုပ်ခဲ့သော မေးခွန်းလွှာများကို ကုဒ်သတ်မှတ်ရန်အတွက် ပြန်ပေးနိုင်မည်ဖြစ်သည်။ |
| 5. အမူအကျင့်ဖော်ပြချက်များ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | ဖြေဆိုသူမှ သင်ပြောဆိုမည့် အမူအကျင့်အကြောင်း နားလည်စေရန်။ |
| 6. အခန်း ခ တွင် အဖွင့် မေးခွန်း မည်မျှပါသနည်း။ | အားလုံးနှင့်ဆိုင်သော လှုံ့ဆော်သူများပါ နောက်ဆုံးတစ်ခုကိုပါ ရေတွက်လျှင် ၇ ခုရှိသည်။ |
| 7. (အခန်း ခ) မေးခွန်းလွှာပေါ်ရှိ မေးခွန်းမည်မျှသည် အမူအကျင့်နှင့် မသက်ဆိုင်သနည်း။ | မေးခွန်း ၂ ကြောင်း – ထိခိုက်နိုင်ခြေ သံသယ နှင့် အခြေအနေပြင်းထန်မှု – အားလုံးနှင့်ဆိုင်သော လှုံ့ဆော်သူမေးခွန်းပါလျှင် ၃ ကြောင်း |
| 8. ကျင့်သုံးသူမေးခွန်းများမေးပုံ နှင့် မကျင့်သုံးသူ မေးခွန်းများမေးပုံတို့ကြား ကွဲပြားခြားနားသည့် အချက်မှာ မည်သည်နည်း။ | ကျင့်သုံးသူမေးခွန်းများသည် ပစ္စုပ္ပန်ကာလပြဖြစ်ပြီး၊ မကျင့်သုံးသူမေးခွန်းများသည် အခြေအနေပြ ကာလပြ (ဖြစ်နိုင်ခဲ့မည်) ဖြစ်သည်။ |

| မေးခွန်း | အဖြေများ |
|---|---|
| 9. ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများကို တူညီသောနည်းဖြင့် မေးသောမေးခွန်း မည်မျှ ရှိသနည်း။ | 6 |
| 10.အမျိုးအစားခွဲခြားသော ဇယား၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | ကျင့်သုံးသူ သို့မဟုတ် မကျင့်သုံးသူ သို့မဟုတ် အင်တာဗျူး မမေးရမည့်သူအဖြစ် အမျိုးအစားခွဲရန် စစ်ဆေးသည့်မေးခွန်းများကို တိတိကျကျဖြေကြားသင့်ပုံအား သတိပြုမိစေရန်။ |
| 11. အဖွင့်မေးခွန်းများအတွက် မေးခွန်းလွှာများတွင် မည်သည့် အရေးကြီးလမ်းညွှန်ချက်များပါဝင်သနည်း။ | စုံစမ်းစစ်ဆေးပါ။ |
| 12.မည်သည့် determinants များတွင် မေးခွန်းတစ်ခုထက်ပို၍ ပါသနည်း။ | မိမိကိုယ်ပိုင် အရည်အချင်း၊ လူမှု ထုံးစံများ၊ နှင့် အစပြုရန် အချက်ပေးခြင်း |
| 13.မည်သည့် အပိတ်မေးခွန်းများအတွက် အဖြေများကို ဖတ်သနည်း။ | #7, #8, #9, #10, #11, #12 --- မေးခွန်းတွင် အဖြေပြန်ပါသည့် မေးခွန်းများ။ |
| 14.လွှမ်းမိုးသောအုပ်စုများကို ဖော်ထုတ်ရန် မည်သည့် မေးခွန်း နှစ်ခုမှ ကူညီပေးနိုင်သနည်း။ | #5 and #6 -- မည်သူမှ ထောက်ခံပြီး၊ မည်သူမှ တားမြစ်သနည်း။ |
| 15.အခန်း ခ ပါ မည်သည့် မေးခွန်းကို ကျော်သွားသင့်သနည်း။ | မည်သည့်မေးခွန်းကိုမျှ မကျော်သင့်ပါ။ |
| 16.ကန့်သတ်မေးခွန်းများအတွက် အခန်း ခတွင် အမှတ်ခြစ်အကွက်များသည် မကျင့်သုံးသူများအတွက်သာ သက်ဆိုင်သလား၊ သို့မဟုတ် ကျင့်သုံးသူရော၊ မကျင့်သုံးသူများအတွက်ပါ သက်ဆိုင်သလား။ | နှစ်မျိုးလုံးအတွက် သက်ဆိုင်သည်။ အမှတ်ခြစ် အကွက်များသည် ကျင့်သုံးသူဖြစ်စေ၊ မကျင့်သုံးသူဖြစ်စေ (နှစ်မျိုးလုံး) နှင့် သက်ဆိုင်သည်။ |

# နောက်ဆက်တွဲ ၇ - BA မေးခွန်းလွှာပုံစံကွဲ

| Barrier Analysis Questionnaire:<br>အိမ်ထောင်မရှိသေးသည့် လူငယ်များအကြား ကွန်ဒုံးသုံးစွဲမှု |
|---|
| **အမူအကျင့်ဖော်ပြချက်**<br>လိင်ပိုင်းဆိုင်ရာအရ တက်ကြွသည့် အသက် ၁၅-၂၁ နှစ်ကြား အိမ်ထောင်မရှိသည့် လူငယ်အမျိုးသား/အမျိုးသမီးများသည် လိင်ဆက်ဆံသည့်အခါတိုင်း ကွန်ဒုံးကိုအသုံးပြုကြသည်။ |
| အင်တာဗျူးသူအမည် - ______________________________<br>မေးခွန်းလွှာအမှတ်စဉ် - ______<br>နေရာ - ________________________________________________<br>ဖြေဆိုသူ၏လိင် - ❑ ကျား ❑ မ |
| **Scripted Introduction:** မင်္ဂလာပါ။ ကျွန်တော်/မ နာမည်ကတော့ .............................. ဖြစ်ပါတယ်။ လိင်မှတဆင့်ကူးစက်တတ်တဲ့ရောဂါတွေကနေ မိမိကိုယ်ကိုကာကွယ်မှုအပေါ် လူငယ်တွေရဲ့အမြင်ကို စူးစမ်းနေတဲ့အဖွဲ့မှာ ကျွန်တော်/မပါဝင်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်လို့ သင့်ရဲ့အမြင်ကို ကြားသိလိုပါတယ်။ ဒီအစီအစဉ်မှာ မဖြစ်မနေပါဝင်ရမယ်လို့ မဆိုလိုသလို မပါဝင်လို့လည်း ဘယ်လိုဆိုးကျိုးမှ မရှိပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်တဲ့အတွက်လည်း လက်ဆောင် (သို့) အခြား ဘယ်လိုအကျိုးအမြတ်ကိုမှ လက်ခံရရှိမှာမဟုတ်ပါဘူး။ အခုဆွေးနွေးပွဲကနေ ရလာတဲ့ အချက်အလက်တွေကိုလည်း လျှို့ဝှက်ထားမှာ ဖြစ်သလို ဘယ်သူ့ကိုမှ ပြောပြမှာမဟုတ်ပါဘူး။ ဒီအစီအစဉ်မှာ ပါဝင်လိုစိတ်ရှိပါသလား။ *[မပါဝင်လိုပါက အချိန်ပေး၍ စကားပြောသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။]* |
| Section A: ကျင့်သုံးသူ/မကျင့်သုံးသူခွဲခြားသည့် မေးခွန်းများ |

| | |
|---|---|
| 1. အသက်ဘယ်လောက်ရှိပြီလဲ။ ________ နှစ် | ❑ A. ၁၅ - ၂၀ နှစ်ကြား<br>❑ B. < ၁၅ သို့မဟုတ် > ၂၀ → *[အင်တာဗျူးကို အဆုံးသတ်ပါ။]*<br>C. မဖြေပါ။ → *[အင်တာဗျူးကို အဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ]* |
| 2. လိင်ပိုင်းဆိုင်ရာအရ တက်ကြွမှုရှိပါသလား။ | ❑ A. ရှိပါတယ်။<br>❑ B. မရှိပါ။ → *[အင်တာဗျူးကို အဆုံးသတ်ပါ]*<br>❑ C. မဖြေပါ။ → *[အင်တာဗျူးကို အဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ]* |
| 3. အိမ်ထောင်ရှိပါသလား သို့မဟုတ် တစ်စုံတစ်ယောက်နဲ့ ရေရှည်တွဲနေတာ ရှိသလား။ | ❑ A. မရှိပါ။<br>❑ B. ရှိပါတယ်။ → *[အင်တာဗျူးကို အဆုံးသတ်ပါ]*<br>❑ C. မဖြေပါ။ → *[အင်တာဗျူးကို အဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ]* |
| 4. ဒီတစ်ခါမေးချင်တာကတော့ လိင်ဆက်ဆံခဲ့တဲ့ နောက်ဆုံး ၃ ကြိမ်ကို ပြန်စဉ်းစားကြည့်ပါ။ ကွန်ဒုံးကို ဘယ်နှစ်ကြိမ် အသုံးပြုခဲ့သလဲ။ | ❑ A. ၂ ကြိမ်နှင့်အထက်<br>❑ B. ၀ - ၁ ကြိမ်<br>❑ C. မဖြေပါ။ → *[အင်တာဗျူးကို အဆုံးသတ်၍ ဖြေဆိုမည့်သူ အခြားတစ်ဦးကို ရှာဖွေပါ]* |

| ကျင့်သုံးသူ | မကျင့်သုံးသူ | အင်တာမဗျူးပါ |
|---|---|---|
| Question 1 = A | | Question 1 = B or C |
| Question 2 = A | | Question 2 = B or C |

| | | |
|---|---|---|
| Question 3 = A | Question 3 = B | Question 3 = C |
| Question 4 = A | Question 4 = B | Question 4 = C |

Group: ❑ ကျင့်သုံးသူ ❑ မကျင့်သုံးသူ

| Section B: သုတေသနပြုရန် မေးခွန်းများ | |
|---|---|
| **မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ** | |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးရတာ သင့်အတွက် ဘာကြောင့် **လွယ်ကူ**တာလဲ။ *[အနည်းဆုံး ၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးမယ်ဆိုရင် သင့်အတွက် ဘာကြောင့် **လွယ်ကူ**မယ်ထင်သလဲ။ *[အနည်းဆုံး ၃ ကြိမ် ဆက်လက် စူးစမ်းပါ]* |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးရတာ သင့်အတွက် ဘာကြောင့် **ခက်ခဲ**တာလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးမယ်ဆိုရင် သင့်အတွက် ဘာကြောင့် **ခက်ခဲ**မယ်ထင်သလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* |
| **လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ** | |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတိုင်း သင်ကွန်ဒုံးသုံးတာကို **သဘောကျ**ကြတာ ဘယ်သူတွေလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတိုင်း သင်ကွန်ဒုံးသုံးမယ်ဆိုရင် **သဘောကျ**ကြတာ ဘယ်သူတွေဖြစ်မယ်ထင်သလဲ။ *[၃ ကြိမ် ဆက်လက်* |

| | |
|---|---|
| | *စူးစမ်းပါ]* |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတိုင်း သင်ကွန်ဒုံးသုံးတာကို **သဘောမကျ**ကြတာ ဘယ်သူတွေလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတိုင်း သင်အနေနဲ့ ကွန်ဒုံးသုံးမယ်ဆိုရင် **သဘောမကျ**ကြတာ ဘယ်သူတွေဖြစ်မယ်ထင်သလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* |
| **ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ** | |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးတာ ဘယ်လို**ကောင်းကျိုး**တွေရှိသလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးမယ်ဆိုရင် ဘယ်လို**ကောင်းကျိုး**တွေရှိသလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* |
| **ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ** | |
| **ကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးတာ ဘယ်လို**ဆိုးကျိုး**တွေရှိသလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* | **မကျင့်သုံးသူ** - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးမယ်ဆိုရင် ဘယ်လို**ဆိုးကျိုး**တွေရှိမယ်ထင်သလဲ။ *[၃ ကြိမ် ဆက်လက် စူးစမ်းပါ]* |

<table>
<tr><td></td><td></td></tr>
<tr><td colspan="2">လက်လှမ်းမီမှု</td></tr>
<tr><td>ကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးရဖို့ သင့်အတွက် ဘယ်လောက်ခက်ခဲသလဲ။<br>[အဖြေအားလုံး ဖတ်ပြပါ]<br>❑ A. အလွန် ခက်ခဲ<br>❑ B. အနည်းငယ် ခက်ခဲ<br>❑ C. လုံးဝမခက်ခဲ</td><td>မကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးရဖို့ ဆိုရင် သင့်အတွက် ဘယ်လောက်ခက်ခဲသလဲ။<br>[အဖြေအားလုံး ဖတ်ပြပါ]<br>❑ A. အလွန် ခက်ခဲ<br>❑ B. အနည်းငယ် ခက်ခဲ<br>❑ C. လုံးဝမခက်ခဲ</td></tr>
<tr><td colspan="2">လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ</td></tr>
<tr><td>ကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးအသုံးပြုဖြစ်အောင် သတိရစေဖို့ သင့်အတွက် ဘယ်လောက် ခက်ခဲသလဲ။ [အဖြေအားလုံး ဖတ်ပြပါ]<br>❑ A. အလွန် ခက်ခဲ<br>❑ B. အနည်းငယ် ခက်ခဲ<br>❑ C. လုံးဝမခက်ခဲ</td><td>မကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးအသုံးပြုဖြစ်အောင် သတိရစေဖို့ သင့်အတွက် ဘယ်လောက် ခက်ခဲသလဲ။ [အဖြေအားလုံး ဖတ်ပြပါ]<br>❑ A. အလွန် ခက်ခဲ<br>❑ B. အနည်းငယ် ခက်ခဲ<br>C. လုံးဝမခက်ခဲ</td></tr>
<tr><td colspan="2">ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်</td></tr>
<tr><td>ကျင့်သုံးသူ - လာမယ့် ၁၀ နှစ်အတွင်း သင့်အနေနဲ့ HIV/AIDS ကူးစက်နိုင်ခြေ ဘယ်လောက်ရှိသလဲ။<br>[အဖြေများကို ဖတ်ပြပါ]<br>❑ A. အလွန်ဖြစ်နိုင်ခြေရှိသည်</td><td>မကျင့်သုံးသူ - လာမယ့် ၁၀ နှစ်အတွင်း သင့်အနေနဲ့ HIV/AIDS ကူးစက်နိုင်ခြေ ဘယ်လောက်ရှိသလဲ။<br>[အဖြေများကို ဖတ်ပြပါ]<br>❑ A. အလွန်ဖြစ်နိုင်ခြေရှိသည်</td></tr>
</table>

<table>
<tr><td>❑ B. အနည်းငယ် ဖြစ်နိုင်ခြေရှိသည်<br>❑ C. ဖြစ်နိုင်ခြေ လုံးဝမရှိပါ</td><td>❑ B. အနည်းငယ် ဖြစ်နိုင်ခြေရှိသည်<br>C. ဖြစ်နိုင်ခြေ လုံးဝမရှိပါ</td></tr>
<tr><td colspan="2">အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း</td></tr>
<tr><td>ကျင့်သုံးသူ - သင့်အနေနဲ့ HIV/AIDS ကူးစက်ခဲ့ရင် ဘယ်လောက်ထိ အခြေအနေဆိုးမယ်ထင်သလဲ။ [အဖြေများကို ဖတ်ပြပါ]<br>❑ A. အလွန်ဆိုး<br>❑ B. အနည်းငယ်ဆိုး<br>❑ C. လုံးဝ မဆိုး</td><td>မကျင့်သုံးသူ - သင့်အနေနဲ့ HIV/AIDS ကူးများကူးစက်သွားခဲ့ရင် ဘယ်လောက်ထိ အခြေအနေဆိုးသွားမယ်ထင်သလဲ။ [အဖြေများကို ဖတ်ပြပါ]<br>❑ A. အလွန်ဆိုး<br>❑ B. အနည်းငယ်ဆိုး<br>C. လုံးဝ မဆိုး</td></tr>
<tr><td colspan="2">ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသောအရာများ</td></tr>
<tr><td>ကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးရင် HIV/AIDS မကူးစက်အောင် ရှောင်ရှားနိုင်မယ် ထင်သလား။<br>❑ A. ထင်ပါတယ်။<br>❑ B. ရှောင်ချင်ရှောင်နိုင်မှာပါ<br>❑ C. မထင်ပါ</td><td>မကျင့်သုံးသူ - လိင်ဆက်ဆံတဲ့အခါတိုင်း ကွန်ဒုံးသုံးရင် HIV/AIDS မကူးစက်အောင် ရှောင်ရှားနိုင်မယ် ထင်သလား။<br>❑ A. ထင်ပါတယ်။<br>❑ B. ရှောင်ချင်ရှောင်နိုင်မှာပါ<br>C. မထင်ပါ</td></tr>
<tr><td colspan="2">ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း</td></tr>
<tr><td>ကျင့်သုံးသူ - လူတွေမှာ HIV/AIDS ဖြစ်တာ ဘုရားရှင်ကြောင့်လို့ သင်ထင်သလား။<br>❑ A. ထင်တယ်</td><td>မကျင့်သုံးသူ - လူတွေမှာ HIV/AIDS ဖြစ်တာ ဘုရားရှင်ကြောင့်လို့ သင်ထင်သလား။<br>❑ A. ထင်တယ်</td></tr>
</table>

| | |
|---|---|
| ❑ B. ဟုတ်ချင်ဟုတ်နိုင်တယ်<br>❑ C. မထင်ပါ | ❑ B. ဟုတ်ချင်ဟုတ်နိုင်တယ်<br>❑ C. မထင်ပါ |
| **အပိတ်စကား -** စစ်တမ်းမှာ ပါဝင်ဖြေဆိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်/မတို့ ဒီနေ့ အင်တာဗျူးပြီးတဲ့အထိ တခြားဘယ်သူကိုမှ ဒီမေးခွန်းတွေအကြောင်း ကျေးဇူးပြု၍ မပြောစေချင်ပါဘူး။ | |

## နောက်ဆက်တွဲ ၈ - သင်ခန်းစာ ၇ လက်ကမ်းစာရွက် ၃ - အမှုအကျင့်ဖော်ပြချက် လေ့ကျင့်ခန်း အတွက် အဖြေများ

### ကျန်းမာရေးနှင့် အာဟာရပိုင်းဆိုင်ရာ အဖြေများ

| အမှုအကျင့်ဖော်ပြချက် | OK | Not OK | ပြန်လည်ရေးသားရန် |
|---|---|---|---|
| ၁။ မိသားစုဝင်များသည် နေ့စဉ် အဓိကကျသော အချိန် ၅ ချိန်တွင် ၎င်းတို့၏လက်များကို ဆပ်ပြာနှင့် ဆေးကြောသည်။ | | X | အသက် ၅ နှစ်အောက် ကလေးများ၏ မိခင်များသည် တနေ့ ကို ငါးကြိမ် သူတို့ ၏လက်များကို ဆပ်ပြာနှင့် ဆေးကြောသည်။<br>"မိသားစုဝင်များ" သည် သတ်သတ်မှတ်မှတ် မဖြစ်ပေ။ |
| ၂။ မိခင်များသည် သူတို့ ကလေးများအား ရေဓါတ်ဆုံးရှုံးမှုမှ ကာကွယ်ရန် ဓါတ်ဆားတိုက်ကျွေးသည်။ | | X | ၆ လ - ၅၉ လ ရှိ ကလေးများ၏ မိခင်များသည် ကလေးဝမ်းသွားသည့် အခါတိုင်း ဓါတ်ဆားတိုက်ကျွေးသည်။<br>ကလေး၏ အသက်၊ ကလေး၏ အခြေအနေနှင့် ဓါတ်ဆား မည်မျှကြာ တခါတိုက် ကျွေးသည်ကို သတ်မှတ်ပေးရန် လိုအပ်သည်။ |
| ၃။ မွေးစကလေးမိခင်များသည် မွေးစကလေး များကို မွေးပြီးချိန် တနာရီအတွင်း မိခင်နို့ တိုက်ကျွေးသည်။ | X | | |
| ၄။ ၅ နှစ်အောက် ကလေးမိခင်များသည် ကလေးငယ်များ ကာကွယ်ဆေး အပြည့်အဝ ထိုးပေးစေပြီး ဖြစ်ရပါမည်။ | | X | ၁၈ လအောက် ကလေး မိခင်များသည် ကလေးငယ်များ ကာကွယ်ဆေး အပြည့်အဝ ထိုးပေးစေပြီး ဖြစ်ရပါမည်။ ကျန်းမားရေး ဝန်ကြီးဌာန နည်းဥပဒေ အများစုအရ ၁၂ လအောက် ကလေးငယ်များ ကာကွယ်ဆေး အပြည့်အဝ ထိုးပေးစေပြီး ဖြစ်ရပါမည်။ |
| ၅။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများတွေ့ ရှိပါက မိခင်များသည် ချက်ချင်း သင့်တော်သည့် စောင့်ရှောက်မှု ပေးရပါမည်။ | | X | အသက်ရှူရာတွင် အခက်အခဲရှိသည့် ၅ နှစ်အောက် ရောဂါလက္ခဏာများ ပြောပြကာ ကလေးငယ်များ ကျန်းမာရေး ဆေးခန်း၊ ကျန်းမာရေးဌာန သို့ မဟုတ် ဆေးရုံများတွင် ၂၄ နာရီအတွင်း ကုသမှု ခံယူရပါမည်။ |

| | | | |
|---|---|---|---|
| ၆။ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ဆောင်ဆွေးနွေးမှုများ ခံယူရပါမည်။ | | X | ကိုယ်ဝန်ဆောင်မိခင်များသည် ပထမသုံးလအတွင်း ကိုယ်ဝန်ဆောင်ဆွေးနွေးမှုများ ခံယူရပါမည်။ အသေးစိတ်ကို ရှင်းလင်းပေးရန် လိုပါသည်။ |

## စိုက်ပျိုးရေးအတွက် အဖြေများ

| ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် | OK | Not OK | ပြန်လည်ရေးသားရန် |
|---|---|---|---|
| ၁။ အမျိုးသမီးများသည် သူတို့ ၏ မြေဆီလွှာ ကောင်းစေရန် သစ်ဆွေးမြေသြဇာ အသုံးပြု သည်။ | | X | ရွေးချယ်ထားသည့် လယ်သမားများသည် အပင်များ မစိုက်ပျိုးမီ လယ်တော တွင် အညိုရောင်၊ အစိမ်းရောင်ရှိသည့် မြေဆွေးများ၊ တိရိစ္ဆာန်မှ ရရှိသည် မြေသြဇာများ၊ မြေဆွေးနှင့် ရေတို့ မှ ပြုလုပ်ထားသည် အိမ်လုပ် မြေသြဇာ များ ပေါင်းစပ်ပြုလုပ်သည်။ |
| ၂။ အစေ့များ ထိန်းသိမ်းခြင်း | | X | ရွေးချယ်ထားသည့် လယ်သမားများသည် သူတို့ ရိတ်သိမ်းထားသည့် အစေ့များအား အိတ်များ[၂၈] ဖြင့် နံရံများ၊ မြေပြင်များနှင့် မထိအောင် သိုလှောင်သိမ်းဆည်းထားသည်။ |
| ၃။ ငါးနှစ်အောင် ကလေးငယ်များ၏ အမျိုးသမီး အုပ်ထိန်းသူများသည် သူတို့ ဥယျာဉ်ခြံမြေ များ ပြင်ဆင်သည့်အခါ မြေကြီးထဲသို့ ၂၀ ဆင်တီမီတာ အနက် တူးကြသည်။ | X | | |
| ၄။ ရွေးချယ်ထားသည့် လယ်သမားများသည် သူတို လယ်ယာများအား ရိတ်သိမ်းပြီးသည့် အခါ မီးမရှို့ကြပါ။ | | X | ရွေးချယ်ထားသည့် လယ်သမားများသည် လယ်ယာများတွင် ကောက်ပဲသီးနှံမှ ကျန်ရှိသည့် ကြွင်းကျန်များအား ရိတ်သိမ်းပြီးသည့်အချိန်မှစ၍ နောက်တဖန် မစိုက်ပျိုးမီ အချိန်အထိ ချန်ရစ်ထားရှိသည်။ |
| ၅။ လယ်သမားများသည် ကြားခြား သီးနှံစိုက်ပျိုးခြင်းကို ကျင့်သုံးသည်။ | | X | ရွေးချယ်ထားသည့် လယ်သမားများသည် ပဲမျိုးသီးနှံများ (ဥပမာ၊ မြေပဲ၊ ပဲစဉ်းငုံ၊ ပဲလွှမ်း၊ ပဲစိမ်း၊ ပဲပိစပ် သို့ မဟုတ် ပဲနီကလေးများ) ကို ရာသီချိန်အတွင်း အဓိကသီးနှံအဖြစ် စိုက်ပျိုးသည်။ |
| ၆။ ရွေးချယ်ထားသည့် လယ်သမားများသည် တိုက်စားခံရနိုင်သည့် သူတို့ ၏ လယ်ယာမြေများတွင် စက်ပိုင်းဂက် လယ်ကစင်းများ ထားရှိသည်။ | X | | |

[၂၈] အိတ်အမျိုးအစားသည် တစ်နေရာနှင့်တစ်နေရာ ကွဲပြားနိုင်ပါသည်။

## နောက်ဆက်တွဲ ၉ - သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၁ - အမူအကျင့်သတ်မှတ်ချက် ဖြေလျှော့ခြင်း လေ့ကျင့်ခန်းစာရွက်

| စံထားသင့်သော အမူအကျင့် | အတားအဆီးများ ရှာဖွေဖော်ထုတ်မှုအတွက် ဖြေလျှော့ ထားသော အမူအကျင့်သတ်မှတ်ချက် |
|---|---|
| ၁။ ငါးနှစ်အောက် ကလေးများ၏ မိခင်များသည် တနေ့ကို ငါးကြိမ် သူတို့၏လက်များကို ဆပ်ပြာနှင့် ဆေးကြောသည်။ (အိမ်သာတက်ပြီး သည့်အခါ၊ ထမင်းစားပြီးသည့် အခါ၊ ကလေးအား အစာမကျွေးမီ၊ အစားအစာ မပြင်ဆင်ပေးမီ၊ ကလေးအား ဒိုင်ပါလဲပေးပြီးသည့် အခါ။) | ငါးနှစ်အောက် ကလေးများ၏ မိခင်များသည် တနေ့ ကို သုံးကြိမ် သို့ မဟုတ် ငါးကြိမ် သူတို့ ၏လက်များကို ဆပ်ပြာနှင့် ဆေးကြောသည်။ (အိမ်သာတက်ပြီး သည့်အခါ၊ ထမင်းစားပြီးသည့် အခါ၊ ကလေးအား အစာမကျွေးမီ၊ အစားအစာ မပြင်ဆင်ပေးမီ၊ ကလေးအား ဒိုင်ပါလဲပေးပြီးသည့် အခါ။) |
| ၂။ ၆ လအောက် ကလေးမိခင်များသည် သူတို့၏ မွေးစကလေးများကို မွေးစမှ ၆ လအတွင်း မိခင်နို့ တမျိုးတည်းကိုသာ တိုက်ကျွေးသည်။ | ၆ လအောက် ကလေးမိခင်များသည် သူတို့၏ မွေးစကလေးများကို မွေးစမှ ၅ လအတွင်း မိခင်နို့ တမျိုးတည်းကိုသာ တိုက်ကျွေးသည်။ |
| ၃။ ရွေးချယ်ထားသည့် လယ်သမားများသည် သဘာဝမြေသြဇာ တမျိုးတည်းကိုသာ အသုံးပြုသည်။ | ရွေးချယ်ထားသည့် လယ်သမားများသည် အနည်းဆုံး သူတို့ လယ်တောတဂက်တွင် သဘာဝမြေသြဇာကို အသုံးပြုသည်။ |
| ၄။ ရွေးချယ်ထားသည့် လယ်သမားများသည် သူတို့ သီးနှံများအတွက် ဇီဝပိုးသတ်ဆေးကိုသာ အသုံးပြုသည်။ | ရွေးချယ်ထားသည့် လယ်သမားများသည် အနည်းဆုံး သူတို့ သီးနှံများ၏ တဂက်အတွက် ဇီဝပိုးသတ်ဆေးကိုသာ အသုံးပြုသည်။ |
| ၅။ အသက် ၁၅ - ၄၉ နှစ်အရွယ် အိမ်ထောင်ရှိ အမျိုးသမီးများသည် သူမတို့ ရရှိသည့် ငွေကို ဘယ်လိုအသုံးပြုရမည်ဆိုသည်ကို သူမတို့ ကိုယ်တိုင် အမြဲတမ်းဆုံးဖြတ်သည်။ | အသက် ၁၅ - ၄၉ နှစ်အရွယ် အိမ်ထောင်ရှိ အမျိုးသမီးများသည် သူမတို့ ရရှိသည့် ငွေကို ဘယ်လိုအသုံးပြုရမည်ဆိုသည်ကို သူမတို့ ကိုယ်တိုင် တခါတရံ ဆုံးဖြတ်သည်။ |
| ၆။ ရွေးချယ်ထားသည့် အရွယ်ရောက်ပြီးသူတိုင်း အစဉ် အိမ်သာကိုသာ အသုံးပြုသည်။ | ရွေးချယ်ထားသည့် အရွယ်ရောက်ပြီးသူတိုင်း အိမ်မှာရှိသည့်အခါတိုင်း အိမ်သာကို အသုံးပြုသည်။ |
| ၇။ သတ်မှတ်တိရိစ္ဆာန်မွေးမြူသူတိုင်း သူတို့ တိရိစ္ဆာန် များကို သူတို့ ကျေးရွာတွင် ရှိသည့်အခါတိုင်း ထိန်းသိမ်းထားသည်။ | သတ်မှတ်တိရိစ္ဆာန်မွေးမြူသူတိုင်း သူတို့ တိရိစ္ဆာန် များကို သူတို့ ကျေးရွာတွင် ရှိသည့် ညအခါတိုင်း ထိန်းသိမ်းထားသည်။ |

| စံထားသင့်သော အမှုအကျင့် | အတားအဆီးများ ရှာဖွေဖော်ထုတ်မှုအတွက် ဖြေလျော့ ထားသော အမှုအကျင့်သတ်မှတ်ချက် |
|---|---|
| ၈။ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် သံဓါတ်ကြွယ်ဝသည့် အစားအစာများကို တပါတ် ၅ ကြိမ် စားသုံးသည်။ | ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် သံဓါတ်ကြွယ်ဝသည့် အစားအစာများကို တပါတ်လျှင် အနည်းဆုံး ၃ ကြိမ် စားသုံးသည်။ |
| ၉။ အဖျားရှိသည့် ကလေး၊ ဘာမျှမစားသည့် ကလေး သို့ မဟုတ် စားသမျှ ပြန်အန်သည့် ကလေးများ၏ မိခင်များသည် ၄င်းတို့ ကလေးများအား ပုဂ္ဂလိက သို့ မဟုတ် အစိုးရ ကျန်းမာရေးဆေးခန်းများတွင် ၂၄ နာရီအတွင်း ပြသသည်။ | အဖျားရှိသည့် ကလေး၊ ဘာမျှမစားသည့် ကလေး သို့ မဟုတ် စားသမျှ ပြန်အန်သည့် ကလေးများ၏ မိခင်များသည် ၄င်းတို့ ကလေးများအား ပုဂ္ဂလိက သို့ မဟုတ် အစိုးရ ကျန်းမာရေးဆေးခန်းများတွင် ၄၈ နာရီအတွင်း ပြသသည်။ |
| ၁၀။ ကလေးမွေးခြင်းကို နောက်ဆုတ်ချင်သော အိမ်ထောင်ရှင်များသည် ခေတ်မီ သားဆက်ခြား နည်းကို အသုံးပြုသည်။ | ကလေးမွေးခြင်းကို နောက်ဆုတ်ချင်သော အိမ်ထောင်ရှင်များသည် သားဆက်ခြားနည်း တနည်းနည်းကို အသုံးပြုသည်။ |
| ၁၁။ ၀ - ၅ နှစ် ကလေးများ၏ မိခင်များသည် ကလေးများအား ဆေးခြင်ထောင်ဖြင့် ညစဉ် သိပ်သည်။ | ၀ - ၅ နှစ် ကလေးများ၏ မိခင်များသည် ကလေးများအား မိုးရာသီတွင်း၌ ဆေးခြင်ထောင်ဖြင့် ညစဉ် သိပ်သည်။ |
| ၁၂။ ကိုယ်ဝန်ဆောင်မိခင်များသည် ပထမသုံးလအတွင်း ပုဂ္ဂလိက သို့ မဟုတ် အစိုးရ ကျန်းမာရေးဆေးခန်းများတွင် ကိုယ်ဝန်ဆောင်ဆွေးနွေးမှုများ ခံယူပြီး သုံးလတိုင်း ဆွေးနွေးမှုများကို ဆက်ကာ ခံယူသည်။ | ကိုယ်ဝန်ဆောင်မိခင်များသည် ပုဂ္ဂလိက သို့ မဟုတ် အစိုးရ ကျန်းမာရေးဆေးခန်းများတွင် ၄ ကြိမ် သို့ မဟုတ် ၄ ကြိမ်အထက် ကိုယ်ဝန်ဆောင်ဆွေးနွေးမှုများ ခံယူသည်။ |
| ၁၃။ မူလတန်းကျောင်းသားများသည် ကြိုချက်ပြီးသား သောက်ရေသန့် ကိုသာ အစဉ်သောက်သည်။ | မူလတန်းကျောင်းသားများသည် ကြိုချက်ပြီးသား သောက်ရေသန့် ကိုသာ သူတို့ ကျောင်းတွင်ရှိနေသည့်အခါ သောက်သည်။ |
| ၁၄။ လယ်သမားများသည် သူတို့ သီးနှံများကို မရောင်းချမီ သန့် စင်သည်။ | လယ်သမားများသည် သူတို့ သီးနှံများ၏ အနည်းဆုံးတဝက်ကို မရောင်းချမီ သန့် စင်သည်။ |

## နောက်ဆက်တွဲ ၁၀ - သင်ခန်းစာ ၈ လက်ကမ်းစာရွက် ၃ - စိစစ်မှုပြုရန် မေးခွန်းများလေ့ကျင့်ရေးသားခြင်း

***အမှုအကျင့်ဖော်ပြချက် (ဖြေလျှော့ပြီး)***

၂၃ လအရွယ်ရှိ ကလေးများ၏ မိခင်များသည် တစ်နေ့ ကို သုံးကြိမ် သို့ မဟုတ် ငါးကြိမ် သူတို့ ၏လက်များကို (အိမ်သာတက်ပြီး သည့်အခါ၊ အစားအစာ မပြင်ဆင်ပေးမီ၊ အစာမစားမီ၊ ကလေးအား အစားမကျွေးမီ၊ ကလေးအား အိမ်သာတက်ပြီးသည့် အခါ။) ဆပ်ပြာနှင့် ဆေးကြောသည်။

| အမှုအကျင့်စိစစ်ရန် မေးခွန်းများ | အမှုအကျင့်ဖော်ပြချက်မှ ဆက်စပ်သည့်အပိုင်း |
|---|---|
| ၁။ သင်၏ အငယ်ဆုံးကလေး အသက် ဘယ်လောက်ရှိပြီလဲ။ | ၂၃ လ အောက် အရွယ်ရှိ ကလေးများ၏ မိခင်များ |
| ၂။ မနေ့ က သင် လက်ဆေးခဲ့ပါသလား။ | သူတို့ လက်ဆေးသည်။ |
| ၃။ မနေ့ က ဘယ်နှကြိမ် လက်ဆေးခဲ့ပါသလဲ။ (ယခုမေးခွန်းသည် မေးခွန်း အမှတ်စဉ် ၄ အား ဖြေဆိုချက်ကို ပိုမို တိတိကျကျ မှတ်မိစေရန် မိခင်များအား မေးသည့် မေးခွန်းဖြစ်သည်။) | ၃ ကြိမ် သို့ မဟုတ် ၃ ကြိမ်အထက် |
| ၄။ မနေ့ က မည်သည့် အချိန်၊ မည်သည့် အခါများတွင် လက်ဆေးခဲ့သနည်း။ | အဓိကကျသော အကြိမ် ၅ ကြိမ်အနက် |
| ၅။ မနေ့ က လက်ဆေးသည့်အခါ ရေအပြင် အခြားအသုံးပြုတာ ရှိပါသလား။ | ဆပ်ပြာဖြင့် |
| ၆။ အကယ်၍ အသုံးပြုပါက မည်သည့် အရာ ဖြစ်ပါသနည်း။ | ဆပ်ပြာဖြင့် |
| ၇။ သင့်အိမ်တွင် ရှိသော ဆပ်ပြာကို ကြည့်လို ့ရပါသလား။ | ဆပ်ပြာဖြင့် |

# စိစစ်မှုပြုလုပ်ရန် မေးခွန်းများ နမူနာ ၂ - ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း

**ညွှန်ကြားချက်။ ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက်ကို ဖတ်ပြီး စမ်းသပ်မေးခွန်းများကို ဖတ်ပါ။ ပေးထားသော ကွက်လပ်တွင် စမ်းသပ်မေးခွန်းများနှင့် ဆက်စပ်သည့် ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက်နှင့် ဆက်စပ်သည့် အပိုင်းကို ရေးပါ။**

*အမှုအကျင့်ဖော်ပြချက် (ဖြေရှော့ပြီး)*

အဖျားရှိသည့် ကလေး၊ ဘာမျှမစားသည့် ကလေးများ၏ မိခင်များသည် ၎င်းတို့ ကလေးများအား စနစ်တကျ သင်ယူလေ့လာထားသည့် ကျန်းမာရေးလုပ်သားများနှင့် ၄၈ နာရီအတွင်း ပြသကာ ဆေးကုသမှုခံယူသည်။

| အမူအကျင့် စိစစ်ရန် မေးခွန်းများ | အမူအကျင့်ဖော်ပြချက်မှ ဆက်စပ်သည့်အပိုင်း |
|---|---|
| ၁။ အငယ်ဆုံးကလေး အသက်မည်မျှရှိပြီလဲ။ | ၅ နှစ်အောက် အရွယ်ရှိ ကလေးများ၏ မိခင်များ |
| ၂။ အငယ်ဆုံးကလေး လွန်ခဲ့သည့် ၃ လအတွင်းက အပူတက်တာ ရှိခဲ့ပါသလား။ | အဖျားရှိသောသူ |
| ၃။ အငယ်ဆုံးကလေး အပူတက်ကာ ဆေးကုသမှုခံယူတာ ဘယ်အချိန်က နောက်ဆုံးဖြစ်သနည်း။ | ဆေးကုသမှု ခံယူခြင်း |
| ၄။ အငယ်ဆုံးကလေး အပူတက်ကာ ဆေးကုသမှုခံယူသည့် နောက်ဆုံးအကြိမ်က မည်သည့်နေရာတွင် ဆေးကုသမှုခံယူသနည်း။ | စနစ်တကျ သင်ယူလေ့လာထားသည့် ကျန်းမာရေးလုပ်သားများ |
| ၅။ ကလေးအပူတက်သည့်အချိန်မှစကာ ဆေးခန်းသွားသည့် အချိန်အထိ အချိန်ဘယ်လောက် ကြာခဲ့သနည်း။ | အပူရှိသည်ကို သိရှိကာ ၄၈ နာရီအတွင်း |

## နောက်ဆက်တွဲ ၁၁ - အမျိုးအစားခွဲခြားသည့်လေ့ကျင့်ခန်းအတွက် အဖြေများ

1. Non-Doer - မကျင့်သုံးသူ
2. Non-Doer - မကျင့်သုံးသူ
3. Do not interview - - မမေးမြန်းခဲ့
4. Doer - ကျင့်သုံးသူ
5. Non-Doer - မကျင့်သုံးသူ
6. Do not interview မမေးမြန်းခဲ့
7. Non-Doer - မကျင့်သုံးသူ
8. Doer - ကျင့်သုံးသူ

# နောက်ဆက်တွဲ ၁၂ - သင်ခန်းစာ ၁၂ လက်ကမ်းစာရွက် ၃ - ရေတွက်မှတ်သားမှုလေ့ကျင့်ခန်းအတွက် အဖြေများ

| အဖြေများ | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) | အရေးကြီးပါသလား။ | ပြုလုပ်ရမည့်အချက်များ |
|---|---|---|---|---|
| ၁။ ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ - အမူအကျင့်ကို ကျင့်သုံးခြင်းဖြင့် မည်သည့်ကောင်းကျိုးများ ရှိသနည်း။ | | | | |
| f. Avoid diseases<br>ရောဂါကင်းဝေးမည်။ | 90 | 84 | | |
| g. Be clean/hygiene<br>သန့်ရှင်းသည်၊ တကိုယ်ရည်သန့်ရှင်းမှု | 76 | 67 | | |
| h. Feel comfortable with others<br>အများနှင့် အဆင်ပြေသည်ဟု ခံစားရသည်။ | 20 | 12 | | |
| i. Be attractive<br>ဆွဲဆောင်မှုရှိသည်။ | 2 | 2 | | |
| j. Remove bad smell<br>မကောင်းသည့် အနံ့အသက်များအား ဖယ်ရှားပေးသည်။ | 8 | 8 | | |
| ၂။ ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ - မည်သည့်အရာများသည် ထိုပြုမူလုပ်ဆောင်ပုံ၏ ဆိုးကျိုးများ ဖြစ်သနည်း။ | | | | |
| f. None<br>မရှိ။ | 71 | 84 | | |
| g. Requires money<br>ငွေကြေးလိုအပ်သည်။ | 16 | 8 | | |
| h. Takes time<br>အချိန်ယူသည်။ | 8 | 6 | | |
| i. People think I'm lazy (don't work)<br>လူတွေက ကျွန်ုပ်အား ပျင်းရိသည်ဟု ထင်သည်။ (အလုပ်မလုပ်) | 2 | 4 | | |
| j. Makes food taste strange/bad<br>ဟင်းကောင်းကောင်းမချက်တတ်၊ အရသာမရှိ။ | 10 | 30 | yes | Write a Bridge to Activity<br>**လုပ်ငန်းရည်ရွယ်ချက် ရေးသားပါ။** |
| **၃။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ** - မည်သည့်အရာက ပြုမူလုပ်ဆောင်ပုံကို လွယ်ကူစေသနည်း။ | | | | |
| h. Access to water<br>ရေရရှိမှု | 82 | 69 | | |
| i. Access to soap/money for soap<br>ဆပ်ပြာဝယ်ရန် ဆပ်ပြာ သို့မဟုတ် ပိုက်ဆံ ရရှိမှု | 73 | 78 | | |

| အဖြေများ | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) | အရေးကြီးပါသလား။ | ပြုလုပ်ရမည့်အချက်များ |
|---|---|---|---|---|
| j. Access to ash<br>ပြာရရှိမှု | 33 | 16 | Yes<br>ဟုတ်ပါသည်။ | **လုပ်ငန်းရည်ရွယ်ချက် ရေးသားပါ။**<br>**လုပ်ငန်းရည်ရွယ်ချက် ရေးသားပါ။** |
| k. Container for water<br>ရေထည့်ရန် ခွက် | 2 | 0 | | |
| l. Having a reminder<br>သတိပေးချက် ရရှိမှု | 12 | 12 | | |
| m. Habit/willingness/motivation<br>အလေ့အကျင့်၊ လုပ်ချင်စိတ်၊ စိတ်အားထက်သန်မှု | 18 | 6 | | |
| n. Being aware/knowing how to wash correctly<br>မည်သို့ မှန်မှန်ကန်ကန် ဆေးကြောရမည်ကို သိရှိခြင်း | 22 | 14 | | |
| **၄။ မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ - မည်သည့်အရာက ပြုမူလုပ်ဆောင်ပုံကို ခက်ခဲစေသနည်း။** | | | | |
| e. No money to buy water<br>ရေဝယ်ရန် ပိုက်ဆံမရှိ | 51 | 35 | Yes<br>ဟုတ်ပါသည်။ | Write a Bridge to Activity<br>**လုပ်ငန်းရည်ရွယ်ချက် ရေးသားပါ။** |
| f. No money to buy soap<br>ဆပ်ပြာဝယ်ရန် ပိုက်ဆံမရှိ | 73 | 78 | | |
| g. No ash<br>ပြာမရှိ | 6 | 4 | | |
| h. No time/too busy<br>အချိန်မရှိ၊ အလုပ်များ။ | 39 | 16 | Yes<br>ဟုတ်ပါသည်။ | Write a Bridge to Activity<br>**လုပ်ဆောင်ချက်နှင့် အချိတ်အဆက်ကို ရေးသားပါ။** |
| **၅။ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ - ထိုသို့ ပြုမူလုပ်ဆောင်ရန် မည်သူ ခွင့်ပြု/ထောက်ကူ ပေးမည်နည်း။** | | | | |
| d. Health workers<br>ကျန်းမာရေး လုပ်သားများ | 63 | 51 | | |
| e. My husband<br>ကျွန်ုပ်ခင်ပွန်း | 35 | 33 | | |
| f. Neighbors<br>အိမ်နီးချင်းများ | 25 | 28 | | |
| **၆။ လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ - ထိုသို့ ပြုမူလုပ်ဆောင်ရန် မည်သူ ခွင့်ပြု/ထောက်ကူ ပေးမည်နည်း။** | | | | |
| d. No one<br>မည်သူမျှ | 63 | 63 | | |
| e. Elders/local leaders | 25 | 34 | | |

| အဖြေများ | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) | အရေးကြီးပါသလား။ | ပြုလုပ်ရမည့်အချက်များ |
|---|---|---|---|---|
| ရပ်ရွာ လူကြီး၊ ရွာလူကြီး | | | | |
| f. My husband<br>ကျွန်ုပ်ခင်ပွန်း | 33 | 55 | Yes<br>ဟုတ်ပါသည်။ | Write a Bridge<br>**လုပ်ဆောင်ချက်နှင့် အချိတ်အဆက်ကို ရေးသားပါ။** |
| **၇။ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် - ဝမ်းလျှောရောဂါသည့် မည်မျှဆိုးရွားသနည်း။** | | | | |
| d. Very bad<br>အလွန်ဆိုး | 88 | 88 | | |
| e. Somewhat bad<br>အနည်းငယ်ဆိုး | 10 | 14 | | |
| f. Not bad at all<br>လုံးဝမဆိုး | 0 | 2 | | |
| **၈။ ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ်** - ဝမ်းလျှောရောဂါကို ကျွန်ုပ် မည်ကဲ့သို့ ရရှိခံစားရနိုင်သနည်း။ | | | | |
| d. Very likely<br>အလွန်ပင်ဖြစ်နိုင်သည်။ | 78 | 30 | Yes<br>ဟုတ်ပါသည်။ | Write one Bridge for Risk<br>**အန္တရာယ်ဖြစ်နိုင်ခြေအတွက် လုပ်ငန်းရည်ရွယ်ချက် ရေးသားပါ။** |
| e. Somewhat likely<br>အနည်းငယ်ဖြစ်နိုင်သည်။ | 14 | 37 | | |
| f. Not likely<br>မဖြစ်နိုင်။ | 8 | 33 | | |
| **၉။ ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ - ဝမ်းလျှောရောဂါ ကာကွယ်ရန် ဆပ်ပြာ သို့ မဟုတ် ပြာ ဖြင့် လက်ဆေးပါမည်လား။** | | | | |
| d. Yes<br>လုပ်မည်။ | 63 | 49 | | |
| e. Maybe<br>လုပ်ကောင်းလုပ်နိုင်သည်။ | 10 | 24 | | |
| f. No<br>မလုပ်ပါ။ | 27 | 27 | | |
| **၁၀။ လက်လှမ်းမီမှု - လိုအပ်သည့် ရေရရှိရန် မည်မျှခက်ခဲပါသနည်း။** | | | | |
| d. Very difficult<br>အလွန်ခက်ခဲ | 33 | 71 | Yes<br>ဟုတ်ပါသည်။ | Don't write a Bridge for this because the Bridge you write for 4a will cover this result too.<br>**၄ ကတွင် ရေးသားထားရမည့် လုပ်ငန်းရည်ရွယ်ချက်တွင် ပါဝင်ပြီးဖြစ်နိုင်သဖြင့်** |

| အဖြေများ | | ကျင့်သုံးသူ (%) | မကျင့်သုံးသူ (%) | အရေးကြီးပါသလား။ | ပြုလုပ်ရမည့်အချက်များ |
|---|---|---|---|---|---|
| | | | | | ယခုခေါင်းစဉ်အတွက် လုပ်ငန်းရည်ရွယ်ချက် မရေးသားပါနှင့်။ |
| e. | Somewhat difficult<br>အနည်းငယ်ခက်ခဲ | 49 | 24 | | |
| f. | Not difficult<br>မခက်ခဲ | 18 | 6 | | |
| **၁၁။ လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ** | | | | | |
| d. | Very difficult<br>အလွန်ခက်ခဲ | 14 | 14 | | |
| e. | A bit difficult<br>အနည်းငယ်ခက်ခဲ | 39 | 47 | | |
| f. | Not difficult at all<br>လုံးဝ မခက်ခဲ | 47 | 39 | | |

# နောက်ဆက်တွဲ ၁၃ - အတားအဆီးများရှာဖွေဖော်ထုတ်ခြင်းအတွက် ကွန်ပျူတာဖြင့် ရေတွက်ရန် နည်းလမ်းများ[၂၉]

## အတားအဆီးများရှာဖွေဖော်ထုတ်မှုအတွက် ရေတွက်မှုဇယား (MS Excel)

ဇယားစာရွက်ကို http://caregroups.info/wp-content/uploads/2016/06/Final-Computerized-Tabulation-Sheets-June-2016.xlsx. တွင် ရယူနိုင်သည်။

MS Excel သည် ရှုပ်ထွေးသည့် ဖော်မြူလာများအား ပြောင်းလဲမှုဖြစ်စေခြင်းကို ရှောင်ရှားစေနိုင်ရန် အကာအကွယ်ယူထားသည်။ သို့သော်လည်း အကယ်၍ ပုံစံတွင် ပြောင်းလဲမှုများလိုအပ်ပါက လျှို့ဝှက်အမှတ် "corecore" ကို စာရွက်ဖွင့်ရန် အသုံးပြုနိုင်သည်။

### ဆက်သွယ်ရန်

Mary DeCoster
Senior Specialist for Social and Behavioral Change
Food for the Hungry
mdecoster@fh.org

### ဂဏန်း အချက်အလက်သွင်းခြင်း

**၁။ လေ့လာမှု ဖော်ပြချက် ခေါင်းစဉ်။** (မဖြစ်မနေပါဝင်ရန်မလိုပါ) လေ့လာမှုဖော်ပြချက် သတင်းအချက်အလက်များ ရေးသွင်းပါ။

(က) နိုင်ငံအမည် ရေးသွင်းပါ။ လေ့လာမှုပြုသည့် နိုင်ငံအမည် ရေးသွင်းပါ။

(ခ) နေရာ (၁၊ ၂၊ စသည်)။ နယ်ပယ် သို့မဟုတ် အခြားသော လေ့လာမှုပြုသည့် နေရာဒေသကို ကိုယ်စားပြုသည့် အမှတ်အသား သွင်းပါ။ နေရာတခုချင်းစီအတွက် စာရွက်တစ်ရွက်စီထားရှိကာ အကယ်၍ လေ့လာမှုသည် နေရာဒေသ တခုထက်ပိုပြုလုပ်ပါက စာရွက်တခုချင်းစီကို နေရာအမည် ပေးပါ။

(ဂ) အတားအဆီးများရှာဖွေဖော်ထုတ်မှုပြီးစီးသည့် နေ့ စွဲ။ လေ့လာမှုပြီးမြောက်သွားသည့် လ နှင့်/သို့ မဟုတ် ခုနှစ်

(ဃ) NGO/PVO အမည်။ လေ့လာမှု ပြုလုပ်သည့် အဖွဲ့ အစည်း

[၂၉] မှတ်ချက် - ဤဇယားတွင် ပိုမိုတိကျသော ဆက်စပ်မှုဖော်ပြချက်များရရှိနိုင်ရန် ၂၀၁၃ ခုနှစ် ဇွန်လတွင် ပြုပြင်မှုများ ပြုလုပ်ခဲ့ပါသည်။ ယခင်ကအသုံးပြုခဲ့သော အတားအဆီးများရှာဖွေဖော်ထုတ်မှုတွင် ရေတွက်သည့်စာရွက်များတွင် ဖော်ပြချက်များရေးသားရန် Odds Ratio ကို အသုံးပြုခဲ့သည်။ ယင်းတို့သည် အမူအကျင့်ကျင့်သုံးမှုရှားပါးသည့် အခြေအနေများတွင် ပိုမိုသင့်တော်သည် (ဥပမာ - ၁၀% အောက်)။ ပြင်ဆင်ပြီးစာရွက်ပုံစံတွင်မူ ခန့်မှန်းနိုင်းရအန္တရာယ် ဖြစ်နိုင်ခြေ (Estimated Relative Risk) ကိုအသုံးပြုသည်။ ယင်းတွင် ဆက်စပ်မှုဖော်ပြချက်များရေးသားရန် အမူအကျင့်၏ လူထုအတွင်း ပျံ့နှံ့မှုကို ထည့်သွင်းစဉ်းစားထားသည် (ဥပမာ -

"ကျင့်သုံးသူများသည် မကျင့်သုံးသူများထက် ဤအဖြေမျိုးပေးရန် ဖြစ်နိုင်ခြေ ၃.၄ ဆ ပိုမိုများပါသည်")။ ယင်းမှတဆင့် ဆက်စပ်မှုကို ပိုမိုတိကျသော ခန့်မှန်းချက်များပြုလုပ်နိုင်မည်ဖြစ်သည်။

(င) လေ့လာမှု အသေးစိတ်/အနှစ်ချုပ်။ ရနိုင်ပါက ထပ်ဖြည့် အချက်အလက်များကို ပြုမူလုပ်ဆောင်ပုံ ကြောင်း အသေးစိတ်၊ ပါဝင်သည့်သူများ၊ စသည်တို့ ထည့်သွင်းနိုင်သည်။

(စ) ဤလေ့လာမှု link ကို (ရနိုင်ပါက) Download ဆွဲပါ။ Online တွင်တင်ထားသည့် လေ့လာမှု link ကို ကူးပါ။

(ဆ) လေ့လာမှုအတွက်ပြုမူလုပ်ဆောင်ပုံ ဖော်ပြချက်အပြည့်အစုံ

**၂။ နေရာ ၁ ခလုတ်**။ အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု အဖြေများတွင် မေးမြန်းထားသည့် ပါဝင်သည့် ကျင့်သုံးသူ စုစုပေါင်းနှင့် မကျင့်သုံးသူ စုစုပေါင်း အရေအတွက်ကို ထည့်သွင်းပါ။ (အကယ်၍ အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှုကို နေရာဒေသ တခုထက်ပိုပြုလုပ်ပါက နေရာဒေသ ၂၊ ၃ စသည်တို့ အတွက်လည်း တခုထက်ပိုပြုလုပ်ပါက တူညီသည့် အချက်အလက်များကို ဖြည့်ထည့်ပါ။ သူတို့ ၏ ပေါင်းအရည်အတွက်မှာ အနည်းဆုံး ကျင့်သုံးသူ ၄၅ ယောက်နှင့် မကျင့်သုံးသူ ၄၅ ယောက်ရှိ ရမည်ကို မှတ်ထားပါ။

၃။ လေ့လာမှုပြုလုပ်သည့် နေရာဒေသ၏ ပြုမူဆောင်ရွက်ပုံကို **ခန့် မှန်း လွှမ်းခြုံနိုင်မှု**တွင် ထည့်သွင်း ပါ။ ဗဟုသုတ၊ အလေ့အကျင့်နှင့် လွှမ်းခြုံနိုင်မှု အတိုင်းအတာ KPC လေ့လာသုံးသပ်မှု ကိန်းဂဏန်း များကိုလည်း ရရှိပါက အသုံးပြုပါ။ လွှမ်းခြုံနိုင်မှုအတွက် ယေဘုယျစိတ်ကူးမရှိပါက ထိုအကွက် cell အတွင်းတွင် ၁၀% ချန်ထားပါ။ ဒေသတွင်း DHS လေ့လာသုံးသပ်ချက်စာတမ်း သို့ မဟုတ် တဆင့်ခံ သတင်းအချက်အလက်များကိုလည်း ကိုးကားနိုင်သည်။

၄။ အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှုကို နေရာဒေသ ၂ ခုတွင်ပြုလုပ်ပါက နေရာဒေသ ၁၊ နေရာဒေသ ၂ တို့ အတွက် သီးခြားစာရွက်တခုစီတွင် ထည့်သွင်းနိုင်သည်။ ဤသို့ ပြုခြင်းဖြင့် နေရာဒေသတခုစီနှင့် ပေါင်းစပ်ထားသည့် နေရာဒေသပေါင်း အချက်အလက်စာရွက် တတိယတစ်ခုတွင် ပြောင်းလဲမှုများကို တွေ့ ရှိနိုင်သည်။ ကျင့်သုံးသူ ၄၅ ယောက်နှင့် မကျင့်သုံးသူ ၄၅ ယောက်ထက်နည်းစွာ မေးမြန်းထားပါက ထိုနေရာဒေသအတွက် ကိန်းဂဏန်းဆိုင်ရာ သိသာမှုကို သင် မြင်တွေ့ ရနိုင်မည်မဟုတ်။

၅။ အဖွင့်မေးခွန်းများအတွက် မေးခွန်းတခုချင်းစီအတွက် ဖြေကြားမှုများကို ကော်လံ A တွင် ထည့်သွင်းပါ။ ကျင့်သုံးသူနှင့် မကျင့်သုံးသူတို့ ဖော်ပြခြင်းနည်းပါသည့် အဖြေများကို အဖြေအမျိုးအစားခွဲ များအဖြစ် ထည့်သွင်းရန် မလိုအပ်ပါ။ အပိတ်မေးခွန်းများအတွက် ဖြေကြားမှုများကို **ကော်လံ A/Determinants** သတ်မှတ်ချက်များတွင် ထည့်သွင်းပါ။

၆။ ဖြေဆိုပေးသွားသည့် ကျင့်သုံးသူနှင့် မကျင့်သုံးသူတို့ ၏ အရေအတွက်ကိုလည်း **ကော်လံ B နှင့် C** တွင် ထည့်သွင်းပါ။

၇။ **ကော်လံ D မှ Q** က အလိုအလျောက်တွက်ချက်ပေးသည်။

၈။ အကယ်၍ သင်သည် နေရာဒေသ ၂ အတွက် ဂဏန်းအချက်အလက်များကို ထည့်သွင်းပါက၊ နေရာဒေသ ၂ အတွက် နေရာဒေသ ၁ ၏ ဖြေကြားမှု အမျိုးအစားခွဲများသည် အလိုအလျောက်မြင် ရနေမည်ဖြစ်သည်။ နေရာဒေသ ၂ အတွက် ထိုအမျိုးအစားခွဲများကို အသုံးပြုကာ ကိန်းဂဏန်း အချက်အလက်များကို ထည့်သွင်းနိုင်သည်။ မည်သည့် ဖြည့်စွက်ဖြေကြားမှုကိုမဆို ထိုသို့ အောက်တွင် အလိုအလျောက်ပေါ်ပေါက်လာသည့် ဖြေကြားမှု အမျိုးအစားခွဲများတွင်

ထည့်သွင်းပါ။ ထိုအခါ တတိယစာရွက်တွင် (နေရာဒေသ ၂ ခု၏ ကိန်းဂဏန်းအချက်အလက်များ ပေါင်းပြီး) သူ့အလိုအလျောက် အလုပ်ဖြစ်မည်ဖြစ်သည်။

## ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အဓိပ္ပါယ်ကောက်ပုံဖော်ခြင်း

၉။ **ကော်လံ M - ခန့် မှန်းနိုင်းရအွန္တရာယ်**ကို ကြည့်ပါ။ ဤကော်လံသည် ကျင့်သုံးသူများသည် မကျင့်သုံးသူများနှင့် ယှဉ်ကြည့်ပါက ဖြေကြားမှုတခုကို ဘယ်နကြိမ်မျှဖြေဆိုထားသည်ကို ဖော်ပြသည်။ (သို့ မဟုတ် အပြန်အလှန်အားဖြင့်၊ မကျင့်သုံးသူများသည် ကျင့်သုံးသူများနှင့် ယှဉ်ကြည့်ပါက ဖြေကြားမှုတခုကို ဘယ်နကြိမ်မျှဖြေဆိုထားသည်ကို) ဖော်ပြသည်။ အမှတ်စဉ် ၁ သည် အရေးပိုကြီး သော အကဲဖြတ်ပေးသည့် သတ်မှတ်ချက်ဖြစ်သည်။

၉ (က)။ ဖြေကြားမှုသည် အရေးကြီးမကြီး ဆုံးဖြတ်ရန် ပထမ p တန်ဖိုးကို ကြည့်ပါ (ကိန်းဂဏန်းအရ သိသာမှု)။ p တန်ဖိုးကို **ကော်လံ N** တွင်တွေ့ ရမည်။ p တန်ဖိုးသည် ၀.၀၅ ထက်နည်းပါက၊ အပြာရောင်စာလုံးဖြင့် မပြရပေ။ p တန်ဖိုးသည် ၀.၀၅ ထက်နည်းပါက ကျင့်သုံးသူများသည် မကျင့်သုံးသူများနှင့် ကိန်းဂဏန်းအရ သိသာမှုရှိ/မရှိကို ဆိုလိုသည် (တိုက်ဆိုင်မှုကြောင့် မဟုတ်)။ အကယ်၍ p တန်ဖိုးသည် အပြာရောင်စာလုံးဖြင့် မဟုတ်ပါက (p တန်ဖိုးသည် ၀.၀၅အောက် မနည်းပါက)၊ ခန့် မှန်း ပျမ်းမျှအွန္တရယ်အချိုး မည်သည့်ဘဲဖြစ်နေပါစေ အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်ကို လစ်လျူရှုပါ။ ထိုကိစ္စမျိုးတွင် ကျင့်သုံးသူနှင့် မကျင့်သုံးသူများအကြား အမှန်တကယ် ခြားနားမှုမရှိနိုင်ပေ။ သို့ သော်လည်း p တန်ဖိုးသည် အပြာရောင်စာလုံးဖြင့် ဖော်ပြပါက (၀.၀၅ ထက်နည်းပါက) ထိုကိစ္စမျိုးတွင် ကျင့်သုံးသူနှင့် မကျင့်သုံးသူများအကြား အမှန်တကယ် ခြားနားမှုရှိပြီး ခြားနားမှုမည်မျှရှိသည်ကို ကြည့်ရန် နောက်တဆင့်ဆက်လက်လုပ်ဆောင်ပါ။

**ဥပမာ။** "ပိုပြီးလွယ်ကူအောင် လုပ်ပေးသည့် အရာများ" တွင် "ဆပ်ပြာကို မည်သည့်နေရာတွင် ဝယ်ယူ ရရှိနိုင်သည်ကို သိခြင်း" နှင့် "လက်ဆေးစင်ရှိခြင်း" တို့ ၏ p တန်ဖိုးသည် ၀.၁၃၈ နှင့် ၀.၂၀ တို့ ဖြစ်သည် ဆိုကြစို့ ။ ထိုတန်ဖိုးနှစ်ခုစလုံးသည် ၀.၀၅ အောက်မငယ်ပေ။ ထို့ကြောင့် ယင်းတို့ ၏ အဖြေများကို လစ်လျူရှုနိုင်သည်။ "ရေအမြောက်အများရှိခြင်း" အတွက် p တန်ဖိုးသည် ၀.၀၀၀၁၆ ဖြစ်သည်ဆိုပါစို့ ။ သူသည် ၀.၀၅ အောက်ငယ်သော ကြောင့် သူသည် အရေးကြီးသည့် အကဲဖြတ်ပေးသည့် သတ်မှတ်ချက်ဖြစ်သည်။

**မှတ်ချက်။** နမူနာ အရွယ်အစားသည့် ကျင့်သုံးသူ ၄၅ ယောက်၊ မကျင့်သုံးသူ ၄၅ ယောက်အောက် နည်းပါက p တန်ဖိုးသည် ၀.၀၅ အောက်လျော့နည်းသည့် ဖြေကြားမှုမျိုး ကို တွေ့ ရှိရမည်မဟုတ်ပါ။ ဤကိစ္စရပ်တွင် p တန်ဖိုး ၀.၁၀ သို့ မဟုတ် ၀.၂၀ အောက်လျော့ သော မည်သည့်ဖြေကြားမှုမျိုးကိုမဆို ထည့်သွင်းနိုင်သည်။ သို့ သော် ဤသို့ ပြုလုပ်ခြင်းဖြင့် သင်သည် သိပ်အရေးမကြီးသည့် ဖြေကြားမှုများကို အာရုံစိုက်မိနေလိမ့်မည်။ ထိုသည်တို့ မှာ တိုက်ဆိုင်မှုများသာ ဖြစ်သည်။ p တန်ဖိုးသည် ၀.၂၀ ရှိသည့် ဖြေကြားမှုများသည် တိုက်ဆိုင် မှုကြောင့်ဖြစ်နိုင်တာများလား။ ၅ ခုမှာ ၁ ခုလောက်ပါ။ သိပ်အရေးမကြီးသည့် ဖြေကြားမှုများကို အာရုံစိုက်မိနေခြင်းသည်လည်း ရက်ဖွယ်ရာဖြစ်သည်။ ဤအကြောင်းအ ချက်ကြောင့် ကျွန်ုပ်တို့ သည် ကျင့်သုံးသူ ၄၅ ယောက်၊ မကျင့်သုံးသူ ၄၅ ယောက်အောက် မနည်းစေရန် အကြံပြုလိုပါသည်။

၉ (ခ)။ ခန့် မှန်းပျမ်းမျှအွန္တရာယ်ကိုကြည့်ခြင်းအားဖြင့် ဖြေကြားမှုတခုသည် မည်မျှအရေးကြီးသည်ကို သင် ယခုဆုံးဖြတ်ရန်လိုအပ်သည်။

- အကယ်၍ ခန့် မှန်းပျမ်းမျှအွန္တရာယ်သည် ၁ ထက်ကြီးပါက ကျင့်သုံးသူများသည် မကျင့်သုံးသူများထက် ဖြေကြားမှုတခုကို သီးသန့် အကြိမ်များစွာ ဖြေကြားခြင်းမျိုးဖြစ်နိုင် သည်။ ခန့် မှန်းပျမ်းမျှအွန္တရာယ်က ၁ ထက်ကြီးသောအခါ ကျင့်သုံးသူများသည် မကျင့်သုံးသူများထက် ဖြေကြားမှုတခုကို သီးသန့် အကြိမ်များစွာ မည်မျှဖြေကြားသည်ကို ကြည့်ရန် ခန့် မှန်းပျမ်းမျှအွန္တရာယ်ကို ကြည့်ပါ။
- **ဥပမာ။** "အမျိုးသားက ကွန်ုပ်ကို ဆပ်ပြာဂယ်ရန် အားပေးသည်" ၏ p တန်ဖိုးသည် ဂ.ဂ၅ ထက်ငယ်ပါကသည် ဆိုကြပါစို့ (ဤအရာသည် အရေးကြီးသည့် အဖြေဖြစ်သည်။ တိုက်ဆိုင်မှုမဟုတ်)။ ပျမ်းမျှအွန္တရာယ်က ၅.ဂ ဖြစ်သည်။ ဆိုလိုသည်မှာ ကျင့်သုံးသူသည် မကျင့်သုံးသူထက် "အမျိုးသားက ကွန်ုပ်ကို ဆပ်ပြာဂယ်ရန် အားပေးသည်" ကို ၅ ဆ ပိုပြီး ဖြေကြားသည်။ ထိုအခါ သင် ဂဏန်းအချက်အလက်ကို မည်သို့အသုံးပြုမည်နည်း။ သင် လုပ်နိုင်တာတခုမှာ အမျိုးသားများအား အမျိုးသမီးများ ဆပ်ပြာဂယ်ခြင်းကို အားပေးစေရန် သူတို့ ၏ အမျိုးသမီးများအား ဆပ်ပြာအသုံးပြုခြင်းသည် အကျိုးရှိကြောင်း အမျိုးသားများ အား ရှင်းပြပေးရန်၊ သူတို့ အရေးကြီးသည်ဟု ယုံကြည်လက်ခံထားမှုကို အသားပေးခြင်း (စကားစမြည်ပြောခြင်း မှ သိရှိခြင်း)၊ ဂမ်းလျောဂမ်းပျက်မှု လျော့ကျစေခြင်း၊ သူတို့ အမျိုး သမီးများနှင့် ကလေးများအား သန့်ရှင်းမွေးကြိုင်နေစေခြင်း၊ အစာအသောက်ပြင်ဆင်ရာ တွင်လည်း သန့် ရှင်းနေစေခြင်း စသည့်တို့ရှင်းပြပေးခြင်းများ ပြုလုပ်နိုင်သည်။

အကယ်၍ ခန့် မှန်းနိုင်းရအွန္တရာယ်သည် ၁ အောက်နည်းပါက၊ မကျင့်သုံးသူများသည် ကျင့်သုံးသူများထက် ထိုအဖြေကို ပို၍ ဖော်ပြဖြေကြားနိုင်သည်။

- **ဥပမာ** - မိခင်များသည် "ရေအနည်းငယ်သာရှိခြင်း" ကို ဆပ်ပြာဖြင့် လက်ဆေးခြင်းသည် ခက်ခဲစေသည့် အချက်အဖြစ်ဖော်ပြလာပြီး p တန်ဖိုးသည် ဂ.ဂ၅ အောက်လျော့နည်းကာ အရေးကြီးသည့် ဖြေကြားမှုဖြစ်သည် ဆိုကြပါစို့ ။ odds ratio သည် ဂ.၃၃ ဖြစ်ပြီး ၁.ဂ ထက်ငယ်ကာ မကျင့်သုံးသူ များသည် ထိုအဖြေကို ပိုမိုဖော်ပြဖြေဆိုနိုင်မှု အလားအလာများသည်။ ထိုဂဏန်း၏ ပြောင်းပြန်ကို ဦးစွာယူကာ ၁/ဂ.၃၃ နှင့်စားခြင်းသည် ၃.ဂ ဖြစ်သည်။ ဆိုလိုသည်မှာ မကျင့်သုံးသူများသည် ကျင့်သုံးသူများထက် "ရေအနည်းငယ်သာ ရှိခြင်း" ကို လက်ဆေးခြင်းသည် ခက်ခဲစေသည့် အချက်အဖြစ် ၃ ဆ ပိုပြီး ဖြေကြားသည်။ မကျင့်သုံးသူများသည် ကျင့်သုံးသူများထက် ၃ ဆ ပိုပြီး ဖြေကြားသည်ဟူသည့် ဖော်ပြချက် (ကိန်းဂဏန်းဆိုင်ရာ တွေ့ ရှိချက် သိသာထင်ရှားမှု) ကော်လံ Q တွင်လည်း ကြည့်ရှုနိုင်သည်။ ထိုအခါ သင် ဂဏန်းအချက်အလက်ကို မည်သို့အသုံးပြုမည်နည်း။ သင် လုပ်နိုင်တာတခုမှာ Tippy Taps အသုံးပြုခြင်း၊ ပြာအသုံးပြုခြင်း သို့ မဟုတ် အခြား လက်ဆေးရာတွင် ရေအနည်းငယ်သာ လိုအပ်သည့်အရာများ အသုံးပြုခြင်းကို အားပေးနိုင်သည်။

၉ (ဂ)။ အကယ်၍ ကျင့်သုံးသူ သို့ မဟုတ် မကျင့်သုံးသူ ရာခိုင်နှုန်းမှာ ဂ% (ကော်လံ G နှင့် F အသီးသီး) ဖြစ်နေပြီး p တန်ဖိုးမှာ ဂ.ဂ၅ ဖြစ်နေပါက ခန့် မှန်းနိုင်းရအွန္တရာယ်အချိုးကို အသုံးပြုကာ ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများသည် မည်မျှခြားနားသည်ကို ဆုံးဖြတ်၍ မရပေ။

– မိခင်များသည် "ယောကျ္ခမ" များကို ခွင့်ပြုသူအဖြစ် ဖြေကြားပြီး၊ ခန့် မှန်းပျမ်းမျှအန္တရာယ်ကော်လံသည် ၀.၀၀ ကို ဖော်ပြနေပြီး မကျင့်သုံးသူ ရာခိုင်နှုန်းမှာ ၀% ဖြစ်နေသည် ဆိုကြပါစို့ ။ ခန့် မှန်းနိုင်းရအန္တရာယ်အချိုးမှာ "#DIV/!" ဟု ပြကောင်းပြနိုင်သည်။ ကျင့်သုံးသူ ရာခိုင်နှုန်းမှာ ၀% ဖြစ်နေသည်ဆိုသည်မှာ ခန် ့မှန်းနိုင်းရအန္တရာယ်အချိုးကို တွက်ချက်၍ မရနိုင်ခြင်းသည် ဂဏန်းတခုကို သုညဖြင့်စားခြင်းကြောင့်ဖြစ်သည်ကို ဆိုလိုသည်။ ထိုဖြေကြားမှုကို အရေးကြီး၊မကြီး ဆုံးဖြတ်ရန် အသုံးပြုကာ ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများ ခြားနားခြင်းအမှတ်ရာခိုင်နှုန်းကို ကြည့်ရပါမည်။ အသုံးပြုကာ ကျင့်သုံးသူများ နှင့် မကျင့်သုံးသူများ ခြားနားခြင်းအမှတ်ရာခိုင်နှုန်းသည် ၁၅% ထက်များ နေများက ထိုဖြေကြားမှုမှာ အရေးကြီးသည်ဟု ကျွန်ုပ်တို့ စဉ်းစားပါမည်။

– **ဉပမာ။** ၅၁% သော ကျင့်သုံးသူများက "ကျွန်ုပ်၏ ယောကျ္ခမ" သည် လက်ကို ဆပ်ပြာဖြင့်ဆေး ခြင်းကို ခွင့်ပြုသူများအဖြစ်ပြောပြီး ၀% သော မကျင့်သုံးသူများက ဖြေသည် ဆိုကြပါစို့ ။ ခြားနားမှုသည် ၁၅% ထက်ကြီးသောကြောင့် ထိုအချက်ကို အရေးကြီးသည်ဟု ကျွန်ုပ်တို့ စဉ်းစားပါမည်။ ထိုအခါ သင် ဂဏန်းအချက်အလက်ကို မည်သို့ အသုံးပြုမည်နည်း။ သင်လုပ်နိုင်တာတခုမှာ Tippy Taps အသုံးပြုခြင်း၊ ပြာအသုံးပြုခြင်း သို့ မဟုတ် အခြား လက်ဆေးရာတွင် ရေအနည်းငယ်သာ လိုအပ်သည့်အရာများ အသုံးပြုခြင်းကို အားပေးနိုင်သည်။ "ယောကျ္ခမ" သည် လက်ကို ဆပ်ပြာဖြင့်ဆေးခြင်းကို ခွင့်ပြုသူများအဖြစ်ပြောသည့်ဖြစ်သောကြောင့် ယောကျ္ခမများအား ချွေးမများကို လက်ကို ဆပ်ပြာဖြင့်ဆေးခြင်းကို ပြုလုပ်စေရန် အားပေးနိုင်သည်။

– P တန်ဖိုးသည် ၀.၀၅ အောက်ငယ်သောအခါ ကော်လံ N နှင့် P ခန့် မှန်းနိုင်းရ အန္တရာယ်အချိုးကို အစိပ္ပါယ်ဖွင့်ပေးသည်ကို မှတ်သားပါ။

# နောက်ဆက်တွဲ ၁၄ - သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၁ - လုပ်ငန်းရည်ရွယ်ချက်များ ရေးသားခြင်း

| Formative Research မှ ဖြေကြားမှုများ/ကုဒ်များ | **Determinant**<br>အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် | **Bridge to Activity**<br>လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 1. Doesn't know how to plant on the contour<br>ကွန်တိုမျဉ်းပေါ်တွင် မည်သို့ စိုက်ပျိုးရ မည်ကို မသိပါ။ | Perceived self-efficacy<br>မိမိတွင်ရှိသည်ဟု ထင်မြင်ယူဆသော အရည်အချင်းများ | Increase the ability to plant on the contour<br>ကွန်တိုမျဉ်းပေါ်တွင် စိုက်ပျိုးနိုင်သည့် စွမ်းရည်ကို မြင့်တင်ပါ။ |
| 2. Farmer thinks father-in-law doesn't appreciate use of fertilizer (not worth the money and effort)<br>လယ်သမားများ၏ ယောက္ခမက ဓါတ် မြေသြဇာ အသုံးပြုမှုကို အသိအမှတ် မပြုဟု ထင်မှတ်သည်။ (ပိုက်ဆံနှင့် အားစိုက်ရမှုမှာ မထိုက်တန်) | Perceived social norms<br>လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ | Increase the perception that the father-in-law approves of using fertilizer (that it's worth the effort and money)<br>ယောက္ခမက ဓါတ်မြေသြဇာ အသုံးပြုခြင်းကို ခွင့်ပြုသည်ကို လက်ခံသိမှတ်မှုဟာ မြင့်တင်ပေးပါ။ (ပိုက်ဆံနှင့် အားစိုက်ရမှုမှာ ထိုက်တန်) |
| 3. More insects if fields aren't burned<br>လယ်မြေကို မီးမရှို့ပါက ပိုးမွှားကျရောက်မှုများသည်။ | Perceived negative consequences<br>ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ | Decrease the perception that there won't be more insects if you don't burn the fields<br>လယ်မြေကို မီးမရှို့ပါက ပိုးမွှားကျရောက်မှု မများနိုင်သည်ဟူသည့် လက်ခံထားမှုအား လျှော့ချပါ။ |
| 4. Clinic staff are mean (care seeking)<br>ဆေးခန်းဝန်ထမ်းများမှာ သဘောထားဆိုးသည်။ | Access<br>လက်လှမ်းမီမှု<br>Perceived negative consequences<br>ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ | Decrease the perception that clinic staff are mean<br>ဆေးခန်းဝန်ထမ်းများမှာ သဘောထားဆိုးသည် ဟူသည် လက်ခံထားမှုအား လျှော့ချပါ။ |
| 5. Can't breastfeed while working outside the home<br>အိမ်အပြင်တွင် အလုပ်လုပ်ပါက မိခင်နို့ မတိုက်ကျွေးနိုင်ပါ။ | Perceived self-efficacy<br>မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ | Increase the ability to continue breastfeeding even while working outside the home<br>အိမ်အပြင်တွင် အလုပ်လုပ်နေစဉ် အတွင်းလည်း မိခင်နို့ ဆက်လက် တိုက်ကျွေးနိုင်မှုကို မြင့်တင်ပါ။ |

| Formative Research မှ ဖြေကြားမှုများ/ကုဒ်များ | Determinant<br>အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် | Bridge to Activity<br>လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 6. Can't recognize the weeds<br>ပေါင်းပင်များကို ခွဲခြားမသတ်မှတ်နိုင်။ | Perceived self-efficacy<br>ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ | Increase the ability to recognize weeds (distinguish weeds from other plants)<br>ပေါင်းပင်များကို ခွဲခြားသတ်မှတ်နိုင် သည့် စွမ်းရည်ကို မြင့်တင်ပါ။ (ပေါင်းပင်များကို အခြားအပင်များမှ ခွဲခြားပါ။) |
| 7. Forgot the date of the distribution (improved seed use)<br>ဖြန့်ဝေသည့် နေ့ရက်ကို သတိမေ့သည်။ | Cue to action/ reminders<br>လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသော အရာ/ သတိရစေသည့်အရာများ | Increase the ability to remember the date of the seed distribution<br>အစေ့ဖြန့်ဝေသည့် နေ့ရက်ကို သတိရနိုင်သည့် စွမ်းရည်ကို မြင့်တင်ပါ။ |
| 8. Birth weight predicts nutritional outcomes (good birth weight = no risk of malnutrition)<br>မွေးစကလေး အလေးချိန်သည် အာဟာရ ရလာဒ်ကို ခန့်မှန်းပေးသည်။<br>(မွေးစအလေးချိန်များ = အာဟာရ ချို့တဲ့မှု မခံစားရနိုင်) | Perceived susceptibility<br>ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/ အန္တရာယ် | Increase the perception that even infants with a normal birth weight can become malnourished<br>ပုံမှန် အလေးချိန်ဖြင့် မွေးလာသည့် မွေးခင်းစကလေးပင်လျှင် အာဟာရ ချို့တဲ့မှု ခံစားရနိုင်သည့်ကို သိရှိလက်ခံနိုင်မှုကို မြင့်တင်ပါ။ |
| 9. Bible approved of covering feces/latrine use<br>မစင်များကို ဖုံးထားခြင်း/အိမ်သာ အသုံးပြုခြင်းကို ကျမ်းစာမှ ခွင့်ပြုပေးထားသည်။ | Perceived divine will<br>ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း | Reinforce the perception that the Bible approves of latrine use<br>အိမ်သာ အသုံးပြုခြင်းကို ကျမ်းစာမှ ခွင့်ပြုပေးထားသည်ကို သိရှိလက်ခံနိုင်မှုကို အားပေးပါ။ |

| Formative Research မှ ဖြေကြားမှုများ/ကုဒ်များ | Determinant အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် | Bridge to Activity လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 10. Took child to be vaccinated last week, but they said they cannot open up a vial of vaccine for just one child (10 kids needed to open a vaccine vial policy)<br>ပြီးခဲ့သည့် အပါတ်က ကာကွယ်ဆေး ထိုးရန် ကလေးအားခေါ်သွားသော် လည်း ကလေးတယောက်အတွက်သာ ဆိုလျှင် ကာကွယ်ဆေးပုလင်း ဖောက်ပေးလို့ မရဟု ပြောသည်။ (လုပ်ထုံးလုပ်နည်းအရ ကာကွယ်ဆေးတပုလင်းသည် ကလေး ၁၀ ယောက်စာ ရသည်။) | Policy<br>မူဝါဒ | Increase the perception that there are things mothers can do to get their children vaccinated while adhering to the policy regarding vaccine management<br>ကာကွယ်ဆေးနှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းကိုလည်း လိုက်နာခြင်းနှင့်အတူ ကလေးမိခင်များ သူတို့ ကလေးများ ကာကွယ်ဆေးထိုးပေးနိုင်ရန် အတူတကွ လုပ်ဆောင်နိုင်သည့် သိရှိလက်ခံနိုင်စေရန် မြင့်တင်ပေးပါ။ |
| 11. Men and women don't discuss family planning here<br>သားဆက်ခြားခြင်းကို အမျိုးသားများနှင့် အမျိုးသမီးများ မဆွေးနွေးကြပါ။ | Culture<br>ယဉ်ကျေးမှု | Increase the perception that even in this culture, men and women can discuss intimate topics<br>လက်ရှိ ယဉ်ကျေးမှုမှာပင်လျှင် အမျိုးသားများနှင့် အမျိုးသမီးများ အတွင်းရေးကို ဆွေးနွေးနိုင်သည့် သိရှိလက်ခံနိုင်မှုကို မြင့်တင်ပါ။ |
| 12. Fidelity is too hard<br>သစ္စာရှိစွာဖြင့် မဖောက်ပြန်ခြင်းက ခက်ခဲသည်။ | Self-efficacy/ skills<br>မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ | Increase the ability to only have sex with your spouse/wife<br>ခင်ပွန်း/မယားနှင့်သာ ဆက်ဆံမှုပြုသည်ကို အားပေးပါ။ |
| 13. Husband doesn't approve of planting vegetables for home consumption instead of cash crops<br>ဝင်ငွေရ သီးနှံစိုက်ပျိုးခြင်းအစား အိမ်စားသုံးရန် စိုက်ပျိုးခြင်းကို အမျိုးသားက ခွင့်မပြု။ | Perceived social norms<br>လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ | Increase the perception that husbands approve of growing food for home consumption<br>အိမ်စားသုံးရန် စိုက်ပျိုးခြင်းကို အမျိုးသားက ခွင့်ပြုသည်ဟူသည့် သိရှိလက်ခံမှုကို မြင့်တင်ပါ။ |
| 14. There are often stock-outs of preferred contraceptives<br>ပိုမို ကြိုက်နှစ်သက်သည့် သားဆက်ခြားဆေးများ လက်ဝယ်မရှိ မကြာခဏ ပြတ်လတ်သည်။ | Access<br>လက်လှမ်းမီမှု | Increase the perception that there are other acceptable contraceptive choices<br>အခြား လက်ခံနိုင်သည့် သားဆက်ခြားနည်းများ ရှိသည်ဟူသည့် သိရှိလက်ခံမှုကို မြင့်တင်ပါ။ |

| Formative Research မှ ဖြေကြားမှုများ/ကုဒ်များ | Determinant အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် | Bridge to Activity လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 15. Silos prevent rat infestation<br>ကျီများထားရှိခြင်းသည် ကြွက်သောင်းကျန်းမှုကို ကာကွယ်ပေးသည်။ | Perceived positive consequences<br>ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ | Reinforce the perception that storing grain in a silo will reduce rat infestation<br>ကျီများထားရှိခြင်းသည် ကြွက်သောင်းကျန်းမှုကို ကာကွယ်ပေးသည်ဟူသည့် သိရှိလက်ခံမှုကို အားပေးပါ။ |
| 16. There are no veterinary services nearby (animal traction)<br>အနီးနားတွင် တိရိစ္ဆာန်ကုသပေးသည်များ မရှိပါ။ (တိရိစ္ဆာန် ကုသပေးခြင်း) | Access<br>လက်လှမ်းမီမှု | Increase access to veterinary services<br>တိရိစ္ဆာန်ကုသပေးသည်များ လက်လှမ်းမီမှုရရှိရန် ဆောင်ရွက်ပေးသည်။ |
| 17. Can't remember how to check breathing (acute respiratory infection [ARI]/care seeking)<br>အသက်ရှူခြင်းကို မည်သို့ စမ်းသပ်ရသည်ကို မမှတ်မိတော့ပါ။ (အသက်ရှူလမ်းကြောင်း ရောဂါ၊ ကုသမှုခံယူခြင်း) | Cues to action/ reminders<br>လုပ်ဖြစ်အောင် သတိပေးသည်ဟု ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ | Increase the ability of mothers to remember how to check breathing of sick children<br>ဖျားနေသည့် ကလေးများ၏ အသက်ရှူခြင်းကို မည်သို့ စမ်းသပ်ရသည်ကို မိခင်များ မှတ်မိနိုင်သည့် စွမ်းရည်ကို မြင့်တင်ရန်။ |
| 18. Complementary feeding takes too much time<br>ဖြည့်စွက် အစားအစာကျွေးခြင်းက အချိန်ကုန်သည်။ | Perceived negative consequences<br>ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ | Increase the perception that preparing complementary foods for babies doesn't take that much extra time or that the extra time is worth it<br>ဖြည့်စွက် အစားအစာကျွေးခြင်းက အချိန်အများကြီးမကုန်ခြင်း သို့ မဟုတ် ပေးလိုက်ရသည့် အချိန်နှင့် အထိုက်အလျောက် အကျိုးရရှိခြင်းစသည့် သိရှိလက်ခံမှုကို မြင့်တင်ပေးပါ။ |
| 19. Being underweight is not serious (I was underweight and I turned out OK)<br>အလေးချိန်မပြည့်မီခြင်းက အပြင်းအထန် မဟုတ် (ကျွန်ုပ်သည် အလေးချိန်မပြည့်မီသော်လည်း အဆင်ပြေနေသည်။) | Perceived severity<br>အခြေအနေဆိုးဝါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း | Increase the perception that malnutrition in children is a life-threatening condition in any child<br>အာဟာရချို့ တဲ့သည့် ကလေးများ မည်သူမဆို ဘဝ၏ စိုးရိမ်ဖွယ်ရာ အခြေအနေမှာရှိနေသည်ဟူသည့် သိရှိလက်ခံမှုကို မြင့်တင်ပေးပါ။ |

| Formative Research မှ ဖြေကြားမှုများ/ကုဒ်များ | Determinant<br>အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် | Bridge to Activity<br>လုပ်ငန်းရည်ရွယ်ချက် |
|---|---|---|
| 20. God is in control of the harvest<br>လယ်ယာကို ဘုရား၏ လက်ထဲတွင် ရှိသည်။ | Perceived divine will<br>ဘုရားရှင်၏ အလိုတော်ဟု ထင်မြင်ယူဆခြင်း | Increase the perception that God entrusted the land to us and expects us to use it effectively to feed our families<br>ဘုရားသည့် ကျွန်ုပ်တို့ အား လယ်ယာမြေကို ယုံကြည်စွာ ပေးအပ်ထားကာ ကျွန်ုပ်တို့ မိသားစုကို ကောင်းမွန်စွာ စားသောက်နိုင်ရန် ထိုမြေယာကို အကျိုးရှိစွာ အသုံးချရန် မျှော်လင့်ထားသည့်ဟူသည့် သိရှိလက်ခံမှုကို မြင့်တင်ပေးပါ။ |
| 21. Only malnourished infants are allowed to get rations<br>အာဟာရချို့ တဲ့သည့် ကလေးများသာ အားဖြည့်စာ ရိက္ခာ ရရှိသည်။ | Policy or negative consequences<br>မူဂါဒ သို့မဟုတ် ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ | Increase the perception of POLICY MAKERS that the current policy is having a negative impact on the intended beneficiaries and the policy needs to be changed<br>လက်ရှိ အသုံးပြုနေသော နည်းဥပဒေသည် ရည်ရွယ်ထားသည့် အကျိုးခံစားမှုရရှိရမည့်လူများအတွက် ကောင်းကျိုးမဖြစ်။ ထို့ ကြောင့် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟူသည့် သိရှိလက်ခံမှုကို မြင့်တင်ပေးပါ။ |

# နောက်ဆက်တွဲ ၁၅ - သင်ခန်းစာ ၁၃ လက်ကမ်းစာရွက် ၂ - Determinant နှင့် လုပ်ငန်းများကို ချိတ်ဆက်ခြင်း အတွက် အဖြေများ

| Determinant | Nutrition Activities | Agriculture/ NRM Activities |
|---|---|---|
| Perceived self-efficacy/skills<br>မိမိတွင်ရှိသည်ဟုထင်မြင်ယူဆသောအရည်အချင်းများ | J | T |
| Perceived social norms<br>လူမှုထုံးစံဟုထင်မြင်ယူဆသောအရာများ | I | P |
| Perceived positive consequences<br>ကောင်းကျိုးဟုထင်မြင်ယူဆသောအရာများ | B | X |
| Perceived negative consequences<br>ဆိုးကျိုးဟုထင်မြင်ယူဆသောအရာများ | A | M |
| Access<br>လက်လှမ်းမီမှု | G | O |
| Cues for action/reminders<br>လုပ်ဖြစ်အောင် သတိပေးသည်ဟု<br>ထင်မြင်ယူဆသောအရာ/ သတိရစေသည့်အရာများ | D | W |
| Perceived susceptibility/risk<br>ထိခိုက်နိုင်ခြေရှိသည်ဟု ထင်မြင်ယူဆခြင်း/အန္တရာယ် | F | U |
| Perceived severity<br>အခြေအနေဆိုးဂါးနိုင်ခြေ ရှိသည်ဟု ထင်မြင်ယူဆခြင်း | E | R |
| Perceived action efficacy<br>ထိရောက်မှုရှိမည်ဟု ထင်မြင်ယူဆသော အရာများ | H | S |
| Perceived | L | Q |
| Policy<br>မူဂါဒ | C | N |
| Culture<br>ယဉ်ကျေးမှု | K | V |

# နောက်ဆက်တွဲ ၁၆ - ပြန်လည်လေ့လာသုံးသပ်ရန် လုပ်ဆောင်နိုင်သော အရာများ

### Sing it!

သီဆိုလိုက်ပါ။

ပါဝင်သည့်သူများအား အဖွဲ့ ဖွဲ့ ပါ။ အဖွဲ့ တစ်ဖွဲ့ ချင်းစီအား သင်တန်းမှ သင်ယူရရှိပြီးသလောက်ကို ပြန်လည် စဉ်းစားဆန်းစစ်စေပါ။ ပြီးနောက် ခေါင်းစဉ်တခုစီကို သီချင်းတပုဒ်အဖြစ် သီချင်းစာသားများ ရေးစပ်ကာ ကျန်သည့် အဖွဲ့သားများမှ ထိုသီချင်းအား သရုပ်ပြ ပုံဖော်ရန် ပြင်ဆင်စေပါ။ တခုစီအတွက် ပြင်ဆင်ချိန် ၁၀ မိနစ်နှင့် သရုပ်ဖော်ချိန် ၂ မိနစ်ပေးပါ။

### Rock, Paper, Scissors

ကျောက်ခဲ၊ စာရွက်၊ ကတ်ကြေး

ပါဝင်သည့်သူ တစ်ဦးချင်းစီအား သူတို့ သင်ယူရရှိသည်များကို ပြန်လည် စဉ်းစားဆန်းစစ်စေကာ ပြန်လည်သုံးသပ်ချက်မေးခွန်းတခု ရေးစေပါ။ ပါဝင်သည့်သူများကို မျက်နှာချင်းဆိုင် အတန်း ၂ တန်း စီစေ၍ ကျောက်ခဲ၊ စာရွက်၊ ကတ်ကြေးကစားနည်းကို ပြသပါ။ အတွဲတစ်တွဲစီအား ကျောက်ခဲ၊ စာရွက်၊ ကတ်ကြေးကစားနည်းကို အတန်းအစမှစ၍ ကစားစေပါ။ နိုင်သည့်သူအား အခြားတဦးအား ပြန်လည်သုံးသပ်ချက်မေးခွန်းတခု ရေးခိုင်းစေပါ။ ပါဝင်သည့်သူအားလုံးသည် လိုအပ်ပါက ကူညီမည့် အတန်းထည့်ထားကာ တလိုင်းချင်းစီ တတွဲချင်းက မေးခွန်း အမေးအဖြေ လုပ်ပြီးသည်အထိ ဆက်လက်လုပ်ဆောင်စေပါ။

### Unravel the Ball

ဘောလုံး ပဟေဠိဖြေခြင်း

ကားချပ်စာရွက်နှင့် တိတ်ပ် ကို အသုံးပြု၍ ဘောလုံးတခု ပြုလုပ်ပါ။ ပါဝင်သည့်သူအားလုံးအား အဝိုင်း ဝိုင်းစေကာ သူတို့အား ဘောလုံးအား ဖမ်းရန်မလွယ်ကူသည့် အနေအထားမျိုးဖြင့် ဘောလုံးကို ပစ်ကစားစေရန် ညွှန်ကြားပါ။ တယောက်ယောက်၏ လက်ထဲတွင် ဘောလုံးကျသွားပါက ပစ်လိုက်သည့်သူက ထိုဘောလုံးကျသွားသည့်သူအား သုံးသပ်သည့်မေးခွန်းမေးစေပါ။ မေးခွန်းများကို ကစားပွဲမစခင်ကတည်းက ပြင်ဆင်ထားခြင်း သို့ မဟုတ် ဖြစ်မြောက်အောင်ပံ့ပိုးဆောင်ရွက်ပေးသူက စီစဉ်ထားပေးနိုင်ပါသည်။

## Musical Chairs

ဂီတ ခုံ

ကွန်ပျူတာကို speaker သို့ မဟုတ် အသံစနစ် နဲ့ ချိတ်ဆက်ကာ မြူးသည့် သီချင်းတစ်ပုဒ်ဖွင့်ပါ။ ခုံများကို ကျောချင်းကပ်ကာ အတန်းနှစ်တန်းစီပါ။ ခုံနှစ်ခုံကို ဖယ်ကာ ပါဝင်သည့်သူများအရေအတွက် ထက်နည်းအောင် ပြုလုပ်ပါ။ ပါဝင်သည့်သူများအား ခုံတန်းပတ်ချာလည်တွင် လမ်းလျှောက်ခြင်း/ ကခြင်း တို့ ပြုလုပ်စေပါ။ သီချင်းရပ်သွားသည့်အခါ တဦးချင်းစီက ခုံတွင် ထိုင်ထားဖို့ လိုသည်။ အဲဒီအခါ လူနှစ်ယောက်သည် ခုံမရဘဲ လွတ်နေပါလိမ့်မည်။ ထိုလူနှစ်ယောက်က သုံးသပ်မေးခွန်းများ ကို ဖြေစေပြီး ကစားပွဲမှ ထွက်ရပါမည်။ ဤကဲ့သို့ ပြုလုပ်ပြီးပါက အခြားခုံနှစ်ခုံ သို့ မဟုတ် နှစ်ခုံနှင့် အထက်ကို ဖယ်ကာ မည်သူမျှ ခုံတန်းပတ်ချာလည်တွင် လမ်းလျှောက်/ ကနေသည့် သူများမကျန် သည်အထိ ပြုလုပ်ပါ။ ကစားပွဲအပြင်ရောက်ရှိသွားသည့်သူများအားလည်း သုံးသပ်မေးခွန်းများ မေးပါ။

# နောက်ဆက်တွဲ ၁၇ - အတားအဆီးများဖော်ထုတ်ရာတွင် ပြန်လည်သုံးသပ်ရမည့် မေးခွန်းများ

1. What is the definition of a Priority Group?

   ဦးစားပေးအဖွဲ့ ၏ အဓိပ္ပါယ်က အဘယ်နည်း။

2. What is the definition of an influencing group?

   လွှမ်းမိုးသည့် အဖွဲ့ ၏ အဓိပ္ပါယ်က အဘယ်နည်း။

3. What is a Behavior?

   ပြုမူလုပ်ဆောင်ပုံဆိုသည်မှာ အဘယ်နည်း။

4. What is a determinant?

   အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်ဆိုသည်မှာ အဘယ်နည်း။

5. Which four determinants are found to be significant most often?

   မကြာခဏ ထင်ရှားသိသာစေသည့် အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် ၄ ချက် ဆိုသည်မှာ အဘယ်နည်း။

6. Which determinants pertain more to the problem than to the Behavior?

   မည်သည့် အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်က ပြုမူလုပ်ဆောင်ပုံထက် ပြဿနာကို ပိုမိုဖြစ်စေသနည်း။

7. When in the life of a project is it most useful to carry out a Barrier Analysis?

   စီမံကိန်း၏ မည်သည့် ကာလ အခိုက်အတန့် တွင် အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရန် အသုံးဝင်ဆုံးဖြစ်သနည်း။

8. Name three characteristics of screening questions.

   စမ်းသပ်မေးခွန်းများ ဂိသေသ ၃ ချက်ကို ဖော်ပြပါ။

9. Name four determinants that are studied in Barrier Analysis surveys and not in Doer/Non-Doer Studies.

   ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှု၌ မဟုတ်ဘဲ အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု လေ့လာသုံးသပ်မှုတွင် အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် ၄ ချက်ကို ဖော်ပြပါ။

10. What is the first step in planning a Barrier Analysis survey?

    အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရန် အစီအစဉ်ချရာတွင် ပထမဆုံးအဆင့်မှာ မည်သည်နည်း။

11. What is the last step in implementing a Barrier Analysis Survey?

    အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု လုပ်ဆောင်ရာတွင် နောက်ဆုံးအဆင့်မှာ မည်သည်နည်း။

12. What do you understand by the expression "relaxing a behavior statement"?

    "ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် ဖြေလျှော့ခြင်း" ကို သင်မည်သို့ နားလည်သည်ကို ဖော်ပြပါ။

13. Why is it sometimes necessary to relax a behavior statement?

    ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် ဖြေလျှော့ပေးရန် တခါတရံတွင် လိုအပ်သည်မှာ အဘယ်ကြောင့်နည်း။

14. When you write screening questions, which statement do you start from?

    စမ်းသပ်မေးခွန်းများ ရေးသားရာတွင် မည်သည့် ဖော်ပြချက်ကို စတင်ရေးသားမည်နည်း။

15. Name two of the principles of Barrier Analysis.

    အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ဥပဒေသ ၂ ခုကို ဖော်ပြပါ။

16. True or false: Barrier Analysis surveys usually have two or three questions for each determinant.

    မှန်/မှား။ အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်တခုစီအတွက် အဟန့် အတားခွဲခြမ်းစိတ်ဖြာမှု စမ်းစစ်မှုတွင် ရှိသည့် မေးခွန်း ၂ ခု သို့ မဟုတ် ၃ ခုကို ဖြေပါ။

17. What interview technique is used in a Doer/Non-Doer study?

    I am very happy to be I am a very happy to be a woman..

    ကျင့်သုံးသူ/မကျင့်သုံးသူ လေ့လာမှုတွင် မည်သည့် မေးမြန်းသည့်ပုံစံကို အသုံးပြုသနည်း။

18. Of the 12 determinants, which one is the motivator?

    အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက် ၁၂ ချက်မှ မည်သည်မှာ စိတ်အားထက်သန်စေသည့် လှုံ့ဆော်မှု ဖြစ်သနည်း။

19. If you think it will be very difficult to find 45 Doers to interview, what can you do?

    ကျင့်သုံးသူ ၄၅ ယောက်အား မေးမြန်းရန် ရှာဖွေရသည်မှာ ခက်ခဲသည်ဟု သင်ထင်ပါသလား။ သင် မည်သို
    ့လုပ်ဆောင်နိုင်သနည်း။

20. What is the difference between a target group and a Priority Group?

    သတ်မှတ်ထားသည့် အဖွဲ့ နှင့် ဦးစားပေးအဖွဲ့ တို့ ၏ ကွာခြားချက်မှာ အဘယ်နည်း။

21. Explain the determinant “perceived social norms”.

    အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်မှ "လက်ခံထားသည့် ရရှိလာနိုင်သည့် ဆိုးကျိုး"ကို ရှင်းပြပါ။

22. Which questions on the questionnaire tell us who the influencing group is?

    မေးခွန်းလွှာမှ မည်သည့် မေးခွန်းများသည် လွှမ်းမိုးသည့် အဖွဲ့ ကို ဖော်ပြသနည်း။

23. Why isn't it enough to increase knowledge when seeking to change a Behavior?

    ပြုမူလုပ်ဆောင်ပုံ ပြောင်းလဲစေရန် ဗဟုသုတမြင့်တင်ပေးရန်မှာ အဘယ်ကြောင့် မလုံလောက်သနည်း။

24. What do we mean by “action is what counts”?

    "တာဝန်ရှိသော လုပ်ဆောင်ချက်" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

25. Why is the DBC Framework more powerful than other Behavior change tools?

    အခြား ပြုမူလုပ်ဆောင်ပုံပြောင်းလဲစေသည့် နည်းလမ်းများထက် ပို၍ DBC ဇယား ထိရောက်သည်မှာ ဘာကြောင့်နည်း။

26. Under what circumstances do you sometimes need to return to the Priority Group and Influencing Groups column of the DBC Framework to add information?

    မည်သည့် အခြေအနေတွင် သင်သည် DBC ဇယားမှ ဦးစားပေးအဖွဲ့ အား လွှမ်းမိုးအဖွဲ့ သို့ ပြောင်းလဲရန် သတင်းအချက်အလက်ပိုထည့်ပေးရန် လိုအပ်သနည်း။

27. Formative research takes place under which column in the DBC Framework?

    DBC ဇယား၏ မည့်သည်အတိုင်တွင် ဖော်ပြမှု သုတေသနလေ့လာမှုကို လုပ်ဆောင်သနည်း။

28. What is the purpose of conducting the Barrier Analysis?

    အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အဘယ်နည်း။

29. What is the most critical element in the demographics part of the questionnaire?

    မေးခွန်းလွှာတွင် လူဦးရေဆိုင်ရာ အချက်အလက် အပိုင်းတွင် အဓိကအကျဆုံး အချက်မှာ မည်သည်နည်း။

30. How would you define the group to interview when studying exclusive breastfeeding?

    မိခင်နို့ တိုက်ကျွေးခြင်းကိုသာ လေ့လာရာတွင် အဖွဲ့ လိုက်မေးမြန်းခြင်းအတွက် အဖွဲ့ ကို မည်သို့ သတ်မှတ်မည်နည်း။

31. Which parts of the DBC Framework include indicators?

    DBC ဇယား၏ မည်သည့် အစိတ်အပိုင်းတွင် အချက်ပြ (သတ်မှတ်ပေးချက်)များ ပါဝင်သနည်း။

32. When is it not necessary to relax your behavior statement?

    ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် ဖြေလျှော့ပေးရန် မည်သည့်အချိန်တွင် မလိုအပ်သနည်း။

33. Which determinant is being studied by the following question: How difficult is it to remember to wash your hands five times a day?

ဖော်ပြပါ မေးခွန်းအရ မည်သည့် အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်ကို လေ့လာထားသနည်း။ တနေ့ ကို ငါးကြိမ် သူတို့၏လက်များကို ဆေးကြောရမည်ကို မမေ့ရန် မည်မျှ ခက်ခဲသနည်း။

34. How can you use the response to the universal motivator question?

အခြေခံ စိတ်အားထက်သန်စေမှု မေးခွန်းအား တုံ့ပြန်မှုများကို သင်မည်သို့ အသုံးချမည်နည်း။

35. Give an example of a target group and a Priority Group in the same project.

တူညီသည့် စီမံကိန်းတခုတွင် သတ်မှတ်အဖွဲ့ နှင့် ဦးစားပေးအဖွဲ့ ၏ ဥပမာတခုပေးပါ။

36. What are you allowed to do while asking a respondent a question that most survey methodologies don't allow?

လေ့လာမှုအများစုတွင် ခွင့်မပြုထားသည့် ဖြေကြားသူအား မေးခွန်းမေးနေစဉ်အတွင်း သင်ပြုလုပ်နိုင်သည့် အရာမှာ မည်သည်ဖြစ်သနည်း။

37. What is the one "motivator" determinant?

အဆုံးအဖြတ်ပေးမည့် "စိတ်အားထက်သန်စေသည့် အချက်" တခုမှာ မည်သည်နည်း။

38. What are some guidelines to follow when relaxing a behavior statement?

ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် ဖြေလျှော့ပေးရာတွင် လိုက်နာရမည့် လမ်းညွှန်ချက် တချို့ မှာ မည်သည်ဖြစ်သနည်း။

39. True or false: Once you relax the behavior statement, that is the Behavior you ask about throughout the questionnaire?

မှန်/မှား။ ပြုမူလုပ်ဆောင်ပုံဆိုင်ရာ ဖော်ပြချက် ဖြေလျှော့ပေးလိုက်သည့်အခါ မေးခွန်းလွှာ တခုလုံးတွင် သင်မေးမြန်းသည့် ပြုမူလုပ်ဆောင်ပုံမှာ မည်သည်ဖြစ်သနည်း။

40. What is the purpose of the screening questions?

စမ်းသပ်မေးခွန်းများ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

41. Name three guidelines for writing screening questions.

စမ်းသပ်မေးခွန်းများ ရေးသားရာတွင် လိုက်နာရမည့် လမ်းညွှန်ချက် ၃ ခုကို ဖော်ပြပါ။

42. What is the principle behind collecting the demographic data on the questionnaire?

မေးခွန်းလွှာတွင် လူဦးနှင့်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၏ နောက်ကွယ်တွင် ရှိသည့် အခြေခံ သဘောတရားများ မည်သည်နည်း။

43. Name one step in the process of planning and implementing a Barrier Analysis.

အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု စီစဉ်ခြင်းနှင့် လုပ်ဆောင်ခြင်းတွင် အဆင့်တဆင့်၏ အမည်ကို ဖော်ပြပါ။

44. Who should translate the questionnaire?

မေးခွန်းလွှာကို မည်သူ ဘာသာပြန်သင့်သနည်း။

45. What is the third step in conducting a Barrier Analysis?

အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ရာတွင် တတိယအဆင့်မှာ မည်သည်နည်း။

46. Data Analysis has two steps. What are they?

အချက်အလက် ခွဲခြမ်းစိစစ်ရာတွင် အဆင့် ၂ ဆင့် ရှိသည်။ မည်သည်တို့ ဖြစ်သနည်း။

47. What do we mean by coding?

ကုဒ်ထားသည်ဆိုသည်မှာ အဘယ်နည်း။

48. What do we mean by tabulating?

ဇယားချခြင်းဆိုသည်မှာ အဘယ်နည်း။

49. What four actions (verbs) are associated with Step 6?

အဆင့် ၆ နှင့် ဆက်စပ်နေသည့် လုပ်ဆောင်ချက် ၄ ချက် (ကြိယာ) မှာ မည်သည်တို့ နည်း။

50. List three important responsibilities of a BA survey Supervisor?

အဟန့် အတားများ ခွဲခြမ်းစိတ်ဖြာမှု ကြီးကြပ်ကွပ်ကဲသူ၏ အရေးကြီးသည့် တာဝန် ၃ ခုကို စဉ်ပြပါ။

51. How many codes should be written for each of the open-ended questions?

အဖွင့်မေးခွန်းတခုစီတိုင်းအတွက် စာသားသင်္ကေတမည်မျှ ရေးသားသင့်သနည်း။

52. What is the difference between difficult and disadvantages?

အခက်အခဲနှင့် ဆိုးကျိုး ခြားနားမှုမှာ မည်သည်နည်း။

53. Give an example for difficult and disadvantages for a Behavior you know.

သင်သိသည့် ပြုမှုလုပ်ဆောင်ပုံတခုအတွက် အခက်အခဲနှင့် ဆိုးကျိုး ဥပမာတခုပေးပါ။

54. What should the interviewer do before proceeding to Section B?

အခန်း ၂ သို့ မဆက်မီ မေးမြန်းမည့်သူ ပြုလုပ်သင့်သည့်အရာမှာ မည်သည်နည်း။

55. List a few guidelines for writing screening questions.

စမ်းသပ်မေးခွန်းများ ရေးသားရာတွင် လိုက်နာရမည့် လမ်းညွှန်ချက် အနည်းငယ်ကို ဖော်ပြပါ။

56. Prior to field work, what should be organized/prepared?

ကွင်းမဆင်းမီ မည်သည့်တို့ စီစဉ်/ပြင်ဆင်ထားရမည်နည်း။

57. Under what circumstances would you decide NOT to ask a question about one of the determinants?

မည်သည့်အခြေအနေမျိုးတွင် အဆုံးအဖြတ်ပေးမည့် သတ်မှတ်ချက်အကြောင်း မေးခွန်း မမေးတော့ဟု ဆုံးဖြတ်မည်နည်း။

58. Give an example of a determinant that you would not inquire about (give the Behavior).

(ပြုမှုလုပ်ဆောင်ပုံ) နှင့် ပတ်သက်၍ သင်မမေးတော့မည့် အဆုံးအဖြတ်ပေးမည့် သတ်မှတ်ချက်ဥပမာ တခုပေးပါ။

59. Why do the interviewers need to be seated in a "U" when doing the coding?

ကုဒ် သတ်မှတ်ရာတွင် "U" ဟု ရေးသားထားသည့် နေရာတွင် အဘယ်ကြောင့် မေးမြန်းသူ ရှိနေရမည် ဖြစ်သနည်း။

60. Who needs to be involved in the coding and why?

မည်သူသည် ကုဒ် ရေးသားသတ်မှတ်ရာတွင် ပါဝင်ရန် လိုအပ်သနည်း။ အဘယ်ကြောင့်နည်း။

61. What things should each interviewer have to carry out the survey?

မေးမြန်းသူတဦးချင်းစီသည် သုံးသပ်လေ့လာမှုပြုလုပ်ရာတွင် မည်သည့်အရာများကို ပြုလုပ်ဆောင်ရွက် သင့်သနည်း။

62. If you are interviewing someone and you don't understand the meaning/the logic of the answer; what should you do?

အကယ်၍ သင်သည် မေးခွန်းမေးနေစဉ် အဖြေ၏ အဓိပ္ပါယ်နှင့် ဆိုလိုရာကို နားမလည်ပါက သင်ဘာလုပ်သင့်သနည်း။

63. Why is it important to get several different responses for all of the open-ended questions?

အဖွင့်မေးခွန်းများအားလုံးအတွက် ကွဲပြားသည့် ဖြေကြားချက်များရရှိရန် အဘယ်ကြောင့် အရေးကြီး ပါသနည်း။

64. Is "my family" an acceptable response for the question, "Who approves"? Why? Why not?

"မည်သူက သဘောကျသနည်း" ဆိုသည့်မေးခွန်းအတွက် "ကျွန်ုပ်၏ မိသားစု"ဆိုသည့် အဖြေသည် လက်ခံနိုင်သည့် ဖြေကြားမှု ဖြစ်ပါသလား။ အဘယ်ကြောင့်ဖြစ်သနည်း။ အဘယ်ကြောင့် မဖြစ်သနည်း။

65. What are some of the logistics that need to be considered when organizing a BA survey?

BA ပြုလုပ်ရန် စီစဉ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် လိုအပ်ချက်များကို ဖော်ပြပါ။

66. Which determinant links the Behavior to the problem? Give an example of an action efficacy question.

ပြဿနာနှင့် ဆက်နေသည့် အဆုံးအဖြတ်ပေးသည့် သတ်မှတ်ချက်မှာ မည်သည်နည်း။ လုပ်ဆောင်ချက် ထိရောက်မှု မေးခွန်း၏ ဥပမာတခုပေးပါ။

67. Why should the interviewers be the ones who also do the coding?

    ကုဒ်ရေးသားသောသူသည် မေးမြန်းသောသူ အဘယ်ကြောင့်ဖြစ်သင့်သနည်း။

68. Why shouldn't you ask "why?" after each question on the BA questionnaire?

    BA မေးခွန်းလွှာတခုစီ၏ နောက်တွင် "အဘယ်ကြောင့်နည်း" ဆိုသည့် မေးခွန်းကို အဘယ်ကြောင့် မမေးသင့်သနည်း။

## နောက်ဆက်တွဲ ၁၈ - တစ်နေ့တာအတွက် အကဲဖြတ်ချက်ပုံစံ (ကားချပ်စာရွက်)

**အကဲဖြတ်သည့် နေ့ ------------------**

ယနေ့ သင်တက်ရောက်ခဲ့သော အခန်းတခုချင်းစီအတွက် သင်၏ ယေဘုယျ ကျေနပ်မှုကို ဖော်ပြပါ။ ယခု အစီအစဉ်လေးအား ပိုမိုကောင်းမွန်စေရန် စဉ်းစားထားသည်များရှိပါက ဝေမျှပေးပါ။

(က) သင်ခန်းစာ အမှတ်-------သင်ခန်းစာ အမည်---------------

| အလွန်ကျေနပ် | အနည်းငယ်ကျေနပ် | ကြားနေ | ကျေနပ် | အလွန်ကျေနပ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |

(ခ) သင်ခန်းစာ အမှတ်-------သင်ခန်းစာ အမည်---------------

| အလွန်ကျေနပ် | အနည်းငယ်ကျေနပ် | ကြားနေ | ကျေနပ် | အလွန်ကျေနပ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |

(ဂ) သင်ခန်းစာ အမှတ်-------သင်ခန်းစာ အမည်---------------

| အလွန်ကျေနပ် | အနည်းငယ်ကျေနပ် | ကြားနေ | ကျေနပ် | အလွန်ကျေနပ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |

(ဃ) သင်ခန်းစာ အမှတ်-------သင်ခန်းစာ အမည်---------------

| အလွန်ကျေနပ် | အနည်းငယ်ကျေနပ် | ကြားနေ | ကျေနပ် | အလွန်ကျေနပ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |

(င) ကျွန်ုပ်မရှင်းလင်သော အချက်မှာ----------------------